http://www.dhammadownload.com

ဒီနေ့တော့

တတိယအကြိမ်



စမ္ဘဒူတ အရှင်ပညာဇောတ

http://www.dhammadownload.com



* အဘယ်ဒါနသည် အမြတ်ဆုံးပါလဲ။
* ဘယ်လိုပုဂ္ဂိုလ်မျိုးကို ရွေးချယ်လှူသင့်သလဲ။
* ရေစက်ချမှ ဒါနမြောက်မည်လော။
* သေသူကို ရည်မှန်းဆွမ်းသွတ်တိုင်း ရနိုင်သလား။
* စိတ္တလက္ခဏာ တစ်ချက်ခန့်သာဖြစ်သော မဂ်ပုဂ္ဂိုလ်အား လှူဒါန်းနိုင်ပါသလော။
* 'အသိဉာဏ် ရှေ့ထား၊ ဒါန နောက်ထား' ဆိုသည်မှာ ဘယ်လို အသိဉာဏ်မျိုးပါလဲ။
* စေတီတော် ရုပ်ပွားတော် တည်ထားကိုးကွယ်ခြင်းသည် မည်သည့် ဒါနမျိုးဖြစ်ပါသနည်း။

- စသည့် ဒါနဆိုင်ရာ ပြဿနာများစွာတို့ကို ဤ 'ဒါနဝတ္ထု' ၌ ဒါနအမျိုးပေါင်း ၁၀၀ ကျော်၊ ဝတ္ထုသာဓကပေါင်း ၈၀ ကျော်တို့ဖြင့် ခိုင်လုံစွာ ရှင်းပြထားပါသည်။

http://www.dhammadownload.com

ဒါနဝတ္ထု

The Story of Dana

[တတိယအကြိမ်]

ဓမ္မဒူတ အရှင်ပညာဇောတ

ဖြန့်ချိရေး
ပေါက်စေတီကျောင်းတိုက်
ရွှစ်မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၆၀၁၄၈

http://www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ် - ၈၄/ ၉၇ (၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၂၆/ ၉၇ (၉)
အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၁၈၀ ကျပ်

မျက်နှာဖုံးပန်းချီ - ရွှေစိုးဟန်

ထုတ်ဝေသူ - ဦးရဲမြင့်
တက်လမ်းစာပေ၊ ၉၆၇၊ ပဒေသာရပ်၊ အင်းစိန်။

အတွင်းပုံနှိပ် - ဒေါ်တင်ရွှေ
အောင်ချမ်းသာပုံနှိပ်တိုက်၊ ၅၄၊ ၉၃ လမ်း၊ ကန်တော်ကလေး၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်

မျက်နှာဖုံးပုံနှိပ် - ဦးနေဦး
နေဦးပုံနှိပ်တိုက်၊ ၁၇၂၊ ၃၁ လမ်း၊ ရန်ကုန်

http://www.dhammadownload.com

တတိယအကြိမ် နိဒါန်း

စာဟူသည် ထပ်ခါထပ်ခါ ပြင်ဆင်နိုင် ရေးနိုင်လေ ကောင်းလေပင် ဖြစ်ပါသည်။ မိမိသည် အချိန်မရခါမှသာ မပြင် မရေးဖြစ်မည် ဖြစ်သော်လည်း အချိန်ရက ပြင်ရေး မည်သာ ဖြစ်ပါသည်။

သို့ဖြစ်၍ ဤဒါနဝတ္ထု တတိယအကြိမ် ဖြန့်ချိရာ၌ ပထမ၊ ဒုတိယအကြိမ်က ထည့်ခဲ့သော နိဂုံးကို ဖြုတ်၍ 'ဒါန အမျိုးမျိုး အကျိုးပြု' ဆိုသော အမည်နှင့် အလှူဒါန ၄၃ မျိုးတို့၏ အကျိုးတရားများကို သံပေါက်လက်ာနှင့် စကားပြေတွဲ၍ ဖော်ပြထည့်သွင်းလိုက်ပါသည်။

ယင်းကို ဒုတိယအကြိမ်တည်းက ထည့်ချင်သော်လည်း မထည့်ခဲ့နိုင်ပါ။ ဒါန အမျိုးအစားများမှာ ဤမျှနှင့် မကုန်သေးပါ။ နောင်စတုတ္ထအကြိမ်မှထပ်ကာ ထည့်စွက် ရေးသားပါဦးမည်။ ယခုမူဤမျှနှင့်ပင် ကျေနပ်ပါဦးဟု တောင်းပန်လိုက်ရပါသတည်း။

ဓမ္မဒူတ အရှင်ပညာဇောတ

၁၅-၅-၉၇
ပေါက်စေတီကျောင်းတိုက်
ရွှစ်မိုင်၊ မရမ်းကုန်း။

http://www.dhammadownload.com

နိဒါန်း

(၁)

ဒါန၏သဘောရင်းခြေစ်

ဒါနဟူသော စကားလုံးသည် ပါဠိစကားလုံးပင် ဖြစ်၏။ ယင်းကို အင်္ဂလိပ်ပညာရှင် အင်္ဂလိပ်လူမျိုးတို့က "Alms, Giving, Gift, Charity, Offering, Present, Liberality, Dealing out" စသည်ဖြင့် ဘာသာပြန်ဆိုကြ၏။

ယင်းသို့ ဘာသာပြန်ဆိုချက်ကို မကြိုက်၊ မနှစ်သက်သော အင်္ဂလိပ်ပညာရှင် မြန်မာတို့က "Alms - Giving, Giving - Alms." စသည်ဖြင့် ဘာသာပြန်ဆိုကြ၏။

ဘယ်သို့ပင် ပြုပြင်ပြောင်းလဲ၍ ဘာသာပြန်သော်လည်း မူလပင်ရင်း "Alms နှင့် Giving" စသည်တို့က "ဒါန"ဟူသော ပါဠိစကားလုံးကို ခြိုမိုင်ုမိအောင် အဓိပ္ပာယ် မစွမ်းဆောင်နိုင်သော ကြောင့် အချည်းနှီးသာဖြစ်၏။

မှန်၏။ စာပေတစ်ခုသည် မည်မျှပင် ဝေါဟာရ ကြွယ်ဝ ပြည့်စုံလှပါရသော်လည်း အခြားစာပေတစ်ခု၏ ဝေါဟာရ အားလုံး

http://www.dhammadownload.com

ကို ခြိုမိုင်းမိအောင် အားလုံးကုန် ဘာသာပြန်ဆိုခြင်းငှာ မစွမ်းဆောင်နိုင်ကြောင်းကိုမူ စာပေပညာရှင်တိုင်း အသိပင်ဖြစ်ပါ၏။

သို့ဖြစ်၍ မိမိသည် ဒါနကို အလိပ်စကားလုံးဖြင့် အစားထိုး၍ ဘာသာပြန်ဆိုခြင်းမပြုဘဲ စာလုံးပြောင်းရုံမျှဖြင့် "**The Story of Dana**" ဟူ၍ပင် ဘာသာပြန်ဆိုလိုက်ပါသည်။

ဒါနဆိုတာ

မြန်မာတို့အဖို့မူ ပါဠိနှင့်နီးစပ်ခြင်း၊ ထောင်ပေါင်းများစွာသော မြန်မာစကားတို့မှာ ပါဠိမျာဖြစ်ခြင်းနှင့် ပါဠိမှ ဆင်းသက်သော စကားများဖြစ်ခြင်းကြောင့် ဒါနဟူသော ပါဠိစကားကို ပါဠိအတိုင်း 'ဒါန'ဟူ၍ သုံးလျှင်လည်း နားလည်၏။ သို့မဟုတ် ဒါနဟူသော ပါဠိစကားကို မြန်မာလို ပြန်ဆိုလျှင်လည်း "ပေး–ကမ်း–စွန့်–ကြဲ–ထောက်ပံ့–ချီးမြှင့်–လူဒါန်း–ပူဇော်" စသည်ဖြင့် မူလပါဠိ 'ဒါန'၏ အဓိပ္ပာယ်ကို အပြည့်အစုံ ခြိုမိ ငုံမိအောင် နေရာဌာနလိုက်၍ ဘာသာပြန်နိုင်သဖြင့် ဒါနနှင့် ပတ်သက်၍ မြန်မာတို့အဖို့ ကံကောင်းခြင်းတစ်ရပ်ပင် ဖြစ်တော့သည်။

အရာကျယ်သော ယင်းဒါနကို အနည်းငယ် အကျယ်ချဲ့၍ ပြဦးအံ့။ မိဘက သားသမီးများကို ပေးခြင်း၊ သားသမီးများက မိဘတို့ကို ပေးခြင်း၊ ညီအစ်ကို မောင်နှမ အချင်းချင်း ပေးခြင်း၊ မချစ်သောသူကို ချစ်အောင်ပေးခြင်း၊ ချစ်သောသူကို ချစ်၍ ပေးခြင်း၊ ရန်သူကို ကြောက်၍ပေးခြင်း၊ ရန်သူကို အောင်နိုင်ရန် ပေးခြင်း၊ မိမိ လက်အောက်လူများအား ပေးကမ်း စွန့်ကြဲ

http://www.dhammadownload.com

ထောက်ပံ့ချီးမြှင့်ခြင်း၊ မိမိအထက်ကလူများအား လှူဒါန်းပူဇော်ခြင်း၊ ရဟန်းသံဃာနှင့် ဘုရားရှင်တို့အား လှူဒါန်းပူဇော်ခြင်း၊ ပြည်သူအများက ပြည်သူ့အစိုးရအား အခွန်အကောက်အမျိုးမျိုး ပေးခြင်း၊ ပြည်သူ့အစိုးရက ပြည်သူအများအား စာသင်ကျောင်း ဆောက်ပေးခြင်း၊ ဆေးရုံ၊ ဆေးပေးခန်း၊ ရေတွင်း၊ ရေကန်၊ ဆည်မြောင်း၊ တာတမံ၊ တံတားဆောက်ပေးခြင်း၊ ပြည်သူအများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်း ဤသို့ စသည်ဖြင့် လူတစ်ဦးက လူတစ်ဦးကို ပေးအပ်သည့် ပစ္စည်းဝတ္ထုပေးခြင်း ဟူသမျှ ဒါနချည်းပင်ဖြစ်၏။

စိတ်ကူးကြီးစည်မိ

ယင်းသို့ အရာကျယ်သောဒါနကို ဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်များမှတစ်ပါး အင်္ဂလိပ်စသော အခြားဘာသာဝင်များ အဘယ်သို့ ပြည့်ပြည့်စုံစုံ သိနားလည်ပါအံ့နည်း။ မြန်မာဗုဒ္ဓဝါဒီတို့ပင် အပြည့်အစုံသိသူ နည်းပါးလှမည်ဖြစ်၏။ သိသူ တစ်ရာတစ်ယောက် ဆိုသလို ရှားလှ၏။ သို့အတွက် ဒါနအကြောင်းကို လူအများ နားလည်အောင် အကျယ်တဝင့် ဖွင့်ဆို၍ စာအုပ်ရေးသားပြီး အသိဉာဏ်ပေးရန် အကြံဖြစ်နေသည်မှာ ကြာပြီဖြစ်သော်လည်း အချိန်အားလပ်မှု မရှိသောကြောင့် အကောင်အထည် မပေါ်လာခဲ့၊ အကြံမမြောက်ခဲ့ပါ။

စက္ကန့်မလပ် တရစပ် ပြောင်းလဲလျက်ရှိသော လောက သဘောအလျောက် နှစ်ဟောင်းတွေ ကုန်ဆုံးကြ၍ နှစ်သစ်တို့သို့

http://www.dhammadownload.com

ပြောင်းလဲခဲ့ရာမှ မိမိလည်း မူလနေထိုင်ရာ ရန်ကုန် မင်္ဂလာဒုံ ရွှေဥမင်တောရမှ ၁–၅–၇၀ ရက်နေ့က သထုံခရိုင် ပေါင်မြို့နယ် သပိတ်အိုင်တောရသို့ ပြောင်းရွှေ့လာခဲ့ရသည်။

သပိတ်အိုင်တောရ

သပိတ်အိုင်တောရမှာ "အသံနည်းကုန်သော၊ ပြည်ရွာ တွန်သံ မရှိကုန်သော၊ လူတို့၏ အငွေ့အသက်ကင်းကုန်သော၊ လူတို့၏ လျှို့ဝှက်မှုပြုခြင်းငှာ ထိုက်ကုန်သော၊ တစ်ယောက်တည်း ကိန်း အောင်းခြင်းငှာ လျောက်ပတ်သော" အစရှိသည်ဖြင့် ဘုရားရှင် ချီးမွမ်းအပ်သည့် တောရကျောင်းမျိုး ဖြစ်၏။ သပိတ်အိုင်တောရ တည်ရှိရာ တောင်တန်းတောအုပ်သည် စိမ်းလန်းစိုပြည်၍ စိတ် ကြည်နူးဖွယ်ကောင်း၏။ သူတော်ကောင်းတို့ မွေ့လျော်လောက် သည့် မြေနေမြေထားရှိ၏။ ရုံညွန့် ပွက်အိုင်မရှိ၊ ပကတိ သန့်ရှင်း လျက် ဆင်းရဲနှိပ်စက်ရန် အလွန်ကောင်းသော ဆိပ်ကမ်းလည်း ရှိ၏။ ငွေလွှာ ငွေပြား ခင်းထားသည့်ပမာ သာယာသော သဲအပြင် ပေါ်တွင် မြူးရွှင်ပျော်ပါး ဆော့ကစားနေသော ငါးပုစွန်များဖြင့် ပြွမ်းသည့်ပြင် စိတ်ကြည်နူးဖွယ် စင်ကြယ်ဖြူဖွေး သန့်အေး ကြည်လင်သော စမ်းရေယဉ်တို့ တသွင်သွင် စီးဆင်းနေသည့် သပိတ်အိုင်စမ်းချောင်းလည်း ရှိ၏။ ပျံလွန်တော်မူသွားသော မူလ သပိတ်အိုင်ဆရာတော်ဘုရားကြီး၏ အထိမ်းအမှတ် ဆုတောင်း ပြည့် လွမ်းစေတီကလေးလည်းရှိ၏။ တောသုသာန်သချိုင်းလည်း ရှိ၍ ကမ္မဋ္ဌာန်းနှစ်ကျောင်းရှိသည့်ပြင် တောရကျောင်းနေ ရဟန်း

http://www.dhammadownload.com

တော်တို့အဖို့ ဆွမ်းခံ၍လွယ်ကူသည့် နတ်ကြီးချောင်ရှာ၊ ကျူးကျော်လည်း အသင့်ပင်။ တောရကျောင်းနှင့် နှစ်မိုင်ကျော်ကျော်လောက် တွင်ရှိ၍ နိဗ္ဗာန်လိုလားသည့် အမျိုးကောင်းသားများအဖို့ ကမ္မဋ္ဌာန်းအလုပ် တရားအားထုတ်ရန် အလွန်သင့်လျော်လျောက် ပတ်သော တောရကျောင်းဖြစ်၏။

အမေးပြဿနာ

မိမိသည်ထိုမျှလောက် သင့်လျော်လျောက်ပတ်သော တောရကျောင်းသို့ ရေးမြို့နယ် အစင်ရွာတောရကျောင်းတွင် သီတင်းသုံးနေသည့် ဝိသိဋ္ဌဒီဃဘာဏကနှင့် သီရိပဝရ ဓမ္မာစရိယ၊ ဝနဝါသီ အရှင်ဝဏ္ဏိတ၏ စီစဉ်ပေးချက်ဖြင့် အလွယ်တကူ ရောက်ရှိလာပြီး ဝမ်းသာအားရနှင့် ပဓာနအလုပ် အားထုတ်ကြိုးစားနေ၏။ တစ်နေ့တွင် တရားဝါသနာကြီးမား၍ သဒ္ဓါပွားသူ ဒကာ ဒကာမ လေး ငါးယောက် မိမိထံ ရောက်လာပြီး တရားစကား ဆွေးနွေးပြောကြားရင်း ဒကာတစ်ယောက်က လျှောက်၏။

"အရှင်ဘုရား၊ တရားအားထုတ်ပြီးမှ ဒါနပြုရမယ်ဆိုတာ မှန်ပါသလား ဘုရား"

"ဒကာကြီးကို ဘယ်သူက ပြောသလဲ"

"အရပ်ထဲက လူတစ်ချို့ ဒီလိုပဲ ပြောနေကြပါတယ်ဘုရား"

မိမိသည် မေးလျှောက်သူ ဒကာကြီးကို ကျေနပ်အောင် ရှင်းပြပြီးသော် ဒကာမကြီးတစ်ယောက်က မေးလျှောက်ပြန်၏။

"အရှင်ဘုရား... ဒါန ဘယ်နှစ်မျိုး ရှိပါသလဲဘုရား"

http://www.dhammadownload.com

ဒကာမကြီးအားလည်း မိမိသည် ဒါနအမျိုးအစားကို အကျဉ်း ချုပ် ရှင်းပြပြီး ဆုံးဖြတ်ချက်တစ်ခု ချတော့သည်။ "ငါတော့ ဒါနအကြောင်း စာတစ်အုပ် ရေးဖြစ်အောင် ရေးမည်။ စာမရေးလို့ မဖြစ်ပြီ။ မရေးလျှင် ငါ၏ ဆောင်ရွက်ရန် တာဝန် မကျေပွန်ပြီ။ အချိန် တစ်နေ့ နှစ်နာရီလောက် အချိန်ယူပြီး ရေးဖြစ်အောင် ရေးမည်"။

ဆွေးနွေးတိုင်ပင်

ဒကာ ဒကာမများ ပြန်သွားသောအခါ မိမိနေရာ ကျောင်း သခိမ်းမှ သာသနဓဇ ဓမ္မာစရိယ အရှင်ဝါသဝ နေထိုင်ရာ ကျောင်း သခိမ်းသို့ ကူးခဲ့ပြီး တိုင်ပင်စကား ပြောကြားသည်။

သပိတ်အိုင်တောရတွင် မိမိနှင့် အရှင်ဝါသဝ နှစ်ပါးတည်းသာ ရှိ၍ ရံခါ အကြောင်းပေါ်လျှင် နှစ်ပါး ဆုံစည်း၍ ဆွေးနွေးသည်။ အကြောင်းမပေါ်မူ မိမိတို့ကျောင်းတွင် မိမိတို့ နှလုံးသွင်းနှင့် အသီးသီးနေကြသည်။

"အရှင်ဘုရား၊ တပည့်တော်တော့ ဒါနအကြောင်း စာအုပ် တစ်အုပ်ရေးမယ်လို့ ဆုံးဖြတ်ချက်ချထားတယ်"

"အင်း၊ ဝိပဿနာခေတ်စားနေတဲ့ ဒီလိုအချိန်မျိုးမှာ ဒါန အကြောင်း စာတစ်အုပ်ရေးလျှင် အရှင်ဘုရားကို လူအများက ခေတ်နောက်ပြန်ဆွဲတဲ့ ကိုယ်တော်လို့ ကဲ့ရဲ့ကြမှာပေါ့"

"အဲဒီခေတ်စားနေတဲ့ ဝိပဿနာ လောကထဲကပဲ 'အသိ ဉာဏ်ရှေ့ထား ဒါန နောက်ထား၊ တရားအားထုတ်ပြီးမှ ဒါနပြု'

http://www.dhammadownload.com

စတဲ့ ပြဿနာတွေ ပေါ်လာတာဘုရား။ ပြီးတော့ ဝိပဿနာ စာအုပ်တွေဆိုရင် ကြီးကြီးငယ်ငယ် အရွယ်အစားစား မှီလိုပေါက် အောင် ပေါများတယ်မဟုတ်လား။ ဒါနအကြောင်းကျတော့ လူအများကြည့်ဖို့ စာအုပ်က ဘယ်မှာရှိလို့လဲ"

"အင်း... ဟုတ်တယ်၊ လူတွေကြည့်ဖို့ ပါဠိမပါ မြန်မာစကား ပြေနှင့် ဒါနအကြောင်း စာအုပ်မရှိသေးဘူး"

"တပည့်တော်ကလည်း အဲဒါသိလို့ ဒါနအကြောင်း စာ တစ်အုပ်ရေးမယ်လို့ ဆုံးဖြတ်ချက် ချတာပဲ။ လူအများ ခေတ် နောက်ပြန်ဆွဲတဲ့ကိုယ်တော်လို့ ကဲ့ရဲ့ခံရမှာကတော့ မကြောက် ပါဘူး၊ မဃဒေဝလင်္ကာမှာ မာန်လည်ဆရာတော်ဘုရားကြီး ရေး ထားခဲ့တာ ရှိတယ်မဟုတ်လား–

"လောကီလူ့တမ်း၊ လူ့နှုတ်ခမ်းကား၊ ချီးမွမ်းကဲ့ရဲ့ ဖြစ်တတ်ခဲ့ရှင့်၊ ပြစ်ဘွဲ့ကြည်ညို၊ ပြောဆိုကြလည်း၊ ပြောဆို သူနှင့်၊ နှိုင်းချင့်ကာတည့်၊ ယခင့်ထိုသူ၊ ယုတ်မြတ်ဟူလည်း၊ အယူတူမှ၊ ကြည်ညိုကြ၏" တဲ့။

"ပြီးတော့ အတုလ ဥပသကာက ရှင်ရေဝတ၊ ရှင်သာရိပုတ္တ နှင့် ရှင်အာနန္ဒတို့ကို ကဲ့ရဲ့မှုနှင့်ပတ်သက်လို့ ဘုရားရှင်၏ဟောပြ ချက်ကို မဃဒေဝ လင်္ကာမှာပဲ မာန်လည်ဆရာတော်ဘုရားကြီး ရေးထားခဲ့တာ တစ်ခုလည်း ရှိသေးတယ် မဟုတ်လား–

"ခပဲထွေပြား၊ ဤလူများ၌၊ စကားနည်းသူ၊ ထိုသည့် လူတို့၊ မတူ လူချင်း၊ နှုတ် ဟင်းလင်းနှင့်၊ ခံတွင်းမဟဲ့၊ လျှာမဲ့ ငါးကောင်၊ အယောင်တုံချက်၊ မင်္ဂင်္ဂက်ဟု၊ အမျက်

http://www.dhammadownload.com

စောင်းမဲ့၊ ဆိုကဲ့ရဲ့ဇော်။ ကျယ်ဘွဲ့စကား၊ များသူအားလည်း ဘွားဘွားသွက်သွက်၊ အမြွှုပ်ထွက်အောင်၊ ထန်းရွက်လေခတ်၊ တတင့်တင့်ဟု၊ ရေရွတ်မဲ့မဲ့၊ ဆိုကဲ့ရဲ့ဇော်။ နှိုင်းရဲ့သောအား၊ စကားစမြည်၊ တိုရှည်သင့်ရဲ့၊ ပြောပါတုံလည်း၊ နိတုံနိကွ၊ ရွှေပေးရသို့၊ မျှတအကယ်၊ ကုန်နိုးဖွယ်ဟု၊ လူဝယ်နှုတ်ရွဲ့၊ ဆိုကဲ့ရဲ့ဇော်။ ပြစ်ဘွဲ့ဆိုတင်း၊ ကဲ့ရဲ့ခြင်းမှ၊ လွယ်ကင်းသသူ၊ မရှိဟူရှင့်"တဲ့။

"အင်း...ဟုတ်တယ်၊ ဘုရားရှင်တောင်မှ အကဲ့ရဲ့ခံရသေးတာပဲ၊ လုံးဝအကဲ့ရဲ့လွတ်တဲ့လူရယ်လို့ လောကမှာ မရှိပါဘူးလေ၊ ကဲ...ဒါဖြင့် ဒါနအကြောင်း ဘယ်ကနေစပြီး ဘယ်လိုရေးမလဲ"

"အလောင်းတော် သုမေဓာရှင်ရသေ့ကို ဒီပင်္ကရာ ဘုရားရှင် ဗျာဒိတ်ပေးတဲ့အခန်းကို နိဒါန်းစချီပြီး စာကိုယ်မှာ ဒါန အမျိုးအစားများကို ပုံဝတ္ထုသာဓကများနှင့် ပြုပုံပြုနည်းများ ပြမယ်။ ဒါနပြုခြင်းအကြောင်း၊ မပြုခြင်းအကြောင်းများ ပြမယ်။ နိဂုံးမှာ ဒါနအန္တရာယ်ပြုသူများနဲ့ ဒါနပြုသူ မပြုသူတို့ရဲ့ အကျိုးအပြစ်တွေကို ရေးမယ် စိတ်ကူးထားတယ်"

"အင်း... အစီအစဉ် ကောင်းပါရဲ့၊ ဘယ်တော့ စရေးမလဲ"

"တန်ဆောင်မုန်းလလောက်မှ စ,ရေးနိုင်မယ် ထင်တယ်၊ ကိုးကားရေးသားဖို့ စာအုပ်က မပြည့်စုံသေးဘူး၊ ရှာဖွေစုဆောင်းရဦးမယ်"

http://www.dhammadownload.com

(၂)

ငါတို့ဘုရားအစ

ဒီပင်္ကရာ ဘုရားရှင်သည် ပရိသတ်များကြွယ် နတ် လူ ဗြဟ္မာတို့၏ အလယ်၌ အလောင်းတော် သုမေဓာ ရသေ့၏ ဦးခေါင်းရင်း၌ ရပ်တော်မူ၍ "ဤသုမေဓာ ရှင်ရသေ့ကား ဘုရား ဖြစ်ရန် စိတ်သန်ရွယ်ကြောင်း၊ ရွံညွှန်ပျောင်း၌ လျောင်းလေပြီ။ သူ၏တောင့်တချက်ကား ပြည့်စုံမည်လော မပြည့်စုံမည်လော" ဟု အနာဂတ်အဖို့ အပိတ်အပင်မရှိ သိမြင်နိုင်သော အနာဂတံသ ဉာဏ်တော်ကို စေလွှတ်၍ စူးစမ်းတော်မူသည်ရှိသော် "ဤ ကမ္ဘာမှ နောက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း လွန်မြောက် သောအခါ ဂေါတမဘုရားရှင် ဖြစ်လိမ့်မည်" ဟု ပိုင်းခြားကုန်စင် သိမြင်တော်မူ၍ ရပ်တော်မူလျက်ပင် ဤသို့ ဗျာဒိတ်စကား မြွက်ကြားတော်မူသည်–

"ရဟန်းတို့၊ ဆံကျစ်ကို ထုံးထားသည်ဖြစ်၍ ထက်မြက်သော အကျင့်နှင့် ပြည့်စုံသော ဤရှင်ရသေ့ကို ကြည့်ရှုကြကုန်လော့၊

http://www.dhammadownload.com

သူသည် ဤကမ္ဘာမှ နောက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ထက်၌ လူသုံးပါးဝယ် ဘုရားစင်စစ် ဖြစ်ပေလိမ့်မည်။

"သူသည် နောင် ဘုရားဖြစ်အံ့သော ဘဝ၌ ကပိလဝတ် နေပြည်တော်မှ တောထွက်၍ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ကာ ဒုက္ကရစရိယာ အကျင့်ကို ပြုကျင့်ပြီးလျှင် အဇပါလ ညောင်ပင်ရင်း၌ သီတင်းသုံးတော်မူကာ ထိုညောင်ပင်ရင်း၌ ဃနာန္ဒိဆွမ်းကို အကပ်ခံယူလျက် နေရွှေရာမြစ်သို့ ကြွပေလတ္တံ့"

ဤသို့ စသည်ဖြင့် ဒီပင်္ကရာ ဘုရားရှင်၏ ဗျာဒိတ်စကား မြွက်ကြားသံကို ကြားကြကုန်သော နတ်လူတို့သည် "ဤသုမေဓာရှင်ရသေ့ကား နောင်ပွင့်တော်မူမည့် ဘုရားမျိုးစေ့ ဖြစ်သတဲ့" ဟူ၍ အလွန်ရွှင်လန်း ဝမ်းမြောက်ကြကုန်၏။ ကောင်းချီးသံတို့ကို ဖြစ်စေကြပြီးလျှင် လက်ပန်းပေါက် ခတ်ကြကုန်၏။ လက်အုပ်ကိုယ်စီ မြှောက်ချီရိုကျိုး ရှိုခိုးကြကုန်၏။ ဆုအမျိုးမျိုး တောင်းကြလေကုန်၏။

စဉ်းစားဆင်ခြင်ဖွယ်

ဒီပင်္ကရာ ဘုရားရှင်သည် ဗျာဒိတ်စကား မြွက်ကြားတော်မူပြီးလျှင် ပန်းရွှစ်ဆုပ်တို့ဖြင့် ကြဖြန့်၍ ရှင်ရသေ့ကို လက်ျာရစ်လှည့်ကာ ကြသွားတော် မူလေ၏။ ရဟန္တာထေရ်ကျော် နောက်ပါသံဃာတော်တို့ကလည်း နံ့သာပန်းတို့ဖြင့် ကြဖြန့်၍ ဘုရားရှင် နည်းတူ ကြသွားကြကုန်၏။ လူ နဂါး ဂန္ဓဗ္ဗနတ်တို့သည်လည်း ရှင်ရသေ့ကို ရှိသေစွာ ရှိခိုး၍ ပန်းနံ့သာတို့ဖြင့် ပူဇော်ကြပြီးလျှင် ဖဲသွားကြကုန်၏။

http://www.dhammadownload.com

ဒီပင်္ကရာ ဘုရားရှင်နှင့် ပရိသတ်များစွာ ဖဲခွာလွန်မြောက်သောအခါ သုမေဓာ ရှင်ရသေ့သည် အလျားမှောက်ရာမှ ဝမ်းမြောက်စွာ ထတော်မူပြီးနောက် လွန်စွာ ထူးမြတ်သော စိတ်ချမ်းသာခြင်း၊ ဝမ်းမြောက်ခြင်း၊ နှစ်သက်ခြင်း ပီတိဖြင့် စိုစွတ်သော စိတ်နှလုံး ရှိတော်မူသည်ဖြစ်၍ ပါရမီတော်တို့ကို ဆင်ခြင်တော်မူရန်အတွက် နတ်လူတို့ ကြဖြန့်ပူဇော်အပ်သော ပန်းပုံကြီးထက်၌ ထိုင်နေတော်မူပြီးကာ စဉ်းစား ကြံစည်တော်မူလေ၏။

"ငါသည် ဈာန်တရားအရာ၌ အစိုးတရ လေ့လာနိုင်သော ဝသီဘော်ရှိသူ အဖြစ်သို့ ရောက်ပေ၏။ အဘိညာဉ် ငါးပါး တို့၌ လည်း အထွတ်အထိပ်သို့ ရောက်သူဖြစ်ပေ၏။ စကြဝဠာတိုက်တစ်သောင်းအတွင်း၌ ငါနှင့်တူသော ရသေ့များ မရှိကြ၊ တန်ခိုး အာနုဘော်တရား၌ ငါသည် မည်သူနှင့်မျှ မတူချေတကား"

ဤသို့ စဉ်းစားကြံစည်တော်မူပြီးလျှင် အလွန် ထူးချွန်သော စိတ်ချမ်းသာမှုကို ရလေ၏။ သဗ္ဗညုတ ဘုရားရှင်အဖြစ်ကို ယခုပင် ရောက်ရှိပြီးသကဲ့သို့ အောက်မေ့မှတ်ထင် ကြည်လင်ဝမ်းမြောက်လျက် ထိုင်နေတော်မူသောအခါ စကြဝဠာပေါင်း တိုက်တစ်သောင်းမှ ရောက်လာကြကုန်သော နတ်ဗြဟ္မာတို့သည် ကြီးစွာသောအသံကို ဟစ်အော် ဖြစ်ပေါ်စေကြကုန်၏။

"အို...သုမေဓာရှင်ရသေ့မြတ်၊ ရှေးရှေးသော နိယတ ဗျာဒိတ်ခံ ဘုရားအလောင်းတော်များ ဗျာဒိတ်ချပြီးစ ထိုကာလ ဝယ် ထိုင်နေတော်မူသောအခါ ထင်မြဲဖြစ်သော နိမိတ်ကြီး

http://www.dhammadownload.com

သုံးဆယ့်နှစ်ပါးတို့သည် ယနေ့ ထင်မြင်ကြပါကုန်၏။ ထို့ကြောင့် ရှင်ရသေ့မြတ်သည် မချွတ်ကောန် ဘုရားဖြစ်တော်မူလတ္တံ့"

"အို...သုမေဓာရှင်ရသေ့မြတ်၊ သင်သည် ဝိရိယတရား ကိုသာ စွဲစွဲမြဲမြဲ အားထုတ်တော်မူပါ။ ဆုတ်နစ်တော်မမူပါလင့်။ ရှေ့သို့သာ တိုးတက်၍ ဆက်လက်အားထုတ်တော်မူပါ။ အကျွန်ုပ် တို့သည်လည်း အသင် မချွတ် ဘုရားဖြစ်လတ္တံ့သောအကြောင်း ကို ကောင်းစွာ သိရှိကြပါကုန်၏"

နတ် ငြဟ္မာ အပေါင်းတို့သည် ထိုသို့ ကြီးစွာသော အသံကို ဟစ်အော် ဖြစ်ပေါ်စေကြကုန်ပြီးလျှင် ချီးမွမ်း အားပေးစကား အထူးထူး အပြားပြား ပြောကြား၍ ဖယ်သွားကြသောအခါ သုမေဓာရှင်ရသေ့မြတ်သည် ဤသို့ ကြံစည် စိတ်ကူးတော်မူ လေ၏။

ဘုရားဖြစ်ရန် ဘာလုပ်ရမလဲ ?

"မြတ်စွာဘုရားတို့မည်သည် နှစ်မျိုးနှစ်ခွ တွေးဆရသော စကားမျိုးကို ဆိုရိုးထုံးစံ မရှိကုန်။ မြတ်စွာဘုရားတို့၏ စကား တော်သည် ချွတ်ယွင်းသည်ဟူ၍ မရှိစကောင်း၊ ထို့ကြောင့် ငါသည် မချွတ်မလွဲ ဘုရားဖြစ်တော်မူရအံ့။

"ကောင်းကင်သို့ ပစ်မြှောက်အပ်သော ခဲသည် မချွတ်မလွဲ မြေပြင်သို့သာ ပြန်၍ကျရောက်ရသကဲ့သို့ အလုံးစုံသော သတ္တဝါ ဟူသမျှတို့မှာ သေရခြင်းသဘောသည် မချွတ်မလွဲ ဖြဲသကဲ့သို့၊ ညဉ့်အချိန် ကုန်ဆုံးသောအခါ နေထွက်ခြင်းသည် မချွတ်မလွဲ

http://www.dhammadownload.com

မြဲသကဲ့သို့၊ နေရာလို့ဏ်ဂူမှထွက်သော ခြင်္သေ့၏ဟောက်ခြင်းသဘောသည် မချွတ်မလွဲ မြဲသကဲ့သို့၊ ကိုယ်ဝန်ဆောင်ရသော မိန်းမတို့၏ မွေးဖွားခြင်းသည် မချွတ်မလွဲ မြဲသကဲ့သို့၊ မြတ်စွာဘုရားတို့၏ စကားတော်သည် မချွတ်မလွဲ မြဲသည်သာ ဖြစ်ရကား ငါသည် ဇကန်စင်စစ် ဘုရားဖြစ်တော်မူရအံ့"

ဤသို့ ဥပမာ အမျိုးမျိုးတို့ဖြင့် ထောက်စာ၍ ဒီပင်္ကရာဘုရားရှင်၏ စကားတော်အရ မုချဇကန် ဘုရားဖြစ်ရမည်ဟု ကြံစည် ဆုံးဖြတ်တော်မူပြီးလျှင် "ယခုအခါ ငါသည် အထက်နတ်ပြည်လောက၊ အောက်လူ့ပြည်လောက ဆယ်မျက်နှာအရပ်တို့၌ ကာမ–ရူပ–အရူပ ဟူ၍ ပြားသောအရင်းခံ သဘောတရားအလုံးစုံကို နှံ့စပ်အောင်ပင် ဘုရားအဖြစ်ကို ပြုတတ်သော တရားတို့ကို ထိုမှဤမှ စူးစမ်းရှာဖွေတော့အံ့"ဟု စူးစမ်းဆင်ခြင်တော်မူလေသည်။

အဋ္ဌဆုံး ပါရမီ

ထိုသို့ စူးစမ်း ဆင်ခြင်တော်မူသောအခါ ရှေးရှေး ဘုရားအလောင်းတော်တို့ အစဉ်မှီဝဲ အမြဲလေ့လာ ပွားများအပ်သည့် ဘုရားဖြစ်ကြောင်း လမ်းကြောင်းကြီးသဖွယ် ဖြစ်သော ဒါနပါရမီကို ပထမဦးဆုံး မြင်တော်မူလေသည်။ ယင်းသို့ မြင်တော်မူပြီးလျှင် မိမိကိုယ်မိမိ ဆုံးမတော်မူလေသည်။

"အို...အမောင် သုမေဓာ၊ သင်သည် ဘုရားဖြစ်ဖို့ရန် အလို ရှိပါမူ ဤဒါနပါရမီကို အစဉ်းစွာ အစွဲအမြဲပြုကာ ဆောက်တည်

http://www.dhammadownload.com

ပြီးလျှင် ဒါနပါရမီကို အထွတ်အထိပ်သို့ ရောက်အောင် ဖြည့်ကျင့်လေလော့။

လောက၌ ရေဖြင့်ပြည့်နေသော အိုးကို မှောက်သွန်လိုက်လျှင် ရှိသမျှဥသုံ ရေအလုံးစုံကို အကျန်မထား အန်ထုတ်၍ ပစ်သကဲ့သို့ အယုတ် အလတ် အမြတ် ဖြစ်သော အလှူခံပုဂ္ဂိုလ်တို့ကိုမြင်လျှင် မိမိ၌ ပေးလှူရန် ရှိသမျှကို အကြွင်းအကျန်မထားဘဲ မှောက်သွန်လိုက်သော ရေအိုးပမာ ပေးလှူပါလော့”

http://www.dhammadownload.com

(၃)

ဒါနပြုစဉ် နှလုံးသွင်းပုံ

ဤဒါနပါရမီကို ဖြည့်ကျင့်တော်မူသော အလောင်းတော်သည် မိမိ၏ အသက်၌ မမြဲသည်၏ အဖြစ်ကို၊ မိမိ၏ အသက်နှင့် စည်းစိမ်ဥစ္စာတို့၌ မမြဲသည်၌ အဖြစ်ကို ဆင်ခြင်သိမြင်သော အနိစ္စသညာကို ဖြစ်စေတော်မူသည်။ စည်းစိမ်ဥစ္စာတို့၏ များစွာသော သူတို့နှင့် ဆက်ဆံ သက်ဆိုင်နေပုံကိုလည်း နှလုံးသွင်းတော်မူသည်။ သတ္တဝါတို့ အပေါ်၌လည်း ကြီးစွာသော ဂရုဏာကို အခါမပြတ် ဖြစ်ပွားစေတော်မူသည်။

ရက်ရောကြည်ဖြူ

ယင်းသို့ ဖြစ်ပွားစေခြင်းဖြင့် စည်းစိမ်ဥစ္စာတို့၌ ယူသင့်ယူထိုက်သည့် ဒါနကုသိုလ် အနှစ်ကို ယူတော်မူလျက် "မီးလောင်နေသော အိမ်မှ, မိမိကိုယ်နှင့်တကွ ဥစ္စာအနှစ်ကို မီးဘေးလွတ်အောင် အပြင်သို့ ထုတ်ဆောင်သောသူကဲ့သို့" ရာဂ အစ

http://www.dhammadownload.com

ရှိသော မီးဆယ့်တစ်ပါးတို့ တညီးညီး တပြောင်ပြောင် တောက်လောင်၍နေသော ဘုံသုံးပါးတည်းဟူသော အိမ်ကြီးမှ မိမိကိုယ်နှင့်တကွ စည်းစိမ်ဥစ္စာ အနှစ်တို့ကို မီးဘေးလွတ်အောင် အပြင်သို့ ထုတ်ဆောင်သည့်အလား အကျန်အကြွင်း မထားဘဲ ရဲရဲရက်ရက် စွန့်လှူတော်မူလေသည်။ ဤမျှကိုစား၊ ဤမျှကိုထား၍ ဤမျှကိုကား လှူမည်ဟု ခွဲခြမ်းမှု မပြုတော့ဘဲ ရက်ရက်ကြည်ဖြူ စွန့်လှူတော်မူနိုင်လေသည်။ သည်ကို မာန်လည်ဆရာတော် ဘုရားကြီးက ဤသို့ လင်္ကာစပ်တော်မူသည်–

"ဤလူတို့ဘောင်၊ အိမ်ရာထောင်တို့၊ မရှောင်ပူချမ်း၊ ကြိုးပမ်းဥစ္စာ၊ ရအောင်ရှာလျက်၊ လေးဖြာခွဲမှု၊ လေးဖို့ပြု၍၊ တစ်စုခံစား၊ နှစ်စုအားလျှင်၊ စီးပွားယှဉ်ရာ၊ တစ်စုမှာမူ၊ လိုခါနောင်ဖို့၊ မချို့ဆောင်တွယ်၊ မြေဝယ်မြှုပ်ထား၊ ပြုအပ်ငြား၏၊ ဘုရားဆုတောင်း၊ အလောင်းတို့မှာ၊ သုံးပုံသာမျှ၊ ခွဲကာပိုင်းခြား၊ မြှုပ်မထားဘူး၊ ကြီးမားက္ကစ္ဆာ၊ မဟဇ္ဆာဖြင့်၊ ပွင့်လျာအပေါင်း၊ မြတ်လောင်းတို့ထုံး၊ အားလုံးမချန်၊ မဆို့သွန်၍၊ ပေးစွန့်တတ်ဟူ၊ ဗိုလ်လူတကာ၊ ပမာဘက်ရှား၊ မတူငြားတည့်"

ငါဘုရားလောက် သိကြလျှင်

"ရဟန်းတို့ သတ္တဝါတို့သည် လှူဒါန်းဝေဖန်ခြင်း၏ အကျိုးကို ငါဘုရား သိသကဲ့သို့ သိကြကုန်မူ မပေးလှူဘဲ မစားကုန်ရာ၊ ဝန်တိုမှုနှင့် ငြူစူမှုစသော အကုသိုလ်အညစ်အကြေးသည် ထိုသူ၏

http://www.dhammadownload.com

စိတ်ကို သိမ်းကျုံးလွှမ်းမိုး၍ မတည်နိုင်ရာ။ အလှူခံပုဂ္ဂိုလ် ရှိကုန်မူ ထိုသူတို့သည် နောက်ဆုံးဖြစ်သော ထမင်းလုတ် ထမင်းဆုပ်မှသော်လည်း မခွဲမခြမ်း မဝေဖန်မူ၍ မစားကုန်ရာ"

"ရဟန်းတို့၊ သတ္တဝါတို့သည် လှူဒါန်းဝေဖန်ခြင်း၏ အကျိုးကို ငါဘုရားသိသကဲ့သို့ မသိကုန်သောကြောင့်သာ မပေးလှူဘဲ စားကြကုန်၏။ ဝန်တိုမှုနှင့် ငြူစူမှုစသော အကုသိုလ် အညစ်အကြေးသည် ထိုသူတို့၏ စိတ်ကို သိမ်းကျုံးလွှမ်းမိုး၍ တည်၏"

ဒါနသဘင်တွေ

"မှန်၏။ ဒါန၏ အကျိုးဖလကို ဘုရားအလောင်းနှင့် ဘုရားရှင်တို့မှတစ်ပါး အခြားသူတို့သည် အကုန်အစင် မသိနိုင်ချေ"

"ဤဒါနကောင်းမှုသည် မျက်မှောက်ဘဝ ချမ်းသာ၊ တမလွန်ဘဝ ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာတို့၏ အကြောင်းဖြစ်၏။ မှန်ပေ၏။ လောကဌ် အလုံးစုံသော စည်းစိမ်ချမ်းသာဟူသမျှသည် ဒါနကြောင့် ဖြစ်၏။ စျာန်၊ ဝိပဿနာ၊ မဂ်ဖိုလ် နိဗ္ဗာန်နှင့် စပ်သော ချမ်းသာဟူသမျှသည်လည်း ဒါန၏ ဥပနိဿရည်းအစွမ်းကြောင့်ဖြစ်၏"

"ဒါနကောင်းမှုသည် လူ့စည်းစိမ်၊ နတ်စည်းစိမ် အစရှိသော စည်းစိမ်အမျိုးမျိုးတို့၏ အကြောင်းရင်းဖြစ်၏"

"အသုံးအဆောင်ဖြစ်သော အာရုံဝတ္ထုများ၊ ထိုဝတ္ထုများကို သုံးဆောင်၍ဖြစ်သော ချမ်းသာမှုများ၏ တည်ရာလည်းဖြစ်၏"

http://www.dhammadownload.com

"ပျက်စီးခြင်း ဗျသနဆိုက်သော သတ္တဝါများအဖို့ အစောင့်အရှောက်ကောင်းလည်း ဖြစ်၏။ ပုန်းအောင်းရာ၊ လားရာ၊ လဲလျောင်းရာလည်း ဖြစ်၏"

"ဤမျက်မှောက်ဘဝ တမလွန်ဘဝတို့၌ ဒါနနှင့်တူသော မိုရာ တည်ရာ ဆွဲတွယ်ရာ အစောင့်အရှောက်ကောင်း ပုန်းအောင်းရာ၊ လားရာ၊ လဲလျောင်းရာဟူ၍ မရှိချေ"

"မှန်၏။ ဤဒါနကောင်းမှုသည် မိုရာဖြစ်သောကြောင့် အလုံးစုံ ရတနာခုနှစ်ပါးဖြင့် ခြယ်စီအပ်သော သီဟာသနပလ္လင်နှင့် တူ၏"

"အချင်းခပ်သိမ်း ဖောက်ပြန်ပျက်စီး၍ ကျွခွင့်မပေး ထောက်တည်ရာဖြစ်သောကြောင့် မဟာပထဝီမြေကြီးနှင့် တူ၏"

"ရောက်ရာ ရောက်ရာဘဝ၌ ဆောက်တည်ရာ၍ ဆွဲတွယ်ရာဖြစ်သောကြောင့် အားနည်းသော ယောကျ်ား မျက်မမြင် သူကန်းများ၏ ဆွဲလှမ်းအားပြုရာ ကြိုးနှင့်တူ၏"

"ဤဒါနကောင်းမှုသည် အပါယ်ဘူမိ ဒုဂ္ဂတိမှ လွတ်ထွက်ကူးမြောက်ကြောင်း ဖြစ်သောကြောင့် လှေသဘော်နှင့်တူ၏"

"လောဘ မစ္ဆရိယ အစရှိသော တစ်ဖက်ရန်သူဘေးမှ ကင်းရှင်း သက်သာစေတတ်သောကြောင့် စစ်မြေအရပ်၌ တပ်မှူး သူရဲကောင်းသဖွယ် ဖြစ်၏"

"ဆင်းရဲ မွဲတေခြင်းဘေးမှ ကင်းဝေးအောင် စောင့်ရှောက်တတ်သောကြောင့် ခိုင်ခံ့စွာပြုပြင်စီရင် မွမ်းမံအပ်သော မြို့ကြီး သဖွယ် ဖြစ်၏"

http://www.dhammadownload.com

"မနာလိုခြင်း–ကျသော၊ ဝန်တိုခြင်း–မစ္ဆရိယ အစရှိသော အကုသိုလ် အညစ်အကြေးတို့ မလိမ်းကျံ့ မကပ်ငြိအပ်သော ကြောင့် ပုဒ္ဓမ္မာကြာပန်းသဖွယ် ဖြစ်၏"

"ကျသော၊ မစ္ဆရိယ အစရှိသော အကုသိုလ် အမှိုက်သရိုက် တို့ကို ဖုတ်ပြိုက်လောင်ကျွမ်းစေတတ်သောကြောင့် မီးသဖွယ် ဖြစ်၏"

"ထိတ်လန့် ကြောက်ရွံ့ခြင်း ကင်းစေတတ်သောကြောင့် ခြင်္သေ့မင်းသဖွယ်ဖြစ်၏။ မှန်၏။ အလှူရှင်သည် ယခုမျက်မှောက် ဘဝတွင်လည်း တစ်စုံတစ်ရာ ဘာကိုမျှ ကြောက်ဖွယ်မရှိသဖြင့် တမလွန်ဘဝအတွက်မူ အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း"

"ဤဒါနကောင်းမှုသည် အင်အားကြီးများသော ဆင်ပြောင် ကြီးသဖွယ် ဖြစ်၏။ မှန်၏။ အလှူရှင်တွင် ယခုမျက်မှောက်ဘဝ၌ မိတ်ဆွေသင်္ဃာ အပေါင်းအသင်းအား ကြီးများ၍ တမလွန်ဘဝ တွင် ကာယဗလစသော အင်အား အမျိုးမျိုးတို့ဖြင့် ပွားတိုး ကြီးများ၏"

"မျက်မှောက်တမလွန် ဘဝ နှစ်တန်၌ အလွန်အကြူး အထူး ကြီးပွားကြောင်း ကောင်းမြတ်သော မင်္ဂလာဟု ပညာရှိ သူတော် ကောင်းတို့ အသိအမှတ် ပြုအပ်သောကြောင့် နွားလားဥသဘ သဖွယ် ဖြစ်၏"

"ပျက်စီးမှု ဝိပ္ပတ္တိလေးမျိုး ဆင်းရဲသောမြေဆိုးမှ လွတ် မြောက်ကာ ပြည့်စုံမှု သမ္ပတ္တိလေးမျိုး ဘေးကင်းရာမြေကောင်း သို့ ရောက်စေတတ် ပို့ဆောင်တတ်သောကြောင့် ဝလာဟက သိန္ဓောမြင်းသဖွယ် ဖြစ်၏"

http://www.dhammadownload.com

ငါဘုရားသွားလမ်း

"ဤဒါနကောင်းမှုသည် ငါဘုရားသွားခဲ့သော လမ်းကောင်း လမ်းကြောင်းမှန်လည်း ဖြစ်၏။ ငါဘုရား၏ အဆက်အနွယ် လည်း ဖြစ်၏။ ငါဘုရားသည် ပါရမီကောင်းမှုကုသိုလ်တို့ကို ဖြည့်ကျင့်စဉ် ဝေလာမအလှူကြီး၊ မဟာဂေါဝိန္ဒအလှူကြီး၊ မဟာ သုဒဿနအလှူကြီး၊ ဝေဿန္တရာအလှူကြီး အစရှိသော အလှူကြီး ပေါင်း များစွာတို့ကို ဖြစ်စေအပ် လှူဒါန်းအပ်ခဲ့ကုန်ပြီ"

. "ငါဘုရားသည် ယုန်သူတော်ကောင်း အလောင်းတော်ဖြစ်စဉ် အလျဲမစဲ မီးပုံကြီးထဲ၌ မိမိကိုယ်ကို စွန့်လှူကာ အလှူခံ ပုဂ္ဂိုလ်၏ စိတ်ကို အရပိုင်ပိုင် ငါချိုင်၍ ယူအပ်ခဲ့လေပြီ"

ဤ၌ **'မိမိကိုယ်ကို စွန့်လှူကာ'** ဟူသော စကားရပ်ဖြင့် ဒါန၏ အကျိုးကို ကောင်းကောင်းကြီး သိမြင်တော်မူကြသော ကြောင့် အလောင်းတော်ကြီးများသည် မိမိ၏အသက်ကိုပင်သော် လည်း စွန့်လှူတော်မူကြရကား အဘယ်မည်သော ပညာရှင်သည် အပြင်အပ ပစ္စည်းဝတ္ထု၌ ငြိတွယ်မှုကို ပြုတော့အံ့နည်း" ဟူ၍ သြဝါဒ ပေးတော်မူသည်။

အလှူခံပုဏ္ဏား သိကြားမင်း၏စိတ်သည် အာရုံတစ်ပါးသို့ မသွားရောက်တော့ဘဲ အလောင်းတော် ယုန်ပညာရှိ၏ အလှူ ရဲရင့်ပုံကိုသာ ထပ်တလဲလဲ အာရုံပြု၍ ဖြစ်ရှိနေသည်ကိုပင် **'အလှူခံပုဂ္ဂိုလ်၏စိတ်ကို အရပိုင်ပိုင် ငါချိုင်၍ ယူအပ်ခဲ့လေပြီ'** ဟု အလင်္ကာနည်းဖြင့် ယဉ်ကျေးစွာ ဟောကြားခြင်းဖြစ်သည်။]

http://www.dhammadownload.com

ဆက်ဦးအံ့၊ ဤဒါနကောင်းမှုသည် လောကီဘက်၌ သိကြားမင်းစည်းစိမ်၊ မာရ်နတ်မင်းစည်းစိမ်၊ ဗြဟ္မာမင်းစည်းစိမ်၊ စကြာမင်းစည်းစိမ်တို့ကို ပေးစွမ်းနိုင်၏။ လောကုတ္တရာဘက်၌လည်း သာဝကဗောဓိဉာဏ်၊ ပစ္စေကဗောဓိဉာဏ်၊ သမ္မာသမ္ဗောဓိဉာဏ်တို့ကို ပေးစွမ်းနိုင်၏။

ဤသို့ဖြင့် အလောင်းတော် သုမေဓာရှင်ရသေ့သည် ဘုရားဖြစ်ကြောင်း တရားကောင်းတို့ကို ရှာဖွေ ဆင်ခြင်သောအခါ ဒါနပါရမီကို ရှေးဦးစွာမြင်ခြင်း၊ ဘုရားဖြစ်တော်မူသောအခါ ပါရမီဆယ်ပါး မြတ်တရားတွင် ဒါနပါရမီကို အစအဦးထား၍ ဟောတော်မူခြင်းတို့ကို ထောက်ရှုသော် ဒါနသည် မည်မျှ အရေးကြီး၍ မည်မျှအရာရောက်သည်ကို စာရှုသူ ကိုယ်ပိုင်ဉာဏ်ဖြင့် ချိန်ကြည့်နိုင်လောက်ပေပြီ။

ပါရမီစဉ်

ပါရမီဆယ်ပါး မြတ်တရားတို့ကို တခြားတစ်နည်း မစီစဉ်ဘဲ အဘယ့်ကြောင့် ဒါနကို အစထား၍ မြတ်ဘုရားဟောကြားတော်မူပါသနည်းဟု မေးမြန်းဖွယ်ရှိ၏။ အလောင်းတော် သုမေဓာရှင်ရသေ့ ဗျာဒိတ်ရတော်မူပြီးကာစ ရှေးဦးစွာ ဒါနပါရမီကို ဆောက်တည်တော်မူသောကြောင့် ဤအစဉ်အတိုင်း ဟောတော်မူ၏။

အဘယ့်ကြောင့် ဤအစဉ်အတိုင်း ဆောက်တည်တော်မူသနည်းဟု တစ်ဖန်မေးမြန်းဖွယ် ရှိပြန်၏။ ပါရမီတို့ကို ဆင်ခြင်

http://www.dhammadownload.com

ဉာဏ်ဖြင့် ဆင်ခြင်တော်မူသောအခါ ဤအစဉ်အတိုင်း ဉာဏ်တော်မှာ ထင်လာသောကြောင့် ဤအစဉ်အတိုင်း ဆောက်တည်တော်မူသည်။

မှန်၏။ ပါရမီဆယ်ပါးတို့တွင် ဒါနသည် သီလအား အထူးသဖြင့် ကျေးဇူးပြု၏။ ပါရမီဆယ်ပါးတို့အနက် ဒါနပါရမီသည် ပြုရန် လွယ်ကူ၏။ ဒါနသည် များစွာသော လူတို့၌ပင် ဖြစ်နိုင်ရကား ခပ်သိမ်းသော သတ္တဝါတို့နှင့် သက်ဆိုင်သောကြောင့် ဒါနကို ရှေးဦးစွာ ဟောတော်မူသည်။



http://www.dhammadownload.com

(၄)

ဒေဿနာဟောစဉ်

ဘုရားရှင်သည် ယသ သတို့သား စသော သူတို့ကဲ့သို့ ကျွတ်ထိုက်သော သတ္တဝါ တစ်ယောက်ယောက်ကို တရားဟော တော်မူသောအခါ ဒါနနှင့်စပ်သော တရားစကားကို အစအဦး ထား၍ ဟောကြားတော်မူ၏။ ယင်းသို့ ဟောကြားတော်မူသော အခါ တရားနာသူ ယသ သတို့သား စသော သူတို့၏ စိတ်အစဉ်မှာ မသဒ္ဓါခြင်း၊ ပျင်းရိခြင်း၊ မေ့လျော့ခြင်း၊ ပုံ့လွင့်ခြင်း၊ တွေဝေခြင်းတည်းဟူသော စိတ်၏အပြစ်ဒေါသများ ကင်းစင်သွားသဖြင့် သစ္စာလေးပါး နက်နဲသော တရားကို နာယူနိုင်သော အခြေမှာ တည်ရှိနေ၏။ ဒိဋ္ဌမာန အစရှိသော ကိလေသာများ ကင်းသဖြင့် ဇဗ္ဗုရာဇ်ရွှေစင်ပမာ ဆွဲတိုင်းထင် ငင်တိုင်းရ နူးညံ့သော အခြေမှာ တည်ရှိနေ၏။ နိဝရဏငါးပါး အပိတ်အဖုံးများ ကင်းရှင်းနေ၏။ နိဗ္ဗာန်ရောက်ကြောင်း ကောင်းသောအကျင့် လမ်းစဉ်၌ အလွန်

http://www.dhammadownload.com

ဝမ်းမြောက်ခြင်း ပီတိပါမောဇ္ဇတရားတို့နှင့် ယှဉ်လျက်နေ၏။ သဒ္ဓါတရားနှင့် ပြည့်စုံသဖြင့် အလွန်ကြည်လင်နေ၏။

ထိုအခါကျမှ ဘုရားရှင်သည် ဘုရားရှင်တို့မှသာ သတ္တဝါတို့၏ အလို အကြိုက် စရိုက်နှင့်လျော်စွာ မဂ်ရောက် ဖိုလ်တည် ဖြစ်အောင် ဟောစွမ်းနိုင်သည့် ဒေသနာဆင်နည်းဖြင့် သစ္စာလေးချက် တရားနက်ကို ဟောကြားတော်မူလေ၏။

ထိုသို့ ဟောကြားတော်မူသောအခါ လောကဥပမာအားဖြင့် အညစ်အကြေးကင်းအောင် ဖွပ်လျော်ပြီးသော အထည်အဝတ်သည် အဝါ, အနီ စသော ဆိုးရည်ကို ကောင်းစွာ ခံယူသကဲ့သို့၊ တလက်လက်တောက်ပသော အရောင်ရှိသကဲ့သို့ ယသ, သတို့သားစသော ကျွတ်ထိုက်သောသူတို့၏ သန္တာန်၌ ထိုတစ်ထိုင်တည်းမှာ မဂ်ဉာဏ်အမြင် ထင်ရှား ဖြစ်ပေါ်လာလေ၏။ သော တာပန် သကဒါဂါမ် စသည် ဖြစ်လေ၏။

အဘယ့်ကြောင့် ဤသို့ ဟောပြောရသနည်းဆိုသော် ဒါန တရားသည် စိတ်နှလုံးကို နူးညံ့စေတတ်သော တရားဖြစ်၏။ တစ်စုံတစ်ခု အလှူဒါနပြုလုပ်သော သူသည် ထိုဒါန၏ ကျေးဇူးပြုမှုကြောင့် သီလဆောက်တည်ရန် သမာဓိ ဘာဝနာ၊ ဝိပဿနာ ဘာဝနာပွားများရန် စိတ်နှလုံးနူးညံ့ပြီး ဖြစ်လေတော့သည်။

မှန်၏။ လူဖွယ်ဝတ္ထု တစ်ခုခု မပါရှိဘဲ ကျောင်းကန်ဘုရား သွားရောက်၍ သီလယူရန်၊ တရားနာရန်၊ တရားအားထုတ်ရန် အတွက် စိတ်နှလုံး မနူးညံ့ ရှိုးတိုးရှန့်တန့် ဖြစ်ရသည်မှာ စာရှူသူ၏ ကိုယ်တွေ့ပင် ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

http://www.dhammadownload.com

ဘုရားရှင်လက်ထက်တော်အခါက အရိယာသူတော်ကောင်း ဖြစ်ကြသော ဝိသာခါ အစရှိသော သူတော်စင်တို့သည် ဘုရား ကျောင်းတော်သို့ သွားရောက်လျှင် နံနက်အခါ၌ ခဲဖွယ်ဘောဇဉ်၊ ညနေအခါ၌ အဖျော်ယမကာ စတုမဓုရသော ဆေးပစ္စည်း လှူဖွယ် များကို ယူဆောင်၍ သွားကြစမြဲဖြစ်၏။

သံသရာခရီးဝယ်

အမှန်စင်စစ် ယခုဘဝအတွင်းမှာ ကိလေသာ ကုန်ခန်း ရဟန္တာဖြစ်မည့်သူ မဟုတ်ပါက သံသရာကို အနည်းနှင့်အများ ကူးသွားရမည်သာဖြစ်၏။ ဒါနမပါဘဲ သံသရာခရီးသွားလျှင် ဒါန ကင်းသည့်အတွက် သုဂတိဘဝကောင်းကို ရရန်ခက်၏။ ပြေန်လျှင် လည်း အသုံးအဆောင် ပြည့်စုံရန် ခက်ပြန်၏။ ထိုအခါ ကုသိုလ် တရားကို ရှာဖွေချင်သော်လည်း ရှာဖွေနိုင်တော့မည် မဟုတ်ပါချေ။

သံသရာခရီးသွား မရေပ်စဲသေးသောသူများမှာ ဒါနတရားကို အထူးအားထုတ်ဖို့ အရေးကြီးလှပေ၏။ ဒါနရိက္ခာပါရှိမှ သံသရာ၌ ကောင်းသောသုဂတိဘဝသို့ ရောက်ရှိခြင်း၊ ထိုဘဝ၌ လိုရာ အသုံးအဆောင်နှင့် ပြည့်စုံခြင်းရှိ၍ မိမိအားထုတ်လိုသော ကုသိုလ် ကောင်းမှုကို အားထုတ်နိုင်မည်ဖြစ်၏။

သံသရာမရှည်စေပါ

ဒါနတရားက ကျေးဇူးအပြုခံရမှသာ အောင်မြင်သော သီလ၊ သမာဓိ ဘာဝနာ၊ ဝိပဿနာ(ပညာ) ဘာဝနာတို့ ဖြစ်နိုင်သည်။

http://www.dhammadownload.com

အချို့က ဒါနကို သံသရာ ရှည်စေတတ်သော တရားဟု ဆိုကြ၏။ သံသရာဝဋ်မှ ကျွတ်လွတ်ရန် လိုလားကြသော သုမေဓာရှင်ရသေ့စသော အလောင်းတော်များသည် ဒါနကို လိုလိုလားလား ပြုခဲ့ကြသည်မှာ သံသရာမှလွတ်ကြောင်း ဖြစ်သောကြောင့် ဖြစ်သည်ဟု သတိပြုသင့်၏။

သံသရာကို ရှည်စေတတ်သောတရားမှာ တဏှာသာဖြစ်၏။ နည်းမှန်လမ်းမှန်ပြုသော ဒါနမှာ သံသရာကို ရှည်စေတတ်သော တဏှာကို ပယ်နိုင်ကြောင်း ဖြစ်၏။ ဒါနပြုရာ၌ အလောင်းတော်တို့၏ ပြုပုံပြုနည်း နှလုံးသွင်းနည်းကို အတုယူသင့်၏။ အလောင်းတော်များမှာ ခုဘဝ နောက်ဘဝ သာယာရေးအတွက် မိမိတို့အဖို့ရာ ဘာတစ်ခုမှ မတောင့်တကြ၊ သတ္တဝါများ ကောင်းစားချမ်းသာစေလိုသော စေတနာသာထား၍ ပေးကမ်းကြ၏။ ဤဒါနမျိုးကို ပါရမီမြောက်ဒါနဟု ဆို၏။

မန်ဆုရွယ်ပုံနမူနာ

အလောင်းတော်တို့ တောင့်တလျှင်လည်း သံသရာမှ လွတ်မြောက်ရေးကိုသာ တောင့်တ၏။ သံသရာမှ လွတ်ရန် တောင့်တခြင်းမှာ တဏှာမဖြစ်ပေ။ ထိုဒါနမျိုးကို ဝဋ်မှ ထွက်မြောက်ကြောင်း **'ဝိသဒ္ဓ နိဿိတ ဒါန'**ဟု ဆို၏။

ဤဒါန၊ သီလ၊ ဘာဝနာမူနှင့် ပတ်သက်၍ အချို့မှာ မိမိနှစ်သက်ရာတစ်ခုကိုသာ ယူ၍ **'ဒါနပြုလျှင် ပြီးတာပဲ၊ သီလ ဘာဝနာ မလိုပါဘူး၊ ဘာဝနာပွားလျှင် ပြီးတာပဲ၊ ဒါနသီလ**

http://www.dhammadownload.com

မလိုပါဘူး' စသည်ဖြင့် ပြောဆိုတတ်ကြ၏။ ထိုသို့ စွဲလမ်းခြင်းငှာ မသင့်၊ နည်းလမ်းလည်း မမှန်ပေ။

သုံးဖြာစုံပြည့်စေ

တစ်ခုတည်းသာဆိုလျှင် ဒါနဖြင့်လည်း နိဗ္ဗာန်မရောက်နိုင်၊ သီလဖြင့်လည်း နိဗ္ဗာန်မရောက်နိုင်၊ ဘာဝနာဖြင့်လည်း နိဗ္ဗာန်မရောက်နိုင်၊ ဒါနသည် အပင်နှင့်တူ၏။ သီလသည် အပွင့်နှင့်တူ၏။ ဘာဝနာသည် အသီးနှင့် တူ၏။ အပင်မရှိက အပွင့်မရှိ၊ အပွင့်မရှိက အသီးမသီးရာ၊ သို့ဖြစ်၍ ဒါနစေတနာ အလျှင်းမရှိက သီလစေတနာ၊ ဘာဝနာစေတနာလည်းမရှိဟု မှတ်ရမည်။ သုံးပါး စလုံး အညီအမျှရှိသည်တွင် တစ်ခုခုလွန်ကဲ ထူးချွန်လျှင် ထူးချွန်ပါစေ။ **'အသီဉ္စာဏ်ရှေ့ထား ဒါနနောက်ထား'၊ 'တရားအားထုတ်ပြီးမှ ဒါနပြု'** စသည်ဖြင့် တစ်ခုခုကို မပိတ်ပင် မတားဆီးသင့်ပေ။

ဒါနဟူသည် ကုသိုလ်ပင်ဖြစ်၏။ ကုသိုလ်ဟူသည် ကောင်းကျိုးကို ကောန်ပေး၏။ ယင်းသို့ ကောင်းကျိုး ကောန်ပေးသော ကုသိုလ်ကို ဘုရားရှင်က မြန်မြန်ပြုဖို့သာ တိုက်တွန်းဟောကြား၏။ ဘယ်ကုသိုလ် ပြုပြီးမှ ဘယ်ကုသိုလ်ပြုဟု မဟောကြားပေ။ ထိုသို့ ဘုရားရှင်လည်း မဟောကြား၊ မိမိတို့ကိုယ်တိုင်လည်း မမြဲမှု အနိစ္စတရား၊ အစိုးမရမှု အနတ္တတရားတွေ ဟောပြော ပြသ ပွားများ အားထုတ်နေသူ အချို့က **'အသီဉ္စာဏ်ရှေ့ထား ဒါနနောက်ထား'၊ 'တရားအားထုတ်ပြီးမှ ဒါနပြု'** စသည်ဟောပြော မှုမှာ **'လှဲကိုင်ခွေးခေါ်နည်း'** နှင့် တူတော့၏။ ကုသိုလ်ကို မြန်မြန်

http://www.dhammadownload.com

ပြုသင့်ကြောင်း ဘုရားရှင်၏ ဟောပြချက်ကို မာန်လည်ဆရာတော် ဘုရားကြီးက ဤသို့ စပ်ဆိုတော်မူခဲ့သည်။

မြန်မြန်ပြုပါ

"အဇွေဝကိစ္စံ အာတပ္ပံ၊ ကောဇညာ မရဏံ သုဝေ၊ ဘဒ္ဒေ ကရတ်၊ ရှင်တော်မြတ်တို့၊ ဟောမှတ်အလို၊ ဤ လူ့ကိုယ်၌၊ ကုသိုလ်အစုတ်၊ အားထုတ်အပ်စွာ့၊ ဝီရိယကို၊ ကြံရအောက်မေ့း ချိန်မရွှေ့ဘဲ၊ ယနေ့ပင်သာ၊ ပြုအပ်စွာ၏။ သေခါသေချိန်၊ ပြက္ခဒိန်ဝေဖန်၊ နက်ဖြန်သန်ဘက်၊ သေမည့် ရက်ကို ချိန်းချက်မရှိ၊ ဘယ်သူသိလိမ့်"

အမှန်စင်စစ် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်သုံးမျိုးတွင် တစ်မျိုးမျိုးကိုလည်းကောင်း၊ နှစ်မျိုး သို့မဟုတ် သုံးမျိုးလုံးကိုသော် လည်းကောင်း နိုင်သလို ပြုလုပ်ရမည် ဖြစ်၏။ ထိုသုံးပါးစုံလင်မှ နိဗ္ဗာန် မျက်မှောက်ဆိုက်ရောက်မည် ဖြစ်၏။ မိမိသည် ဤစာအုပ်တွင် ဒါနအကြောင်းသက်သက် ရေးနေသည်ဖြစ်၍ ဒါနကို အမွှမ်း တင်နေခြင်း ဖြစ်သည်။

ဝိဇ္ဇာနှင့် စရဏ

ဒါန၊ သီလ၊ ဘာဝနာသုံးပါးကို ဝိဇ္ဇာနှင့် စရဏ နှစ်ပါးသာ ခွဲလိုက်ပါက ဘာဝနာသည် ဝိဇ္ဇာဖြစ်၏။ ဒါနနှင့် သီလသည် စရဏဖြစ်၏။ ဝိဇ္ဇာသည် လူသတ္တဝါတို့၌ မျက်စိနှင့်တူ၏။ စရဏ သည် ခြေလက်နှင့်တူ၏။

http://www.dhammadownload.com

ဒါန သီလတည်းဟူသော စရဏနှင့် ပြည့်စုံ၍ ဘာဝနာတည်းဟူသော ဝိဇ္ဇာဉာဏ် ချို့တဲ့သော သူတို့သည် ခြေလက်အင်္ဂါ ပြည့်စုံ၍ မျက်စိနှစ်ဖက် ချို့တဲ့သောသူနှင့် တူကုန်၏။ ဝိဇ္ဇာဉာဏ်နှင့် ပြည့်စုံ၍ စရဏချို့တဲ့သောသူတို့သည် မျက်စိအင်္ဂါ ပြည့်စုံ၍ ခြေလက်အင်္ဂါ ချို့တဲ့သောသူနှင့် တူကုန်၏။

စရဏပြည့်စုံသူတို့သည် နောက်ဘုရားသာသနာကို တွေ့ကြုံကြကုန်ရာ၏။ တွေ့ကြုံကြကုန်သော်လည်း ဝိဇ္ဇာဉာဏ် ချို့တဲ့သည့် အတွက် ဘုရား တရားကို နာကြားရသော်လည်း သစ္စာဉာဏ် အလင်းမပေါက်နိုင်ကြကုန်။ ဝိဇ္ဇာဉာဏ်ပြည့်စုံသူတို့သည် နောက် ဘုရား သာသနာကို တွေ့ကြုံ၍ တရားတော်ကို နာကြားခွင့်ရပါကုန်မူကား သစ္စာဉာဏ်အလင်း ပေါက်နိုင်ကြကုန်၏။ သို့ရာတွင် စရဏချို့တဲ့သည့်အတွက် နောက်ဘုရား သာသနာနှင့် တွေ့ကြုံကြနိုင်ရန် အခွင့်ရမူကား အလွန်လျှင် ခဲယဉ်းလှကုန်၏။ [အကျယ်ကို ဘုန်းကြီးရေးသားထားသော "ဝိဇ္ဇာနှင့် စရဏ" ကျမ်းစာအုပ်တွင် ကြည့်ရှုနိုင်ပါသည်။]

နှစ်ပါးလုံးခုံပါစေ

အချုပ်မှာ ဝိဇ္ဇာစရဏ နှစ်ပါး ပြည့်စုံသူမှ နောက်ဘဝ၌ ကျွတ်တမ်းဝင်နိုင်သည်။ ဝိဇ္ဇာသာရှိ၍ စရဏမရှိလျှင် နောက် ဘုရား သာသနာနှင့် တွေ့ကြုံခွင့်မရှိ၊ စရဏသာရှိ၍ ဝိဇ္ဇာမရှိလျှင် နောက် ဘုရားသာသနာနှင့် တွေ့ကြုံသော်လည်း ကျွတ်တမ်းမဝင်နိုင်။ ထို့ကြောင့် ဒါန၊ သီလဟူသော စရဏကိုလည်းကောင်း၊

http://www.dhammadownload.com

ဘာဝနာဟူသော ဝိဇ္ဇာကိုလည်းကောင်း တတ်အားသမျှ စေ့ငု အောင် စုဆောင်းအားထုတ်ကြပါကုန်။

ဒါနကုသိုလ်ကိုလည်းကောင်း၊ ဒါနပြုသူကိုသော်လည်းကောင်း ရှုတ်ချလျှင် ပုညန္တရာယ် ငြိတတ်သည်။ သီလ၊ သမာဓိ၊ ပညာ ကုသိုလ်ကိုလည်းကောင်း၊ အားထုတ်သူကိုလည်းကောင်း ရှုတ်ချ လျှင် ဓမ္မန္တရာယ် ငြိတတ်သည်။ ပုညန္တရာယ် ငြိခဲ့လျှင် နောက် နောင်ဘဝတို့၌ သီလ သိက္ခာ အလိမ္မာကင်း၍ ယုတ်ညံ့ခြင်းအတိ ဖြစ်တတ်သည်။ သည်ကိုရည်၍ မာန်လည်ဆရာတော်ဘုရားကြီး က ဤသို့ လက်ာရေးစပ်ခဲ့သည်။

"ကောင်းကျိုးမသိ၊ လောဘ ငြိ၍၊ မိမိအလို၊ ကိုယ် လည်းမလှူ၊ သူ့အလှူကို၊ မလှူစေချင်၊ ပိတ်ပင်တတ်ဘိ လူ့ဒိဋ္ဌိတို့၊ သူစိမုခ၊ အမည်ရသား၊ အပ်မျှခံတွင်း၊ ရေစာ သွင်း၍၊ အလျှင်းမရ၊ ကြီးဒုက္ခနှင့်၊ ပေတတစ်မျိုး၊ အဖြစ် ဆိုးသည်၊ မိုက်ကျိုးခံကာ၊ ခန္ဓာနာနတ်၊ ဆာမွတ်လွန်ထန်း သဏ္ဌာန်နွမ်းလျဲ ရေးသားတည်း" [ယင်းအကြောင်းကို "ဓမ္မန္တရာယ်ကာကွယ်ရေး" စာအုပ်၌ ရှုပါ။]

မိမိသည် ဒါနအကြောင်း အကျယ်တဝင့် ဖွင့်ဆိုရေးသား မည်ဟု ကြံစည်ခဲ့၏။ ဆုံးဖြတ်ချက် ချခဲ့၏။ ယင်းသို့ ကြံစည် ဆုံးဖြတ်ချက် ချခဲ့သော်လည်း ဤဒါနဝတ္ထုကို မိမိ၏ အလိုကျ အတွေးနောမတိဖြင့် မိမိရေးချင်သလို ရေးသည် မဟုတ်ပါ။ လိမ္မာ ကျွမ်းကျင်သော ပန်းသည်သည် ပင်ကိုယ်သဘာဝအားဖြင့် လှပ တင့်ဆန်း ပွင့်လန်းနေသော ပန်းဥယျာဉ်မှ ပန်းအမျိုးမျိုးတို့ကို

http://www.dhammadownload.com

ခူးကာ ကောက်ကာ ပန်းသီတံဖြင့် သီကုံးဘိသကဲ့သို့၊ မိမိလည်း ပင်ကိုယ်သဘာဝအားဖြင့် လှပတင့်ဆန်း ပွင့်လန်းနေသော ပန်းများ နှင့်တူသော အဂ္ဂမဟာပဏ္ဍိတ၊ D.Litt. ပညာပါရဂူ လယ်တီ ဆရာတော်ဘုရားကြီး၏ ဒါနာဒိ ဒီပနီ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ၏ မဟာဗုဒ္ဓဝင် ပထမတွဲ ဒါနပါရမီခန်းနှင့် အောက်တွင် ဖော်ပြထားသော ကိုးကား ကျမ်းတည်းဟူသော စာဥယျာဉ်မှ အဆင်သင့် ကူးယူထုတ်နုတ် ဘာသာပြန်ဆိုကာ ဒါနဝတ္ထုတည်းဟူသော ပန်းသီတံဖြင့် သီကုံး ပြခြင်းမျှသာ ဖြစ်ပါသည်။

ရေးသားပုံ

မိမိသည် ထိုထို ပါဠိ အဋ္ဌကထာများမှ ဘာသာပြန်ဆိုရာ၌ ပါဠိအသွားကို မလိုက်ဘဲ မြန်မာအသွား အများဆုံး အဖြစ်နိုင်ဆုံး ဖြစ်အောင် ပြန်ဆိုရေးသားထားပါသည်။ ဝတ္ထုကြောင်းများတွင် ကျော်သင့်သောဝါကျတို့ကို ကျော်၍ ဖြတ်သင့်သည်တို့ကို ဖြတ်ထား ခဲ့ပါသည်။ အထက်အောက် ပြန်လှန်၍ ရေးသင့်ကလည်း ရေးပါ သည်။ တစ်ပုဒ်မှသည် တစ်ပုဒ်သို့ ကူးဆက်၍လည်း ရေးပါသည်။ သို့သော် မူလပါဠိအဋ္ဌကထာ၏ အဓိပ္ပာယ်ကိုတော့ မကျော်လွန် စေပါ။ ဝတ္ထုကြောင်းတစ်ခု ကျမ်းနှစ်ကျမ်းတွင် ပါဝင်နေရာ၌ ၎င်းနှစ်ကျမ်းလုံးမှ မိမိလိုရာကို ယူ၍ ရေးပါသည်။

သို့ဖြစ်ပါ၍ ဤဒါနဝတ္ထုပါ အကြောင်းအရာတို့ကို ပါဠို အဋ္ဌကထာ ကျမ်းကျင်သူများက မပြည့်စုံဟု မယူဆပါနှင့်၊ အပြည့်

http://www.dhammadownload.com

အစုံကိုမူ ထိုထိုကိုးကားသော ကျမ်းများတွင် ကြည့်ရှုပါကုန်။ မိမိအနေနှင့်မူကား ထိုထိုကိုးကားကျမ်းများကို မကြည့်နိုင်သော မြန်မာစာဖတ် ပရိသတ်အတွက် ပါဠိမပါ၊ မြန်မာသက်သက် ချုံးချဲ့ရေးသားထားခြင်းဖြစ်သည်။ ကိုးကားကျမ်းများ စာအုပ်ထဲ စာသားများနောက်တွင် ရေးထည့်နေခဲ့သော် ထိုကျမ်းများကို မသိသူ စာရှုသူအဖို့ မျက်စိရှုပ်ဖွယ် ဖြစ်နေမည်စိုး၍ စာကိုယ်တွင် မဖော်ပြဘဲ သီးသန့်ဖော်ပြပါသည်။

မှာကြားချက်

စာရှုသူ အလွယ်တကူ ရှာဖွေကြည့်ရှုနိုင်ရန် နှစ်ပါးတွဲစုဒါန နှင့် ဒါနနှင့်ပတ်သက်သော နှစ်ပါးအကြောင်း၊ သုံးပါးတွဲစုဒါနနှင့် ဒါနနှင့်ပတ်သက်သော သုံးပါးအကြောင်း စသည်ဖြင့် သူ့အတွဲနှင့် သူ့အကြောင်း သီးသန့်ရေးသားထားပါသည်။ အချို့အကြောင်း အရာများမှာ နှစ်နေရာ သုံးနေရာစပ်ကြည့်မှ ပြည့်စုံပါမည်။ ဥပမာ သော် ဓမ္မဒါနအကြောင်းသည် နှစ်ပါးတွဲ၊ သုံးပါးတွဲနှင့် ခြောက်ပါး တွဲစု ဒါနသုံးခု ပေါင်းစပ်ကြည့်မှ ပြည့်စုံပါမည်။ ဤလိုအကြောင်း အရာမျိုးကို ပြန်လှန်ဆက်စပ်ကြည့်ရှုပါ။

အိုစာရှုသူ–

ဒါနသည် နတ်ပြည်သို့သွားလမ်း စောင်းတန်း လှေကား သဖွယ်ဖြစ်၏။ မြတ်သော ရိက္ခာထုတ်လည်းဖြစ်၏။ ခရီးဖြောင့်သော လမ်းမကြီးနှင့်လည်း တူ၏။ မြတ်သော မင်္ဂိုလ်နိမ္မာန် ရရန်အကြောင်းလည်း ဖြစ်၏။ အစိုးရခြင်းကိုလည်း ဖြစ်စေတတ်

http://www.dhammadownload.com

ဇာ။ စည်းစိမ်ချမ်းသာကိုလည်း ပေးတတ်ဇာ။ မိမိကိုယ်ကိုလည်း စောင့်မ,တတ်ဇာ။ ချမ်းသာကိုလည်း ပွားစေတတ်ဇာ။ မယဉ်ကျေး သောသူကိုလည်း ယဉ်ကျေးစေတတ်ဇာ။ အလုံးစုံသော အကျိုးကို လည်း ပြီးစေတတ်ဇာ။ ဒါနသည် အမြတ်မင်္ဂလာ တစ်ပါးလည်း ဖြစ်ဇာ။

အိုစာရှူသူ ဤသို့လျှင် လိုတရသော ကျစ္ဆာသယ ပတ္တမြား ပမာ လိုရာကို ပေးနိုင်သော ဒါနအကြောင်းအရာကို မလေ့လာ သူကို လည်းကောင်း၊ ယင်းဒါနကို အသုံးမပြု လျစ်လျူရှုသူကို လည်းကောင်း၊ ရှုတ်ချကဲ့ရဲ့သူကို လည်းကောင်း၊ သူတစ်ပါး ပြုလုပ်သည်ကို မနာလိုသူကိုလည်းကောင်း၊ နှောင့်နှေးအောင် ပြုလုပ်သူကိုလည်းကောင်း၊ ဟန့်တား ဖျက်ဆီးသူကိုလည်းကောင်း ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးကိုကြည့်၍ သံသရာ ခရီးခဲအကြောင်း ကောင်းကောင်းသိကြကုန်သော ကရဏာရှင် ပုဂ္ဂိုလ်ကြီးတို့က ရင်တမမဖြင့် နေကြသည်။ "တမလွန်မျက်စိ မမြင်၍သာ မေ့မေ့ လျော့လျော့၊ ပေါ့ပေါ့ရှမ်းရှမ်း၊ မျက်ကန်းအလား မျက်နှာကို အဝတ်စည်း၍ ခရီးသွားနေခြင်းပေတကား"ဟု စုတ်တသတ်သတ် ဖြင့် သနားနေကြသည်။

"အို...စာရှူသူ၊ အသင်ကား တော်ပေသေးဇာ။ အခွင့်ကောင်း ကို လက်လွတ်မသွားသေးပေ။ ယခုအချိန်မီသေးဇာ။ အချိန်ရှိရိုက် တွင် ဒါနဝတ္ထုပါ ဒါနအကြောင်းတွေကို ကောင်းကောင်းလေ့လာ၍ မိမိ၏ ဘဝသံသရာခရီးလမ်းနှင့် နိဗ္ဗာန်အတွက် မျက်နှာမငယ်

http://www.dhammadownload.com

ရအောင် ယခုနှယ်က ဒါနပြု၍ စားနပ်ရိက္ခာ လုံလောက်စွာ စုဆောင်းထားနိုင်ပါစေသတည်း"

ကျေးဇူးတင်ပါ၏

ဒါနဝတ္ထု ဒုတိယအကြိမ် ပြန်လည် ရိုက်နှိပ်ရာ၌ ပထမ အကြိမ်ရိုက်ထက် အစစကောင်းမွန်ရန် လိုတိုးပိုလျော့ အကြံပေး တည်းဖြတ်ပေးသော ရန်ကုန်မြို့၊ ကမ္ဘာအေး၊ ရေကူး သံဃ တက္ကသိုလ် ပညာရေးဝန်ဆောင် သီရိပဝရ ဓမ္မာစရိယ အရှင် ဃောသိတ၊ ရေးမြို့နယ်၊ အစင်ရွာ မွန်စိန်တောရ သီရိပဝရ ဓမ္မာစရိယ အိုင်အေ၊ ကမ္မဋ္ဌာနာစရိယ အရှင်အာစိဏ္ဏနှင့် ဝိသိဋ္ဌ ဒီဃဘာဏကနှင့် သီရိပဝရ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ အရှင်ဝဏ္ဏိတတို့အား အထူးပင် ကျေးဇူးတင်ကြောင်း ဤနေရာ၌ မှတ်တမ်းတင်ပါသတည်း။

ဓမ္မဒူတ အရှင်ပညာဇောတ

၂၇-၁၂-၇၀



http://www.dhammadownload.com

ဒါနဝတ္ထု

နှစ်ပါးတွဲစုဒါန

ဒါန၏လက္ခဏာ စသည်နှင့် ဒါနခေါ်သောတရား

အင်္ဂါလေးတန်

ပေးအပ်သော အရာဟူသမျှနှင့် ပေးခြင်းဟူသမျှသည် ဒါန ချည်းပင် ဖြစ်၏။ ယင်းဒါနသည် (က) လွတ်လွတ် စွန့်ကြဲခြင်း လက္ခဏာရှိ၏။ (ခ) လူဖွယ်ဝတ္ထုတို၌ တွယ်တာကပ်ငြိတတ်သော လောဘကို ဖျက်ဆီးခြင်းကိစ္စ ရသ၊ အပြစ်ကင်းခြင်း သမ္မတ္တိရသ ရှိ၏။ (ဂ) လူဖွယ်ဝတ္ထု၌ ငြိတွယ်မှုမရှိခြင်း သဘောလျှင် ထင်သော အခြင်းအရာ ဘဝနှင့်ပြည့်စုံခြင်း၊ ဘောဂနှင့် ပြည့်စုံခြင်းလျှင် ထင်သော အခြင်းအရာ ရှိ၏။ (ဃ) စွန့်ကြဲအပ်သော ဝတ္ထုပစ္စည်း နှင့် ကြည်ညိုဖွယ် အလူးခံပုဂ္ဂိုလ်လျှင် နီးစွာသောအကြောင်းရှိ၏။

ယင်းဒါနခေါ်သောတရားသည် (၁) စေတသိတ်ကော ဒါန္တိ အာမန္တာအရ၊ စေတနာစေတသိက်ကိုဒါနခေါ်၏။ (၂) စေတနာတိ

http://www.dhammadownload.com

ပဋ္ဌာနဝသေန ဝုတ္တံ တံဂတိကုတ္တာ ပနတံသမ္ပယုတ္တော အလော ဘောပိ ဒါနံ အရ၊ စေတနာဟူသော စကားကို ပြဋ္ဌာန်းသည်၏ အစွမ်းဖြင့် ဆိုခြင်းဖြစ်၍ စင်စစ်မူ စေတနာနှင့်အလားတူသော ကြောင့် စေတနာနှင့်ယှဉ်သော အလောဘ စေတသိက်ကိုလည်း ဒါနခေါ်သည်။ (၃) ပါဏာတိပါတာ ပဋိဝိရတော ဘိက္ခဝေ ။ပ။ ဒါနံ မဟာဒနံ စသည်အရ၊ သမ္မာဝါစာ သမ္မာ ကမ္မာန္တနှင့် သမ္မာအာဇီဝတို့ကိုလည်း ဒါနခေါ်သည်။ (၄) ဒေယျ ဓမ္မော ဒါနန္တိ အာမန္တာအရ၊ ဆွမ်းသင်္ကန်း စသော လှူဖွယ်ဝတ္ထု ကိုလည်း ဒါနခေါ်သည်။

ဤတွင် စာရှုသူကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဖန်သုံးသပ်ရန် တစ်ရပ် ရှိ၏။ ယင်းဒါန၏ လက္ခဏာ စသည်နှင့် ဒါနခေါ်သော တရားတွင် အဘယ်တရားက သံသရာရှည်စေတတ်သနည်း။ စင်စစ်မှာ အဖန် ဖန် ပဋိသန္ဓေနေခြင်းဖြင့် သံသရာကို ရှည်စေတတ်သည့်တရား မှာ တဏှာလောဘသာ ဖြစ်၏။ ဒါနဟူသော အလောဘသည် ယင်းတဏှာလောဘ၏ ဆန့်ကျင်ဘက်ဖြစ်၍ တဏှာလောဘကို ပယ်သတ်နိုင်သော သတ္တိရှိရကား စစ်မှန်သော ဒါနသည် အမြန် သံသရာတိုစေတတ်သည်မှာ ယုံမှားစရာ ရှိဦးမည်လော။

စေတနာဒါန၊ ဝတ္ထုဒါန

ဒါနခေါ်သောတရားလေးမျိုး ပြားသော်လည်း စင်စစ်မူ အလောဘနှင့် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝတို့မှာ စေတနာ၏ အသင်းအပင်းများဖြစ်၍ စေတနာဒါနအဖြစ် တစ်ခု

http://www.dhammadownload.com

တည်းယူ၍ ဆွမ်းသင်္ကန်းစသော လှူဖွယ်ဝတ္ထုဟူသော ဒေယျဓမ္မ ကို ဝတ္ထုဒါနအဖြစ် ယူ၍ ဒါနနှစ်မျိုးဖြစ်၏။

ယင်းဒါနနှစ်မျိုးတွင် လှူဒါန်းလိုသော စေတနာကို လှူဒါန်း နိုင်ကြောင်း ဖြစ်သောကြောင့် 'စေတနာဒါန' ဟူ၍ ခေါ်သည်။ ပစ္စည်း ဝတ္ထုကိုကား လှူဒါန်းအပ်သောကြောင့် 'ဝတ္ထုဒါန' ဟူ၍ ခေါ်သည်။

သုံးဘန်စေတနာ

ထင်စွာပြဦးအံ့၊ စေတနာမရှိလျှင် မလှူဒါန်းနိုင်၊ စေတနာရှိမှ သာ လှူဒါန်းနိုင်၏။ စေတနာဆိုရာမှာလည်း လှူဒါန်းတုန်း လှူဒါန်းဆဲ၌ ဖြစ်ပေါ်လာသော 'မုဉ္စစေတနာ'ကို မှတ်ယူရာ၏။ 'မုဉ္စ'ဟူသည် စွန့်လွှတ်ခြင်းပင်ဖြစ်၏။ စွန့်လွှတ်လှူဒါန်းဆဲ ခဏမှာ ဖြစ်သော စေတနာကို '**မုဉ္စစေတနာ**'ခေါ်သည်။ ဤ'မုဉ္စစေတနာ' သည်သာလျှင် ဒါနတရားကိုယ်အစစ် ဖြစ်၏။

မစွန့်လွှတ်မီ ရှေးအဖို့က ကြိုတင်၍ဖြစ်သော စေတနာကို '**ပုဗ္ဗစေတနာ**'ဟူ၍ ခေါ်သည်။ စွန့်လွှတ်ပြီး နောက်အဖို့၌ ဖြစ်သော စေတနာကို '**အပရစေတနာ**'ဟူ၍ ခေါ်သည်။ အချုပ်မှာ ယင်း စေတနာသုံးတန်ကို စေတနာဒါနဟူ၍ ခေါ်သည်။

မစွန့်လွှတ်မီ ရှေးအဖို့ဆိုသော်လည်း လှူဖွယ်ဝတ္ထု ထင်ရှား ရှိပြီးမှ 'ဤဝတ္ထုကိုလှူဒါန်းမည်'ဟု ကြံစည်ရည်ရွယ်နေသော ရှေ့ အဖို့ကို ဆိုလိုသည်။ ပစ္စည်းဝတ္ထုမရှိဘဲနှင့် အလိုအလျောက် လှူဒါန်းမည်ဟု ကြံစည်စိတ်ကူးရာတွင် ပါဝင်သည့် စေတနာကို

http://www.dhammadownload.com

ကား ပုဗ္ဗစေတနာဟု ခေါ်လိုက ခေါ်နိုင်သော်လည်း ဒါနအတွင်းသို့ မသွင်းနိုင်၊ သာမညကုသိုလ်မျိုးသာ ဖြစ်နိုင်၏။

သဒ္ဓါ ပညာ ညီမျှပါစေ

ဤတွင် ပညာတရားအားကြီး၍ သဒ္ဓါတရားနည်းပါးနေသော သူသည် လမ်းရိုးလမ်းမှန်ကို မရောက်တတ်ဘဲ ကောက်ကျစ်စဉ်းလဲသော လမ်းဘက်သို့ လိုက်မှားတတ်သည်။ လောကဌ ဆေးစာများ၍ဖြစ်သောရောဂါကို ကုစားရန်ခဲယဉ်းသကဲ့သို့ သဒ္ဓါနည်းပါး ပညာများ၍ လမ်းမှားကပ်ရောက် ကောက်ကျစ်စဉ်းလဲသူကို လမ်းမှန်ရောက်အောင် ပြုပြင်ကုစားဖို့ရန် ခဲယဉ်းလှ၏။

"ဒါနဟူသည် စေတနာဒါန၊ ဝတ္ထုဒါန နှစ်မျိုးရှိရာ စင်စစ် မုချအားဖြင့် စေတနာကသာ နောက်ဘဝ၌ ကောင်းကျိုးပေးနိုင်သည်။ ပစ္စည်းဝတ္ထုက တစ်စုံတစ်ရာ ကောင်းကျိုးမပေးနိုင်၍ ပစ္စည်းဝတ္ထုကို လူနေဖွယ်မလို၊ စိတ်စေတနာကောင်းကောင်း ထားလိုက်လျှင် လိုအပ်သောကောင်းကျိုး ရနိုင်သည်သာဖြစ်၏" ဟူ၍ ကောက်ကျစ်စဉ်းလဲကာ အယူမှား၍ ဒါန စသော ကုသိုလ်တို့ကို မပြုဘဲနေသဖြင့် သေသောအခါ အပါယ်ဝဲရသို့ ကျရောက်တတ်သည်။

သဒ္ဓါတရားအားကြီး၍ ပညာတရားနည်းပါးသောသူသည် အချည်းနှီးသော ကြည်ညိုခြင်းဖြင့် ကြည်ညိုတတ်၏။ ကြည်ညိုဖွယ်ဝတ္ထု ဟုတ်,မဟုတ်ကို သိမြင်နိုင်သော ပညာတရား အားနည်းနေသည့်အတွက် ကြည်ညိုဖွယ် မဟုတ်သောအရာ၌ ကြည်ညိုနေ

http://www.dhammadownload.com

တတ်၏။ ဘုရား၊ တရား၊ သံဃာစစ်ဟူ၍ ထင်မြင်ယုံကြည်နေခြင်းသည် ယုံကြည်သည့်အတိုင်း မမှန်သည့်အတွက် အကျိုးမပြီးအချည်းနှီးသော ယုံကြည်ခြင်းသာ ဖြစ်၏။ မိစ္ဆာအယူရှိသူတို့သည် မိမိတို့ အယူမှားအတိုင်း ဘုရား တရားဟူ၍ ထင်မြင်သောအရာကို ကြည်ညိုကြ၏။ ထိုသူတို့၏ ကြည်ညိုခြင်းကား သဒ္ဓါအစစ်မဟုတ်၊ **မိစ္ဆာဓိမောက္ခသာ** ဖြစ်ကြောင်း ကောင်းစွာ သိမှတ်ရာ၏။ ဤသည်ကိုရည်၍ မာန်လည်ဆရာတော်ဘုရားကြီးက ဤသို့ စပ်ဆိုခဲ့သည်။

> "ပညာအားနည်း၊ သဒ္ဓါသည်းက၊ အရည်းမည်ကာ၊
> ယူ မိစ္ဆာ၌၊ သဒ္ဓါလေးမြတ်၊ ဆည်းကပ်တတ်၏။ ပရမတ်
> အရာ၊ မလိမ္မာဘဲ၊ သဒ္ဓါနဲ့နဲ၊ ပညာကဲလည်း၊ အလွဲပြေးဝင်၊
> အမြင် ယွင်းခွ၊ တိမ်းပါးကြလျက်၊ မီးပြသမား၊ တွင်းကျွံ
> မှားသို့၊ ဆယ်ပါးကောင်းမှု၊ လူဝတ္ထုကို၊ စွန့်ပြုမလွတ်၊
> စိတ္တဇပ္ပါဒ်မှု၊ ဒါနအလှူ၊ မြောက်သောဟူ၍၊ အယူဖောက်လွဲ၊
> မိစ္ဆာစွဲ၏။ လိပ်ခဲပမာ၊ မြဲမြံစွာလျက်၊ သတ္တဝါတစ်ယောက်၊
> ယူမှားမှောက်ကို၊ သိန်းလောက်ဘုရား၊ လှန်သော့အားဖြင့်၊
> ဟောကြားဆွေးဆွေးတိုက်၊ ဖြေမလွတ်ဘူး၊ အကျွတ်မရ၊ နိယတ
> ဖြင့်၊ ဝါဒအလို၊ မြေကြီးမျိုလည်း၊ ယူကိုစွန့်ဘဲ၊ အကျင့်
> လွဲ၍၊ ငရဲခံလိမ့် မည်သောကြောင့်"

သဒ္ဓါ ပညာ နှံပါမှ

သဒ္ဓါနှင့် ပညာ နှစ်ပါးစုံမှတ ညီညွတ်မှသာလျှင် ကြည်ညိုအပ်သောအရာ၌သာ ကြည်ညိုခြင်း၊ ကောက်ကျစ်စဉ်းလဲမှု မရှိ

http://www.dhammadownload.com

ခြင်းတို့ဖြင့် ကောင်းကျိုးအများ ဖြစ်ပွားနိုင်သည်။ ယင်းတရား နှစ်ပါးကို အမြဲတမ်း ဝမ်းတွင် မြှုပ်ထားရမည်ကို မာန်လည်ဆရာ တော်ဘုရားကြီးက ဤသို့ စပ်ဆိုတော်မူခဲ့သည်။

"စိန်ကိုအစောက်၊ ကျောက်ကိုမောက်မ၊ ဖိုးရောက်ကဲလွန်၊ ဂုဏ်ရည်လွန်ဇ။။ ထို့ဟန်ပမာ၊ လူတို့မှာလည်း၊ သဒ္ဒါပတ္တမြား၊ မောက်မောက်ကြွားလျက်၊ ပိုင်းခြားလက္ခဏာ၊ ရူတတ်စွာသား၊ ပညာဝရဖိန်၊ နတ်ပစ်စိန်လျှင်၊ ချိန်ရာမယွင်း၊ မြင်းမိုရ်တွင်းသို့၊ ထုတ်ချင်းမတွန့်၊ ရွယ်တိုင်းကွန့်အောင်၊ သွယ်ညွှန့်သွန်းသွန်း၊ မြိုက်မြိုက်ချွန်းလော့၊ တုကျွန်းဘက်ကွာ၊ ရတနာတိ၊ နှစ်ဖြာထင်ရှား၊ ဤတရားကို၊ မှတ်သားပိုက်ထုပ်၊ ဝမ်းဝယ်မြှုပ်လော့"

သူလည်း မပါ မပြီး

အကျိုးပေးရာမှာ စေတနာကသာ အကျိုးပေးနိုင်၍ ဝတ္ထုက အကျိုးမပေးနိုင်။ ယင်းသို့ အကျိုးမပေးနိုင်ပါဘဲလျက် အဘယ့်ကြောင့် ပစ္စည်းဝတ္ထုကို ဒါနဟု ခေါ်သနည်း။ အကျိုးပေးရာ၌ စေတနာသာ ကဲဖြစ်၍ အကျိုးပေးနိုင်သော်လည်း ထိုစေတနာသည် ပစ္စည်းဝတ္ထု ထင်ရှားရှိ၍ ဖြစ်ပေါ်နေသော စေတနာမှသာ ဒါနကံအတွင်း သွတ်သွင်းနိုင်သည်ဖြစ်၍ ပစ္စည်းဝတ္ထုသည်လည်း ဒါနကံမြောက်ဖို့ရန် အရေးကြီးသော အကြောင်း ဖြစ်၏။

မှန်၏။ ပစ္စည်းဝတ္ထုသည် တိုက်ရိုက်အားဖြင့် အကျိုးမပေးနိုင်သော်လည်း အကြောင်းဆက်သောအားဖြင့်ကား ပေးနိုင်၏။

http://www.dhammadownload.com

ဥပမာ '**ထင်းကြောင့် ထမင်းကျက်သည်**'ဆိုသော စကားမျိုးကဲ့သို့ ဖြစ်ပေ၏။ ထမင်းကို တိုက်ရိုက်ကျက်စေသည်မှာ မီးကသာ ကျက်စေ၏။ ထိုမီးသည် ထင်းရှိမှ တောက်၏။ ထင်းကြောင့် မီးတောက်သည်၊ မီးကြောင့် ထမင်းကျက်သည်။ ဤသို့အကြောင်း ဆက်လိုက်သောအခါ '**ထင်းကောင်းသောကြောင့် ထမင်းကျက်သည်**'ဟု ဆိုသောစကားမှာ မမှားနိုင်သကဲ့သို့၊ 'လှူဖွယ်ဝတ္ထု ကြောင့် ကောင်းကျိုးရသည်'ဟု ဆိုလျှင်လည်း မမှားနိုင်ပေ။

ပန်းသည်မလေး မဇ္ဈိကာ

သာဝတ္ထိပြည်တွင် ပန်းသည်ကြီးတစ်ယောက်ရှိ၏။ သူ့တွင် တစ်ဆယ့်ခြောက်နှစ်အရွယ် သတို့သမီးငယ်တစ်ယောက် ရှိ၏။ အမည်မှာ မလ္လိကာဖြစ်၏။ အဆင်းလှ၏။ ဘုန်းကံ ကြီးမား၏။ မလ္လိကာသည် တစ်နေ့သောနံနက်တွင် သတို့သမီးတစ်စုနှင့် မုယောမုန့် သုံးခုကို ပန်းခြင်းထဲထည့်၍ ပန်းဥယျာဉ်သို့ ပန်းခူးသွား လေ၏။ ထိုအချိန်တွင် ဘုရားရှင်သည် ရဟန်းအပေါင်း ခြံရံလျက် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံကြွဝင်တော်မူလာ၏။ မလ္လိကာသည် မြို့မှထွက်သောအခါ ရောင်ခြည်တော် ခြောက်သွယ် ကွန့်မြူးခြယ် လျက် သပ္ပါယ်တော်မူသော ဘုရားရှင်ကို ဖူးမြင်ရလျှင် ကြည်ညိုသဒ္ဓါ ရှိလှစွာဖြင့် ထိခြင်းငါးပါးနှင့်အညီ ဘုရားရှင်ကို ရှိသေစွာ ရှိခိုး၍ မုယောမုန့်သုံးခုတို့ကို ဘုရားရှင်အား လောင်းလှူလေ၏။

ဘုရားရှင်သည် မလ္လိကာ၏ မုန့်တို့ကို ခံယူ၏။ မလ္လိကာသည်လည်း ဘုရားရှင်၏ ခြေတော်တို့ကို ရှိခိုး ဦးညွတ်ပြီးလျှင်

http://www.dhammadownload.com

ဘုရားလျှင်အာရုံရှိသော နှစ်သက်ခြင်း ပီတိကိုယူ၍ သင့်တင့်စွာ ရပ်နေ၏။ ဘုရားရှင်သည် မလွိကာကိုကြည့်၍ ပြုံးတော်မူ၏။ ထိုအခါ ရှင်အာနန္ဒာက မေးလျှောက်၏။

"မြတ်စွာဘုရား၊ ပြုံးခြင်း၏အကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း"

"အာနန္ဒ၊ ဤသတို့သမီးသည် ဤမုယောမုန့်သုံးခု တို့ကို လူဒါန်းရသော ထက်သန်လွန်းသော စေတနာ အကျိုးကြောင့် ယနေ့ပင်လျှင် ကောသလမင်းကြီး၏ အဂ္ဂမဟေသီဒေဝီ ဖြစ်လိမ့်မည်"

ဘုရားရှင်သည် ဤသို့လျှင် ပြုံးခြင်း၏အကြောင်း အထောက် အပံ့ကို ရှင်အာနန္ဒာအား ဖြေကြားတော်မူ၏။ မလွိကာသည်လည်း ပန်းဥယျာဉ်သို့ ဆက်လက်သွား၍ သီခယင်းဆိုလျက် ပန်းခူးလေ၏။ နေ့လယ်အချိန်တွင် ကောသလမင်းကြီးသည် အဇာတသတ်မင်းနှင့် စစ်တိုက်ရာ စစ်ရှုံး၍ မြင်းစီးပြေးသော် မလွိကာ၏ ပန်းဥယျာဉ် အနီးသို့ရောက်လျှင် သီချင်းသံကြား၍ တပ်နှစ်သက်သော စိတ် ရှိရကား မြင်းကို ပန်းဥယျာဉ်သို့ ရှေးရှုပြေးစေ၏။

မူးစာရောက်လာ

ဘုန်းကံရှိသော သတို့သမီးသည် ကောသလမင်းကြီးကို မြင်သော် ထွက်မပြေးမူ၍ လျင်မြန်စွာလာပြီး မြင်း၏နှာကြီးကို ဆွဲကိုင်၏။ မင်းကြီးသည် မြင်းပေါ်မှပင် အရှင် ရှိ,မရှိ မေး၏။ အရှင်မရှိသည်ကိုသိလျှင် မြင်းပေါ်မှဆင်းပြီး လေ၊ နေပူတို့ဖြင့်

http://www.dhammadownload.com

နှိပ်စက်၍ ပင်ပန်းရကား မလ္လိကာ၏ ရင်ခွင်၌ အိပ်စက်လျက် ခဏမျှ အပန်းဖြေပြီး မလ္လိကာကို မြင်းပေါ်တင်၍ ဗိုလ်ပါအပေါင်း ခြံရံလျက် မြို့တွင်းသို့ဝင်ပြီး အိမ်သို့ ပို့ပေးလေ၏။ ညနေချမ်း အချိန်သို့ ရောက်သော် ကြီးကျယ်ခမ်းနားသော အဆောင် အယောင်တို့ဖြင့် မိဘအိမ်မှ ဆောင်ယူစေပြီးလျှင် ရတနာဖုံပေါ်၌ တင်၍ အဘိသိက်သွန်းကာ အဂ္ဂမဟေသီ ဒေဝီအဖြစ် ချီးမြှင့် မြှောက်စားလေ၏။ မလ္လိကာ၏ အဂ္ဂမဟေသီဒေဝီဖြစ်ရပုံ သတင်း သည် သာဝတ္ထိတစ်ပြည်လုံး ပျံ့နှံ့ကျော်ကြားသွားလေ၏။

တစ်နေ့သ၌ ရဟန်းအပေါင်းသည် တရားသဘင်မဏ္ဍပ်၌ စည်းဝေး၍ တရားစကား ဆွေးနွေးပြောဆိုနေကြကုန်၏။ ထိုအခါ ဘုရားရှင် ကြွတော်မူလာ၍ မေးတော်မူ၏။

"ရဟန်းတို့၊ ယခု ငါဘုရား ကြွလာသောအချိန်အခါ၌ သင်တို့ အဘယ်စကားကို ပြောဆိုလျက် အညီအညွတ် စည်းဝေး၍ ထိုင်နေကြကုန်သနည်း"

"မြတ်စွာဘုရား၊ တပည့်တော်တို့သည် 'မလ္လိကာသတို့သမီး၏ ဘုရားရှင်အား မုယောမုန့်သုံးခု ပေးလှူရသော အကျိုးကြောင့် ထိုပေးလှူသောနေ့၌ပင် အဂ္ဂမဟေသီဒေဝီ ဖြစ်သည့်အတွက် 'ဘုရားရှင်တို့၏ ဂုဏ်ကျေးဇူးကြီးမားပုံသည် အံ့သြဖွယ်ရှိပါပေစွ' ဟု ပြောဆိုနေကြပါကုန်သည်ဘုရား"

"ရဟန်းတို့၊ ဘုရားရှင်တို့၏ ဂုဏ်ကျေးဇူး ကြီးမြတ်သည်၏ အဖြစ်ကြောင့် မလ္လိကာသတို့သမီးသည် သမ္ဗဉ္ဉု မြတ်စွာဘုရား အား မုယောမုန့်သုံးခုပေးလှူ၍ ကောသလမင်းကြီး၏ အဂ္ဂမဟေသီ

http://www.dhammadownload.com

ဒေဝီ ဖြစ်ရသည်မှာ အံ့သြဖွယ် မဟုတ်သေး။ ရှေးက ပညာရှိ တို့သည် ပစ္စေကဗုဒ္ဓတို့အား ဆားမပါ၊ တင်လဲမပါ၊ အစေးခြောက် သော မုယောမုန့်ကို ပေးလှူသောကြောင့် ဒုတိယ ဘဝ၌ မင်း အဖြစ်ကို ရပေ၏"

"မြတ်စွာဘုရား၊ ထိုအကြောင်းကို တပည့်တော်တို့အား အကျယ်အားဖြင့် ဟောတော်မူပါဘုရား"

ရှေးကဖြစ်ရပ်

"ရဟန်းတို့၊ အတိတ်ဘဝ တစ်ခုသော ကာလက ဘုရား အလောင်းတော်သည် ဗာရာဏသီပြည်ဝယ် သူဆင်းရဲမျိုး၌ ဖြစ်လေ၏။ သူသည် တစ်နေ့သ၌ 'ငါ၏ နံနက်စာအတွက် ဖြစ်လိမ့်မည်'ဟု ရည်ရွယ်၍ ဈေးမှ မုယောမုန့် လေးခုဝယ်၍ အလုပ်သွားသော် လမ်းတွင် ပစ္စေကဗုဒ္ဓ အရှင်မြတ်လေးပါး ဆွမ်းခံလှည့်လည်သည်ကို တွေ့မြင်ရ၏။ သို့နှင့် သူသည် 'ဤ အရှင်မြတ်တို့သည် ဆွမ်းအလို့ငှာ လှည့်လည်ကြကုန်ဘိ၏။ ငါ့မှာ လည်းပဲ မုယောမုန့်လေးခုရှိ၏။ ငါသည် မုယောမုန့်လေးခုကို မစားဘဲ ဤအရှင်မြတ်တို့အား လှူရမူကောင်းလေစွ'ဟု အကြံ ဖြစ်၏။ သို့နှင့် ထိခြင်းငါးပါးနှင့် အညီ ရိုသေစွာ ရှိခိုးဦးချ၍ လျှောက်ထား၏။

"အရှင်မြတ်ဘုရားတို့၊ တပည့်တော် လက်ထဲ၌ မုယောမုန့် လေးခု ရှိပါကုန်၏။ တပည့်တော်သည် ဤမုယောမုန့်လေးခု တို့ကို အရှင်မြတ်တို့အား လှူပါ၏။ တောင်းပန်ပါ၏။ အရှင်မြတ်

http://www.dhammadownload.com

ဘုရားတို့၊ တပည့်တော်၏ မုယောမုန့်တို့ကို အလှူခံတော်မူပါ။ ဤသို့ အလှူခံတော်မူသော ဤကောင်းမှုသည် တပည့်တော်၏ ရှည်မြင့်စွာသော နေ့ညဉ့်တို့ပတ်လုံး စီးပွားချမ်းသာ အကျိုးငှာ ဖြစ်ပါလိမ့်မည် ဘုရား"

ပစ္စေကဗုဒ္ဓအရှင်မြတ်တို့သည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။ သူသည် ရှိသေစွာ လောင်းလှူပြီးလျှင် ဆုတောင်း၏။

"အရှင်မြတ်ဘုရားတို့၊ အကျွန်ုပ်၏ ဤမုယောမုန့်လေးခု လှူရသောကောင်းမှုကြောင့် သဗ္ဗညုတ ဉာဏ်တော်ကို ထိုးထွင်းသိခြင်း၏အကြောင်း အထောက်အပံ့ ဖြစ်ပါစေသတည်း"

"တောင်းတဲ့ဆုနှင့် ပြည့်စုံစေ"

ပစ္စေကဗုဒ္ဓအရှင်မြတ်တို့သည် ဆုပေးပြီး အနုမောဒနာတရား ဟောကြား၍ ကောင်းကင်သို့ ပျံတက်ကြွသွားတော်မူ၏။ သူသည် မျက်စိတဆုံးမျှ ဖူးမြော်ပြီးလျှင် အလုပ်သို့သွား၏။ အသက်ထက်ဆုံး မိမိ၏ ဒါနကောင်းမှုကို အမှတ်ရပြီး သေလွန်သော် ဗာရာဏသီမင်း၏ အဂ္ဂမဟေသီဒေဝီ၏ ကြာတိုက်ဘမ်း၌ ပဋိသန္ဓေယူ၏။ ဖွားမြင်ပြီးနောက် အရွယ်သို့ရောက်သော် အတတ်ပညာ သင်ကြားပြီးလျှင် အိမ်ရှေ့မင်းပြု၏။ အဖ သေလွန်သော် မြတ်သော အဆင်းကိုဆောင်သော ကောသလမင်းကြီး၏ သမီးကို ဆောင်ယူ၍ အဂ္ဂမဟေသီဒေဝီ မြှောက်ပြီး မင်းအဖြစ် အဘိသိက်သွန်းလောင်း ခံယူတော်မူ၏။

သည်ကိုရည်၍ မာန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာတွင် ဤသို့ စပ်ဆိုတော်မူခဲ့၏–

http://www.dhammadownload.com

"မြတ်နိုးသဒ္ဓါ၊ စေတနာဖြင့်၊ လှူပါသမှု၊ ဒါနစုကား၊ ဝတ္ထုညွှန့်၊ မုယောမုန့်မှ၊ မကျုံ့ကျယ်စွာ၊ နန်းသိင်္ဂါနှင့်၊ ဗာရာတစ်ပြည်လုံး၊ ကျုံးရှိအုပ်စိုး၊ နုဘော်ဖြိုး၏"

ဤတွင် လှူဖွယ်ဝတ္ထုကို ကြည့်ပါမူ ဘာမျှ တန်ဖိုးမရှိပေ။ သို့သော် ထိုလှူဖွယ်ကို လှူသောသူတို့၏ စေတနာကား ကြီးကျယ်လှဘိ၏။ မိမိအတွက် ဤမျှသာဖြစ်သော ခရီးရိက္ခာ စားသောက်ဖွယ်ကို မိမိတို့ မစားမသောက်ဘဲ ဆာလောင်မွတ်သိပ်မှု ဆင်းရဲကို သည်းခံကာ ရက်ရက်ရဲရဲပေးလှူ၏။ ပေးလှူပြီးနောက် မိမိ၏ ဒါနကုသိုလ်ကို အဖန်ဖန် အမှတ်ရ ဝမ်းမြောက်နေခြင်းသည် မဟာကုသိုလ်ဇောစိတ်များ ဖြစ်နေ၍ အကုသိုလ်ကင်းပျောက်ကာ အမြဲ မင်္ဂလာနှင့် ပြည့်စုံနေလေတော့သည်။ ထို့ကြောင့် အလှူအကျိုးကြီးမြတ်၏။

"လှူဘောင်ဌာန၊ ဤလောကဌ၌၊ စိတ်ကကြည်စွာ၊ စေတနာနှင့်၊ သဒ္ဓါဝမ်းတွင်း၊ ပေးကမ်းခြင်းကား၊ ရခြင်းထက်သာ၊ ဝမ်းမြောက်စွာသည်၊ မင်္ဂလာလွန်မြတ်၊ ဖြစ်သတတ်ရှင့်၊ အမှတ်မြဲမှု၊ ဆောက်တည်ပြုလော့"

အစ္ဆရိယဒါန၊ ဗာဟိရဒါန

ကိုယ်တွင်းဆိုင်ရာ အသက်ခန္ဓာ အင်္ဂါကြီးငယ်တို့ကို လှူဒါန်းခြင်းသည် "အစ္ဆရိယဒါန"မည်၏။ အပြင်အပဖြစ်သော ပစ္စည်းတို့ကို လှူဒါန်းခြင်းသည် "ဗာဟိရဒါန"မည်၏။ ဘုရားအလောင်းတော်တို့သည် မိမိကိုယ်မှ ပြင်ပဖြစ်သော လှူဖွယ်ဝတ္ထုအမျိုးမျိုး

http://www.dhammadownload.com

တို့တွင် အလှူခံပုဂ္ဂိုလ် အလိုရှိရာပစ္စည်းဝတ္ထုကို ပေးလှူတော်မူ၏။ အလှူခံပုဂ္ဂိုလ်က အလိုရှိနေသည်ကို သိတော်မူလျှင် မတောင်းဘဲ သော်မှလည်း အလိုလိုသိကာ ပေးလှူတော်မူ၏။ တောင်းပါမူကား ဆိုဖွယ်ရာမရှိတော့ပြီ။ ကောန်ပေးလှူတော့သည်သာ။ ပေးလှူသော အခါ၌လည်း ကျွတ်ကျွတ်လွတ်လွတ် အချုပ်အချယ်မရှိ ပေးလှူတော်မူ၏။

လှူဖွယ်ဝတ္ထု အပြည့်အစုံ အလုံအလောက်ရှိလျှင် အလှူခံပုဂ္ဂိုလ်တို့အား အပြည့်အစုံ အလုံအလောက်ပင် လှူတော်မူ၏။ မလုံလောက်လျှင် ခွဲဝေသည့်သောအရာကို ခွဲဝေ၍ လှူတော်မူ၏။

ပေးလှူတော်မူသည်ဆိုသော်လည်း လက်နက်မျိုး၊ အဆိပ်မျိုး၊ သေရည်အရက်မျိုး အစရှိသည့် သူတစ်ပါးတို့အား နှိပ်စက်မည့် ပစ္စည်းမျိုးကိုလည်းကောင်း၊ အကျိုးမရ မေ့လျော့ပေါ့တန်ခြင်း ပမာနကို ဖြစ်စေမည့် ကစားဖွယ်ရာ ပစ္စည်းမျိုးကိုလည်းကောင်း ပေးလှူတော်မမူ။

သင့်တော်လျော်ကန်ရာ

မကျန်းမာသည့် အလှူခံပုဂ္ဂိုလ်တို့အား ထိုသူတို့နှင့် မသင့်လျော်သော စားသောက်ဖွယ်မျိုးကိုလည်းကောင်း၊ သင့်လျော်စေကာမူ ပမာဏထက်ပိုလွန်၍ ပေးလှူတော်မမူဘဲ ထိုသူနှင့် သင့်လျော်သည့် စားသောက်ဖွယ်မျိုးကိုသာ အချိန်အခါ ပမာဏနှင့် သင့်တင့်ရုံ ပေးလှူတော်မူ၏။

http://www.dhammadownload.com

တောင်းခံအပ်သည်ရှိသော် လူတို့အား လူနှင့်သင့်လျော်သော လူဖွယ်ဝတ္ထု၊ ရဟန်းတို့အား ရဟန်းနှင့် သင့်လျော်သော လူဖွယ်ဝတ္ထုကိုသာ ပေးလှူတော်မူ၏။ လူတို့အား ရဟန်းတို့၏ အသုံးအဆောင်ကိုမလှူ၊ ရဟန်းတို့အား လူတို့၏အသုံးအဆောင်ကို မလှူရ။

လူသောအခါ၌လည်း အမိအဖ၊ ဆွေမျိုးသားချင်း၊ မိတ်သင်္ဃာ၊ သားမယား၊ ကျေးကျွန်၊ အလုပ်သမား အစရှိသော မိမိနှင့် စပ်နွယ်သူ တစ်စုံတစ်ယောက်ကိုမျှ ညှဉ်းပန်းမှုမဖြစ်စေဘဲ ပေးလှူတော်မူ၏။

ရည်ရွယ်မှု လမ်းမှန်စေ

အကောင်းအမွန်တို့ကို ပေးမည်ဟု ဝန်ခံပြီး အယုတ်အညံ့ကို ပေးလှူလေ့မရှိ။ လာဘ်ပူဇော်ကာ အရှိန်အဝါ အကျော်အဇော ကိုသော်လည်းကောင်း၊ ကျေးဇူးတုန့်ပြန်မှုကိုသော်လည်းကောင်း မျှော်ခေါ်တောင့်တ၍ မပေးလှူရ။ သမ္မာသမ္ဗောဓိ ခေါ်သည့် သဗ္ဗညုတဉာဏ်မှ တစ်ပါးသော ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိ အကျိုးကို မျှော်ကိုးတောင့်တ၍လည်း လူတော်မမူ။ သဗ္ဗညုတဉာဏ် တစ်ခုကိုသာ ရည်သန် တောင့်တ၍ လူတော်မူ၏။

အလှူခံပုဂ္ဂိုလ်ကိုသော်လည်းကောင်း၊ လူဖွယ်ဝတ္ထုကိုသော်လည်းကောင်း၊ စက်ဆုပ်ရွံရှာ၍ မပေးလှူ၊ ကိုယ်, နှုတ်, နှလုံး သုံးပါးလုံး မစောင့်စည်းကြသည့် အလှူခံ ပုဂ္ဂိုလ်များနှင့် ကိုယ်တော်မြတ်ကို ဆဲရေး ချုပ်ချယ်တတ်သည့် အလှူခံပုဂ္ဂိုလ်များအား

http://www.dhammadownload.com

သော်မှလည်း အမှိုက်သရိုက်ကို စွန့်ပစ်သည့် သဘောမျိုးကဲ့သို့ မရိုမသေစိတ်ညစ်၍ ပေးသောအနေလုံးဝမရှိဘဲ အလွန်ကြည်လင်သော စိတ်ထားဖြင့် သနားကြင်နာ ကရုဏာရှေ့ထား၍ ရိုသေစွာ ပေးလှူတော်မူ၏။

အလှူခံ ပုဂ္ဂိုလ်များကို မိမိတို့ထံပါး ခစားဆည်းကပ် ပျံ့ဝပ်စေခြင်း စသည်ဖြင့် ပင်ပန်းစေ၍ ပေးလှူခြင်းမျိုး အလျှင်းမရှိဘဲ မပင်ပန်းစေမူ၍သာ ပေးလှူတော်မူ၏။ သူတစ်ပါးတို့အား လှည့်ဖြားလိုခြင်း၊ ကွဲပြားစေလိုခြင်း အလျှင်းမရှိဘဲ အလွန်သန့်ရှင်းသော စိတ်ရှိ၍သာ ပေးလှူတော်မူ၏။

ရှန့်ရင်းသောစကားကိုပြောဆိုကာ မျက်မှောက်တကြုတ်ကြုတ် နူတ်ခမ်းတစူစူနှင့် ပေးလှူခြင်းမျိုးကို အလျှင်းပြုတော်မမူဘဲ ပီယဝါစာ ချိုသာသောစကားကို ပြောကြားလျက် မျက်နှာရွှင်ပြ အေးမြသော စိတ်ရှိ၍သာ ပေးလှူတော်မူ၏။

လောဘကို ပယ်နှာ၍

လှူဖွယ်ဝတ္ထုက အလွန်ကောင်းမွန်နေသောကြောင့် ဖြစ်စေ၊ ကြာမြင့်စွာ လေ့လာသုံးစွဲခဲ့ရသောကြောင့် ဖြစ်စေ၊ လောဘ၏ ပင်ကိုယ်သဘာဝက ကောင်းသော ဝတ္ထု၌ တပ်မက်တတ်သော သဘောကြောင့်ဖြစ်စေ၊ လှူဖွယ်ဝတ္ထုအပေါ်၌ အလွန်အကဲ လောဘတပ်စွဲနေသည်ကို သိတော်မူလျှင် ထိုလောဘကို အလျင်အမြန်ပယ်ဖျောက်ပြီး အလှူခံပုဂ္ဂိုလ်ကို မရမနေ ရှာဖွေ၍သော်လည်း ပေးလှူတော်မူ၏။

http://www.dhammadownload.com

လူဖွယ်ဝတ္ထုကလည်း တစ်ယောက်စာမျှ နည်းပါးလှ၍ မိမိလည်း စားသုံးတော့မည့် ဆဲဆဲအချိန်၌ အလူခံပုဂ္ဂိုလ်ကလည်း ရှေ့ရှုမျက်မှောက်ဆိုက်ရောက်လာမှုမျိုး ကြုံတွေ့ခဲ့သော် ထွေထွေရာရာ စဉ်းစားအကြံများမနေဘဲ မိမိမစားမသုံး အပင်ပန်းခံတော်မူပြီးလျှင် အလူခံပုဂ္ဂိုလ်အားသာ မြတ်နိုးကော်ရော် လူဒါန်း ပူဇော်တော်မူ၏။

မိမိ၏ သားမယား ကျေးကျွန် အစရှိသော သူတို့ကို အလူခံပုဂ္ဂိုလ်တို့က တောင်းလာလျှင် ထိုသားမယား ကျေးကျွန် အစရှိသောသူတို့ကို နားလည်အောင် ပြောကြား၊ ကျေနပ်နှစ်သက်စေပြီးမှ ဝမ်းမြောက်ဝမ်းသာရှိသော ထိုသားမယားကျေးကျွန်စသည်တို့ကို ပေးလှူတော်မူ၏။ ထိုသို့ ပေးလှူတော်မူရာမှာလည်း ဘီလူး၊ ရက္ခိုသ် အစရှိသည်တို့အား သိတော်မူလျှင် ပေးတော်မမူ။

မင်းအဖြစ် တိုင်းပြည်စည်းစိမ်ကို စွန့်လှူရာမှာလည်း လူအပေါင်း၏ အစီးအပွားမဲ့ရန်၊ ဆင်းရဲဒုက္ခများရန်၊ အကျိုးမဲ့ဖြစ်ရန်၊ ကြံစည်မည့် သူတို့အား စွန့်တော်မမူဘဲ တရားသဖြင့် လူအပေါင်းကို စောင့်ရှောက်မည့် အလူခံပုဂ္ဂိုလ်အားသာ ပေးလှူတော်မူ၏။

အုတ်အုတ်ကျက်ကျက် ဆူဆူညံညံ ကြွက်စီ ကြွက်စီ ဖြစ်မှုကို မင်္ဂလာဟု အယူရှိ၍ ပေးလှူခြင်း အလျှင်းမရှိဘဲ ကံကံ၏ အကျိုးကို ယုံကြည်ခြင်းသဒ္ဓါတရား ထက်သန်စွာ ထားရှိ၍သာ ပေးလှူတော်မူ၏။

ဤအလောင်းတော်၏ နှလုံးသွင်းစိတ်ထားကို အတုယူနိုင်သမျှယူ၍ လူဒါန်းပါ။ အထူးသဖြင့် နောက်ဆုံးစာပုဒ်ကို သတိ

http://www.dhammadownload.com

ပြုပါ။ အုတ်အုတ်ကျက်ကျက် ဆူဆူညံညံ ကြွက်စီကြွက်စီ ဖြစ်မှု ကို မင်္ဂလာဟုယူလျှင် ထိုအယူသည် အယူမှား မိစ္ဆာဒိဋ္ဌိ ဖြစ်၏။ ယင်းကို မင်္ဂလာဟုယူ၍ သာယာနှစ်သက်မှုသည် လောဘဖြစ်၍ ယင်းကဲ့သို့သောအလှူမျိုးသည် "လောဘ၊ ဒိဋ္ဌိ" ဦးစီးသော အလှူမျိုးဖြစ်သည်။ ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့ အလှူမခံတတ်ကြ။

ဘုရားမကြိုက်

အခါတစ်ပါး ဘုရားရှင်သည် ရဟန်းအပေါင်း ခြံရံလျက် ကျစ္ဆာနဂိုလ တောအုပ်၌ သီတင်းသုံးတော်မူစဉ် ကျစ္ဆာနဂိုလ၌ နေကုန်သော ပုဏ္ဏားသူကြွယ်တို့သည် မွန်မြတ်သော ခဲဖွယ် ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာတို့ကို စီမံ၍ ကျစ္ဆာနလင်္ဂ် တောအုပ် ဘုရားရှင်ရှိတော်မူရာအရပ်သို့ သွားကြ၍ အပြင်တံခါးမုခ်၌ ပြင်းပြ ကျယ်လောင်သော အသံတို့နှင့် 'ငါအလျင်ရောက်သည်၊ ငါအရင် လှူမည်၊ သူ့ကို အလျင်ခွင့်ပေးပါ။ မပေးနိုင်ဘူး၊ ဦးရာလူပဲ' စသည်ဖြင့် အုတ်အုတ်ကျက်ကျက် ဆူဆူညံညံ ကြွက်စီကြွက်စီ နှင့် ရပ်စောင့်နေကြကုန်၏။ ထိုအချိန်တွင် ဘုရားရှင်၏အလုပ် အကျွေးမှာ ရှင်နာဂိတဖြစ်၏။ ဘုရားရှင်သည် ရှင်နာဂိတကို ခေါ်၍ မေးတော်မူ၏–

"နာဂိတ၊ ငါးတို့ကို လုယက်ရာ၌ တံငါသည်တို့ကဲ့သို့ ပြင်းပြ ကျယ်လောင်သော အသံတို့နှင့် အုတ်အုတ်ကျက်ကျက် ဆူညံ နေသူတို့ကား အဘယ်သူတို့နည်း"

http://www.dhammadownload.com

"မြတ်စွာဘုရား၊ သူတို့ကား ကျွစ္ဆနလင်္ဂရွာသား ပုဏ္ဏား သူကြွယ်များပါတည်း၊ မွန်မြတ်သော ခဲဖွယ်ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာတို့ကို ယူ၍ အပြင်ဘက်တံခါးမုခ်၌ ဘုရားရှင်နှင့် ရဟန်း သံဃာကို လှူဒါန်းမည်ဟု ရည်မှန်းပြီး ရပ်စောင့်နေကြပါသည်"

ကျော်စောမှုကို မလို

"နာဂိတ၊ ငါသည် အခြံအရံ အကျော်အစောနှင့် မဆက်ဆံလို၊ အခြံအရံ အကျော်အစောသည်လည်း ငါနှင့်အတူ မဆက်ဆံစေလင့်။

"နာဂိတ၊ ဤကာမဂုဏ်မှ ထွက်မြောက်မှု နေက္ခမ္မချမ်းသာ၊ ကင်းဆိတ်မှု ပဝိဝေကချမ်းသာ၊ အေးငြိမ်းမှု ဥပ သမ ချမ်းသာ၊ သိမှု သမ္ဗောဓချမ်းသာကို အလိုရှိတိုင်း မငြို့မငြင် မပင်ပန်းဘဲမရ နိုင်သူသည် မစင်ကြယ်မှု ချမ်းသာ၊ ငိုက်မျဉ်းမှု ချမ်းသာ၊ လာဘ်ပူဇော်သက္ကာ အကျော်အစော ချမ်းသာကို သာယာ ခံစားရာ၏။

"နာဂိတ၊ ဤကာမဂုဏ်မှ ထွက်မြောက်မှု နေက္ခမ္မချမ်းသာ၊ ကင်းဆိတ်မှု ပဝိဝေကချမ်းသာ၊ အေးငြိမ်းမှု ဥပသမ ချမ်းသာ၊ သိမှု သမ္ဗောဓချမ်းသာကို အလိုရှိတိုင်း မငြို့မငြင် မပင်ပန်းဘဲ ရသော ငါသည် မစင်ကြယ်မှုချမ်းသာ၊ ငိုက်မျဉ်းမှု ချမ်းသာ၊ လာဘ်ပူဇော်သက္ကာ အကျော်အစောချမ်းသာကို အဘယ်မှာ သာယာခံစားပါအံ့နည်း"

"မြတ်စွာဘုရား၊ ယခုအခါ သည်းခံသာယာတော်မူပါလော။ မြတ်စွာဘုရား၊ ယခုအခါလည်း သည်းခံသာယာတော်မူရန် အချိန်

http://www.dhammadownload.com

အခါ ဖြစ်ပါ၏။ မြတ်စွာဘုရား၊ ယခုအခါ၌ မြတ်စွာဘုရား၏ သီလ၊ ပညာတော်တို့ ကြီးမားတော်မူခြင်းကြောင့် မိုးကြီး သည်း ထန်စွာ ရွာသွန်းလတ်သော် နိမ့်ရှိုင်းရာအရပ်သို့ ရေစီးကျသကဲ့သို့ နိုဂုံးသူ နိုဂုံးသား ဇနပုဒ်သူ ဇနပုဒ်သား ပုဏ္ဏားသူကြွယ်များသည် ဘုရားရှင် ကြွတော်မူလေရာ အရပ်သို့ စိတ်ညွတ်ကြကုန်လျက် သာလျှင် လိုက်ကြပါလိမ့်မည်။

သုံးကြိမ်တိုင်ပယ်

ဤသို့ဖြင့် ရှင်နာဂိတသည် သုံးကြိမ်တိုင်တိုင် တောင်းပန် တော်မူ၏။ ဘုရားရှင်သည် သုံးကြိမ်တိုင် ပယ်တော်မူပြီးနောက် ဤသို့ မိန့်မူ၏။

"နာဂိတ၊ စားသောက် ခဲလျက်အပ်သော အစာအာဟာရ၏ အကျိုးဆက်ကား ကျင်ကြီးကျင်ငယ် ပင်တည်း။

"နာဂိတ၊ ချစ်အပ်သော သတ္တဝါ သန်ဓါရတို့၏ အကျိုးဆက် ကား ပျက်စီးခြင်း၊ ကွေကွင်းခြင်း၊ ပူဆွေးငိုကြွေးခြင်း၊ ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း ပြင်းစွာပင်ပန်းခြင်းတို့ပင်တည်း။

"နာဂိတ၊ တင့်တယ်သော အာရုံနိမိတ်၌ စက်ဆုပ်ရွံရှာမှု ကောင်းစွာတည်ခြင်းသည် မတင့်တယ်အပ်သော အာရုံနိမိတ်၌ အဖန်ဖန် ကြိုးပမ်းအားထုတ်သူ၏ အကျိုးဆက်တည်း။

"နာဂိတ၊ တွေ့ထိမှု ဖဿ၌ စက်ဆုပ်ရွံရှာခြင်းသည် တွေ့ထိမှုဖဿ ဖြစ်ပေါ်ကြောင်း အာယတန ခြောက်ပါးတို့၌ အနိစ္စဟု အဖန်ဖန် ရှုချင်နေသူ၏ အကျိုးဆက်တည်း။

http://www.dhammadownload.com

"နာဂိတ၊ ပြင်းစွာ စွဲလမ်းမှု ဥပါဒါန် စက်ဆုပ်ရွံရှာခြင်းသည် ပြင်းစွာ စွဲလမ်းမှု ဥပါဒါန်တရား၏ အာရုံ ဖြစ်သော ခန္ဓာငါးပါး တို့၌ ဖြစ်ခြင်း ပျက်ခြင်းကို အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍ နေသူ၏ အကျိုးဆက်တည်း။

"နာဂိတ၊ ဤသာသနာတော်၌ ငါသည် တည်ကြည်သော စိတ်ရှိလျက် ထိုင်နေသော ရွာဦးကျောင်းနေ ရဟန်းကို တွေ့မြင်ရ၏။ နာဂိတ၊ ထိုငါ့အား 'ယခုအခါ၌ ဤရဟန်းကို အရံစောင့်ကဖြစ်စေ၊ သာမဏေကဖြစ်စေ၊ သီတင်းသုံးဖော်ကဖြစ်စေ၊ ထိုတည်ကြည်မှု သမာဓိမှ ရွှေ့လျားစေလိမ့်မည်'ဟု အကြံဖြစ်၏။ နာဂိတ၊ ထို့ကြောင့် ထိုရဟန်းအား ရွာဦးကျောင်းနေမှုဖြင့် ငါမနှစ်သက်။

တောကျောင်းနေ သဘောကျ

"နာဂိတ၊ ဤသာသနာတော်၌ ငါသည် တောကျောင်း၌ အိပ်ငိုက်လျက် ထိုင်နေသော ရဟန်းကို တွေ့မြင်ရ၏။ နာဂိတ၊ ထိုငါ့အား 'ယခုအခါ ဤရဟန်းသည် ဤအိပ်ငိုက်ခြင်းကြောင့် ဖြစ်သော ပင်ပန်းမှုကို ပယ်ဖျောက်၍ တစ်ခုတည်းသော သဘောဖြစ်သည့် တောဟူသော အမှတ်သညာကိုသာလျှင် နှလုံးသွင်းလိမ့်မည်'ဟု အကြံဖြစ်၏။ နာဂိတ၊ ထို့ကြောင့် ထိုရဟန်းအား တောကျောင်းနေမှုဖြင့် ငါနှစ်သက်၏။

"နာဂိတ၊ ဤသာသနာတော်၌ မတည်ကြည်သော စိတ်ရှိသည်ဖြစ်၍ ထိုင်နေသော တောကျောင်းနေ ရဟန်းကို တွေ့မြင်ရ၏။ နာဂိတ၊ ထိုငါ့အား 'ယခုအခါ ဤရဟန်းသည် မတည်

http://www.dhammadownload.com

ကြည်သောစိတ်ကိုလည်း တည်ကြည်စေလိမ့်မည်။ တည်ကြည်ပြီးသောစိတ်ကိုလည်း အစဉ်စောင့်ရှောက်လိမ့်မည်'ဟု အကြံဖြစ်၏။ နာဂိတ၊ ထို့ကြောင့် ထိုရဟန်းအား တောကျောင်းနေမှုဖြင့် ငါနှစ်သက်၏။

"နာဂိတ၊ ဤသာသနာတော်၌ တည်ကြည်သောစိတ်ရှိသည်ဖြစ်၍ ထိုင်နေသော တောကျောင်းနေ ရဟန်းကိုတွေ့မြင်ရ၏။ နာဂိတ၊ ထိုငါ့အား 'ယခုအခါ ဤရဟန်းသည် ကိလေသာမကျွတ်လွတ်သေးသော စိတ်ကိုလည်း ကျွတ်လွတ်စေလိမ့်မည်။ ကျွတ်လွတ်ပြီးသော စိတ်ကိုလည်း အစဉ် စောင့်ရှောက်လိမ့်မည်' ဟုအကြံဖြစ်၏။ နာဂိတ၊ ထို့ကြောင့် ထိုရဟန်းအား တောကျောင်းနေမှုဖြင့် ငါနှစ်သက်၏။

ပန္နဉ်းလေးပါး မက်မောခြင်း

"နာဂိတ၊ ဤသာသနာတော်၌ ငါသည် သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး၊ အသုံးအဆောင်ပေါများစွာရသော ရွာဦးကျောင်းနေ ရဟန်းကို တွေ့မြင်ရ၏။ ထိုရဟန်းသည် လာဘ်ပူဇော်သကာအကျော်အစောကို အလိုရှိသည်ဖြစ်၍ တစ်ပါးတည်း ကိန်းအောင်းနေမှုကို စွန့်၏။ တောစွန့်ဖြစ်သော တောကျောင်းတို့ကို စွန့်၏။ ရွာနိုင်ုံး မင်းနေပြည်သို့ ဝင်ရောက်လျက်နေ၏။ နာဂိတ၊ ထို့ကြောင့် ထိုရဟန်းအား ရွာဦးကျောင်းနေမှုဖြင့် ငါ မနှစ်သက်။

"နာဂိတ၊ ဤသာသနာတော်၌ ငါသည် သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး၊ အသုံးအဆောင်ပေါများစွာရသော တောကျောင်း

http://www.dhammadownload.com

နေ ရဟန်းကို တွေ့မြင်ရ၏။ ထိုရဟန်းသည် လာဘ်ပူဇော်သကာ အကျော်အစောကို စွန့်ပယ်ရှား၍ တစ်ပါးတည်းကိန်းအောင်းခြင်းကို မစွန့်။ တောစွန့်ဖြစ်သော တောကျောင်း တို့ကိုမစွန့်။ နာဂိတ၊ ထို့ကြောင့် ထိုရဟန်းအား တောကျောင်းနေမှုဖြင့် ငါ မနှစ်သက်။

"နာဂိတ၊ ငါခရီးရှည်သွားသည်ရှိသော် ရှေ့မှဖြစ်စေ၊ နောက်မှဖြစ်စေ၊ တစ်စုံတစ်ယောက်ကိုမျှ မတွေ့မြင်ရသောအခါ ငါ့အား အယုတ်ဆုံးအားဖြင့် ကျင်ကြီးကျင်ငယ်စွန့်ရန်ပင် ချမ်းသာသေး၏။ တစ်ယောက်တည်းနေ၊ တစ်ယောက်တည်းအိပ်၊ တစ်ယောက်ထီးတည်း သွားလာ၍ မပျင်းမရိ၊ တစ်ယောက်ထီးတည်း မိမိကိုယ်ကို ဆုံးမသူသည် တောဌ မွေ့လျော်၏"

အထက်ပါ ဘုရားရှင်၏ မိန့်ကြားချက်ကို အထပ်ထပ်ရှုပါ။ တရားအားထုတ်နည်းလည်း ပါဝင်၏။ ဘယ်တရားအားထုတ်လျှင် ဘယ်အကျိုးဟု အကျိုးလည်း ပါဝင်၏။ ဘုရားရှင်၏ တိတ်ဆိတ်ငြိမ်သက်မှုကို အထူးလိုလား နှစ်သက်မှုလည်း ပေါ်လွင်၏။

သို့ပါလျက် ယခုအခါတွင် ဘုရားပွဲတော်ကျင်းပရာဌ အငြိမ့်ပွဲ၊ ဇာတ်ပွဲ၊ ရုပ်သေးပွဲ စသည်တို့ဖြင့် ဘုရားရှင်အား ပူဇော်သည်မှာ သက်တော်ထင်ရှား ဘုရားသာ ရှိပါလျှင် လက်ခံပါမည်လော၊ ပူဇော်ရာ ရောက်ပါမည်လော၊ စဉ်းစားပါ။

အဇ္ဈတ္တိကဒါန နှစ်မျိုး

ဘုရားအလောင်းတော်တို့ အဇ္ဈတ္တိက ဒါနပြုပုံ နှစ်မျိုးရှိ၏။ (၁) လောကဌ တစ်စုံတစ်ယောက်သောယောကျ်ားသည် အဝတ်

http://www.dhammadownload.com

အစားဟူသော အကြောင်းကြောင့် မိမိကိုယ်ကို သူတစ်ပါးအား စွန့်လွှတ်ပုံအပ်၍ ထိုသူခိုင်းသမျှ စီမံသမျှ နာခံပြုကျင့်ကာ ကျွန်အဖြစ် ခံသကဲ့သို့ အလောင်းတော်သည် သဗ္ဗညုတဉာဏ်တော်ကို ရတော်မူလိုသောကြောင့် ဝတ္ထုကာမ ဘဝချမ်းသာတို့ကို ရလိုစိတ် အလျှင်းမရှိဘဲ သတ္တဝါတို့အတွက် အလွန်မြတ်သော စီးပွားချမ်းသာကိုသာ အလိုတော်ရှိလျက် ကိုယ်တော်၏ ဒါနပါရမီကို သာ အထွတ်အထိပ် ဖြည့်ကျင့်လိုသော ကုသိုလ်ဆန္ဒဖြင့် မိမိ၏ တစ်ကိုယ်လုံးကို သူတစ်ပါးအား စွန့်လှူတော်မူကာ ထိုသူစီမံသမျှ မငြင်းမဆန် နာခံပြုကျင့်တော်မူခြင်းတည်းဟူသော တစ်ကိုယ်လုံး လှူခြင်း တစ်မျိုးရှိ၏။ (၂) လက်၊ ခြေ၊ မျက်စိ စသော အင်္ဂါကြီးငယ်ကို ထိုထိုအင်္ဂါဖြင့် အလိုရှိသူတို့အား မတုန်မလှုပ် မဆုတ်မနစ် စွန့်လှူတော်မူ၏။ ထိုအင်္ဂါကြီးငယ်အပေါ်၌ ပြင်ပ ပစ္စည်း ဝတ္ထုမှာကဲ့သို့ပင် ငြိကပ်တွယ်တာခြင်း တွန့်တိုဆုတ်နစ်ခြင်း အလျှင်းပင် ရှိတော်မမူဘဲ ကိုယ်အင်္ဂါအစိတ်အပိုင်းကို လှူခြင်းတစ်မျိုး ဟူ၍ နှစ်မျိုးရှိ၏။

ဘုရားအလောင်းတော်သည် (၁) အလှူခံ ပုဂ္ဂိုလ်တို့၏ စိတ်နှလုံး အလိုကို ပြည့်စေလျက် ထိုသူတို့ အလိုရှိတိုင်း ချမ်းသာစွာ သုံးဆောင်နိုင်ရန် အလို့ငှာလည်းကောင်း (၂) အလှူဝတ္ထုပေါ်၌ တွယ်တာ တက်မက်ခြင်း လုံးဝမရှိဘဲ လွတ်လွတ်စွန့်လှူတော်မူသည်ဖြစ်၍ ကိုယ်တော်မြတ်အတွက်တာ ပါရမီကောင်းမှုတို့၌ ဝသီတော်ဂုဏ် ပြည့်စုံရန် အလို့ငှာလည်းကောင်း၊ 'ဤကဲ့သို့ စွန့်လှူခြင်းဖြင့် ငါသည် သဗ္ဗညုတဉာဏ်ကို ကောန်ရလိမ့်မည်' ဟု

http://www.dhammadownload.com

ယုံကြည် သိရှိတော်မူကာ ပြင်ပ ပစ္စည်းဝတ္ထုကို စွန့်လွှတ်သကဲ့သို့ ပင် အတွင်းဖြစ်သည့် တစ်ကိုယ်လုံးကိုသော်လည်းကောင်း၊ အစိတ် အပိုင်းသော်လည်းကောင်း စွန့်လွှတ်တော်မူလေ၏။

ထိုသို့ စွန့်လွှတ်ရာ၌ အလွှဲခံပုဂ္ဂိုလ်အား ကောန်အကျိုးရှိမည့် ကိုယ်တွင်း ဝတ္ထုကိုသာ စွန့်လွှတ်တော်မူ၏။ အထူးသဖြင့် ကိုယ်တော် အပေါ်၌ ညှဉ်းပန်းနှိပ်စက်လိုကြသည့် မာရ်နတ်အားလည်းကောင်း၊ မာရ်နတ်၏ အသင်းအပင်း နတ်များအားလည်းကောင်း သိတော်မူ လျှင် 'ထိုသူတို့အဖို့ အကျိုးမဲ့ မဖြစ်ပါစေလင့်'ဟု ဆင်ခြင်တော် မူကာ ကိုယ်တော်၏ အတ္တဘောနှင့် အင်္ဂါကြီးငယ်တို့ကို ပေးလှူ တော်မမူ။

ထို့အတူ မာရ်နတ်နှင့် မာရ်နတ်၏ မိစ္ဆာနတ်တို့ ပူးဝင်နေသူ တို့အားလည်းကောင်း၊ ရူးသွပ်သူတို့အားလည်းကောင်း၊ ပေးလှူ တော်မမူ။ အခြားသူတို့အားကား ထိုကဲ့သို့သော တောင်းခံခြင်း မျိုးကို ရခဲလှသောကြောင့်လည်းကောင်း၊ ထိုကဲ့သို့သော ကိုယ်တွင်း ပစ္စည်းဝတ္ထု အလှူမျိုး လှူရခဲသောကြောင့်လည်းကောင်း၊ တောင်း လျှင် တောင်းခြင်း အချိန်မဆိုင်းဘဲ ပေးလှူတော်မူ၏။

လှူ၍အားမရ

ဘုရားအလောင်းတော်သည် အတိတ်ကာလ တစ်ခုသော ဘဝက သိဝိတိုင်း အရိဇ္ဇပုရမြို့တော်၌ သိဝိမင်းကြီး ဖြစ်တော်မူ၏။ အလှူဒါန၌ မွေ့လျော်တော်မူ၍ နေ့စဉ် နေ့စဉ် ခြောက်သိန်းကုန် လှူရသော်လည်း မရောင့်ရဲ အားမရနိုင်ဘဲ ကိုယ်တွင်းအင်္ဂါ အစိတ်

http://www.dhammadownload.com

အပိုင်းတစ်ခုခုကို လှူရအုံ့ဟူ၍ အကြံတော်ဖြစ်၏။ ထိုအခါ အလောင်းတော်၏ အကြံကိုသိ၍ သူ၏အလိုဆန္ဒ အကြံတော် ပြည့်ဝရန် သိကြားမင်းသည် မျက်စိနှစ်ဖက် ကွယ်ပျက်သော ပုဏ္ဏားယောင်ဆောင်ကာ သိဝိမင်းကြီးထံ လာပြီးလျှင် အလှူခံ၏။

"အရှင်မင်းကြီး၊ အရှင်မင်းကြီးမှာ မျက်စိနှစ်ဖက် မြင်တော်မူပါသည်။ အကျွန်ုပ်မှာ နှစ်ဖက်လုံး မမြင်ပါ။ အရှင်မင်းကြီး၏ မျက်စိတစ်ဖက်ကို အကျွန်ုပ်အား လူတော်မူပါလျှင် အကျွန်ုပ်မှာ လည်း မင်းကြီးလှူ၍ရသော မျက်စိတစ်ဖက်ဖြင့် အရာရာကို မြင်နိုင်ပါမည်။ သို့ဖြစ်၍ မျက်စိတစ်ဖက်ကို အကျွန်ုပ်အား သနားစွန့်လှူတော်မူပါ"

သဗ္ဗညုတဉာဏ်အတွက်

မင်းကြီးသည် စိတ်တောင့်တကြွရွှင်နေခိုက် အလှူခံပုဂ္ဂိုလ် ဆိုက်ရောက်လာ၍ နှစ်ခြိုက်အားရတော်မူပြီးလျှင် သီဝက သမားတော်ကိုခေါ်၍ 'ငါ၏ မျက်စိတစ်ဖက်ကို ဖောက်ထုတ်ပေးရမည်' ဟု မိန့်တော်မူ၏။ ထိုအခါ သီဝကသမားတော်နှင့်တကွ မှူးမတ်၊ မိဖုရား၊ မောင်း၊ မိသံတို့က ဝိုင်းဝန်းတောင်းပန် တားမြစ်သော်လည်း မရဘဲ အထုတ်ခိုင်း၍ သမားတော်က ထုတ်ပေးသည်တွင် ထိုမျက်စိတစ်ဖက်ကို ကျန်သောမျက်စိ တစ်ဖက်ဖြင့် ကြည့်ရှုပြီးလျှင် အားရဝမ်းသာစွာ သမ္မာသမ္ဗောဓိ ဆုကြီးကို တောင့်တ၍ ပုဏ္ဏားလက်သို့ လှူဒါန်းလိုက်လေ၏။

ပုဏ္ဏားမှာလည်း သိကြားပုဏ္ဏားဖြစ်၍ ထိုမျက်စိကို မိမိ၏ မျက်ကွင်းတစ်ဖက်အတွင်းသို့ ထည့်သွင်းလိုက်လျှင်ပင် ပကတိ

http://www.dhammadownload.com

ကောင်းမွန်သော မျက်စိတစ်ဖက် ဖြစ်သွားသည်ကို မင်းကြီး မြင်တော်မူသဖြင့် အလွန်ကြည်လင် ရွှင်လန်းအားရခြင်း ဖြစ်ပြီး လျှင် ကျန်သော မျက်စိတစ်ဖက်ကိုလည်း မူးမတ်ပရိသတ်တို့က တောင်းပန် တားမြစ်သော်လည်း မရဘဲ တစ်ဖန် အထုတ်ခိုင်း၍ လှူဒါန်းပြန်တ၏။ သိကြားမင်းပုဏ္ဏားသည် အလှူခံ၍ ကျန်သော မျက်ကွင်းတစ်ဖက်အတွင်းသို့ ထည့်သွင်းလိုက်လျှင်ပင် ပကတိ ကောင်းမွန်သော မျက်စိဖြစ်၍ ဆုတောင်းစကား ပြောကြားကာ ပြန်သွား ကွယ်ပျောက်လေတ၏။

ဆင်မင်းဘဝ

အတိတ်ကာလ တစ်ခုသော ဘဝက အလောင်းတော်သည် ဆင်မျိုး၌ဖြစ်၍ ဟိမဝန္တာဌ်နေတ၏။ သီလနှင့် ပြည့်စုံသည့်အတွက် 'သီလဝဆင်မင်း' ဟူသော အမည်ရှိတ၏။ တစ်နေ့သ၌ မုဆိုး တစ်ယောက်သည် ခရီးမှား၍ အော်ဟစ်ငိုကြွေးနေသည်ကို မြင်လျှင် ကယ်မ,၍ အစာရေစာ ကျွေးမွေးပြီး မိမိကျောက်ကုန်း၌ ထိုင်စေ၍ လူ့လမ်းခရီးသို့ အရောက်ပို့ပေးတ၏။ ကျေးဇူးရှင်ကို ပြစ်မှားလိုသော ယုတ်မာသော ထိုယောကျ်ားသည် မိမိနေရပ် ရောက်သော် ဆင်စွယ်ကုန်သည်တို့နှင့် ဈေးစပ်ဟစ်၍ အလောင်း တော် ဆင်မင်းထံ ပြန်လာပြီး အလှူခံတ၏။

"အရှင်ဆင်မင်း၊ အကျွန်ုပ်ဆင်းရဲပါတ၏။ အထီးကျန်သူ ဖြစ်ပါတ၏။ အသက်မွေးခြင်းငှာ မစွမ်းနိုင်ပါ။ အရှင်ဆင်မင်း၏ အစွယ်နှစ်ချောင်း ကိုအလှူခံ၍ရပါအံ့၊ ထိုအစွယ်ကို ရောင်း၍ အသက်မွေးရပါအံ့"

http://www.dhammadownload.com

အလောင်းတော်ဆင်မင်းသည် ရွှင်လန်းအားရစွာ ဝပ်၍ ပေး၏။ ယောက်ျားယုတ်သည် အဆင်သင့်ပါလာသော လွှဖြင့် မညှာမတာ လျင်မြန်စွာ ဖြတ်ယူလေ၏။ အလောင်းတော်ဆင်မင်းသည် အစွယ်နှစ်ချောင်းကို နှာမောင်းဖြင့်ယူ၍ ဆုတောင်းပြီး ရှိသေစွာ ပေးလှူ၏။

မြတ်နိုးပါလျက်

"အို...ယောက်ျား၊ ငါသည် ဤအစွယ်တို့ကို မချစ်မနှစ်သက်၍ ပေးလှူသည်မဟုတ်။ စင်စစ်မှာ ဤအစွယ်နှစ်ချောင်းထက် အဆရာထောင်သိန်းသောင်းမက သာလွန်မြင့်မြတ်သော တရား အလုံးစုံကို သိစွမ်းနိုင်သည့် သဗ္ဗညုတဉာဏ်တော်တည်းဟူသော အစွယ်ကိုသာလျှင် ပိုမို၍ နှစ်သက်၏။ ထိုသင့်အား ဤအစွယ်တို့ကို ပေးလှူရသောကြောင့် သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရပါစေသား"

အလောင်းတော် ဆဒ္ဒန်ဆင်မင်းဘဝတွင် မိမိကိုယ်ကို မြားနှင့်ခွင်းထားသော ရန်သူမုဆိုးကိုပင် အစွယ်တော်နှစ်ချောင်းတို့ကို ကြည်ဖြူစွာ လှူခဲ့၏။ အလောင်းတော် ယုန်မင်းဘဝတွင် တစ်ကိုယ်လုံးကို လှူလို၍ မီးပုံတွင်းသို့ ခုန်ဆင်းခဲ့၏။

ယခုအခါမှာပင် ကိုယ်အင်္ဂါအစိတ်အပိုင်းကို မြတ်စွာဘုရားမှာ လှူဒါန်းသည်။ တစ်ကိုယ်လုံးကိုပင် အဝတ်ပတ်၍ ဆီလောင်းကာ မီးရှို့ပူဇော်သည့် စသည်ဖြင့် သတင်းစာများ၌ တစ်ခါတစ်ရံ ဖတ်ရှုရ၏။ ထိုသို့ ဖော့ရသောအခါ ကိုယ်အင်္ဂါအစိတ်အပိုင်းကို

http://www.dhammadownload.com

ဖြစ်စေ၊ တစ်ကိုယ်လုံးကိုဖြစ်စေ လှူဒါန်းခြင်း အဇ္ဆတ္တိက ဒါနသည် ဘုရားအလောင်းတော်ကြီးများ၏ အလုပ်သာဖြစ်၏။ သာမည လူတို့နှင့် မသက်ဆိုင်၊ မသက်ဆိုင်ဘဲနှင့် ပြုလုပ်သည့်အတွက် ကုသိုလ်ပင်မဖြစ်သကဲ့သို့ တစ်ချို့ပြောဆိုတတ်ကြလေ၏။ ထို စကား သင့်,မသင့်ကို ဆင်ခြင်သည်ရှိသော် လောက၌ ဘုရား အလောင်းဟူ၍ တစ်ခဏချင်း ဘွားခနဲ ပေါ်ပေါက်လာနိုင်သည် မဟုတ်၊ စွမ်းနိုင်သမျှ တစ်စတစ်စ ပါရမီဖြည့်ကျင့်ကာ နုရာမှ ရင့်၍ ဘုရားအလောင်းကြီးများအဖြစ်သို့ တစ်ဆင့်တစ်ဆင့် ရောက်ရသည်။ ရှေးပညာရှိများကသည်ကို ရည်၍ ဤသို့ စပ်ဆို တော်မူခဲ့သည်။

"တစ်စ တစ်စ၊ စွန့်ဝံ့မှလျှင်၊ ဘဝနောက်နှောင်း ဆက်တိုင်း ကောင်း၏"

သို့ဖြစ်၍ ကိုယ်အင်္ဂါအစိတ်အပိုင်းကိုဖြစ်စေ၊ တစ်ကိုယ်လုံးကို ဖြစ်စေ လှူသောသူများကို ရုတ်တရက်ရှောင်တခင် အပြစ်မတင် သင့်ပေ။ လှူဒါန်းရာ၌ စိတ်စေတနာ သဒ္ဓါတရား မတွန့်တိုဘဲ ရဲရဲဝံ့ဝံ့ကြီး 'ငါအဇ္ဆတ္တိကဒါနကို ပြုရပေ၏'ဟု မိမိအသက်ဆုံးရှုံး သည့်တိုင်အောင် စွန့်နိုင်သူ မှန်ပါလျှင် အဇ္ဆတ္တိက ဒါနရှင်ဟူ၍ ချီးမွမ်းအပ်သည်သာ ဖြစ်ကြောင်းကို သတိပြုရာ၏။

လှူဒါန်းလိုမှု

ဘုရားအလောင်းတော်သည် လှူဒါန်းလိုမှု ဒါနဇ္ဆာသယ လွန်ကဲတော်မူသောကြောင့် ဒါန၏ ဆန့်ကျင်ဘက်ဖြစ်သော

http://www.dhammadownload.com

ဝန်တိုမှု မစ္ဆရိယတရားဌ အပြစ်မြင်ပြီးလျှင် ဒါနပါရမီကို အပြည့်အစုံ ဖြည့်ကျင့်တော်မူ၏။ ယင်းသို့ ဖြည့်ကျင့်တော်မူသောအခါ–

(၁) လယ်ယာ၊ ရွှေ၊ ငွေ၊ ကျွဲနွား၊ ကျွန်မိန်းမ၊ ကျွန်ယောကျ်ား၊ သားမယား အစရှိသည့် ကိုယ်ပိုင်ဝတ္ထုတို့၌ ငြိကပ် တပ်မက်မစွန့်ရက်သည့် စိတ်ရှိသော သတ္တဝါတို့အဖို့ ထိုလယ်ယာ အစရှိသော ပစ္စည်းတို့မှာ ဝတ္ထုကာမဖြစ်သဖြင့် အများတကာ အာသာစွဲကပ် တောင်းတအပ်သော ပစ္စည်းများဖြစ်ခြင်း၊

(၂) ရန်သူမျိုးငါးပါးတို့နှင့် ဆက်ဆံနေခြင်း၊

(၃) ခိုက်ရန်ငြင်းခုံမှု၏ အကြောင်းဖြစ်ခြင်း၊

(၄) အနှစ်သာရ မရှိခြင်း၊

(၅) ထိုပစ္စည်းတို့ကို ရရှိရေး၊ စောင့်ထိန်းရေးအတွက် သူတစ်ဖက်သားကို ညှဉ်းဆဲမှုဖြစ်မည်၊ အကျိုးရမည်ဆိုလျှင် မျက်နှာမထောက် ညှဉ်းဆဲရခြင်း၊

(၆) ထိုပစ္စည်းဝတ္ထုတို့ ပျက်စီးသောအခါ၌လည်း သောကပရိဒေဝ စသည်များစွာ ဒုက္ခရောက်ရခြင်း၊

(၇) ထိုပစ္စည်းဝတ္ထုတို့၌ တပ်မက်ခြင်းကို အကြောင်းပြုကာ ဝန်တိုမှုမစ္ဆရိယစိတ် ရှိသူတို့အား အပါယ်ဘုံသို့ ကပ်ရောက်ရခြင်း။

ဤသို့ အစရှိသဖြင့် 'ထိုပစ္စည်းဝတ္ထုတို့သည် အထူးထူး အပြားပြား များစွာသော အကျိုးမဲ့ကို ရွက်ဆောင်တတ်ကုန်စွတကား။ ထိုပစ္စည်းဝတ္ထုတို့ကို စွန့်ကြဲလှူဒါန်းပေးကမ်းခြင်း ဒါနမှု တစ်ခုသာလျှင် ချမ်းသာကြောင်း ဖြစ်စွတကား' ဟု ဆင်ခြင်ပြီးလျှင်

http://www.dhammadownload.com

ဒါနမှုဉ် မမေ့မလျော့ခြင်း အပ္ပမာဒတရားကို လက်ကိုင်ထားတော်မူလေ၏။ ယင်းသို့ လက်ကိုင်ထားကာ အလှူခံပုဂ္ဂိုလ်က တောင်းခံလာသည်ရှိသော် ဤသို့ ဆင်ခြင်တော်မူလေ၏။

ဆင်ခြင်တော်မူပုံ

(၁) ဤသူကား ကိုယ်ရေးအတွက် လျှို့ဝှက်ရမည့် ရှုစဖွယ် အကြောင်းကိုပင် ပွင့်လင်းစွာ ပြောကြားလာရကား၊ ငါ့အပေါ်၌ အလွန်ကျွမ်းဝင်သူ ဖြစ်ပေ၏တကား။

(၂) စွန့်ပစ်၍သွားရမည့် ငါ့ပစ္စည်းများကို တမလွန်လောကသို့ ပါအောင် ဤနည်းဖြင့် ယူဆောင်၍သွားလေဟု နည်းကောင်း ဥပဒေသကို ညွှန်ပြသူပါတကား။

(၃) မီးလောင်နေသော အိမ်မှာကဲ့သို့ သေခြင်းတရားတည်းဟူသော မရဏမီး တညီးညီးတပြောင်ပြောင် လောကကြီးကို တောက်လောင်နေရာဝယ် ထိုမီးလောင်နေသော လောကဘုံဆောင်ထဲမှ ငါ၏ ဥစ္စာများကို မီးဘေးလွတ်အောင် ထုတ်ဆောင်ကူညီပေးသော အဆွေတော်ကြီး ဖြစ်ပေ၏တကား။

(၄) ထုတ်ဆောင်အပ်ပြီးသော ထိုဥစ္စာတို့ကို မီးမကျွမ်းအောင် သိမ်းဆည်းသိုမှီးရာ နေရာဟောင်းကြီးသဖွယ် ဖြစ်ပေ၏တကား။

(၅) အလှူဒါန ကောင်းမှုဉ်တကွဖြစ်ဖေါ် အဆွေတော်ကြီး ဖြစ်သောကြောင့် လည်းကောင်း၊ အလွန်တရာ ရခဲလှ

http://www.dhammadownload.com

ထူးမြတ်လှသော ဗုဒ္ဓဘူမိကုသိုလ်ကြီးများ ပြည့်စုံကြောင်း ဖြစ်သောကြောင့်လည်းကောင်း အလွန်မြတ်သော ကလျာဏ မိတ်ဆွေကြီး ဖြစ်ပေ၏တကား။

တစ်ဖန် ဘုရားအလောင်းတော်သည် ဤသို့ကြံစည်၍ စွန့်ကြဲပေးကမ်းလှူဒါန်းမှုဌ အမြဲညွှတ်ကိုင်းရှိုင်းသောစိတ် ရှိတော်မူ၏။

(၁) ငါ၏ အသက်သည်ကား ကေန်ပင် ပျက်စီးလိမ့်မည်။ ထို့ကြောင့် မတောင်းအပ်ဘဲသော်လည်း ငါသည် ပေးလှူသင့်၏။ တောင်းအပ်သော်မူ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ ကေန်ပင် ပေးလှူသင့်သည်သာတည်း။

(၂) ဤသူသည် ငါ့ကို အလွန်မြတ်သော ကောင်းမှုဌ ချီးမွမ်းအပ်ပေ၏။ ထို့ကြောင့် ထိုချီးမွမ်းချက်ကို မချွတ်ကေန အမှန်ပြုသင့်လှပေသည်။

(၃) လှူဒါန်းလိုမှု အားကြီးလှသောသူသည် အလှူခံပုဂ္ဂိုလ်ကို မရအရ ရှာ၍သော်မှလည်း ပေးလှူကြရကုန်သေး၏။ ငါ့ကဲ့သို့လက်ကြောင့် အလှူခံပုဂ္ဂိုလ် အလိုလိုရောက်လာပေ၏။

(၄) လှူဒါန်းခြင်းဒါနသည် အစစ်အမှန်အားဖြင့် အလှူခံပုဂ္ဂိုလ် အား ပေးကမ်းခြင်းကို အရင်းမူသဖြင့် ငါ့အားသာလျှင် ချီးမြှောက်ခြင်း ဖြစ်ပေ၏။

(၅) ငါ့ကို ချီးမြှောက်အပ်သကဲ့သို့ ဤသတ္တဝါအပေါင်းကိုလည်း ငါသည် ချီးမြှောက်သင့်လှပေ၏။

(၆) အလှူခံပုဂ္ဂိုလ်အတွက်ပင် ငါသည် အလုံးစုံသော ပစ္စည်းများကို သိမ်းဆည်းအပ်ပေ၏။

http://www.dhammadownload.com

(၇) ငါ့ကို မတောင်းကြဘဲ အလှူခံပုဂ္ဂိုလ်တို့သည် ငါ့ဥစ္စာကို ဘယ်သောအခါ၌ အလိုလို ကိုယ်တိုင် ပိုင်နိုင်စွာယူကြပါ ကုန်မည်နည်း။

(၈) ဘယ်လိုနည်းဖြင့် ငါသည် အလှူခံပုဂ္ဂိုလ်တို့ ချစ်အပ်သော သူ၊ အလှူခံပုဂ္ဂိုလ်တို့သည်လည်း ငါ၏ ချစ်အပ်သောသူများ ဖြစ်ကြပါမည်နည်း။

(၉) အဘယ်နည်းဖြင့် ငါသည် လှူစဉ်ကာလနှင့် လှူပြီးနောက် ကာလတို့၌ အားရဝမ်းသာ ဖြစ်ရပါမည်နည်း။

(၁၀) အဘယ်နည်းဖြင့် အလှူခံပုဂ္ဂိုလ်တို့နှင့် လှူဒါန်းလိုမှု ဒါနဇ္ဈာသယ တရားတို့ ငါ့ထံ ငါ့သန္တာန်သို့ ရောက်ရှိကြပါမည် နည်း။

(၁၁) အဘယ်နည်းဖြင့် ငါသည် အလှူခံပုဂ္ဂိုလ်တို့က မတောင်း အပ်ဘဲ ထိုသူတို့၏ စိတ်နှလုံး အလိုကို အလိုက်သင့် သိ၍ ပေးလှူနိုင်ပါမည်နည်း။

(၁၂) ပေးလှူရန်ဥစ္စာနှင့် အလှူခံပုဂ္ဂိုလ်များ ထင်ရှားရှိနေပါလျက် မလှူဒါန်းခြင်းသည် ငါ၏အဖို့အရာ ကြီးစွာသော လှည့်ပတ် ခြင်းပင် ဖြစ်တော့သည်တကား။

(၁၃) အဘယ်နည်းဖြင့် ငါသည် မိမိ၏ အင်္ဂါကြီးငယ်တို့ကိုလည်း ကောင်း၊ အသက်ကိုလည်းကောင်း အလှူခံပုဂ္ဂိုလ်တို့အား စွန့်လှူရပါမည်နည်း။

တစ်ဖန် ဘုရားအလောင်းသည် 'ပိုးနုံကောင်ကို စွန့်ပစ်လိုက် သောအခါ ထိုပိုးနုံကောင်သည် မငဲ့မကွက် စွန့်ပစ်သောသူတို့

http://www.dhammadownload.com

သာ တစ်ဖန်ပြန်၍ လိုက်သကဲ့သို့ အကျိုးတရားဟူသည်မှာလည်း အကျိုးကို မမျှော်ခေါ်ဘဲ ရက်ရက်စွန့်သူ အလှူဒကာသို့သာ တစ်ဖန်ပြန်၍ လိုက်လေ့ရှိ၏'ဟု ဆင်ခြင်ပြီးလျှင် အကျိုးတရား၌ မလိုလား မမျှော်ခေါ်ဖို့ရန် စိတ်ကို ဖြစ်စေ၏။

မှတ်ချက်။ ။ဤ၌ အကျိုးတရားဟူသည်မှာ ထိုဒါနကြောင့် ဖြစ်ပေါ်ရရှိမည့် လူချမ်းသာ နတ်ချမ်းသာ စသည်ကိုသာ ဆိုလို၏။ ဘုရားအဖြစ်ကို မဆိုလိုပေ။

ဘုရားအလောင်းတော်သည် ပေးလှူသောအခါမှာ ဤသို့ ဆင်ခြင်၍ ဝမ်းမြောက်မှုကို ဖြစ်စေ၏။

(၁) အလှူခံပုဂ္ဂိုလ်သည် အကယ်၍ မိမိချစ်အပ်သည့် ပိယ ပုဂ္ဂိုလ် ဖြစ်ခဲ့သော် "ငါချစ်အပ်သောသူက ငါ့ကို တောင်းပေသည်"၊

(၂) အလှူခံပုဂ္ဂိုလ်သည် အကယ်၍ မချစ်မမုန်းအပ် အလယ်အလတ် မဇ္ဈတ္တပုဂ္ဂိုလ်ဖြစ်ခဲ့သော် "ငါ့ကို တောင်းခံလာသော ဤသူသည် ဤယခု ပေးလှူခြင်းဖြင့် ကောန်မချွတ် ငါ၏မိတ်ဆွေ ဖြစ်တော့မည်"၊

(၃) အလှူခံပုဂ္ဂိုလ်သည် အကယ်၍ ရန်သူဖြစ်ခဲ့သော် "ငါ့ရန်သူသည် ငါ့ကို တောင်းပေ၏။ ငါ့ကို တောင်းခံလာသော ဤရန်သူသည် ဤယခုပေးလှူခြင်းဖြင့် ကောန် မချွတ် ငါ၏ချစ်လှစွာသော မိတ်ဆွေ ဖြစ်တော့မည်"။

ဤဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း ချစ်အပ်သော ပိယ ပုဂ္ဂိုလ်၌ ကဲ့သို့ပင် အလယ်အလတ် မဇ္ဈတ္တပုဂ္ဂိုလ်၊ ရန်သူပုဂ္ဂိုလ်

http://www.dhammadownload.com

တို့၌လည်း မေတ္တာရှေ့သွားရှိသော ကရုဏာကို ဖြစ်စေ၍သာ ဝမ်းမြောက်စွာ ပေးလှူတော်မူ၏။

အကယ် ဘုရားအလောင်းတော် သန္တာန်၌ လောဘတရား ကာလရှည်လျားစွာကပင် ထုံခဲ့ လေ့လာခဲ့သဖြင့် လှူဖွယ်ဝတ္ထု တို့ကို မပေးရက် မစွန့်ရက်နိုင်လောက်အောင် လောဘတရား ငြိကပ် ဖြစ်မှားနေခဲ့သော် ဤသို့ ဆင်ခြင်၏။

"အို...ဘုရားအလောင်း သူတော်ကောင်း၊ သင်သည် သဗ္ဗညုတဉာဏ်ရဖို့ရန် ဘုရားဆုပန်စဉ်က သတ္တဝါတို့အား ကျေးဇူး ဥပကာရ ပြုဖို့ရန် ဤကိုယ်ကြီးကိုလည်းကောင်း၊ ကိုယ်ကိုစွန့်၍ ရမည့် ကုသိုလ်ကောင်းမှု၊ ထိုကောင်းမှု၏ အကျိုးများကိုလည်း ကောင်း စွန့်အပ်ပြီး မဟုတ်ပါလော။ ထိုသို့ဖြစ်ပါလျက် သင်၏ ယခုကိုယ်မှ ပြင်ပဝတ္ထုများ၌ ငြိကပ်တွယ်တာမှု ဖြစ်နေခြင်းသည် ဆင်၏ ရေချိုးခြင်းနှင့် တူလှဘိတကား။ ထို့ကြောင့် သင်သည် တစ်စုံတစ်ခုသော ဝတ္ထုမှာမှ ငြိကပ်တွယ်တာမှု မဖြစ်စေသင့်ပေ'

"လောကဥပမာအားဖြင့် ဆေးသစ်ပင်ကြီးတစ်ပင် ထင်ရှား တည်ရှိနေရာဝယ် အမြစ်လိုသူများက အမြစ်ကို တူးထုတ်၍ သွားကြကုန်၏။ အပွေး၊ အခေါက်၊ ပင်စည်၊ အခွ၊ အကိုင်း၊ အခက်၊ အရွက်၊ အပွင့်၊ အသီးအနှစ်ကို အလိုရှိသူများက အနှစ်ကို ယူဆောင်၍ သွားကြကုန်၏။ ထိုသို့ ယူဆောင်သွားကြ သော်လည်း ဆေးသစ်ပင်ကြီးမှာ 'ဤသူတို့အား ငါ့ဥစ္စာတွေကို ယူဆောင်သွားကြကုန်၏'ဟု ဝိတက်ထွေပြား အကြံများခြင်း အလျှင်းပင် မရှိသကဲ့သို့။ ဤအတူပင် အလုံးစုံသော သတ္တ

http://www.dhammadownload.com

လောကဓါတ် အစီးအပွားဖြစ်ဖို့ရန် ကြောင့်ကြ ကြိုးကုတ်အားထုတ်သော ငါသည်လည်း ဆင်းရဲလှ၊ ကျေးဇူးလည်း မသိတတ်လှသည့် အပြင် အမြဲပင် မစင်ကြယ်သော ဤကိုယ်ကောင်ကြီးတစ်ခုလုံးကို သူတစ်ပါးတို့ကျေးဇူးရှိရေးအတွက် မည်သို့ပင် အသုံးပြုစေကာမူ အဏုမြူမျှပင် ဖောက်ပြန်ယွင်းမှား မိစ္ဆာအကြံများကို လားလားမျှ မဖြစ်သင့်ပေ"

"ကိုယ်တွင်းကိုယ်ပ ရှိသမျှသော မဟာဘုတ်ကြီးလေးပါးလုံးတို့ပင် ဖရိုဖရဲ ပြိုကွဲပျက်စီးခြင်းသဘော ရှိကြသဖြင့် အတွင်းသော အပသောဟူ၍ အထူးမရှိပါဘဲလျက် 'ငါ၊ ငါ့ဥစ္စာ၊ ငါ့လိပ်ပြာ' ဟူ၍ နှလုံးသွင်းနေခြင်းကား သက်သက်မဲ့ မောဟ၏ တင့်တယ်စံပယ်ခြင်းမျှသာ ဖြစ်၏။ ထို့ကြောင့် ဗာဟိရက ကိုယ်ပစ္စည်းတို့မှာကဲ့သို့ပင် ကိုယ်တွင်းဖြစ်သော လက်၊ ခြေ၊ မျက်စိ၊ အသား၊ အသွေးစသည်တို့၌လည်း ငဲ့ကွက်တွယ်တာခြင်း အလျှင်းမရှိဘဲ ထိုထိုအင်္ဂါကို အလိုရှိသော သူတို့သည် ထိုထိုအလိုရှိရာ အင်္ဂါကြီးငယ်ကို ဆောင်ယူသွားကြစေဟု သင်သည် ကိုယ်ခန္ဓာတစ်ခုလုံးအတွက်ကို စွန့်လွှတ်ပြီးသော စိတ်ရှိသူ ဖြစ်ရာ၏"

ဤသို့ ဆင်ခြင်သည်ရှိသော် သဗ္ဗညုတဉာဏ်တော် အလိုငှာ စွန့်လွှတ်အပ်သော စိတ်ရှိ၍ ကိုယ်အသက်တို့၌ ငဲ့ကွက်ခြင်းမရှိသော ထိုအလောင်းတော်၏ ကာယက်၊ ဝစီက်၊ မနောက်တို့သည် အလွယ်တကူပင် အလွန်အလွန် စင်ကြယ်၍ စင်ကြယ်၍ လာကုန်တော့၏။ ထိုသို့ အလွန်စင်ကြယ်သည့် ကာယက်၊ ဝစီက်၊ မနောက်တို့နှင့် ပြည့်စုံသော အလောင်းတော်သူမြတ်သည် အသက်

http://www.dhammadownload.com

မွေးမှုလည်း အလွန်စင်ကြယ်ကာ နိဗ္ဗာန်ရကြောင်း ကောင်းသော အကျင့်၌ တည်ပြီးလျှင် ပျက်စီးကြောင်း တိုးပွားကြောင်းတို့ကို ကောင်းစွာသိမြင်သော ဉာဏ်နှင့် ပြည့်စုံခြင်းကြောင့် ရှေးကထက် တိုး၍တိုး၍သာလျှင် သတ္တဝါခပ်သိမ်းကို ချီးမွှောက်နိုင်သည့် ပုဂ္ဂိုလ် သူမြတ်ကြီး စင်စစ်ဖြစ်စေတော့၏။

ကြိုဓောင်စွန့်လှူ

ဘုရားအလောင်းတော်သည် ကိုယ်ပိုင်ဝတ္ထု အစုစုတို့ကို 'ငါ့အား ဖြစ်ပေါ်ရရှိလတ္တံ့သော အသက်နှင့်တကွ စည်းစိမ်ဥစ္စာ ဝတ္ထုအစုစုတို့ကို အလှူခံပုဂ္ဂိုလ်တို့ ဆိုက်ရောက်လာလျှင် မဆုတ် မနစ် လှူဒါန်းပေအံ့။ ထိုအလှူခံပုဂ္ဂိုလ်တို့အား လှူဒါန်းပြီးသည်မှ အကြွင်းအကျန်ကိုသာ ငါသုံးဆောင်ပေအံ့' ဟူ၍ အလှူဒါန တံခါးဝ၌ မရပ်မီကပင် ရှေးဦးစွာ ကြိုတင်၍ စွန့်လှူထား၏။

ဤကဲ့သို့ ကြိုတင်၍ စွန့်လှူဖို့ရန် စိတ်ကိုပြင်ဆင်၍ ထားသည် ရှိသော် မိမိကိုယ်ပိုင် ဖြစ်ပေါ်လာသမျှသော ပစ္စည်းဝတ္ထုတို့၌–

(၁) 'ရှေးရှေးဘဝက ဒါနမူ၌ အလေ့အလာမရှိခြင်း၊

(၂) ကိုယ်ပိုင်ပစ္စည်းဝတ္ထုက နည်းပါးနေခြင်း၊

(၃) ကိုယ်ပိုင်ပစ္စည်းဝတ္ထုက မလှူရက်နိုင်အောင် ကောင်းမွန်နေခြင်းနှင့်

(၄) ကိုယ်ပိုင်ပစ္စည်းဝတ္ထုများ ကုန်သွားမည်ကို စိုးရွံ့ကြောစည်ခြင်း' ဟူ၍ ဒါနကောင်းမှု မပြုဖြစ်အောင် ဟန့်တား ပိတ်ဆို့တတ်သည့် 'ဒါနဝိနိဗန္ဓ' တရားလေးပါးရှိရာတွင်–

http://www.dhammadownload.com

ဒါနဒိန်ဗန္ဓ ၄ ပါးအကျယ်

(၁) လူဖွယ်ပစ္စည်းလည်း ပြည့်စုံနေ၍ အလူခံပုဂ္ဂိုလ်လည်း မိမိမျက်မှောက် ထင်ရှားဆိုက်ရောက်နေပါလျက် ဘုရားအလောင်း၏ စိတ်သန္တာန်၌ လူဒါန်းဖို့ရန် စိတ်မသန်ဘဲ ရှိနေခဲ့သော် 'ငါသည် ကောန်မုချ ရွေးရွေးဘဝများက ဒါနကောင်းမှု၌ အလေ့အလာ မပြုအပ်ခဲ့ပေ။ ထို့ကြောင့်ပင် ယခုအခါ အပြင်အပ အင်္ဂါများ ပြည့်စုံနေပါလျက် ငါ့သန္တာန်၌ ပေးလူလိုသော ကုသိုလ်ဆန္ဒစိတ်၌ မတည်လာခြင်း၊ မပေါ်လာခြင်း ဖြစ်၏'

'ဤကဲ့သို့ လူလိုသောစိတ် မဖြစ်သော်လည်း လူဒါန်းမှုအလေ့အလာရ၍ ငါ၏စိတ်သည် ဒါနကောင်းမှု၌ မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်ပေလိမ့်မည်။ ငါသည် ယခုမှစ၍ ဒါနကို ရဲရဲရင့်ရင့် ပေးလူပေအံ့။ ငါသည် နှေးဦးကပင် ကြိုတင်၍ ကိုယ်ပိုင်ဝတ္ထု အစုစုတို့ကို အလူခံပုဂ္ဂိုလ်တို့အား စွန့်လူပြီးသား မဟုတ်ပါလော'ဟု ပစ္စဝေက္ခဏာဉာဏ်ဝင် ဆင်ခြင်တော်မူပြီးလျှင် လွတ်လွတ်ကြည်ဖြူ ပေးလူတော်မူလေ၏။

(၂) ဘုရားအလောင်းတော်သည် ကိုယ်ပိုင်ဝတ္ထု လူဖွယ်ပစ္စည်းစုက နည်းပါးနေခဲ့သော် လည်းကောင်း၊ ချို့တဲ့နေခဲ့သော် လည်းကောင်း 'ငါသည် ရှေးအခါက မလူဒါန်းခဲ့သောကြောင့် ယခုအခါ ငါ့အား ပစ္စည်းချို့တဲ့ ရှားပါးရသည်။ ထို့ကြောင့် ယခုအခါ ငါသည် နည်းသည်ဖြစ်စေ၊ ယုတ်ညံ့သည်ဖြစ်စေ မိမိရရှိသော လူဖွယ်ဝတ္ထုဖြင့် မိမိကိုယ်ကိုသော်လည်း အပင်ပန်း

http://www.dhammadownload.com

အဆင်းရဲခံကာ လူသင့်ပေ၏။ ယင်းအလှူဖြင့် ငါသည် နောက် အခါ၌လည်း ဒါနပါရမီ၌ အထွတ်အထိပ်သို့ ရောက်စေအံ့'ဟု ဆင်ခြင်တော်မူပြီးလျှင် ရရသမျှ ဒါနဝတ္ထုဖြင့် လွတ်လွတ်ကြည်ဖြူ ပေးလှူတော်မူလေ၏။

(၃) ဘုရားအလောင်းတော်သည် ကိုယ်ပိုင် အလှူဝတ္ထုက မလှူရက်နိုင်အောင် ကောင်းမွန်နေခြင်းကြောင့် မလှူဒါန်းလိုသော စိတ် ဖြစ်ပေါ်လာလျှင် 'အို...ဘုရားအလောင်း သူတော်ကောင်း၊ သင်သည် အလွန်မြတ်လှ ချီးမွမ်းအပ်လှသည့် လူဖွယ်ဝတ္ထု ကိုသာ သင်သည် ပေးလှူသင့်သည် မဟုတ်ပါလော'ဟူ၍ ဆင်ခြင် တော်မူပြီးလျှင် အလွန်ကောင်းမြတ် နှစ်သက်အပ်သော လူဖွယ် ဝတ္ထု ပစ္စည်းစုကို လွတ်လွတ်ကြည်ဖြူ ပေးလှူတော်မူလေ၏။

(၄) ဘုရားအလောင်းတော်သည် ဒါနပြုနေစဉ် လူဖွယ်ဝတ္ထု တို့ ကုန်ခန်းသည်ကိုမြင်လျှင် 'ပျက်စီးကုန်ခန်းခြင်း သဘောသည် ကား စည်းစိမ်ဥစ္စာတို့၏ ဓမ္မတာသဘောပင် ဖြစ်၏။ စင်စစ်မူ ရှေးအခါက မကုန်ခန်းစေတတ်သည့် ဒါနကောင်းမှု မပြုခဲ့သော ကြောင့် ယခုအခါ ငါသည် လူဖွယ်ဝတ္ထုပစ္စည်းတို့၏ ကုန်ခန်း ခြင်းကို မျက်မြင်ကိုယ်တွေ့ ကြုံရသည်။ ငါသည် မိမိရသမျှ နည်းနည်းများများ လူဖွယ်ဝတ္ထုပစ္စည်းဖြင့်ပင် ဒါနပြုပေအံ့။ ယင်းအလှူဖြင့် ငါသည် နောက်အခါ၌ ဒါနပါရမီ၏ အထွတ် အထိပ်သို့ ရောက်ရပေအံ့" ဟူ၍ ဆင်ခြင်တော်မူပြီးလျှင် မိမိ ရသမျှ လူဖွယ်ဝတ္ထုဖြင့် လွတ်လွတ်ကြည်ဖြူ ပေးလှူတော် မူလေ၏။

http://www.dhammadownload.com

ဤသို့ ပေးလူတော်မူသည်ရှိသော် ဘုရားအလောင်းတော်၏ သန္တာန်၌ ဒါနကောင်းမှု မပြုဖြစ်အောင် ဟန့်တားပိတ်ဆို့တတ်သည့် 'ဒါနဝိနိဗန္ဓ' တရားလေးပါးတို့ကို ပယ်ဖြတ်ပြီး ဖြစ်လေတော့၏။ ဤသို့လျှင် ဒါန၏အဟန့်အတား အကြောင်းတရားများကို ထိုက်သည့်အလျောက် ပစ္စေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်၍ ပယ်ဖျောက် ခြင်းသည် ဒာနပါရမီ၏ ပစ္စည်းစုံကြောင်း ဥပါယ်ကောင်း ဖြစ်၏။

ခန္ဓာအပ်နှင်းထား

ထိုမှတစ်ပါး ဘုရားအလောင်းတော်သည် 'ကျမာဟံ အတ္တာဘာဝံ ဗုဒ္ဓါနံ နိယျာဒေမိ၊ ငါသည် ဤခန္ဓာကိုယ် အတ္တဘောကို ဘုရားရှင်တို့အား အပ်နှင်းကြည်ဖြူ ပေးလှူပါ၏' ဟူ၍ ရှေးဦးကပင် မိမိကိုယ်ကို ဘုရားရှင်တို့အား အပ်နှင်းစွန့်လွှတ်ထား၏။ ယင်းသို့ စွန့်လွှတ်ထားခြင်းသည် ဒါန စသော ခပ်သိမ်းသော ပါရမီတို့၏ ပြည့်စုံကြောင်း ဥပါယ်ကောင်းကြီး ဖြစ်ပေ၏။

မှန်၏။ ဘုရားရှင်တို့အား မိမိကိုယ်ကို အပ်နှင်းစွန့်လှူထားပြီးသော ဘုရားအလောင်းတော်သည် ထိုထို ဘဝတို့၌ ပါရမီပြည့်ဝရန် လုံ့လကြိုးကုတ် အားထုတ်တော်မူစဉ် ကိုယ်ခန္ဓာအသက်ကို ဖျက်ဆီးနိုင်လောက်သည့် ပြုန်းခဲ၊ သည်းခံနိုင်ခဲသော အမှုကိစ္စများ ပေါ်ပေါက်လာသော်လည်းကောင်း၊ အသက်ကိုပင် ဆောင်ယူသွားနိုင်လောက်အောင် ထက်မြက်မှုစူးရှ ပြင်းထန်လှသည့် သတ္တဝါ သရဲရက္ခိ ပြုဆောင်အပ်သော အကျိုးမဲ့များနှင့် တွေ့ကြုံရသော်လည်းကောင်း 'ငါသည် ဤခန္ဓာကိုယ် အတ္တဘော

http://www.dhammadownload.com

ကြီးကို ဘုရားရှင်တို့အား စွန့်လွှတ်ထားပြီးပြီ။ ဤကိစ္စ၌ ဖြစ်ချင်ရာ ဖြစ်ပစေ ဟု ဆင်ခြင်တော်မူပြီးလျှင် အသက်ကိုပင်သော်လည်း ရန်ရှာနိုင်လောက်သည့် ထိုပြဿနာကိစ္စ အကျိုးမဲ့များကြောင့် အနည်းငယ်မျှ ဖောက်ပြန်တုန်လှုပ်ခြင်း အလျှင်းမရှိတဲ့ စင်စစ်မူ ပါရမီအထူကုသိုလ်ပွားများမှု၌သာ ကြံကြံခိုင်ကျည် တည်တော်မူလေ၏။ သည်ဒါနနှစ်ပါးကို ရည်တော်မူ၍ မာန်လည်ဆရာတော်ဘုရားကြီးက ဤသို့ စပ်ဆိုခဲ့သည်။

"ရှမ္မော်အသိ၊ ဉာဏ်မျက်စိဖြင့်၊ မြင်ရှိကျယ်စွာ၊ ကြီးပညာနှင့်၊ မဟာဗောဓိသတ်၊ သူမြတ်တို့ကား၊ မစား ကိုယ်ဝမ်း၊ ရိန္ဓမ်းခြိုးခြံ၊ အငတ်ခံ၍၊ အာသံမမေ့၊ လှူခဲလေ၏။ တစ်နေ့ငါးသိန်း၊ တွက်ကိန်းမက၊ စွန့်သမျှလည်း၊ အားရ စိတ်ထဲ၊ ရောင့်ရဲမရှိ၊ အဖျက်ဘို့မှ၊ မျက်စိထုတ်လှူ၊ ဖြတ်ယူခါခါ။ စွယ်တော်မြတ်စွာကို၊ တောင်းလာမငြင်း၊ အာခံတွင်း၌၊ စွယ်ရင်းမကျန်၊ သွေးကြန်ကြန်နှင့်၊ ထွင်းလှန်ယူစေ၊ မစ္ဆေ မတွန့်၊ သက်စွန့်လှူပေး၊ လေးနှင့်ခွင်းပစ်၊ သေဆစ်နီးပါး၊ ရောက်လုပြီးလျက်၊ ဆုကြီးရွယ်ဆောင်၊ စွယ်ခြောက်ရောင်ကို၊ ကုန်အောင်လှူခြင်း၊ မီးပုံတွင်းသို့ ခုန်ဆင်းကိုယ်ကို၊ လှူလို အသား၊ ဤသို့အားဖြင့်၊ သိကြားဟန့်ဆီး၊ မာရ်ကြီးတားဖျက်၊ နတ်ဆက်ပုဆိန်၊ ထိပ်ထက်ချိန်လည်း၊ သမာစိန်ခိုင်၊ စိန်ကျောက် တိုင်သို့ မယိုင်မယိမ်း၊ မတိမ်းမပြို၊ ကံကုသိုလ်မှ၊ အလိုမစောင်း၊ ယူမပြောင်းသည်၊ မြတ်လောင်းတော်တို့ တံထွာတည်း"

http://www.dhammadownload.com

ဝတ္ထုဒါန၊ အဘယဒါန

အမျိုးမျိုးသော ပစ္စည်းဝတ္ထုတို့ကို လှူဒါန်းခြင်းသည် '**ဝတ္ထုဒါန**' မည်၏။ အသက်စည်းစိမ် ဘေးမဲ့ပေးခြင်းသည် '**အဘယဒါန**' မည်၏။ ဤအဘယဒါနသည် အထူးသဖြင့် မင်းတို့နှင့်သာ သက်ဆိုင်၏။ သို့သော် မင်းမှတစ်ပါး လူကြီးများ၊ ခေါင်းဆောင်များ၊ သာမန်ပုဂ္ဂိုလ်များလည်း ပြုနိုင်ပါ၏။

အလောင်းတော်သည် အတိတ်ကာလ တစ်ခုသောဘဝက မျောက်အပေါင်းခြံရံလျက် ဟိမဝန္တာတွင် နေ၏။ ဟိမဝန္တာ ဂင်္ဂါမြစ်ကမ်းအနီး၌ ချိုမြိန်သော အရသာရှိသော အသီးများစွာသီးသော သရက်ပင် တစ်ပင်ရှိ၏။ သရက်ပင်သည် ဂင်္ဂါမြစ်ကမ်းဘေးတွင် တည်ရှိ၍ အကိုင်းတစ်ကိုင်းမှ အသီးတို့သည် ရေသို့ကျ၍ အကိုင်းတစ်ကိုင်းမှ အသီးတို့သည် ကုန်းသို့ကျ၏။ အလောင်းတော်သည် 'တစ်နေ့တွင် ငါတို့အား ရေသို့ကျသော အသီးကြောင့် အန္တရာယ် ဖြစ်မည်။ သို့ဖြစ်၍ ရေသို့ညွတ်သော အကိုင်းမှ အသီးအားလုံးကို စားကြ'ဟု မျောက်များအား ဆုံးမ၏။

သို့သော် မျောက်များမမြင်သော သရက်သီးတစ်လုံးသည် ရေသို့ကျ၍ ဗာရာဏသီမင်း ရေကစားစဉ် ပိုက်ကွန်၌ ငြိလေ၏။ မင်းကြီးသည် သရက်သီးကိုစားသော် တစ်ကိုယ်လုံးပျံနှံ့၍ အရသာတည်ရှိလေ၏။ မင်းကြီးသည် သရက်သီး၌ ရသတဏှာဖြင့် ဖွဲ့ယှက်သည်ဖြစ်၍ လှေဖောင်တို့ဖြင့် ဂင်္ဂါမြစ်သို့ ဆန်တက်၏။ သရက်ပင်သို့ရောက်သော် အစောင့်အရှောက်ချ၍ အလိုရှိတိုင်း

http://www.dhammadownload.com

သရက်သီးကို စား၏။ ညရောက်သော် သရက်ပင်အောက်မှာပင် အိပ်၏။

အလောင်းတော်အမှူးရှိသော မျောက်အပေါင်းသည် ည လူများအိပ်သောအခါ လာ၍ သရက်သီးကို စားလေ၏။ မင်းကြီး နိုးလေလျှင် မျောက်တို့ကိုမြင်၍ လူများအပေါင်းကိုနှိုးပြီး 'မျောက်များ မပြေးနိုင်အောင် ဝန်းရံ၍ထားကြ၊ အောက်ဆင်းလာသော် ပစ်ခတ်ကြ၊ မျောက်သားကိုလည်းကောင်း၊ သရက်သီးမှည့်ကို လည်းကောင်းစားပေအံ့' ဟု ပြောလေ၏။

လူအများသည် လေးမြားစသည်တို့နှင့် သရက်ပင်ကို ဝန်းရံ၍ ထားကြကုန်၏။ မျောက်အပေါင်းသည် သေဘေးမှ ကြောက်ကုန်၏။ ထိုအခါ အလောင်းတော်သည် မျောက်အပေါင်းကို 'သင်တို့ မကြောက်ကြလင့်၊ ငါသည် သင်တို့ကို အသက်စွန့်၍ ကယ်တင်ပါအံ့' ဟု ပြော၍ သရက်ပင်ထိပ်ဖျားသို့ထွက်ကာ လူလွတ်ရာသစ်ပင်တစ်ပင်အဖျားသို့ ခုန်ကူးပြီးလျှင် ထိုမှဆင်း၍ နွယ်ကြိုးရှာ၏။ နွယ်ကြိုးရလာလျှင် တစ်စကို ထိုသစ်ပင်တွင် ချည်ခဲ့ပြီး တစ်စကို မိမိခါးတွင်ချည်၍ သရက်ပင်သို့ ပြန်ခုန်လာသော် နွယ်ကြိုးမှာ မမှီတမီဖြစ်နေသဖြင့် သရက်ကိုင်းကို မိမိလက်ဖြင့် လှမ်းဆွဲ၍ မျောက်အပေါင်းတို့အား 'အမောင်တို့ သင်တို့လျင်မြန်စွာ ငါ၏ ကျောကုန်းကိုနင်းလျက် နွယ်ကြိုးတန်းဖြင့်ကူးကာ ဘေးလွတ်ရာ ချမ်းသာရာသို့ သွားကြကုန်လော' ဟု အမှတ်သညာပေးလေ၏။

မျောက်အပေါင်းသည် အလောင်းတော်မျောက်မင်းအား ရှိခိုးကန်တော့၍ အလောင်းတော်၏ ကျောပေါ်မှ နွယ်ကြိုးအတိုင်း

http://www.dhammadownload.com

ဘေးလွတ်ရာသို့ သွားကြရလေ၏။ ထိုတွင် ဒေဝဒတ်အလောင်း မျောက်လည်း ပါဝင်ရာ ထိုမျောက်သည် အခြားမျောက်များ နည်းတူ မသွားဘဲ "ဤအချိန်အခါသည် ငါ့ရန်သူတော်၏ ကျောက်ကုန်းကို နင်းရသော အခွင့်အခါတည်း" ဟူ၍ ကြံစည်၍ မြင့်သော အကိုင်းတစ်ကိုင်းသို့ တက်ပြီး အလွန်ပြင်းထန်သော အဟုန်ဖြင့် အလောင်းတော်မျောက်မင်းအပေါ်သို့ ခုန်ချလေ၏။ အလောင်းတော်၏ နှလုံးသည် ကွဲ၏။ ပြင်းထန်သော ဝေဒနာ ဖြစ်၏။ ယင်းဝေဒနာဖြစ်သော်လည်း ဝေဒနာကို သည်းခံကာ မျောက်အားလုံး ကုန်အောင်နေ၏။ မျောက်အားလုံးကုန်သော် အလောင်းတော်မှာ သရက်ကိုင်းကို ဆွဲလျက်ပင် ပြင်းထန်သော ဝေဒနာကိုခံစားလျက် ကျန်ရစ်တော့၏။

ဘုရားအလောင်း ခေါင်းဆောင်ကောင်းတို့ ကျင့်ထုံးကို နှလုံးမူ၍ ယခုခေတ်ခေါင်းဆောင်ကောင်းများ လိုက်နာသင့်ပုံကို ဤသို့ စပ်ဆိုတော်မူခဲ့၏။

> "မဟာသတ္တ၊ ဝါနရတု၊ ရာဇသနင်း၊ မျောက်တို့ မင်းလျှင်၊ ထံရင်းခစား၊ ကိုယ့်အားမှီနေ၊ ငယ်မျောက်တွေ တွက်၊ ကိုယ့်အသက်ကို၊ ရက်ရက်ကြည်ဖြူ။ စွန့်တော် မူသို့၊ ပြည်သူများတွက်၊ ကိုယ့်အသက်လည်း၊ ငဲ့ကွက် မည္ဉာ၊ စွန့်အပ်စွာ၏"

အာမိသဒါန၊ ဓမ္မဒါန

ဆွမ်းစသော ပစ္စည်းဝတ္ထုကို "အာမိသ" ဟု ခေါ်၍ ထိုပစ္စည်း ဝတ္ထုတို့ကို ပေးလှူခြင်းသည် "**အာမိသဒါန**" မည်၏။ အာမိသနှင့်

http://www.dhammadownload.com

ပစ္စယဟူသည် အတူတူပင်ဖြစ်၍ ၎င်းအာမိသဒါနကို ပစ္စယဒါန ဟူ၍လည်း ခေါ်နိုင်၏။

လောဘ၊ ဒေါသစသည်တို့ဖြင့် ညစ်နွမ်းသောစိတ် အလျှင်း မရှိဘဲ လာဘ်လာဘမငဲ့ကွက်ဘဲ သူတစ်ပါးတို့အား မဖောက် မပြန် မှန်ကန်သောတရားဟောကြားပေးခြင်း စသည်ဖြင့် တရားကို ပေးလူခြင်းသည် "**ဓမ္မဒါန**"မည်၏။

ယင်းသို့ တရားတော်ကို သူတစ်ပါးတို့အား ဟောကြား မပေးနိုင်သည့်အတွက် ငွေကြေးအကုန်အကျခံကာ စာအုပ် စာတမ်းတို့ကို ဝယ်ယူဖော်၍ ဓမ္မဒါနပြုလုပ်ကြခြင်းမှာ ကိုယ်တိုင် ကိုယ်ကြပ် နိဗ္ဗာန်ရောက်ကြောင်းတရားကို ဟောကြားပေး သလောက် ဓမ္မဒါနစစ်စစ် မဖြစ်သော်လည်း ဆေးနည်းပေးသူ ကဲ့သို့ကား ဓမ္မဒါန ဖြစ်ပါ၏။

ဥပမာအားဖြင့် မကျန်းမာသောသူကို ရောဂါပျောက်စေလိုက ဆိုင်ရာဆေးကိုပေးမှ ရောဂါပျောက်ငြိမ်းစေသူ စစ်စစ်ဖြစ်နိုင်၏။ သို့ရာတွင် ဆိုင်ရာဆေးကို မပေးနိုင်သည့်အတွက် မှန်ကန် သောဆေးနည်းကို ပေးပါကလည်း ထိုဆေးနည်းဖြင့် မှန်ကန်သော ဆေးကို ဖော်စပ်၍ သုံးစွဲရသဖြင့် ရောဂါပျောက်စေမည်ဖြစ် သောကြောင့် ဆေးနည်းပေးသူကိုလည်း ရောဂါပျောက်ငြိမ်းစေသူ ဟူ၍ပင် ခေါ်သကဲ့သို့ ကိုယ်တိုင်က တရားဟောမပေးနိုင်သည့် အတွက် နိဗ္ဗာန်ရောက်ကြောင်းအကျင့်တရားများကို ဖော်ပြသည့် စာအုပ်စာတမ်းတို့ကို လူဒါန်းသောသူကိုလည်း ဓမ္မဒါနပြုသူ ဟူ၍ပင် ခေါ်ဆိုနိုင်ပေ၏။

http://www.dhammadownload.com

တရားအလှူပေးပုံ

သာဝကဗောဓိလောင်း၊ ပစ္စေကဗောဓိလောင်း၊ သမ္မာသမ္ဗောဓိလောင်းဟူ၍ အလောင်းအလျာ သုံးမျိုးရှိသည့်အနက် သာဝကဗောဓိလောင်းတို့အား ဘုရားအလောင်းသည် သရဏဂုံ၊ သီလကွန်ရွှေတို့ကို စောင့်ထိန်းမှု၊ ဘောဇဉ်၌ အတိုင်းအရှည်ကို သိမှု၊ နိုးကြားခြင်းကို အားထုတ်မှု၊ သူတော်ကောင်းတရား ခုနစ်ပါး၊ သမထ ဝိပဿနာ ဘာဝနာတို့ကို အာထုတ်ပုံ၊ ဝိသုဒ္ဓိခုနစ်ပါး၊ အကျင့်တရားများ၊ မဂ်လေးပါးကို ရယူပုံ၊ ဝိဇ္ဇာသုံးပါး၊ အဘိညာဉ်ခြောက်ပါး၊ ပဋိသမ္ဘိဒါလေးပါး၊ သာဝကတို့ ရရှိသည့် မဂ်ဉာဏ်လေးပါးဟူသော သာဝက ဗောဓိဉာဏ် ဤတရားစုတို့၏ ဂုဏ်ကျေးဇူးတို့ကို ခီးကျူးဟောပြကာ ထိုက်သည်အားလျော်စွာ ထိုထို သရဏဂုံ သီလစသည်တို့၌ မတည်သေးသူတို့အား တည်စေခြင်း၊ တည်ပြီးသူတို့အား ဖြူစင်စွာ ကျင့်စေခြင်းဖြင့် တရားအလှူကို ပေးတော်မူ၏။

ထို့အတူ ပစ္စေကဗောဓိလောင်း၊ သမ္မာသမ္ဗောဓိလောင်းတို့အား ဒါန စသော ပါရမီတို့၏ လက္ခဏာ၊ ရသအစရှိသည်တို့ကို ထင်ရှားစွာ ဟောပြ၍လည်းကောင်း၊ ထိုအလောင်းအလျာတို့၏ အလောင်းအလျာဖြစ်၍ ပါရမီတို့ကို ဖြည့်ကျင့်ခိုက်၊ ဘုရားဖြစ်ခိုက် ပုဒ္ဓကိစ္စတို့ကို ဆောင်ရွက်တော်မူခိုက်တည်းဟူသော အခိုက်အတန့် သုံးပါး၊ အချိန်ပိုင်းကြီး သုံးပါးလုံး၌ပင် အာနေဘော်ကြီးမြတ်ပုံကို ထင်ရှားစွာဟောပြ၍လည်းကောင်း၊ ပစ္စေကဗောဓိ

http://www.dhammadownload.com

ကျင့်စဉ် သမ္မာသင်္ဂေါဓိကျင့်စဉ်တို့၌ တည်စေတော်မူခြင်း၊ တည်ပြီး သူတို့အား ဖြူစင်စွာ ကျင့်ကြံစေခြင်းဖြင့် တရားအလှူ **'ဓမ္မဒါန'** ကို ပေးလှူတော်မူလေ၏။

အလောင်းတော်ဇလေ့

အလောင်းတော်သူမြတ်သည် ရှေးရှေးဘဝများစွာတို့က မိမိထံမှောက် နည်းခံရောက်ကြသည့် တပည့်တို့ကို အမြန်သိနိုင် ကျင့်ကြံနိုင်အောင် ကြာရှည်စွာ မပင်ပန်းရအောင် နူတ်မူ၊ လက်မူပညာ အမျိုး၊ ငါးပါးသီလ၊ ဆယ်ပါးသီလ၊ ပါတိမောက္ခသံဝရသီလ တည်းဟူသော အကျင့်စရဏာမျိုးနှင့် ကမ္မဿကတာဉာဏ်ပညာမျိုးတို့ကို ဆရာစားမချန် အကုန်သွန်၍ လျင်မြန်စွာ ပို့ချသင်ပြ ဟောပြတော်မူခဲ့၏။ ထိုကောင်းမှုကုသိုလ်ကံကြောင့် နတ်ရွာသုဂတိ ဘုံဌာနဋ္ဌ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ အစိုးရခြင်း၊ အဆွေအရံများခြင်း၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗရုံပေါများခြင်း၊ ဤဆယ်ပါးသော အရာဌာနတို့ဖြင့် တစ်ပါးသောနတ်တို့ထက် သာလွန်သော နတ်စည်းစိမ်ကို ခံ စံတော်မူရ၏။

တစ်ဖန် လူ့ပြည်သို့ ရောက်လာတော်မူသောအခါ ဇော်မည်သော သားကောင်၏ သလုံးမြင်းခေါင်းနှင့်တူသော လုံးလျားပြည့်ကြွယ် တင့်တယ်သည့် သလုံးရှိခြင်းတည်းဟူသော လက္ခဏာတော်ကြီးကို ရတော်မူလေ၏။ ယင်းလက္ခဏာတော်ကို ရတော်မူသည့်အတွက် လူ့ဘောင်၌နေလျှင် စကြာမင်းဖြစ်၍ သက်ရှိ

http://www.dhammadownload.com

သက်မဲ့ဖြစ်သော မင်းအသုံးအဆောင်တို့ကို လျင်မြန် ပြည့်စုံစွာ ရတော်မူနိုင်၏။ ရဟန်းပြုလျှင် သဗ္ဗညုမြတ်စွာဘုရားဖြစ်၍ ရဟန်း အသုံးအဆောင်ပစ္စည်းတို့ကို လျင်မြန် ပြည့်စုံစွာ ရတော်မူနိုင်၏။

အကျိုးမဲ့မပြော

အလောင်းတော်သူမြတ်သည် ရှေးရှေးဘဝများစွာတို့က အကျိုးမရှိ ပြိန်ဖျင်းသောစကားကို ပြောကြားတော်မမူဘဲ ပစ္စုပ္ပန် တမလွန်နှစ်တန် အကျိုးရှိသော တရားစကားကို ဟောကြားတော်မူခဲ့၏။ သံသရာဝဋ်မှ လွတ်မြောက်ကြောင်း ကောင်းမှုဆယ်ပါးနှင့်စပ်သော တရားစကားကို ဟောကြားတော်မူခဲ့၏။ လူများ အပေါင်းအား ထိုကောင်းမှုဆယ်ပါးနှင့်စပ်သော ကြီးပွားမြင့်မောက် အထက်တန်းသို့ ရောက်စေနိုင်သည့် တရားစကားကို ထင်ရှား အောင် ဟောပြ၍ တရားအလှူကြီးကို ပေးတော်မူခဲ့၏။

ထိုကောင်းမှုကြောင့် နတ်ရွာ သုဂတိဘုံဌာနဋ္ဌ အသက် ရှည်ခြင်းစသော ဆယ်ပါးသော အရာဌာနတို့ဖြင့် တစ်ပါးသော နတ်တို့ထက် သာလွန်သော နတ်စည်းစိမ်ကို ခံစံတော်မူပြီးနောက် တစ်ဖန် လူ့အဖြစ်သို့ ရောက်တော်မူသောအခါ မြူမလိမ်းတွယ် စဉ်းငယ်မြင့်သော ခြေမဖျက်ရှိတော်မူခြင်း၊ လက္ခဏာတော်နှင့် မျက်နှာတော်ကိုမော်၍ ဖူးသည့်ပမာ အထက်သို့သာ အဖျားကော့ သည့် မွေးညင်းတော်ရှိခြင်း လက္ခဏာတော်ကြီးနှစ်ပါးတို့ကို ရတော်မူလေ၏။

http://www.dhammadownload.com

ယင်းလက္ခဏာတော်ကြီးနှစ်ပါးတို့နှင့် ပြည့်စုံတော်မူသည့် အတွက် လူ့ဘောင်၌နေလျှင် စကြာမင်းဖြစ်၍ လူတကာတို့ထက် ကြီးကဲမြင့်မြတ် အထက်တန်းရောက်ခြင်းတည်းဟူသော အကျိုး ဆက်ကို ရတော်မူ၏။ နောက်ဆုံးဘဝ သိဒ္ဓတ္ထမင်းသားကဲ့သို့ ရဟန်းပြုလျှင် သဗ္ဗညုဘုရားဖြစ်၍ ခပ်သိမ်းသော သတ္တဝါတို့ထက် ကြီးကဲမြင့်မြတ် အထက်တန်းရောက်ခြင်းတည်းဟူသော အကျိုး ဆက်ကို ရတော်မူ၏။

ပြဿနာ ၄ ချက်

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် သီတင်း သုံးတော်မူခိုက် အခါတစ်ပါးတွင် တာဝတိံသာနတ်ပြည်၌ နတ်များ အပေါင်း စည်းဝေး၍ ပြဿနာလေးချက်တို့ကို တင်ပြကြကုန်၏။

(၁) အလှူအပေါင်းတို့တွင် အဘယ်အလှူသည် အမြတ်ဆုံးဖြစ် သနည်း။

(၂) အရသာအပေါင်းတို့တွင် အဘယ်အရသာသည်အမြတ်ဆုံး ဖြစ်သနည်း။

(၃) မွေ့လျော်ခြင်းအပေါင်းတို့တွင် အဘယ်ဖြင့် မွေ့လျော်ခြင်း သည် အမြတ်ဆုံးဖြစ်သနည်း။

(၄) တဏှာ၏ ကုန်ခြင်းအဆုံး၌ဖြစ်သော အရဟတ္တဖိုလ်ကိုသာ လျှင် အဘယ့်ကြောင့် အမြတ်ဆုံးဟူ၍ ခေါ်ဆိုအပ်သနည်း။

http://www.dhammadownload.com

ထိုပြဿနာ လေးချက်တို့ကို တစ်ဦးတစ်ယောက်သော နတ်မျှ အဖြေမှန်ကို မဆုံးဖြတ်နိုင်ချေ။ နတ်သားတစ်ယောက်က နတ်သားတစ်ယောက်ကို ထိုနတ်သားကလည်း အခြားနတ်သား တစ်ယောက်ကို တစ်ဆင့်တစ်ဆင့် အချင်းချင်း မေးမြန်းကြရင်း စကြဝဠာတိုက်တစ်သောင်းတို့၌ တစ်ဆယ့်နှစ်နှစ်ပတ်ကြာသော်လည်း အဖြေမှန်ကို မဆုံးဖြတ်နိုင်ချေ။ သို့နှင့် နတ်များအပေါင်းသည် တစ်ဖန်စည်းဝေး၍ စုပေါင်းကြကာ စတုမဟာရာဇ်နတ်မင်းကြီးလေးဦးတို့အထံသို့ သွားကြကုန်၏။ ထိုအခါ နတ်မင်းကြီးတို့က မေး၏။

"အမောင်နတ်အပေါင်းတို့၊ အဘယ်အကြောင်းကိစ္စကြောင့် နတ်များအပေါင်း စည်းဝေး၍ လာကြကုန်သနည်း"

နတ်များအပေါင်းသည် စည်းဝေး၍ လာကြခြင်းအကြောင်းကို နတ်မင်းကြီးတို့အား ပြောပြ၏။ ထိုအခါ နတ်မင်းကြီးတို့က ပြန်၍ပြောပြ၏။

"အမောင် နတ်အပေါင်းတို့၊ ငါတို့သည်လည်း ဤပြဿနာတို့၏ အနက်အဓိပ္ပာယ်တို့ကို မသိကြပါကုန်။ စင်စစ်သော်ကား ငါတို့၏အရှင် သိကြားမင်းသည် ပုဂ္ဂိုလ်တစ်ထောင်တို့ ကြံစည်အပ်သော အနက်အဓိပ္ပာယ်တို့ကို ကြံစည် ဆင်ခြင်လိုက်လျှင် တစ်ခဏချင်းဖြင့်ပင် သိနိုင်၏။ ထိုသိကြားမင်းသည် ငါတို့ထက် အသိဉာဏ်ပညာ ဘုန်းတန်ခိုးအားဖြင့် သာလွန်မြင့်မြတ်သူ ဖြစ်ပေ၏။ လာကြလော့၊ သိကြားမင်း၏ အထံသို့ သွားကြကုန်အံ့"

http://www.dhammadownload.com

နတ်များအပေါင်းသည် စုပေါင်းကြကာ သိကြားမင်းထံ သွားသော် သိကြားမင်းကလည်း မေးပြန်၏။

"အမောင် နတ်အပေါင်းတို့၊ အဘယ့်ကြောင့် ယခုလောက်များစွာသော နတ်တို့၏ အစည်းအဝေးကြီး ဖြစ်ရသနည်း"

နတ်များအပေါင်းသည်အစည်းအဝေးကြီးဖြစ်ရခြင်းအကြောင်းကို သိကြားမင်းအား ပြောပြ၏။ ထိုအခါ သိကြားမင်းက ပြန်၍ ပြော၏။

သိကြားမင်း မတော်နိုင်

"အမောင်နတ်အပေါင်းတို့ ဤပြဿနာတို့၏အနက်အဓိပ္ပာယ်ကို ဘုရားရှင်မှတစ်ပါး အခြားသူ တစ်ဦးတစ်ယောက်မျှ မသိနိုင်။ ဤပြဿနာလေးရပ်တို့ကား ဘုရားရှင်၏ အရာသာ ဖြစ်ကုန်၏။ ယခုအခါ ဘုရားရှင် အဘယ်အရပ်မှာ နေတော်မူသနည်း"

"ဇေတဝန်ကျောင်းတော်မှာပါ"

"လာကြကုန်လော့။ ဘုရားရှင်၏ အထံတော်သို့ သွားရောက်မေးလျှောက်ကြကုန်အံ့"

သိကြားမင်းသည် နတ်အပေါင်းနှင့်တကွ ညဥ့်သန်းခေါင်ယာမ်အချိန်၌ ဇေတဝန်ကျောင်းတိုက် တစ်ခုလုံးကို ထွန်းလင်းတောက်ပစေ၍ ဘုရားရှင်ထံ ချဉ်းကပ်ပြီး ရှိသေစွာရှိခိုး၍ ပြဿနာလေးချက်ကို လျှောက်ထား၏။ ထိုအခါ ဘုရားရှင်က ဖြေကြား၏။

သိကြားမင်း၊ ကောင်းပြီ၊ ငါကား ပါရမီတို့ကို ဖြည့်ကျင့်၍ စွန့်ခြင်းကြီးငါးပါးတို့ကို ရဲရဲရင့်ရင့် စွန့်လှူ၍ သင်တို့ကဲ့သို့သော သူတို့၏ ယုံမှားကို ဖြတ်တောက်ပေးရန်ပင် သဗ္ဗညုတဉာဏ်တော်

http://www.dhammadownload.com

ကို ရအပ် သိအပ်ခဲ့လေပြီ။ သိကြားမင်း သင်မေးအပ်သော ပြဿနာလေးရပ်တို့၏ အဖြေကား ဤသို့ ဖြစ်၏။

အမြတ်ဆုံး ၄ ပါး

(၁) အလှူအပေါင်းတို့တွင် တရားအလှူသည် အမြတ်ဆုံး ဖြစ်၏။

(၂) အရသာအပေါင်းတို့တွင် တရားအရသာသည် အမြတ်ဆုံး ဖြစ်၏။

(၃) မွေ့လျော်ခြင်းအပေါင်းတို့တွင် တရားဖြင့် မွေ့လျော် ခြင်းသည် အမြတ်ဆုံးဖြစ်၏။

(၄) တဏှာကုန်ခြင်း၏ အဆုံးဌိဖြစ်သော အရဟတ္တဖိုလ် သည် ဝဋ်ဒုက္ခခပ်သိမ်း၏ ကုန်ငြိမ်းခြင်းသို့ ရောက်စေ တတ်သောကြောင့် အမြတ်ဆုံးဖြစ်၏။

အဘယ့်ကြောင့်အမြတ်ဆုံးဖြစ်သနည်း–

(၁) ဆွမ်း၊ သင်္ကန်းစသော အလှူအပေါင်းကို ပြုကြသူတို့ သည် တရားနာကြားရ၍သာ ပြုလုပ်ကြကုန်၏။ မနာကြားရဘဲ ပြုလုပ်ကြသည်မဟုတ်။ မှန်၏။ ဤသတ္တဝါတို့သည် အကယ်၍ တရားမနာကြားရလျှင် တစ်ယောက်ချို့မျှသော ယာဂုနှင့် တစ် ယောက်မ,မျှသော ဆွမ်းအလှူကိုပင် ပေးလှူကြမည်မဟုတ်ကုန်။ ထို့ကြောင့် တရားအလှူသည်သာလျှင် အမြတ်ဆုံးဖြစ်၏။

တစ်နည်းဆိုရသော် ဘုရား၊ ပစ္စေကဗုဒ္ဓတို့ကို ထား၍ ပညာ အရာ ဇောဒဂ်ရသော ရှင်သာရိပုတ္တ အစရှိသော ပုဂ္ဂိုလ်သူမြတ်

http://www.dhammadownload.com

တို့သော်မှလည်း တရားမနာဘဲ မိမိဘာသာ ဓမ္မတာဖြင့် သော တာပတ္တိဖိုလ်စသည်တို့သို့ မရောက်နိုင်ကြကုန်။ စင်စစ် ရှင်အသဖို စသည်တို့၏ အထံမှ တရားတော်ကို နာကြားရ၍သာလျှင် သောတာပတ္တိဖိုလ်သို့ မျက်မှောက်ဆိုက်ရောက်လေ၏။ ဘုရား ရှင်၏ တရားဒေသနာတော်ကို ကြားနာရသဖြင့် သာဝကပါရမီ ဉာဏ်ကို မျက်မှောက်ပြုတော်မူကြ၏။ ထို့ကြောင့် တရားအလှူ သည်သာလျှင် အမြတ်ဆုံးဖြစ်၏။

(၂) သစ်သီးအရသာ၊ သစ်ပွင့်အရသာ၊ နှံ့သာမျိုး အရသာ အာရုံ ၅ ပါးအရသာ အစရှိသော အလုံးစုံသော အရသာမျိုး တို့သည် သံသရာဝဋ်၌ ကျရောက်စေပြီးလျှင် ဆင်းရဲဒုက္ခ ဝေဒနာ ကို ခံစားရခြင်း၏ အကြောင်းသာလျှင် ဖြစ်ကုန်၏။ ဗောဓိပက္ခိယ တရား သုံးဆယ့်ခုနစ်ပါးနှင့်တကွ မဂ်၊ ဖိုလ်၊ နိဗ္ဗာန် ကိုးတန် သော တရားအရသာသည်ကား လောကီအရသာ အပေါင်းတို့ ထက် သာလွန်မြင့်မြတ်၏။

(၃) သားသမီး၊ ပစ္စည်းဥစ္စာ၊ ဇနီးမယား၊ ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း စသည်တို့ဖြင့် မွေ့လျော်ပျော်ပိုက်ခြင်း ဝမ်းမြောက် ရွှင်ပျခြင်း အပေါင်းတို့သည် သံသရာဝဋ်၌ ကျရောက်စေပြီးလျှင် ဆင်းရဲဒုက္ခဝေဒနာကို ခံစားရခြင်း၏ အကြောင်းသာလျှင် ဖြစ်၏။ တရားဟောကြားသော ပုဂ္ဂိုလ်၊ နာကြားသောပုဂ္ဂိုလ် စသည် တို့၏ အတွင်းသန္တာန်၌ တရားကို အာရုံပြု၍ ဖြစ်ပေါ်လာသည့် နှစ်သက်မွေ့လျော်ခြင်း ပီတိတရားကား တက်ကြွရွှင်လန်းခြင်းကို ဖြစ်စေ၏။ ဝမ်းသာလွန်း၍ မျက်ရည်တို့ပင် ယိုစီးစေ၏။ ကြက်သီး

http://www.dhammadownload.com

မွေးညှင်း ရွှင်ပျခြင်းကို ဖြစ်စေ၏။ ယင်းသို့ ဖြစ်စေတတ်သည့် တရားကို အာရုံပြု၍ ဖြစ်ပေါ်လာသော နှစ်သက်မွေ့လျော်ခြင်း ဓမ္မပီတိကသာလျှင် သံသရာဝဋ်၏အဆုံးကို ပြုတတ်၍အရဟတ္တဖိုလ် တိုင်အောင်သော ကောင်းကျိုးကို ပေးတတ်သောကြောင့် တရား ဖြင့် မွေ့လျော်ခြင်းသည် အမြတ်ဆုံးဖြစ်၏။

(၄) အရဟတ္တဖိုလ်မဂ်ခဏ၌ အလုံးစုံသော တဏှာတရား တို့ ကုန်ခန်းကြလေ၏။ အရဟတ္တမဂ်၏ အခြားမဲ့၌ အရဟတ္တ ဖိုလ် ဖြစ်ပေါ်လာလေ၏။ သို့ဖြစ်ရကား အရဟတ္တဖိုလ်ကို တဏှာ ကုန်ခြင်းအဆုံး၌ ဖြစ်ပေါ်သောကြောင့် တဏှာကွယဟူ၍ ခေါ်ရ လေ၏။ ထိုတဏှာကွယ ခေါ်ရသော အရဟတ္တဖိုလ်သည် ဝဋ်ဒုက္ခ အလုံးစုံကို လွှမ်းမိုးအောင်နိုင်သောကြောင့် အမြတ်ဆုံးဖြစ်၏။

သိကြားမင်းသည် ဘုရားရှင် အကျယ်အားဖြင့် ဟောကြား အပ်သော တရားဒေသနာတော်ကို နာကြားရလျှင် ဘုရားရှင်ကို ရိုသေမြတ်နိုး ရှိခိုး၍ လျှောက်ထား၏။

ဓမ္မဒါနအမျှဝေပါ

"မြတ်စွာဘုရား၊ တရားအလှူ ဓမ္မဒါနသည် ဤမျှ ကြီးကျယ် မြင့်မြတ် ချီးမွမ်းအပ်ပါလျက် အဘယ့်ကြောင့် တပည့်တော်အား ဓမ္မဒါန၏ အဖို့ဘာဂအမျှကို ပေးစေတော်မမူပါကုန်သနည်း။ မြတ်စွာဘုရား၊ တောင်းပန်ပါ၏။ ဤနေ့မှစ၍ ရဟန်းသံဃာကို တရားဟောပြီးလျှင် ထိုဓမ္မဒါန ကုသိုလ်အဖို့ဘာဂကို တပည့်တော် အား အမျှပေးစေတော်မူပါကုန်ဘုရား"

http://www.dhammadownload.com

ဘုရားရှင်သည် သိကြားမင်း၏ လျှောက်ထားတောင်းပန်ချက်ကို အကြောင်းတစ်ရပ် အဌုပ္ပတ်ပြု၍ ရဟန်းအပေါင်းကို စည်းဝေးစေပြီးလျှင် ဤသို့ မိန့်တော်မူ၏။

"ရဟန်းတို့၊ ယနေ့ကို အစပြု၍ ကြီးစွာသော တရားပွဲကြီးကို ဖြစ်စေ၊ ပကတိရိုးရိုး တရားပွဲကိုဖြစ်စေ၊ မိမိထံမှောက် ရောက်လာသူတို့အား တရားစကား ဟောကြားမှုကိုဖြစ်စေ အယုတ်ဆုံးအားဖြင့် အနုမောဒနာတရားကိုဖြစ်စေ၊ ဟောကြားပြီးလျှင် ခပ်သိမ်းသော သတ္တဝါတို့အား အမျှပေးဝေကြကုန်လော့"

"မွေ့ဿဝ၊ ဗုဒ္ဓသြဝါ၊ သာသနာတိ၊ မဟာသမယ၊ ဒုလ္လဘဋ္ဌ၊ အရကြံ့ချက်၊ ပုညစက်နှင့်၊ မပျက်မှန်ဘိ၊ လူ့ဇာတိတို့ ပဏိဓိဂုဏ်၊ ယွင်းမသုန်ဘဲ၊ စက်ဟုန်မဆိုင်း၊ လိုရာစိုင်းက၊ နတ်တိုင်းကာမာ၊ ထက်ဗြဟ္မာနှင့်၊ နိဗ္ဗုတာရုံ၊ ဘေးမဲ့လုံသည်၊ ရွှေဘုံပြသာဒ်၊ ပြည်ရိမဒ်သို့၊ မချွတ်ရောက်နိုင်၊ အခေါင်တိုင်၍၊ သုံးဆိုင်ဘုံလေ့၊ ဝင့်မီးငွေ့ဖြင့်၊ စုတေ့ပဋိသန်၊ အတန်တန်လျှင်၊ ဖြစ်ပြန်ပျက်ခြင်း၊ ဒုက္ခကင်းလျက်၊ သေမင်းမမြင်၊ ငြိမ်းရာဝင်သည်၊ ကယ်လျှင်မဆိတ်ကြသော်ကား။"

စေတီရုပ်ပွားတည်ထားခြင်းနှင့်ရေစက်ချခြင်း၊ မရခြင်း

လောက၌ စေတီတော်ကြီး၊ ရုပ်ပွားတော်ကြီးများကိုတည်ထားကိုးကွယ်သူမှာ မည်သည့်ဒါနမျိုး ဖြစ်သနည်း။ ဤကိစ္စနှင့် ပတ်သက်၍ အချို့ပုဂ္ဂိုလ်တို့က ဤသို့ မိန့်ဆိုကြ၏။

http://www.dhammadownload.com

"စေတီတော်ကြီး ရုပ်ပွားတော်ကြီးများကို တည်ထားသူမှာ ပစ္စည်းဥစ္စာများစွာ စွန့်လွှတ်ရသော်လည်း ဒါနမဖြစ်နိုင်၊ ဒါန ဟူသည် အလှူခံပုဂ္ဂိုလ်၊ လှူဖွယ်ဝတ္ထု၊ အလှူဒကာ ပြည့်စုံမှ ဖြစ်ရ၏။ စေတီတော်ကြီး၊ ရုပ်ပွားတော်ကြီး တည်ထားရာမှာ အလှူဒကာ ထင်ရှားရှိသော်လည်း အလှူခံပုဂ္ဂိုလ် မရှိ။ မည်သူ့ အား လှူဒါန်းရမည်နည်း။ ဤသို့ အလှူခံပုဂ္ဂိုလ် မရှိသည့်အတွက် ဒါနပင်မဖြစ်နိုင်။ ဗုဒ္ဓါနုဿတိဆိုင်ရာ သမထ ကမ္မဋ္ဌာန်းသာ ဖြစ်သင့်၏။ ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်တို့ကို အဖန်ဖန် နှလုံးသွင်းခြင်းသည် ဗုဒ္ဓါနုဿတိ ဖြစ်၍ စေတီ ရုပ်ပွားတည်ထား သူသည် မည်သည့်အလှူခံပုဂ္ဂိုလ်အား မျှ စွန့်လှူရန် ရည်သန်သည် မဟုတ်၊ ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်တို့ကို အဖန်ဖန်နှလုံး သွင်းရာ၌ ထင်ထင်ရှားရှားကြီး နှလုံးသွင်းနိုင်စေရန် အထည်ကိုယ် ဖော်ပြတည်ထားခြင်းသာ ဖြစ်၏။ ဤစေတီရုပ်ပွားများကို ရှိခိုး ပူဇော်ခြင်းဖြင့် ဘုရားဂုဏ်တော်တို့ကို အထူးထင်မြင်စေနိုင်သော ကြောင့် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းနှင့်သာ သက်ဆိုင်သည်ဟု မှတ်ရမည်"

"စေတီတော်ကြီး၊ ရုပ်ပွားတော်ကြီးများ တည်ထားသူသည် ရှိသေသင့်၊ ရှိသေထိုက်ဆုံးဖြစ်သော ဘုရားရှင်ကို အရှိအသေ ပြု၍ ပူဇော်ရန် တည်ထားခြင်းဖြစ်သောကြောင့် ပုညကိရိယဝတ္ထု ဆယ်ပါးတွင် အပစာယန ကုသိုလ်ဖြစ်၏။ ယင်းကုသိုလ်ကို သီလထဲမှာ ထည့်သွင်းရမည်။ အကြောင်းကား ရှိသေသင့် ရှိသေ ထိုက်သောအရာကို ရှိသေခြင်းသည် စာရိတ္တ သီလမျိုးပင်ဖြစ်၍

http://www.dhammadownload.com

စေတီရုပ်ပွား တည်ထားသည့် ကုသိုလ်ကို ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း ထဲသို့ မသွင်းထိုက်၊ သီလထဲသို့သာ သွင်းထိုက်၏။

ဤဆရာများ ပြဆိုကြသော ဗုဒ္ဓါနုဿတိ သမထကုသိုလ် နှင့် အပစာယန သီလကုသိုလ်တို့မှာ ဝတ္ထုပစ္စည်း စွန့်လှူရခြင်းနှင့် မသက်ဆိုင်၊ ယခုစေတီတော်ကြီး၊ ရုပ်ပွားတော်ကြီးများ တည်ထား ရာမှာ ဝတ္ထုပစ္စည်းများစွာ စွန့်လှူရသည်ဖြစ်သောကြောင့် ဒါနမှုနှင့် သာ သက်ဆိုင်ပေ၏။

ဒါနပင်ဖြစ်၏

'ဒါနမှုနှင့် သက်ဆိုင်သည်ဆိုလျှင် အလှူခံပုဂ္ဂိုလ် မရှိဘဲနှင့် ဒါနဖြစ်နိုင်ပါသလော'။ မည်သည့် တရားမျိုးကိုမဆို လက္ခဏ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်လေးပါးတို့ဖြင့် ခွဲခြမ်းစိစစ်လျှင် အမှန်ဆုံး သဘောကို ရနိုင်သည်ဟု ပြဆိုခဲ့ပြီးသော နည်းအတိုင်း 'ဒါနသည် လှူဖွယ်ဝတ္ထုတို့ကို စွန့်လွှတ်ခြင်း လက္ခဏာရှိရကား စေတီရုပ်ပွား တည်ထားသူဒကာမှာလည်း ပစ္စည်းဝတ္ထုတို့ကို စွန့်လွှတ်ခြင်း ဒါန လက္ခဏာ၊ ထိုပစ္စည်းဝတ္ထုတို့၌ တွယ်တာမှုကို ဖျက်ဆီးခြင်းဒါန၏ ကိစ္စရသ၊ ဘဝဘောဂတို့နှင့် ပြည့်စုံခြင်း အကျိုးပစ္စုပဋ္ဌာန်၊ ပစ္စည်း ဝတ္ထုတည်းဟူသော ဒါန၏ ပဒဋ္ဌာန် ဤလေးတန်နှင့် ပြည့်စုံနေပြီ ဖြစ်သောကြောင့် ဒါန ဖြစ်သည်ဟူ၍သာ မှတ်ရာ၏။

တစ်နည်းဆိုသော် စေတီရုပ်ပွားတော်များကို ကြည်ညိုဖူးမြော် သူ ပူဇော်သူ နတ်လူအပေါင်းသည် အလှူခံပုဂ္ဂိုလ်တို့ပင် ဖြစ်၏။ စေတီတော် ရုပ်ပွားတော်ကြီးများမှာလည်း နတ်လူတို့၏ ဖူးမြော်

http://www.dhammadownload.com

ပူဇော်သောအားဖြင့် အသုံးပြုရန် ဝတ္ထုပင် ဖြစ်သောကြောင့် လှူဖွယ်ဝတ္ထုပင် ဖြစ်၏။

မှန်၏၊ လောကဌ် ပစ္စည်းဝတ္ထုအမျိုးမျိုးတို့ကို သက်ဆိုင်သလို အသုံးပြုကြ၏။ စားသောက်ဖွယ်ရာ ဝတ္ထုတို့ကို စားသောက်သောအားဖြင့် အသုံးပြုကြ၏။ ဝတ်ဆင်ဖွယ်ရာ ဝတ္ထုတို့ကို ဝတ်ဆင်သောအားဖြင့် အသုံးပြုကြ၏။ ကြည်ညိုမြတ်နိုး ရှိခိုးဖွယ် ဝတ္ထုကို ရှိခိုးသောအားဖြင့် အသုံးပြုကြ၏။

ရေတွင်း ရေကန်ကဲ့သို့

လူအများသွားလာရာ လမ်းခရီးဌဲ့ ရေတွင်း၊ ရေကန်ကြီးများ တူးဖော်ထားလိုက်လျှင် ထိုရေတွင်း၊ ရေကန်ကြီးများတို့ကို မည်သူ့အားမျှ ရေစက်ချ၍ မလှူဒါန်းရသော်လည်း အများသောက်သုံးရန် ရည်သန်သည့်အတိုင်း ရောက်သမျှလူတို့ သောက်ချိုး သုံးဆောင်နေကြပါလျှင် ထိုရေတွင်း၊ ရေကန်ရှင် ဒကာကို ဒါနမမြောက်ဟူ၍ မဆိုထိုက်၊ ထိုရေတွင်း၊ ရေကန်ရှင်သည် မည်သူ့ကိုမျှ လှူဒါန်းရမည်ဟု ရည်သန်သည်မဟုတ်။ ကြုံကြိုက်သမျှပုဂ္ဂိုလ်တို့ သောက်ချိုးသုံးစွဲရန် ရည်သန် တူးဖော်ထားခြင်းဖြစ်၍ ဒါနမြောက် သကဲ့သို့ပင်တည်း။

သို့ဖြစ်၍ (၁) စေတီရုပ်ပွား တည်ထားသူတို့ကား အလှူဒကာ၊ (၂) စေတီရုပ်ပွားတော်များကား လှူဖွယ်ဝတ္ထု၊ (၃) ရှိခိုးပူဇော်သူ ဖူးမြော်သူ နတ်လူတို့အား အလှူခံပုဂ္ဂိုလ်ဟူ၍ ဝေဖန်လျှင်သင့်လျော်နိုင်ပေ၏။

http://www.dhammadownload.com

စေတီရုပ်ပွားတော်ကြီးများကို လှူဖွယ်ဝတ္ထုဟု ဆိုခြင်းငှာ ထိုက်တန်ပါမည်လော? အပြစ်ပင် ရှိမည်မဟုတ်ပါလော?။ ဓမ္မ စေတီဖြစ်သော ပိဋိကတ်တော်များ ကိန်းဝပ်ရာ စာတိုက် ဗီရိုများကဲ့သို့ သာရီရိက တည်းဟူသော ဓာတုစေတီတို့၏ ကိန်းဝပ်ရာ ဖြစ်၍ လှူဖွယ်ဝတ္ထုဟု ဆိုထိုက်ပါ၏။ အပြစ်မရှိပါ။

ရေစက်ချ မချ

စေတီရုပ်ပွားတော် တည်ထားရာ၌ ရေစက်ချမှု မထင်ရှား သောကြောင့် ဒါန ဖြစ်သင့် မဖြစ်သင့်? စင်စစ်သော်ကား ရေစက် ချမှ ဒါနမြောက်သည်ဟူ၍ ကျမ်းဂန်တို့၌မလာ၊ သို့သော် လှူဒါန်း သည့်အခါ ရေစက်ချခြင်းသည် ရှေးထုံး အစဉ်အလာကြီးတစ်ခု ဖြစ်နေ၏။

သာဓက တစ်ရပ်

သံဃာများ ဝါကျွတ်၍ သင်္ကန်းအလှူ မရောက်သေးမီ ရဟန်း အချင်းချင်း ကျောင်းတိုက်အတွင်းမှာ မသင့်မတင့် နှစ်ပက္ခကွဲပြား ကြပြီနောက်မှ ဒကာတို့က တပက္ခရှိ ရဟန်းများထံ သင်္ကန်းများ စုပုံဆက်ကပ်လှူဒါန်းပြီးလျှင် အခြား တပက္ခရှိ ရဟန်းများထံသို့ သွား၍ ရေစက်သွန်းချပြီးလျှင် "ပက္ခဿ ဒေမ=တစ်ဖက်သော သံဃာအား လှူဒါန်းပါ၏"ဟု ဆို၍ လှူဒါန်းသော သင်္ကန်းကို ဝေဖန်ရန်အတွက် ရေစက်ချခြင်းကို ပမာဏ မပြုအပ်သော ဒေသမှာ ဖြစ်လျှင် သင်္ကန်း အလှူခံရသော ပက္ခဝင် သံဃာတို့သာ သင်္ကန်း ပိုင်၏။ ရေစက်မျှကိုသာခံရသော သံဃာတို့မှာ သင်္ကန်းမပိုင်ဆိုင်။

http://www.dhammadownload.com

ရေစက်ချခြင်းကို ပမာဏပြုသော အရပ်ဖြစ်မှုကား ရေစက်ခံရသော သံဃာများကလည်း ရေစက်ခံရသည့်အတွက် သင်္ကန်းပိုင်ဆိုင်သည်။ သင်္ကန်းအလှူခံရသော သံဃာများကလည်း သင်္ကန်းလက်ရှိဖြစ်သည့်အတွက် သင်္ကန်းပိုင်ဆိုင်သောကြောင့် နှစ်ပက္ခလုံးအညီအမျှ ခွဲဝေသုံးဆောင်ရမည်။ ဤသို့ သုံးဆောင်ရခြင်းသည် သမုဒ္ဒရာ၏ တစ်ဖက်ကမ်းအရပ်၌ ပြုလုပ်လေ့ရှိသော အမှတ်လက္ခဏာပင် ဖြစ်သည်ဟူ၍ သီဟိုဠ်ကျွန်းမှနေ၍ ညွှန်း၏။ "သမုဒ္ဒရာ၏ တစ်ဖက်ကမ်းအရပ်ဟု" ညွှန်းလိုက်သော ဒေသသည် ဇဗ္ဗူဒီပ်ကျွန်းပင် ဖြစ်သောကြောင့် ရေစက်ချခြင်းအလေ့သည် ဇဗ္ဗူဒီပ် ကျွန်းသူတို့၏ အလေ့ပင် ဖြစ်သည်ဟု မှတ်ယူအပ်၏။

ရေစက်ချ ပဓာနမဟုတ်

ဤတွင် "ရေစက်ချခြင်းကို ပမာဏပြုသောအရပ်၊ ပမာဏမပြုသောအရပ်"ဟု နှစ်မျိုးခွဲခြား ပြသထားသည်ကို ထောက်သဖြင့် ရေစက်ချမှ ဒါနမြောက်သည်ဟု မဆိုနိုင်ပေ။ အစဉ်အလာလိုက်နာ၍ ရေစက်ကို ပမာဏပြုသော သူတို့မှာသာ ရေစက်အရေးကြီးသည်။ ပမာဏမပြုသော သူတို့အဖို့မှာကား ရေစက်အရေးမကြီးကြောင်း ထင်ရှားပေ၏။ သို့ဖြစ်၍ ဒါနမြောက်မှုမမြောက်မှုမှာ ရေစက်ချခြင်းကို အဓိက ထည့်သွင်း စဉ်းစားရန် အခွင့်မရှိဟု မှတ်ယူသင့်ပေ၏။ သို့သော် ရေစက်ချလျှင် ပတ္တိဒါန ပတ္တာနုမောဒန ကုသိုလ်များ တိုးပွားလာ၍ ရေစက်ချခြင်းကား သာ၍ ကောင်းပါ၏။

http://www.dhammadownload.com

သာဝသေသဒါန၊ နိရဝသေသဒါန

အလှူခံပုဂ္ဂိုလ် ဆိုက်ရောက်သောအခါ လှူဖွယ်ဝတ္ထုကို အကြွင်းထား၍ လှူဒါန်းခြင်းသည် "**သာဝသေသဒါန**" မည်၏။ လှူဖွယ်ဝတ္ထုကို အကြွင်းမထားမူ၍ အကုန်လှူဒါန်းခြင်းသည် "**နိရဝသေသဒါန**" မည်၏။

အတိတ်ဘဝတစ်ခုသော ကာလက ဗာရာဏသီပြည်တွင် သူဌေးတစ်ယောက်ရှိ၏။ သူ့တွင် ဂန္ဓမည်သော သားတစ်ယောက် ရှိ၏။ ဂန္ဓ အရွယ်ရောက်သော် ဖခင်သူဌေး သေလွန်လျှင် သူဌေး ရာထူး ရ၏။ ထိုအခါ ဘဏ်တိုက်စိုးက ဘဏ်တိုက်ဖွင့်ပြီး ဂန္ဓ သူဌေးအား ပြောပြ၏။

"အရှင်၊ ဤမျှသော ဥစ္စာသည်ကား သင်၏အဘဘက်မှ ဥစ္စာတည်း။ ဤမျှသောဥစ္စာကား သင်၏ အဘိုးအဘွားတို့ဘက်မှ ဥစ္စာတည်း"

"အသို့နည်း၊ သူတို့ ဤဥစ္စာတွေကို ယူမသွားဘူးလား"

"အရှင်၊ ဥစ္စာကို ယူသွားနိုင်သောသူ မည်သည်မရှိ၊ မိမိပြုအပ်သော ကုသိုလ် အကုသိုလ်ကိုသာလျှင် ယူသွားကြကုန်၏"

"သူတို့သည် နားမလည်သည့်အတွက် ဥစ္စာကို စုဆောင်းရှာဖွေပြီး စွန့်ထား၍ သွားကြကုန်၏။ ငါသည်ကား ဤဥစ္စာအားလုံးကို ယူသွားအံ့"

ပျော်မယ် ပါးမယ်

သူသည် ဤသို့ ကြံစည်သော်လည်း လှူဒါန်းပေးကမ်းပူဇော်မှုပြုအံ့ဟူ၍ မကြံစည်ဘဲ 'ဤဥစ္စာအားလုံးကို စားသောက်၍

http://www.dhammadownload.com

သာလျှင် ယူသွားအံ့'ဟု ကြိုပြီးလျှင် တစ်သိန်းတန်ပလ္လင်၊ တစ်သိန်းတန် ထမင်းစားပန်းကန်၊ တစ်သိန်းတန် မဏ္ဍပ် စသည်ဖြင့် သူ၏ အသုံးအဆောင်တို့ကို တစ်သိန်းတန်ချည်း ပြုလုပ်စေ၏။ နံနက်စာအတွက် တစ်ထောင်တန်၊ ညစာအတွက် တစ်ထောင်တန် စား၏။ လပြည့်နေ့၌မူ "ဂန္ဓသူဌေး၏ ထမင်းစားပွဲကို ကြည့်ရှုကြလော"ဟု မြို့ကို စည်လည်စေပြီးလျှင် အခြံအရံများခြံရံ၍ တစ်သိန်းတန် စား၏။ လူအများသည် သူ့ထမင်းစားပွဲသို့ လာရောက်ကြည့်ရှုကြကုန်၏။

အခါတစ်ပါး တောသားတစ်ယောက်သည် မြို့သို့လာသော် သူတစ်သိန်းတန် ထမင်းစားသော လပြည့်နေ့နှင့်ကြုံသဖြင့် မြို့သား သူငယ်ချင်းက လိုက်၍ပြ၏။ ထိုအခါ တောသားသည် သူ၏ ထမင်းအနံ့ကိုရလျှင် စားလိုသော တဏှာအာသာဖြစ်၍ မြို့သား သူငယ်ချင်းကို ပြောပြ၏။

"အဆွေ၊ အကျွန်ုပ် ထိုသူဌေးထမင်းပွဲမှ ထမင်းကို စားလိုအာသာ တဏှာဖြစ်ပါ၏"

"အဆွေ၊ ထိုထမင်းဆုပ်ကို မတောင့်တလင့်၊ မရနိုင်ပါ"

"အဆွေ၊ မရသော် အကျွန်ုပ် သေရပါအံ့၊ သေရလောက်အောင် စားလိုအာသာ ပြင်းပြပါ၏"

တဏှာကျွန်

သို့နှင့် အကျိုးအကြောင်းပြောပြ၍ သူဌေးထံ ထမင်းတစ်လုတ်စာ ပေးပါရန်တောင်း၏။ သူဌေးက "မပေးနိုင်၊ ထမင်း

http://www.dhammadownload.com

တစ်လုတ်စာသည် တစ်ရာလည်း တန်၏၊ နှစ်ရာလည်း တန်၏၊ တောင်းတဲ့လူတိုင်းအား ပေးရလျှင် သူဘာစားမည်နည်း၊ အချည်း အနှီး အခမဲ့ဖြင့် မပေးနိုင်။ အကယ်၍ မစားရလျှင် သေအံ့၊ သုံးနှစ်ကျွန်ခံလျှင် စားရအံ့"ဟု ပြောပြ၏။ ထိုအခါ တောသား သည် စားလိုအာသာ တဏှာကို မမျိုသိပ်နိုင်ရကား သုံးနှစ် ကျွန်ခံရမည်ကို သုံးရက်လောက် ထင်မှတ်၍ သဘောတူကာ သားမယားတို့ကို ပယ်စွန့်ပြီး သုံးနှစ်ကျွန်ခံ၏။

"တဏှာလမ်းသွား၊ ခရီး မှားလျှင်၊ ရိရှား ပန်းပင်၊ ကန္တာ ပြင်ဝယ်၊ မမြင်ရှေ့နောက်၊ အာခေါင်ခြောက်လျက်၊ သောက်လေ သောက်လေ၊ ငတ်မပြေသား၊ ဆားရေတမျှ၊ နတ်ကာ မလည်း၊ မဝနိုင်စွာ၊ တဆာဆာတည်း"

ဟယ်–ထမင်းတစ်နပ်

သူသည် ထမင်းစားလိုသောအာသာ တဏှာနှင့် သူဌေး ခိုင်းသမျှ ကိစ္စအဝဝ တစ်စမကျန် ကျေပွန်စွာ ရွက်ဆောင် ပြုလုပ်၏။ သူ့ကို "ဘတ္တ–ထမင်း၊ ဘတိက–အခပေးရသူ"ဖြစ်၍ ဘတ္တဘတိကဟူ၍ လူအများက ခေါ်ကြ၏။ သူဌေးသည် သူ၏ ဝတ္တရားကျေပွန်မှုကြောင့် သုံးနှစ်ပြည့်သော် စိန္တာမဏိ ဇနီးချစ်မှ တစ်ပါး သူ့အား သူဌေးအဆောင်အယောင်အားလုံး၊ အလုပ် အကျွေးအားလုံးပေး၍ "ဘတ္တဘတိက၏ ထမင်းစားပွဲကိုကြည့်ရှု ကြလော့"ဟု မြို့ကိုစည်လည်စေပြီး နံနက်စာ ထမင်းစားစေ၏။ ဂန္ဓသူဌေး၏ အလုပ်အကျွေးများနှင့် သူဌေးအဆောင်အယောင်

http://www.dhammadownload.com

များသည် ဘတ္တဘတိကအနီးအနားတွင် ဝိုင်းဝိုင်းလည်နေ၏။ မြို့သူမြို့သား လူအများသည် ကြက်ပျံမကျ လာရောက်ကြည့်ရှုကြ၏။ သူသည် ထမင်းစားပွဲတွင် တင့်တယ် စမ္ပာယ်စွာ ထိုင်လျက်ရှိ၏။ ထိုအချိန်တွင် ပစ္စေကဗုဒ္ဓအရှင်မြတ်သည် ကြွရောက်၍ သူ၏ရှေ့မှောက်၌ ဆွမ်းရပ်၏။ သူသည် ပစ္စေကဗုဒ္ဓ အရှင်မြတ်ကို မြင်လျှင် စဉ်းစား၏။

"ငါသည် ရှေးရှေးဘဝက မလှူခဲ့ဖူးသည့်အတွက် ထမင်းတစ်နပ်စာ သုံးနှစ်ကျွန်ခံမှ ယခုစားရမည်ဖြစ်၏။ ဤထမင်းသည် ငါ့ကို တစ်နေ့တစ်ညဉ့်သာလျှင် စောင့်ရှောက်ရာ၏။ အကယ်၍ ဤအရှင်မြတ်အား လှူအံ့၊ များစွာသော ကမ္ဘာအကုဋေတို့တိုင်အောင် စောင့်ရှောက်လိမ့်မည်၊ အရှင်မြတ်အား လှူအံ့"ဟု ရဲရဲပြတ်ပြတ် စဉ်းစားဆုံးဖြတ်၏။

ဤသို့ဆုံးဖြတ်ပြီးလျှင် သုံးနှစ်တိုင်တိုင် ကျွန်ခံ၍ရထားသော ထမင်းပွဲကို စားလိုသော အာသာတဏှာ ပယ်ဖြတ်၍ ကိုယ်တိုင် မိမိလက်ဖြင့် ယူငင်ထသွားပြီး အရှင်မြတ်အား ထိခြင်းငါးပါးနှင့် အညီ ရိုသေစွာရှိခိုး၍ လောင်းလှူ၏။ အရှင်မြတ်သည် တစ်ဝက်မျှ လောင်းလှူပြီးသော် သပိတ်ကို ပိတ်၏။ ထိုအခါ သူက လျှောက်ထား၏။

"အရှင်မြတ်ဘုရား၊ ဤဆွမ်းသည် တစ်ယောက်စာမျှသာ ဖြစ်ပါသည်၊ နှစ်ဖို့ မခွဲလောက်ပါ၊ အကျွန်ုပ်ကို ဤလောက အတွက်သာ မချီးမြှောက်ပါနှင့်၊ နောက်လောကအတွက်တာပါ ချီးမြှောက်ပါ၊ အကြွင်းမထား အကုန်သာ လှူလိုပါ၏"

http://www.dhammadownload.com

ပမာဏကို သိရခြင်း

အဘယ်ကြောင့် အရှင်မြတ်သည် တစ်ဝက်မျှလောင်းလှူပြီးသော် သပိတ်ကို ပိတ်သနည်း? ရဟန်းတော်တို့တွင် ပစ္စည်းလေးပါး ခံယူသုံးဆောင်ရာ၌ ရောင့်ရဲမှုသန္တောသတရား တိုးပွားစိမ့်သောငှာ ခံယူခြင်း၊ သုံးဆောင်ခြင်း၌ အတိုင်းအရှည်ကို သိရာ၏။ ထိုတွင် ခံယူခြင်း၏ အတိုင်းအရှည်ကို သိမှုဟူသည်မှာ အလှူဝတ္ထုအနည်းအများ ပမာဏ၊ လှူသူဒကာ၏ လှူလိုသော ကုသိုလ် ဆန္ဒပမာဏ၊ မိမိ၏ပမာဏ ဤသုံးပါးကို နှိုင်းချိန်၍ ခံယူခြင်းကိုခေါ်သည်။ ထိုတွင်–

(၁) လှူဖွယ်ဝတ္ထုကမျှား၍ ဒကာ၏ လှူလိုသော ကုသိုလ်ဆန္ဒက နည်းနေလျှင် ဒကာ၏ လှူလိုသော ကုသိုလ်ဆန္ဒကိုငဲ့၍ နည်းနည်းပင် ခံယူရာ၏။

(၂) လှူဖွယ်ဝတ္ထုက နည်း၍ ဒကာ၏ လှူလိုသောကုသိုလ် ဆန္ဒက များနေလျှင် လှူဖွယ်ဝတ္ထုနည်းပါးသည်ကိုငဲ့၍ နည်းနည်းပင် ခံယူရာ၏။

(၃) လှူဖွယ်ဝတ္ထုကလည်းများ၏ ဒကာ၏ လှူလိုသောကုသိုလ် ဆန္ဒကလည်း များနေလျှင် မိမိ၏ပမာဏကိုသိ၍ မျှတရုံသာ ခံယူရာ၏။

ဤခံယူမှုသုံးမျိုးကိုခံယူခြင်း၌ အတိုင်းအရှည်သိမှုဟုခေါ်သည်။ အရှင်မြတ်သည် နှစ်နံပါတ်အရကျင့်သုံး၍ သပိတ် ပိတ်သည်။ တစ်ဖန် ပစ္စည်းလေးပါးတို့ကို ပစ္စဝေက္ခဏာတင် ဆင်ခြင်၍ သုံးဆောင်ခြင်းကို သုံးဆောင်ခြင်း၌ အတိုင်းအရှည်သိမှုဟု ခေါ်၏။

http://www.dhammadownload.com

သူသည် ထိုသို့လျှောက်ထားသောအခါမှ အရှင်မြတ်သည် အကုန်အလှူခံ၏။ သူသည် လောင်းလှူပြီးလျှင် ရှိသေစွာ ရှိခိုး ဦးချ၍ ဆုတောင်းပတ္ထနာပြု၏။

ဆုတောင်းမှန်စေ

"အရှင်မြတ်ဘုရား၊ အကျွန်ုပ်သည် ဤတစ်နပ်စာထမင်းကို အမှီပြု၍ ဆင်းရဲငြိုင်ငိုစွာ သူတစ်ပါးအိမ်တွင် သုံးနှစ်တိုင်တိုင် ကျွန်ခံခဲ့ရပါ၏။ ယခုအခါ၌ အကျွန်ုပ်အား ဖြစ်တိုင်း ဖြစ်တိုင်းသော ဘဝဝယ် ချမ်းသာသုခသည်သာလျှင် ဖြစ်ပါစေသား၊ အရှင်မြတ်တို့ သိသည့် သစ္စာလေးပါးတရားတော်ကို သိရပါစေသား"

"အရှင်မြတ်တို့ သိသည့် သစ္စာလေးပါးတရားတော်ကို သိရပါစေသား"ဟူ၍ ဆုတောင်းခြင်းသည် "မဂ်ဖိုလ်နိဗ္ဗာန် ရောက်ရစေသား"ဟူ၍ ဆုတောင်းသည်နှင့်တူ၏။ ဤသို့ ကုသိုလ်တစ်ခုခု ပြုပြီး မဂ်ဖိုလ်နိဗ္ဗာန်ဆုမတောင်းမူ သူမိုက်အလှူဟု ရှင်မဟာသီလဝံသ အကျော် စပ်ဆိုခဲ့၏။

"သူမိုက်အလှူ၊ ပေးပါမူလည်း၊ ရွယ်ချူဖိုလ်မင်္ဂ၊ မပန်နက်တည့်၊ မှာဘက်ဝယ်သာ၊ ကျင်လည်ရှာ၍၊ ဤရွာဤမြေ၊ ဤရွှေငွေနှင့်၊ ဤဆွေမိဘ၊ ခင်ပွန်း စသည်၊ တကွမကွာ၊ ငါ သူသာလျှင်၊ ငဲ့ငှာစတေ၊ ငဲ့ကိုယ်သေလည်း၊ ဖြစ်စေသတည်း"

အရှင်မြတ်သည် "တောင်းတဲ့ဆုနှင့် ပြည့်စုံစေ"ဟူ၍ ဆုပေးပြီး ကြွသွား၏။ လူများအပေါင်းသည် မိုးကြိုးပြိုကျသည့်ပမာ

http://www.dhammadownload.com

ပဲ့တင်ဟိန်း၍ ကြီးစွာသော အသံတို့ဖြင့် ကောင်းချီး ထောပနာ သြဘာပေးကြကုန်၏။ ဂန္ဓသူဌေးသည် ထိုအသံတို့ကိုကြားလျှင် ထိတ်လန့်တကြားဖြစ်၍ စဉ်းစား၏။

"ဘတ္တာဘတိကသည် ငါပေးသော စည်းစိမ်ချမ်းသာကို မဆောင်နိုင်လို့ လူများအပေါင်းက စည်းဝေးစုရုံးပြီး ပြောင်လောင်ကဲ့ရဲ့သည်ထင်၏"

သို့နှင့်သူသည် အစေတစ်ပါးတစ်ယောက်ကိုခေါ်၍ အကြောင်းစုံ သိရန် စေလွှတ်စုံစမ်းခိုင်း၏။ အစေတစ်ပါးသည် ပြန်လာ၍ သူ့အားပြောပြ၏။

"အရှင်၊ စည်းစိမ်ကို ဆောင်သူမည်သည် ဘတ္တာဘတိက ကဲ့သို့ ဖြစ်ရာ၏"

ဂန္ဓသူဌေးသည် အစေအပါး၏ ပြောပြချက်အရ ဘတ္တာဘတိက၏ အကြောင်းကိုသိရလျှင် ငါးမျိုးသောပီတိသည် သူ၏ကိုယ်ကို လွှမ်းမိုး၍ ကောင်းချီးသြဘာ ထောပနာပြု၏။

"သြော်-ဘတ္တာဘတိကသည် အလွန်တရာ ပြုနိုင်ခဲသော အမှုကို ပြုပါလေ၏။ ငါသည် ဤမျှ အသက်ပတ်လုံး ဤသို့သော စည်းစိမ်၌ တည်ရှိပါသော်လည်း တစ်စုံတစ်ခုမျှ မလှူဒါန်းနိုင်"

သို့နှင့် သူသည် ဘတ္တာဘတိကကိုခေါ်၍ မေး၏။ ဘတ္တာဘတိကသည် သူ့အား အကြောင်းစုံပြောပြ၏။ ထိုအခါ သူက ပြော၏။

"ဘတ္တာဘတိက၊ ဒါဖြင့်လျှင် ငွေတစ်ထောင်ယူပြီး သင်၏ အလှူဒါန ကုသိုလ်အဖို့ဘာဂအမျှကို ငါ့အားပေးလော့"

http://www.dhammadownload.com

ဘတ္တာဘတိကသည် သူပြောတိုင်းပြု၏။ ထို့နောက်သူသည် ဘတ္တာဘတိကအား သူ၏စည်းစိမ်ကို ထက်ဝက်ခွဲ၍ပေး၏။ ဘုရင်မင်းမြတ်ကလည်း စည်းစိမ်များစွာပေး၍ သူဌေးထီးဖြူ ဆောင်းစေ၏။ "ဘတ္တာဘတိကသူဌေး" ဟူ၍ ထင်ရှားကျော်ကြား၏။ ဂန္ဓသူဌေးသည် ဘတ္တာဘတိကသူဌေးအကြောင်း ပြု၍ ဒါန စသောကုသိုလ်မူ၌ မွေ့လျော်လာ၏။ သူတို့နှစ်ဦးသည် အလွန်ရင်းနှီးကြကုန်၏။

အကျိုးဆက်များ

ဘတ္တာဘတိကသူဌေးသည် အသက်ထက်ဆုံး ဒါနအစရှိသောကောင်းမှုတို့ကိုပြု၍ သေလွန်သော် တာဝတိံသာနတ်ပြည်သို့ရောက်၏။ သူသည် လူ့ပြည် နတ်ပြည်တို့၌ စုံဆန်လူးလာကျင်လည်ကာ နေရ၏။ အပါယ်သို့ မကျရောက်ချေ။ ဂေါတမဘုရားရှင် လက်ထက်တော်တွင် သာဝတ္ထိပြည် သူဌေးမျိုး၌ဖြစ်၍ သုခသတို့သားဟူ၍ အမည်မှည့်၏။ သုခ ခုနစ်နှစ်အရွယ်သို့ရောက်သော် ရှင်သာရိပုတ္တထံတွင် ကိုရင်ဝတ်၏။ ကိုရင်ဝတ်၍ ရှစ်ရက်မြောက်၌ ရှင်သာရိပုတ္တနှင့်အတူ ဆွမ်းခံသွားရာတွင် လယ်သမားတို့ မြောင်းသွယ်လျက် ရေယူကြခြင်း၊ မြားသမားတို့ မြားဖြောင့်နေခြင်းနှင့် လက်သမားတို့ ရထား၊ လှည်းဘီး ပုံတောင်းအကန့်အကွပ် စသည် ပြုလုပ်နေသည်တို့ကို တွေ့မြင်ရ၍ စိတ်ကို ဘာဝနာသို့ဆောင်လျက် ကမ္မဋ္ဌာန်းအားထုတ်သော် တစ်ထိုင်တည်းမှာပင် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာဖြစ်၏။

http://www.dhammadownload.com

ပုဂ္ဂလိကဒါန၊ သံဃိကဒါန

ပုဂ္ဂိုလ်တစ်ဦး နှစ်ဦး စသည်အား ပိုင်းခြားသတ်မှတ်၍ လှူဒါန်းခြင်းသည် "ပုဂ္ဂလိကဒါန"မည်၏။ သံဃာတော်ကို ရည်မှန်း၍ လှူဒါန်းခြင်းသည် "သံဃိကဒါန"မည်၏။

ပုဂ္ဂလိကဒါနမူ ပြုရန်မခဲယဉ်း၊ သံဃိကဒါနကို အကျယ်ပြုပါမည်၊ သံဃာဟူသည် အပေါင်းအစု၏ အမည်ဖြစ်၏။ ဘုရားရှင်၏ တပည့်သားတော် အရိယာပုဂ္ဂိုလ်အပေါင်းဟု ဆိုလိုသည်။ သံဃာတော် ဆိုသောစကား၌ အရိယာပုဂ္ဂိုလ်ဟူသမျှ အားလုံးပါဝင်၏။ သို့ရာတွင် ပါဝင်သည့်ပုဂ္ဂိုလ်တို့ကို အာရုံမထားဘဲ အများအစုအပေါင်းကိုသာ အာရုံထား၍ လှူဒါန်းမှသာ သံဃိကဒါနမြောက်နိုင်၏။

ဘုရားရှင်လက်ထက်တော်အခါက လူအပေါင်းတို့သည် များသောအားဖြင့် ပုဂ္ဂိုလ်ကို မစွဲလမ်း မင့်ကွက်ဘဲ သံဃာတော်ကိုသာ အာရုံထားကြသည့်အတွက် ဒါနပြုရာမှာ မြတ်သော သံဃိကဒါနကို များစွာပြုနိုင်ကြပေသည်။ ထိုသို့ သံဃိကဒါန အပြုများကြသည့်အတွက် ရဟန်းတော်များဘက်မှလည်း သံဃာမှ ဝေဖန်၍ ရအပ်သော ပစ္စည်းလေးပါးကိုသာ အသုံးအစွဲများကြသဖြင့် "ဤသူကား ငါ၏ ကျောင်းဒကာ ဒကာမဖြစ်သည်။ သက်နှ်း ဒကာ ဒကာမ ဖြစ်သည်" စသည်ဖြင့် ဒကာ ဒကာမ တို့အပေါ်မှာ သံယောဇဉ် အဖြစ်နည်း၍ ထိုသံယောဇဉ်အနှောင်အဖွဲ့မှ လွတ်မြောက်တော်မူကြရပေ၏။

http://www.dhammadownload.com

အတူအား လူသော်မှ

"အာနန္ဒ၊ နောက်အခါကာလ၌ ရဟန်းဟူသောအမည် အနွယ်မျှကို ဆောင်ကုန်သော၊ သင်္ကန်းလည်ပင်း ရောက်ကုန်သော သီလမရှိကုန်သော၊ ယုတ်မာသောအကျင့် ရှိကုန်သော ရဟန်းတို့သည် ဖြစ်ပေါ်ကုန်လတ္တံ့။ ထိုသီလမရှိကုန်သော ရဟန်းတို့၌ သံဃာကို ရည်မှန်းကြ၍ လူဒါန်းကြကုန်လတ္တံ့၊ ထိုအခါ၌ သော်လည်း သံဃာသို့ရောက်သော သံဃိကအလူကို အသင်္ချယျ အပ္ပမေယျ အကျိုးရ၏ဟူ၍ ဟောတော်မူ၏။ အာနန္ဒ၊ ငါသည် တစ်စုံတစ်ခုသောအကြောင်းဖြင့် ပုဂ္ဂိုလ်အသီးသီးအား ပေးလူအပ်သောအလူကို သံဃာသို့ရောက်သော အလူထက် အကျိုးသာလွန်၍ကြီး၏ဟု ဟောတော်မမူချေ"

သာသနာတော်တွင်း၌ ကြုံကြိုက်ရ၍ ချမ်းသာသုံးပါးကို အလိုရှိကုန်သောသူတို့မှာ လိမ္မာလှစွာသော ကုန်ဝယ်ယောက်ျား ပမာ ကုန်ရှင်မျက်နှာကို ပဓာနထား၍ အဖိုးနည်းများကို မဖြစ်စေဘဲ အလိုရှိအပ်သောကုန်၏၊ ခိုင်ခန့်ကောင်းမွန် လွန်မြတ်ရာ၌သာ အဖိုးကိုဖြစ်စေသကဲ့သို့ မည်သည့်ရဟန်းသာမဏေကိုမဆို ပေးလူလိုသောပုဂ္ဂိုလ်တို့အား အမည်နာမ ပုဂ္ဂိုလ်အမှတ်မပါ တဏှာမဝင် သံယောဇဉ်မတွယ် စင်ကြယ်လှစွာသော သံဃာတော်ဟူသော ဂုဏ်အထူးကိုသာမှတ်၍ ပေးလူသည်ရှိသော် အနည်းငယ်သော လူဖွယ်ဝတ္ထုပင်ဖြစ်သော်လည်း အကျိုးကြီးမြတ်နိုင်၏။

ထိုစကားမှန်၏၊ သံဃာတော်၌ ရိုသေလေးမြတ်သော အခြင်းအရာကို ပြုခြင်းငှာ တတ်နိုင်သော အလူရှင်တစ်ယောက်ဆိုလျှင်

http://www.dhammadownload.com

ရဟန္တာပုဂ္ဂိုလ်အား ပဂ္ဂလိကဒါနအလှူထက် သံဃာမှ ညွှန်း၍ ယူအပ်သော သီလမရှိသော ပုဂ္ဂိုလ်အား သံဃိကဒါန အဖြစ်ဖြင့် ပေးလှူသောအလှူသည် အလွန်လျှင် အကျိုးကြီးမြတ်၏။

"ယဇ်ပူဇော်ခြင်းသည် မီးပူဇော်ခြင်းလျှင်အကြီးအကဲဖြစ်၏။
သာဝတ္ထိဆန်းသည် ဆန်းကျမ်း၏ အကြီးအကဲဖြစ်၏။
မင်းသည် လူတို့၏ အကြီးအကဲဖြစ်၏။
သမုဒ္ဒရာသည် မြစ်တို့၏ အကြီးအကဲဖြစ်၏။
လသည် နက္ခတ်တာရာတို့၏ အကြီးအကဲဖြစ်၏။
နေသည် အရောင်အဝါ ထွန်းလင်းသမျှသော အရာတို့၏ အကြီးအကဲဖြစ်၏။

သံဃာတော်သည် ကောင်းမှုကို လိုလား၍ လှူဒါန်းပူဇော် ကုန်သောသူတို့၏ အကြီးအကဲဖြစ်၏"

စိတ်ထားနမူနာ

ဤသံဃိကဒါနလှူဒါန်းရာ၌ ဝဇ္ဇီတိုင်း ဆင်ရွာ၌နေသော ဥဂ္ဂသူကြွယ်၏ထုံးကို နှလုံးမူသင့်၏။ ထိုသူကြွယ် လှူဒါန်းရန် သံဃာတော်ကို ပင့်လိုက်လျှင် နတ်များက ကြိုတင်လာရောက်၍ "သူကြွယ်၊ ဤမည်သော ပုဂ္ဂိုလ်ကြီးများကား အရိယာပုဂ္ဂိုလ်များဖြစ်ကြ၏။ ဤမည်သော ပုဂ္ဂိုလ်များကား သီလမဲ့ဒုဿီလများဖြစ်ကြ၏"ဟု အလျင်လက်ဦး ပြောကြားလာကြ၏။ ထိုသို့ နတ်များက ကြိုတင်လာရောက် ပြောကြားသော်လည်း သူသည် သံဃာတော်အား လှူဒါန်းသောအခါ "ဤပုဂ္ဂိုလ်အား အရိယာသီလဝန္တဖြစ်သည့်အတွက် များများလှူမည်။ ဤပုဂ္ဂိုလ်အား သီလမဲ့

http://www.dhammadownload.com

ဒုဿီလဖြစ်သည့်အတွက် နည်းနည်းလူမည်"ဟု စိတ်ဖြစ်ခြင်း အလျှင်းမရှိပေ။ စင်စစ်မှာ အရိယာသီလဝန္တ၊ ဒုဿီလဟူ၍ မခြားနားဘဲ တူမျှသော စိတ်ထားဖြင့်သာ လှူဒါန်းလေ၏။

အဘယ်သို့ တူမျှသောစိတ်ရှိသနည်း။ ပင့်ဖိတ်ရင်းအခါက သံဃာတော်ကို ပင့်ဖိတ်သည့်အတိုင်း ရဟန္တာပုဂ္ဂိုလ်ကြီးများအား လှူဒါန်းသည့်အခါမှာလည်း ရဟန္တာပုဂ္ဂိုလ်ကြီးများ၏ မျက်နှာကို မကြည့်၊ ရဟန္တာပုဂ္ဂိုလ်ကြီးများအား ငါလှူရသည်ဟု အမှတ်မထား။ "ဘုရားတပည့်သား အရိယာအပေါင်းတည်းဟူသော သံဃာတော်အားသာ ငါလှူသည်"ဟူ၍ သဘောထား၏။ သီလမဲ့ ဒုဿီလအား လှူဒါန်းသောအခါမှာလည်း ဒုဿီလပုဂ္ဂိုလ်၏ မျက်နှာကို မကြည့်၊ "ငါသည် ဒုဿီလပုဂ္ဂိုလ်အား လှူဒါန်းရသည်"ဟု သဘောမထား။ "ဘုရားတပည့်သား အရိယာ အပေါင်းတည်းဟူသော သံဃာတော်မြတ်အားသာ ငါ လှူဒါန်း၏"ဟူ၍ သဘောထား၏။ ထိုသို့ သဘောထားသဖြင့် စိတ်သဘောထားချင်း တစ်ထပ်တည်း တူညီနိုင်ပေ၏။

ဤ ဥဂ္ဂသူကြွယ်၏ ထုံးကို နှလုံးထား၍ မြင့်မြတ်သော သံဃာက ဒါနဖြစ်ရန်အတွက် ပုဂ္ဂိုလ်မျက်နှာကို ကြည့်ခြင်း၊ ပုဂ္ဂိုလ်စွဲစွဲခြင်းကို လုံးဝပယ်ဖျောက်ပြီးလျှင် သံဃာ့အာရုံသို့ စိတ်ဖြောင့်မတ်စွာ သက်ရောက်အောင် အားထုတ်သင့်လှပေ၏။ သံဃာ၌ စိတ်ရောက်အောင်ပြုခြင်းငှာ စွမ်းနိုင်လျှင် သံဃာဒါန မြောက်တော့၏။ ထိုသို့ သံဃာတော်၌ စိတ်ရောက်အောင် ပြုရန်ကား လွယ်ကူသောအရာတော့ မဟုတ်ပါချေ။

http://www.dhammadownload.com

ကျရာ ရရာ သံဃာ ညွှတ်

မှန်၏။ တစ်စုံတစ်ယောက်သောသူသည် "သံဃိကအလှူကို လှူအုံ့"ဟု ကြံ၍ လှူဒါန်းဝတ္ထုများကို စီမံပြီးလျှင် ကျောင်းတိုက်သို့ သွားရောက်ပြီး "အရှင်ဘုရားတို့၊ သံဃိကအလှူကို လှူလိုပါသည်၊ သံဃာတော်မှတစ်ပါးကို ညွှန်ကြားတော်မူပါ"ဟု လျှောက်ထားသဖြင့် သံဃာမှ အလှည့်ကျသော သာမဏေကို ညွှန်ကြား၍ ရခဲ့လျှင် နှလုံးမသာမယာရှိတတ်၏။ ဆရာတော်ကြီးကိုရလျှင်လည်း "ငါသည် ဆရာတော်ကြီးကို ရအပ်လေပြီ"ဟု အလွန်အမင်း ဝမ်းမြောက်ဝမ်းသာ ပုဂ္ဂိုလ်စွဲ ဖြစ်တတ်၏။ ထိုသူတို့၏ ပုဂ္ဂိုလ်မျက်နှာကိုကြည့်၍ လှူအပ်သော ယင်းကဲ့သို့သော အလှူများသည် သံဃိက မမြောက်နိုင်ပေ။

သာမဏေကိုဖြစ်စေ၊ ရဟန်းကိုဖြစ်စေ၊ ရဟန်းငယ်ကိုဖြစ်စေ၊ ပညာမရှိသော ရဟန်းကိုဖြစ်စေ၊ ပညာရှိသော ရဟန်းကိုဖြစ်စေ၊ ဆရာတော်ကြီးကိုဖြစ်စေ တစ်ပါးပါးကို သံဃာသ သံဃာ့ကိုယ်စား အလှည့်ကျသဖြင့် ညွှန်ကြား၍ ရလာလျှင် ထွေရာ စဉ်းစားယုံမှားခြင်း အလျှင်းမရှိဘဲ 'သံဃာတော်အား ငါလှူ၏'ဟု နှလုံးသွင်း၍ သံဃာ၌ စိတ်ညွတ်ခြင်း ပြုနိုင်သောသူ၏ အလှူမှသာ သံဃိကဒါနမြောက်နိုင်၏။

သံဃာစိတ်

သမုဒ္ဒရာ တစ်ဖက်ကမ်း ဇမ္ဗူဒိပ်ကျွန်း၌ ကျောင်းဒကာ သူကြွယ်တစ်ဦးသည် 'သံဃိက အလှူလှူအုံ့'ဟု အစစအရာရာ

http://www.dhammadownload.com

စီမံပြီးလျှင် သံဃာတော်ထံသို့ သွားရောက်၍ 'သံဃာတော်မှ ညွှန်ကြား၍ သံဃာတော် တစ်ပါးပါးကို ပေးတော်မူပါ' ဟု တောင်းလေလျှင် သံဃာတော်မှ ဆွမ်းအလှည့်ကျသော ဒုဿီလရဟန်း တစ်ပါးကို ရခဲ့၍ ဒုဿီလရဟန်းမှန်း သိလျက် နေရာထိုင်ခင်း သန့်ပြန့်စွာ ခင်းကျင်းသုတ်သင် အထက်က မျက်နှာကြက် ဗိမာန်ကိုကြက်၍ နံ့သာပန်းမန် အခိုးအထုံတို့ဖြင့် ပူဇော်ပြီးလျှင် ထို ဒုဿီလရဟန်း၏ ခြေတို့ကို တရိုတသေ ဆေးကြောသုတ်သင် ဆီလိမ်းပေးခြင်း စသည် ဘုရားရှင်အား အရိုအသေပြုသကဲ့သို့ပင် သံဃာ၌ အရိုအသေပြုခြင်းဖြင့် လှူဖွယ်ဝတ္ထုကို လှူခဲ့လေသည်။

မွန်းလွဲသောအခါ ထိုဒုဿီလ ရဟန်းသည် အိမ်သို့လာ၍ "ကျောင်းပြင်လိုသဖြင့် ပေါက်တူး ခဏပေးပါ" ဟု ပြောဆို၍ လာ၏။ ကျောင်းဒကာက ပကတိ နေမြဲတိုင်းကပင် မထဘဲ ပေါက်တူးကို ခြေဖြင့် ကော်ခတ်၍ ပေးလိုက်လေသည်။ အိမ်နေလူများက "အရှင်တို့သည် နံနက်က ထိုရဟန်းအား ပြုအပ်သော ပူဇော်မှုကား ပြော၍မကုန်နိုင်အောင် ရှိပေ၏။ ယခုသော်ကား နံနက်က ပူဇော်ရိုသေမှု၏ တစ်စိတ်တစ်ဒေသမျှ ပြောဖွယ်ရာ မရှိပါတကား။ ဤကဲ့သို့ နံနက်တစ်မျိုး ယခုတစ်မျိုး ပြုပုံသည် ဘယ်လိုဟာမျိုးပါတည်း' ဟု မေးမြန်းကြသည်တွင် ကျောင်းဒကာက 'အမောင်တို့၊ ထိုနံနက်ပြုသော ပူဇော်မှု ရိုသေမှုကား သံဃာအား ပြုအပ်သော ပူဇော်မှု ရိုသေမှု ဖြစ်၏။ ယခုကား ဤဒုဿီလရဟန်းအား ပြုသော အမှုအရာဖြစ်၏' ဟူ၍ ဖြေကြားလေသည်။

http://www.dhammadownload.com

အယူဒါများ

ဤပုဂ္ဂလိက ဒါန သံဃိကဒါန နှစ်ပါးစပ်၍ 'မိမိရှေ့နောက် အလှူခံပုဂ္ဂိုလ် ရောက်လာလျှင် အကျင့်မကောင်းသော ပုဂ္ဂိုလ် မှန်း မိမိသိပြီး ဖြစ်ခဲ့သော် ထိုပုဂ္ဂိုလ်အား တစ်စုံတစ်ရာ မလှူ ဒါန်းအပ်၊ လှူဒါန်းခဲ့လျှင် မကောင်းမှန်း သိလျက်နှင့် လှူဒါန်း သောကြောင့် အဆိပ်ပင် ရေလောင်းသကဲ့သို့ မကောင်းမှုသာ ဖြစ်၏' ဟု အချို့ကပြောဆိုတတ်ကြ၏။ မကောင်းမှန်းသိလျက်နှင့် လှူတိုင်းလည်းအပြစ်ဖြစ်၏ဟု မဆိုသင့်ပေ။ လှူဒါန်းသူ၏ စေတနာ ကို လိုက်ရပေမည်။ လှူဒါန်းသူက ထိုအလှူခံ၏ မကောင်းသော အကျင့်ကို သဘောတူညီကာ ဤသို့ ဆက်လက်၍ ကျင့်ကြံမြဲ ကျင့်နိုင်စေရန် ထောက်ပံ့ လှူဒါန်းမည်ဟူသော သဘောမျိုး ဖြစ်နိုင်ပေ၏။ ထိုအလှူခံ၏ အကျင့်ကိုလည်း မကြိုက်၊ ဆက်လက် ကျင့်ကြံနေနိုင်အောင် အားပေးလိုစိတ်မရှိဘဲ သံဃိက ဒါန မြောက် အောင် လှူဒါန်းမှုကား အပြစ်မရှိပေ။

အချို့ကလည်း 'အလှူခံ၏ အကျင့်ကောင်းခြင်း၊ မကောင်း ခြင်းမှာ သူနှင့်သာဆိုင်၏။ ကိုယ်နှင့်မသက်ဆိုင်၊ သို့ဖြစ်၍ သူ၏ အကျင့်ကောင်းခြင်း၊ မကောင်းခြင်းကို ဂရုမထားဘဲ ဤပုဂ္ဂိုလ် သည် အရိယာပုဂ္ဂိုလ်ဖြစ်၏။ ရဟန္တာဖြစ်၏ဟု စိတ်က အောက် မေ့လျက်လှူဒါန်းရာ၏။ ဤသို့ လှူဒါန်းခြင်းမှာ အပြစ်မရှိ၊ အရိယာ ရဟန္တာများအား လှူဒါန်းရသကဲ့သို့ပင် အကျိုးရှိ၏' ဟု ပြောဆို တတ်ကြ၏။ ဤပြောဆိုချက်၌လည်း အရိယာ ဟုတ်, မဟုတ်

http://www.dhammadownload.com

မသိကြသော တိတ္ထိတို့၏ တပည့်များသည် မိမိတို့၏ တိတ္ထိ ဆရာကြီးများကို ရဟန္တာတွေ အရိယာတွေဟု စိတ်က အောက်မေ့ ထင်မှတ်မှုသည်ပင် အလွဲလွဲအမှားများ ဆုံးဖြတ်ခြင်း မိစ္ဆာပါမောက္ခ အကုသိုလ်သဘောသာဖြစ်ကြောင်း ကျမ်းဂန်၌ အဆိုရှိပုံကို သတိပြုပါ။ ထို့ကြောင့် ရဟန္တာမဟုတ်သူ ရဟန္တာလုပ်၍ အောက်မေ့ခြင်းငှာလည်း မသင့်လျော်ပေ။

ဤသို့နှိမ်ထား

စင်စစ်သော်ကား ဤအလှူခံ ပုဂ္ဂိုလ်မျိုးတွေ့ခဲ့လျှင် 'ဘုရား အလောင်းတော်ကြီးများ ဒါနပါရမီဖြည့်ရာမှာ အယုတ်-အလတ်-အမြတ်မရွေး လှူဒါန်းတော်မူတတ်ကြသည်၊ ငါသည်လည်း အလှူခံ ပုဂ္ဂိုလ်ကို မရွေးချယ်ဘဲ ရောက်လာသော အလှူခံအားပင် ဘုရား အလောင်းတော်ကြီးများနည်းတူ လှူဒါန်းမည်" ဟု ရည်ရွယ်စိတ် ထား၍ လှူဒါန်းရာ၏။ ဤသို့လှူဒါန်းခြင်းဖြင့် သူ၏ မကောင်း သောအကျင့်ကိုလည်း အားပေးရာမရောက်၊ မဟုတ်မမှန် ကြဲစည် ဆုံးဖြတ်ခြင်း၊ မိစ္ဆာပါမောက္ခလည်းမဖြစ်၊ အပြစ်ကင်းလွတ်သည် ကို သတိပြုရာ၏။

တစ်နည်း

ထို့ကြောင့် မိမိထံမှောက် အလှူခံရောက်လာလျှင် 'သံဃာ တော်သည် တစ်မျိုးတစ်စားတည်းသာ ဖြစ်၏။ ကောင်း, မကောင်း နှစ်ထွေမပြား၊ ငါသည် ဘုရားရှင်၏ တပည့်သား အရိယာပုဂ္ဂိုလ် အပေါင်းအား လှူဒါန်းပါ၏' ဟူ၍သာ စိတ်က သံဃာကို အာရုံ

http://www.dhammadownload.com

ပြု၍ ထိုပုဂ္ဂိုလ်ထံ လှူဒါန်းလိုက်ပါက ထိုအလှူသည် သံဃိကဒါန ဖြစ်၍ ထိုအလှူမှာ သံဃာသာလျှင် အလှူခံ ဖြစ်၏။ ရှေ့တွင် ရောက်နေသော ပုဂ္ဂိုလ်ကား သံဃာ့ကိုယ်စားမျှသာ ဖြစ်၍ ထို ကိုယ်စားမှာ မည်သို့ပင် ယုတ်ညံ့နေစေကာမူ အရင်း အလှူခံ သံဃာတော်က မြင့်မြတ်နေသောကြောင့် မြတ်သော သံဃိက ဒါနသာ ဖြစ်၏။

ဤအရာ၌ မိမိရှေ့မှောက်ရောက်နေသော အလှူခံမှာ သံဃာ့ ကိုယ်စားမျှသာ ဖြစ်၏ဟု နှလုံးသွင်းကာ လှူဒါန်းရမည်ဆိုသော် လည်း ဒုဿီလပုဂ္ဂိုလ် ကိုယ်တိုင်က မိမိရှေ့မှောက် ရောက်နေပြီ ဖြစ်၍ မိမိစိတ်ကို ဤပုဂ္ဂိုလ်တွင်သာ သံဃာ့ကိုယ်စား စိတ်မှာ ထားရန် ခဲယဉ်းလှပေဟု ပြောဆိုတတ်ကြပေ၏။ ထိုသို့ ခဲယဉ်း နေမှုမှာ အလေ့အထ မရှိသောကြောင့်သာ ဖြစ်၏။ မှန်၏ ရုပ်ပွားတော် ဆင်းတုတော်များကို ဘုရားရှင်၏ ကိုယ်တော်စား ထား၍ ရှိခိုးပူဇော်မှုတို့မှာ အလေ့အထ ရနေပြီဖြစ်သောကြောင့် ခဲယဉ်းလှသည်ဟု မည်သူ့အားမျှ မပြောကြ၊ ရုပ်ပွားဆင်းတု တော်များမှ အစဉ်လျှောက်၍ သက်တော်ထင်ရှားရှိသော ဘုရားသို့ စိတ်ရောက်ကာ ပူဇော်ကြပေ၏။

ဝဒ္ဓနိဿိတဒါန၊ ဝိဝဒ္ဓနိဿိတဒါန

ဝဋ်ဆင်းရဲဖြစ်သော လောကီစည်းစိမ်ချမ်းသာကို တောင့်တ၍ လှူသော အလှူဒါနသည် '**ဝဋ္ဌနိဿိတဒါန**' မည်၏။ ဝဋ်ဆင်းရဲ ကင်းရာ နိဗ္ဗာန်ချမ်းသာကို တောင့်တ၍ လှူသော အလှူဒါနသည် '**ဝိဝဋ္ဌနိဿိတဒါန**' မည်၏။

http://www.dhammadownload.com

အနည်းငယ်မျှသော ဟင်းရွက် တစ်ဆုပ်စာမျှကို လှူသော အလှူဖြစ်စေ၊ အလောင်းတော် ဝေလာမ ပုဏ္ဏား၏ အလှူနှင့် တူသော အလွန်ကြီးကျယ်လှသော အလှူဖြစ်စေ၊ ဘုံသုံးပါးဌ ဖြစ်သော လူနတ်တို့၏ စည်းစိမ်ချမ်းသာကို တောင့်တ၍ ဝဋ်ဆင်းရဲကို မှီ၍ မှားသောအားဖြင့် ဆုတောင်းအံ့၊ ထိုဒါနသည် ဘုံသုံးပါးဌ ဖြစ်သော လူနတ်တို့၏ စည်းစိမ်ချမ်းသာကို ဆောင်စွမ်းနိုင်၏။ ဝဋ်ကင်းရာ နိဗ္ဗာန်ချမ်းသာကို မဆောင်စွမ်းနိုင်ချေ။

ဝဋ်ကင်းရာ နိဗ္ဗာန်ကို မှီသော ကုသိုလ်ဟူသော အဘယ် နည်း?

ဝဋ်ကင်းအောင်

ဤလောကဌ် အချို့သောသူသည် ဝဋ်ကင်းရာဖြစ်သော နိဗ္ဗာန်ကို တောင့်တလျက် အလှူ လှူ၏။ ငါးပါးသီလ၊ ဆယ်ပါး သီလ၊ ပါတိမောက္ခသံဝရသီလကို ဆောက်တည်၏။ အင်္ဂါရှစ်ပါး ရှိသော ဥပုသ်သီလကို ဆောက်တည်၏။ ပန်းနံ့သာတို့ဖြင့် ရတနာ သုံးပါးအား ပူဇော်၏။ တရားကျမ်းဂန်ကို နာခံသင်ကြား၏။ သူတစ်ပါးအား ဟောပြောပို့ချ၏။ ဈာန် သမာပတ်ကို ဖြစ်စေ၏။ ဤသို့ပြုသောပုဂ္ဂိုလ်သည် လူချမ်းသာ နတ်ချမ်းသာကို ခံစားသော အစဉ်ဖြင့် မချုတရားဟူသော အမြိုက်နိဗ္ဗာန်ကို ရ၏။ ဤကုသိုလ်သည် ဝဋ်ကင်းရာကို မှီသော ကုသိုလ်မည်၏။

ဝဋ်ကင်းရာ နိဗ္ဗာန်၏ အစွမ်းဖြင့် ဖြစ်သော စိတ်သည် ဤကုသိုလ်အရာဌ် လိုအပ်သော စိတ်မည်၏။ မှန်၏။ ထိုဝဋ်

http://www.dhammadownload.com

ကင်းရာနိဗ္ဗာန်၏ အစွမ်းဖြင့်ဖြစ်သော စိတ်သည် လူ့ချမ်းသာမှ နတ်ချမ်းသာကို၊ နတ်ချမ်းသာမှ ဈာန်ချမ်းသာကို၊ ဈာန်ချမ်းသာမှ ဝိပဿနာချမ်းသာကို၊ ဝိပဿနာချမ်းသာမှ မဂ်ချမ်းသာကို၊ မဂ်ချမ်းသာမှ ဖိုလ်ချမ်းသာကို၊ ဖိုလ်ချမ်းသာမှ နိဗ္ဗာန်ချမ်းသာကို လွန်စွာ ဆောင်တတ်သောကြောင့် အဓိဝါဟနစိတ် မည်သည်။

ဤသို့ဆုတောင်း

"ဣဒံမေ ဒါနံ အာသဝက္ခယာ ဝဟံဟောတု=ငါ၏ ဤဒါနကုသိုလ်သည် အာသဝေါတရား လေးပါးတို့၏ ကင်းရာကုန်ရာချုပ်ရာ ငြိမ်းရာဖြစ်သော အရဟတ္တဖိုလ် နိဗ္ဗာန်ချမ်းသာကို ရွက်ဆောင်နိုင်ပါစေသတည်း'ဟု ဝဋ်ကင်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာကိုသာ တောင့်တလျက် ဝဋ်ကင်းရာ နိဗ္ဗာန်၏ အစွမ်းအားဖြင့် ကောင်းစွာ နှလုံးထား၍ ဆုတောင်းအံ့၊ ထိုဒါနကုသိုလ်သည် အရဟတ္တဖိုလ်ကိုလည်းကောင်း၊ ပစ္စေကဗောဓိဉာဏ်ကိုလည်းကောင်း၊ သဗ္ဗညုတဉာဏ်ကိုလည်းကောင်း ပေးစွမ်းနိုင်၏။

ဝဋ်ကင်းရာဖြစ်သော နိဗ္ဗာန်ကို တောင့်တ၍ ဒါနပြုသော် သမာပတ်တို့ကိုဖြစ်စေလျက် အစဉ်အားဖြင့် အမတ ဓာတ်နိဗ္ဗာန်ကိုရ၏။

ဆိုခဲ့ပြီးသော အဌကထာ စကားတို့ကို ထောက်သော် ဒါနသည် သံသရာမရှည်၊ ရှည်စေလိုသော စိတ်ကသာ သံသရာရှည်အောင် ဆုတောင်း၍ ဒါနပြုသောကြောင့် သံသရာရှည်ရသည် ဆိုသည်မှာ ထင်ရှား၏။

http://www.dhammadownload.com

ဆုတောင်းပုံမတူ

အတိတ်ကာလ တစ်ခုသော ဘဝက ဗာရာဏသီပြည်တွင် ကြီခင်း လုပ်ကိုင်စားသော ညီအစ်ကိုနှစ်ယောက် ရှိ၏။ တစ်နေ့ သဒ္ဓါ ညီငယ်သည် ကြီခင်းသို့သွား၍ မိမိအတွက်နှင့် အစ်ကိုကြီး အတွက် ကြီနှစ်ချောင်းကို ခုတ်ယူခဲ့၏။ ထိုခေတ်က ကြီတို့သည် မည့်စဉ်ဘဲနှင့် အရင်းမှလည်းကောင်း၊ အဖျားမှလည်းကောင်း ထောင်လိုက်လျှင် ရေစစ်မှ ရေကျသကဲ့သို့ အရည်အားလုံးကျ၏။ သူသည် ကြီရည်မကျအောင် ခုတ်ရာအရပ်၌ ပိတ်ချည်ပြီး ပြန်လာ၏။ လမ်းတွင် ခရီးရင်ဆိုင်ကြွလာသော ပစ္စေကဗုဒ္ဓ အရှင်မြတ်ကို ဖူးမြင်ရလျှင် ကြည်ညိုသဒ္ဓါစိတ် ဖြစ်၍ အပေါ်ရုံပုဆိုးကို တစ်နေရာတွင် ဖြန့်ခင်းပြီး "အရှင်ဘုရား၊ ဤနေရာ၌ ထိုင်နေတော်မူပါ" ဟု လျှောက်ထား၍ သပိတ်ကိုယူပြီး မိမိအတွက် ကြီကို သပိတ်အထက်၌ ထောင်လိုက်သော် ကြီရည်အားလုံး ထွက်လာကျ၏။ သူသည် သဒ္ဓါကြည်ဖြူစွာနှင့် ကြီရည်ကို ပစ္စေကဗုဒ္ဓ အရှင်မြတ်အား ဆက်ကပ်၏။ အရှင်မြတ်သည် ကြီရည်ကို အကုန်ဘုဉ်းပေးတော်မူ၏။ သူသည် သဒ္ဓါတရား ထပ်မံတိုးပွားလာကာ သပိတ်ကို ပြန်ယူပြီးနောက် အစ်ကိုကြီးအတွက် ကြီကိုပါ လူပြန်၏။ အရှင်မြတ်သည် ထိုကြီရည်ကို မသောက်ဘဲ ယူသွားလိုသော အခြင်းအရာကို ပြ၏။ သူသည် အရှင်မြတ်၏ အခြင်းအရာကိုသိလျှင် ရှိခိုး၍ ဆုတောင်း၏။

http://www.dhammadownload.com

ညီငယ်ဆုတောင်း

"အရှင်မြတ်ဘုရား၊ အကျွန်ုပ်၏ ဤကြံရည်ကို လူရသော ကောင်းမှုကြောင့် လူပြည်နတ်ပြည်တို့၌ စည်းစိမ် ချမ်းသာအမျိုးမျိုး ခံစားပြီးနောက် အဆုံးစွန်သောဘဝ၌ အရှင်ဘုရားတို့ သိရရောက်ရသော သစ္စာလေးပါးတရားသို့ သိရ ရောက်ရပါ လို၏"

အရှင်မြတ်သည် 'တောင်းတဲ့ဆုနှင့် ပြည့်စုံစေ'ဟု ဆုပေး၍ သူကြည့်နေစဉ်မှာပင် ကောင်းကင်ခရီးဖြင့် ကြွသွား၏။ သူသည် မျက်စိတဆုံး ကြည့်၏။ အရှင်မြတ်သည် ဆောင်ယူသွားသော ကြံရည်ကို အခြားပစ္စေကဗုဒ္ဓ အရှင်မြတ်တို့အား ဝေငှဆက်ကပ်၏။ သူသည် အံ့သြ ကြည်ညိုမဆုံးဖြစ်ပြီး အိမ်ပြန်လျှင် အစ်ကိုကြီးက မေး၏။

"ညီငယ်၊ သင်ဘယ်သွားသလဲ"

"ကြံခင်း သွားကြည့်သည် အစ်ကိုကြီး"

"ကြံခင်းသွားတာထောင် ကြံတစ်ချောင်း နှစ်ချောင်း မယူခဲ့ဘူးလား"

"ကြံနှစ်ချောင်း ယူလာပါတယ် အစ်ကိုကြီး၊ လမ်းတွင် ပစ္စေကဗုဒ္ဓ အရှင်မြတ်တစ်ပါး တွေ့တာနဲ့ ကြည်ညိုသဒ္ဓါဖြစ်၍ ကပ်လှူလိုက်ပါတယ်၊ အစ်ကိုကြီး ကြံဖိုး ယူမလား? ကုသိုလ်ကို ယူမလား?"

"ကြံရည်ကို ပစ္စေကဗုဒ္ဓ အရှင်မြတ် ဘယ်လို အသုံးပြုတော်မူသလဲ"

http://www.dhammadownload.com

"အကျွန်ုပ်ကြံရည်ကို သောက်ပြီး အစ်ကိုကြီး ကြံရည်ကို ယူသွား၍ ကောင်းကင်ခရီးဖြင့် ကြွသွားကာ ကျန်သော တစ်ခြား ပစ္စေကဗုဒ္ဓတို့အား ခွဲခြမ်းဝေ၍ ဆက်ကပ်ပါတယ်"

အစ်ကိုကြီးဆုတောင်း

အစ်ကိုကြီးသည် သူ၏ပြောပြချက်နှင့်ပင် ပိတိရွှင်ဖြိုး ကြည်ညိုသဒ္ဓါတိုး၍ 'အကျွန်ုပ်၏ ထိုကြံရည်ကို လူရသော ကောင်းမှု ကြောင့် ပစ္စေကဗုဒ္ဓ အရှင်မြတ်သိသည့် တရားကို သိရပါလို၏' ဟု ဆုတောင်း၏။ ဤသို့လျှင် ညီငယ်သည် 'လူ နတ် နိဗ္ဗာန် သုံးတန် ချမ်းသာကို' ဆုတောင်း၍ အစ်ကိုကြီးသည်ကား 'နိဗ္ဗာန် ချမ်းသာ' တစ်ခုကိုသာ တောင့်တ၏။ သူတို့သည် ကံကုန်၍ သေလွန်သော် နတ်ပြည်တွင် ဖြစ်၏။ ဝိပဿီ ဘုရားရှင် ပွင့်တော် မူသောအခါ သူတို့ညီအစ်ကိုနှစ်ယောက်သည် နတ်ပြည်မှစုတေ၍ ဗန္ဓုမတီပြည်တွင် အစ်ကိုကြီးသည် သေန, ညီငယ်သည် အပရာဇိတ အမည်ဖြင့် ဖြစ်၏။ ကြွယ်ဝ ချမ်းသာ၏။

တစ်နေ့သ၌ အစ်ကိုကြီး သေနသည် ကျောင်းသို့သွား၍ တရားနာသော် သဒ္ဓါတရားဖြစ်၍ ရဟန်းပြုရာ မကြာမြင့်မီပင် ရဟန္တာဖြစ်၏။ ညီငယ်အပရာဇိတသည် အစ်ကိုကြီးနှင့် စပ်လျဉ်း၍ သာသနာတော်၌ သဒ္ဓါတရားဖြစ်၍ ဘုရားရှင်၏ ဂန္ဓကုဋိတိုက်ကို ဆောက်လုပ်လှူဒါန်းပြီးလျှင် ဆုတောင်းပန်ထွာပြု၏။

'ဤကောင်းမှုကြောင့် ယနေ့ကို အစပြု၍ အကျွန်ုပ်၏ ဥစ္စာကို ချည်တစ်မျှင်မျှကိုလည်း အကျွန်ုပ်ကို အနိုင်အထက် လွှမ်းမိုး၍ တစ်ရာမကသော မင်းတို့သည်လည်းကောင်း၊ ခိုးသူဓားပြတို့သည်

http://www.dhammadownload.com

လည်းကောင်း၊ မယူနိုင်ပါစေသတည်း၊ မီးမလောင်ပါစေသတည်း၊ ရေ မမျောပါစေသတည်း'

ဆုတောင်းတိုင်းပြည့်

ဘုရားရှင်သည် 'တောင်းတဲ့ဆုနှင့် ပြည့်စုံစေ'ဟု သူ့အား ဆုပေး၏။ သူသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှု ပြု၍ သေလွန်သော် နတ်ပြည်၌ ဖြစ်၏။ ဂေါတမဘုရားရှင် လက်ထက်တော်အခါ၌ ဇောတိကအမည်ဖြင့် သူဌေးကြီး ဖြစ်ပြီး နောက် အခါ ရဟန်းပြု၍ ရဟန္တာဖြစ်၏။

ဤဝတ္ထုကို အထူးသတိပြုပါ။ လူဖွယ်ဝတ္ထုမှာ ကြီးပင်ဖြစ်၏။ အစ်ကိုကြီးနှင့် ညီငယ် တူ၏။ သို့သော် မတူသည်မှာ အစ်ကိုကြီးသည် 'နိဗ္ဗာန်'တစ်ခုကိုသာ ဆုတောင်းခြင်းကြောင့် သံသရာတိုက်ကာ ဝိပဿီ ဘုရားရှင် လက်ထက်တော်အခါကပင် ရဟန်းပြု၍ ရဟန္တာ ဖြစ်ရ၏။ ညီငယ်မှာ လူ နတ် နိဗ္ဗာန် သုံးတန်ချမ်းသာ တောင့်တခြင်းကြောင့် သံသရာရှည်ကာ ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ ဘုရားရှင်တို့ လက်ထက်၌ ရဟန္တာမဖြစ်ဘဲ ခုနှစ်ဆူမြောက် ဂေါတမဘုရားရှင် လက်ထက်ရောက်မှ ရဟန္တာ ဖြစ်ရ၏။

အို–စာရှုသူ၊ ဒါနက သံသရာ မရှည်စေတတ်ပါ။ ဒါနနောက်ဆွယ်တွင် ကပ်လျက်ပါလာသည့် တဏှာကသာ သံသရာကို ရှည်စေတတ်သည်ဖြစ်၍ ဒါနနောက်ဆွယ်တွင် တဏှာ ကပ်လျက်မပါအောင် သတိပြုပါ။

http://www.dhammadownload.com

ကာလဒါန၊ အကာလဒါန

ကထိန်သင်္ကန်း၊ ဝါဆိုသင်္ကန်း၊ ဖျားနာသော ရဟန်းအတွက် ဂိလာနဆွမ်း၊ ညည့်သည် အာဂန္တုက ရဟန်းတို့အတွက် ဆွမ်း၊ ခရီးထွက်မည့် ဂမိက ရဟန်းတို့အတွက် ဆွမ်းလှူခြင်း စသည် တို့သည် အချိန်အခါနှင့် တိုက်ဆိုင်အောင် စီမံ လှူဒါန်းအပ်သည် ဖြစ်၍ **ကာလဒါန** မည်၏။ ဤသို့ အချိန်အခါကို မရွေးချယ်ရဘဲ လှူလိုသည့်အခါ လှူလိုက်သော ဒါနမျိုးသည် '**အကာလဒါန**' မည်သည်။

ယင်းနှစ်ပါးတွင် ကာလဒါနသည် လှူဒါန်းစဉ်အခါ အချိန် နှင့် သင့်လျော်ညီညွတ်အောင် လှူဒါန်းရသည့်အတိုင်း အကျိုး ပေးရာ၌လည်း အချိန်အခါနှင့် ညီညွတ်အောင် အကျိုးပေးစွမ်း နိုင်၏။ ထူးသော အစာကို စားလိုသည့်အခါ ထူးသောအစာ အဆင်သင့်ဖြစ်ပေါ်လာ၏။ ထူးသောအဝတ်ကို ဝတ်လိုသည့် အခါ ထူးသောအဝတ် အဆင်သင့် ဖြစ်ပေါ်လာ၏။ ဤသို့ စသည်ဖြင့် အချိန်အခါနှင့် ညီညွတ်အောင် အကျိုးပေးဖြစ်ပေါ်လာခြင်းသည် ကာလဒါန၏ အကာလဒါနထက်ထူးသော အကျိုးထူး သဘော ပင် ဖြစ်၏။

ပရာမဋ္ဌဒါန၊ အပရာမဋ္ဌဒါန

တဏှာဒိဋ္ဌိတို့ဖြင့် သုံးသပ်အပ်သော ဒါနသည် '**ပရာမဋ္ဌ ဒါန**' မည်၏။ တဏှာဒိဋ္ဌိတို့ဖြင့် မသုံးသပ်အပ်သော ဒါနသည် '**အပရာမဋ္ဌဒါန**' မည်၏။

http://www.dhammadownload.com

ဤအရာ၌ အဘိဓမ္မာသဘောအရ အမှားသုံးသပ်ခြင်းသည် ဒိဋ္ဌနှင့်သာသက်ဆိုင်သော်လည်း ထိုဒိဋ္ဌသည် တဏှာနှင့် ဒွန်တွဲ၍ ဖြစ်ရသောကြောင့် ဒိဋ္ဌဖြင့် အမှားသုံးသပ်ရာမှာ တဏှာလည်း ပါဝင်နေသည့်အတွက် 'တဏှာဒိဋ္ဌတို့ဖြင့် သုံးသပ်အပ်သော'ဟု ဆိုသည်။ အမှား သုံးသပ်ပုံကား တစ်စုံတစ်ခုသော ဒါနကို ပြုလုပ်ပြီးလျှင် 'ဤဒါနကုသိုလ်ကြောင့် မဂ်ဖိုလ် နိဗ္ဗာန်ကို လျင်မြန်စွာ ရရပါလို၏'ဟု ကုသိုလ်ဆန္ဒ ပတ္ထနာဖြင့် တောင့်တလျှင် ထိုဒါနသည် ဝိဝဋ္ဋနိဿိတဖြစ်၍ မဂ်ဖိုလ်နိဗ္ဗာန်၏ အားကြီးသော အကြောင်းအထောက်အပံ့ ဖြစ်နိုင်၏။

ထိုကဲ့သို့ ဝိဝဋ္ဋဖြစ်သည့် မဂ်ဖိုလ်နိဗ္ဗာန်ကို မတောင့်တပါဘဲ 'ဤဒါနကုသိုလ်ကြောင့် ငါသည် သိကြားမင်း အစရှိသည့် ထင်ရှားသော နတ်၊ သို့မဟုတ် သာမည်နတ် ဖြစ်ရပါလို၏။ ထိုနတ်ပြည်၌ မြဲမြံခိုင်ခံ့သော နတ် စသည် ဖြစ်ရပါ၏' စသည်ဖြင့် တဏှာဒိဋ္ဌ ဦးစီးလျက် တောင့်တလျှင် ထိုဒါနသည် မဂ်ဖိုလ်နိဗ္ဗာန်၏ ပစ္စည်းအထောက်အပံ့ မဖြစ်နိုင်သောကြောင့် ပရာမဋ္ဌဒါနမည်သော တဏှာဒိဋ္ဌတို့က မဂ်ဖိုလ်၏ အားကြီးသော အကြောင်းအထောက် အသပ့်အဖြစ်မှ ဆုံးရှုံးခြင်းသို့ ရောက်အောင် ပို့ဆောင်အပ်သော ဒါနဟု ဆိုလို၏။

သံသရာ မရှည်စေပါ

တဏှာ ဒိဋ္ဌတို့ဖြင့် အသုံးသပ် မခံရဘဲ ဝိဝဋ္ဋသက်သက်ကို သာ ရည်သန်တောင့်တ၍ လှူဒါန်းအပ်သော ဒါနမျိုးသည် အပရာမဋ္ဌဒါနမည်၏။ ဒါနသည် သာသနာပ အခါမှာလည်း

http://www.dhammadownload.com

ဖြစ်၏။ ထို့ပြင် ယခု သာသနာတွင်း၌ ပုဒ္ဓဝါဒီများမှတစ်ပါး အခြားဟီန္ဒူ၊ မူစလင်၊ ခရစ်ယာန် ဘာသာများ၌လည်းရှိ၏။ သို့ရာတွင် ထိုဘာသာတို့၌ ပရာမဋ္ဌ ဒါနတွေသာ ဖြစ်နိုင်၏။ အပရာမဋ္ဌ ဒါနမူကား ပုဒ္ဓသာသနာတော်၌သာ ဖြစ်နိုင်ရကား ပုဒ္ဓဝါဒီတို့သည် အပရာမဋ္ဌ ဒါနဖြစ်အောင် ရည်သန် ပြုလုပ်ကြပါ။ အထူးသဖြင့် ဒါန သံသရာ ရှည်သည် တိုသည် ဆိုသူများ ဤနေရာကို သတိပြု၍ကြည့်ပါ။

ရှင်သာရိပုတ္တရာ၏ ခမည်းတော် ဝင်္ဂန္တ ပုဏ္ဏားကြီး၏ သူငယ်ချင်း မဟာသေန ပုဏ္ဏားသည် ရာဇဂြိုဟ်ပြည်တွင် နေ၏။ သူသည် ရွေးအခါက ချမ်းသာသော်လည်း နောင်အခါ ဆင်းရဲသွား၏။ တစ်နေ့သ၌ ရှင်သာရိပုတ္တရာသည် သူ့အား ချီးမြှောက်ရန် သူ့အိမ်တံခါးသို့ သွား၍ ဆွမ်းရပ်တော်မူ၏။ 'ရှင်သာရိပုတ္တရာသည် ငါ့အိမ်တံခါးသို့ ဆွမ်းလာရပ်၏။ ငါသည်လည်း ဆင်းရဲနေပြီ၊ ငါဆင်းရဲနေသည့် အဖြစ်ကို ရှင်သာရိပုတ္တရာ မသိယောင်တကား။ ငါ့မှာလည်း ဆွမ်းလောင်းစရာမရှိ" ဟု ကြံစည်၍ ရှင်သာရိပုတ္တရာ မမြင်အောင်ပုန်းကွယ်၍နေ၏။ ကန်တော့ဆွမ်းပင် မလောင်းလှူချေ။

ရှင်သာရိပုတ္တရာသည် နောက်နေ့၌လည်း ကြွ၍ရပ်၏။ သူလည်း ပုန်းနေ၏။ 'တစ်စုံတစ်ခု လှူဖွယ်ဝတ္ထုရလျှင် လောင်းလှူမည်' ဟု ကြံစည်သော်လည်း ဘာမျှ မရချေ။ တစ်နေ့သ၌ ပုဏ္ဏားတို့၏ ရွှတ်ဖတ်ပွဲမှ ဖျင်အထူပိုင်းတစ်ခုနှင့် တစ်ယောက်စာ ဃနာန်ဆွမ်း ရလာလျှင် 'ဤဃနာန်ဆွမ်းကို ရှင်သာရိပုတ္တရာအား လောင်းလှူသင့်၏' ဟု ကြံ၍ ရှင်သာရိပုတ္တရာ တောင့်တ မျှော်လင့်လျက် နေ၏။ ရှင်သာရိပုတ္တရာသည် ဈာန်သမာပတ် ဝင်စားရာမှ ထသော်

http://www.dhammadownload.com

'မဟာသေန ပုဏ္ဏားသည် လူဖွယ်ဝတ္ထုရ၍ ငါ၏ကြွလာခြင်းကို တောင့်တမျှော်လင့်နေ၏။ ငါ သူ့အိမ်သို့ ကြွသင့်၏'ဟု ကြံ၍ သပိတ်သင်္ကန်း ပြင်ဆင်၍ သူ့အိမ်တံခါးသို့ ကြွ၍ ဆွမ်းရပ်၏။

ဆုတောင်းပုံ

သူသည် ရှင်သာရိပုတ္တရာကို မြင်လျှင် အလွန် ကြည်လင် ရွှင်လန်းသော စိတ်ရှိသည်ဖြစ်၍ ရှိခိုးပြီးလျှင် အိမ်တွင်းသို့ ပင့်ကာ ဃနာနို့ဆွမ်း လောင်းလှူလေ၏။ တစ်ဝက်မျှ လောင်းလှူမိလျှင် ရှင်သာရိပုတ္တရာသည် သပိတ်ကိုပိတ်၏။ ထိုအခါ သူက 'အရှင်ဘုရား ဤဃနာနို့ဆွမ်းသည် တစ်ယောက်စာမျှသာ ဖြစ်ပါ၏။ အကျွန်ုပ်အား ဤလောကအတွက် မချီးမြှောက်ပါနှင့်၊ နောက်လောက အတွက်ပါ ချီးမြှောက်ပါ၊ အကုန်လောင်းလှူလိုပါ၏'ဟု တောင်းပန်၍ အကုန်လောင်းလှူ၏။ ရှင်သာရိပုတ္တရာသည် သူ့ရှေ့မှောက်တွင်ပင် ဘုဉ်းပေးလေ၏။ ဘုဉ်းပေးပြီးသော် ဖျင်အထူပိုင်းကလေးပါလှူ၏။ 'အရှင်ဘုရား၊ ဤကုသိုလ် ဒါနကြောင့် အကျွန်ုပ်လည်းပဲ အရှင်ဘုရားတို့ သိမြင်အပ်သော သစ္စာလေးပါး တရားကို သိရပါလိုပါ၏'ဟု ဆုတောင်း၏။ ရှင်သာရိပုတ္တရာသည် 'တောင်းတဲ့ဆုနှင့် ပြည့်စုံစေ'ဟု ဆုပေး၍ အနုမောဒနာတရား ဟောကြားပြီး ကြွသွား၏။

"ဆင်းရဲသောအခါ၌ ခဲခဲယဉ်းယဉ်း လှူရသော အလှူဒါန သည် အလွန်ပင် နှစ်သက်ခြင်းကို ဖြစ်စေတတ်၏" ဆိုသည့် အတိုင်း ပုဏ္ဏားကြီးသည်လည်း မိမိ၏ အလှူဒါနကို ဝမ်းမြောက် ကြည်လင်ရွှင်လန်းသော စိတ်ရှိသည်ဖြစ်၍ ရှင်သာရိပုတ္တရာ၌ အထူး

http://www.dhammadownload.com

သဖြင့် ချစ်ခြင်း၊ ကြည်ညိုခြင်းကို ဖြစ်စေ၏။ ရှင်သာရိပုတ္တ၌ အထူးသဖြင့် ချစ်ခြင်း၊ ကြည်ညိုခြင်းစိတ်ဖြင့်သာလျှင် သေလွန်သော် သာဝတ္ထိပြည်တွင် ရှင်သာရိပုတ္တ၏ အလုပ်အကျွေး ပုဏ္ဏားမ၏ ဝမ်း၌ ပဋိသန္ဓေ စွဲယူလေသည်။ ဖွားမြင်သော် တိဿဟူ၍ အမည်မှည့်၏။ တိဿ ခုနစ်နှစ်သားအရွယ်သို့ရောက်သော် မိခင်အား ပြောကြား၏။

'မိခင်၊ အကျွန်ုပ် ရှင်သာရိပုတ္တ အထံတွင် ကိုရင်ဝတ်ချင်ပါသည်'

'ကောင်းပြီ ချစ်သား'

တိဿ၏ မိခင်သည် ရှင်သာရိပုတ္တအား ပင့်လျှောက်ပြီးလျှင် အကြောင်းကို လျှောက်ထား၍ တိဿကို အပ်နှင်း၏။ ရှင်သာရိပုတ္တသည် 'ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေထူ၊ အရေပါး'ဟူသော တစပဉ္စက ကမ္မဋ္ဌာန်းကို သင်ပြ၍ ကိုရင်ဝတ်ပေးလိုက်၏။ သူ၏ မိခင်နှင့် ဆွေမျိုးများသည် ကျောင်းသို့သွား၍ ခုနစ်ရက်တိုင်တိုင် ရှင်ဖြစ်ဆွမ်းကျွေး၏။ ကိုရင်တိဿသည် ရှစ်ရက်မြောက်သော် ဆွမ်းခံထွက်လျှင် ဆွမ်းအိုး အလုံးငါးရာနှင့် ခေါင်းခု ဖျင်ပိုင်းငါးရာ ရ၏။ သူသည် ထိုအားလုံးကို ရဟန်းသံဃာအား လှူ၏။ နောက်နေ့ တစ်ခါ ဆွမ်းခံကြွသော် ထိုနည်းအတူရ၍ သံဃာအား လှူ၏။ သို့နှင့် သူ့အား သံဃာတော်များက 'ပိဏ္ဍပါတ ဒါယကတိဿ=ဆွမ်းဒကာတိဿ' ဟူ၍ အမည်မှည့်ကြ၏။ နောက်အခါ ကဗ္ဗလာတစ်ထောင် သံဃာအား လှူ၍ 'ကဗ္ဗလာ ဒါယကတိဿ=ကဗ္ဗလာ ဒကာတိဿ' ဟူ၍ သံဃာတော်များက အမည်မှည့်၏။ နောက်အခါ တောထွက်

http://www.dhammadownload.com

၍ 'ဝနဝါသီတိဿ=တောကျောင်းနေ တိဿ' ဟူ၍ အမည်တွင်သဖြင့် သူသည် လေးမည်ရ၏။ တောထွက်၍ သုံးလကျော်ကျော် အကြာမှာ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာဖြစ်၏။

အထူးသတိပြုဖွယ်

ဤဝတ္ထုကို သတိပြုပါ။ ဆုတောင်းတတ်မူကြောင့် ဒုတိယဘဝတွင်ပင် ရဟန္တာ ဖြစ်၏။ ဒုတိယဘဝ ဆိုသော်လည်း သူသည် ခုနစ်နှစ်အရွယ် ကိုရင်ဘဝမှာပင် ရဟန္တာဖြစ်ရကား နှစ်အနေနှင့် ပဋိသန္ဓေရက်ပါ ယူပါမှ ရှစ်နှစ်ကျော်ကျော်ပဲ ကြာမည်။ ရှင်သာရိပုတ္တအား လှူ၍ ရှင်သာရိပုတ္တ အထံတွင်ပင် ပြန်၍ ကိုရင်ဖြစ်ရသည်။ သို့ဖြစ်၍ သံသရာရှည်မှု တိုမှုမှာ ဆုတောင်းမှုနှင့် သက်ဆိုင်သည်ဟု တစ်ထစ်ချ မှတ်ပါ။

ထာဝရဒါန၊ အ ထာဝရဒါန

နေရာတည်မြဲနေမည့် ဘုရား၊ တန်ဆောင်း၊ ကျောင်း၊ ဇရပ်၊ ရေတွင်းရေကန် စသည်တို့ကို လှူဒါန်းခြင်းသည် '**ထာဝရဒါန**' မည်၏။ ခဏခေတ္တမျှသာ သုံးစွဲရသော ဆွမ်း၊ သင်္ကန်း စသည်တို့ကို လှူဒါန်းခြင်းသည် '**အ ထာဝရဒါန**' မည်၏။ ထိုတွင် ထာဝရဒါနသည် အကျိုးပေး ကြီးမြတ်ခိုင်မြဲ၏။

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတွင် သီတင်းသုံးတော်မူခိုက် တစ်နွေသော ညဉ့်သန်းခေါင်ယံအချိန်၌ မထင်ရှားသော နတ်သား တစ်ယောက်သည် ဘုရားရှင်ထံ လာရောက်၍ ရှိခိုးလျှောက်ထား၏။

http://www.dhammadownload.com

'အရှင်ဂေါတမ၊ အဘယ်သူတို့အား နေ့ရောညဉ့်ပါ အခါခပ်သိမ်း ကောင်းမှုတိုးပွားပါသနည်း။ အဘယ်သူတို့သည် တရား၌ တည်ပါကုန်သနည်း။ အဘယ်သူတို့သည် သီလနှင့် ပြည့်စုံကုန်သနည်း။ အဘယ်သူတို့သည် နတ်ပြည်သို့ သွားရပါကုန်သနည်း'

"အို–နတ်သား၊ အကြင်သူတို့သည် သစ်သီးဥယျာဉ်၊ ပန်းဥယျာဉ် စိုက်ပျိုးကုန်၏။ အရိပ်ကောင်းသော တောသစ်ပင်ကို စိုက်ပျိုးကုန်၏။ တံတားခင်းကုန်၏။ ရေအိုးစင်၊ ရေတွင်းနှင့် နေရာကျောင်းကို လှူဒါန်းကုန်၏။

"အို–နတ်သား၊ ထိုသူတို့အား နေ့ရောညဉ့်ပါ အခါခပ်သိမ်း ကောင်းမှုတိုးပွား၏။ ထိုသူတို့သည် တရား၌ တည်ကုန်၏။ ထိုသူတို့သည် အလေ့အထ စာရိတ္တသီလနှင့် ပြည့်စုံကုန်၏။ ထိုသူတို့သည် နတ်ပြည်သို့ သွားရကုန်၏"

"ထိုထိုဌာန၊ ဒေသအရပ်၊ ရှစ်မျက်နှာက၊ သွားလာပုံယင်၊ များလူရှင်တို့၊ ခိုဝင်နေနား၊ သုံးစားချိုချဉ်၊ ဥယျာဉ် ရိပ်ကြီး၊ ကျောင်းပါးနိုးဝယ်၊ သစ်သီးအရံ၊ ပန်းအရံနှင့်၊ တင့်စံသာမော၊ သီးပွင့်တောကို၊ မနောရွှင်ဖြိုး၊ သဒ္ဓါနိုး၍၊ စိုက်ပျိုးကုန်မင်း၊ ပေါ်မပျင်းလင့်၊ သွားခင်လာတာ၊ သာယာလမ်းပန်း၊ ဘို့ညီဖျန်းလျက်၊ စောင်းရန်လုလင်၊ မစင်ညစ်ကြေး၊ ရွံ့ညွန်စေးကို၊ ပယ်ဝေးသန့်ရှင်း၊ သုတ်သင်လျှင်းလော့၊ ရေတွင်း ရေကန်၊ သောက်ရန်လမ်းတွင်၊ ရေအိုးစင်က၊ ထို့ပြင်တခြား၊ တံတားမကျွံပ်၊ ဇရပ် တန်ဆောင်း၊ ကျောင်းအာဝါသ၊ ကိန်းဝပ်ရာတည့်၊ သဒ္ဓါဝမ္မန၊ ထာဝရဟု၊

http://www.dhammadownload.com

ပုညခေါ်ရိုး၊ ကုသိုလ်မျိုးလည်း၊ အားကြိုးကြရာ၊ ဝေးရပ်ရွာက၊ ရောက်လာသည့်သည်၊ အတည်တည်နှင့်၊ မထေရ်ရဟန်း၊ သင်္ကန်းခြုံဝတ်၊ သူမြတ်တို့ကို၊ ခရီးဆို၍၊ ဆီးကြို ဆောင်ပင့်၊ အသင့်ဌာန၊ နေရာချလျက်၊ ဖြဖြဦးညွတ်၊ ပြုဝတ် ပျူငှာ၊ မြဲမကွာသည်၊ လိမ္မာကိုယ်ဖို့ မရိုင်းတည်း''

ရှေးလူကြီးများပြုလေ့ရှိ

ထာဝရဒါန၏အကျိုးကို သိကုန်သော ရှေးလူကြီးတို့သည် ငွေမကုန်ဘဲနှင့်ရသော လမ်းဘေး သစ်ပင် စိုက်ပျိုးခြင်း စသော ထာဝရဒါနကို ပြုလေ့ရှိကြသဖြင့် ယခုအချိန်အထိ အချို့လမ်းများတွင် အရိပ်ကောင်းမွန်သော သစ်ပင်ကြီးများ တန်းလျက် တွေ့မြင်နိုင်သေး၏။ ယခုခေတ် လူတို့ကား ထာဝရဒါန၏ အကျိုးတရားကို မသိနားမလည်သဖြင့် လမ်းဘေးသစ်ပင် စိုက်ပျိုးခြင်း စသော ထာဝရဒါနကို ပြုလေ့မရှိသည့်အပြင် ရှေးလူကြီးများ စိုက်ပျိုးထားခဲ့သော လမ်းဘေးသစ်ပင်များကိုပင် လိုက်၍ ခုတ်လှဲလေ့ရှိသဖြင့် အချို့လမ်းများတွင် သစ်ပင်မရှိတော့။ ခရီးသွားသူတို့ နေပူကျဲကျဲသွားရသည်မှာ ပင်ပန်းလှ၏။ လမ်းဘေးသစ်ပင် ခုတ်လှဲလျှင် ဇရပ်ဖျက်သည်နှင့်အပြစ်တူ၍ အပါယ်ငရဲကျရောက်တတ်၏။

ဘုရားရှင်သည် ပထမဝါ ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ သီတင်းသုံးတော်မူ၏။ ဝါကျွတ်သောအခါ ဥရုဝေလတောသို့ ဒေသစာရီ ကြွချီတော်မူရာ လမ်းခရီးအကြား ကဗ္ဘာသိကတောသို့ ဝင်တော်မူ၍ ဘဒ္ဒဝဂ္ဂိညိနောင် သုံးကိုပ်တို့ကို

http://www.dhammadownload.com

အောက်မင်၊ အောက်ဖိုလ်သုံးပါးတို့၌ တည်စေတော်မူကာ ရဟန်းအဖြစ် ချီးမြှောက်တော်မူပြီးလျှင် အစဉ်သဖြင့် ကြွချီသော် ဥရုဝေလတောသို့ ရောက်တော်မူ၏။ ယင်းတွင် ရသေ့ညီနောင်ရှင်တစ်ထောင်တို့အား အရဟတ္တဖိုလ်ပေါက် ချေချွတ်တော်မူပြီးလျှင် ရဟန်းပြု၍ ၎င်းရဟန္တာတစ်ထောင် ခြံရံလျက် ရာဇဂြိုဟ်ပြည်သို့ ဒေသစာရီ ကြွချီတော်မူ၏။ ရာဇဂြိုဟ်ပြည်အနီး ထန်းပင်ပျိုစဉ် တောဥယျာဉ်ကြီးသို့ ရောက်တော်မူလျှင် သုပ္ပတိဋ္ဌပညောင်ပင်ရင်း၌ သီတင်းသုံးတော်မူလေ၏။

ဗိမ္ဗိသာရမင်း တောင့်တမှု

ဘုရားရှင် ကြွတော်မူကြောင်း ဥယာဉ်မှူး၏ သံတော်ဦးတင်ချက်အရ သိရသော ဗိမ္ဗိသာရမင်းကြီးသည် မဂဓတိုင်းသားပုဏ္ဏားများနှင့် အားရဝမ်းသာ လာရောက်၍ ဘုရားရှင်အား ရှိခိုးလျက် ထိုင်နေ၏။ ဘုရားရှင်သည် သူတို့အား တရားဟောတော်မူသော် ဗိမ္ဗိသာရမင်းကြီးနှင့် ပုဏ္ဏားအချို့ သောတာပန် ဖြစ်၍ အချို့ သရဏဂုံတည် ဥပါသကာ ဖြစ်ကြလေကုန်၏။ ထိုအခါ သောတာပန်ဖြစ်ပြီးသော ဗိမ္ဗိသာရမင်းကြီးက ဘုရားရှင်အား လျှောက်ထား၏။

"မြတ်စွာဘုရား၊ တပည့်တော် မင်းသားဖြစ်စဉ် ရှေးအခါက (၁) 'ငါ့ကို မာဂဓတိုင်းသူ လူအပေါင်းတို့က မင်းအဘိသိက် သွန်းဖျန်းကြပါမူကောင်းလေစွ။ (၂) ငါ မင်းဖြစ်သောအခါ ငါ၏ နိုင်ငံတော်သို့ ဘုရားရှင် ကြွချီတော်မူလာပါက ကောင်းလေစွ။

http://www.dhammadownload.com

(၃) ငါသည် ငါ၏နိုင်ငံတော်သို့ ကြွချီတော်မူလာသော ထိုဘုရားရှင်သည် ငှဲ့အား နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို ဟောကြား တော်မူပါမူ ကောင်းလေစွ။ (၄) ငါသည် ထိုဘုရားရှင် ဟောကြား တော်မူအပ်သော တရားကို ပိုင်းခြားထင်ထင် သိမြင်ရပါမူ ကောင်းလေစွ' ဟု ငါးပါးသော တောင့်တချက်တို့သည် ဖြစ်ဖူးပါကုန်၏။ ယခုအခါ တပည့်တော် ထို တောင့်တချက် ငါးပါးလုံး ပြည့်စုံကြပါကုန်ပြီ။ မြတ်စွာဘုရား၊ ဘုရားရှင်သည် မနက်ဖြန် ကောင်းမှုကုသိုလ်အလို့ငှာ ရဟန်း သံဃာတော်အပေါင်းနှင့်တကွ တပည့်တော်၏ဆွမ်းကို လက်ခံတော်မူပါဘုရား"

ဘုရားရှင်သည် ဆိတ်ဆိတ်နေခြင်းဖြင့် မင်းကြီး၏ ပင့်လျှောက်ချက်ကို လက်ခံတော်မူ၍ နောက်နေ့ နံနက်မိုးသောက် အလင်းရောက်သော် ရဟန်းတစ်ထောင် ခြံရံလျက် မင်းနန်းတော်သို့ ကြွတော်မူ၏။ မင်းကြီးသည် ဘုရားအမှူးရှိသော သံဃာတော်တို့ကို မွန်မြတ်သော ဆွမ်းခဲဖွယ် ဘောဇဉ်တို့ဖြင့် ကိုယ်တိုင် ကိုယ်ကျ သာဟတ္ထိက သက္ကစွမြောက် လက်ရောက်ကြည်ဖြူ။ ကပ်လှူကျွေးမွေးပြီးသောအခါ **မြတ်စွာဘုရား သီတင်းသုံးရန်** အတွက် ဤသို့ စဉ်းစားနေမိလေ၏။

(၁) မြို့ရွာနှင့် မဝေးလွန်းခြင်း၊
(၂) မြို့ရွာနှင့် မနီးလွန်းခြင်း၊
(၃) သွားလမ်း လာလမ်းနှင့် ပြည့်စုံခြင်း၊
(၄) လူတိုင်းလူတိုင်း အလိုရှိသောအခါ သွားလာရန်လွယ်ကူခြင်း၊
(၅) အာရုံ ငါးတန် မြို့ရွာသံ လူသံတို့မှ ဆိတ်ခြင်း–

http://www.dhammadownload.com

ဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံသည့်နေရာ ဘယ်မှာရှိလေ မည်နည်း။

ကျောင်းတိုက်တည်သင့်သော နေရာမျိုး

ထိုအခါ မိမိပိုင်သော ဝေဠုဝန်ဥယျာဉ်သည် ဖော်ပြပါ အင်္ဂါ ငါးပါးနှင့် ပြည့်စုံသဖြင့် 'ဝေဠုဝန်ဥယျာဉ်ကို ဘုရားအမှူးရှိသော ရဟန်းသံဃာတို့အား လှူဒါန်းရပါမူ ကောင်းလေစွ'ဟု ကြံစည် စဉ်းစားပြီးလျှင် ဘုရားရှင်အား လျှောက်ထား၏။

"မြတ်စွာဘုရား၊ တပည့်တော်သည် ရတနာသုံးပါးနှင့်ကင်း၍ မနေနိုင်တော့ပါ။ အခါဟုတ်ဟုတ် မဟုတ်ဟုတ် ဘုရားရှင် ထံမှောက်သို့ လာရောက်လိုပါ၏။ ယခု ဘုရားရှင် သီတင်းသုံး တော်မူရာ ဥယျာဉ်သည်ကား မြို့နှင့်အလွန်ဝေးကွာလှပါသည်။ အကျွန်ုပ်၏ ဝေဠုဝန်ဥယျာဉ်မှာမူ မြို့နှင့်မဝေးလွန်း မနီးလွန်းဘဲ သွားလမ်းလာလမ်းနှင့်လည်း ပြည့်စုံပါ၏။ ဘုရားရှင်တို့နှင့် ထိုက် တန်သော နေရာဖြစ်ပါ၏။ ထို့ကြောင့် ဘုရားရှင်သည် အကျွန်ုပ် ၏ ဝေဠုဝန်ဥယျာဉ်ကို အလှူခံတော်မူပါ"

ဘုရားရှင်သည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။ ထိုအခါ မင်းကြီးသည် ရွှေကရားဖြင့် ပန်းရေနှံ့ ထုံသင်းအပ်သော ရေကြည်ကိုထည့်ပြီးလျှင် 'တောဟံ ဘဂ္ဂေ ဝေဠုဝနံ ဥယျာဉ်နံ ဗုဒ္ဓပ္ပမုခဿ ဘိက္ခုသံဃဿ ဒမ္မိ=မြတ်စွာဘုရား၊ အကျွန်ုပ်သည် ဤဝေဠုဝန်ဥယျာဉ်ကို ဘုရားရှင် အမှူးရှိသော ရဟန်းသံဃာအား လှူဒါန်းပါ၏'ဟု နှုတ်မြွက်လှူဒါန်းပြီးလျှင် ဘုရားရှင်၏ လက်တော်၌ ရေစက်သွန်းချလေ၏။ (မှတ်ချက်။ ရှေးက ရေစက်ချသည်ဆိုလျှင်

http://www.dhammadownload.com

အလှူခံပုဂ္ဂိုလ်၏ လက်ထဲသို့ လောင်းချရိုးရှိ၏။) ဝေဌုဝန်ဥယျာဉ်ကို အလှူခံတော်မူသောအခါ၌ 'မြတ်စွာဘုရား၏ သာသနာတော် အမြစ်ကား တွယ်လေပြီ'ဟု ပြောဆိုသည့်ဟန် ပီတိ၏ အလို နိုင်ငံသို့ လိုက်ပါကခုန်သော အမျိုးသမီးပမာ မဟာပထဝီမြေကြီး သည် တယိမ်းယိမ်း တနွဲ့နွဲ့ တုန်လှုပ်လေ၏။ ဘုရားရှင်သည် ဝေဌုဝန်ဥယျာဉ်ကို အလှူခံတော်မူပြီးလျှင် မင်းကြီး အား ဤသို့ အနုမောဒနာတရား ဟောကြားတော်မူလေ၏။

ကျောင်းအနုမောဒနာတရား

"မင်းကြီး၊ လူသုံးပါးတို့၏ ကိုးစားရာ ဖြစ်တော်မူသော မြတ်စွာဘုရားကို ချန်ထား၍ အရိပ်အာဝါသ ကျောင်းအလှူ ဒါန၏ အကျိုးအာနိသင်ကို ခံတွင်းတစ်သောင်းနှင့် မဖြစ်စဖူး အထူး ဖြစ်သော ယောက်ျားသည်သော်မှလည်း အပြည့်အစုံ ဟောပြ ခြင်းငှာ မစွမ်းနိုင်ချေ။

"မင်းကြီး၊ သံဃာတော်တို့ နေထိုင်ဖို့ရန် အရိပ်အာဝါသ ကျောင်းအလှူဒါန ပြုသောသူကို အသက်၊ အဆင်း၊ ချမ်းသာ၊ ခွန်အားနှင့် သာလွန်မြင့်မြတ် ချီးမွမ်းအပ်သော ပဋိဘာန် ဥဏ် ပညာကို လှူဒါန်းသူမည်၏ဟူ၍ ခေါ်ဆိုထိုက်ပေ၏။

"မင်းကြီး၊ အချမ်း အပူ အစရှိသော အသက်အန္တရာယ် အသွယ်သွယ်ကို ဖျောက်လွင့်ပယ်ရှား မြစ်တားနိုင်သော အရိပ် အာဝါသ ကျောင်းအလှူဒါနကို ပြုသောသူသည် ထိုကျောင်း၌ ကိန်းအောင်းသော ရဟန်းအပေါင်း၏ အသက်ကို ဘေးရန် မရောက်အောင် စောင့်ရှောက်သည် မည်သောကြောင့် ကျောင်း

http://www.dhammadownload.com

လူသောသူကို 'အသက်အလှူပေးသောသူ' ဟူ၍ ဘုရားအစရှိသော သူတော်ကောင်းတို့ ချီးမွမ်းပြောဆိုကြကုန်ပြီ။

"မင်းကြီး၊ အလွန်ပူလွန်း အေးလွန်းသော ဟင်းလင်းအပြင် စသောနေရာ၌ ဥတုဒဏ်ခံနေရသော ရဟန်း၏ ခွန်အားအဆင်းနှင့် အသိဉာဏ်ပညာသည် ကြံ့ကြံ့ခိုင်ခိုင် မဖြစ်နိုင်သောကြောင့် အရိပ်အာဝါသ ကျောင်းအလှူဒါန ပြုသောသူသည် 'ခွန်အား၊ အဆင်းနှင့် အသိဉာဏ်ပညာကို ပေးလှူသောသူ' မည်ပေ၏။

"မင်းကြီး၊ အရိပ်အာဝါသ ကျောင်းလှူဒါန်းသော သူသည် ဘေးရန်ထူပြောသော လူ့လောက၌ အချမ်း၊ အပူ၊ မြွေ၊ ကင်း၊ သန်းတို့ကြောင့် ဖြစ်သော ဆင်းရဲဒုက္ခ အဝဝကိုလည်းကောင်း၊ လေ နေပူစသည်တို့ကြောင့် ဖြစ်သော တစ်ပါးမက များလှစွာသော ဆင်းရဲဒုက္ခ အဝဝကိုလည်းကောင်း၊ အမြဲ ကျောင်းဖြင့် ဟန့်တား ပယ်ရှားခြင်းကြောင့် 'ချမ်းသာသုခ အလှူဒါနကို ပေးလှူသောသူ' မည်ပေ၏။

"မင်းကြီး၊ အရိပ်အာဝါသ ကျောင်းလှူဒါန်းသောသူသည် အချမ်းအပူ၊ လေ၊ နေပူ၊ မှက်၊ ခြင်၊ မိုး၊ မြွေဆိုး၊ ကင်း၊ သန်းနှင့် ကြမ်းတမ်းသောသားကောင် စသည်တို့ကြောင့်ဖြစ်သော ဆင်းရဲဒုက္ခ အဝဝကို ကျောင်းဖြင့် ဟန့်တားပယ်ရှားခြင်းကြောင့် ကျောင်းလှူသောသူသည် တမလွန်လောက နောက်ဘဝ၌ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခ ရယူနိုင်ပေ၏။

"မင်းကြီး၊ သဒ္ဓါရွှန်းစို ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ နှစ်သက်ရွှင်လန်း ဝမ်းပန်းတသာ ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိ နှစ်ပါး၏ အကြောင်းဖြစ်သော စိတ်နလုံးပျော်ပိုက် နှစ်ခြိုက်ဖွယ်ရာ

http://www.dhammadownload.com

ဖြစ်သော အရိပ်အာဝါသကျောင်းကို သီလကွန္ဒ စသည်ငါးပါး တိုးပွားစည်ပင်ရန် ရဟန်းတော်အရှင်မြတ်တို့အား လှူဒါန်းသူကို 'ချမ်းသာ၊ မျက်စိ၊ အဆင်း၊ ခွန်အား၊ လေးပါးဉာဏ် အလုံးစုံကို ပေးလှူသူ' ဟူ၍ အဆုဆူသော ဘုရားရှင်တို့ ဟောကြားချီးမွမ်း အပ်ပေ၏။

"မင်းကြီး၊ ခုံမင်တပ်မက် မစွန့်ရက်ခြင်း လောဘနှင့် ဝန်တို စေးနဲခြင်း မစ္ဆရိယ အညစ်အကြေး နှစ်ပါးကို ပယ်ရှား၍ သီလ အစရှိသော ဂုဏ်ကျေးဇူးတို့၏ တည်ရာ ရဟန်းသံဃာတို့အား အရိပ်အာဝါသ ကျောင်းကို လှူဒါန်းသူတို့သည် သူတစ်ပါးတို့ သယ်ပို့ဆောင်ယူအပ်သော ဝန်ထုပ်ကို လိုရာဌာန ပစ်ချအပ် သကဲ့သို့ ဝန်ထမ်းသမား ကံသခ်ါရတရားတို့က သုဂတိရောက် အောင် သယ်ဆောင်ပို့ချအပ်သည်ဖြစ်၍ တင့်တယ်လျောက်ပတ် ကောင်းမြတ်သော ရူပါရုံ စသည်တို့၏ တည်ရာ နတ်တို့ရွာ၌ စားဝတ်နေရေး အပူဘေး ကင်းမဲ့သည်ဖြစ်၍ စံပျော်ရလေ၏။

"မင်းကြီး၊ ထို့ကြောင့် ကိုယ်ကျိုးစီးပွား ထောက်ထားမြော်မြင် ပညာရှင်သည် ချီးမွမ်းအပ်ကုန်သော နှစ်သက်စဖွယ် တင့်တယ် ကုန်သော ပြန့်ပြောခန့်ထည် ကြီးကျယ်ကုန်သော အရိပ်အာဝါသ ကျောင်းတို့ကို ဆောက်လုပ်စေရာ၏။ ထိုဆောက်လုပ်ပြီးသော ကျောင်း၌ ဗဟုသုတ ပြည့်ဝစုံလင် ရဟန်းတော် အရှင်မြတ်တို့ကို လျှောက်ထားပန်ထွာ နေထိုင်စေရာ၏။ ထိုကျောင်းနေ အရှင်တို့ အား သဒ္ဓါရွှန်းစိုကြည်ညိုသောစိတ်ဖြင့် အမြဲရှိသေမှု အလေးပြု၍ ခဲဖွယ်ဘောဇဉ်ကိုလည်းကောင်း၊ အဝတ်သင်္ကန်းကိုလည်းကောင်း လှူဒါန်းထောက်ပံ့ရာ၏။

http://www.dhammadownload.com

"မင်းကြီး၊ ထို့ကြောင့် သင်မင်းကြီးသည် အရိပ်အာဝါသ ကျောင်းအလှူဒါန၏ အကျိုးအားဖြင့် သုဂတိခေါ်ဆို ဘဝထိုထို တို၌ စိတ်နှလုံးမွေ့လျော်ပျော်ဖွယ်ရာ ဖြစ်ကုန်သော စည်းစိမ် ဥစ္စာ အသုံးအဆောင်တို့ကို ဆဆထပ်ပိုး တိုး၍ ကြိမ်ကြိမ်ဖန်ဖန် ခံစားသုံးဆောင်ပြီးသော နောက်ကာလ၌ စိုးရိမ်ခြင်း အလျှင်း မရှိသော အေးငြိမ်းချမ်းသာစွာသော နိဗ္ဗာန်ချမ်းသာသို့ လေးပါး သော မဂ်ဖိုလ်တို့ဖြင့် ကေန်ဆိုက်ရောက် မျက်မှောက်ပြုရလတ္တံ့"

တိုက်တွန်းချက်

ဘုရားရှင်သည် မင်းကြီးအား ဤသို့ ကျောင်းအနုမောဒနာ တရား ဟောကြားတော်မူပြီးလျှင် ရဟန်းတစ်ထောင် ခြံရံလျက် ဝေဠုဝန်ဥယျာဉ်သို့ ကြွရောက်သီတင်းသုံးတော်မူ၏။ ဘုရားရှင် သည် ယင်းဗိမ္ဗိသာရမင်းကြီး၏ ဝေဠုဝန်ဥယျာဉ်ကို လှူဒါန်းပွဲ၌ ဖော်ပြခဲ့ပြီးအတိုင်း ထာဝရဒါန၏ အကျိုးကြီးမားပုံကို တခမ်း တနား ဟောပြောထားပါသည်။ ထို့ကြောင့် ချမ်းသာ လိုလားသူ တို့သည် ဤဒါနမျိုးကို ကြိုးစားသင့်ကြောင်း တိုက်တွန်းအပ် ပါသည်။

သဇီဝဒါန၊ အစွယဒါန

မိမိအသက်ထင်ရှားရှိစဉ် လှူဒါန်းအပ်သော ဒါနသည် '**သဇီဝ ဒါန**' မည်၏။ ငါသေပြီးနောက် ဤ ငါ၏ ပစ္စည်းစုကို မည်သူ့ အား ငါပေးခဲ့သည်။ ထိုသူယူ၍ အလိုရှိတိုင်း သုံးဆောင်လော ဟူ၍ သေသည့်နောက်အခါကို ရည်မှန်း၍ ပေးကမ်းခြင်းသည် '**အစွယဒါန**' မည်၏။

http://www.dhammadownload.com

ရဟန်းတော်များသည် အစွယဒါနကို မပြုနိုင်ပေ။ ပေးသော ရဟန်းက ပေးလျှင်လည်း အပေးမမြောက်၊ ယူသောရဟန်းလည်း မပိုင်ဆိုင်၊ ရဟန်းတစ်ပါး ပိုင်ဆိုင်သော ပစ္စည်းကို ထိုရဟန်း အသက်ထင်ရှားရှိစဉ် အခြားတစ်ဦးဦးအား ပေးလျှင် အပေးခံရသူ ရ၏။ သို့မဟုတ် ထိုပစ္စည်းရှင်ရဟန်း အသက်ရှင်စဉ်ပင် အခြားတစ်ဦးဦးက အကျွမ်းဝင်ခင်မင်၍ ယူခြင်းမျိုးဖြင့်ယူလျှင်လည်း ယူသူ ရနိုင်၏။ သို့မဟုတ် ထိုပစ္စည်းရှင်ရဟန်း အသက်ရှင်စဉ် အခြားတစ်ဦးဦးနှင့် နှစ်ဦးဆိုင်ပစ္စည်း ပြုလုပ်လျှင်လည်း ပစ္စည်းရှင် ရဟန်း သေသော် ကျန်တစ်ဦး ရ၏။

ရဟန်းတော်များသတိရှိမှပယ်

ထိုသို့ အသက်ရှင်စဉ် အပိုင်ပေးအပ်ခြင်း၊ အကျွမ်းဝင်ခင်မင်၍ ယူခြင်း၊ နှစ်ဦးဆိုင်ပစ္စည်း ပြုလုပ်ခြင်း မဟုတ်သော ရဟန်းပိုင်ပစ္စည်းတို့မှာ ထိုရဟန်းသေလျှင် သံဃာပိုင်သော သံဃိက ပစ္စည်း ဖြစ်လေ၏။ သို့ဖြစ်၍ ပစ္စည်းရှင်ရဟန်းက 'ငါသေလျှင် ငါပိုင်သော ပစ္စည်းအရပ်ရပ်ကို မည်သူ့အား ပေးပါ၏။ မည်သူယူရစ်လော့'ဟု ဆို၍ ပေးခြင်းမျိုးသည် သံဃိကဖြစ်မှ ယူရစ်တော့ဟု ဆိုရာကျသဖြင့် ထိုအစွယဒါနမျိုး ပေးသောရဟန်းက ပေးသော်လည်း အပေးမမြောက်၊ ရသော ရဟန်းလည်း ပိုင်ဆိုင်ခွင့်မရှိ။ လူတို့မှာသာ ဤသို့သော အစွယဒါနမျိုး အသုံးဝင်တရားဝင် အတည်ဖြစ်နိုင်၏။

http://www.dhammadownload.com

မပေးလှူကြောင်းနှစ်ပါး

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် တစ်နေ့သောညဉ့် သန်းခေါင်အချိန်၌ မထင်ရှားသော နတ်သားတစ်ယောက်သည် ဘုရားရှင်ထံ လာရောက်၍ ရှိခိုးလျှောက်၏။

"မြတ်စွာဘုရား၊ ဝန်တိုခြင်းနှင့် မေ့လျော့ခြင်းအကြောင်းနှစ်ပါးကြောင့် အလှူကို မပေးလှူနိုင်ပါ။ ကောင်းမှုကို အလိုရှိသော ဒါန၏အကျိုးကိုသိသော သူသည် အလှူဒါနကို ပေးလှူနိုင်ပါ၏။

"မြတ်စွာဘုရား၊ ဆာလောင်မွတ်သိပ်ခြင်းဘေးမှ ကြောက်၍ မပေးလှူလို ဝန်တိုသောသူအား ထိုဆာလောင်မွတ်သိပ်ခြင်းဘေးသည် ဤလောကၻလည်းကောင်း၊ တမလွန်လောကၻ လည်းကောင်း တွေ့ထိ၏"

သားအား ဆုံးမပြောကြား

သာဝတ္ထိပြည်၌ ကုဋေလေးဆယ် စည်းစိမ်ကြွယ်ဝ၍ ဝန်တိုစေးနဲ့ နမြောလှသည့် အာနန္ဒအမည်ရှိ သူဌေးတစ်ဦး ရှိလေ၏။ သူသည် လခွဲလျှင် တစ်ကြိမ်ကျ ဆွေမျိုးများကို စည်းဝေးစေပြီး လျှင် သား မူလသီရိကို ဆွေမျိုးများအလယ်ထား၍ အချိန်သုံးပါးဝယ် ဆုံးမပြောကြားလေ့ရှိ၏။

"ချစ်သား၊ ဤကုဋေလေးဆယ်သော ဥစ္စာကို များ၏ဟု မမှတ်လင့်၊ မိမိလက်ရှိ ပစ္စည်းဥစ္စာကို သူတစ်ပါးအား မပေးသင့်။

http://www.dhammadownload.com

အသစ်အသစ်ဖြစ်သော ဥစ္စာကို ဖြစ်ပွားစေရမည်။ မှန်၏။ တစ်ကျပ် တစ်ကျပ်ကိုပင်သော်လည်း ကုန်အောင် သုံးစွဲမှုပြုသော သူ၏ဥစ္စာသည် တစ်နေ့တွင် ကေန်မုခ္ဆ ကုန်ခန်းမည်သာ ဖြစ်လေ၏။

"ချစ်သား၊ မျက်စဉ်းကျောက်တို့၏ သွေးဖန်များလျှင် ကုန်ခန်းခြင်းကို လည်းကောင်း၊ ခြကောင်တို့၏ စုဖန်များ၍ ကြီးပွားသော တောင်ပို့ကိုလည်းကောင်း၊ ပျားကောင်တို့၏ သယ်ဆောင်ပါများ၍ ကြီးပွားသော ပျားအုံကိုလည်းကောင်း သက်သေပုံပြု ကြည့်ရှု၍ ပညာရှိသည် စီးပွားဟောင်း မည္ဟိုး စီးပွားသစ် တိုးအောင် ကြိုးပမ်းအားထုတ် အိမ်ရာကို အုပ်ချုပ် နေထိုင်ရာ၏"

သူဌေးကြီးသည် နောက်တစ်ချိန် မိမိမြို့ပြင်နှံထားသည့် ရွှေအိုးကြီးငါးလုံးတို့ကို သားအား မပြောကြားဘဲ ထိုဥစ္စာ၌ လောဘ တပ်စွဲကာ သေလွန်သော် သာဝတ္ထိပြည်၏ တံခါးဝ အိမ်ခြေ တစ်ထောင်ရှိသော ဒွန်းစဏ္ဍားရွာဝယ် ဒွန်းစဏ္ဍားမ တစ်ယောက်၏ ဝမ်း၌ ပဋိသန္ဓေယူခဲ့၏။

သူ့ကို ပဋိသန္ဓေယူသောနေ့မှစ၍ ထိုရွာသားတို့သည် နေ့ခစားလည်း မရ၊ မျှတရုံထက် ပိုလွန်သော ထမင်းကိုလည်း မရတော့ချေ။ ထိုအခါ ရွာသားတို့သည် 'ယခုအခါ ငါတို့သည် ခါတိုင်းလို အလုပ်လုပ်ကြသော်လည်း ထမင်းခဲကလေးကိုမျှ မရကြကုန်။ ငါတို့၏ အတွင်း၌ ဘုန်းကံမဲ့သူ လူယုတ်မာတစ်ယောက် ရောက်ရှိနေဟုန်တူ၏'ဟု ပြောဆိုတိုင်ပင်ကာ ရွာကို နှစ်စုခွဲပြန်၏။ ဤနည်းအားဖြင့် နှစ်စုခွဲကြရာ နောက်ဆုံး သူ၏မိဘတို့ တစ်အိမ်

http://www.dhammadownload.com

တည်း ကျန်တော့တဲ့။ ထိုအခါ သူ၏ ဖခင်နှင့် ညီအစ်ကို မောင်နှမများက 'ငါတို့အိမ်၌ ဘုန်းကံမဲ့သူ လူယုတ်မာ ဝင်လာပြီ' ဟု ပြောဆိုကြကာ မိခင်ကို အိမ်မှ နှင်ထုတ်ကြလေ၏။ မိခင်သည် သားဝမ်းထဲ၌ရှိနေသလောက် မျှတရုံ အစာအာဟာရကိုပင် ငြိုငြင်ပင်ပန်းစွာ ရရှိ၍ သားကို ပင်ပန်းစွာ ဖွားမြင်ရလေ၏။

အမိသော်လည်း သားတော်ခဲ

မွေးဖွားလာသောအခါ သူ၏ လက်၊ ခြေ၊ မျက်စိ၊ နှာခေါင်း နှင့် ခံတွင်းတို့သည် ရှိမြဲတိုင်းမဟုတ်ဘဲ တလွဲတခြားစီချည်း ဖြစ်ပွားကြကုန်၍ မြေဘုတ်ဘီလူးကဲ့သို့ အလွန်ပင် အရုပ်ဆိုး အကြည့်ရခက်သူ ဖြစ်လေ၏။ သူ၏မိခင်သည် သူ့ကို ခေါ်ဆောင်၍ သွားသောနေ့များ၌ တစ်စုံတစ်ခုကိုမျှ မရဘဲ သူ့ကိုအိမ်၌ ထားခဲ့ပြီး မိမိတစ်ဦးတည်း သွားသောနေ့၌ မျှတအောင်ရ၏။ သူ၏မိခင်သည် သူ မိမိဘာသာ အစာရှာ လှည့်လည်နိုင်လောက်သော အချိန်၌ ခွက်ငယ်တစ်ခုကို လက်၌ အပ်နှင်း၍ 'ချစ်သား၊ ငါသည် သင့်ကိုမှီ၍ ဆင်းရဲကြီးစွာ ရောက်ရ၏။ ယခုအခါ ငါသည် သင့်ကိုမမွေးမြူနိုင်တော့။ သည်သည် ဤမြို့တွင်း၌ လှည့်လည်တောင်းခံ၍ အသက်မွေးလော့' ဟု ပြောဆိုကာ သူ့ကို စွန့်လွှတ်လိုက်လေ၏။

သူသည် အိမ်စဉ်အတိုင်း လှည့်လည် တောင်းခံသော် ဘဝ ဟောင်းက မိမိ၏အိမ်ရှေ့သို့ရောက်လျှင် နောက်ဘဝကို ပြန်သိသော ဇာတိသရဉာဏ်၍ မိမိ၏ အိမ်အတွင်း ရဲတင်းစွာဝင်သွား

http://www.dhammadownload.com

လေ၏။ မူလ သီရိသူဌေး၏ သားသမီးငယ်တို့သည် သူ့ကိုမြင်လျှင် ထိတ်လန့်ကြောက်ရွံ့၍ ငိုကြလေကုန်၏။ ထိုအခါ အစေခံတို့သည် သူ့အား 'ဘုန်းကံမဲ့သူ လူယုတ်မာ၊ ထွက်လော့'ဟု ပြောဆိုကာ ရိုက်နှက်ပုတ်ခတ်၍ အမှိုက်ပုံ၌ ပစ်ချထားကြကုန်၏။ ဘုရားရှင်သည် ရှင်အာနန္ဒာကို နောက်လိုက်ပြု၍ ဆွမ်းခံကြွတော်မူသော် သူ့ကို မြင်၏။ ထိုအခါ သူ၏အကြောင်းစုံကို ရှင်အာနန္ဒာအား ပြောပြ၏။ ရှင်အာနန္ဒာသည် မူလသီရိသူဌေးအား ခေါ်၏။ ဘုရားရှင်သည် မူလ သီရိသူဌေးအား သူ၏အကြောင်းစုံကို ရှင်းပြ၏။ မူလ သီရိ သူဌေးသည် ဘုရားရှင်အား ကိုးကွယ်ဆည်းကပ်၏။ ဘုရားရှင်သည် တရားဟော၏။

"ငါ၏ သားသမီးတို့သည် ရှိကုန်၏။ ငါ၏ ဥစ္စာစီးပွားသည် ရှိ၏။ ဤသို့ နှလုံးပိုက်၍ သူမိုက်သည် သားသမီး တဏှာ၊ ဥစ္စာ စီးပွားတဏှာဖြင့် ပင်ပန်းနွမ်းနယ်ရ၏။ မှန်၏။ မိမိ၏အတွက်ကား မိမိပင်သော်လည်း ဆင်းရဲဒုက္ခကို ကာကွယ်စောင့်ရှောက်ခြင်းငှာ မစွမ်းနိုင်ချေ။ သားသမီးနှင့် ဥစ္စာစီးပွားတို့သည် အဘယ်မှာ စွမ်းနိုင်ကုန်အံ့နည်း"

သည်ကိုရည်၍ မာန်လည်ဆရာတော်ဘုရားကြီးက ဤသို့ စပ်ဆိုခဲ့သည်–

"ယူမှားမိစ္ဆာ၊ မောဟကာ၍၊ သဒ္ဒါကင်းထ၊ မစ္ဆေရ နှင့်၊ ထိုမျှသသူ၊ စိတ်မဖြူတို့၊ လူမည်ငမ်းထဲ၊ ကြံမရဲဘူး၊ ကြံခဲအလို၊ ဝန်တိုငက်ငက်၊ မယှငှက်သို့၊ တစ်သက်လုံးလုံး၊ မသုံးရက်ဟူ၊ မလှူရက်ဘဲ၊ ခန္ဓာစဲက၊ မူးပဲမပါ၊ ငတ်မွတ်

http://www.dhammadownload.com

စွာလျှင်၊ ပြိတ္တာပြိတ္တိ၊ ဖြစ်ကုန်ဘိ၏။ မှတ်ဘိသေချာ၊ ဤအရာကို၊ မိစ္ဆာမောဟ၊ မှောင်ကြီးကျ၍၊ လောဘငြိစွဲ၊ မစေးနဲ့နှင့်၊ မွဲမည့်အရေး၊ ကြံတွေး မလှူ၊ ကြောက်အေးမူကား၊ ထိုသူလွန်ကဲ၊ သူ့ထက်မွဲ၏။ ဆင်းရဲမည့်ရေး၊ တွေးရ်အလှူ၊ မပေးသူလည်း၊ ထိုလူအမြဲ၊ နောင် ဆင်းရဲလိမ့်"

သပရိဝါရဒါန၊ အပရိဝါရဒါန

အခြံအရံနှင့်တကွလှူလျှင် သပရိဝါရဒါနမည်၏။ ဥပမာ သင်္ကန်းလှူလိုရာမှာ သင်္ကန်းတွင်သာမက သင်္ကန်း၏ အခြံအရံအဖြစ် သင်္ကန်းချုပ်ရန်အပ်၊ အပ်ချည်၊ သင်္ကန်းဖွပ်ရန် ဆပ်ပျာစသည့် အခြားလှူဖွယ်များနှင့် ဖွယ်ဖွယ်ရာရာ စီစဉ်ခြံရံ၍ အခြံအရံနှင့်တကွ လှူဒါန်းခြင်းသည် '**သပရိဝါရဒါန**'မည်၏။ အခြား အခြံအရံမပါဘဲ သင်္ကန်းလှူလိုရာမှာ သင်္ကန်းချည်းသက်သက် လှူခဲ့ပါလျှင် '**အပရိဝါရဒါန**' မည်၏။

ဆွမ်းချည်းသက်သက် လောင်းလှူလျှင် '**အပရိဝါရဒါန**' မည်၏။ ဆွမ်းဟင်းနှင့်တကွ လောင်းလှူလျှင် '**သပရိဝါရဒါန**' မည်၏။ စသည်ဖြင့် ခဲ့ထွင်၍သိပါ။ အခြံအရံမပါဘဲ လှူသော အပရိဝါရဒါနသည် အကျိုးပေးသောအခါ ထမင်းကိုလိုလျှင် ထမင်းချည်းသက်သက်သာ ရတတ်၏။ ဟင်းမရတတ်၊ အခြံအရံနှင့်တကွလှူသော သပရိဝါရဒါနမှာ အကျိုးပေးသောအခါ ထမင်းကိုလိုလျှင် ထမင်း၏ အခြံအရံဖြစ်သော ဟင်းလျာ ဟင်းကွေးအစုံအလင် ခဲဖွယ်ဘောဇဉ်၊ ပန်းကန်၊ အုပ်ခွက် လက်ဖက်၊

http://www.dhammadownload.com

ဆေး၊ ကွမ်း၊ ရေနွေးကြမ်းမှစ၍ ဥသုံ အခြံအရံ မျိုးစုံနှင့်တကွ ရတတ်၏။။

ဘုရားအလောင်းတော်သည် ရှေးရှေးဘဝများစွာက အခြံအရံနှင့်တကွ အလှူဒါန ပြုတော်မူခဲ့၏။။ ဥပမာသော် သင်္ကန်းလှူလိုသော် ထိုသင်္ကန်း၏ အခြံအရံ ကုသိုလ်အနေဖြင့် အလှူခံပုဂ္ဂိုလ် တို့အား ဆွမ်းကျွေးသည်။ မုန့် ခဲဖွယ် ဆက်ကပ်သည်။ အဖျော်ယမကာ ဆက်ကပ်သည်။ ပန်းနံ့သာ ပူဇော်သည်။ ပြီးမှ သီလခံယူကာ လိုရာ သဗ္ဗညုတ ဉာဏ်တော်ဆုကို တောင်း၍ လှူလိုရင်းဖြစ်သော အဝတ်သင်္ကန်းကို ရိုရိုသေသေ ကိုယ်ထိလက်ရောက် ပေးလှူဆက်ကပ်၏။။

အခြံအရံအကျိုး

ထိုကောင်းမှု ကုသိုလ်ကံကြောင့် ထိုကံအားလျော်စွာပင် နတ်ရွာသုဂတိ ဘုံဌာနဌ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ အစိုးရခြင်း၊ အခြွေအရံများခြင်း၊ နတ်တို့၏ အသုံးအဆောင်ဖြစ်သော ဖောဋ္ဌဗ္ဗရုံများခြင်းဟူသော ဆယ်ပါးသော အရာဌာနတို့ဖြင့် တစ်ပါးသောနတ်တို့ထက် သာလွန်သော နတ်စည်းစိမ်ကို ရတော်မူပြီးနောက် တစ်ဖန် လူပြည်သို့ ရောက်တော်မူလာသောအခါ နှစ်ဖက်သော ခြေဖဝါးတော်အပြင်တို့၌ အထောင်သော အကန့်အကွက် ပုံတောင်းအချက်တို့နှင့်တကွ ခပ်သိမ်းသော အခြင်းအရာတို့နှင့် ပြည့်စုံသော တစ်ရာ့ရှစ်ကွက် စက်အင်္ကျီအမှတ်အသားပါရှိခြင်း လက္ခဏာတော်ကြီးကို ရတော်မူလေ၏။။

http://www.dhammadownload.com

ဘုရားအလောင်းတော်သည် ထိုလက္ခဏာတော်နှင့် ပြည့်စုံတော်မူသည့်အတွက် အိမ်ရာတည်ထောင် လူ့ဘောင်၌နေလျှင် လေးကျွန်းသနင်း စကြာမင်းဖြစ်၍ ပုဏ္ဏား သူကြွယ်အစရှိသော များသော အခြံအရံရှိခြင်းတည်းဟူသော အကျိုးဆက်ကို ရတော်မူနိုင်၏။ နောက်ဆုံးဘဝ၌ တောထွက်၍ ရဟန်းပြုလျှင် သဗ္ဗညုဘုရားဖြစ်တော်မူ၍ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ လူယောကျ်ား၊ လူမိန်းမ၊ နတ်၊ လူ၊ အသူရာ၊ နဂါး ဂန္ဓဗ္ဗနတ် စသော များမြတ်သော ပရိသတ်အခြံအရံ ရှိခြင်းတည်းဟူသော အကျိုးဆက်ကို ရတော်မူနိုင်၏။

ယခုခေတ် အချို့လူတို့သည် အခြံအရံပေါများအောင် ဆိုပြီး ဆွေစုံမျိုးစုံဖိတ်ခြင်း၊ လူများစွာ စည်ကားအောင် ပြုလုပ်ခြင်း စသည်ဖြင့် ယွင်းမှားစွာ လှူကြ၏။ ဖော်ပြပါ လှူပုံနှင့်တူပါ၏လော၊ စဉ်းစားပါ။ လိုရာအကျိုးကို လိုသလိုရအောင် ပြုတတ်မှ ရမည်ဖြစ်၏။ သို့မဟုတ်က လိုတာတစ်ခြား ရတာ တစ်မျိုး ဖြစ်လိမ့်မည်။

ဥစ္ဆိဋ္ဌဒါန၊ အနုစ္ဆိဋ္ဌဒါန

အကြွင်းအကျန် အညံ့အဖျင်းဖြစ်သော ပစ္စည်းကို လှူဒါန်းခြင်းသည် '**ဥစ္ဆိဋ္ဌဒါန**'မည်၏။ အကြွင်းအကျန် အညံ့အဖျင်းမဟုတ်သော ဦးဦးဖျားဖျား ပစ္စည်းကို လှူဒါန်းခြင်းသည် '**အနုစ္ဆိဋ္ဌဒါန**' မည်၏။ ဤအနုစ္ဆိဋ္ဌဒါနကို အဂ္ဂဒါနဟူ၍လည်း ခေါ်၏။

စားသောက်ဖွယ်တို့ကို စားသောက်မည့်ဆဲဆဲတွင် အလှူခံပုဂ္ဂိုလ်ရောက်လာ၍ မိမိ မစားသောက်မီ ဦးဦးဖျားဖျား လှူလိုက်ခြင်းသည် အနုစ္ဆိဋ္ဌဒါန၊ အဂ္ဂဒါနပင်ဖြစ်၏။ မိမိ ဦးဦးဖျားဖျား

http://www.dhammadownload.com

စားသောက်ပြီးနောက် စားသောက်၍မပြီးမီ အလှူခံပုဂ္ဂိုလ် ရောက်လာ၍ စားသောက်ဆဲဖြစ်သော စားသောက်ဖွယ်တို့ကို လှူပြန်လျှင်လည်း အနုစ္ဆိဋ္ဌဒါန၊ အဂ္ဂဒါနပင် ဆိုနိုင်၏။ မိမိ စားသောက်ပြီးနောက်မှ လှူဒါန်းလျှင်ကား ဥစ္ဆိဋ္ဌဒါနဖြစ်၏။ သို့သော် အလှူခံပုဂ္ဂိုလ် နှစ်သက်လျှင် အကြွင်းအကျန် အညှံအဖျင်းပင် ဖြစ်သော်လည်း အကျိုးကြီးပါ၏။ ချမ်းသာသော သူတို့၏ အကြွင်းအကျန်သည် ဆင်းရဲသောသူတို့မှာ အကောင်းအမွန်ပင် ဖြစ်၏။ လူတို့၏ အကြွင်းအကျန်သည် ခွေး၊ ဝက်၊ ကြက်၊ ငါး စသည်တို့မှာ အကောင်းအမွန်ပင် ဖြစ်၏။ အညှံအဖျင်းဆိုရာမှာလည်း မိမိမှာ အကောင်းအမွန် မရှိသည့်အတွက် ရှိသမျှ အညှံအဖျင်းကိုသာ လှူဒါန်းရခြင်းသည် အနုစ္ဆဋ္ဌဒါန၊ အဂ္ဂဒါနပင်မည်၏။ အကောင်းအမွန်ရှိပါလျက် အကောင်းအမွန်ကို မလှူဘဲ အညှံအဖျင်းကို လှူမှသာ ဥစ္ဆိဋ္ဌဒါန ဖြစ်၏။

အဦးငါးပါး လှူသူ

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းတော်မူစဉ် အခါတစ်ပါး၌ ဖြစ်၏။ သာဝတ္ထိပြည်တွင် 'ပဥ္စဂ္ဂဒါယက' မည်သော ပုဏ္ဏားတစ်ဦး ရှိ၏။ သူသည် လယ်သမားဖြစ်၍ လယ်ဦး၊ စပါးပုံဦး၊ ကျီဦး၊ အိုးဦး၊ စားဦးအားဖြင့် အဦးငါးပါးတို့ကို လှူဒါန်းလေ့ရှိသောကြောင့် 'ပဥ္စဂ္ဂဒါယက'ဟု အမည်ရခြင်းဖြစ်၏။ တစ်နေ့သ၌ ဘုရားရှင်သည် နံနက်မိုးသောက်အခါ ဗုဒ္ဓစက္ခုဖြင့် သတ္တလောကကို ကြည့်ရှုတော်မူလတ်သော် ပဥ္စဂ္ဂဒါယက ပုဏ္ဏားဇနီးမောင်နှံနှစ်ဦးတို့၏ သောတာပတ္တိမဂ်ရမည့် အကြောင်း အားကောင်းသော ရှေးကောင်းမှုကို မြင်တော်မူ၏။

http://www.dhammadownload.com

ဘုရားရှင်သည် ပဉ္စဂ္ဂဒါယက ပုဏ္ဏား ထမင်းစားချိန်သို့ ရောက်သောအခါ ကျောင်းတော်မှ ကြွ၍ သူ၏ အိမ်တံခါးတွင် ဆွမ်းရပ်၏။ ထိုအချိန်တွင် ပုဏ္ဏားသည် စားသောက်ဖွယ်တို့ကို စားသောက်နေဆဲ ဖြစ်၏။ သူသည် အိမ်မျက်နှာစာကို ကျောခိုင်း စားနေ၍ ဘုရားရှင် ဆွမ်းရပ်နေသည်ကို မမြင်၊ သူ၏ဇနီးကား သူ့ကို ယပ်ခတ်ပေးလျက် ထိုင်နေစဉ် ဘုရားရှင်ကို မြင်၏။ သို့သော်လည်း 'အကယ်၍ ဘုရားရှင် ဆွမ်းရပ်နေသည်ကို သူမြင်လျှင် ထမင်းခွက်ကို ယူဆောင်၍ စားသောက်ဖွယ်အားလုံးတို့ကို လှူပစ်လိမ့်မည်။ ထိုသို့ လှူလိုက်သော် ငါတစ်ဖန်ပြန်၍ ချက်ရလိမ့်မည်'ဟု ကြံစည်၍ သူဘုရားရှင်ကို မမြင်အောင် ယပ်နှင့် ကွယ်ထား၏။

ဘုရားရှင်သည် ထိုအကြောင်းကို သိတော်မူ၍ ရောင်ခြည်တော် လွှတ်လေ၏။ ပုဏ္ဏားသည် ရောင်ခြည်တော်ကို မြင်လေလျှင် 'ဤအရောင်ကား အဘယ်နည်း'ဟု သေချာစွာ ကြည့်ရှုသော် အိမ်တံခါးဝ၌ ဘုရားရှင် ဆွမ်းရပ်တော်မူနေသည်ကို မြင်လေ၏။ ထိုအခါ သူသည် 'အဘယ်ပုဏ္ဏေးမ၊ သင်သည် ငါ့ကို ဖျက်ဆီးဘိ၏။ ဘုရားရှင် အိမ်တံခါးဝ၌ ဆွမ်းရပ်နေသည်ကို မြင်ပါလျက် ငါ့အား မပြောကြား။ သင်သည် ဝန်လေးသောအမှုကို ပြုဘိ၏' ဟု သူ့ဇနီး ပုဏ္ဏေးမအား မြည်တွန်တောက်တီးလျက် ထက်ဝက်စီးပြီးသော စားသောက်ဖွယ်တို့ကိုယူ၍ ဘုရားရှင်ထံသွားပြီး 'အရှင်ဂေါတမ၊ အကျွန်ုပ်သည် ငါးဌာနတို့၌ အဦးကို လှူ၍သာလျှင် စားပါ၏။ ဤစားသောက်ဖွယ်မှ အကျွန်ုပ်သည် အလယ်၌

http://www.dhammadownload.com

ခွဲ၍ တစ်ဖို့တစ်စုမျှသာ စားသောက်ရပါသေးသည်။ တစ်ဖို့တစ်စု ကြွင်းကျန်ပါသေးသည်။ တောင်းပန်ပါ၏။ အရှင်ဂေါတ၊ အကျွန်ုပ်၏ ကျန်သောတစ်ဖို့တစ်စုကို အလှူခံတော်မူပါ'ဟုလျှောက်ထား၏။

အဦးချည်းပဲ

ဘုရားရှင်သည် 'ပုဏ္ဏား၊ သင်၏ တစ်ဖို့တစ်စု အကြွင်း အကျန်ကို ငါအလိုမရှိ'ဟု မိန့်တော်မမူဘဲ ခံယူပြီးလျှင် 'ပုဏ္ဏား၊ အထွတ်အမြတ်သည်လည်း ငါ့အားသာလျှင် လျှောက်ပတ်၏။ အလယ်၌ခွဲ၍ တစ်ဝက်စားပြီး အကြွင်း တစ်ဝက်သည်လည်း ငါ့အားသာလျှင် လျှောက်ပတ်၏။ ပုဏ္ဏား–ဘုရားရှင်တို့သည် သူတစ်ပါးကိုမှီ၍ အသက်မွေးရသောသူတို့ ဖြစ်ကုန်၏'ဟု မိန့်တော်မူလျှင် သူသည် အလွန်တရာ ရွှင်လန်းဝမ်းမြောက်၏။ ထိုအခါ ဘုရားရှင်သည် သူတို့ဇနီးမောင်နှံနှစ်ဦးအား တရားဟောတော်မူ၏။

သူတစ်ပါးကိုမှီ၍ အသက်ရှင်ရသော ရဟန်းသည် အဦးမှ ဆွမ်းကိုလည်းကောင်း၊ အလယ်မှ ဆွမ်းကိုလည်းကောင်း၊ အိုး အတွင်းအကျန် ဆွမ်းကိုလည်းကောင်း ဒကာတို့ လှူသဖြင့် ရရာ၏။ ရဟန္တာသည် ထိုဆွမ်းကို ဆွမ်းဦးရပေ၏ဟု မချီးမွမ်း၊ ဆွမ်းကြွင်း ဆွမ်းကျန် ရပေ၏ဟု မရွှတ်ချ။ ထိုသူကို ပညာရှိသူတို့သာလျှင် ရဟန္တာဟူ၍ သိမြင်ကြကုန်၏။

"အကြင်သူ၏ သဏ္ဌာန်၌ အလုံးစုံသော နာမ်ရုပ်နှစ်ပါး၌ ငါ–ငါဥစ္စာဟူ၍ အငြိအစွဲ မရှိချေ။ နာမ်ရုပ်နှစ်ပါး ချုပ်ပျောက်

http://www.dhammadownload.com

သွားခြင်းကြောင့်လည်း စိုးရိမ်ပူဆွေးခြင်း မရှိချေ။ ထိုသူကို စင်စစ် ရဟန်းဟု ဆိုအပ်၏'

ဘုရားရှင်၏ တရားဒေသနာတော် အဆုံး၌ ဇနီးမောင်နှံ နှစ်ဦးလုံး သောတာပတ္တိဖိုလ်၌ တည်လေ၏။ အို–စာရှသူ၊ ဤထုံးကို နှလုံးမူနိုင်ပါစေသော်။

ဓမ္မိယဒါန၊ အဓမ္မိယဒါန

တရားသဖြင့် ရှာဖွေရရှိသော ပစ္စည်းဝတ္ထုကို လှူဒါန်းခြင်းသည် '**ဓမ္မိယဒါန**' မည်၏။ တိုက်ခိုက်ခိုးဝှက် သတ်ဖြတ်ခြင်းစသည်ဖြင့် မတရားသဘောဖက်၍ ရှာဖွေရရှိသော ပစ္စည်းဝတ္ထုကို လှူဒါန်းခြင်းသည် '**အဓမ္မိယဒါန**' မည်၏။

ပစ္စည်းဝတ္ထု ရှာဖွေစဉ်အခါ မတရားသဖြင့် ရှာဖွေသည့်အတွက် အဓမ္မိယဖြစ်သော်လည်း ထိုပစ္စည်းဝတ္ထုကို သူတစ်ပါး တို့အား ပေးလှူခြင်းမှာမူ ဒါနကုသိုလ်ပင် ဖြစ်ပြန်၏။ ပစ္စည်းက မစင်ကြယ်သည့်အတွက် ကုသိုလ်မဖြစ်ဟူ၍ မဆိုနိုင်။ သို့သော် ဓမ္မိယဒါနလောက်တော့ အကျိုးမကြီးမြတ်။ အောင်မြင်သော မျိုးစေ့နှင့် မအောင်မြင်သောမျိုးစေ့တို့မှ ပေါက်လာသော အညွှန့်အညောက်ပမာ မှတ်သားရာ၏။ သည်ကိုရည်၍ မာန်လည်ဆရာတော် ဘုရားကြီးက ဤသို့ စပ်ဆိုတော်မူခဲ့သည်–

"တရားပါဠို၊ လာတိုင်းသိသား၊ ပဏ္ဍိုပုဂ္ဂိုလ်၊ မြတ်ထိုထိုတို့၊ ကိုယ်ကိုနှိမ့်ချ၊ ဓမ္မေနဖြင့်၊ ဓနဥစ္စာ၊ ရအောင်ရှာ၍၊ ချမ်းသာလည်းခံ၊ အသင့်စံလျက်၊ ကောင်းကြံ ကောင်းပြု၊

http://www.dhammadownload.com

ကောင်းမှုရှေးရှု၊ ပေးကြလှူ၏၊ ကလူနိုင်ထက်၊ နှိပ်စက်လျှပ်ဝါး၊ တစ်ပါးသူကို၊ မျက်ရည်ယိုအောင်၊ ထိုထိုဒဏ်မှု၊ ပြု၍ယူထ၊ အဓမ္မဖြင့်၊ ရသည့်ဥစ္စာ၊ ထောင်သပြာကို၊ လှူပါသော့သူ၊ တစ်သိန်းလူဝယ်၊ အလှူတို့ကား၊ တရားညီမျှ၊ နည်းငယ်ပြုသည့်၊ ထိုသူ့ဒါန၊ တစ်ခုမျှကို၊ ပုံကျတွက်ဖွဲ့၊ စံနှုန်းရဲ့သော်၊ တစ်ဆယ့်ခြောက်စိတ်၊ ခွဲဝေစိတ်၍၊ တစ်စိတ်ကိုမျှ မမီစွဟု၊ ရှေးကပဉ္စသီ၊ ချီးအီသာမော၊ နတ်မင်းဟောဇ၏"

သဒ်သဒါန၊ အ သဒ်သဒါန

အလှူဒါနပြုကြရာမှာ တန်းတူညီမျှ ရနိုင်စကောင်းသော အလှူဒါနမျိုးသည် '**သဒ်သဒါန**'မည်၏။ အချင်းချင်း အပြိုင်အဆိုင် လှူကြရာမှာ တစ်ဖက်သားများ လိုက်၍မတုပနိုင်အောင် အနိုင်ယူ၍ လှူဒါန်းအပ်သော အလှူဒါနမျိုးသည် '**အသဒ်သဒါန**'မည်၏။ ဤအသဒ်သဒါန အလှူရှင်သည် ဘုရားတစ်ဆူတစ်ဆူ တို့၏ လက်ထက်တော်မှာ တစ်ဦးတစ်ဦးသာလျှင် ပေါ်ပေါက်၏။

အခါတစ်ပါး ဘုရားရှင်သည် ဒေသစာရီ ကြွချီ၍ ဇေတဝန်ကျောင်းတော်သို့ နောက်ပါ ရဟန်းငါးရာနှင့်အတူ ပြန်လည်ဆိုက်ရောက်တော်မူလာသော် ကောသလ္လမင်းကြီးသည် ဘုရားအမှူးရှိသော ရဟန္တာငါးရာတို့ကို ပင့်ဖိတ်၍ အာဂန္တုက အလှူစီစဉ်ပြီးလျှင် 'ငါ၏အလှူကို ကြည့်ရှုကြကုန်လော့'ဟု ပြည်သူပြည်သားတို့ကိုခေါ်၍ ပြသကာ သာဓုအနုမောဒနာ ခေါ်စေ၏။

http://www.dhammadownload.com

ပြည်သူပြည်သားတို့သည် မင်းကြီး၏ အလှူဒါနကို ကြည့်ရှု သာဓုခေါ်ပြီးလျှင် နောက်နေ့အတွက် ဘုရားအမှူးရှိသော သံဃာ ငါးရာကို ပင့်ဖိတ်၍ 'အကျွန်ုပ်တို့၏ အလှူဒါနကိုလည်း အရှင် မင်းကြီး ကြည့်ရှုတော်မူပါ' ဟု မင်းကြီးအား ဖိတ်၍ ပြသကာ သာဓု အနုမောဒနာ ခေါ်စေ၏။

မင်းကြီးသည် ပြည်သူပြည်သားတို့၏ အလှူဒါနကို ကြည့်ရှု၍ သာဓုအနုမောဒနာ ခေါ်ပြီးလျှင် 'ဤပြည်သူပြည်သားတို့သည် ငါ၏ အလှူဒါနထက် လွန်မြတ်သော အလှူဒါနကို ပြုဘိ၏။ ငါလည်း တစ်ဖန် ပြုပါအံ့' ဟု ကြံစည်၍ ပြည်သူပြည်သားတို့ထက် သာလွန်အောင်စီမံ၍ လှူဒါန်းပြန်၏။ ဤနည်းဖြင့် လှူဒါန်းရာ မင်းကြီးက ခြောက်ကြိမ်၊ ပြည်သူပြည်သားတို့က ခြောက်ကြိမ် လှူဒါန်းပြီးသွား၏။ မင်းကြီးသည် ပြည်သူပြည်သားတို့၏ ခြောက် ကြိမ်မြောက် အလှူထက် သာလွန်သောအလှူကို မလှူနိုင်ဘဲ ပြည်သူပြည်သား တို့ကို အရှုံးပေးရလျှင် အသက်ရှင်ရသော်လည်း အဘယ်အကျိုးရှိအံ့နည်း' ဟု ကြံစည်၍ အကြောင်းရှာရင်း အိပ်လေ၏။

မိဖုရားကြီး အစီအမံ

မင်းကြီး အိပ်နေသည်ကို မလွှဲကာမိဖုရားကြီး မြင်လျှင် အကြောင်းကိုမေး၏။ ထိုအခါ မင်းကြီးက အကြောင်းစုံပြောပြ လျှင် 'အရှင်မင်းကြီး၊ မစိုးရိမ်ပါလင့်၊ မြေအပြင်ကို အစိုးရသော မင်းကြီးက ပြည်သူပြည်သားတို့ကို အရှုံးပေးရသည်မှာ အဘယ်မှာ

http://www.dhammadownload.com

ကြားဖူး မြင်ဖူးပါသနည်း။ အကျွန်ုပ် အရှင်မင်းကြီး၏ အလှူဒါနကို ကိုယ်တိုင်စီမံပါအံ့'ဟု ပြောပြ၍ အလှူကို မလွိကာမိဖုရားကြီး ကိုယ်တိုင် စီမံလေ၏။ မလွိကာမိဖုရားကြီးသည် ပြည်သူပြည်သား တို့ မတုပနိုင်အောင် မဏ္ဍပ်ကြီးအတွင်းတွင် မင်းသမီးကလေး တွေကိုသာ နံ့သာသွေးခြင်း၊ နံ့သာရည် ပက်ဖျန်းခြင်း၊ ရဟန်းတော် များအား ယပ်လေခတ်သော ကိစ္စတို့ကို ပြုလုပ်စေပြီးလျှင် ရဟန်း တော် ငါးရာတို့အားလည်း တစ်ပါး တစ်ပါးစီ၏နောက်တွင် ဆင်ပြောင်ကြီး တစ်စီး တစ်စီးစီ ဝပ်စေကာ ထီးဖြူဆောင်းမိုး၍ နေစေ၏။ ယဉ်ကျေးသော ဆင်ပြောင်ကြီး ငါးရာမပြည့်ဘဲ တစ်ကောင်လိုနေသည်တွင် ကြမ်းကြုတ်ဆိုးရွားသော ဆင်ပြောင် ကြီးတစ်ကောင်ကို ရှင်အင်္ဂုလိမာလ၏နောက်တော်တွင် ဝတ်စေ၍ ထီးဖြူမိုးစေ၏။ ကြမ်းကြုတ်ဆိုးရွားသော ဆင်ပြောင်ကြီးသည် အလှူပွဲတွင် ပါဝင်၍ ရှင်အင်္ဂုလိမာလအား နှူးညံ့သိမ်မွေ့စွာ ထီးဖြူ ဆောင်းပေးနေသည်ကို မြင်ကြရသောသူတို့သည် များစွာ အံ့သြ ကြကုန်၏။

အလှူဒါနပွဲကြီး ပြီးဆုံးသောအခါ မင်းကြီးက 'ဤမဏ္ဍပ် အတွင်းရှိ အပ်သောပစ္စည်း၊ မအပ်သောပစ္စည်း အလုံးစုံတို့ကို ဘုရားရှင်တို့အား လှူဒါန်းပါ၏'ဟု ဆို၍ လှူဒါန်းလျှင် ပြည်သူ ပြည်သားတို့သည် မင်းကြီးအလှူကို သာလွန်အောင် နောက်ထပ် မလှူနိုင်တော့ဘဲ အရှုံးပေးရလေ၏။ ပြည်သူပြည်သားတို့တွင် မင်းသမီးကလေးတွေ မရှိခြင်း၊ ထီးဖြူမရှိခြင်းနှင့် ဆင်ပြောင်ကြီး များမရှိခြင်းတို့ကြောင့် အရှုံးပေးရခြင်းဖြစ်၏။

http://www.dhammadownload.com

ပစ္စက္ခဒါန၊ အ ပစ္စက္ခဒါန

မျက်မြင်ကိုယ်တွေ့ဖြစ်သော ဒါနသည် '**ပစ္စေက္ခဒါန**'မည်၏။ မျက်မြင်ကိုယ်တွေ့မဟုတ်၊ ကိုယ့်မျက်ကွယ်၌ လှူအပ်သောဒါန သည် '**အပစ္စက္ခဒါန**'မည်၏။

ချဲ့ဦးအံ့။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ဟူသော ဣန္ဒြေ ငါးပါးတို့ဖြင့် ရှေးရှုနိုင်သော ဒါနကို 'ပစ္စက္ခဒါန' ခေါ်၏။ မျက်စိဖြင့် မြင်အပ်သောအရာ၊ လျှာဖြင့် လျှက်အပ်သောအရာ၊ ကိုယ်ဖြင့် တွေ့ထိအပ်သောအရာငါးမျိုးလုံးပင် ပစ္စက္ခချည်းပင် ဖြစ်၏။

မျက်စိဖြင့် မြင်အပ်သော ပစ္စက္ခဒါနသည် ကိုယ်တိုင်ကိုယ်ကျ မိမိလက်ဖြင့် ကိုင်တွယ်လှူဒါန်းအပ်သော သာဟတ္တိကဒါနနှင့် လည်း အလုံးစုံ ထပ်တူထပ်မျှ မတူတတ်။ မျက်စိဖြင့် မြင်အပ် သောအရာမှာပင် ကိုယ်တိုင် ကိုင်တွယ်၍ လှူပါမှ သာဟတ္တိက ဒါန ဖြစ်၏။ သူတစ်ပါးကို စေခိုင်း၍ လှူလျှင် အာဏတ္တိကဒါန ဖြစ်၏။ မျက်စိဖြင့် မမြင်ရစေကာမူ နားဖြင့် ကြားအပ်သော ဒါနသည်လည်းကောင်း၊ နှာခေါင်းဖြင့် အနံ့ကို သိသော ဒါန သည်လည်းကောင်း၊ လျှာဖြင့် အရသာကို သိသော ဒါနသည် လည်းကောင်း၊ ကိုယ်ဖြင့် အထိအတွေ့ကို သိသော ဒါနသည် လည်းကောင်း ပစ္စက္ခဒါနချည်းပင် ဖြစ်၏။

ပေတဒါန၊ နိစိဒါန

တမလွန်ဘဝသို့ ပြောင်းသွား ကွယ်လွန်လေသော ဆွေမျိုး သားချင်းများ၏ တမလွန်ဘဝ၌ ကြီးပွားချမ်းသာရေးအကွက်

http://www.dhammadownload.com

ရည်ရွယ်မှန်းထား၍ လူဒါန်းအပ်သော အလူသည် '**ပေတဒါန**' မည်၏။ မိမိအတွက်တာ နောင်တမလွန်ဘဝ၌ ကြီးပွားချမ်းသာရေးအတွက် ရည်ရွယ်မှန်းထား၍ လူဒါန်းအပ်သော အလူသည် '**နိဓိဒါန**' မည်၏။

ထိုတွင် နိဓိဒါနမှာ ဘယ်လိုပင်လူလူ အကျိုးအနည်းအများရ၍ ကိစ္စမရှိသော်လည်း ပေတဒါနမှာမူ သေသူအတွက် ပြုရ၍ အရေးကြီး၏။ မှန်၏။ တမလွန်ဘဝ ပြောင်းသွား သေလွန်သူအတွက် ရည်မှန်း၍ လူဒါန်းသောအလူ၊ ယခုခေတ်အခေါ် 'ဆွမ်းသွတ်–ဆွမ်းစဉ်'၊ ရှေးခေတ်အခေါ် 'ပေတဒါန'သည် (၁) သေသူကို သေသေချာချာရည်မှန်း၍ လူဒါန်းခြင်း၊ (၂) သေသူကိုယ်တိုင် သာဓုခေါ်နိုင်ခြင်း၊ (၃) အလူခံပုဂ္ဂိုလ် မြင့်မြတ်ခြင်း ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံမှ သေသူသည် ကုသိုလ်အဖို့ဘာဂကို ရသည်၊ မပြည့်စုံလျှင် မရ။

ထိုပြိတဝ၊ လူဒါန၏၊ ပေတကိစ္စ၊ ဥဒ္ဒိသကား၊
ရည်ထပေးပြု၊ သာဓုခေါ်တတ်၊ လူခံမြတ်မှ၊ သေသူရ၏။

(မဃဒေဝ)

ယခုခေတ်အစွဲအလမ်း

အများက စွဲမှတ်နေသည်မှာ 'လူတစ်ယောက် သေဆုံးသည့်အခါ ကံပစ်ချရာ ဘဝတစ်ပါးသို့ ချက်ချင်း မပြောင်းသွားသေးဘဲ ဘဝဟောင်း၌ ရှိရစ်ကြသော အိမ်နှင့် ဆွေမျိုးများ အနီးအပါးဝယ် တဝဲလည်လည် လှည့်လည်ကြည့်ရှုကာ ခုနစ်ရက်ကြာအောင်

http://www.dhammadownload.com

နေသည်'ဟု အယူရှိကြ၏။ ထို့ကြောင့် ခုနစ်ရက်ပြည့်သောအခါ 'ဘဝတစ်ပါး အပြောင်းတွင် ဘဝဟောင်းက ဆွေမျိုးသားချင်းများ ပြုသော ကုသိုလ်ကို ဝမ်းမြောက်စွာ သာဓုခေါ်ပြီးလျှင် ကောင်းမြတ်ရာသို့ ရောက်ပါစေတော့'ဟု ရည်စူးပြီး ရက်လည်ဆွမ်းသွတ် ဆွမ်းကျွေးမှု အလှူဒါန ပြုကြ၏။

စင်စစ်မှာ ထိုသို့ စွဲလမ်းမှတ်ထင်သည့်အတိုင်း ခုနစ်ရက်မျှ မိမိ၏ အိမ်အနီးအပါးတွင် စောင့်စားလှည့်လည်နေတော့သည် မဟုတ်။ ကံစီမံရာဘဝသို့ ချက်ချင်းပင် ပြောင်းသွားရသည်။ ငရဲရောက်မည့်သူကို ကံက ဆိုင်းငံ့ စောင့်စားနေမည်မဟုတ်။ ချက်ချင်းပင် ငရဲသို့ ပစ်ချပေ၏။ နတ်ပြည်ရောက်မည့်သူကလည်း ဆွေမျိုးဟောင်းများကို ငဲ့ညှာနေမည်မဟုတ်။ အိမ်အနီးအပါးတွင် စောင့်စားနေလင့်သူကား ပြိတ္တာဘဝ ရောက်နေသူသာ ဖြစ်၏။ ထိုသူချမ်းသာစေရန် ခုနစ်ရက်လည်အောင် မဆိုင်းဘဲ ဆုံးသည့်နေ့ကစ၍ တတ်အားသမျှ ကုသိုလ်ပြု အမျှဝေခြင်းသည်သာ နည်းလမ်းကျပေ၏။ ထိုသို့ပြုရာ၌ ပကာသန မပါစေဘဲ ပူဆွေးမှုကို မဖြစ်စေဘဲ လှူဒါန်းဖို့ အရေးကြီးပေသည်။

သတိထား၍ ရှောင်ရှားသင့်

ဤကမ္ဘာမှ ပြန်၍ရေသော် ကိုးဆယ့်နှစ်ကမ္ဘာထက် ဖုဿဘုရားရှင် ပွင့်တော်မူခဲ့၏။ ထိုဘုရားရှင်၏ညီတော် မင်းသားသုံးယောက်တို့သည် စည်းစိမ်များကို ဘဏ္ဍာရေးမင်းကြီးနှင့် အခွန်ဝန်မင်းကြီးအား လွှဲအပ်၍ အရပ်ရပ်ကိစ္စကို မှာထားပြီးလျှင်

http://www.dhammadownload.com

ကျွန်တော်ရင်း တစ်ထောင်နှင့်တကွ တစ်ဝါတွင်းလုံး ဆယ်ပါး သီလ စောင့်ထိန်းလျက် ကျောင်းမှာပင် နေကြလေ၏။ လွဲအပ်ခဲ့သော ဝန်ကြီးများက ဘုရားအမှူးရှိသော သံဃာတော်များနှင့်တကွ မင်းသားတို့၏ အခြွေအရံများအတွက်ပါ နေ့စဉ် ချက်ပြုတ်ပြုစုရ၏။ ထိုအခါ၌ ကိစ္စကြီးငယ် ရွက်ဆောင် ပြုလုပ် ချက်ပြုတ်ကြသူ ဝန်မင်းဆွေမျိုးတို့သည် စားသောက်ဖွယ်များမှ သံဃာတော်များမကပ်ရခင် နေ့စဉ်မပြတ် သားသမီးများကိုလည်း ကျွေး၊ မိမိတို့လည်း စားသောက်မိကြသဖြင့် ဤကမ္ဘာ၏အစလောက်ကပင် အားလုံး ပြိတ္တာဖြစ်၍ စားရမဲ့ သောက်ရမဲ့ နေကြရလေ၏။

ထို့နောက် ပွင့်တော်မူလာသော ရှေးဘုရားရှင်များအထံတော်သို့ ချဉ်းကပ်လျက် စားသောက်ရမည့်ကာလကို လျှောက်ထားကြရာ ဂေါတမဘုရားရှင် ပွင့်တော်မူလျှင် သင်တို့၏ ဆွေမျိုးဖြစ်ခဲ့ဖူးသော အခွန်ဝန်သည် ဗိမ္ဗိသာရမင်းဖြစ်၍ ဒါနပြုသော အခါ သင်တို့အား အမျှဝေလိမ့်မည်။ ထိုအခါ သင်တို့ စားသောက်ကြရလိမ့်မည်ဟု မိန့်တော်မူလာ၍ ဗိမ္ဗိသာရမင်းကြီးသည် ရှေးဦးစွာ လူ့ဒါန်းကျွေးမွေးသည့်အခါ အမျှမဝေမီသဖြင့် အဖို့ဘာဂ အမျှမရ၍ ပြိတ္တာအပေါင်းတို့သည် မျှော်လင့်ချက်ကင်းပြတ်ကာ ညဉ့်အခါ၌ မင်းကြီး၏နန်းတော်ဝယ် အလွန်ကြောက်မက်ဖွယ်ကောင်းသော အသံတို့ကိုပြုလျက် ကိုယ်ထင်ပြကြကုန်၏။

ရည်ညွှန်း၍ အမျှဝေပါ

မင်းကြီးလည်း ပြင်းစွာကြောက်ရွံ့ ထိတ်လန့်၍ နံနက်မိုးသောက်အလင်းသို့ ရောက်သောအခါ ဘုရားရှင်ထံ လာရောက်

http://www.dhammadownload.com

ပြီး အကြောင်းကို လျှောက်ထားရာ ဘုရားရှင်က အကြောင်းစုံ ဟောပြသဖြင့် နောက်ထပ် ဆွမ်း၊ သင်္ကန်း စသည်တို့ကို လှူဒါန်း၍ 'ကွဲဒံ မေ ဉာတိနံ ဟောတု=ဤအလှူဒါနသည် အကျွန်ုပ်၏ ဆွေမျိုးများအတွက် ဖြစ်ပါစေသတည်း'ဟု အမျှခွန်း ညွှန်းလေသော် သာဓုခေါ်သဖြင့် ပြိတ္တာအဖြစ်မှ လွတ်မြောက်၍ နတ်ရေကန်များ၊ နတ်ယာဂု၊ ခဲဖွယ်၊ ဘောဇဉ်များ၊ နတ်ဥဖြစ်သော အဝတ်များ၊ ယာဉ်များ၊ ဘုံဗိမာန်များ ဖြစ်ပေါ်ရရှိ သုံးဆောင်ကြရလေကုန်၏။ ထိုမင်းကြီး၏ အလှူဒါနပွဲ၌ ဆွမ်းကိစ္စပြီးသော် ဘုရားရှင်သည် မင်းကြီးအား ဤသို့ အနုမောဒနာတရား ဟောကြားတော်မူလေ၏။

ဆွမ်းသွတ်တရား

"မင်းကြီး၊ ပြိတ္တာတို့သည် မိမိအိမ်သို့ လာကြ၍ နံရံပြင်ဘက် တို၌လည်းကောင်း၊ လမ်းဆုံ လမ်းခွ အိမ်ခြံစပ်တို၌လည်းကောင်း၊ တံခါးဘောင်တို၌လည်းကောင်း ရပ်တည်နေကြကုန်၏။

"မင်းကြီး၊ များစွာသော ထမင်းအဖျော် ခဲဖွယ်ဘောဇဉ်တို့ကို လှူဒါန်းရန် ပြုစီရင်သော်လည်း ထိုပြိတ္တာ သတ္တဝါတို့ ကံအကြောင်းကြောင့် ထိုပြိတ္တာ သတ္တဝါတို့ကို တစ်စုံတစ်ယောက်သောသူကမျှ အမှတ်မရခဲ့ချေ"

"မင်းကြီး၊ သနားတတ်သော သူတို့သည် ဆွေမျိုးပြိတ္တာတို့ ကပ်ရောက်လာသောအခါ စင်ကြယ်မွန်မြတ်၍ လျောက်ပတ်သော အဖျော်ဘောဇဉ်ကို 'ဤအလှူသည် ဆွေမျိုးဖြစ်သော သင်ပြိတ္တာ

http://www.dhammadownload.com

တို့အား ဖြစ်စေသတည်း။ ဆွေမျိုးဖြစ်သော သင် ပြိတ္တာတို့သည် ချမ်းသာကြစေကုန်သတည်း'ဟု ရည်ညွှန်း၍ ပေးလှူကုန်သော် ဆွေမျိုးဖြစ်သော ပြိတ္တာတို့သည် ထိုအရပ်သို့ ညီညွတ်ပေါင်းဆုံလျက် လာရောက်ကြကုန်ပြီးလျှင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကုန်၏"

"မင်းကြီး၊ ဆွေမျိုးတို့၏ ပေးလှူခြင်းကြောင့် စည်းစိမ်ချမ်းသာကို ငါတို့၏ အကျိုးငှာလည်း ပူဇော်ကြကုန်၏။ ပေးလှူသူ ဆွေမျိုးတို့လည်း အကျိုးကြီးမြတ်ကုန်၏။ ငါတို့ ဆွေမျိုးတို့သည် အသက်ရှည်ကြပါစေကုန်သတည်း"ဟု ပြိတ္တာတို့က ပြန်၍ ပတ္ထနာပြုကြကုန်၏။

"မင်းကြီး၊ ပြိတ္တာဘုံ၌ လယ်ထွန်ခြင်းအလုပ်လည်း မရှိ၊ နွားကျောင်းခြင်းလည်း မရှိ၊ စည်းစိမ်ဥစ္စာရကြောင်း ကုန်သွယ်မှုလည်းမရှိ၊ ရွှေငွေဖြင့် ရောင်းဝယ်မှုလည်းမရှိ၊ တမလွန်ဘဝသို့ ပြောင်းသွားကုန်သော ပြိတ္တာတို့သည် ဤလူ့ဘုံမှ ဆွေမျိုးတို့ ပေးကမ်းအပ်သော ကုသိုလ်အဖို့ဘာဂ အမျှဖြင့် ပြိတ္တာဘုံ၌ မျှတရကုန်၏"

"မင်းကြီး၊ ကုန်းမြင့်ရာအရပ်၌ ရွာသော မိုးရေသည် ချိုင့်ဝှမ်းရာ အရပ်သို့ စီးသွားသကဲ့သို့ ဤလူ့ဘုံမှ ပေးဝေအပ်သော ကုသိုလ်အဖို့ဘာဂ အမျှသည် ပြိတ္တာတို့ထံသို့ ကပ်ရောက်၏"

"မင်းကြီး၊ မြစ်ချောင်းရေတို့သည် သမုဒ္ဒရာကို ပြည့်စေကုန်သကဲ့သို့ ဤလူ့ဘုံမှ ပေးဝေအပ်သော ကုသိုလ်အဖို့ဘာဂအမျှသည် ပြိတ္တာတို့ထံသို့ ကပ်ရောက် ပြည့်စုံစေ၏"

http://www.dhammadownload.com

"မင်းကြီး၊ ဤသူကား ငါ့အား ဥစ္စာကို ပေးဖူးပြီ၊ ငါ၏ ကိစ္စကို ပြုဖူးပြီဟူ၍ ရှေးကပြုဖူး သူ့ကျေးဇူးကို လည်းကောင်း၊ ဤသူကား ငါ၏ဆွေမျိုးတည်း၊ ငါ၏မိတ်ဆွေတည်း၊ ငါ၏ခင်ပွန်း တည်းဟူ၍လည်းကောင်း ရှည်ကြာစွာသော ကာလပတ်လုံး အောက်မေ့သူသည် ပြိတ္တာတို့ အကျိုးငှာ မြတ်သောအလှူကို ပေးလှူရာ၏။

"မင်းကြီး၊ ငိုကြွေးခြင်းသည် လည်းကောင်း၊ စိုးရိမ်ခြင်းသည် လည်းကောင်း၊ ထိုမှတစ်ပါး ပြောဆိုမြည်တမ်းခြင်းသည် လည်း ကောင်း ပြိတ္တာတို့အကျိုးငှာ မဟုတ်၊ သို့သော် ဆွေမျိုးတို့သည် ကား ငိုကြွေးနေကြကုန်၏။

"မင်းကြီး၊ တမလွန်ဘဝသို့ ပြောင်းသွားသူကို ရည်စူးလျက် သံဃာ၌ ကောင်းစွာတည်၍ 'သံဃိကဒါန' ပေးလှူအပ်သော ဤအလှူသည် ပြိတ္တာတို့၏ ရှည်ကြာစွာသော ကာလပတ်လုံး စီးပွားချမ်းသာ ဖြစ်ခြင်းအကျိုးငှာ တစ်ခဏချင်း ကပ်ရောက် နိုင်၏။

"မင်းကြီး၊ တမလွန်ဘဝသို့ ပြောင်းသွားသူကို ရည်စူး၍ ပေးလှူခြင်းသဘောကို ဆွေမျိုးတို့၌ ပြုရသော ဝတ္တရားဟူ၍ ညွှန်ပြအပ်၏။ ပြိတ္တာတို့အား မြတ်သော ပူဇော်ခြင်းကို ပြုအပ် သည်လည်း မည်၏။ ရဟန်းတို့အား ခွန်အားကို ပေးအပ်သည် လည်း မည်၏။ ကြီးကျယ်သော ကုသိုလ်ကို ပွားများဆည်းပူး အပ်သည်လည်း မည်၏"

http://www.dhammadownload.com

မှတ်ချက်

ဤတွင်–
(၁) ဆွေမျိုးပြိတ္တာများကို သေသေချာချာ ရည်ညွှန်းခြင်း၊
(၂) ပြိတ္တာများကိုယ်တိုင် သာဓုခေါ်ခြင်း၊
(၃) အလှူခံပုဂ္ဂိုလ်များမှာ အရိယာသံဃာတော်များဖြစ်ခြင်း၊
ဤအင်္ဂါသုံးပါးနှင့်ညီညွတ်၍ အလှူအကျိုး ပြီးမြောက်၏။

မုဆိုးဆွမ်းသွတ်

မုဆိုးတစ်ယောက်သည် သေလွန်၍ ပြိတ္တာဖြစ်နေသော ဆွေမျိုးကို ရည်စူးပြီး သီလသိက္ခာမရှိသော ရဟန်းဒုဿီလကို ပင့်ဖိတ်၍ နှစ်ကြိမ်တိုင်တိုင် အမျှဝေသော်လည်း အမျှမရဘဲ ရှိလေ၏။ သုံးကြိမ်မြောက် ပေးပြန်သောအခါ ဆွေမျိုးပြိတ္တာက 'အမနုသော ဒုဿီလော မံ ဝိလုမ္ပတိ = ငါ့အဖို့ ဥစ္စာကို လူမဟုတ်သော ရဟန်း ဒုဿီလကြီးက လု၍ လု၍ ယူထားသည်' ဟု ဟစ်အော်လေ၏။

ဤတွင် (၁) ဆွေမျိုးပြိတ္တာကို သေသေချာချာ ရည်ညွှန်းခြင်း အင်္ဂါနှင့် ပြည့်စုံသော်လည်း (၂) အလှူခံပုဂ္ဂိုလ် သီလမရှိ ဒုဿီလဖြစ်၍ ကုသိုလ်အဖို့ ဘာက အမျှနည်းလွန်း၍၊ (၃) ဆွေမျိုး ပြိတ္တာက သာဓုခေါ်နိုင်လောက်အောင် အမျှမရ၍ သာဓု မခေါ်ရသဖြင့် အလှူအကျိုး မပြီးမြောက်ပေ။

ထို့ကြောင့် ယခုကာလ၌ ဆွေမျိုးဟောင်းတို့ကို ရည်မှန်း၍ လှူဒါန်းရာ၌ မိမိကိုယ်တိုင် သီလဆောက်တည်၍ သီလနှင့် ပြည့်စုံသော သီလဝန္တ ပုဂ္ဂိုလ်တို့ကို လှူဒါန်းလျက် သေသူ ဆွေမျိုး

http://www.dhammadownload.com

ဟောင်းတို့အား သေသေချာချာရည်ညွှန်းလျက် အဖို့ဘာဂ အမျှပေးဝေပါမှ သာဓုခေါ်နိုင်၍ အဖို့ဘာဂ အမျှရနိုင်ဖွယ်ရှိကြောင်း ကောင်းကောင်းကြီး သတိပြုသင့်၏။ အလှူခံပုဂ္ဂိုလ် သီလ ရှိ,မရှိ မရွေးချယ်တတ်လျှင် သံဃာဂုဏ်ကို အာရုံပြု၍ သံဃာကို ရည်မှန်းပြီး သံဃိကဒါန ပြုသင့်၏။

သေသူထံမှောက် ရောက်,မရောက်

ဤသို့ လူအများ သေပျောက် ပျက်စီးရာ၌ ကျန်ရစ်သူ ဆွေမျိုးများက ကုသိုလ်ပြု အဖို့ဘာဂ အမျှပေးဝေခြင်းသည် သေသူထံမှောက် ရောက်,မရောက် ကိစ္စကို တစ်ချို့က မေးတတ်ကြ၏။ ဘာကြောင့်နည်း။ လောကတွင် (၁) ရုပ်အားနှင့် (၂) နာမ်အားဟူ၍ အားနှစ်မျိုးရှိ၏။ ထိုတွင် ရုပ်အားထက် နာမ်အားက ပိုမို၍ သတ္တိထက်၏။ လျင်မြန်၏။ ကြီးမား၏။ ယခုခေတ်တွင် နိုင်ငံတစ်ခုမှ အသံလွှင့်စက်ဖြင့် အသံလွှင့်လိုက်သောအခါ ကမ္ဘာ့အစွန်းဘက်ရှိ နိုင်ငံတစ်ခုသို့ မကြာခင် ရောက်လာ၏။

မြန်မာပြည်တွင် ညခြောက်နာရီ ဖြစ်ကာ အမေရိကန်ပြည် ဝါရှင်တန်ပြို့တွင် နံနက် ခြောက်နာရီ ဖြစ်၏။ တစ်နေ့လုံးလုံး ကွာခြား၏။ သို့သော် အသံလွှင့်လိုက်သောအခါ မရွေးမနှောင်း မှာပင် အသံရောက်လာ၏။ လွှင့်လိုက်သော ဌာနကမူ မည်သည့် နိုင်ငံဟု ရည်မှန်းချက်မရှိပေ။ သို့သော် အသံဖမ်းစက် ရေဒီယို ရှိသော ဌာနတိုင်း ထိုအသံများ ရောက်လာ၏။ ဤသည်တို့မှာ ရုပ်ဓာတ်အားများ ဖြစ်၏။ နာမ်ဓာတ်အားများမှာ ထို့ထက် အလွန်တရာ သတ္တိအား ကောင်းသေးသည်ဆိုလျှင် မေတ္တာပို့ခြင်း၊

http://www.dhammadownload.com

ကုသိုလ်အဖို့ဘာဂ အမျှပေးဝေခြင်းတို့မှာ နာမ်ဓာတ်အားများပင် ဖြစ်၍ ရုပ်ဓာတ်အားထက်ပို၍ သတ္တိကောင်းသောကြောင့် ဇောန် မုချ သေသူထံ ရောက်ရမည်သာ ဖြစ်၏။

သေသူသည် မည်သည့် ဘဝဌာန ရပ်ဌာန်သို့ ရောက်နေသည်ဟု မသိရပါဘဲ ရမ်းပြီး ကုသိုလ်အဖို့ဘာဂ အမျှပေးဝေခြင်းမှာ ရောက်နိုင်မည်လော။ ပြခဲ့ပြီးသော အသံလွှင့် ဥပမာ အတိုင်းပင် မည်သည့်နိုင်သို့ဟု ရည်မှန်းချက် မရှိ။ အသံလွှင့်၏။ သို့သော် အသံဖမ်းစက် ရှိသော ဌာနတိုင်းမှာ အသံကြားရ၏။ ရမ်းပြီး အသံလွှင့်သော ရုပ်အားသည်ပင် ရောက်နိုင်သေးလျှင် ယခုမှာမူ ရည်မှန်းပြီး ပေးပို့သော ကုသိုလ်အဖို့ဘာဂ အမျှ နာမ်ဓာတ်အား ဖြစ်သောကြောင့် ရုပ်ဓာတ်အားထက် ကြီးမား လျင်မြန်သည့်အတွက် ဇောန်မုချ ရောက်ရမည်သာ ဖြစ်၏။

တမလွန်ပြဿနာ

ဤပြဿနာမျိုးကို ယခုခေတ်မှာပင် မေးဖူးသည် မဟုတ်သေး၊ ဘုရားရှင်လက်ထက်ကလည်း မေးဖူးသည်။ အခါတစ်ပါး၌ ဇာဏုသောဏိ ပုဏ္ဏားသည် ဘုရားရှင်ထံ လာရောက်၍ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားများ ပြောကြားပြီးလျှင် ဘုရားရှင်အား လျှောက်ထား၏။

"အရှင်ဂေါတမ၊ အကျွန်ုပ်တို့ လူသားလောကမှာ ဤအလှူသည် ကွယ်လွန်သော ဆွေမျိုးသားချင်းတို့ထံသို့ ရောက်ပါစေ၊ ဤအလှူကို ကွယ်လွန်သော ဆွေမျိုးသားချင်းတို့သည် သုံးဆောင်ကြပါစေ'ဟု ရည်ရွယ်၍ အလှူ လှူကြပါကုန်၏။ အရှင်ဂေါတမ

http://www.dhammadownload.com

အသို့နည်း၊ ထိုအလှူသည် ကွယ်လွန်သော ဆွေမျိုးတို့ထံ ရောက်ပါ၏လော၊ ကွယ်လွန်သော ဆွေမျိုးသားချင်းတို့သည် ထိုအလှူကို သုံးဆောင်ရပါ၏လော"

"ပုဏ္ဏား၊ ရောက်သင့်သောအရပ်၌ ရောက်၏။ မရောက်သင့်သောအရပ်၌ မရောက်"

"အရှင်ဂေါတမ၊ ရောက်သင့်သောအရပ်ဟူသည် အဘယ်ပါနည်း။ မရောက်သင့်သောအရပ်ဟူသည် အဘယ်ပါနည်း"

မရောက်သင့်သောအရပ်

"ပုဏ္ဏား၊ ဤလောက၌ အချို့သောသူသည် သူ့အသက်သတ်ခြင်း၊ မပေးသည်ကို ယူခြင်း၊ ကာမဂုဏ်၌ မှားယွင်းစွာကျင့်ကြံခြင်း၊ မဟုတ်မမှန် ပြောဆိုခြင်း၊ ကုန်းတိုက်စကား ပြောဆိုခြင်း၊ ရုန့်ရင်းကြမ်းတမ်းသောစကား ပြောဆိုခြင်းနှင့် အကျိုးမရှိ ပြိန်ဖြင်းသောစကား ပြောကြားခြင်းမှ ရှောင်ကြဉ်၏။ မတော်လောဘ မမျှား၊ ဖျက်ဆီးလိုသောစိတ်မရှိ၊ မှန်ကန်သော သမ္မာအယူရှိ၏။ ထိုသူသည် သေသည်နောက်၌ (၁) လူသို့မဟုတ် (၂) နတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်၍ လူ-နတ်တို့၏ အစာအာဟာရဖြင့် မျှတရ၏။ လူ-နတ်ဘုံ၌ တည်ရ၏။ ပုဏ္ဏား၊ ဤသည်လည်း ရောက်သင့်သော အရပ်မဟုတ်သေး၊ ယင်းလူနတ်ဘုံ၌ တည်သူအား ထိုဒါန မရောက်" [ဗြဟ္မာတို့ကို နတ်အမျိုးအစား၌ သွင်းယူပါ။]

"ပုဏ္ဏား၊ ဤလောက၌ အချို့သောသူသည် သူ့အသက်သတ်လေ့ရှိ၏။ မပေးသည်ကို ယူလေ့ရှိ၏။ ကာမဂုဏ်တို့၌

http://www.dhammadownload.com

မှားစွာကျင့်လေ့ရှိ၏။ မဟုတ်မမှန် ပြောလေ့ရှိ၏။ ကုန်းတိုက်စကား ပြောကြား၏။ ရန်ရင်းကြမ်းတမ်းသောစကား ဆို၏။ အကျိုးမရှိ ပြိန်ဖျင်းသော စကားရှိ၏။ မတော်လောဘ များ၏။ ဖျက်ဆီးလိုသောစိတ်ရှိ၏။ မှားသော မိစ္ဆာအယူ ရှိ၏။ သူသည် သေသည်မှ နောက်၌ (၃) ငရဲနှင့် (၄) တိရိစ္ဆာန်ဘုံသို့ရောက်၍ ငရဲသား တိရိစ္ဆာန်တို့၏ အစာအာဟာရဖြင့် မျှတရ၏။ ထိုအစာအာဟာရဖြင့် ငရဲ-တိရိစ္ဆာန်ဘုံ၌ တည်ရ၏။ ပုဏ္ဏား၊ ဤသည်လည်း ရောက်သင့်သောအရပ် မဟုတ်သေး။ ယင်း ငရဲနှင့် တိရိစ္ဆာန်၌ တည်သူအား ထိုဒါနသည်မရောက်"

ရောက်သင့်သောအရပ်

"ပုဏ္ဏား၊ ဤလောက၌ အချို့သောသူသည် သူ့အသက် သတ်လေ့ရှိခြင်းစသော ဒုစရိုက်ဆယ်ပါး ပြုကျင့်မှား၏။ ထိုသူသည် သေသည်မှနောက်၌ (၅) ပြိတ္တာဘုံသို့ ရောက်၍ ပြိတ္တာဘုံသား သတ္တဝါတို့၏ အစာအာဟာရဖြင့် မျှတရ၏။ ပြိတ္တာဘုံ၌ တည်ရ၏။ သို့မဟုတ် ထိုသူ့အတွက် အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သော သူတို့ကလည်းကောင်း၊ ဆွေမျိုးသားချင်းတို့ကသော်လည်းကောင်း ပေးလှူအပ်သော ဒါနဖြင့် ပြိတ္တာဘုံ၌ မျှတရ၏။ ပြိတ္တာဘုံ၌ တည်ရ၏။ ပုဏ္ဏား၊ ဤသည်ကား ရောက်သင့်သော အရပ်တည်း။ ယင်းပြိတ္တာဘုံ၌ တည်သူအား ထိုဒါနသည် ရောက်၏"

http://www.dhammadownload.com

(ဆောင်)။ ။လူ၊ နတ်၊ ငရဲ၊ ဆင်းရဲတိရစ္ဆာန်၊ ဤလေးတန်၊
ကံကုသိုလ်မရောက်၊
ပြိတ္တာဘုံသား၊ သနားစရာ၊ သူ့အတွက်သာ၊
ညွှန်းရာကုသိုလ်ရောက်။

"အရှင်ဂေါတမ၊ အကယ်၍ ရည်ရွယ်သော ထိုကွယ်လွန်သူ ဆွေမျိုးသားချင်းတို့သည် ပြိတ္တာဘုံသို့ မရောက်ပါလျှင် အဘယ်သူသည် ထိုဒါနကို သုံးဆောင်ရပါမည်နည်း"

"ပုဏ္ဏား၊ ပြိတ္တာဘုံသို့ ရောက်ကုန်သော အခြားဆွေမျိုးသားချင်းတို့ ထိုဒါနကို သုံးဆောင်ခံစားရ၏"

"အရှင်ဂေါတမ၊ အကယ်၍ ကွယ်လွန်သူ ဆွေမျိုးသားချင်းတို့သည်လည်း တစ်ဦးတစ်ယောက်မျှ ပြိတ္တာဘုံသို့ မရောက်ကြပါလျှင် ထိုဒါနကို အဘယ်သူသည် သုံးဆောင် ခံစားရပါမည်နည်း"

"ပုဏ္ဏား၊ ဤမျှရှည်လျားသော သံသရာဝယ် ကွယ်လွန်သူ ဆွေမျိုးသားချင်းတို့မှ ကင်းဆိတ်ရာ ဌာနရှိ၏ဟူသော အကြောင်းသည် အခွင့်အရာ မဟုတ်ပေ။ ပုဏ္ဏား၊ အမှန်စင်စစ်အားဖြင့် အလှူရှင်သည်လည်း အကျိုးမဲ့ မဖြစ်နိုင်"

"အရှင်ဂေါတမ၊ သေသူသည် မဖြစ်သင့်ရာ၌ ဖြစ်သော်လည်း အရှင်ဂေါတမသည် ထိုဒါန၏အကျိုးကို ပညတ်ပါသလော"

"ပုဏ္ဏား၊ ငါသည် ထိုဒါန၏အကျိုးကို ပညတ်၏။ ပုဏ္ဏား၊ ဤလောက၌ သူ့အသက်သတ်ခြင်း စသော ဒုစရိုက် ဆယ်ပါး ကျူးလွန်သူများသည် ရဟန်း ပုဏ္ဏားတို့အား ထမင်း၊ အဖျော်၊

http://www.dhammadownload.com

အဝတ်၊ သင်္ကန်း စသည်ကို ပေးလှူ၏။ သေသည်မှ နောက်၌ ဆင်၊ ခွေးနှင့်နွားတို့၏ အပေါင်းအဖော် အဖြစ်သို့ ရောက်ရသော်လည်း ထိုဘဝ၌ အစားအသောက်နှင့် အထူးထူးသော အဆင်တန်ဆာ ပန်းနံ့သာတို့ကို ရရှိ၏။ အဘယ်ကြောင့်နည်း။ ထိုသူသည် သူ့အသက် သတ်ခြင်းစသော ဒုစရိုက်ဆယ်ပါး ကျူးလွန်မှုများကြောင့် ဆင်၊ ခွေးနှင့် နွားတို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၍ ရဟန်း ပုဏ္ဏားတို့အား အစားအသောက် အဝတ် သင်္ကန်း စသည်ကို ပေးလှူသောကြောင့် ထိုဘဝ၌ အစား အသောက်နှင့် အထူးထူးသော အဆင်တန်ဆာ ပန်းနံ့သာတို့ကို ရရှိလေ၏။

"ပုဏ္ဏား၊ ဤလောက၌ သူ့အသက်သတ်ခြင်းမှ ရှောင်ခြင်းစသော သုစရိုက်ဆယ်ပါး အကျင့်တရား၌ တည်သူများသည် ရဟန်းပုဏ္ဏားတို့အား အစားအသောက် အဝတ်သင်္ကန်း စသည်တို့ကို လှူ၏။ သေသည်မှ နောက်၌ လူနှင့် နတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၍ ထိုဘဝ၌ဖြစ်သော ကာမဂုဏ်ငါးပါးတို့ကို ပြည့်ပြည့်ဝဝ ရရှိ၏။ အဘယ်ကြောင့်နည်း။ ထိုသူသည် သူ့အသက်သတ်ခြင်း စသည်မှ ရှောင်ခြင်းစသော သုစရိုက်ဆယ်ပါး အကျင့်တရား၌ တည်သောကြောင့် သေသည်မှ နောက်၌ လူနှင့်နတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၍ ရဟန်းပုဏ္ဏားတို့အား အစားအသောက် အဝတ် သင်္ကန်း စသည်တို့ကို လှူသောကြောင့် ထိုဘဝ၌ဖြစ်သော ကာမဂုဏ်ငါးပါးတို့ကို ပြည့်ပြည့်ဝဝ ရရှိခြင်းဖြစ်၏။ ပုဏ္ဏား၊ အမှန်စင်စစ်အားဖြင့် အလှူရှင်သည်လည်း အကျိုးမဲ့ မဖြစ်နိုင်ပေ"

http://www.dhammadownload.com

"အရှင်ဂေါတမ၊ အံ့ဖွယ်ရှိပါပေစွ။ အရှင်ဂေါတမ၊ မဖြစ်ဖူးမြဲ ဖြစ်ပါပေစွ။ အရှင်ဂေါတမ၊ ဘယ်နည်းနှင့်ဖြစ်ဖြစ် အလှူရှင်များသည် အကျိုးမဲ့ မဖြစ်သောကြောင့် အလှူတို့ကို လှူရန် အလွန်ပင် သင့်ပါပေစွတကား၊ ကုဋေထမင်းတို့ကို ပြုရန်အမှန်ပင် သင့်ပါပေစွတကား"

"ပုဏ္ဏား၊ ဤအရာသည် ဤအတိုင်းပင် ဟုတ်ပေစွ။ ပုဏ္ဏား၊ အလှူရှင်သည် အကျိုးမဲ့ မဖြစ်နိုင်သည်သာတည်း"

ရွှေအိုးမြှုပ်နေခြင်း

သာဝတ္ထိပြည်တွင် အမျိုးအမည်အားဖြင့် မထင်ရှားသော သူဌေးတစ်ယောက်ရှိ၏။ သူသည် သဒ္ဓါတရားရှိ၏။ ရတနာသုံးပါးကို ကြည်ညိုမြတ်နိုး၏။ ဝန်တိုမှု မစွန့်ရစိတ် ကင်းရှင်း၍ လှူဒါန်းမှုဌ မွေ့လျော်၏။ သူသည် တစ်နေ့သဌ္ဌ ဘုရားအမှူးရှိသော ရဟန်းသံဃာအား အလှူဒါနပြု၏။ ထိုအချိန်ဌပင် ကောသလမင်းကြီးသည် သူ၏အထံမှ ဥစ္စာကို အလိုရှိသဖြင့် မင်းချင်းယောကျ်ားတစ်ယောက်ကို 'အချင်း၊ သွားတဲ့ချေ၊ ဤမည်သော သူဌေးကို ခေါ်တဲ့ချေ' ဟု ပြော၍ စေလွှတ်လိုက်၏။ မင်းချင်းယောကျ်ားသည် သူဌေး ဘုရားအမှူးရှိသော ရဟန်းသံဃာအား လှူဒါန်းနေစဉ်မှာပင် ပြောပြ၏။

"သူဌေး၊ သင့်ကို မင်းကြီးခေါ်နေသည်"

"အမောင် မင်းချင်းယောကျ်ား၊ ပြန်တဲ့ချေဦး၊ နောက်မှ ငါလိုက်ခဲ့မည်။ ယခုအခါ ငါသည် ရွှေအိုးမြှုပ်လျက် တန်းလန်းဖြစ်နေပါ၏"

http://www.dhammadownload.com

ဘုရားရှင်သည် ဆွမ်းကိစ္စပြီးသော် ထိုသူဌေး၏ ကောင်းမှု စေတနာ၏ ပြည့်စုံခြင်းကို ပရမတ္တအားဖြင့် 'နိဓိ=ရွှေအိုး' ဟူ၍ ပြခြင်းငှာ သူဌေးအား ဤသို့ အနုမောဒနာတရား ဟောကြား တော်မူ၏။

ရွှေအိုးမြှုပ်တရားတော်

"သူဌေး၊ ယောက်ျားသည် အကျိုးစီးပွားနှင့်စပ်သော ကိစ္စ ဖြစ်လတ်သော် ငါ၏အကျိုးငှာ ဖြစ်လိမ့်မည်ဟု နှလုံးပြု၍ ရေသို့ ရောက်လောက်အောင် နက်သောအရပ်၌ ရွှေအိုးကို မြှုပ်နှံရာ၏။

"သူဌေး၊ ရာဇဝတ်ပြစ်မှုကြောင့် စွပ်စွဲခံရသော ငါ့အား မင်းဘေးမှ လွတ်မြောက်ရန် ဖြစ်လိမ့်မည်ဟူ၍လည်းကောင်း၊ ခိုးသူတို့ နှိပ်စက်ခံရသော ငါ့အား ခိုးသူဘေးမှ လွတ်မြောက်ရန် ဖြစ်လိမ့်မည်ဟူ၍လည်းကောင်း၊ ငတ်မွတ်ခေါင်းပါးသော အခါ၌ မျှတရန် ဖြစ်လိမ့်မည်ဟူ၍လည်းကောင်း၊ မီး၊ ရေ စသော ဘေးရန်တို့ ဖြစ်ပေါ်သော် ငါ့အား သုံးစွဲရန် ဖြစ်လိမ့်မည်ဟူ၍ လည်းကောင်း နှလုံးသွင်းကာ ဤအကျိုးပြီးခြင်းငှာ လောက၌ ရွှေအိုးမြှုပ်နှံထားရာ၏။

"သူဌေး၊ ရေသို့ရောက်လောက်အောင် နက်သော မြေ၌ ကောင်းစွာ မြှုပ်ထားအပ်သည် ဖြစ်သော်လည်း အလုံးစုံသော ဥစ္စာရွှေအိုးသည် အခါခပ်သိမ်းပင် ထိုယောက်ျားအား မပြည့်စုံ။

"သူဌေး၊ ရွှေအိုးသည် မြှုပ်ထားရာအရပ်မှမူလည်း ရွှေ့လျား တတ်၏။ ထိုဥစ္စာရှင်၏ အမှတ်သညာလည်း မေ့လျော့တတ်၏။ နဂါးကို့သည်လည်း နေရာပြောင်းထားတတ်၏။ ဘီလူးတို့သည် လည်း ဆောင်ယူတတ်၏။

http://www.dhammadownload.com

"သူဌေး၊ အမွေခံတို့သည်လည်း ဥစ္စာရှင် မမြင်စဉ် တူးဖော်ယူသွားတတ်ကုန်၏။ ကုသိုလ်က် ကုန်သောအခါ၌မူလည်း ထိုဥစ္စာအားလုံးသည် ပျောက်ပျက်တတ်၏။

"သူဌေး၊ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ တစ်ခုံတစ်ယောက် သောသူသည် အလှူပေးခြင်းဖြင့်လည်းကောင်း၊ သီလဆောက်တည်ခြင်းဖြင့်လည်းကောင်း၊ ကိုယ်နှုတ် စောင့်စည်းခြင်းဖြင့်လည်းကောင်း၊ ကွန်ဒြေကို ဆုံးမခြင်းဖြင့် လည်းကောင်း ကောင်းမှုတည်းဟူသော ရွှေအိုးကို ကောင်းစွာမြှုပ်ထားအပ်၏။

"သူဌေး၊ စေတီ၌လည်းကောင်း၊ သံဃာ၊ ပုဂ္ဂိုလ်နှင့် အမိအဘတို့၌လည်းကောင်း၊ ဧည့်သည်တို့၌လည်းကောင်း၊ အစ်ကို ကြီး အစ်မကြီးတို့၌ လည်းကောင်း၊ ကောင်းမှုတည်းဟူသော ရွှေအိုးကို ကောင်းစွာ မြှုပ်ထားအပ်၏။

"သူဌေး၊ ကောင်းစွာ မြှုပ်ထားအပ်သော ဤရွှေအိုးသည် ရန်သူတို့ မအောင်နိုင်သည်ဖြစ်၍ တမလွန်ဘဝသို့ အစဉ်လိုက်၏။ စည်းစိမ်ဥစ္စာတို့ကို ပယ်စွန့်၍ တမလွန်ဘဝသို့ ပြောင်းသွား ရသည်ရှိသော် ထိုကုသိုလ်ရွှေအိုးကို ယူ၍သွားရ၏။

"သူဌေး၊ ကုသိုလ်ရွှေအိုးသည် သူတစ်ပါးတို့နှင့် မဆက်ဆံ၊ ခိုးသူတို့လည်း မခိုးယူနိုင်၊ ပညာရှိသည် ကုသိုလ်ကောင်းမှုတို့ကို ပြုရာ၏။ ကုသိုလ်ရွှေအိုးသည် တမလွန်ဘဝသို့ အစဉ်လိုက်၏"

"သူဌေး၊ ကုသိုလ်ရွှေအိုးသည် နတ်လူတို့အား အလိုရှိရာကို ပေးနိုင်၏။ တောင့်တသမျှ ဥဿုံ အလုံးစုံကို ပေးနိုင်၏။ ကုသိုလ်ရွှေအိုးဖြင့် ရောက်ရာဘဝတွင် လိုရာကို ရနိုင်၏။

http://www.dhammadownload.com

"သူငြေး၊ အရေအဆင်းကောင်းသည့်အဖြစ်၊ အသံကောင်းသည့်အဖြစ်၊ အသွင်သဏ္ဌာန်ကောင်းသည့်အဖြစ်၊ အရုပ်အဆင်းလှသည့်အဖြစ်၊ အစိုးရသည့်အဖြစ်၊ အခြံအရံများသည့် အဖြစ်ဟူသော အကျိုးအားလုံးကို ကုသိုလ်ရွှေအိုးကြောင့် ရနိုင်ပေ၏။

"သူငြေး၊ ပဒေသရာဇ်မင်းအဖြစ်ကို လည်းကောင်း၊ ဇကာဇ်မင်းအဖြစ်ကိုလည်းကောင်း၊ နှစ်သက်မြတ်နိုးအပ်သော စကြာဝတေးမင်းချမ်းသာကို လည်းကောင်း၊ နတ်ပြည်တို့၌ နတ်မင်းအဖြစ်ကိုလည်းကောင်း ကုသိုလ်ရွှေအိုးကြောင့် ရနိုင်၏။

"သူငြေး၊ လူ့ပြည်ရှိ စည်းစိမ်ဥစ္စာကိုလည်းကောင်း၊ နတ်ပြည်၌ မွေ့လျော်ဖွယ်ကို လည်းကောင်း၊ နိဗ္ဗာန်ချမ်းသာကို လည်းကောင်း ကုသိုလ်ရွှေအိုးကြောင့် ရနိုင်ပေ၏။

"သူငြေး၊ မိတ်ဆွေကောင်းနှင့် ပြည့်စုံခြင်းကို အကြောင်းပြု၍ သင့်သောအကြောင်းအားဖြင့် အားထုတ်သောသူအား အရဟာတ္တမဂ်၊ အရဟာတ္တဖိုလ်ပညာတို့၌ လေ့လာသောသူ၏ အဖြစ်တည်းဟူသော အကျိုးအားလုံးကို ကုသိုလ်ရွှေအိုးကြောင့် ရနိုင်၏။

"သူငြေး၊ ကုသိုလ်ပြည့်စုံခြင်းသည် ဤသို့များသောအကျိုးရှိသောကြောင့် တည်ကြည်သော ပညာရှိတို့သည် ပြုပြီးသော ကုသိုလ်ကောင်းမူရှိသည့် အဖြစ်ကို ချီးမွမ်းကြကုန်၏"

သည် ပေတဒါနနှင့် နိဓိဒါနတို့ကို ရည်ရွယ်၍ မာန်လည်ဆရာတော်ဘုရားကြီးက ဤသို့ စပ်ဆိုတော်မူခဲ့သည်–

မနုဿတ္တာ၊ ဒုလ္လဘကို၊ အရတော်စွာ၊ ဤအခါ၌၊
မကွာစဉ်စိုက်၊ အမြဲလိုက်သား၊ ကိုယ်၌ယှဉ်ပြူ၊ အရိပ်တုသို့၊

http://www.dhammadownload.com

အနုဂါမိ၊ နိဓိခေါ်ရိုး၊ ရွှေအိုးပမာ၊ ဆယ်ဖြာကောင်းမှု၊ လှူဝတ္ထုကို၊ ဗိန္ဒုရေန္ဒန်း၊ ခြပုန်းအလား၊ စုံမြိုင်ပြား၏၊ ပျားဇာတန္တု၊ ပုံကိုရှု၍၊ ပြုစုအားကြိုး၊ ပွားမည်းနှင့်–။

သမ္မဇာနကတာဒါန၊ အ သမ္မဇာနကတာဒါန

ကံ၊ ကံ၏အကျိုးကို သိရှိ၍ လှူဒါန်းအပ်သော အလှူသည် '**သမ္မဇာနကတာဒါန**' မည်၏။ ကံ၊ ကံ၏အကျိုးကို မသိမူ၍ လှူဒါန်းအပ်သော အလှူသည် '**အသမ္မဇာနကတာဒါန**' မည်၏။

ဤဒါနနှစ်ပါးကို ဇာနနဒါန၊ အဇာနနဒါန ဟူ၍လည်း ခေါ်သေးသည်။ အဓိပ္ပာယ်မှာ အကျိုးအာနိသင်ကို သိရှိ၍လှူခြင်း၊ အကျိုးအာနိသင်ကို မသိရှိဘဲ လှူခြင်းဟူ၍ ဖြစ်၏။

အကျိုးအာနိသင်ကို သိရှိ၍ လှူသောအလှူသည် တိဟိတ် အကျိုးကို ပေးတတ်၏။ ဉာဏ်ပညာ ထက်မြက်တတ်၏။ မင်္ဂိုလ် ရနိုင်၏။ အကျိုးအာနိသင်ကို မသိဘဲလှူသောအလှူသည် အကျိုး ပေးသောအခါ ဒွိဟိတ်အကျိုးကိုသာ ပေးတတ်၏။ ဉာဏ်ပညာ နုံတတ်၏။ ထိုဘဝ မင်္ဂိုလ်မရနိုင်။

ဤတွင် အထူးမှတ်ဖွယ်ကို ပြဦးအံ့။ ရဟန္တာတစ်ပါးသည် ရဟန္တာတစ်ပါးအား လှူအပ်သော အလှူဒါနသည်သာလျှင် အကျိုးကြီးမြတ်၏။ အဘယ်ကြောင့်နည်း၊ ဘဝကို တွယ်တာသော၊ ဘဝကို တောင့်တသော တဏှာ မရှိသောကြောင့် ဖြစ်၏။

ရဟန္တာပုဂ္ဂိုလ်သည် ဒါန၏အကျိုးကို ယုံကြည်သည်မဟုတ် ပါလော။ ဒါန၏အကျိုးကို ယုံကြည်ကုန်သော ရဟန္တာပုဂ္ဂိုလ်နှင့်

http://www.dhammadownload.com

တူသောသူတို့ မရှိကုန်။ သို့သော် ရဟန္တာပုဂ္ဂိုလ်တို့ ပြုအပ်သော ကံသည် ဆန္ဒ ရာဂ မရှိသောကြောင့် ကုသိုလ်ဟူ၍လည်းကောင်း၊ အကုသိုလ်ဟူ၍လည်းကောင်း မဖြစ်တော့ဘဲ ကိရိယာ အရာ၌ တည်တော့၏။ ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်၏ အလှူဒါနကို မြတ်၏ဟူ၍ ဆိုကုန်၏။ အဘယ်ကြောင့်နည်း? ဘုရားရှင်ကိုထား၍ တစ်ပါးသောသူသည် အလှူဒါန၏ အကျိုးအာနိသင်ကို အကုန်အစင် သိစွမ်းနိုင်သောသူ မရှိသောကြောင့်တည်း။

နိဗ္ဗာဒါန၊ အ နိဗ္ဗာဒါန

နေ့စဉ်မပြတ် ဆွမ်းလောင်းခြင်း စသည်ဖြင့် အမြဲမပြတ် ပြုလုပ်အပ်သောဒါနသည် '**နိဗ္ဗာဒါန**' မည်၏။ နေ့စဉ်မဟုတ်ဘဲ တတ်နိုင်သည့်အခါမှသာ ဆွမ်းလောင်းခြင်း စသည် ပြုလုပ်သော ဒါနသည် '**အ နိဗ္ဗာဒါန**' မည်၏။

နိဗ္ဗာဒါနကို နိစ္စဒါနဟူ၍ လည်းကောင်း၊ အ နိဗ္ဗာဒါနကို အနိစ္စဒါနဟူ၍လည်းကောင်း ခေါ်သေး၏။ နိဗ္ဗာဒါန၊ နိစ္စဒါန တစ်ခုခုရှိသောသူသည် သောတာပန်ပုဂ္ဂိုလ် သေလျှင် အပါယ် မကျနိုင်သကဲ့သို့ သောတာပန်နှင့် အလားတူ၍ သေလျှင် နတ်ရွာသုဂတိဘဝမြဲ၏။ ထို့ကြောင့် လူဖြစ်သောသူသည် တစ်ခုခုသော နိဗ္ဗာဒါန၊ နိစ္စဒါန ရှိသင့်၏။ မြဲသင့်၏။ အခြား ခဲယဉ်းသည်ကို မတတ်နိုင်လျှင်ထား၌၊ မိမိအိမ်တွင် ကိုးကွယ်ထားသော ဘုရားအား နေ့စဉ်ဆွမ်းတော် မပျက်ကွက်အောင် တင်ခြင်း၊ ရေလှူခြင်း၊ ဆီမီးလှူခြင်း၊ ပန်းလှူခြင်း စသည်ဖြင့် မြဲစွဲအောင် မပျက်ကွက်အောင် ပြုသင့်၏။

http://www.dhammadownload.com

အဘယ်ကြောင့် နိဗ္ဗဒါန၊ နိစ္စဒါနသည် အကျိုးကြီးမြတ်သနည်း? မလှူမီ 'ငါလှူမည်'ဟု အာဝဇ္ဇန်းရောက်၍ ဆင်ခြင်သော မဟာကုသိုလ် ပုဗ္ဗစေတနာသည် မည်၍မည်မျှဟု မပိုင်းခြားနိုင်၊ လူတို့၏စိတ်သည် လက်ပစ်တတွက် လျှပ်တပြက်ခန့် ကာလ အတွင်းမှာပင် ကုဋေတစ်သိန်းမက ဖြစ်သည်ဆိုသောကြောင့် မရေတွက်နိုင်ရကား မလှူမီဖြစ်သည့် မဟာကုသိုလ် ပုဗ္ဗစေတနာ၊ လှူစဉ်ဖြစ်သည့် မဟာကုသိုလ် မုဉ္စစေတနာ၊ လှူပြီးနောက်ဖြစ်သော ဝမ်းမြောက်ဝမ်းသာခြင်းတည်းဟူသော မဟာကုသိုလ် ပရစေတနာ ဤစေတနာသုံးတန်တို့သည် ကုသိုလ်ဇော စေတနာတွေချည်း ဖြစ်၍ ကုသိုလ်ဇောစေတနာတွေ ဆက်လက်ဖြစ်ပွားနေသဖြင့် အားကြီးရကား အလှူအကျိုးလည်း ကြီးမြတ်၏။ အနိဗ္ဗဒါန၊ အနိစ္စဒါနမှာကား သိန်း၊ သန်း၊ ကုဋေကုန်ပင် လူသော်လည်း တစ်ရက် တစ်နေ့ တစ်ကြိမ် တစ်ခါသာဖြစ်၍ နိဗ္ဗဒါန၊ နိစ္စဒါန၏ တစ်ရက် တစ်နေ့ တစ်ကြိမ်တစ်ခါဖြစ်သော ကုသိုလ်ဇော စေတနာလောက်မျှသာ ဖြစ်၍ ကုသိုလ်ဇောစေတနာ အားနည်းသောကြောင့် အကျိုးပေးလည်း အားနည်းဖွယ်ရာ ဖြစ်၏။

နိစ္စဘတ်အလှူ

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတွင် သီတင်းသုံးတော်မူခိုက် ဒကာတစ်ယောက်သည် ဘုရားရှင်၏ တရားတော်ကို နာကြား၍ ကြည်ညိုသဒ္ဓါရှိလှစွာနှင့် ဘုရားရှင်ထံ ချည်းကပ်

http://www.dhammadownload.com

ပြီး 'မြတ်စွာဘုရား၊ အကျွန်ုပ် ဤနွေမှစ၍ သံဃာတော်လေးပါး အား နိစ္စဘတ် အမြဲဆွမ်းအလှူ ပေးလှူပါအံ့' ဟု လျှောက်ထား၏။ ဘုရားရှင်သည် သူ့အား အမြဲဆွမ်းအလှူ နိစ္စဘတ်၏ အကျိုး တရားကို ထပ်မံ၍ ဟောကြား၏။

သူသည် တရားနာပြီးသော် ဘတ္တုဒ္ဒေသက ဆွမ်းဥဿုန်း ရဟန်းထံသွား၍ 'အရှင်ဘုရား၊ အကျွန်ုပ် သံဃာတော်လေးပါး အမြဲဆွမ်းအလှူ နိစ္စဘတ် ပညတ်အပ်ပါ၏။ မနက်ဖြန်မှစ၍ သံဃာတော်လေးပါး အကျွန်ုပ်အိမ်သို့ ဥဿုန်းတော်မူပါ'ဟု လျှောက် ထားပြီး အိမ်ပြန်ရောက်သော် ကျွန်မအား 'အဘယ်ကျွန်မ၊ ငါ မနက်ဖြန်မှစ၍ သံဃာတော်လေးပါး နိစ္စဘတ်တာဝန်ယူခဲ့သည်။ သင် မမေ့မလျော့ အမြဲလုပ်ကျွေးပါ'ဟု ပြောကြား၏။ သူမသည် 'အရှင်၊ ကောင်းပါပြီ'ဟု ဝန်ခံ၏။ သူမသည် ပကတိအားဖြင့် သဒ္ဓါတရားနှင့် ပြည့်စုံ၏။ ကောင်းမှုကို အလိုရှိ၏။ သီလရှိ၏။ ထို့ကြောင့် သူမသည် နေ့စဉ်စောစောထ၍ မိမိကိုယ်တိုင် မိမိ ပစ္စည်းဖြင့် လှူရတိသကဲ့သို့ ကြည်လင်ရွှင်ပျစွာနှင့် မွန်မြတ်သော ဆွမ်းခဲဖွယ် ဘောဇဉ် ချိုချဉ်ရသာတို့ကို စီမံပြီးလျှင် ရဟန်းတော် တို့အတွက် နေရာခင်း၏။ တံမြက်လှည်း၏။ သောက်သုံးရေ တည်ထား၏။ ရဟန်းတော်များ ကြွလာလျှင် ရှိသေသဒ္ဓါဖြင့် ရှိခိုး၍ ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်ပြီး ရှိသေစွာ ဆွမ်းဆက် ကပ်၏။

တစ်နေ့တွင် ရဟန်းတော်များ ဆွမ်းကိစ္စပြီးသော် ရဟန်း တော်များကို ခေါ်းကပ်ရှိခိုး၍ ရှိသေစွာ လျှောက်ထား၏–

http://www.dhammadownload.com

"အရှင်ဘုရားတို့ အဘယ်သို့လျှင် ဇာတိမီး၊ ဇရာမီး စသော တစ်ဆယ့်တစ်မီး လောင်ညီးတောက်ပွား ဒုက္ခများမှ လွတ်အောင် အားထုတ် ရုန်းကန် ထွက်ရပါမည်နည်း"

ဓမ္မအမွေပေး

ရဟန်းတော်တို့သည် သူမအား သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလ ယူစေပြီးလျှင် ခန္ဓာကိုယ်၏ သဘာဝကိုပြ၍ စက်ဆုပ် ရွံရှာဖွယ် နှလုံးသွင်းရန် တိုက်တွန်း၏။ မမြှုအနိစ္စနှင့်စပ်သော တရားစကား ဟောပြ၏။ သူမသည် တစ်ဆယ့်ခြောက်နှစ်တိုင်တိုင် ရဟန်းတော်တို့ကို ပြုစုလုပ်ကျွေးရင်း ရဟန်းတော်တို့ ညွှန်ပြသည့် အတိုင်း နှလုံးသွင်းအားထုတ် ပွားများရာမှ တစ်နေ့တွင် လျှောက် ပတ်သော တရားကိုနာရ၍ ဉာဏ်ရင့်ကျက်ခြင်းကြောင့် သော တာပန် ဖြစ်လေ၏။ သူမသည် ကံကုန်၍ သေလွန်သော် မိမိ အလိုသို့ လိုက်စေတတ်သော သိကြားမင်း၏ အတိုင်ပင်ခံ နတ် သမီးဖြစ်၏။ သူမအား နတ်သမီးတစ်ထောင်က ခစား၍ တူရိယာ မျိုးစုံတို့ဖြင့် ဖျော်ဖြေရ၏။ ကြီးကျယ်သော နတ်စည်းစိမ်ကို ခံစား ရ၏။ အခြွေအရံများနှင့် ဝမ်းမြောက်ဝမ်းသာ ဥယျာဉ်စသည်တို့ လှည့်လည်ပျော်ပါးရ၏။

ဤဝတ္ထုတွင် အလှူရှင် ဘယ်ရောက်သည်လို့မပါပါ။ အလှူ ရှင်၏ ကိုယ်စားမျှသာ ဖြစ်သော ကျွန်မသည် မိမိကိုယ်တိုင် အလှူရှင်ကဲ့သို့ သဘောထား၍ အရှင်မြတ်များကို နေ့စဉ်လုပ်ကျွေး ခြင်း၊ အရှင်မြတ်များ၏ တရားတော်ကို နေ့စဉ်ကြား နာရခြင်း၊ အရှင်မြတ်များထံတွင် မသိတာကို မေးမြန်းရခြင်း စသည်ဖြင့်

http://www.dhammadownload.com

အမြဲတမ်း ကုသိုလ်ဇောစိတ်တွေ ဆက်၍ဖြစ်ပွားသဖြင့် ဤသို့ များမြတ်သောအကျိုးကို ရရှိခြင်းဖြစ်၏။

မိသားစုအလှူ

သာဝတ္ထိပြည်တွင် တရားရှိသော ဓမ္မိက ဥပါသကာ ငါးရာ ရှိ၏။ တစ်ယောက်တစ်ယောက်တွင် အခြံအရံ ဥပါသကာ ငါးရာစီ ရှိ၏။ အကြီးဆုံးသော ဥပါသကာ၌ သားခုနစ်ယောက် သမီး ခုနစ်ယောက်ရှိ၏။ သူသည် သားသမီး တစ်ယောက် တစ်ယောက် အား စာရေးတံဆွမ်း၊ တစ်ဆယ့်ငါးရက်ဆွမ်း၊ ပင့်ဖိတ်ဆွမ်း၊ ဥပုသ်ဆွမ်း၊ အာဂန္တုဆွမ်း၊ သံဃဆွမ်း၊ ဝါဆို သင်္ကန်းဒါနတို့ကို တစ်ခုစီ ယူစေ၏။ သူတို့ ဇနီးမောင်နှံတို့လည်း တစ်ခုစီယူ၍ သားအမိ သားအဖ တစ်ဆယ့်ခြောက်တို့သည် တစ်ဆယ့် ခြောက်ခုသော စာရေးတံဆွမ်း စသည့် နိစ္စဒါန၊ နိဗဒ္ဓဒါနတို့ကို အမြဲလှူဒါန်း၏။ မိသားစုအားလုံးသည် လှူဒါန်းမှု၌ မွေ့လျော်၏။ ကောင်းသော သဘောရှိ၏။ သီလရှိ၏။

နောင်အခါ သူ့အား အနာရောဂါဖြစ်၏။ သေရန်အချိန် နီးကပ်လာ၏။ သူသည် သေရမည်ကို သိ၏။ သေခါနီး အရှင် မြတ်များကို ဖူးမြင်၍ တရားနာလိုသဖြင့် ရဟန်းတော် ရှစ်ပါး သော်လည်းကောင်း၊ သို့မဟုတ် တစ်ဆယ့်ခြောက်ပါးသော်လည်း ကောင်း အပင့်ခိုင်း၏။

ရဟန်းတော်များ ကြွလာသောအခါ သူ၏ အိပ်ရာခုတင်ကို ဝိုင်း၍ ထိုင်ကြ၏။ ထို့နောက် သူက လျှောက်ထား၏–

http://www.dhammadownload.com

"အရှင်ဘုရားတို့၊ အရှင်မြတ်တို့အား အကျွန်ုပ်၏ ဖူးမြင်ခြင်းသည် လွန်စွာ ခဲယဉ်းပါလတ္တံ့၊ အကျွန်ုပ် အားနည်းနေပါပြီ။ အကျွန်ုပ်အား သုတ္တန်တစ်ခုခု ရွတ်ဖတ်ပေးတော်မူပါ"

"ဥပါသက၊ ဘယ်သုတ္တန်ကို နာကြားလိုသလဲ"

"အရှင်ဘုရားတို့၊ ဘုရားရှင်တိုင်း မစွန့်သော မဟာသတိပဋ္ဌာန သုတ္တန်ကို နာလိုပါသည်"

ရဟန်းတော်တို့သည် 'ဥပါသက၊ ကောင်းပြီ'ဟု ဝန်ခံ၍ မဟာသိပဋ္ဌာနသုတ္တန်ကို ရွတ်ပွားကြလေ၏။ သူသည် ရှိသေစွာ တရားနာကြားနေရင်း 'ဆိုင်းငံ့ပါဦး၊ ဆိုင်းငံ့ပါဦး'ဟု ပြောလေလျှင် ရဟန်းတော်တို့သည် မရွတ်ပွားတော့ဘဲ ရပ်နားနေကုန်၏။ သူ၏ သားသမီးတို့သည် ငိုယိုကုန်၏။ ရဟန်းတော်တို့သည် ပြန်ကြွကုန်၏။ သူသည် တရားရွတ်ပွားသံ ရပ်၍ ငိုယိုသံကြားသော အခါ သားသမီးတို့ကို မေး၏–

"သင်တို့ အဘယ်ကြောင့် ငိုယိုကုန်သနည်း"

"အို...ဖခင်၊ ရဟန်းကောင်းတို့ကို ကိုယ်တိုင် ပင့်ခိုင်းပြီး တရားနာယူပါလျက် ကိုယ်တိုင်ပင် ဆိုင်းငံ့ပါဦးဟု ရပ်ဆိုင်းခိုင်း၏။ ထိုအခါ အကျွန်ုပ်တို့သည် 'သေဘေး မကြောက်သောသူ မည်သည်မရှိ'ဟု နှလုံးသွင်း၍ ငိုယိုပါကုန်၏။

"အရှင်မြတ်တို့ ဘယ်ကြွကုန်ပြီလဲ"

"ရွတ်ဖတ်ရန် အခွင့်အခါ မဟုတ်တော့ပြီဟု ပြော၍ ပြန်ကြွသွားကြကုန်ပြီ"

"ငါ...အရှင်မြတ်တို့ကို ဆိုင်းငံ့ခိုင်းတာ မဟုတ်ဘူး"

http://www.dhammadownload.com

"အရှင်မြတ်တို့ကို မခိုင်းလျှင် ဘယ်သူ့ကို ဆိုင်းငံ့ခိုင်းပါသလဲ"

"နတ်ပြည်ခြောက်ထပ်မှ နတ်ရထားခြောက်စင်း ကောင်းကင်၌ ရပ်တန့်ပြီး 'အို...သီတင်းသည်၊ သင်သည် မြေအိုးနှင့် တူသော လူခန္ဓာကိုယ်ကို စွန့်၍ ရွှေအိုးနှင့်တူသော နတ်ခန္ဓာကိုယ်ကို ယူသကဲ့သို့ အကျွန်ုပ်တို့ ရထားစီး၍ အကျွန်ုပ်တို့ နတ်ပြည်၌ မွေ့လျော်ပါ'ဟု လာပြောနေကြ၍ သူတို့ကို 'ဆိုင်းငံ့ပါဦး'ဟု ပြောတာ"

"အို...ဖခင်၊ အဲဒီနတ်ရထားတွေ ဘယ်မှာလဲ။ အကျွန်ုပ်တို့လည်း မမြင်ပါတကား"

"ပန်းကုံး အဆင်သင့် ရှိလား"

"ရှိပါတယ် ဖခင်"

"အဘယ်နတ်ပြည်သည် မွေ့လျော်ဖွယ် ကောင်းသနည်း"

"ဘုရားအလောင်းတိုင်းနှင့် ဘုရားရှင်တို့၏ မယ်တော် ခမည်းတော်များ ပျော်စံရာ တုသိတာနတ်ပြည်သည် မွေ့လျော်ဖွယ် ကောင်းပါသည်"

"ဒါဖြင့်လျှင် 'တုသိတာနတ်ပြည်မှလာသော ရထား၌ ဤပန်းကုံး တည်ပါစေ'ဟု ပြော၍ ပန်းကုံးကို ပစ်မြှောက်လိုက်ပါ"

သားသမီးတို့သည် ဖခင်ပြောတိုင်း ပြုလုပ်ကြ၏။ ပန်းကုံးသည် ချိတ်ဆွဲစရာ မပါမရှိဘဲ ကောင်းကင်၌ ရပ်တန့်နေသည်ကို မြင်ရ၏။ ရထားကိုတော့ သူတို့ မမြင်ရပေ။

"သင်တို့ ပန်းကုံးကို မြင်ရဲ့လား"

"မြင်ရပါ၏ ဖခင်"

http://www.dhammadownload.com

"အဲဒီပန်းကုံး ချိတ်ဆွဲနေသော ရထားသည် တုသိတာ နတ်ဘုံမှလာသော ရထားဖြစ်၏။ ငါ တုသိတာနတ်ဘုံသို့ သွားတော့အံ့။ သင့်တို့ ငါ့အတွက် ဘာမှ မပူပင်နှင့်၊ မစိုးရိမ် မငို ကြွေးလင့်၊ ငါ၏အထံ၌ ဖြစ်လိုသူတို့သည် ငါကုသိုလ်ပြုသော နည်းအတိုင်း ဆက်လက်၍ ကုသိုလ်ပြုကြပါ"

သူသည် သားသမီးတို့ကို မှာထားပြောကြားပြီးလျှင် ဝိဉာဉ် ချုပ်၏။ သူ၏ ရုပ်အလောင်းမှာ ပြီးယောင်သန်းလျက်ရှိ၏။ ကောင်းကင်ရှိ ပန်းကုံးမှာ တဖြည်းဖြည်း မြင့်မြောက်တက်၍ ပျောက်သွား၏။ ရဟန်းတော်တို့ ကျောင်းပြန်ရောက်လျှင် ဘုရား ရှင်က မေး၏–

"ရဟန်းတို့၊ ဓမ္မိက ဥပါသကာ တရားနာရဲ့လား"

ရဟန်းတော်တို့သည် ဘုရားရှင်အား အကြောင်းစုံ ပြောပြ လျှောက်ထား၏။ ထိုအခါ ဘုရားရှင် မိန့်ကြား၏–

"ရဟန်းတို့၊ သင်တို့အား ဆိုင်းငံ့ခိုင်းတာမဟုတ်၊ နတ်ပြည် ခြောက်ထပ်မှလာသော နတ်ရထားတွေကို ဆိုင်းခိုင်းတာ"

"မြတ်စွာဘုရား၊ ယခု သူ ဘယ်မှာ ဖြစ်ပါသလဲ"

"ရဟန်းတို့၊ သူသည် လူ့ပြည်လောက ဆွေမျိုးတို့၏ အလယ်၌ ရွှင်လန်းဝမ်းမြောက်စွာ လှည့်လည်ပြီးလျှင် ယခုအခါ တုသိတာနတ်ပြည်လောက ရွှင်လန်းဝမ်းမြောက်ဖွယ် ဌာနသို့ သွားရ ဖြစ်ရပေ၏။ ရဟန်းတို့၊ မမေ့မလျော့သော လူရှင် ရဟန်း သည် အရာခပ်သိမ်း၌ မွေ့လျော်ရ၏။

"–ကောင်းမှုပြုသောသူသည် ဤဘဝမှာလည်း ရွှင်လန်း ဝမ်းမြောက်ရ၏။ နောက်ဘဝမှာလည်း ရွှင်လန်းဝမ်းမြောက်ရ၏။

http://www.dhammadownload.com

ပစ္စုပ္ပန် တမလွန် နှစ်တန်သောဘဝတို့မှာ ရွှင်လန်းဝမ်းမြောက်ရ၏။ သူသည် မိမိပြုသော ကောင်းမှုကိုမြင်၍ လွန်စွာ ရွှင်လန်းဝမ်းမြောက်ရ၏။

"–ကောင်းမှုပြုသောသူသည် ယခုလည်း နှစ်သက်ရ၏။ နောင်လည်း နှစ်သက်ရ၏။ ခုရော နောင်ပါ နှစ်သက်ရ၏။ ကောင်းမှုကို ငါပြုခဲ့ပြီဟု တစိမ့်စိမ့်တွေးဆ၍လည်း နှစ်သက်ရ၏။ သုဂတိဘဝသို့ ရောက်သောအခါ သာ၍ နှစ်သက်ရ၏"

ဤကား နိစ္စဘတ် ကုသိုလ်ထုပါက ရွှေဘုံတွင် စံရကြောင်း ကောင်းသော နမူနာ သာဓကများ ဖြစ်၏။

သာဝဇ္ဇဒါန၊ အနဝဇ္ဇဒါန

သား ငါး စသော သတ္တဝါများကို သတ်ဖြတ်၍ ကျွေးမွေးလှူဒါန်းအပ်သော အလှူမျိုးသည် အပြစ်နှင့်တကွ ဖြစ်သောကြောင့် '**သာဝဇ္ဇဒါန**' မည်၏။ သားငါးစသော သတ္တဝါများကို သတ်ဖြတ်မှု မပြုဘဲ စျေးမှဖြစ်ပေါ်လာသော ပဝတ္ထုမဲ့သ သားငါးဖြင့် ကျွေးမွေးလှူဒါန်းအပ်သော အလှူမျိုးသည် အပြစ်မရှိသောကြောင့် '**အနဝဇ္ဇဒါန**' မည်၏။

အကျိုးပေးကွာခြားပုံ

သာဝဇ္ဇဒါနသည် အကုသိုလ် ခြံရံလျက်ရှိ၏။ **အနဝဇ္ဇဒါန**သည် ကုသိုလ်ခြံရံလျက်ရှိ၏။ ယခုလောကမှာ အချို့သောသူတို့သည် သူ့အသက် သတ်ဖြတ်မှုအလုပ်ဖြင့် ဥစ္စာကြွယ်ဝ ချမ်းသာ

http://www.dhammadownload.com

ပြီးနောက် 'ငါသည် သားငါး သတ်ဖြတ်မှုအလုပ်ကို စွန့်လွှတ်ပြီးလျှင် စင်ကြယ်သောအလုပ်ဖြင့်သာ လုပ်ကိုင် အသက်မွေးတော့အံ့'ဟု နေထိုင်လျှင် စည်းစိမ်ဥစ္စာ ဆုတ်ယုတ်သွားတတ်၏။ တစ်ဖန် သားငါးသတ်ဖြတ်မှုအလုပ်ကို ပြန်လည်လုပ်ကိုင်သော အခါ ချမ်းသာလာပြန်၏။ ဤသို့ ဖြစ်ရခြင်းမှာ ရှေးဘဝက ပြုခဲ့သော သားငါးစသော သတ္တဝါများကို သတ်ဖြတ်၍ ကျွေးမွေးလူဒါန်းအပ်သော အကုသိုလ်ခြံရံသော သာဝဇ္ဇဒါနကံ၏ အကျိုးပေးသည့်အတွက် ဖြစ်၏။ ကုသိုလ်ကံ ပြုစဉ်က သူ့အသက် သတ်ဖြတ်မှုနှင့် တွဲဖက်၍ ပြုခဲ့သောကြောင့် အကျိုးပေးသန်၏။ မတွဲဖက်ရလျှင် ထိုကံအကျိုးမပေးနိုင်၍ ဆင်းရဲသွားပြန်သည်ကို သိရှိအပ်၏။

ရဟန်းတော်တို့မှာ--

(၁) မိမိအတွက်ရည်ရွယ်၍ သားငါးစသည် သတ်ဖြတ်သည်ကို မြင်ခြင်း၊

(၂) ကြားခြင်း၊

(၃) ယုံမှားရှိခြင်း၊

ဤအစွန်းသုံးပါး မလွတ်သော သားငါး ဟင်းလျာများကို မစားကောင်းပေ။ စားလျှင်အပြစ်ရှိ၏။ ဤအစွန်းသုံးပါးလွတ်သော သားငါးဟင်းများမူ စားသော် အပြစ်မရှိ။

သို့ဖြစ်၍ အထူးသတိပြုရန်မှာ ဆွမ်းလောင်းရန်လည်းကောင်း၊ ဆွမ်းအုပ်ချက်ရန် လည်းကောင်း၊ အကောင်ပေါက်နိုင်သော ဘဲဥ ကြက်ဥ ပြုတ်ခြင်း၊ ကြော်လှော်ခြင်း၊ ချက်ခြင်း၊ သားငါး စသည့်

http://www.dhammadownload.com

သတ်ဖြတ်ကြော်လော်ခြင်း၊ ချက်ပြုတ်ခြင်းတို့ကို မပြုအပ်။ အမှန်စင်စစ်မှာမူ မိမိတို့ စားသောက်ဖို့ ချက်ပြုတ် ကြော်လော်သည့် အထဲမှသာ ဆွမ်းလောင်းခြင်း၊ ဆွမ်းအုပ် ချက်ခြင်း ဖြစ်စေရမည်။ သို့မဟုတ် ဈေးမှဖြစ်သော ပဝတ္ထုမဲ့သ သားငါးတို့ ဖြစ်စေရမည်။ ငါးခြောက် စသည် ဖြစ်စေရမည်။

စားသုံးသူ အပြစ်ရှိ မရှိ

အတိတ်ကာလ တစ်ခုသောဘဝက ဘုရားအလောင်းသည် ပုဏ္ဏားမျိုးဖြစ်၍ အရွယ်သို့ရောက်လတ်သော် ရသေ့ပြု၍ ဟိမဝန္တာတွင်နေ၏။ တစ်နေ့သ၌ ချဉ်ဆားမိုဝဲရန် ဗာရာဏသီပြည်သို့ လာ၍ ဆွမ်းခံလှည့်လည်၏။ သူဌေးတစ်ယောက်သည် ရသေ့ကို မြင်လျှင် 'ငါသည် ရသေ့ကို ညှဉ်းဆဲအံ့ဟု' ကြံ၍ အိမ်သို့ပင့်ပြီး သားငါး ဟင်းမျိုးစုံဖြင့် ဆွမ်းဆက်ကပ် ကျွေးမွေးပြီးသော် ဤသားငါး ဟင်းမျိုးစုံကို ရှင်ရသေ့အားသာလျှင် ရည်ရွယ်၍ သတ်ဖြတ် ချက်ပြုတ်လူဒါန်း ကျွေးမွေးပါသည်။ ဤအကုသိုလ်သည် အကျွန်ုပ်အားသာလျှင် မဖြစ်ပါစေလင့်။ ရှင်ရသေ့အားလည်း ဖြစ်ပါစေ'ဟု ပြော၍ တစ်ဖန် ဤသို့ ပြောဆိုပြန်၏-

"ကိုယ်နှုတ်နှလုံးကို မစောင့်စည်းသူသည် သားငါးကို သတ်ဖြတ် ပုတ်ခတ်၍ပေးလှူ၏။ ဤသို့ ရည်ရွယ်၍ သတ်ဖြတ်ပုတ်ခတ် လူဒါန်းအပ်သော အလှူဒါနကို ခံယူသုံးဆောင်သူသည် မကောင်းမှုအကုသိုလ်ဖြင့် လိမ်းကျံ၏"

ထိုစကားကိုကြားလျှင် ရှင်ရသေ့က သူ့အား ဤသို့ တရားစကား ဟောကြား၍ ကြွသွား၏။

http://www.dhammadownload.com

"ကိုယ်၊ နှုတ်၊ နှလုံးကို မစောင့်စည်းသူသည် သားမယား ကိုမူလည်း သတ်၍ ယူအံ့။ ပညာအဆင်အခြင်ရှိသော ခန္တီ၊ မေတ္တာ စသောဂုဏ်နှင့် ပြည့်စုံသောအလှူခံပုဂ္ဂိုလ်သည် ထိုအလှူကို ခံယူသုံးဆောင်သော်လည်း မကောင်းမှုဖြင့် မလိမ်းကျံ"

ဤတွင် အလှူ လှူသူက သားငါးကို ရည်ရွယ်၍ သတ်ဖြတ် လှူဒါန်းစေကာမူ ခံယူ သုံးဆောင်သူ အလှူခံပုဂ္ဂိုလ်က အစွန်း သုံးပါး ကင်းရှင်းသော အသားဟု ယုံကြည်ယူဆ၍ 'ဝန်ကို ဆောင်နိုင်ခြင်းငှာ လှည်းကို လှည်းစာထိုးသကဲ့သို့ သာသနာ့ဝန်ကို ထမ်းဆောင်နိုင်ခြင်းငှာသာ ဤသားငါးဟင်းများကို ငါစား၏' စသည်ဖြင့် ပညာဖြင့် ဆင်ခြင်၍စားမူ စားသူတွင် တစ်စုံတစ်ရာမျှ အပြစ်မရှိချေ။ အကုသိုလ်ဖြင့် မလိမ့်ကျံပေ။ သို့သော် လှူသူမှာ အပြစ်ရှိ၍ မပြူသင့်။

"အလှူခံ ဆယ်သိန်းတို့အား လှူသော အလှူရှင်တစ်သိန်း၏ အလှူတို့သည် ကောက်သင်းကောက်အလုပ်ကို လုပ်လျက် သား မယားကိုလည်း ကျွေးမွေး၊ အနည်းငယ်သော အလှူကိုလည်း ပေးလှူကာ ကုသိုလ်ကမ္မပထတရား ဆယ်ပါးကို ပြုကျင့်သူ၏ အနည်းငယ်သောအလှူ၏ အစိတ်တစ်ရာတွင် တစ်စိတ်အဖို့မျှ အဖိုးမထိုက်တန်ချေ"

"အချို့သော သူတို့သည် မညီညွတ်သော ကံသုံးပါးဌ သက်ဝင် တည်နေကုန်သည်ဖြစ်၍ ပုတ်ခတ်သတ်ဖြတ် ညှဉ်းဆဲ ကုန်၍လည်းကောင်း၊ စိုးရိမ်ပူပန်စေကုန်၍လည်းကောင်း လှူဒါန်း ကုန်၏။ မျက်နှာ၌ မျက်ရည်ပြည့်လျှမ်းသော တုတ် လုံတံနှင့် တကွသော ထိုအလှူသည် အသင့်အတင့်အားဖြင့် ပေးလှူ

http://www.dhammadownload.com

အပ်သော အလှူ၏ အစိတ်တစ်ရာတွင် တစ်စိတ်အဖို့မျှ အဖိုး မထိုက်ချေ"

သာဟတ္ထိကဒါန၊ အာဏတ္ထိကဒါန

ကိုယ်တိုင်ကိုယ်ကြပ် မိမိလက်ဖြင့် ကိုင်တွယ် လှူဒါန်းအပ်သော အလှူသည် '**သာဟတ္ထိကဒါန**' မည်၏။ မိမိကိုယ်စား သူတစ်ပါးကိုစေခိုင်း၍ လှူဒါန်းအပ်သော အလှူသည် '**အာဏတ္ထိကဒါန**' မည်၏။

အခါတစ်ပါး ရှင်ကုမာရကဿပသည် ရဟန်းသံဃာ ငါးရာနှင့် ကောသတိုင်း၌ ဒေသစာရီ လှည့်လည်၏။ သေတဗျမြို့သို့ ရောက်လျှင် မြို့၏မြောက်ဘက် ရင်းတိုက်တော၌ နေ၏။ ပါယာသိမြို့စားသည် သေတဗျမြို့နေ ပုဏ္ဏားတို့ ခြံရံလျက် ရှင်ကုမာရကဿပထံသို့ ချဉ်းကပ်၍ လျှောက်မေး၏–

"ရှင်ကဿပ၊ အကျွန်ုပ်သည် 'ဤအကြောင်းကြောင့်လည်း တစ်ပါးသောလောကမရှိ၊ ကိုယ်ထင်ရှားဖြစ်ကုန်သော သတ္တဝါတို့ မရှိကုန်။ ကောင်းမှုကံ၊ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် မရှိ'ဟု ယူလေ့ ဆိုလေ့ ရှိပါ၏"

"မြို့စား၊ သို့ဖြစ်လျှင် ဤအရာ၌ သင့်ကိုပင် ပြန်၍မေးဦးအံ့၊ သင် နှစ်သက်သည့်အတိုင်း ဖြေပါလော့။ မြို့စား၊ ထိုအရာကို ဘယ်သို့ ထင်သနည်း။ ဤလ ဤနေတို့သည် ဤလောက၌ ဖြစ်ကုန်သလော၊ တစ်ပါးသောလောက၌ ဖြစ်ကုန်သလော၊ ထိုလ နေတို့သည် နတ်တို့ ဖြစ်ကုန်သလော၊ လူတို့ ဖြစ်ကုန်သလော"

http://www.dhammadownload.com

"ရှင်ကဿပ၊ ဤလ နေတို့သည် တစ်ပါးသော လောကၠ ဖြစ်ပါကုန်၏။ ဤလောကၠ မဖြစ်ပါကုန်။ ထို လ နေတို့သည် နတ်တို့ဖြစ်ကုန်ပါ၏။ လူတို့ မဟုတ်ကုန်ပါ"

ဤသို့ အစရှိသဖြင့် ရှင်ကုမာရကဿပသည် ပါယာသိမြို့စားအား ဥပမာ တစ်ဆယ့်လေးချက်တို့ဖြင့် အဆန်းတကြယ် အံ့သြဖွယ် မေးဖြေ၍ ဟောပြောပြသသော် ပါယာသိမြို့စား၏ မိစ္ဆာဒိဋ္ဌိအယူပျောက်၍ သမ္မာဒိဋ္ဌိအယူသို့ ရောက်ပြီးလျှင် ရှင်ကုမာရကဿပအား ဤသို့ပြန်၍ လျှောက်ထား၏။

"ရှင်ကဿပ၊ များစွာသော ပရိယာယ်တို့ဖြင့် ဟောအပ်သော တရားတော်သည် အလွန်ကောင်းပါပေစွ။ ရှင်ကဿပ၊ အကျွန်ုပ်သည် ဘုရား တရား သံဃာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ပါ၏။ အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်တတ်သူ ဥပါသကာဟူ၍ မှတ်တော်မူပါ။ ရှင်ကဿပ၊ အကျွန်ုပ် အလှူကြီး ပေးလိုပါ၏။ အကျွန်ုပ်၏ ရှည်ကြာစွာသော ကာလပတ်လုံး စီးပွားချမ်းသာ အလို့ငှာ ဆုံးမတော်မူပါလော"

"မြို့စား၊ ဥပမာသော် လယ်သမားသည် မကောင်းသော လယ်မြေ၌ ဆွေးမြေကျိုးပုပ်၍ လေ နေပူ ဖျက်ဆီးအပ်သော အညံ့စား မျိုးစေ့တို့ကိုလည်း စိုက်မည်။ မိုးကလည်း ရွာသင့် ရွာချိန်တွင် မရွာသော် ထိုမျိုးစေ့တို့သည် ကြီးပွားခြင်းသို့ မရောက်ဘဲ လယ်ရှင်ယောက်ျား လယ်သမားများအား များပြားစွာသော အသီးအနှံ မရသကဲ့သို့ လှူသောအခါ နွား၊ ဆိတ်၊

http://www.dhammadownload.com

ကြက်၊ ဝက်၊ ငါး စသော သတ္တဝါတွေကို သတ်ဖြတ်၍ သီလ မရှိသော မှားသောအယူရှိသော မိစ္ဆာဒိဋ္ဌိတို့ကို လူသောအလူ သည် အကျိုးမကြီးမြတ်။

"–မြို့စား၊ လယ်သမားသည် ပေါင်း၊ ငုတ်၊ မြက်၊ အမှိုက် စသည် စင်ကြယ်၍ မြေသြဇာကောင်းသော လယ်မြေ၌ မကျိုး မပဲ့ မဆွေး မပုပ်၊ လေ နေပူတို့ မဖျက်ဆီးအပ်သော အနှစ် အဆန် အောင်မြင်၍ အပင်ပေါက်နိုင်စွမ်းသော မျိုးစေ့တို့ကို စိုက်ပျိုးမည်။ မိုးကလည်း အချိန်မှန်မှန် ရွာသွန်းမည်ဆိုသော် ထိုမျိုးစေ့တို့သည် ကြီးပွားစည်ပင်ခြင်းသို့ရောက်၍ လယ်သမားအား ပြန့်ပြောများပြားသော အသီးအနှံ ရရာသကဲ့သို့ အလူဒါန ပြုသောအခါ နွား၊ ဆိတ်၊ ကြက်၊ ဝက်၊ ငါးစသော သတ္တဝါတို့ကို မသတ်ဖြတ်မူ၍ ကောင်းသော သီလရှိသော မှန်ကန်သော အယူရှိသူ သမ္မာဒိဋ္ဌိတို့ကို လူပါမှ အကျိုးကြီးမြတ်၏"

တစ်ဆင့်လူနိုင်းမှု

ထိုအခါ ပါယာသိမြို့စားသည် အလူဒါန ပေးလူ၏။ သို့သော် သူသည် ကောင်းစွာ မလူတတ်၍ ဆန်ကွဲထမင်း၊ ပုန်းရည်ဟင်း နှင့် အဝတ်ဖျင်ကြမ်းတို့ကိုသာ ပေးလူ၏။ ကိုယ်တိုင် မိမိလက် ဖြင့် ကိုင်တွယ်၍ မလူဘဲ ဥတ္တရလုလင်ကို ကိုယ်စားထား၍ လူနိုင်း၏။ ထိုအခါ လိမ္မာသော ဥတ္တရလုလင်က ဆုတောင်း၏–

"ငါသည် ဤပြုရသော ဒါနကုသိုလ်ကြောင့် ပါယာသိ မြို့စားနှင့် ဤဘဝမှာသာ ပေါင်းဆုံရပါလို၏။ တမလွန်ဘဝတွင် မပေါင်းဆုံရပါစေနှင့်"

http://www.dhammadownload.com

ဥတ္တရလုလင်၏ ဆုတောင်းကို တစ်ဆင့်စကား တစ်ဆင့် နားဖြင့် ပါယာသိမြို့စား ကြားသိလျှင် ဥတ္တရလုလင်ကို ခေါ်၍ မေး၏–

"ဥတ္တရ၊ အသင်သည် အဘယ့်ကြောင့် ဤသို့ ဆုတောင်းရသနည်း"

"အရှင်၊ အရှင်သည် စားဖို့ ဝတ်ဖို့ကို မဆိုထားဘိ၊ မိမိခြေတို့ဖြင့်သော်လည်း ထိတွေ့မည့် မဟုတ်သော ဆန်ကွဲထမင်း၊ ပုန်းရည်ဟင်းနှင့် ဖျင်ကြမ်းအဝတ်တို့ကို ပေးလှူဘိ၏။ အကျွန်ုပ်သည် မြတ်နိုးဖွယ်ကို မမြတ်နိုးဖွယ်နှင့် အဘယ်မှာ အတူယှဉ်နိုင်ပါအံ့နည်း"

"ဥတ္တရ၊ သို့ဖြစ်လျှင် ငါဝတ်စားသော အဝတ်အစားတို့ကို လှူလော့"

ဒီမာန်ဟောင်းကြီး

ပါယာသိမြို့စားသည်–

(၁) လှူဖွယ်ကို စင်ကြယ်ကောင်းမွန်အောင် စီမံပြုပြင်ခြင်း မရှိဘဲ လှူဒါန်းခြင်း၊

(၂) မိမိကိုယ်တိုင် ကိုင်တွယ်၍ လှူဒါန်းသင့်ပါလျက် မလှူဒါန်းဘဲ ကိုယ်စားထား၍ လှူဒါန်းခြင်း၊

(၃) စိတ်ထဲမှာ ရှိသေလေးမြတ်မှုမရှိဘဲ လှူဒါန်းခြင်း၊

(၄) ထမင်းကြွင်း ဟင်းကျန် စွန့်ပစ်အပ်သော ဝတ္ထုပစ္စည်းကဲ့သို့ လှူဒါန်းခြင်း၊

http://www.dhammadownload.com

တို့ကြောင့် သေလွန်သော် စတုမဟာရာဇ်နတ်ပြည်ဝယ် ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော သေရီသက မည်သော အချည်းနှီးသော ငွေဗိမာန်အဟောင်းကြီး၌ ဖြစ်ရ၏။ ဗိမာန်တံခါးဝ၌ ကုက္ကိုပင်ကြီး တစ်ပင် ရှိသောကြောင့် သေရီသက ဗိမာန်ဟု ခေါ်ခြင်းဖြစ်၏။

ဥတ္တရလုလင်သည် ပါယာသိပြို့စား၏ ကိုယ်စားပင် လူ့ရာသော်လည်း မိမိ၏ပစ္စည်းဝတ္ထုကို လူ့ရာဘိသကဲ့သို့ နှလုံးပိုက်ပြီး-

(၁) လူ့ဖွယ်ဝတ္ထုကို စင်ကြယ်ကောင်းမွန်အောင် စီမံပြုပြင်၍ လူ့ဒါန်းခြင်း၊

(၂) မိမိကိုယ်တိုင် မိမိလက်ဖြင့် လူ့ဒါန်းခြင်း၊

(၃) စိတ်ထဲမှာ ရှိသေလေးမြတ်မှုရှိ၍ လူ့ဒါန်းခြင်း၊

(၄) ထမင်းကြွင်း ဟင်းကျန် စသည့် စွန့်ပစ်အပ်သော ပစ္စည်းမျိုးကဲ့သို့ မဟုတ်ဘဲ ဂရုတစိုက် လူ့ဒါန်းခြင်း

ထို့ကြောင့် သေလွန်သော် တာဝတိံသာ နတ်ပြည်ဝယ် သိကြားမင်း၏ သုဓမ္မာနတ်သဘင်နှင့်တူသော ဗိမာန်၌ ထွန်းလင်းတောက်ပလျက် ဖြစ်လေ၏။ အရောင်အဆင်းလည်း အရပ်ဆယ်မျက်နှာတို့ကို ထွန်းလင်း တောက်ပ၏။

သယံကာရဒါန၊ ပရံကာရဒါန

မိမိ၏ သဘောတံတွာ ဓမ္မတာဖြင့် ပြုအပ်သော အလှူသည် **'သယံကာရဒါန'** မည်၏။ သူတစ်ပါးတို့ ပြုသည်ကိုမြင်၍ ပြုအပ်သောအလှူသည် **'ပရံကာရဒါန'** မည်၏။

အချို့အိမ်မှ မိဘတို့သည် ကလေးများ လိမ္မာယဉ်ကျေးမှု ရှိအောင် ဆွမ်းလောင်းခိုင်း၏။ ထိုကလေးများ ဆွမ်းလောင်း

http://www.dhammadownload.com

သည်ကိုမြင်လျှင် ဆွမ်းမလောင်းရသော အခြားအိမ်မှ ကလေးများက ဆွမ်းလောင်းလိုကြောင်း မိဘများအား ပူဆာ၏။ မိဘများသည် သဒ္ဓါတရားမရှိသော်လည်း ကလေးများ ပူဆာမှုကြောင့် ကလေးအလိုလိုက်၍ ဆွမ်းလောင်းခိုင်း၏။ ထိုကလေးတို့၏ ဆွမ်းလောင်းမှုမျိုးသည် ပရဲကာရဒါန မည်၏။

သောမနဿဒါန၊ ဥပေက္ခာဒါန

စိတ်နေရှင်လန်း ချမ်းသာစွာ လှူဒါန်းအပ်သော အလှူသည် '**သောမနဿဒါန**' မည်၏။ ဝမ်းလည်းမသာ ဝမ်းလည်းမနည်း အလယ်အလတ် ခံစားခြင်းသဘောရှိ၍ လှူအပ်သော အလှူသည် '**ဥပေက္ခာဒါန**' မည်၏။

သောမနဿဒါနအကျိုး

ရာဇဂြိုဟ်ပြည် သုမနသူဌေးအိမ်တွင် လယ်ထွန်ငှားရမ်းနေသော သူဆင်းရဲ ပုဏ္ဏား၊ ဇနီး ဥတ္တရာနှင့် သမီး ဥတ္တရာတို့ သုံးယောက်ရှိ၏။ တစ်နေ့သ၌ ရာဇဂြိုဟ်ပြည်တွင် နက္ခတ်ပွဲသဘင် ပြုလုပ်၏။ ထိုအခါ သုမနသူဌေးက ပုဏ္ဏအား မေး၏–

"အချင်းပုဏ္ဏ၊ ငါ၏အလုပ်သမားအားလုံး နက္ခတ်ပွဲသဘင် ပါဝင်ဆင်နွှဲကြမည်။ သင် နက္ခပွဲသဘင် ပါဝင် ဆင်နွှဲမည်လော၊ သို့မဟုတ် လယ်ထွန်မည်လော"

"အရှင်၊ နက္ခတ်ပွဲသဘင် မည်သည်ကား စည်းစိမ်ရှင်တို့အတွက် ဖြစ်ပါသည်။ အကျွန်ုပ်အိမ်မှာမူကား မနက်ဖြန်အတွက်တာ ချက်စရာဆန်ပင် မရှိပါ၊ လယ်ပဲထွန်လိုပါသည်"

သို့ဖြင့် သုမနသူဌေးက သူ့အား နွားများ ပေးလိုက်၏။ သူသည် လယ်ထွန်ဆင်းလေ၏။ ရှင်သာရိပုတ္တရာသည် ခုနစ်ရက်

http://www.dhammadownload.com

ပတ်လုံး နိရောဓသမာပတ် ဝင်စားရာ ထိုနေ့နံနက်တွင် နိရောဓ သမာပတ်မှထ၍ သပိတ် သင်္ကန်း ပြင်ဆင်ဝတ်ရုံကာ ပုဏ္ဏားလယ်ထွန်ရာသို့ကြွ၍ ရေတွင်းအနီး ချုံတစ်ခုကိုကြည့်လျက် ရပ်တော်မူလေ၏။ သူသည် ရှင်သာရိပုတ္တရာကိုမြင်လျှင် စိတ်နေ ရှင်လန်းချမ်းသာစွာဖြင့် 'အရှင်ကောင်းသည် ရေလိုအံ့ထင်သည်' ဟု ကြံစည်၍ ထိခြင်းငါးပါးနှင့်အညီ ရှိသေစွာ ရှိခိုးပြီး သပိတ် ယူကာရေစစ်ကပ်၏။ ဒန်ပူ လှူဒါန်း၏။

လှူခံချီးမြှောက်

ရှင်သာရိပုတ္တရာသည် ထိုနေရာမှ ဖဲကြ၍ အနည်းငယ် နားနေ ကာ ဆွမ်းခံချိန်တန်သော် မြို့တွင်းသို့ ဆွမ်းခံဝင်၏။ လမ်းတွင် ပုဏ္ဏာအတွက် ထမင်းလာပို့သော ဥတ္တရာနှင့် တွေ့၏။ ထိုအခါ ဥတ္တရာက 'တစ်ခါတစ်ရံ လှူဖွယ်ဝတ္ထုရှိသော်လည်း အရှင်ကောင်း ကို မတွေ့ရ၊ တစ်ခါတစ်ရံ အရှင်ကောင်းကို တွေ့သော်လည်း လှူဖွယ်ဝတ္ထုမရှိ၊ ယနေ့မူကား အရှင်ကောင်းကိုလည်း တွေ့ရ၏။ လှူဖွယ်ဝတ္ထုလည်းရှိ၏။ အရှင်ကောင်းသည် ငါ့အား ချီးမြှောက် ပါအံ့လော' ဟု စဉ်းစား၍ ထမင်းတောင်းကိုချလျက် ထိခြင်းငါးပါး နှင့်အညီ ရှိသေစွာ ရှိခိုးပြီးလျှင် စိတ်နေရှင်လန်း ဝမ်းမြောက် စွာနှင့် 'အရှင်ဘုရား၊ ဤလယ်သမားတွေကတော့ ဆွမ်းကို ကြမ်းတမ်းသည်ဟု မကြံစည်ဘဲ ချီးမြှောက်သောအားဖြင့် အလှူခံ တော်မူပါ' ဟု လျှောက်ထား၍ လောင်းလှူ၏။

ရှင်သာရိပုတ္တရာသည် လောင်းလှူ၍ ဆွမ်းတစ်ဝက်ကျလျှင် သပိတ်ကို ပိတ်၏။ ထိုအခါ ဥတ္တရာက 'အရှင်ဘုရား၊ ဤဆွမ်း

http://www.dhammadownload.com

သည် တစ်ယောက်စာမျှသာ ဖြစ်ပါ၏။ နှစ်ဖို့ မခွဲလောက်ပါ။ အရှင်ဘုရားတို့၏ တပည့်အား ဤလောကတွက်တာသာ မချီးမြှောက်ပါနှင့်။ နောက်လောကတွက်တာပါ ချီးမြှောက်တော်မူပါ။ အားလုံး လောင်းလှူလိုပါ၏'ဟု ဆို၍ အားလုံး လောင်းလှူပြီးလျှင် 'တပည့်တော် ဤဒါနကောင်းမှုကြောင့် အရှင်ဘုရားတို့ သိတဲ့ သစ္စာလေးပါးတရားကို သိရတဲ့ကိုယ် ဖြစ်ရပါလို၏'ဟု ဆုတောင်း၏။ ရှင်သာရိပုတ္တသည် 'ကောင်းတဲ့ဆုနှင့် ပြည့်စုံစေ'ဟု ဆုပေး၍ ကြွသွား၏။

သူမသည် အမြန်အိမ်ပြန်၍ ထမင်းချက်ပြီး လာပို့သောအခါ ပုဏ္ဏအနီးအနားရောက်လျှင် စဉ်းစားမိ၏–

"ကိုပုဏ္ဏတော့ ယခုလောက်ဆို ထမင်းတော်တော် ဆာရော့မယ်။ ထမင်းဆာဆာနှင့် အကြောင်းမသိဘဲ စိတ်ဆိုးပြီး ငါ့ကို ကြိမ်နှင့်ရိုက်လျှင် ငါ့ကုသိုလ် အချည်းနှီး ဖြစ်တော့မယ်။ ငါ ကြိုတင်၍ ပြောပြမှ သင့်တော်မည်"

"ကိုပုဏ္ဏ၊ ယနေ့ စိတ်နေရှင်လန်း ဝမ်းမြောက်ပါလော့။ ကိုပုဏ္ဏအတွက် ပထမလာပို့သော ထမင်းကို ရှင်သာရိပုတ္တအား လောင်းလှူပြီး ပြန်ချက်နေရ၍ နေမြင့်သွားပါသည်။ ထိုကုသိုလ်ကို သာဓုခေါ်ပါလော့"

"သင်သည် ကောင်းသောအမှုကို ပြုပါပေ၏။ ငါလည်းပဲ နံနက်စောစောက ရှင်သာရိပုတ္တကိုပင် မျက်နှာသစ်ရေနှင့် ဒန်ပူလှူလိုက်ရ၏။ ထိုကုသိုလ်ကို သင်လည်း စိတ်နေရှင်လန်း ဝမ်းမြောက်စွာ သာဓုခေါ်ပါလော့"

http://www.dhammadownload.com

ချက်ချင်းအကျိုးပေး

ပုဏ္ဏသည် ဆာဆာနှင့် ထမင်းစားပြီး ဥတ္တရာရင်ခွင်တွင် ခဏမှေးစက်၍ အိပ်စက်ရာမှ ထသောအခါ သူထွန်ပြီးသား ထယ်စာခဲအားလုံး ရွှေတွေဖြစ်နေ၏။ သူသည် ဝမ်းမြောက်စွာနှင့် ဘုရင်မင်းမြတ်အား ပြောပြ၍ ရွှေတို့ကို နန်းတော်သို့ သယ်လေ၏။ ဘုရင်မင်းမြတ်က သူ့အား သူဌေးဘွဲ့ပေး၍ သူဌေးထီးဖြူဆောင်းစေ၏။ သူသည် သူများအိမ်တွင် ကပ်နေရ၍ အိမ်မရှိရကား ဘုရင်မင်းမြတ်ထံ အိမ်ရာတောင်း၏။ ဘုရင်မင်းမြတ်က သူ့အား သူဌေးဟောင်းတစ်ယောက်၏ အိမ်ရာဟောင်းကို ပေး၏။ သူသည် အိမ်ရာရှင်းသောအခါ မရေတွက်နိုင်သော ရွှေအိုးတို့ကိုရပြန်၏။

"ပုဗ္ဗေကတ၊ ရှေးဘဝက၊ ပုညဆင်းရဲ၊ ကံမွဲချို့တဲ့၊ ဘုန်းမဲ့ သသူ၊ များဗိုလ်လူတို့၊ ချမ်းပူမနေ၊ ရှာဖွေကြိုးကုတ်၊ အားထုတ် အထူး၊ ဆည်းပူး လုံ့လ၊ ပြုသမျှကား၊ ရှေးက ကောင်းမှု၊ အပြု များလှ၊ ပုညသီရိ၊ ပြည့်စုံဘိသည်၊ ဘုန်းရှိ သူတို့ ခံစားဖို့တည်း"

သူဌေးဖြစ်စ ကိုပုဏ္ဏ

သူသည် အိမ်ဆောက်ပြီးသောအခါ အိမ်တက်မင်္ဂလာ သူဌေး ထီးဖြူဆောင်းမင်္ဂလာတို့ကို တပေါင်းတည်း ပြုလုပ်၍ ဘုရားအမှူး ရှိသော သံဃာငါးရာတို့အား အလှူကြီး ခုနစ်ရက် ပေးလှူလေ၏။ အလှူပွဲအပြီးတွင် ဘုရားရှင်က အစဉ်အတိုင်းသော အနုမောဒနာ တရား ဟောကြားရာ တရားတော်အဆုံး၌ သူဌေးပုဏ္ဏ ဇနီး ဥတ္တရာနှင့် သမီး ဥတ္တရာ သောတာပန် ဖြစ်၏။

http://www.dhammadownload.com

ဤသို့ဆိုလျှင် သောမနဿဒါနသည် လယ်ယာမြေကောင်းပမာ အလှူခံပုဂ္ဂိုလ်ကောင်းနှင့် တွေ့လျှင် ချက်ချင်းပင် အကျိုးပေးတတ်၏။

ဉာဏသမ္မယုတ္တဒါန၊ ဉာဏဝိပ္ပယုတ္တဒါန

လူဒါန်းရာမှာ ကံ၊ ကံ၏အကျိုး စသည်တို့ကို သိမြင်နားလည်၍ လူဒါန်းခြင်းသည် ဉာဏ်နှင့်ယှဉ်သည့်အတွက် '**ဉာဏသမ္မယုတ္တဒါန**'မည်၏။ လူဒါန်းရာမှာ ကံ–ကံ၏အကျိုး စသည်တို့ကို မသိမမြင်ဘဲ သူတစ်ပါးတို့၏ အတုအပမျှသာ လူဒါန်းခြင်းသည် ဉာဏ်နှင့်မယှဉ်သည့်အတွက် '**ဉာဏဝိပ္ပယုတ္တဒါန**' မည်၏။

မျိုးခွဲကောင်း

ကုသိုလ်ပြုသည့်အခါ ကံ–ကံ၏အကျိုး စသည်တို့ကို သိမြင်နားလည်သော ကမ္မဿကတာဉာဏ်ပညာ ပါဝင်လာလျှင် ထို ကုသိုလ်သည် ဉာဏသမ္မယုတ္တကုသိုလ်၊ တိဟိတ်ကုသိုလ် ဖြစ်၏။ အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ကုသိုလ်ဟိတ်သုံးပါးနှင့်ယှဉ်၍ တရားကိုယ်မှာ မဟာကုသိုလ် ဉာဏသမ္မယုတ်စိတ်လေးခု ဖြစ်၏။ ယင်းကုသိုလ်၏ ရှေ့မှဖြစ်စေ၊ နောက်မှဖြစ်စေ ကုသိုလ်ခြံရံမှု တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ဖြစ်၏။ ၎င်းသည် မဟာဝိပါက် ဉာဏသမ္မယုတ်စိတ်လေးခုဟူသော တိဟိတ်ပဋိသန္ဓေကျိုးကိုပေး၍ ပဝတ္တိအခါ၌ မဟာဝိပါက်စိတ် ရှစ်ခုနှင့် အဟိတ်ကုသလဝိပါက်စိတ် ရှစ်ခုဟူသော တစ်ဆယ့်ခြောက်ချက်သော အကျိုးကိုပေး၏။

http://www.dhammadownload.com

တိဟိတ်ကုသိုလ်၏ ရှေ့မှဖြစ်စေ၊ နောက်မှဖြစ်စေ အကုသိုလ် ခြံရံမှု ရှိုးရိုးတိဟိတ်ကုသိုလ်မှ အညံ့စား ဖြစ်သွားလေရကား အညံ့စား အကျိုးပေးသည့် တိဟိတ် ဩမကကုသိုလ် ဖြစ်သွား၏။ ၎င်းသည် မဟာဂိပါက် ဉာဏဝိပ္ပယုတ်စိတ် လေးခု ဟူသော ပဋိသန္ဓေအကျိုးကိုပေး၍ ပဝတ္တိအခါ၌ မဟာဝိပါက် ဉာဏဝိပ္ပယုတ် စိတ်လေးခု၊ အဟိတ်ကုသလဝိပါက်စိတ် ရှစ်ခု ဟူသော အကျိုးကို ပေး၏။

မျိုးစေ့ညံ့

ကုသိုလ်ပြုသည့်အခါ ကလေးများကဲ့သို့ ကံ-ကံ၏အကျိုး စသည်ကို သိမြင်နားလည်သော ကမ္မဿကတာဉာဏ် မပါလျှင် အမောဟဟိတ်နှင့် မယှဉ်သောကြောင့် ဒွိဟိတ်ကုသိုလ် ဖြစ်၏။ တရားကိုယ်မှာ မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် လေးခုဖြစ်၏။ ၎င်း၏ ရှေ့မှဖြစ်စေ၊ နောက်မှဖြစ်စေ ကုသိုလ်ခြံရံလျှင် ဥက္ကဋ္ဌ အဖြစ်သို့ တက်လာ၍ ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ဖြစ်၏။ ၎င်းသည် မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် လေးခုဟူသော ဒွိဟိတ်ပဋိသန္ဓေ အကျိုးကိုပေး၍ ပဝတ္တိအခါ မဟာ ဝိပါက်ဉာဏဝိပ္ပယုတ်စိတ် လေးခု၊ အဟိတ်ကုသလ ဝိပါက်စိတ် ရှစ်ခုဟူသော အကျိုးကို ပေး၏။

ဒွိဟိတ်ကုသိုလ်၏ ရှေ့မှဖြစ်စေ၊ နောက်မှဖြစ်စေ၊ အကုသိုလ် ခြံရံလျှင် အညံ့စားဖြစ်၍ ဒွိဟိတ်ဩမကကုသိုလ် ဖြစ်သွား၏။ ၎င်းသည် ပဋိသန္ဓေအခါ၌ သူကန်း ဇစ္စန္ဓ စသော လူများနှင့် ဝိနိပါတိက အသုရာတို့တွက်တာ အဟိတ်ကုသလဝိပါက် ဥပေက္ခာ

http://www.dhammadownload.com

သန္တိ ရဏာစိတ် ပဋိသန္ဓေအကျိုးကိုပေး၍ ပဝတ္တိအခါ အဟိတ် ကုသလ ဝိပါက်စိတ် ရှစ်ခုဟူသော အကျိုးကို ပေး၏။

(**ဆောင်**)။ *ကုသိုလ်ပြုစဉ်၊ ကံကျိုးမြင်သိ၊ ဉာဏ်ယှဉ်ဘိုက၊ တိဟိတ်ကုသိုလ်၊ ခေါ်ဆိုကြရိုး၊ အကျိုးမမြင်၊ ဉာဏ် မယှဉ်သော်၊ ခေါ်တွင်ဒွိဟိတ်၊ ကုသိုလ်စိတ်တည်း၊ ကြိုတ်လိပ်သေသပ်၊ ရှေ့နောက်နှစ်ရပ်ဝယ်၊ ညှပ်မှု ကုသိုလ်၊ ဥက္ကဋ္ဌဆို၏၊ ထိုထိုနှစ်တန်၊ အကုခြိုလျှင်၊ တစ်ဖန်ဩမက၊ မည်တုံကြသည်၊ မှတ်ကြလွယ်ဖို့၊ အချုပ်တည်း။*

ဝိပဿနာ ပါဒစေလို့၍

ယခုဖော်ပြခဲ့သော ကုသိုလ်ဒါနမျိုးဖြစ်လျှင် လိုအပ်သော အကျိုးကို အလုံအလောက် ပေးနိုင်ပြီဖြစ်၏။ လူဒါန်းသောအခါ မြင့်မြတ်သော ဝိပဿနာ ဘာဝနာဉာဏ်နှင့်ယှဉ်၍ 'လူဒါန်းသော ဒကာ ငါသည်လည်း မမြဲသော အနိစ္စတရားဖြစ်၏။ အလှူခံ ပုဂ္ဂိုလ်သည်လည်း မမြဲသော အနိစ္စတရား ဖြစ်၏။ အနိစ္စဖြစ်သော အလှူခံပုဂ္ဂိုလ်အား လူဒါန်းနေခြင်းမျှသာ ဖြစ်၏။ အနိစ္စဖြစ်သော ငါသည် အနိစ္စဖြစ်သော ပစ္စည်းကို အနိစ္စဖြစ်သော အလှူခံပုဂ္ဂိုလ် အား လူဒါန်းနေခြင်းမျှသာ ဖြစ်၏'ဟု နှလုံးသွင်းကာ လူဒါန်း ရမည်ဟု ညွှန်ကြားပြောဆိုသည်ကား ဒါနပြုပြီး သီလဆောက် တည်ပြီးနောက် ဝိပဿနာ ဘာဝနာ ဖြစ်စေလိုသည့်အတွက်သာ ဖြစ်၏။

http://www.dhammadownload.com

ညွှန်ကြားပြောဆိုသည့်အတိုင်း မဟုတ်လျှင် ဉာဏသမ္မယုတ္တ ဒါန မဖြစ်၊ အကျိုးမရ ဟူ၍ မမှတ်အပ်။ ဝိပဿနာ ဘာဝနာ အကျိုးသည် တစ်မျိုးသာ ဖြစ်၏။ ဒါနအကျိုးသည် တစ်မျိုးသာ ဖြစ်၏။ ဝိပဿနာလုပ်ထုံးကား တစ်မျိုးဖြစ်၏။ ဒါနလုပ်ထုံးကား တခြားဖြစ်၏။ ဝိပဿနာ ဘာဝနာ အစစ်ကို ပွားများလိုသော သူသည် ရှေးဦးစွာ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ စသော ပုဂ္ဂိုလ်စွဲ အတ္တစွဲကို ပယ်ဖျောက်ပြီးလျှင် ရုပ်နာမ်အစုမျှသာ ဖြစ်သည်ကို ထင်မြင်ပြီးမှ ထိုရုပ်နာမ်တို့သည် အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ပုံကို ထင်မြင်အောင် ရှုပွားရသည်။ ငါ အနိစ္စ၊ အလှူပစ္စည်း အနိစ္စ၊ အလှူခံပုဂ္ဂိုလ် အနိစ္စဟူ၍ နာမ်ရုပ်သို့ မထိခိုက်ဘဲ ပညတ် တွင်သာ လက္ခဏာယာဉ်တင်၍ ဝိပဿနာ ဘာဝနာဉာဏ် စင်စစ် ထင်နိုင် ရနိုင်ရန်ခဲယဉ်းပေ၏။

အသိဉာဏ်ဆိုတာ

'အသိဉာဏ်ရှေ့ထား၊ ဒါန နောက်ထား' ဆိုသည်မှာလည်း ဖော်ပြပါ ဉာဏသမ္မယုတ် တိဟိတ်ဥက္ကဋ္ဌကုသိုလ် အသိမျိုးပင် ဖြစ်၏။ ဝိပဿနာ ဘာဝနာဉာဏ်အသိကို မဆိုလိုပေ။ မှန်၏။ ဝိပဿနာ ဘာဝနာဉာဏ်အသိမှာ ဝိပဿနာ သမ္မာဒိဋ္ဌိ ဖြစ်၏။ အလှူဒါန ကုသိုလ်အသိမှာ ကမ္မဿကတာ သမ္မာဒိဋ္ဌိဖြစ်၏။ သို့ဖြစ်၍ အခြေခံ အသိဉာဏ်ချင်းမတူ တစ်မျိုးတခြားစီသာဖြစ်၏။ သို့ဖြစ်၍ ဝိပဿနာ ဘာဝနာဉာဏ် ထက်သန်သည်နှင့် ထိုသို့ ဝိပဿနာကိုသာ အမှတ်တင်လို၍ ဝိပဿနာဉာဏ်တစ်ခုတိုးအောင် သာ ပြောဆိုညွှန်ကြားခြင်းမျိုး ဟုသာ ယူပါ။ ထိုသို့ မဟုတ်က အကျိုးမရှိဟု မယူပါနှင့်။

http://www.dhammadownload.com

မှန်၏။ ပေးလှူအပ်သော အလှူ၏အကျိုးသည် ရှိ၏။ ဤသို့ အစရှိသောနည်းဖြင့် ဖြစ်သော ဤကံ-ကံ၏အကျိုးကို သိရှိ ယုံကြည်သော ကမ္မဿကတာဉာဏ်ပညာ၌ တည်၍ အလှူပေး၍ သီလဖြည့်၍ ဥပုသ်ဆောက်တည်၍ လူနတ်တို့၏ ချမ်းသာတစ်ပါး မှ တစ်ပါးသို့၊ ပြည့်စုံခြင်း တစ်ပါးမှ တစ်ပါးသို့ ကူးပြောင်းကာ လူးလာသက်ဝင် အစဉ်ခံစားပြီး၍ နိဗ္ဗာန်သို့ ရောက်တော်မူကြ ကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓ၊ သာဝက အပေါင်းတို့၏ ဂဏန်း အပိုင်းအခြား မရှိဟူ၍ သမ္မောဟဝိနောဒနီ အဋ္ဌကထာတွင် အဆို ရှိ၏။

ပန်းတော်ဆက် သုမန ဒါန

ဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတွင် သီတင်းသုံး တော်မူစဉ် သုမန ပန်းသည်သည် နေ့စဉ် ဗိမ္ဗိသာရမင်းကြီးအား မြတ်လေးပန်း ရှစ်ဆုပ်တို့ကို ဆက်သရသဖြင့် ရှစ်ကျပ် ရှစ်ကျပ် ရ၏။ တစ်နေ့သ၌ သူသည် ပန်းတို့ကို ယူဆောင်လာစဉ် လမ်းတွင် ဘုရားရှင်အမှူးရှိသော သံဃာတော်များ ဆမ်းခံလှည့်လည်သည် ကို ဖူးတွေ့ရလျှင် ရောင်ခြည်တော် ခြောက်သွယ် ကွန့်မြူး ခြယ်၍ တင့်တယ် သပ္ပာယ်တော်မူသော ဘုရားရှင်ကို ကြည်ညို သဒ္ဓါစိတ် တဖိတ်ဖိတ်ဖြစ်ကာ 'ငါသည် ဘုရားရှင်အား အဘယ် မည်သော ကောင်းမှုတို့ကို ပြုပါအံ့နည်း' ဟု ကြံစည်စဉ်းစား၏။ သို့သော် သူ့တွင် အခြားတစ်ပါး လှူဖွယ်ဝတ္ထုကို မမြင်ရကား 'ငါ့လက်ဝယ်ရှိသော ဤမြတ်လေးပန်းတို့ဖြင့် ပူဇော်တော့မည်' ဟု စဉ်းစားပြန်၏။

http://www.dhammadownload.com

ထို့နောက် တစ်ဖန်ဆက်လက်၍ 'ဤမြတ်လေးပန်းတို့သည် မင်းကြီးအား အမြဲဆက်သရသော ပန်းများဖြစ်၏။ မင်းကြီးသည် ဆက်သနေကျဖြစ်သော ပန်းတို့ကို မဆက်သသော် ငါ့ကို ထိတ်၊ ထောင်၊ နှောင်ကြိုးအမျိုးမျိုးဖြင့် နှောင်ဖွဲ့သော်လည်း နှောင်ဖွဲ့ပေမည်။ သတ်သော်လည်း သတ်ပေလိမ့်မည်။ တိုင်းပြည်မှမူလည်း နှင်ထုတ်ပေလိမ့်မည်။ ငါ ဘယ်သို့ ပြုရပါမည်နည်း' ဟု စဉ်းစားပြန်၏။

ထို့နောက် တစ်ဖန် ဆက်လက်၍ 'မင်းကြီးသည် ငါ့ကို သတ်ချင်လည်း သတ်ပစေ။ နှောင်ဖွဲ့ချင်လည်း နှောင်ဖွဲ့ပစေ။ တိုင်းပြည်မှ နှင်ထုတ်ချင်လည်း နှင်ထုတ်ပစေ။ ဒီလို ဆုံးဖြတ်တာ မှန်ပါတယ်။ မင်းကြီးသည် ငါ့အား ဆုလာဘ်ပေးလျှင်လည်း ဒီဘဝ၌ အသက်မွေးလောက်ရုံမျှ ဥစ္စာကိုသာ ပေးရာ၏။ ဘုရားရှင်အား ပူဇော်ခြင်းသည်ကား ငါ့အတွက်တာ များစွာသော ကမ္ဘာအကုဋေတို့၌ စီးပွားချမ်းသာ ပေးစွမ်းနိုင်ရာ၏' ဟု စဉ်းစားပြီးလျှင် မိမိအသက်ကို ဘုရားရှင်အား စွန့်လှူ၍ 'ငါ၏သဒ္ဓါရွှန်းစို ကြည်ညိုသောစိတ် မဆုတ်နစ်မီ ဤမြတ်လေးပန်းများကို ပူဇော်ပေအံ့' ဟု ဝမ်းမြောက်ရွှင်လန်း တက်ကြွသော သဒ္ဓါစိတ်ထားဖြင့် ဘုရားရှင်အား မြတ်လေးပန်း ရှစ်ဆုပ်တို့ကို ပစ်မြွှောက်ပူဇော်လေတော့၏။

ပန်းမိုးကန့်လန့်ကာ

သူသည် မြတ်လေးပန်းတို့ကို နှစ်ဆုပ်စီ နှစ်ဆုပ်စီ ပစ်မြွှောက်ပူဇော်ရာ ပထမနှစ်ဆုပ်မှာ ဘုရားရှင်၏ ဦးခေါင်းတော်အထက်၌

http://www.dhammadownload.com

မျက်နှာကြက်သဖွယ်ဖြစ်၍ တည်နေကြလေကုန်၏။ နောက် နှစ်ဆုပ်မှာ လက်ျာဘက်လက်တော် နံပါးဝယ်၊ နောက်ဆုပ်မှာ လက်ဝဲဘက် လက်တော် နံပါးဝယ်၊ နောက် နှစ်ဆုပ်မှာ ကျောဘက်မှ သက်ဆင်းကျရောက်ကာ ပန်းကန့်လန့်ကာသဖွယ် တည်နေကြကုန်၏။ မြတ်လေးပန်းတို့သည် စိတ်မရှိငှာသော်လည်း စိတ်ရှိတော်မူသည့် ဘုရားရှင်ကို အမှီပြု၍ စိတ်ရှိသော ပစ္စည်းဝတ္ထု ကဲ့သို့ အောက်သို့လည်း မကျဘဲ ဘုရားရှင်နှင့်အတူ လိုက်ပါသွားကြကုန်၏။ သူသည် အလွန်တရာ ကြည်ညိုသဒ္ဓါ တိုးပွားကာ သူ၏ ကိုယ်လုံးသည် ပီတိ ငါးမျိုးဖြင့် ပြည့်ဖြိုးလျက် ရှိ၏။ သူသည် ဘုရားရှင်နှင့်အတူ အနည်းငယ်မျှ လိုက်သွားပြီးနောက် အိမ်သို့ ပြန်လေ၏။

သာပေါင်း မယား

အိမ်ရောက်သော် သူ၏ ဇနီးက ပန်းများ ပါမလာသည်ကို မမြင်သဖြင့် မေးလျှင် သူသည် အကြောင်းစုံ ပြောပြ၏။ ထိုအခါ သဒ္ဓါတရားနည်းပါး ပညာဉာဏ်ပါးရှားသော သူ၏ဇနီးသည် ကြည်ညိုသဒ္ဓါ မဖြစ်သည့်အပြင် သူ့အား ဆူဆဲကြိမ်းမောင်း၍ 'ငါတို့တော့ မင်းကြီးက သတ်တော့မှာပဲ၊ သူနှင့် ကွာရှင်းမှ ဖြစ်တော့မည်' ဟု စဉ်းစား၍ သားသမီးများကိုခေါ်ကာ မင်းကြီး ထံသို့သွားကာ အကြောင်းစုံ ပြောပြပြီး ကွာရှင်းကာ အိမ်မပြန်တော့ဘဲ နေ၏။

လူများအပေါင်းသည် ခြေသံမင်းကဲ့သို့ ရဲတင်းသော ကြီးဝါးသဲကို ကြီးဝါးလျက် ပုဆိုးဦးရစ်ပေါင်း တစ်ထောင် ပစ်မြောက်

http://www.dhammadownload.com

ကြကာ ဘုရားရှင်၏ ရှေ့မှသာလျှင် တစ်စုတစ်ရုံးတည်း သွားကြကုန်၏။ ဘုရားရှင်သည် သုမနပန်းသည်၏ ဂုဏ်သတင်း ထင်ရှားစေခြင်းငှာ ရာဇဂြိုဟ်ပြည်တွင်း လှည့်လည်ပြီးလျှင် ဗိမ္ဗိသာရမင်းကြီး၏ နန်းတော်သို့ ကြွတော်မူလေသည်။ မင်းကြီးသည် ဘုရားရှင် လက်တော်မှ သပိတ်ကို ယူလေသည်။ ဘုရားရှင်သည် နောက်တော်ပါ ရဟန်းအပေါင်းနှင့်တကွ ရတနာမဏ္ဍပ်၌ ထိုင်တော်မူ၏။ ဘုရားရှင် ထိုင်တော်မူလျှင် ပန်းဝတ်လွှာကြီး လေးချပ်တို့သည် အသက်ရှိသည့် သတ္တဝါအလား ပရိသတ်၏ အစွန်အဖျား အရပ်လေးမျက်နှာ၌ သွားရောက် တည်နေကြလေ၏။

မင်းကြီးသည် ဘုရားအမှူးရှိသော ရဟန်းအပေါင်းကို မွန်မြတ်သော ဆွမ်း ခဲဖွယ် ဘောဇဉ် ချိုချဉ်ရသာ တို့ဖြင့် ဆက်ကပ်လုပ်ကျွေး၏။ ဘုရားရှင် ဆွမ်းကိစ္စပြီးသောအခါ အနုမောဒနာတရား ဟောကြား၍ ပြန်ကြွတော်မူလေလျှင် ပန်းဝတ်လွှာကြီးလေးချပ်တို့သည် ရှေးနည်းအတူ ခြံရံကာ တည်နေကြလေ၏။ မင်းကြီးသည် လူများအပေါင်းနှင့်အတူ ဘုရားရှင်အား လိုက်၍ ပို့ပြီးလျှင် ပြန်လာသော် သုမနပန်းသည်ကို ခေါ်၍မေး၏။

သဇ္ဇကဆု

"သုမန၊ သင်သည် ငါအတွက်တာ ယူဆောင်လာသော ပန်းတို့ကို ဘယ်လိုစိတ်ထားဖြင့် ဘုရားရှင်အား ပူဇော်သနည်း"

သူသည် သူ၏ စိတ်နေစိတ်ထား အကြံအစည် ဖြစ်ပျက်ပုံများကို မင်းကြီးအား အကုန် ပြောပြ၏။

http://www.dhammadownload.com

"သုမန၊ သင်ကား ယောက်ျားမြတ် ပီသပါပေ၏"

မင်းကြီးသည် သူ့အား ဤသို့ ချီးမွမ်းပြီးလျှင် ဝမ်းသာ အားရ ရှိလှ၍ ဆင်တော်ရှစ်စီး၊ မြင်းတော်ရှစ်စီး၊ ကျွန်ယောက်ျား ရှစ်ယောက်၊ ကျွန်မိန်းမ ရှစ်ယောက်၊ အဆင်တန်ဆာ ရှစ်စုံ၊ ငွေရှစ်ထောင်၊ ဝတ်စားစုံလင် တန်ဆာဆင်ပြီးသော သတို့သမီး ကညာပျို ရှစ်ယောက်၊ ရွာဆုကြီး ရှစ်ဆု စသည်ဖြင့် '**အလုံးစုံ ရှစ်မျိုးစီပါသော သဗ္ဗဌကဆု**'ကို ပေးတော်မူလေ၏။

ညနေချမ်းသို့ ရောက်သောအခါ ရှင်အာနန္ဒသည် **ဘုရား**ရှင်ထံ ချဉ်းကပ်၍ ရှိခိုးလျှောက်ထား၏။

"မြတ်စွာဘုရား၊ ယနေ့နံနက် ခြသေ့်မင်းကဲ့သို့ ရဲတင်းသော ကြုံးဝါးသံအပေါင်း တစ်ထောင်တို့သည်လည်းကောင်း၊ ပုဆိုး ဦးရစ်ပေါင်း ပစ်မြှောက်ဖြန့်ကြဲခြင်း တစ်ထောင်တို့သည် လည်း ကောင်း အံ့ဖွယ်သရဲ ထူးကဲစွာ ဖြစ်ပါကုန်၏။ သုမနပန်းသည်၏ ခံစားရမည့်အကျိုးကား ဘယ်သို့များ ဖြစ်ပါမည်နည်း"

သုမနပစ္စေကဗုဒ္ဓ

"အာနန္ဒာ၊ သုမနပန်းသည်သည် အနည်းငယ်မျှသော ကောင်းမှုကံကို ပြုအပ်ပြီဟူ၍ မမှတ်လင့်။ မှန်၏။ သူသည် မိမိ အသက်ကို ရက်ရက်ကြည်ဖြူ စွန့်လှူ၍ ငါ့အား ပန်းပူဇော်မှုကို ပြုပေ၏။ သူသည် ငါ၏စိတ်ကို ကြည်ညိုစေ၍ ကမ္ဘာတစ်သိန်း ပတ်လုံး အပါယ်သို့ မလားရောက်ရဘဲ လူ့ပြည်၊ နတ်ပြည်တို့၌ သာ အဖန်ဖန် ကျင်လည်တည်နေကာ နောက်အခါ **သုမန ပစ္စေကဗုဒ္ဓ** ဖြစ်လိမ့်မည်"

http://www.dhammadownload.com

ရဟန်းတော်တို့သည်လည်း တရားဆွေးနွေးရာ တရား သဘင်မဏ္ဍပ်၌ အညီအညွတ်စည်းဝေး၍ တရားစကား ဆွေးနွေး ပြောကြားနေကြကုန်၏။ ထိုအခါ ဘုရားရှင် ကြွတော်မူလာ၍ ရဟန်းတို့အား မေးတော်မူ၏–

"ရဟန်းတို့၊ ငါ ယခု ကြွလာတော်မူသော အချိန်အခါ၌ သင်တို့သည် အဘယ်စကားဖြင့် အညီအညွတ် စည်းဝေး၍ ထိုင်နေကြကုန်သနည်း"

"မြတ်စွာဘုရား၊ အကျွန်ုပ်တို့သည် သုမန ပန်းသည်၏ သဒ္ဓါတရားကို လက်ဖြစ်တီး၍ အံ့ချီးနေကြပါသည်ဘုရား။ မြတ်စွာ ဘုရား၊ သူသည် အသက်ကိုစွန့်၍ မြတ်လေးပန်း လှူဒါန်းသည့် ဒါနကုသိုလ်ကြောင့် ထိုခဏမှာပင် ပစ္စည်းတစ်မျိုးတစ်မျိုးလျှင် ရှစ်ခုစီရှိသော သဗ္ဗဌကဆုတစ်ရာ ရပါပေ၏ ဟု သူ့အား ချီးမွမ်း နေကြပါသည်ဘုရား"

ကောင်းသောအမှု

"ရဟန်းတို့၊ မိမိပြုလုပ်အပ်သောအမှုကြောင့် နောင်တစ်ဖန် ပူပန်ရခြင်းမဖြစ်နိုင်၊ အောက်မေ့တိုင်း အောက်မေ့တိုင်းသော ခဏ၌ နှစ်သက်ရွှင်လန်း၊ ဝမ်းမြောက်ရခြင်းသာလျှင် ဖြစ်သော သဘောရှိသည့်အမှုကို ပြုလုပ်ခြင်းသည်ကောင်း၏။

"–ဤသုမနပန်းသည်၏ ဒါနကုသိုလ်သည် စိတ်နေရွှင်လန်း ဝမ်းမြောက်စွာနှင့်ပြုခြင်း၊ အသက်ကို စွန့်နိုင်သည့်တိုင်အောင် စိတ်မတွန့်တို မဆုတ်နစ်ခြင်း၊ ဉာဏ်နှင့်ယှဉ်၍ ကံ–ကံ၏အကျိုး

http://www.dhammadownload.com

ကို နှစ်နှစ်ကာကာ ယုံကြည်ခြင်းဖြင့်ပြုသော ကုသိုလ်ဖြစ်၏။ ဤကဲ့သို့သော ဒါနကုသိုလ်မျိုးသည် အကျိုးကြီးမြတ်၏"

"အကုသလ၊ ကုသလ၏၊ ကမ္မသကာ၊ လက္ခဏာကို၊ မြဲစွာဝမ်းတွင်း၊ နှလုံးသွင်းလော့၊ မပျင်းကုသိုလ်၊ ထိုပုဂ္ဂိုလ်ကား၊ ကိုယ်ကိုချစ်သူ၊ မည်သောဟူ၏၊ အယူမယွင်း၊ ဆောက်တည်ခြင်းဖြင့်၊ ကံရင်းမူလ၊ ဝီရိယနှင့် ဉာဏထောက်ကူ၊ ရှိသည်သူမှ၊ လူတွင် လူမွန်၊ လွှားတံခွန်သို့၊ လူမွန်တစ်ယောက်၊ တစ်ခေါ်လောက်အောင်၊ ခါရောက်ချိန်ဆုံး၊ တုမဲ့နှုန်း၍ ရွှေဘုန်းမော် ရမည်ကိုကား"

ဤကား ကမ္မသကတာ ဉာဏ်ပညာနှင့်ယှဉ်၍ ပြုသော ကုသိုလ်တို့၏ သဘောတံထွာ ဓမ္မတာကြီးတစ်ခု ဖြစ်ပေသည်။

သ သခ်ါရိကဒါန၊ အ သခ်ါရိကဒါန

သူတစ်ပါးတို့ တိုက်တွန်းမှ ပြုအပ်သောဒါနသည် '**သ သခ်ါရိက ဒါန**'မည်၏။ သူတစ်ပါးတို့ တိုက်တွန်းခြင်းသည် မပြုရဘဲ ပြုအပ်သောဒါနသည် '**အ သခ်ါရိကဒါန**'မည်၏။

သူတစ်ပါးတို့တိုက်တွန်းမှ ပြုအပ်သော ဒါနသည် အကျိုးပေးသောအခါ လူလည်း ထိုင်းမှိုင်းတတ်၏။ ပစ္စည်းဥစ္စာ အကျိုးပေးလည်း ထိုင်းမှိုင်းတတ်၏။ သူတစ်ပါးတို့ တိုက်တွန်းခြင်းမရှိဘဲ ပြုအပ်သောဒါနသည် အကျိုးပေးသောအခါ လူလည်း သွက်လက်ဖျတ်လတ်၏။ ကြည်လင်၏။ ပစ္စည်းဥစ္စာအကျိုးပေးလည်း လျင်မြန်သွက်လက်၏။

http://www.dhammadownload.com

သ သန်ဂါရိက ဆိုတာ

ဤ၌ 'တိုက်တွန်းခြင်းဟူသည်' မပြုလိုဘဲ တွန့်တိုနေသည်ကို တိုက်တွန်းရမှ သသန်ဂါရိကဟု ခေါ်ဆိုရ၏။ ထင်ရှားစွာ ဖော်ပြရလျှင် 'လူဒါန်းမည်'ဟူ၍လည်းကောင်း၊ 'မလူဒါန်းလို'ဟူ၍လည်းကောင်း မစဉ်းစားဘဲ ပကတိနေသူကို 'အလူပါဝင်ပါ'ဟု တစ်ဦးတစ်ယောက်က ပြောဆိုသဖြင့် ပါဝင်လူဒါန်းလိုက်သူမှာ သသန်ဂါရိကဒါန ဖြစ်သည်ဟု မဆိုရ။ 'အလူပါဝင်ပါ'ဟု တိုက်တွန်းပြောဆိုသည့်အခါ 'မလူလို'ဟု တွန့်တိုငြင်းပယ်ပြီးမှ 'မတွန့်တိုပါနှင့်၊ လူဒါန်းပါ' စသည်ဖြင့် နောက်ထပ် တိုက်တွန်းတောင်းပန်သဖြင့် အလူပါဝင်လိုက်သူ၏ အလူဒါနကိုသာ သသန်ဂါရိကဒါနဟု ခေါ်ဆိုရ၏။

သူတစ်ပါးပြောလာသည်မဟုတ်ဘဲ မိမိကသာ မိမိရှေးဦးစွာ 'လူဒါန်းမည်'ဟု ကြံစည်ပြီးမှ စိတ်တွန့်တိုသွားပြီးလျှင် နောက်မှ မိမိကိုယ်ကို အမျိုးမျိုး မိမိဘာသာ မိမိတရားချ၍ စိတ်ကိုတင်းကာ လူပြန်ခြင်းသည် သ သန်ဂါရိကဒါနပင် ဖြစ်၏။ မိမိစိတ်ကို မိမိတိုက်တွန်းရသဖြင့် သ သန်ဂါရိကဒါနပင် ဖြစ်၏။ ထိုသို့မဟုတ်ဘဲ စိတ်နေစိတ်ထား တွန့်တိုခြင်းမရှိသူမှာ သူတစ်ပါးလာ၍ ပြောဆိုခြင်းမျှကို အစွဲပြု၍ သ သန်ဂါရိကဒါနဟု မဆိုရ။ တိုက်တွန်းခြင်းမရှိသော အသန်ဂါရိကဒါနဟူ၍သာ မှတ်ယူရာ၏။ သူတစ်ပါးလာ၍ ပြောဆိုခြင်းမျှမှာ သတိပေး နှိုးဆော်သဘောသာဖြစ်၍ သ သန်ဂါရိကမဖြစ်၊ အသန်ဂါရိကသာ ဖြစ်၏။

http://www.dhammadownload.com

ကေသာဒုက ဇနီးမောင်နှံ

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတွင် သီတင်းသုံးတော်မူခိုက် သာဝတ္ထိပြည်၌ ကေသာဒုကပုဏ္ဏား ဟူ၍ လူသိများသော ပုဏ္ဏားတစ်ယောက်ရှိ၏။ သူတို့ဇနီးမောင်နှံနှစ်ဦးတွင် ပုဆိုး၊ ထမီ တစ်ထည်စီရှိသော်လည်း အပေါ်ရုံပုဆိုးမှာမူ နှစ်ဦးလုံးမှာမှ တစ်ထည်သာရှိသောကြောင့် 'ကေသာဒုက=အပေါ်ရုံအဝတ်ပုဆိုး တစ်ထည်သာရှိသူ'ဟု အမည်တွင်၍ လူသိများခြင်းဖြစ်၏။

သူတို့နှစ်ဦးသည် တစ်ဦးအပြင်သို့သွားသော် ထိုတစ်ထည်သော အပေါ်ရုံပုဆိုးကို ရုံ၍သွားရသဖြင့် တစ်ဦးမှာ အပေါ်ရုံပုဆိုးမရှိ၍ အပြင်မသွားရ၊ နှစ်ဦးပြိုင်တူ အပြင်မသွားနိုင်။ တစ်နေ့သ၌ ဇေတဝန်ကျောင်းတော်မှ တရားနာကြွေးကြော်သော် ကေသာဒုကပုဏ္ဏားက မေး၏–

"ရှင်မ၊ တရားနာကြွေးကြော်သည်၊ အသို့နည်း။ သင် နေ့လယ်ချိန်မှာ တရားနာမည်လော၊ သို့မဟုတ် ညပိုင်းအချိန်မှာ နာမည်လော။ အပေါ်ရုံပုဆိုးမရှိ၍ နှစ်ဦးပြိုင်တူသွား၍ တရားနာရန် မဖြစ်နိုင်"

"အရှင်၊ အကျွန်ုပ် နေ့လယ်ပိုင်း တရားနာပါမည်"

ပုဏ္ဏားမသည် နေ့လယ်ပိုင်းတွင် သွား၍တရားနာ၏။ ပုဏ္ဏားသည် ညဦးပိုင်းသို့ရောက်သော် ကျောင်းသို့သွား၍ ဘုရားရှင်၏ ရှေ့မှောက်တွင် ထိုင်လျက် တရားနာရာ သူ့အား တစ်ကိုယ်လုံး ပြန့်နှံ့လျက် ပီတိငါးပါးဖြစ်၏။ သဒ္ဓါတရားတွေ တက်လာ၏။

http://www.dhammadownload.com

သူသည် ဘုရားရှင်အား အပေါ်ရုံ ခြုံထည်အဝတ်ကို လှူလိုဇ၏။ ထို့ကြောင့် စဉ်းစားဇ၏။

"အကယ်၍ ငါသည် ဤအပေါ်ရုံပုဆိုးကို ဘုရားရှင်အား လှူအံ့၊ ပုဏ္ဏားမရော ငါပါ အပေါ်ရုံပုဆိုးမရှိတော့" ထိုအခါ သူ့အား မပေးလှူလို ဝန်တိုမစ္ဆရိယစိတ် တစ်ထောင်တို့သည် လွှမ်းမိုး၍ ဖြစ်ဇ၏။ တစ်ဖန် တစ်ခုသော သဒ္ဒါစိတ်ဖြစ်ဇ၏။ ထို သဒ္ဒါစိတ်ကို လွှမ်းမိုး၍ မပေးလှူလို ဝန်တိုမစ္ဆရိယစိတ် တစ်ထောင် တို့သည် လွှမ်းမိုး၍ ဖြစ်ပြန်ဇ၏။ ဤသို့လျှင် သူ့အား အားကြီးသော မပေးလှူလို ဝန်တိုမစ္ဆရိယစိတ်တို့က နှောင်ဖွဲ့၍ယူသကဲ့သို့ သဒ္ဒါ စိတ်ကို တားမြစ်လေဇ၏။

သို့ဖြင့် သူ့အား 'ပေးလှူအံ့–မပေးလှူအံ့'ဟု ကြံစည် စဉ်းစား စဉ်ပင်လျှင် ပထမယာမ်လွန်၍ မဇ္ဈိမယာမ်သို့ရောက်ဇ၏။ မဇ္ဈိမ ယာမ်၌လည်း ပေးလှူခြင်းငှာ မစွမ်းနိုင်။ မစ္ဆိမယာမ် မိုးသောက်ပိုင်း သို့ သောက်သော်သူသည် 'ငါ၏ယုံကြည်မှု သဒ္ဒါစိတ်နှင့် ဝန်တိုမှု မစ္ဆရိယစိတ်တို့ စစ်တိုက်နေစဉ်မှာပင်လျှင် ညဉ့်နှစ်ယာမ် ကုန်ဆုံးပြီ၊ ငါ၏ ဤ မစ္ဆရိယစိတ်သည် တိုးပွားလာသည်ရှိသော် အပါယ် လေးပါးမှ ဦးခေါင်း ချီးမြှောက်ခွင့် ရတော့မှာမဟုတ်။ သို့ဖြစ်၍ ငါလှူတော့အံ့"ဟု ကြံစည်၍ ဝန်တိုမှုစိတ်တစ်ထောင်ကို လွှမ်းမိုး၍ ယုံကြည်သဒ္ဒါစိတ်ကို ရှေ့သွားပြုကာ အပေါ်ရုံပုဆိုးကို ဘုရားရှင်ဇ၏ ခြေတော်ရင်း၌ထားပြီး 'ဇိတံမေ=ငါအောင်ပြီ၊ ဇိတံမေ=ငါအောင်ပြီ' ဟု သုံးကြိမ် ကျယ်လောင်စွာ အော်ဟစ်လေဇ၏။

'အသိဉာဏ်၊ ပညာမဲ့၍၊ ချို့တဲ့သဒ္ဓါ၊ မျက်မှောက်မှာ လျှင်၊ ဥစ္စာကုန်မွဲ၊ ဆင်းရဲမည့်ရေး၊ တော်မွတ်ဘေးမှ၊ တွေး၍

http://www.dhammadownload.com

မလူ၊ ကြောက်တတ်သူတို့၊ နောင်မှုမချုတ်၊ ဘေးမလွတ်ဘဲ၊ ငတ်မွတ်ဆင်းရဲ၊ မွဲသည့်ဒုက္ခ၊ တွေ့တတ်ကြ၏။ မုချမှတ်ယူ၊ လောကလူတွင်၊ အလူပေးခြင်း၊ စစ်ထိုးခြင်းကား၊ မယွင်းတူမျှ၊ ဟူကုန်စွတည့်၊ အလောဘဟိတ်၊ ကြောက်ထိတ်ကင်းစွာ၊ စွန့်ကြဲရာ၌၊ သဒ္ဓါသူရဲ၊ ဗိုလ်ထုခွဲလျက်၊ စစ်ကဲဝီရိယ၊ လုံ့လအထူး၊ ရဲခေါင်ကြူသား၊ ဗိုလ်မှူးရွှေဥာဏ်၊ ဆုတ်မလှန်ဘဲ၊ စိတ်သန်ခိုင်ကျန်း၊ စွဲယူမှန်းလော"

ပြုနိုင်ခဲသောအမှု

ထိုအချိန်တွင် ကောသလွမင်းကြီးလည်း တရားနာနေရာသူ၏ 'အောင်ပြီ အောင်ပြီ'ဟု အော်သံကိုကြားလျှင် မင်းချင်းယောက်ျားကို မေးခိုင်း၏။

"အချင်း၊ ထိုယောက်ျားကို သွား၍ မေးတဲ့ချေ။ သူသည် အောင်သတဲ့၊ ဘာကို သူအောင်သနည်း"

မင်းချင်းယောက်ျားသည် သွား၍မေး၏။ သူသည် သူ၏ အောင်ပုံကို ပြောပြ၏။ မင်းကြီးသည် သူ၏ အောင်ပုံကို သိရလျှင် "ဤပုဏ္ဏားသည် ပြုနိုင်ခဲသောအမှုကို ပြုပေ၏။ သူ့အား ချီးမြှောက်မူ ငါပြုအံ့"ဟု ကြံ၍ ပုဆိုးအစုံကို ပေး၏။ သူသည် ထိုပုဆိုးအစုံကိုလည်း ဘုရားရှင်အားလှူ၏။ မင်းကြီးသည် တစ်ဖန် ပုဆိုးနှစ်စုံကို ပေးပြန်၏။ သူသည် ထိုပုဆိုးတို့ကိုလည်း ဘုရားရှင်အား လှူပြန်၏။ ဤနည်းဖြင့် မင်းကြီးသည် သူ့အား ပုဆိုး

http://www.dhammadownload.com

သုံးဆယ့်နှစ်စုံအထိ ပေး၏။ ထိုအခါ သူသည် "မိမိ မယူမူ၍ ရတိုင်း ရတိုင်း စွန့်လှူသည်သာလျှင်တည်း"ဟု ပြောဆိုခြင်းမှ လွတ်ရန် ပုဆိုးသုံးဆယ့်နှစ်စုံမှ တစ်စုံကို မိမိအတွက် ပဏ္ဏေးမ အတွက်ယူ၍ အစုံသုံးဆယ်တို့ကို ဘုရားရှင်အား လှူ၏။

ဇာစ်သိန်းတန်လည်းလှူ

မင်းကြီးသည် မင်းချင်းယောကျ်ားတို့ကို "အချင်းတို့–သူသည် ပြုနိုင်ခဲသည်ကို ပြုဘိ၏။ နန်းတော်တွင်း၌ ငါ၏ ကမ္မလာနှစ်ထည်တို့ကို သွား၍ယူခဲ့"ဟု စေခိုင်း၏။ မင်းချင်းတို့ သွားယူပြီးလျှင် မင်းအားပေး၏။ မင်းကြီးသည် တစ်သိန်းတန် ကမ္မလာနှစ်ထည်တို့ကို လှူပြန်၏။ သူသည် ကမ္မလာနှစ်ထည်တို့ကို ကြည့်၍ "ဤကမ္မလာနှစ်ထည်တို့သည် ငါ၏ကိုယ်နှင့် မလျောက်ပတ်၊ ဗုဒ္ဓသာသနာတော်အားသာ လျောက်ပတ်၏"ဟု ကြံစည်၍ ကမ္မလာတစ်ထည်ကို မြတ်စွာဘုရား၏ ဂန္ဓကုဋိတိုက်ခန်းတွင် မျက်နှာကြက်ပြုလုပ်လှူဒါန်း၍ တစ်ထည်ကိုမူ မိမိအိမ်တွင် အမြဲဆွမ်းဘုန်းပေးသော ရဟန်း၏ ဆွမ်းစားရာဌာနဌ၌ မျက်နှာကြက်ပြုလုပ်၍ လှူဒါန်း၏။ မင်းကြီးသည် ညနေချမ်းသို့ရောက်သော အခါ ဘုရားရှင်ထံသွားလျှင် မိမိကမ္မလာကို မှတ်မိ၍ ဘုရားရှင် အား လျှောက်၏။

"မြတ်စွာဘုရား၊ ဤကမ္မလာကို ဘယ်သူပူဇော်ပါသနည်း"

"ကောသဂုကပုဏ္ဏား ပူဇော်သည်"

http://www.dhammadownload.com

သဗ္ဗစတုက္ကဆု

၁။ မင်းကြီးက "ပုဏ္ဏားသည် ငါကြည်ညိုသော ဌာနဌ်သာလျှင် ကြည်ညိုဖို့"ဟု ဆို၍ ဆင်လေးစီး၊ မြင်းလေးကောင်၊ ငွေလေးထောင်၊ မိန်းမလေးယောက်၊ ရွာလေးရွာစသည်ဖြင့် ပစ္စည်းတစ်မျိုးတစ်မျိုးလျှင် လေးခု လေးခုစီရှိသော သဗ္ဗစတုက္က ဆုတစ်ရာ ပေးလှူလေ၏။

ရဟန်းတို့သည် တရားသဘင်မဏ္ဍပ်၌ စည်းဝေး၍ တရားစကား ပြောဆိုနေကြလျှင် ဘုရားရှင် ကြွတော်မူလာ၍ မေး၏။

"ရဟန်းတို့၊ ငါယခုကြွလာသောအချိန်အခါ၌ သင်တို့အဘယ်စကားဖြင့် အညီအညွတ်စည်းဝေး၍ ထိုင်နေကြကုန်သနည်း"

"မြတ်စွာဘုရား၊ အကျွန်ုပ်တို့သည် ကောသဌကပုဏ္ဏား၏ ကုသိုလ်ကံသည် အံ့သြဖွယ်ရှိပါပေစွ၊ ထိုခဏချင်းပင် သဗ္ဗစတုက္က ဆုကို ရပေ၏။ ယခုပြုအပ်သော ကောင်းမှုကံသည် ယခုပင်လျှင် အကျိုးပေး၏ဟု ပြောဆိုနေကြပါကုန်သည်ဘုရား"

"ရဟန်းတို့၊ အကယ်၍ ကောသဌကပုဏ္ဏားသည် ပထမယာမ်၌ လှူနိုင်အံ့၊ အလုံးစုံ ဆယ့်ခြောက်ခုစီရှိသော = သဗ္ဗသောဠသကဆုကို ရရာ၏။ အကယ်၍ မဇ္ဈိမယာမ်၌ လှူနိုင်အံ့၊ အလုံးစုံ ခုနစ်ခုစီရှိသော သဗ္ဗဋ္ဌကဆုကို ရရာ၏။ မိုးသောက်ခါနီး လင်းအားကြီးဖြစ်သော နောက်ဆုံး ပစ္ဆိမယာမ်၌ လှူသောကြောင့် အလုံးစုံ လေးခုစီရှိသော သဗ္ဗစတုက္ကဆုကို ရ၏"

http://www.dhammadownload.com

ကုသိုလ်ကိုလျင်စွာပြု

"ရဟန်းတို့၊ ကောင်းမှုပြုသော သူသည် ဖြစ်ပေါ်လာသော ကောင်းမှုပြုလိုစိတ်ကို မယုတ်လျော့စေမူ၍ ဖြစ်ပေါ်လာသော ခဏ၌ပင် ပြုရာ၏။ နန့်နှေးစွာပြုသော ကုသိုလ်သည် အကျိုးပေးသောအခါ နန့်နှေး၏။ ထို့ကြောင့် ကောင်းမှုပြုလိုစိတ် ဖြစ်သည်၏ အခြားမဲ့၌သာလျှင် ကောင်းမှုပြုရာ၏"

"ကုသိုလ်ကောင်းမှုကို လျင်လျင်မြန်မြန် ပြုရာ၏။ မကောင်းမှုမှ စိတ်ကို တားမြစ်ရာ၏။ ကုသိုလ်ကောင်းမှု နန့်နှေးစွာ ပြုသောသူ၏ စိတ်သည် မကောင်းမှု၌ မွေ့လျော်တတ်၏။

"မျိုးစေ့တို့ကို အဖန်ဖန် စိုက်ပျိုးကုန်၏။ မိုးသည် အဖန်ဖန်ရွာ၏။ လယ်သမားတို့သည် အဖန်ဖန် လယ်ထွန်ကုန်၏။ တိုင်းသူပြည်သားတို့သည် အဖန်ဖန် ဆန်စပါးနှင့် ပြည့်စုံကုန်၏။

"ဖုန်းတောင်းယာစကာတို့သည် အဖန်ဖန် တောင်းကုန်၏။ အလှူရှင်တို့သည် အဖန်ဖန် ပေးလှူကုန်၏။ အလှူရှင်တို့သည် အဖန်ဖန်ပေးလှူပြီးလျှင် အဖန်ဖန် နတ်ပြည်လောကသို့ ရောက်ရကုန်၏။

ဤဧကသာဋကပုဏ္ဏား၏ အလှူဒါနသည် သသခါရိကဒါန ဖြစ်၏။ ထို့ကြောင့် အကျိုးရနည်း၏။ အလှူပေးခြင်းကို စစ်တိုက်ခြင်း ဥပမာဖြင့် ပြကုန်၏။

http://www.dhammadownload.com

"ပစ္စည်းကုန်မှာကြောက်သူသည် မပေးလူ၊ အသက်သေမှာကြောက်သူသည် စစ်မတိုက်၊ ပစ္စည်းဥစ္စာတို၌ တွယ်တာငဲ့ကွက်မှု မရှိသူသည်သာလျှင် အလှူပေးနိုင်၏။ အသက်၌ တွယ်တာငဲ့ကွက်မှု မရှိသူသည်သာလျှင် စစ်တိုက်နိုင်၏။ စစ်တိုက်သော် စစ်သည်အနည်းငယ်မျှဖြင့် ရန်သူအများကြီးကို အောင်နိုင်သလို အနည်းငယ်မျှသော မုဆစေတနာ သဒ္ဓါတရားဖြင့် များစွာသော မစ္ဆရိယစိတ် လောဘစိတ် စသော ကိလေသာ ရန်သူတို့ကို အောင်နိုင်၏"

"စစ်သည်တစ်ယောက်သည် စစ်မြေပြင်၌ ရန်သူတစ်သန်းကို နိုင်၏။ အခြားတစ်ယောက်သည်ကား မိမိသန္တာန်၌ရှိသော လောဘ စသော ကိလေသာရန်သူကို အောင်သဖြင့် မိမိတစ်ယောက်ကိုသာ အောင်နိုင်၏။ စင်စစ် ထိုမိမိကိုယ်ကို အောင်နိုင်သူသာ အောင်နိုင်သူတကာတို့ထက် မွန်မြတ်၏"

ပုညဝိသယဒါန၊ လောကဝိသယဒါန

ကောင်းမှု၏အရာဖြစ်သော ပေးလှူခြင်းသည် **"ပုညဝိသယဒါန"** မည်၏။ ကောင်းမှု၏ အရာမဟုတ်ဘဲ လောက၌ ပြုကျင့်ကြမြဲ ဝတ္တရားအတိုင်း ပေးခြင်းမျိုးသည် **"လောကဝိသယဒါန"** မည်၏။

ကြည်လင်စင်ကြယ်သော သဒ္ဓါတရားဖြင့် ပေးလှူသော ပုညဝိသယဒါနသည်သာ ဒါနပါရမီနှင့် သက်ဆိုင်သည်။ ကြည်လင်စင်ကြယ်သော သဒ္ဓါတရားဖြင့် ပေးခြင်းမဟုတ်ဘဲ ချစ်ကြိုက်၍

http://www.dhammadownload.com

ပေးခြင်း၊ စိတ်ဆိုး၍ပေးခြင်း၊ မိုက်မဲ၍ပေးခြင်း၊ ကြောက်ရွံ့၍ ပေးခြင်းမှစ၍ အယုတ်ဆုံး အပြစ်ဒဏ်ပေးခြင်း၊ သေဒဏ်ပေးခြင်း အထိ ပေးခြင်းဟူသမျှကို လောကဝိသယဒါနဟူ၍ ခေါ်၏။ ဤလောကဝိသယဒါနကား ဒါနပါရမီနှင့် မသက်ဆိုင်။

သက္ကစ္စဒါန၊ အ သက္ကစ္စဒါန

လူဖွယ်ဝတ္ထုကို ကောင်းစွာ ပြုပြင်၍ လူဒါန်းအပ်သော အလှူသည် "**သက္ကစ္စဒါန**"မည်၏။ လူဖွယ်ဝတ္ထုကို ကောင်းမွန်စွာ မပြုပြင်ဘဲ လူဒါန်းအပ်သောအလှူသည် "**အ သက္ကစ္စဒါန**"မည်၏။

ဥပမာသော် ပန်းပင်မှ ပန်းများခူးလာပြီးလျှင် မလှ-လှအောင် မတင့်တယ်-တင့်တယ်အောင် ပန်းကုံး၊ ပန်းခိုင် စသည်ပြုလုပ်ခြင်း သို့မဟုတ် ရေစင်ကြယ်စွာဆေးခြင်း၊ အရွက်များကို သုတ်သင်ခြင်း၊ အစီအရီပြုလုပ်ခြင်း၊ ပန်းမွှေ့ရာသဖွယ် ဖြန့်ကြဲလှူဒါန်းခြင်း စသည်တို့သည် သက္ကစ္စဒါနမည်၏။ ဤသို့ မပြုမပြင် ရေမဆေး၊ အရွက်မခွေဘဲ ပန်းပင်မှ ခူးခဲ့ရင်းအတိုင်းသာ အလှူဒါနမြောက်လျှင် ပြီးရောသဘောမျိုးဖြင့် လူဒါန်းခြင်းသည် အသက္ကစ္စဒါန မည်၏။

နတ်ပြည် ဒေသစာရီကြွ

ရှင်မဟာမောဂ္ဂလာန်သည် တစ်ခါတစ်ရံ နတ်ပြည်သို့ ဒေသစာရီကြွချီ၍ ထိုထိုဘုံဗိမာန်တို့၌ နေကြသည့် နတ်သား နတ်သမီးတို့ ဆည်းပူးအပ်သော ကောင်းမှုကုသိုလ်ကံကို မေး၍ လူ့ပြည်

http://www.dhammadownload.com

သို့ ပြန်ရောက်သောအခါ ဘုရားရှင်အား လျှောက်ထားလေရှိ၏။ ဘုရားရှင်သည် ရှင်မဟာမောဂ္ဂလာန်၏ လျှောက်ထားချက်ကို သဘောတူ လက်ခံ၍ ထိုနတ်သား နတ်သမီးတို့၏အကြောင်း အတ္ထုပ္ပတ်ကို ရောက်လာသော ပရိသတ်တို့အား အကျယ်အားဖြင့် ပြန်လည်ဟောကြား၏။ တစ်နေ့သ၌ ရှင်မဟာမောဂ္ဂလာန်သည် နတ်ပြည်သို့ ဒေသစာရီကြွချီသော် နတ်သမီးတစ်ယောက် မိမိဗိမာန်မှထွက်၍ အင်ကြင်းဥယျာဉ်သို့ဝင်၏။ အင်ကြင်းခက်တို့သည် အလိုလိုကွေးညွတ်၍ နတ်သမီး၏ ကိုယ်အထက်၌ ပန်းတို့ကို ဖြန့်ကြဲချလေ၏။ အရှင်မြတ်သည် ထိုအံ့သြဖွယ်ရာကို မြင်လျှင် နတ်သမီးကို ချဉ်းကပ်၍မေး၏။

"နတ်သမီး၊ သင်သည် ရွှေသဲခင်းထားသော မြေအဖို့ရှိသော မောင်းသော အရောင်ရှိသော ဗိမာန်၌ ကောင်းစွာ တီးမှုတ်အပ်သော အင်္ဂါငါးပါးရှိသော တူရိယာဖြင့် မွေ့လျော်နေဘိ၏။

"နတ်သမီး၊ သင်၏သုစရိုက် ကုသိုလ်တရားက ဖန်ဆင်းထားသော ရတနာဖြင့် ပြီးသော ထိုဗိမာန်မှ ဆင်းသက်ပြီးလျှင် အခါခပ်သိမ်း ပွင့်လန်းသော အင်ကြင်းဥယျာဉ်သို့ သက်ဝင်ဘိ၏။

"နတ်သမီး၊ သစ်ပင်တကာတို့ထက်မြတ်သော အင်ကြင်းပင်ရင်း၌ သင်ရပ်နေဘိ၏။ သင်ရပ်နေလေရာရာ အင်ကြင်းပင်ဟူသမျှသည် အလိုလို အောက်သို့ ကွေးညွတ်လျက် ပန်းတို့ကို ကြဲချ၏။

"နတ်သမီး၊ သင်၏ အင်ကြင်းတောသည် လေကြောင့် လှုပ်ဖို့၏။ လေညှင်း တိုက်ခတ်၏။ ငှက်အမျိုးမျိုးသည် မှိုဝဲအပ်၏။

http://www.dhammadownload.com

အင်ကြင်းဥယျာဉ်၏ ရနံ့သည် မဋ္ဌုသကနတ်ပန်းကဲ့သို့ အရပ်မျက်နှာအားလုံးတို့၌ ပျံ့လွှင်၏။

"နတ်သမီး၊ သင်သည် မွေးကြိုင်သောရနံ့ကိုသာ နမ်းရှူနေရ၏။ နတ်တို့၌ဖြစ်သော အဆင်းကိုသာ တွေ့မြင်နေရ၏။ ဤအကျိုးသည် အဘယ်ကုသိုလ်ကံ၏ အကျိုးနည်း၊ သင့်ကို ငါမေး၏။ ဖြေကြားစမ်းပါလော"

အင်ကြင်းပန်းခါန

"အရှင်ဘုရား၊ အကျွန်ုပ်သည် လူ့ပြည်ဝယ် လူဖြစ်စဉ်အခါက သူတစ်ပါးအိမ်၌ ကျွန်မ ဖြစ်ခဲ့ဖူးပါ၏။ တစ်နေ့သ၌ အကျွန်ုပ်သည် အန္ဓဝန်တောဌ ကောင်းစွာပွင့်လန်းနေသော အင်ကြင်းပင်ကို မြင်၍ အင်ကြင်းပန်းတို့ကို ခူးခဲ့ပါ၏။ အခြားပန်းမျိုးစုံလည်း ခူးခဲ့ပါ၏။ မြို့တွင်းသို့ရောက်သော အိမ်တစ်အိမ်၏ မထွေပ်တစ်ခုဌ ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် ကွန့်မြူးခြယ်လျက် သပ္ပာယ်စွာ ထိုင်နေတော်မူသော ဘုရားရှင်ကို ဖူးမြင်ရ၍ ကြည်ညိုသဒ္ဓါစိတ် တဖိတ်ဖိတ်တောက်ပကာ အင်ကြင်းပန်းတို့ကို ပန်းမွေ့ရာသဖွယ် ကြဖြန့်ပူဇော်ခဲ့ပါ၏။ အခြားသော ပန်းမျိုးစုံတို့ကိုလည်း ကြဖြန့်ပူဇော်ခဲ့ပါ၏။

"အရှင်ဘုရား၊ အကျွန်ုပ်သည် အင်ကြင်းပန်းတို့ဖြင့်ပြီးသော ကောင်းစွာပြုအပ်သော ဦးဆောက်ပန်းကိုလည်း ဘုရားရှင်အား ကြည်လင် ရွှင်ပျသော စိတ်ရှိသည်ဖြစ်၍ ကိုယ်ထိလက်ရောက် ကပ်လှူခဲ့ပါ၏။

http://www.dhammadownload.com

"အရှင်ဘုရား၊ အကျွန်ုပ်သည် ဘုရားရှင်တို့ ချီးမွမ်းတော်မူအပ်သော ထိုကုသိုလ်ကံကို ပြုရသောကြောင့် စိုးရိမ်မှုကင်းလျက် အနာရောဂါမရှိ ချမ်းချမ်းသာသာ မွေ့လျော်ရပါ၏"

ဤကား သက္ကစွဒါန၏ အကျိုးပေး ကြီးမြတ်ပုံသဘော တည်း။ ယင်းကို အတုယူ၍ ပြုနိုင်ကြပါစေသော်။

ပူဇာဒါန၊ အနုဂ္ဂဟဒါန

မြတ်သောပုဂ္ဂိုလ်၊ ကြီးသောပုဂ္ဂိုလ်အား ငယ်သူက လှူဒါန်းအပ်သည်ကို ပူဇော်သောအားဖြင့် ပေးလှူခြင်း "**ပူဇာဒါန**"ဟု ခေါ်၍ ကြီးမြတ်သူက ငယ်ရွယ်သူအား လှူဒါန်းအပ်သည်ကို ချီးမြှောက်သောအားဖြင့် ပေးလှူခြင်း "**အနုဂ္ဂဟဒါန**"ဟု ခေါ်ဝေါ်လေ့ရှိကြ၏။

သို့သော် "ပူဇော်"ဟူသောစကားကို အမြင့်နှင့် အနိမ့် နှစ်မျိုးလုံးမှာပင် သုံးနိုင်သကဲ့သို့ "ချီးမြှောက်"ဟူသော စကားကိုလည်း အမြင့်နှင့်အနိမ့် နှစ်ပါးလုံးမှာပင် သုံးစွဲနိုင်၏။ များသောအားဖြင့်မူ ကြီးမြတ်သူက နိမ့်ငယ်သူအား ပေးကမ်းလှူဒါန်းသည်ကို ချီးမြှောက်သည်၊ အနုဂ္ဂဟပြုသည်ဟုခေါ်ဆိုကြ၏။ မြတ်စွာဘုရား သာသနာတော်ကို "အာမိသာနုဂ္ဂဟ–ဓမ္မာနုဂ္ဂဟ" နှစ်ပါးဖြင့် ချီးမြှောက်သည်ဟူသောစကားခ်ီကား မြင့်မြတ်သော သာသနာတော်ကိုပင် အနုဂ္ဂဟ+ချီးမြှောက်ခြင်းဖြင့် သုံးထားပြန်သောကြောင့် "ပူဇာဒါန–အနုဂ္ဂဟဒါန" ခွဲခြားခြင်းမှာ စင်စစ်ကေန် မဟုတ်ပေ။ ဝေါဟာရအခေါ်အဝေါ် အသုံးအနှုန်းများရာသို့လိုက်၍ ခွဲခြားခြင်းဖြစ်သည်ဟု မှတ်ယူရာ၏။

http://www.dhammadownload.com

ဒါသဒါန၊ ဘုဇိဿဒါန

တဏှာသခင် အရှင်အကြိုက် အလိုလိုက်၍ တဏှာ၏ကျွန် အဖြစ်ဖြင့် လောကီစည်းစိမ် ချမ်းသာစုကို တောင့်တ၍ လှူဒါန်း အပ်သော အလှူသည် ကျွန်အလှူ "**ဒါသဒါန**"မည်၏။ တဏှာ သခင်အရှင်ကို ပုန်ကန်တော်လှန်၍ လောကုတ္တရာ မဂ်ဖိုလ် နိဗ္ဗာန် ကို ရည်သန်တောင့်တ၍ လှူဒါန်းအပ်သော အလှူသည် တော်လှန် ရေးအလှူ "**ဘုဇိဿဒါန**"မည်၏။

သတ္တဝါတို့သည် အစမထင် သံသရာတစ်ခွင်မှာပင် ကောင်း သောအဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိတို့ကို တပ်မက်ကြ၏။ ထိုသို့ ကောင်းမြတ်သည်ဆိုသော လောကီ စည်းစိမ်စုကို တပ်မက်ခြင်းသည် တဏှာတရားပင် ဖြစ်၏။ ထိုတဏှာ၏ အလိုကို သတ္တဝါတို့သည် အချိန်ရှိသမျှ ဖြည့်စွမ်း နေကြရ၏။ တဏှာအကြိုက် အလိုလိုက်ကာ တဏှာ၏ ကျွန်ခံ နေကြရ၏။ သတ္တဝါတို့၏ နေ့နေ့ည့ည အချိန်ဆက်ကာ စည်းစိမ် ဥစ္စာရှာဖွေမှုကို ပြိုလုပ်ကြံစည်နေကြခြင်းသည် ကောင်းကောင်း စားလိုမှု၊ ဝတ်လိုမှု၊ နေလိုမှု စသော အကောင်းကြိုက် တဏှာ၏ အလိုကို ဖြည့်စွမ်းနေကြရခြင်းပင် ဖြစ်၏။

တဏှာသခင်လိုက်ချ

ယခုဘဝတွင် တဏှာ၏အလိုကို ဖြည့်စွမ်းရရုံ တဏှာ၏ ကျွန်ခံရရုံနှင့် မကျေနပ် အားမရသေးဘဲ နောက်ဘဝ အဆက်

http://www.dhammadownload.com

ဆက်တို့မှာ အကောင်းကြိုက် တဏှာအရှင်သခင်၏ အလိုတော်ကျ အသုံးတော်ခံစံနိုင်ဖို့ရန် "စည်းစိမ်ဥစ္စာတို့ကို ရပါလိုသော်" ဟု ဆုတောင်း၍ ပြုလိုက်သောဒါနသည် ကျွန်အလှူ "ဒါသဒါန" အစစ်ဖြစ်ကြောင်း ထင်ရှားလှပေ၏။ ဤသို့ အစမထင် သံသရာ တစ်ခွင်က တဏှာ၏ ကျေးကျွန်ခံလာခြင်း၊ တဏှာ၏ အလို လိုက် အကြိုက်ဆောင်နေခြင်းတို့ကို မြတ်စွာဘုရား၏ တရားတော် နှင့် မတွေ့ကြုံရသေးမီ အကောင်းကြီးထင်မှတ်ကာ တဏှာ နောက်သို့ ပါနေရ၏။

မြတ်စွာဘုရား၏ တရားတော်နှင့် တွေ့ကြုံရသောအခါ တဏှာ၏အလိုကြီးမားပုံ၊ မည်သည့်အခါမှ ထိုတဏှာအလို မပြည့် နိုင်ပုံ၊ တဏှာအကြိုက်လိုက်နေရသော်လည်း ဆင်းရဲဒုက္ခရောက်ရပုံ တို့ကို သိမြင်ကာ "ဤမျှလောက် ဆိုးရွားလှသော တဏှာအကြိုက် သို့ ယခုအခါ ငါမလိုက်တော့ပြီ ခုခံပုန်ကန်တော်လှန်ခြားနားမည်" ဟု ကြံစည်၍ ထိုတဏှာကို အမြစ်ပြတ်ပယ်ဖျက်နိုင်ရန် မဂ်ဖိုလ် နိဗ္ဗာန်ကို ရည်သန်တောင့်တ၍ လှူဒါန်းအပ်သောအလှူသည် တော်လှန်ရေးအလှူ "ဘုဇိဿဒါန" မည်၏။

ဘုရားရှင်ဘို့မျော်ရာ

ဘုရားရှင် ရာဇဂြိုဟ်ပြည်ဂိဇ္ဈကူဋ်တောင်တွင် သီတင်းသုံး တော်မူစဉ် တစ်နေ့သောညဦး ရာဇဂြိုဟ်သူဌေး၏ကျွန်မ ပုဏ္ဏာ သည် ချွေးအလိမ်းလိမ်းဖြင့် မီးထွန်း၍ စပါးထောင်းနေရ၏။ ထိုအချိန်တွင် ရဟန္တာအရှင်မြတ် ရှင်ဒဗ္ဗသည် အာဂန္တုရဟန်း

http://www.dhammadownload.com

တော်တို့အား တေဇောကသိုဏ်းလျှင် အာရုံရှိသော စျာန်ကို ဝင်စား၍ ထိုအလင်းရောင်ဖြင့် အိပ်ရာ နေရာချထား ခင်းကျင်း ပြင်ဆင်၍ပေးနေ၏။ ပုဏ္ဏာသည် ထိုတေဇောကသိုဏ်း အလင်း ရောင်ဖြင့် ဂိဇ္ဈကူဋ်တောင်ပေါ်တွင် လှည့်လည်သွားလာနေသော ရဟန်းတော်တို့ကို လှမ်း၍မြင်သော် ဤသို့ ကြံစည်၏။

"ငါသည်ကား ငှဲ့ကွဲဖြင့် ငါ နှိပ်စက်ခံနေရ၍ ဤအချိန်တိုင် အောင် အိပ်ရာမဝင်ရသေး၊ အရှင်ရဟန်းတို့မှာမူ အဘယ့်ကြောင့် ယခုအချိန်အထိ အိပ်ရာမဝင်သေးသနည်း၊ စင်စစ် အရှင်ရဟန်း တစ်ပါးပါးအား ဖျားနာခြင်းသော်လည်းကောင်း၊ မြွေကိုက်ခြင်းသော် လည်းကောင်း ဖြစ်လိမ့်မည်"

ပုဏ္ဏာသည် နံနက်တွင် စောစောထ၍ ဆန်ကွဲမုန့်လုပ်ကာ ကြော်လော်ပြီးလျှင် ထဘီခါးပိုက်ထဲသို့ထည့်၍ "လမ်းရောက်မှ စားမည်"ဟု ကြံစည်၍ ရေအိုးရွက်ကာ ရေဆိပ်သို့သွားလေ၏။ လမ်းတွင် ဘုရားရှင် ဆွမ်းခံကြွဝင်တော်မူလာသည်နှင့် ဆုံစည်း မိ၏။ သို့နှင့် ပုဏ္ဏာအား ဤသို့ အကြံဖြစ်၏။

"တစ်ပါးသောနေ့တို့၌ ဘုရားရှင်ကို ဖူးမြင်ရသော်လည်း လှူဖွယ်ဝတ္ထုမရှိ၊ လှူဖွယ်ဝတ္ထုရှိသော်လည်း ဘုရားရှင်ကိုမဖူးမြင်ရ၊ ယခုအခါ ငါ့အား လှူဖွယ်ဝတ္ထုလည်း ရှိ၏။ ဘုရားရှင်လည်း မျက်မှောက်ပင် ဆိုက်ရောက်ဖူးမြင်ရ၏။ အကယ်၍ ကြမ်းတမ်း သည်၊ နူးညံ့သည်ကို မရေတွက် မကြံစည်မူဘဲ အလှူခံအံ့၊ ငါသည် ဤဆန်ကွဲမုန့်ကြော် လှူပါအံ့"

http://www.dhammadownload.com

ဆန်ကွဲမုန့်ကြမ်း

ပုဏ္ဏာသည် ရေအိုးကိုချ၍ ဘုရားရှင်အား ရိုသေလေးမြတ်စွာ ထိခြင်းငါးပါးနှင့်အညီ ရှိခိုးပြီး လျှောက်ထား၏။

"မြတ်စွာဘုရား၊ ဤကြမ်းတမ်းသော ဆန်ကွဲမုန့်ကြော်ကို အကျွန်ုပ်အား သနားချီးမြှောက် စောင့်ရှောက်သောအားဖြင့် အလှူခံတော်မူပါ"

ဘုရားရှင်သည် ဆိတ်ဆိတ်နေသောအားဖြင့် သည်းခံသာယာတော်မူ၏။ ပုဏ္ဏာသည် ထဘီခါးပိုက်ထဲမှ ဆန်ကွဲမုန့်ကြော်ကို ရှိသေစွာ လောင်းလှူပြီးလျှင် ဆုတောင်း၏။

"မြတ်စွာဘုရား၊ အကျွန်ုပ်၏ ဤဒါနကောင်းမှုကြောင့် မြတ်စွာဘုရားတို့ မျက်မှောက် ဆိုက်ရောက်သိမြင်အပ်သော သစ္စာလေးပါး မြတ်တရားကို အကျွန်ုပ် သိမြင်ရပါလိုပါ၏"

"တောင်းတဲ့ဆုနှင့် ပြည့်စုံစေ"

ဘုရားရှင်သည် ရပ်လျက်ပင် ဆုပေး၍ အနုမောဒနာတရား ဟောကြား၏။ ဘုရားရှင်သည် အနည်းငယ်မျှ ကြွသွားသော် ပုဏ္ဏာသည် ဤသို့ စဉ်းစား၏။

ပုဏ္ဏာစဉ်းစားပုံ

ဘုရားရှင်သည် ငါ့ကို သနားစောင့်ရှောက် ချီးမြှောက်သော အားဖြင့် ငါ၏ ဆန်ကွဲမုန့်ကြမ်းတမ်းကို ခံယူပင် ခံယူသော်လည်း ဘဉ်းပေးမည်မဟုတ်ပေ။ စင်စစ် ရှေ့နားရောက်သော် ကျိုးသော်

http://www.dhammadownload.com

လည်းကောင်း၊ ခွေးသော်လည်းကောင်း စွန့်၍ မင်း၊ မင်းသား၊ သူဌေး၊ သူကြွယ်အိမ်သို့ရောက်သော် မွန်မြတ်သော ခဲဖွယ် ဘောဇဉ်တို့ကို ဘုဉ်းပေးမှာပါ။

ဘုရားရှင်သည် "ပုဏ္ဏာသည် အဘယ်ကိုကြံစည်သနည်း" ဟု ပုဏ္ဏာ၏ စိတ်အစဉ်ကိုကြည့်သော် သိမြင်၍ သူမ၏ရှေ့မှောက် မြင်လောက်ရာ၌ပင် ထိုင်တော်မူ၍ မုန့်ကို ဘုဉ်းပေးလေ၏။ သူမသည် အားရဝမ်းသာ ကြည်ရွှင်ခြင်းကပ် ကြည်ညိုလေ၏။ ဘုရားရှင်သည် မုန့်ဘုဉ်းပေးပြီးသော် သူမကို ခေါ်မေး၏။

"ပုဏ္ဏာ၊ သင် ညက ငါ၏ တပည့်ရဟန်းတို့ကို ကြည့်၍ ဘယ်လို ကြံစည်စဉ်းစားသနည်း"

ပုဏ္ဏာသည် ညက အကြံအစည်ကို ဘုရားရှင်အား လျှောက်ထား၏။ ထိုအခါ ဘုရားရှင်သည် သူမအား ဤသို့ ဟောကြား တော်မူ၏။

"ပုဏ္ဏာ၊ သင်သည် ဒုက္ခနိပ်စက်သဖြင့် ညက မအိပ်ရ၊ ငါ၏တပည့် ရဟန်းတို့သည် အခါခပ်သိမ်း နိုးကြားမှု ဝီရိယနှင့် ယှဉ်သောကြောင့် မအိပ်ကြကုန်။

"ပုဏ္ဏာ၊ အခါခပ်သိမ်း နိုးကြားကုန်လျက် နေ့ရောညပါ သိက္ခာ သုံးပါး၊ သူတော်ကောင်းအကျင့်တရားကို လိုလားကျင့်ကြံကုန်သော နိဗ္ဗာန်သို့ ညွတ်ကိုင်းရှိုင်းသော စိတ်နလုံးရှိသူတို့မှာ ကာမ စသော အာသဝေါတရားတို့ ကင်းပျောက်ချုပ်ငြိမ်း ရုပ်သိမ်းကုန်၏"

တရားတော်အဆုံးတွင် ပုဏ္ဏာ သောတာပန်ဖြစ်လေ၏။

http://www.dhammadownload.com

ဤကား တော်လှန်ရေးဒါန၏ အမြတ်ဆုံး ဆုလာဘ်ပင် တည်း။

ဒါနနှင့် ပရိစ္စာဂ

ဝတ္ထုအဖြစ်ဖြင့် ထင်ရှားသော ထမင်း၊ အဖျော်ယမကာ စသော ဒါနဝတ္ထုဆယ်ပါးကို လှူဒါန်းသော စေတနာကား "ဒါန" မည်၏။ ထိုမှတစ်ပါးသော လှူဖွယ်ဝတ္ထုတို့ကို စွန့်လှူသော စေတနာ ကား "ပရိစ္စာဂ"မည်၏ဟု ဒါနနှင့် ပရိစ္စာဂကို ပစ္စည်း ဝတ္ထုသို့ လိုက်၍ ခွဲခြားပြပေ၏။

တစ်ဖန် အနာဂတ်သံသရာတွင် ခံစားရမည့်အကျိုးကို မြော်မြင်၍ လှူဖွယ်ဝတ္ထုကို စွန့်လှူသည်ကား "ဒါန"မည်၏။ မျက်မှောက်ဘဝ အကျိုးကိုသာ မြော်ခေါ်၍ သူရဲကောင်း အမှုထမ်း စသည်ကိုကား ဆုလာဘ်ပစ္စည်းများကို ပေးစွန့်ခြင်း စသည်ကား "ပရိစ္စာဂ"မည်၏ဟူ၍ ဒါနနှင့် ပရိစ္စာဂအထူးကို ခွဲခြား ဖွင့်ပြကြ ပေ၏။

ခုနစ်ရက်လှူ၍မကုန်

အလောင်းတော် အကိတ္တိပုဏ္ဏား ပညာရှိသည် မိဘနှစ်ပါး ကွယ်လွန်သွားသောအခါ များစွာသော ဥစ္စာပစ္စည်းတို့ကို ကြည့်ရှု၍ သံဝေဂရရှိတော်မူကာ "ဤဥစ္စာများကို စုဆောင်းသူ မိဘ ဘိုးဘွားတို့ကား ဥစ္စာကိုစွန့်၍ သွားကြကုန်ပြီ။ ငါမူကား ဤဥစ္စာ နှစ်ကို ယူဆောင်၍သွားပေအံ့"ဟု အကြံဖြစ်တော်မူ၍ ဘုရင်

http://www.dhammadownload.com

မင်းမြတ်ထံ ခွင့်ပန်ပြီးလျှင် နိုင်ငံအလုံးကို စည်လည်ကြွေညာစေ၍ ရှိသမျှပစ္စည်းတို့ကို ခုနစ်ရက်တိုင်တိုင် လှူဒါန်းတော်မူ၏။ မကုန်ခန်းနိုင်သောအခါ "ဤပစ္စည်းတွေကို အပျော်ပြုသက့ဲသို့ ငါစောင့်၍ လှူနေသဖြင့် အကျိုးမရှိ၊ မည်သူမဆို အလိုရှိသူများ လာရောက်ယူကြပါစေ"ဟု မိမိနေအိမ် တိုက်တာ ဘဏ္ဍာကိုကြွေတို့ကို ဖွင့်လှစ်ထားခဲ့ပြီးလျှင် တောထွက်သွားတော်မူလေ၏။

ဤ၌ အလောင်းတော် အကိတ္တိပဏ္ဍား ပညာရှိ၏ ကျင့်ကြံပုံမှာ ပထမခုနစ်ရက်အတွင်း ဒါနမှုကို ပြုလုပ်၏။ ထို့နောက် စွန့်ကြဲမှု ပရိစ္စာဂကို ပြုလုပ်၏ဟူ၍ အခေါ်အဝေါ်အားဖြင့် ခွဲခြားနိုင်ပေ၏။

ဒါနနှင့် ပရိစ္စာဂအတူး

အကြောင်းမှာဒါနဟူသည် (၁) အလှူပေးပုဂ္ဂိုလ်၊ (၂) လှူလို သောစေတနာ၊ (၃) လှူဖွယ်ဝတ္ထု။ (၄) ထင်ရှားရှိကုန်သော အလှူခံပုဂ္ဂိုလ် ဤအင်္ဂါလေးပါးရှိမှ ပြည့်စုံ၏။ အလောင်းတော်၏ ပထမခုနစ်ရက်အတွင်း လှူဒါန်းခြင်းမှာ ဤအင်္ဂါလေးပါးရှိ၏။ ခုနစ်ရက်လွန်သည့်နောက်မှာကား အနီးအပါး၌ အလှူခံပုဂ္ဂိုလ် မရောက်သေးမီ စွန့်လွှတ်သွားသဖြင့် ဒါနဟု မခေါ်ဘဲ ပရိစ္စာဂဟု ခေါ်ရတော့၏။

အချုပ်မှာ မိမိပိုင်ပစ္စည်းကို သူတစ်ပါးအား လွှဲအပ်မှုကို ပေးလှူသည်ဟူ၍ခေါ်ပြီး မိမိပိုင်ပစ္စည်းကို ယုတ်နိမ့်သော အလှူခံပုဂ္ဂိုလ်တို့အား ပေးကမ်းမှုကို စွန့်ကြဲသည်ဟု ခေါ်၏။

http://www.dhammadownload.com

တစ်နည်းဆိုသော် မြင့်မြတ်သော အလှူခံပုဂ္ဂိုလ်တို့အား ပေးကမ်းမှုကို လှူဒါန်းသည်ဟုခေါ်၍ ယုတ်နိမ့်သော အလှူခံပုဂ္ဂိုလ်တို့အား ပေးကမ်းမှုကို စွန့်ကြဲသည်ဟု ခေါ်၏။

ဘုရင်မင်းများလည်း မြတ်သော ရဟန်း၊ ပုဏ္ဏား၊ အလှူခံပုဂ္ဂိုလ်တို့နှင့် တွေ့လျှင် လှူဒါန်းခြင်းဒါန မင်းကျင့်တရားကို ပြုလုပ်ရမည်။ ယုတ်နိမ့်သော အလှူခံပုဂ္ဂိုလ် ဖုန်းတောင်းယာစကာတို့ကို တွေ့လျှင် စွန့်ကြဲခြင်း ပရိစ္စာဂ မင်းကျင့်တရားကို ပြုလုပ်ရမည်ဟု ဒါနနှင့် ပရိစ္စာဂ မင်းကျင့်တရားနှစ်မျိုးခွဲ၍ ဟောတော်မူခြင်း ဖြစ်၏။ မင်းကျင့်တရား ဆယ်ပါးကို သတ်မှတ်ခြင်း စသော လောကဝေါဟာရ၌ ဒါနနှင့် ပရိစ္စာဂတို့မှာ တခြားစီ ဖြစ်သော်လည်း တရားသဘောအားဖြင့်ကား တခြားစီ မဖြစ်နိုင်၊ အကြောင်းမူကား အလှူခံဝေးသည်ဖြစ်စေ၊ နီးသည်ဖြစ်စေ ထိုအလှူခံတို့အား မိမိ၌ထင်ရှားရှိသောပစ္စည်းကို ပေးကမ်းခြင်းသည် ဒါနဖြစ်၍ မိမိပစ္စည်းဟူ၍ သိမ်းပိုက်မှတ်ယူထားသောစိတ်ကို ပယ်ဖျောက်လိုက်ခြင်းသည် ပရိစ္စာဂဖြစ်၏။

မှန်၏။ မည်သူမဆို မိမိပစ္စည်းကို သူတစ်ပါးတို့အား ပေးကမ်းရာမှာ "ဤပစ္စည်းကို ငါအသုံးမပြုတော့ပြီ" ဟူသော စွန့်လွှတ်ခြင်း ပရိစ္စာဂသဘောကို ရှေးဦးစွာဖြစ်စေပြီးမှ သူတစ်ပါးအား ပေးကမ်းခြင်းဖြစ်သောကြောင့် ကုသိုလ်ကောင်းမှုအရာ၌ ပေးကမ်းခြင်းဒါန ဖြစ်လျှင် စွန့်ကြဲခြင်း ပရိစ္စာဂလည်း ဖြစ်တော့သည်သာ။

တစ်ဖန် ပါရမီဆယ်ပါး ဟောကြားသော နေရာတွင်လည်း ဒါနပါရမီကိုသာ ဟောတော်မူ၍ စာဂပါရမီဟု ဟောတော်မမူခဲ့။ အနုဿတိဆယ်ပါး ဟောကြားသော နေရာတွင်မူ စာဂါနုဿတိ

http://www.dhammadownload.com

သာ ဟောတော်မူ၍ ဒါနာနုဿတိဟူ၍ ဟောတော်မမူချေ။ သူတော်ကောင်း ဥစ္စာခုနစ်ပါး ဟောကြားတော်မူရာတွင်လည်း သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟီရိ၊ ဩတ္တပ္ပဟူ၍ စာဂ တစ်ပါးတည်းသာ လာရှိ၍ ဒါနမပါ မရှိတော့ချေ။ ဤသည်တို့ကို ထောက်ဆသော် စာဂသည် ဒါနထဲ၌ အတွင်းဝင်၏။ အယုတ်၊ အလတ်၊ အမြတ်မရွေး ပေးလှူခြင်းကို ဒါနပါရမီဟူ၍ ဟောတော်မူ၏။ အလှူခံမြင့်မြတ်မှ ဒါနပါရမီ၊ အလှူခံ ယုတ်ညံ့လျှင် စာဂပါရမီ ဟူ၍ ပြောဆိုခွင့်မရှိပြီ။

လှူဒါန်းခြင်း ဟူသမျှကို ဒါနပါရမီ ခေါ်နိုင်သော်လည်း အလွန်ကြီးကျယ်သော လှူဒါန်းခြင်းကိုကား "မဟာပရိစ္စာဂ=စွန့်ခြင်းကြီး" ဟူ၍ ခေါ်ဆိုကြ၏။ ထိုစွန့်ခြင်းကြီးမှာ ငါးမျိုးရှိကြောင်း ကျမ်းဂန်အမျိုးမျိုးတို့တွင် အမျိုးမျိုးဖွင့်ပြသော်လည်း ရှုပ်ထွေးမည်စိုး၍ တစ်မျိုးမျှသာ ဤတွင် ပြလိုက်သည်။

စွန့်ခြင်းကြီးငါးမျိုး

(၁) ပစ္စည်းဥစ္စာစွန့်ခြင်း - "ဓနပရိစ္စာဂ"
(၂) သားသမီးကို စွန့်ခြင်း - "ပုတ္တပရိစ္စာဂ"
(၃) မယားကိုစွန့်ခြင်း - "ဘရိယ ပရိစ္စာဂ"
(၄) အင်္ဂါကြီးငယ်ကိုစွန့်ခြင်း - "အင်္ဂပရိစ္စာဂ"
(၅) အသက်ကိုစွန့်ခြင်း - "ဇီဝိတပရိစ္စာဂ"

ဟူ၍ ပြင်ပဝတ္ထုများ အတွက် စွန့်ခြင်းကြီးသုံးမျိုး မိမိခန္ဓာကိုယ်အတွက် အသက်သေနိုင်သည့် စွန့်ခြင်းကြီးတစ်မျိုး၊ မသေနိုင်

http://www.dhammadownload.com

သည့် စွန့်ခြင်းကြီးတစ်မျိုး ဟူ၍ နှစ်မျိုးရှိသဖြင့် စွန့်ခြင်းကြီး ငါးမျိုးရှိ၏။ ဤဆိုခဲ့ပြီးသော ဒါနမှု၊ စာဂမှု၊ ပရိစ္စာဂမှုတို့ကို ပြုပြီးသောအခါ--

"ငါ့အား အရတော်လေစွ။ ငါသည် ကောင်းစွာရအပ်ပေ၏။ ငါသည် ဝန်တိုမှု အညစ်အကြေး လွှမ်းမိုးသော သတ္တဝါအပေါင်း တို့၌ ဝန်တိုမှုအညစ်အကြေးကင်းသောစိတ်ဖြင့် အိမ်ကို စိုးအုပ်နေ၏။ လွတ်လွတ်စွန့်ကြ၏။ ဆေးပြီးသောလက် ရှိ၏။ စွန့်ကြမှု၌ မွေ့လျော်၏။ တောင်းခံထိုက်၏။ လူဒါန်းခြင်း၊ ဝေဖန်ခြင်း၌ မွေ့လျော်၏" ဟု မိမိစွန့်ကြမှုကို အောက်မေ့၏။

ဤသို့ စွန့်ကြမှုကို အောက်မေ့သော အရိယာ တပည့်အား ရာဂ၊ ဒေါသ၊ မောဟ၊ လွှမ်းမိုးသောစိတ် မဖြစ်။ ထိုအခါ၌ ထိုသူ့အား စွန့်ကြမှုကို အာရုံပြု၍ ဖြောင့်မတ်သောစိတ်သာ ဖြစ်၏။ ဖြောင့်မတ်သောစိတ်ရှိသော အရိယာတပည့်သည် အနက်ကို သိနားလည်မှုရ၏။ ပါဠိကို သိနားလည်မှုရ၏။ တရားနှင့် စပ်သော ဝမ်းမြောက်မှုရ၏။ ဝမ်းမြောက်သူအား နှစ်သက်မှု ဖြစ်၏။ နှစ်သက်သောစိတ် ရှိသူအား ကိုယ်ငြိမ်းအေး၏။ ကိုယ်ငြိမ်းအေးသူသည် ချမ်းသာခံစားရ၏။ ချမ်းသာသူအား စိတ်တည်ကြည်၏။

ဤအရိယာတပည့်ကို မညှဉ်းဆဲသော သတ္တဝါအပေါင်း၌ ညှဉ်းဆဲခြင်းသို့ ရောက်နေ၏။ ကြောင့်ကြမှုရှိသော သတ္တဝါအပေါင်း၌ ကြောင့်ကြမရှိဘဲနေ၏။ တရားအလျဉ်သို့ ရောက်၍ စွန့်ကြမှု၊ အောက်မေ့မှုကို ပွားများ၏ဟု ဆိုအပ်၏။

http://www.dhammadownload.com

သုံးပါးတွဲစုဒါန မှ
တစ်ဆယ့်လေးပါးတွဲစု ဒါန

ကုဏ္ဍပယောဇနဒါန၊ ကုဏ္ဍမောဂ္ဂဒါန၊ နိဓိဒါန

မိဘတို့က "နောင်အခါတွင် ငါတို့အား ဤကဲ့သို့ပင် ပြန်လည် ကျွေးမွေးလိမ့်မည်"ဟု ရည်မှန်း၍ သားသမီးတို့အား ကျွေးမွေး ခြင်းသည် ကြွေးသစ်ချသည်နှင့်တူသောကြောင့် "**ကုဏ္ဍပယောဇန ဒါန**"မည်၏။ သားသမီးတို့က အိုမင်းမစွမ်းရှိသည့် မိဘတို့ကို "ငါတို့ငယ်စဉ်က ကျွေးမွေးခဲ့သော မိဘများပေတည်း"ဟု ကျေးဇူး ဆပ်သောအားဖြင့် ပြန်လည်ကျွေးမွေးခြင်းသည် ကြွေးချေသည်နှင့် တူသောကြောင့် "**ကုဏ္ဍမောဂ္ဂ ဒါန**"မည်၏။ ရဟန်း ပုဏ္ဏားမှစ အလှူခံပုဂ္ဂိုလ် အများအား လှူဒါန်းကျွေးမွေးခြင်းသည် သံသရာ တွင် စာသုံးဖို့ရန် ရွှေအိုးမြှုပ်သည်နှင့်တူသောကြောင့် "**နိဓိဒါန**" မည်၏။

http://www.dhammadownload.com

အလောင်းတော်ကျေးမင်း

ဘုရားအလောင်းသည် အတိတ်ကာလတစ်ခုသော ဘဝက ရာဇဂြိုဟ်ပြည်အနီး လက်ပံတောင်၌ ကျေးမင်းဖြစ်၍ မျက်မမြင် မိဘနှစ်ပါးအား လုပ်ကျွေးလျက်နေ၏။ တစ်နေ့သ၌ အလောင်းတော်ကျေးမင်းသည် ကျေးအများခြံရံလျက် ရာဇဂြိုဟ်ပြည် အရှေ့မြောက်ထောင့် သာလိဒ္ဒိယ ပုဏ္ဏားရွာအနီးရှိ မဂဓလယ်သို့သွား၍ သလေးစပါးများကိုစားကြ၏။ အခြားသော ကျေးများက မိမိတို့စား၍ဝလျှင် နှုတ်သီးအချည်းနှီးဖြင့်သာ ပျံကြသော်လည်း အလောင်းတော်ကျေးမင်းမူကား နှုတ်သီးအပြည့် သလေးစပါးတို့ကို ကိုက်ခဲ၍လျှင်သာလျှင် ပျံလေ၏။

ဤနည်းဖြင့် နေ့စဉ်ပင် ကျေးအပေါင်းတို့ လာစားသော် လယ်စောင့်ယောကျ်ားသည် "ဤကဲ့သို့သော ကျေးတွေစားပါက အသီးအနှံမရသဖြင့် ငါ့အား အခရမည်မဟုတ်တော့"ဟု ကြံစည်စဉ်းစား၍ လယ်ရှင်ပုဏ္ဏားကြီးအား အကြောင်းစုံပြောပြလျှင် လယ်ရှင်ပုဏ္ဏားကြီးက "အမောင်၊ သို့ဖြစ်လျှင် နှုတ်သီးအပြည့် ကိုက်ခဲမျိုသွားသော ကျေးမင်းကို မိအောင် ထောင်ဖမ်း၍ ငါ့အား ပြပါလော"ဟု ခိုင်းသော် လယ်စောင့်ယောကျ်ားသည် အလောင်းတော် ကျေးမင်းကို မိအောင်မှန်း၍ ထောင်ရာ တစ်နေ့တွင် မိသဖြင့် လယ်ရှင်ပုဏ္ဏားကြီးအား ပြလေ၏။ လယ်ရှင်ပုဏ္ဏားကြီးသည် အလွန်တရာလှပသော အလောင်းတော် ကျေးမင်းကို မြင်လျှင် များစွာသော ချစ်ခြင်းဖြင့် လက်နှစ်ဖက်တို့ဖြင့် မြွေစွာကိုင်၍ ရင်ခွင်၌ထားပြီးလျှင် ဤသို့မေး၏။

http://www.dhammadownload.com

"အို...ကျေးမင်း၊ တခြားသောကျေးသားတို့မှာ အတိုင်းအရှည်နှင့် ယှဉ်သော ငယ်သောဝမ်းရှိ၏ဟု အကျွန်ုပ်အောက်မေ့၏။ သင်ကျေးမင်း၏ ဝမ်းကား အတိုင်းအရှည်မရှိ အလွန်ကြီးသော ဝမ်းဖြစ်ယောင်တကား၊ အသင်ကျေးမင်းသည် သလေးစပါးကို အလိုရှိတိုင်းစားပြီး၍ နှုတ်သီးအပြည့်ကိုက်ခဲ၍ သွား၏။ အို...ကျေးမင်း၊ အသင်၏နေရာ လက်ပံတောဌ် ကျီကျကိုပြည့်စေသလော၊ သို့မဟုတ် အကျွန်ုပ်နှင့် အသင်ဘယ်သို့ရန်ငြိုးရှိပါသနည်း၊ အသင်ကျေးမင်း ကျွန်ုပ်အား ဖြေပါလော၊ အဘယ်အရပ်၌ သလေးစပါးနှံတို့ကို သိမ်းဆည်း ထားပါသနည်း"

ကျေးမင်း၏တရား

"အို...ပုဏ္ဏား၊ အကျွန်ုပ်နှင့် အသင် ရန်သူမဟုတ်ပါ၊ အကျွန်ုပ်အား ကျီကျလည်းမရှိပါ၊ အကျွန်ုပ်သည် လက်ပံတောသို့ ရောက်သော် ကြွေးကျေအောင် ဆပ်နေရပါ၏။ ကြွေးသစ်လည်း ချေးငှားနေရပါ၏။ ကိုယ်နှင့်မကွာ အတူပါသော ရွှေအိုးကိုလည်း မြှုပ်နှံနေရပါ၏။ အို-ပုဏ္ဏား၊ အကျွန်ုပ်အား ဤသို့ သိပါလော"

"အို-ကျေးမင်း၊ အဘယ်သို့လျှင် အသင်ကျေးမင်း ကြွေးဆပ်နေရပါသနည်း၊ အဘယ်သို့လျှင် ကြွေးသစ်ချနေပါသနည်း၊ အဘယ်သို့လျှင် ကိုယ်နှင့်မကွာ အတူပါသော ရွှေအိုးမြှုပ်သနည်း၊ အကျွန်ုပ်အား ထိုအလုံးစုံကို ဖြေကြားပါလော"

"အို-ပုဏ္ဏား၊ အကျွန်ုပ်အား အတောင်အလက် မစုံလင်ငယ်ရွယ်သော သားငယ်တို့သည် ရှိကုန်၏။ ထိုသားငယ်တို့သည်

http://www.dhammadownload.com

ငါအား နောင်အခါ ထိုအတူ မွေးတုံ့ မွေးမြူကုန်လတ္တံ့ဟု သားငယ်တို့အား ကျွေးမွေးကာ ကြွေးသစ်ချနေရပါ၏။ အို–ပုဏ္ဏား၊ ကြီးရင့်၍ အိုမင်းမစွမ်းရှိနေသော မိဘနှစ်ပါးတို့အား နှုတ်သီးဖြင့် ဆောင်ယူခဲ့၍ ရှေးကကြွေးကို အကျွန်ုပ် ပြန်လည်ဆပ်နေရပါ၏။ အို–ပုဏ္ဏား၊ ကောင်းမှုကို အလိုရှိသော အကျွန်ုပ်သည် ထိုလက်ပံတောင့် တခြား အိုမင်းမစွမ်းရှိသော အားနည်းကုန်သော ကျေးအို ကျေးမင်းတို့အားလည်း တတ်နိုင်သမျှ ကျွေးမွေးလျက်ရှိပါ၏။ ထိုသို့ ကျွေးမွေးခြင်းကို ပညာရှိတို့သည် ကိုယ်နှင့်မကွာ အတူပါသော ရွှေအိုးမြူပ်ခြင်းဟူ၍ ဆိုကုန်၏။ အို–ပုဏ္ဏား၊ ဤသို့လျှင် အကျွန်ုပ် ကြွေးသစ်ချေး၍ ဤသို့လျှင် ကြွေးဟောင်းဆပ်ပါ၏။ ဤသို့လျှင် ကိုယ်နှင့်မကွာ အတူပါသော ဥစ္စာရွှေအိုးမြူပ်ပါ၏"

ကြည်ဖြူစွာ စားခွင့်ပေး

"အို–ကျေးမင်း၊ အသင်သည် အလွန်ကောင်းသော သဘော ရှိပေစွတကား၊ အို–ကျေးမင်း၊ အသင်သည် မြတ်သောတရားကို ကျင့်ပေစွတကား၊ အို–ကျေးမင်း၊ ဤတရားသည် အချို့သော သူတို့၌ မရှိတော့ပါ၊ အို–ကျေးမင်း အသင်သည် ဆွေမျိုးအပေါင်းတို့နှင့် အတူတကွ အကျွန်ုပ်လယ်ကို အလိုရှိတိုင်း စားပါလော့၊ နောင်တစ်ဖန်လည်း အသင်ကျေးမင်းကို မြင်လိုပါသေး၏။ အသင် ကျေးမင်းအား မြင်ရခြင်းကို အလွန်ချစ်မြတ်နိုးပါ၏"

ပုဏ္ဏားကြီးသည် အလောင်းတော်ကျေးမင်းအား ပျားပေါက် ပေါက်တို့ကို ကျွေးမွေး၍ လွှတ်လိုက်၏။ သည်ကိုရည်၍ မာန်လည် ဆရာတော်ဘုရားကြီးက ဤသို့ လက်ဝါးရေးစပ်ခဲ့သည်။

http://www.dhammadownload.com

"လောကဓမ္မတာ၊ လူ့တံထွာဖြင့်၊ နောင်ခါထို့တူ၊ မွေး စိမ့်ဟူ၍၊ မှတ်ယူသောအား၊ သမီးသားကို၊ ဝတ်စားဆင်ယင်၊ သုတ်သင်လုပ်ကျွေး၊ ပြုစုမွေးကာ၊ ကြွေးသစ်ချသည်၊ သဘောမည်၏၊ ရွှင်ကြည်အထူး၊ မွေးခဲ့ဖူးသည့်၊ ကျေးဇူး သခင်၊ မွေးမိခင်နှင့်၊ ဖခင်တို့အား၊ ခစားမကင်း၊ လုပ်ကျွေး ခြင်းမူ၊ မယွင်းပညတ်၊ ကြွေးဟောင်းဆပ်တည့်၊ တစ်ရပ် ထိမှ၊ သမဏာပြဟ္မဏာ၊ ယာစကာအား၊ သဒ္ဓါကြည်ဖြူ၊ ပေးလှူသည်မှာ၊ သံသရာဝယ်၊ လိုရာမည်ဦး၊ သုံးရန်မျိုးဖြင့်၊ ရွှေအိုးမြုပ်သည်၊ မည်လတ်သည်တည့်"

ဟီနဒါန၊ မဇ္ဈိမဒါန၊ ပဏီတဒါန

အလှူဒါန ပြုလုပ်ရာမှာ လိုလားမှုဆန္ဒ၊ အားထုတ်မှုဝီရိယ၊ ပိုင်းခြားသိမြင်ခြင်းစိတ္တနှင့် ထိုးထိုးထွင်းထွင်း သိမြင်ခြင်း ဝိမံသ တရားလေးပါးတို့ အညံ့စားအနေဖြစ်လျှင် ထိုဒါနသည် ညံ့သော အလှူ "**ဟီနဒါန**" သာ ဖြစ်လေ၏။ တရားလေးပါးတို့ အလတ် စားအနေဖြစ်ခဲ့လျှင် အလတ်စားအလှူ "**မဇ္ဈိမဒါန**" ဖြစ်၏။ တရား လေးပါးတို့ အမြတ်စားအနေဖြစ်ခဲ့လျှင် မြင့်မြတ်သောအလှူ "**ပဏီတဒါန**" ဖြစ်၏။

တစ်နည်းဆိုသော် လောကၠ ထင်ပေါ်သော ဂုဏ်အရိုန်အဝါ အကျော်အစောကို တောင့်တ၍ ပြုအပ်သောအလှူသည် "**ဟီနဒါန**" မည်၏။ နောက်နောင်ဘဝ၌ ရရှိခံစံရမည့် လူနတ် ချမ်းသာဟူသော ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိ၊ ကျသရီ

http://www.dhammadownload.com

ယာသမ္မတို့ အကျိုးကို တောင့်တ၍ ပြုအပ်သော အလှူသည် "**မဇ္ဈိမဒါန**" မည်၏။ အရိယာတို့၏ အလေ့အကျက် အလောင်း အလျာတို့၏ အလေ့အကျက်ကို အလေးဂရုပြု၍ ပေးလှူသော အလှူသည် "**ပဏီတဒါန**" မည်၏။

အတုကောင်းမှုနှိုင်ရုံသာ

ဤအရာဝယ် အထူးမှတ်ဖွယ်တစ်ရပ် ရှိ၏။ ထိုထို သုတ္တန် ပါဠိတော်များ၌ နောက်နောက်အခါ ဖြစ်ပေါ်လာကြမည့် ကောင်းမှု ကုသိုလ်ကို လိုလားသူတို့ ဒိဋ္ဌာနဂတိ အတုရရှိလှူဒါန်းနိုင်ကြရန် "ဇေတမင်းသား၏ဥယျာဉ်၊ အနာထပိဏ်သူဌေး၏အရာမ်၊ ဃောသိတသူဌေး၏ အရာမ်စသည်ဖြင့် ကောင်းမှုရှင်တို့၏ ကမ္မည်း စာတမ်းကို ပထမသင်္ဂါယနာတင် အရှင်မြတ်တို့ ထိုးမှတ်တော်မူခဲ့ ကြသည်ကို နှလုံးသွင်း၍ ယခုခေတ် အလှူရှင်တို့ မိမိတို့၏ အလှူများကို ကမ္မည်းစာတမ်း ထိုးမှတ်သောအခါ ကျော်စောလို သော စိတ်ကို သတိဖြင့် ပိတ်ဆို့ပြီးလျှင်" နောက်နောက်အခါ ကုသိုလ်ကောင်းမှု လိုလားကြသော ပုဂ္ဂိုလ်တို့ အတုယူ လှူဒါန်းနိုင် ကြစေရန် ရည်သန်သောစိတ်ဖြစ်အောင် အထူး သတိချပ်၍ မှတ်သင့်လှပေသည်။

တစ်နည်းဆိုသော် နောက်နောက်ဘဝ၌ ရရှိခံစံရမည့် လူနတ် ချမ်းသာဟူသော ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိ၊ ကျဿရိယ သမ္ပတ္တိအကျိုးကို တောင့်တ၍ ပြုအပ်သောအလှူသည် "**ဟီနဒါန**" မည်၏။ သာဝကဗောဓိ၊ ပစ္စေကဗောဓိဉာဏ်ကို ရည်သန်

http://www.dhammadownload.com

တောင့်တ၍ လူသောအလှူသည် "**မဇ္ဈိမဒါန**" မည်၏။ သမ္မာသမ္ဗောဓိ (သဗ္ဗညုတ)ဉာဏ်ကို ရည်သန်တောင့်တ၍ လူအပ်သော အလှူသည် "**ပဏီတဒါန**" မည်၏။

ဆုတောင်းမမှားရာ

မင်္ဂလာလေးပါးကို "ဗောဓိ" ဟူ၍ ခေါ်သည်။ တစ်စုံတစ်ခု ကောင်းမှုပြုလျှင် ဝဋ်မှကင်းလွတ်သော ဝိဝဋ္ဋနိဿိတ ကောင်းမှု မျိုးဖြစ်ရန် ရည်သန်၍ ရှေးသူဟောင်းတို့က "ကုသိုလ်ပြုလျှင် အမှတ်တမဲ့ မပြုရာ၊ ဗောဓိသုံးပါးတွင် တစ်ပါးပါးကို ရည်သန် တောင့်တရမည်" ဟု ပြောဆိုညွှန်ကြားကြသည်။ ထို့ကြောင့် မည်သည့်ကောင်းမှုကုသိုလ်ပဲပြုပြု "ဣဒံ မေ ဒါနံ အာသဝက္ခယာ ဝဟံ ဟောတု=ငါ၏ ဤအလှူကုသိုလ်သည် အာသဝေါတရား လေးပါးတို့၏ ကုန်ရာဖြစ်သော အရဟတ္တဖိုလ် နိဗ္ဗာန်ချမ်းသာကို ဆောင်နိုင်ပါစေသတည်း" ဟု ဆုတောင်းပြုရာ၏။ ထိုသို့ ဝဋ်ကင်းရာဖြစ်သော နိဗ္ဗာန်ကို တောင့်တလျက် ဝဋ်ကင်းရာနိဗ္ဗာန်၏ အစွမ်းအားဖြင့် ကောင်းစွာ နှလုံးထား ဆုတောင်းသည်ဖြစ်အံ့၊ ထိုဒါနကောင်းမှုသည် အရဟတ္တဖိုလ်ကိုလည်းကောင်း၊ ပစ္စေက ဗောဓိဉာဏ်ကိုလည်းကောင်း၊ သမ္မာသမ္ဗောဓိ(သဗ္ဗညုတ)ဉာဏ်ကို လည်းကောင်း ပေးနိုင်၏။

ဤ၌ ကုသိုလ်ပြုပြီး ဆုတောင်းမှု–မတောင်းမှုနှင့်ပတ်သက်၍ မှတ်ဖွယ်တစ်ရပ် ရှိ၏။ (၁) သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာဟု ဆိုအပ်ကုန်သော ငါးပါးသော တရားတို့ရှိ၍ ဘဝအထူးကို

http://www.dhammadownload.com

တောင့်တခြင်းမရှိသူ၏ လားရာဂတိသည်မမြဲ၊ (၂) ဘဝအထူးကို တောင့်တခြင်းရှိသော်လည်း သဒ္ဓါ စသော တရားငါးပါးတို့ မရှိသူ၏ လားရာဂတိသည်လည်း မမြဲ၊ (၃) သဒ္ဓါ စသော ငါးပါးသော တရားလည်းရှိ ဘဝအထူးကိုလည်း တောင့်တသူ၏ လားရာဂတိသည် မြဲ၏။ ဥပမာသော် ကောင်းကင်၌ ပစ်မြှောက်လိုက်သော လုံတံသည် အဖျားဖြင့်သော်လည်းကောင်း၊ အရင်းဖြင့်သော်လည်းကောင်း၊ အလယ်ဖြင့်လည်းကောင်း ကျလတ္တံ့ဟု မှတ်သားခြင်းမရှိသကဲ့သို့ သတ္တဝါတို့၏ ပဋိသန္ဓေယူခြင်းသည် အမြဲမရှိသောကြောင့် ကုသိုလ် ပြုပြီးသည်ရှိသော် တစ်စုံတစ်စ္စသော ဘုံအရပ်ဘဝအထူးကို တောင့်တခြင်း ပြုသင့်၏။

မှတ်ချက်။ ။ ဂတိမမြဲဆိုသော်လည်း ဒုဂ္ဂတိကို မဆိုလိုပါ။ သုဂတိကိုသာ ဆိုလိုပါသည်။ ဘယ်သုဂတိဘုံဘဝ သို့ လားရမည်မသိဟု ဆိုလိုပါသည်။ ထို့ကြောင့် ဆုတောင်းပါ။

ဒုက္ကရဒါန၊ မဟာဒါန၊ သာမညဒါန

အလွန်တရာ ပြုနိုင်ခဲသော အလှူဒါနမျိုးသည် "**ဒုက္ကရဒါန**" မည်၏။ အလွန်အကြီးအကျယ် အဲ့သြဖွယ်ကောင်းလောက်အောင် ပြုသော အလှူဒါနမျိုးသည် "**မဟာဒါန**" မည်၏။ ပြုလုပ်ရန် ခဲယဉ်းသည်လည်း မဟုတ်၊ ကြီးကျယ်များပြားလှသည်ဟု ပြောဆို ဖွယ်ရာလည်း မရှိသော အလှူဒါနမျိုးသည် "**သာမညဒါန**" မည်၏။

http://www.dhammadownload.com

ခုက္ကရဒါန

သီဟိုဠ်ကျန်း မဟာဂါမအရပ်၌ ထင်းကို ရောင်းချ၍ အသက်မွေးရသော "ဒါရုဘဏ္ဍကတိဿ" ဟူသော သူဆင်းရဲတစ်ယောက်ရှိ၏။ သူသည် တစ်နေ့သ၌ မိမိအိမ်ရှင်မနှင့် တိုင်ပင်စကားပြောကြား၏။

"ရှင်မ၊ ငါတို့၏ အသက်ရှင်ရခြင်းကား နိမ့်ကျလှ၏။ ဘုရားရှင်က အမြဲမပြတ် ဝတ်ထား၍ လူသော "နိဗ္ဗဒါန" အကျိုးကြီးမြတ်ကြောင်း ဟောကြားတော်မူချက် ရှိပါသော်လည်း ငါတို့သည် မလှူနိုင်ခဲ့ကုန်၊ လဆန်းပက္ခ၊ လဆုတ်ပက္ခ၌ တစ်ကြိမ်စီမှန်မှန်ဝတ်ထား၍ ပက္ခိက ဆွမ်းအလှူကို လှူပြီးလျှင် အလေ့အထရ၍ တတ်နိုင်သောအခါ စာရေးတံဆွမ်းလှူကြစို့"

အိမ်ရှင်မသည် "ကောင်းပါပြီ" ဟုဝန်ခံ၍ မိမိတို့ရသမျှဖြင့် ပက္ခိက ဆွမ်းအလှူကို လှူဒါန်းလေသည်။ ထိုအချိန်ကား ဆွမ်းပစ္စည်းပေါများသော အချိန်ဖြစ်သည့်အတွက် ရဟန်းငယ်နှင့် သာမဏေတို့သည် သူတို့၏ ပက္ခိကဆွမ်းကို ခံရုံသာခံ၍ သူတို့မြင်စဉ်ပင်လျှင် စွန့်သွန်၍ သွားကြကုန်၏။ ထိုအခြင်းအရာကို မြင်သော အိမ်ရှင်မသည် "စိတ်ထဲ၌ နှလုံးမသာယာခြင်း အလျှင်းမရှိသော်လည်း" အကြောင်းကို ဒါရုဘဏ္ဍကတိဿအား ပြောပြသည်။

"အကျွန်ုပ်တို့ လူအပ်သောဆွမ်းကို စွန့်သွန်၍ သွားကြပါကုန်၏"

http://www.dhammadownload.com

"ငါတို့မှာ ဆင်းရဲလှသည့်အတွက် အရှင်မြတ်တို့အား စိတ်နှစ်သက်လောက်အောင် ဆွမ်းမလှူနိုင်ဘဲရှိရသည်။ ဘယ်လို လုပ်ပြီး အရှင်မြတ်တို့၏ စိတ်နှလုံးကို ယူကျုံးရန် စွမ်းနိုင်ပါမည်နည်း"

"သားသမီးရှိသူများကို ဆင်းရဲသားမဆိုသင့်ပါ။ သမီးကို ငွေတစ်ဆယ့်နှစ်ကျပ်မျှဖြင့် သူတစ်ပါးအိမ်၌ ပေါင်နှံ၍ နို့စားနွားမတစ်ကောင် ဝယ်ယူကြပါစို့"

သမီးကိုပေါင်နှံ

ဒါရုဘဏ္ဍကတိဿသည် အိမ်ရှင်မ၏ အကြံကိုသဘောတူ၍ သမီးကို ပေါင်နှံပြီး နို့စားနွားမတစ်ကောင် ဝယ်ယူရာ သူတို့၏ ဖြူစင်သော ကုသိုလ်စိတ်အစွမ်းကြောင့် နွားနို့သည် ပို၍ထွက်၏။ သူတို့သည် တချို့ကို နို့ဓမ်း၊ ထောပတ်ချက်၍ တချို့ကို နို့ဆွမ်းချက်ကာ နို့ဓမ်း၊ ထောပတ်များရောင်း လူဒါန်းသဖြင့် အရှင်မြတ်များ၏ နှစ်သက်ဖွယ် လူဒါန်းရသော အဖြစ်သို့ ရောက်လေ၏။

တစ်နေ့သ၌ "ငါတို့သည် သမီးကလေးတစ်ယောက်ရှိ၍သာ အရှက်တကွဲဖြစ်ရမည့်အရေးမှ လွတ်မြောက်ကြရသည်။ ငါတို့အိမ်က ဆွမ်းကို အရှင်မြတ်တို့ သုံးဆောင်တော်မူကြသည့် အခြေသို့ရောက်ခဲ့ရသည်။ ငါ မလာမီ ဤဆွမ်းဝတ်ကို မပျက်ပါစေလင့်၊ ငါသည် အလုပ်တစ်ခုခုကိုလုပ်၍ သမီးကို ရွေးနုတ်ခဲ့ပါမည်" ဟု အိမ်ရှင်မကို ပြောကြားပြီး အရပ်တစ်ပါးသို့သွားကာ ကြံညှစ်ရုံ

http://www.dhammadownload.com

တစ်ရုံ့၌ ခြောက်လကြာမြင့်အောင် အလုပ်လုပ်သဖြင့် ငွေ တစ်ဆယ့်နှစ်ကျပ် အပိုစုမိ၍ သမီးကို ရွေးနုတ်ရန် တစ်နေ့သော နံနက်တွင် ပြန်လာ၏။ သူ၏ရှေ့မှ ပိဏ္ဍပတ်ခုတင်ဆောင်သော တိသဿအရှင်မြတ်သည် တိသကျောင်းတိုက်ရှိ စေတီတော်ကို ဖူးမြော်ရန် ကြွသည်ကိုမြင်ရလျှင် "သီလရှိသော ရဟန်းတော်များကို ဖူးမြင်ရခဲသည်၊ ထို့ထက် သူတို့၏ တရားစကား ကြားနာရဖို့က ပို၍ခဲယဉ်းသည်။ ငါသည် အရှင်မြတ်ကို အမိလိုက်၍ ဖူးမြော်ရင်း တရားစကားနာကြားလိုက်ရမှ ကောင်းလေစွ" ဟု အကြံဖြစ်၏။

ခဲယဉ်းသော ဆွမ်းတစ်နပ်

သူသည် အကြံအတိုင်း အမိလိုက်၍ ဖူးမြော်ရင်း တရားစကားနာကြားသွားရာ ရွာတစ်ရွာအနီးသို့ရောက်သော် ဆွမ်းအချိန် တန်ပြီဖြစ်သည်ကို သိရှိရ၏။ ထိုရွာတွင်းမှ လူတစ်ယောက်လည်း ထမင်းထုပ်တစ်ထုပ်ကိုင်ကာ ထွက်လာ၏။ သို့နှင့် သူသည် ထမင်းထုပ်ရှင်အား ထမင်းကို တစ်ကျပ်ဖြင့်ရောင်းပါရန် ပြောဆိုလေသည်။ ထမင်းထုပ်ရှင်သည် "တစ်ပဲမျှမတန်သော ထမင်းထုပ်ကို တစ်ကျပ်ပေးခြင်းမှာ အကြောင်းထူးရှိလိမ့်မည်၊ ငါ ဈေးကိုင်ဦးမည်" ဟု စဉ်းစားပြီး ပြောသည်။

"တစ်ကျပ်ဖြင့် မရောင်းနိုင်ပါ"

"သို့ဖြစ်လျှင် နှစ်ကျပ်ဖြင့် ရောင်းပါ"

"နှစ်ကျပ်ဖြင့်လည်း မရောင်းနိုင်ပါ"

http://www.dhammadownload.com

"သို့ဖြစ်လျှင် သုံးကျပ်ဖြင့်ရောင်းပါ"

ဤနည်းအတိုင်း တိုး၍တိုး၍ မိမိ၌ပါရှိသော ငွေတစ်ဆယ့်နှစ်ကျပ်ပေးသော်လည်း ထမင်းထုပ်ရှင်က တခြားရှိသေးသည် အထင်နှင့် မရောင်းနိုင်ပါဟု ငြင်းပယ်၏။ ထိုအခါ သူက "အကျွန်ုပ်မှာ တစ်ဆယ့်နှစ်ကျပ်အပြင် မရှိတော့ပါ။ ရှိလျှင်ပေးပါသည်။ ယခု ဤထမင်းထုပ်ကိုလည်း အကျွန်ုပ်စားရန် ဝယ်ခြင်းမဟုတ်ပါ။ အရှင်မြတ်တစ်ပါးကို ဆွမ်းကပ်ရန် ဖြစ်ပါသည်။ သင့်အားလည်း ကုသိုလ်ဖြစ်ပါသည်။ တစ်ဆယ့်နှစ်ကျပ်ဖြင့်ပင် ရောင်းပါ" ဟု ပြောပြ၏။

ဤသို့ အကြောင်းစုံ ပြောပြတောင်းပန်မှ ထမင်းထုပ်ကို ဈေးတည့်၍ ရလာလျှင် ဝမ်းသာအားရနှင့် ယူဆောင်ပြီး တိသဿ အရှင်မြတ်အား လောင်းလှူသည်တွင် အရှင်မြတ်သည် တစ်ဝက်မျှသာ လက်ခံ၍ သပိတ်ကိုပိတ်သည်ရှိသော် "အရှင်ဘုရား၊ ဤဆွမ်းမှာ တစ်ယောက်စာမျှသာရှိပါသည်။ ဤဆွမ်းထဲမှ အကျွန်ုပ် မစားနိုင်ပါ။ အကျွန်ုပ်အား သနားသဖြင့် အလုံးစုံ အလှူခံတော်မူပါ" ဟု တောင်းပန်မှ အလုံးစုံ လှူခွင့်ရလေသည်။

အရှင်မြတ်ဆုံးဖြတ်ချက်

ဆွမ်းကိစ္စပြီးစီးလတ်သော် ဆက်လက်၍ ခရီးထွက်ခဲ့ရင်း အရှင်မြတ်က ဆွမ်းဒကာ၏ အကျိုးအကြောင်းကို မေးသည်။ သူသည် သမီးပေါင်နှံသည်မှ ဆွမ်းလှူသည်အထိ အလုံးစုံအကုန်ဖွင့်၍ လျှောက်လျှင် တိသဿအရှင်မြတ်မှာ အလွန်တရာ ထိတ်

http://www.dhammadownload.com

လန့်ခြင်းသံဝေဂတရားဖြစ်ပွားကာ "ဤဒကာသည် ခဲယဉ်းသော အလှူ **'ဒုက္ခရေဒါန'** ကို ပြုရသည်။ ငါကား ဤသို့သဘောရှိသော ဆွမ်းကို စားပြီးလျှင် ဤဒကာ၏ကျေးဇူးကိုသိသူ ကတညူတ ပုဂ္ဂိုလ် ဖြစ်သင့်လှပေသည်။ သင့်လျော်သောနေရာကို ရရှိပါက ထိုနေရာမှာပင် အရေအသား အသွေးတို့ ခန်းခြောက်ကုန်သော်လည်း ရဟန္တာမဖြစ်လျှင် မထတော့ပြီ"ဟု ကြံစည်ဆုံးဖြတ်ကာ မဟာဂါမရောက်သော် ဆရာ ဒကာ လမ်းခွဲ၍ သွားကြလေ၏။

ဆွမ်းတစ်နပ်ကြောင့် ရဟန္တာဖြစ်

တိသဿအရှင်မြတ်မှာ တိသကျောင်းတိုက်သို့ ရောက်၍ နေထိုင်ရန် ကျောင်းတစ်ဆောင်ရသောအခါ "ကိလေသာ ကုန်ခန်း ရဟန္တာဖြစ်မှ ဤနေရာက ထမည်"ဟု ဆုံးဖြတ်ကာ တရား နှလုံးသွင်းလျက် နေတော်မူလေ၏။ ဆွမ်းခံချိန်ကျသော်လည်း ဆွမ်းမခံဘဲ ဆက်လက်၍ အားထုတ်ရာ ခုနစ်ရက်မြောက်သော နေ့ အရုဏ်တက်သောအခါ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာ အဖြစ်သို့ ရောက်လေ၏။

ရဟန္တာအဖြစ်သို့ရောက်သော် "ငါ၏ခန္ဓာကိုယ်ကား အလွန် ပင်ပန်းနွမ်းနယ်လှလေပြီ၊ ငါ၏အသက်သည် ရှေ့သို့ဆက်၍ နေ့ရက်ရှည်ကြာ တည်ပါဦးမည်လော၊ မတည်မည်လော"ဟု စဉ်းစားတော်မူသည်တွင် "မတည်နိုင်ကြောင်း ကောင်းစွာသိမြင်၍" အိပ်ရာနေရာများကို သိုမှီးသိမ်းဆည်းပြီးလျှင် မိမိ၏ သပိတ် သင်္ကန်းတို့ကို ယူဆောင်တော်မူကာ ကျောင်းတိုက်၏

http://www.dhammadownload.com

အလယ် သံဃာစည်းဝေးရာဌာနသို့ကြွ၍ စည်အတီးခိုင်းကာ ရဟန်းသံဃာများကို စည်းဝေးစေလေသည်။ သံဃာတော်များ စည်းဝေးမိသောအခါ သံဃာ့မဟာထေရ်က မေးသည်။

"အဘယ်ရဟန်းသည် သံဃာကို စည်းဝေးစေအပ်သနည်း"

"အကျွန်ုပ်တိုသ စည်းဝေးစေအပ်ပါသည်"

"အဘယ်အကျိုးငှာ စည်းဝေးစေအပ်သနည်း"

"အခြားတစ်ပါး အမှုကိစ္စမရှိပါ၊ မဂ်တရား ဖိုလ်တရား၌ ယုံမှားသံသယ မကင်းကြသော ပုဂ္ဂိုလ်များရှိပါလျှင် အကျွန်ုပ်ကို မေးမြန်းစေလို၍ သံဃာကို စည်းဝေးစေအပ်ပါသည်"

"မေးမြန်းဖို့ ကိစ္စမရှိပါ၊ ငါ့ရှင်သာလျှင် အဘယ့်ကြောင့် ဤကဲ့သို့ အသက်ကိုပင် စွန့်လွှတ်၍ ခဲခဲယဉ်းယဉ်း အားထုတ်သနည်း"

အရှင်မြတ်အဓိဋ္ဌာန်

ထိုအခါ တိသဿအရှင်မြတ်သည် ဆွမ်းဒကာ၏ အကြောင်းအလုံးစုံကို အကုန်လျှောက်ထားပြီးနောက် အကျွန်ုပ် ယနေ့ပင် ပရိနိဗ္ဗာန်စံရပါတော့မည်၊ အကျွန်ုပ်၏ အလောင်းတင်ကြာကလာပ်သည် ဆွမ်းဒကာ ဒါရဘဏ္ဍကတိသလက်နှင့် မချိမ,ဘဲ မလှုပ်မရှားတည်နေပါစေ၊ သူ့လက်နှင့် ချိမ,မှ ကြွပါစေ" ဟု အဓိဋ္ဌာန်ပြုပြီးလျှင် ထိုနေ့ပင် ပရိနိဗ္ဗာန်စံလွန်တော်မူလေ၏။ ရဟန္တာ ပုဂ္ဂိုလ်များ အဓိဋ္ဌာန်လျှင် ပြီးစီးအောင်မြင်၏။

http://www.dhammadownload.com

ထို့နောက် ကာကဝဏ္ဏတိဿမင်း လာပြီးလျှင် အလောင်းတော်ကို ကြာကလာပ်ပေါ်မှာတင်၍ လောင်တိုက်ရှိရာသို့ ယူဆောင်စေသည်တွင် လူပ်ရှား၍မရအောင် ရှိနေသဖြင့် အကြောင်းကို မေးမြန်းသောအခါ သီရိရရလျှင် ဒါရုဘဏ္ဍကတိဿကို ခေါ်စေပြီး မြတ်သော အဆင်တန်ဆာတို့ကို ဝတ်ဆင်စေ၍ ကြာကလာပ်ကို အချီမ ခိုင်းတော်မူ၏။ ဒါရုဘဏ္ဍကတိဿ လက်ဖြင့်ချီမ,၍ ဦးခေါင်းထက်သို့ တင်လိုက်သောအခါ ကြာကလာပ်သည် ကောင်းကင်သို့ ကြွတက်ကာ လောင်တိုက်သို့ ရောက်သွားလေသတည်း။

ထိုအခါ မင်းနှင့်တကွ ပရိသတ်များက အံ့သြချီးမွမ်းကာ ဒါရုဘဏ္ဍကတိဿအား ဆုလာဘ်များစွာပေးကြသဖြင့် ချမ်းသာကြွယ်ဝခြင်းသို့ ရောက်ရသည်။

မဟာဒါန

သီရိဓမ္မာသောကမင်းကြီး၏ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်အား ပူဇော်ပွဲကြီးတွင် ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင်၊ ကျောင်းပေါင်း ရှစ်သောင်းလေးထောင်၊ စေတီပေါင်းရှစ်သောင်းလေးထောင်စသည်ဖြင့် ရှစ်သောင်းလေးထောင်ချည်း လှူဒါန်းပူဇော်ခြင်းသည် အလွန်တရာကြီးကျယ်သော **"မဟာဒါန"** ကြီးပင်ဖြစ်၏။ ထို့ကြောင့်ပင် မဟာမောဂ္ဂလိပုတ္တတိဿအရှင်မြတ်က "ဤဘုရားသာသနာတော်မှာ ပစ္စည်းအများအပြားလှူဒါန်းရာတွင် မြတ်စွာ

http://www.dhammadownload.com

ဘုရား သက်တော်ထင်ရှားရှိစဉ်မှာပင် သင်မင်းကြီးနှင့်တူသော ပစ္စည်းလေးပါး ဒကာမရှိ၊ သင် မင်းကြီး၏ အလှူဒါနသည်သာ အကြီးကျယ်ဆုံး '**မဟာဒါန**'ကြီး ဖြစ်၏" ဟု မိန့်တော်မူ၏။

အသဒိသဒါန

ဤသီရိဓမ္မာသောကမင်းကြီး၏ အလှူဒါနမှာ ပစ္စည်းလှူသော ဒါယကာတို့တွင် အသာဆုံး အကြီးကျယ်ဆုံးဟု မဟာမောဂ္ဂလိပုတ္တတိဿ အရှင်မြတ် မိန့်တော်မူအပ်သော်လည်း မည်သူနှင့်မျှ အရှုံးအနိုင် ယှဉ်ပြိုင်ရသည်မဟုတ် မိမိအလိုအတိုင်းသာ ပြုလုပ်ခြင်းဖြစ်၍ သဒိသဒါန၊ အသဒိသဒါနကို ထုတ်ဖော်ပြောဆိုရန် မလိုပေ။ နှစ်ပါးတွဲစု ဒါနဋ္ဌပြခဲ့သော ကောသလမင်းကြီး၏ အလှူမှာ ပြည်သူလူထုနှင့် ယှဉ်ပြိုင်ပြုလုပ်သောအရာဖြစ်၍ "အသဒိသဒါန" ဟူသော အမည်ကို ရသည်ဟု မှတ်ယူအပ်၏။

ဓမ္မိကဒါန ခုံးပါး

တရားသဖြင့် လှူဒါန်းအပ်သော တရားနှင့်ညီညွတ်သင့်လျော်သော အလှူသည် "**ဓမ္မိကဒါန**" မည်၏။ ယင်းသည်–

(၁) သံဃာတော်အား လှူဒါန်းမည်ဟု နှုတ်မြွက်ညွတ်ကိုင်းထားပြီးသော ပစ္စည်းကို ညွတ်ကိုင်းရင်း သံဃာတော်အားသာ လှူဒါန်းခြင်း၊

(၂) စေတီတော်အား လှူဒါန်းမည်ဟု နှုတ်မြွက် ညွတ်ကိုင်းထားပြီးသော ပစ္စည်းကို ညွတ်ကိုင်းရင်း စေတီတော်အားသာ လှူဒါန်းခြင်း၊

http://www.dhammadownload.com

(၃) ပုဂ္ဂိုလ်တစ်ပါးပါးအား လူဒါန်းမည်ဟု နှုတ်မြွက် ညွှတ်ကိုင်းထားပြီးသော ပစ္စည်းကို ညွှတ်ကိုင်းရင်း ပုဂ္ဂိုလ်အားသာ လူဒါန်းခြင်း"

ဟု သုံးပါးရှိ၏။

ဓမ္မဒါနသုံးပါး

(၁) ရှေးနှစ်ပါးတွဲစုဒါနတွင် ဖော်ပြခဲ့ပြီးသော အာမိသဒါန၊ ဓမ္မဒါနတွင် ပါဝင်သော ဓမ္မဒါနဌ် "ဓမ္မ" အရ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ပရိယတ္တိတရားတော်ကို ယူအပ်၏။ ထိုတရားတော်ကို သူတစ်ပါးတို့အား ဟောကြားပေးခြင်းသည် "**ဓမ္မဒါန**" ဖြစ်၏။ ယင်း "ဓမ္မဒါန" အရာဌ်–

(က) ပရိယတ္တိတရားတော်သည် လူဖွယ်ဝတ္ထုဖြစ်၏။

(ခ) တရားနာပုဂ္ဂိုလ်သည် အလူခံဖြစ်၏။

(ဂ) တရားဟောပုဂ္ဂိုလ်သည် အလူပေးပုဂ္ဂိုလ်ဖြစ်၏၊

(၂) ဖော်ပြလတ္တံ့သော အဘိဓမ္မာအလို ခြောက်ပါးတွဲစုဒါနတွင် ပါဝင်သော ဓမ္မဒါနဌ် "ဓမ္မ" အရ အာရုံခြောက်ပါးတွင် ပါဝင်သော ဓမ္မာရုံကိုသာ အရကောက်ယူရသည်။ ယင်းဓမ္မာရုံဟူသည်မှာလည်း အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ မဟုတ်၊ စိတ်သက်သက်ဖြင့်သာ တွေးတောဆင်ခြင် သိရှိရသော အာရုံစုကို သိမ်းရုံး၍ "ဓမ္မာရုံ" ခေါ်သည်။ ယင်းဓမ္မာရုံသည် ပသာဒရုပ်ငါးပါး၊ သုခုမရုပ်တစ်ဆယ့်ခြောက်ပါး၊ စိတ်ရှစ်ဆယ့်ကိုးပါး၊ စေတသိက် ငါးဆယ့်နှစ်ပါး၊ နိဗ္ဗာန်ပညတ်အားဖြင့်

http://www.dhammadownload.com

ခြောက်စုရှိသည်။ ဤ၌ "ဓမ္မ" ဆိုသော်လည်း "ပရိယတ္တိဓမ္မ" ကဲ့သို့ မြတ်သောအနက်ဟော ဓမ္မမဟုတ်ပေ။ နဂိုရှိနေရင်း သဘာဝကိုသာ ခေါ်ဆိုသည့်ဓမ္မဖြစ်သည်။

ဤ "သဘာဝဓမ္မဒါန" ဖြစ်အောင် ပြုလိုလျှင် "စက္ခု ဓမ္မဒါန" ပြုလိုသူသည် မျက်စိမှန်သောသူကို ကြည်လင်အောင် ပြုလုပ်ကုသပေးခြင်း၊ "သောတဓမ္မဒါန" ပြုလိုသူသည် နားထိုင်း နေသူကို နားကြားအောင် ပြုလုပ်ကုသပေးခြင်း စသည်ဖြင့် "ဓမ္မဒါန" ပြုလုပ်ရာ၏။ အထင်ရှားဆုံးဖော်ပြရသော် "ဇီဝိတ ဒါန"ခေါ် သူတစ်ပါးအသက်ကို ရှည်အောင်ပြုလုပ်လှူဒါန်းခြင်း သည် "ဓမ္မဒါန" ဖြစ်၏။ ဤနည်းအတိုင်း ဓမ္မာရုံအဝင်အပါ တရားခြောက်စုတို့၌ ထိုက်သည့်အားလျော်စွာ သိရှိရာ၏။ ခြောက်ပါးတွဲစု ဒါနအခန်းတွင် အကျယ် ဖော်ပြထားသည်ကို နှလုံးသွင်းရာ၏။

(၃) "ဗုဒ္ဓ၊ ဓမ္မ၊ သံဃ" တွင်ပါဝင်သော "ဓမ္မ" ဟူသည်မှာ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော "ပရိယတ္တိ သာသနာဓမ္မ"ပင် ဖြစ်၏။ ရှေးနှစ်ပါးတွဲစု ဒါနတွင် ဖော်ပြခဲ့ပြီးသော "အာမိသဒါန၊ ဓမ္မဒါန" တွင် ပါဝင်သော **'ဓမ္မဒါန' ဟူသည်မှာ တရားနာပရိသတ်အား ပရိယတ္တိတရားတော်ကို ဟောပြောပြသ လှူဒါန်းခြင်းဖြစ်၍ (က) တရားတော်က လှူဖွယ်ဝတ္ထု (ခ) တရားနာပုဂ္ဂိုလ်တို့က အလှူခံဖြစ်၏။** ဤဗုဒ္ဓ၊ ဓမ္မ၊ သံဃနှင့် တွဲဖက်သော "ဓမ္မ" အရ ပရိယတ္တိတရားတော်ကား လှူဖွယ်ဝတ္ထုအနေဖြင့်မဟုတ်၊ အလှူခံအနေဖြင့်သာ ပရိယတ္တိ

http://www.dhammadownload.com

တရားတော်အား လှူဖွယ်ဝတ္ထုတို့ကို လှူဒါန်းပူဇော်ခြင်းဖြစ်သည့် မြတ်စွာဘုရားနှင့် သံဃာတော်တို့သည် အလှူခံဖြစ်သကဲ့သို့ တွဲဖက် ဓမ္မတရားသည်လည်း အလှူခံဖြစ်သည်။

တရားအား ပူဇော်လိုသူ

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ သူဌေးတစ်ဦးသည် ဘုရားရှင်အားလည်း ကောင်း၊ သံဃာအားလည်းကောင်း အမြဲမပြတ် ကြီးစွာသော လှူဒါန်းပူဇော်မှုကို ပြုလေ့ရှိ၏။ တစ်နေ့သ၌ သူသည် "ငါသည် မြတ်စွာဘုရားအားလည်းကောင်း၊ သံဃာတော်အားလည်းကောင်း မွန်မြတ်သော ဆွမ်း ခဲဖွယ် ဘောဇဉ်တို့ဖြင့်လည်းကောင်း၊ အဝတ် သင်္ကန်းတို့ဖြင့်လည်းကောင်း မပြတ်မလပ် ကြီးစွာ လှူဒါန်း ပူဇော် ရ၏။ တရားတော်အား တစ်ကြိမ်တစ်ခါမျှ မလှူဒါန်းမပူဇော်ရသေး၊ ယခုအခါ၌ တရားရတနာအားလည်း လှူဒါန်းပူဇော်မှုကို ပြုပါအံ့၊ အဘယ်သို့လျှင် တရား ရတနာအား လှူဒါန်းပူဇော်မှုကို ပြုရပါအံ့နည်း" ဟု ကြံစည်၏။ အဖြေမပေါ်လာ၊ သို့နှင့် များစွာသော ပန်းနုံသာတို့ကိုယူ၍ ဘုရားရှင်ထံ သွားရောက်ပြီး ရှိခိုး၍ လျှောက်ထား၏။

"မြတ်စွာဘုရား၊ တပည့်တော်သည် တရားရတနာအား ပူဇော်သက္ကာရ ပြုလုပ်လိုပါသည်။ အဘယ်သို့လျှင် ပြုလုပ်ရပါမည်နည်း"

အလှူဒါနတစ်ခု ပြုလုပ်မည်ဆိုသော် မသိနားမလည်ကာ သိမြင်နားလည်သော ပညာရှိနှင့်တိုင်ပင်၍ ပြုလုပ်ရာ၏။

http://www.dhammadownload.com

မတိုင်ပင်ဘဲ ပြုလုပ်သော် ယွင်းများပါက နောင်တ, ပူပန်၍ ပရ စေတနာ ပျက်ကွက်ပြီး အကျိုးအရနည်းတတ်သည်။

"အကယ်၍ သင်သည် တရားရတနာအား လူဒါန်းပူဇော်လိုက တရားတော်ကိုဆောင်သော "ဓမ္မဘဏ္ဍာဂါရိက" ရှင်နန္ဒအား သူ၏သန္တာန်၌ ကိန်းဝပ်တည်နေသော တရားတော်ကို ရည်မှန်းကာ လူဒါန်းပူဇော်ပါလေ"

သူဌေးသည် "ကောင်းပါပြီ မြတ်စွာဘုရား" ဟု ဝန်ခံလျှောက်ထား၍ ရှင်အာနန္ဒကို ပင့်ပြီးလျှင် နောက်နေ့တွင် ကြီးစွာသော ပူဇော်သက္ကာရဖြင့် ပူဇော်ပြီး မွန်မြတ်သော ဆွမ်းဘဲဖွယ် ဘောဇဉ်ကိုဖြင့်လည်းကောင်း၊ တိစီဝရိတ်သင်္ကန်းတို့ဖြင့်လည်းကောင်း ရှင်အာနန္ဒသန္တာန်၌ ကိန်းဝပ်တည်နေသော တရားတော်တို့ကို ရည်မှန်း၍ လူဒါန်းပူဇော်လေသည်။

အလှူခံမှာ တရားသာ

ရှင်အာနန္ဒက "ဤပူဇော်သက္ကာရသည် တရားရတနာအား ပြုသော ပူဇော်သက္ကာရဖြစ်သည်။ ငါ့အား မလျောက်ပတ်၊ အဂ္ဂသာဝကဖြစ်သော တရားစစ်သူကြီး ရှင်သာရိပုတ္တရာအား လျောက်ပတ်၏"ဟု ကြံစည်၍ ဆွမ်း၊ သင်္ကန်းတို့ကို ကျောင်းသို့ယူဆောင်ပြီး ရှင်သာရိပုတ္တရာအား လူဒါန်းပူဇော်၏။

ရှင်သာရိပုတ္တရာကလည်း "ဤပူဇော်သက္ကာရသည် တရားရတနာအား ပြုသော ပူဇော်သက္ကာရဖြစ်သည်၊ ငါ့အား မလျောက်ပတ်၊ စင်စစ်ငကန်အမှန်အားဖြင့် ဓမ္မသာပိတရားအရှင် ဖြစ်တော်

http://www.dhammadownload.com

မူသော ဘုရားရှင်အားသာ လျောက်ပတ်၏" ဟုကြံစည်၍ ဘုရားရှင်အား လူဒါန်းပူဇော်၏။ ဘုရားရှင်သည် မိမိထက် မွန်မြတ်သော လူဒါန်းပူဇော်ဖွယ်ပုဂ္ဂိုလ်ကိုမမြင်၍ ဆွမ်းကို ဘဉ်းပေးပြီး သင်္ကန်းတို့ကိုခံယူ၏။ ဤ၌ (က) သူဌေးက ဒကာ၊ (ခ) ဆွမ်းသင်္ကန်း စသည်တို့က လူဖွယ်ဝတ္ထု၊ (ဂ) ရှင်အာနန္ဒ သန္တာန်၌ ကိန်းဝပ်တည်နေလျက်ရှိသော တရားတော်စုံက အလူခံဖြစ်၍ နေသည်။

ဤသို့ တရားတော်ကို အလူခံအဖြစ်ထား၍ လူဒါန်းပူဇော်ခြင်းသည် ဘုရားရှင်လက်ထက်က ဤသူဌေးတစ်ဦးသာမဟုတ်၊ သီရိဓမ္မာသောကမင်းကြီးသည်လည်း တရားတော်၌ အလွန်တရာကြည်ညိုခြင်းဖြစ်ကာ ဓမ္မကွန္ဒာ ရှစ်သောင်းလေးထောင်တို့အား တစ်ဆူတစ်ဆူလျှင် ကျောင်းတစ်ဆောင် တစ်ဆောင်စီ စသည်ဖြင့် ရှစ်သောင်းလေးထောင်စီ ပူဇော်မှုပြုကြောင်း အများပင် ကြားဖူးကြ၏။

သတိပြု၍ အတုယူ

အချို့လူတို့သည် သီရိဓမ္မာသောကမင်းကြီးကို အတုလိုက်လိုသောဆန္ဒရှိကြ၏။ သို့သော် နည်းလမ်းကျကျ အတုယူနိုင်ရန် အရေးကြီးလှ၏။ သီရိဓမ္မာသောကမင်းကြီးမှာ ကျောင်း ဒကာ စသည်ဖြစ်ဖို့ရန်မျှကိုသာ ရည်သန်၍ လူဒါန်းပူဇော်သည်မဟုတ်၊ ဓမ္မကွန္ဓာတရားတော်ကို လူဒါန်းပူဇော်လိုခြင်းသာ အရင်းခံဖြစ်သည်။ ကျောင်းပေါင်း ရှစ်သောင်းလေးထောင် စသည်ကို

http://www.dhammadownload.com

ဆောက်လုပ်သည်မှာ ပူဇော်ဖွယ်ရာဝတ္ထုပြည့်စုံရန်မျှသာ ဖြစ်၏။ ထိုသို့ဖြစ်ရာ နောင်လာနောက်သားတို့က "သီရိဓမ္မာသောက မင်းကြီး ကျောင်းပေါင်းရှစ်သောင်းလေးထောင် စသည်ဆောက် လုပ်လှူဒါန်းသွားသည်။ ငါတို့လည်းတတ်နိုင်ပါမူ ကျောင်းဆောက် မည်" စသည်ဖြင့် လှူဖွယ်ဝတ္ထုပစ္စည်းမျှကိုသာ အားကျကာ တရားတော်ကို စိတ်မရောက်ဘဲ ကျောင်းဆောက်လှူဒါန်း၍ ကျောင်းတကာ စသည်အမည်ခံရရုံသာ ရည်သန်ပြုလုပ်မိခြင်း အလျှင်းမရှိအောင် သတိပြုရာ၏။

လောကဋ္ဌ တရားတော်သည် အလွန်တရာ အရေးကြီးသည်။ အဋ္ဌကထာဆရာအကျော် ရှင်မဟာဗုဒ္ဓဃောသက "စိရံ တိဋ္ဌတု သဒ္ဓမ္မော=သူတော်ကောင်းတရားတော်သည် ကြာမြင့်စွာ တည်ပါစေ" "ဓမ္မေဟောန္တု သဂါရဝါ သဗ္ဗေပိသတ္ထာ=သတ္တဝါအပေါင်း တို့သည် တရားတော်၌ ရိုသေခြင်း ရှိကြပါစေကုန်သတည်း" ဟူ၍ တရားတော်ကာလ အရှည်တည်ထွန်းရန်၊ သတ္တဝါအပေါင်းတို့ တရားတော်၌ ရိုသေကြရန် ဆုတောင်းတော်မူခဲ့ခြင်းမှာ တရား တော်၏ အရေးပါ အရာရောက်လှသောကြောင့် ဖြစ်၏။ မှန်၏။ တရားတော်၌ ရိုသေသောသူ ဟူသမျှတို့သည် သာသနာတော်ကို မည်သည့် နည်းနှင့်မျှ မရိုသေ မလိုက်နာဘဲ မနေနိုင်ကြချေ။

မရိသတ်ကို လေးစားပါ

ဘုရားရှင်ကလည်း "တရားတော်ကို သိမြင်မှ ငါဘုရားကို မြင်သူမည်၏" ဟူ၍လည်းကောင်း၊ 'သော ဝေါ မမစ္စယေန

http://www.dhammadownload.com

သတ္တာ=ဓမ္မကွန္ဒာ တရားတော်များသည် ငါဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သင်တို့၏အပေါ်မှာ ဆရာဘုရားဖြစ်တော့သည်" ဟူ၍လည်းကောင်း ဟောကြားတော်မူခဲ့ပေသည်။ ထိုသို့ ဘုရားရှင် ကိုယ်တော်တိုင်ကပင် ပရိယတ္တိတရားတော်ကို အလေးတမူ အရေးယူ၍ "အကယ်၍ တရားတော်ကို ပူဇော်လိုမူ ဓမ္မကွန္ဒာရှစ်သောင်းလေးထောင်ဟူသော ပရိယတ္တိတရားတော်ကို ဆောင်သော ရှင်အာနန္ဒအား ပူဇော်ရန် တိုက်တွန်းခဲ့ပါလျက်" ယခုဝိပဿနာခေတ်စား တရားအားထုတ်သူ ပေါများသော ဤအခါကာလ၌ အချို့က ပရိယတ္တိတရားတော် ဆောင်လျက်ရှိသော စာချစာသင် အရှင်မြတ်တို့အား အထင်သေးလျက်ရှိသည်မှာ သာသနာတော်ကို မြှင်စွာ ကွယ်ပစေခြင်း၏ အကြောင်းရင်းပင် ဖြစ်တော့သည်ကို သတိပြုသင့်၏။

အချို့ကလည်း ပရိယတ္တိတရားတော်အတိုင်း ဟောပြောပေးသော အရှင်မြတ်တွေကို အထင်သေး၍ တိုအရှင်မြတ်တို့၏ တရားတော်ကို မနာယူလိုကြချေ။ ကိုယ်တွေ့လို့ ပြောပြီးဟောမှ နာယူလိုကြသည်။ အမှန်စင်စစ် ပရိယတ္တိတရားတော်တွေသည် ဘုရားရှင်နှင့် ရဟန္တာအရှင်မြတ်များ၏ ကိုယ်တွေ့တွေပင် မဟုတ်ပါလော၊ တကယ်ဆိုတော့ ဝိပဿနာတရား မွားများအားထုတ်၍ အကျိုးရသင့်သလောက် ရသောသူတို့သည် "ငါတို့ ယခုရရှိသော အကျိုးတရားတွေဟာ ဤပရိယတ္တိတရားတော်ကို ဆောင်သော အရှင်မြတ်တို့အထံမှ နည်းနာ နိဿယရသဖြင့် အားထုတ်၍ ဤအကျိုးတွေရတာ"ဟု အမှန်မြင်ပြီး ထိုအရှင်မြတ်တွေကို

http://www.dhammadownload.com

ကျေးဇူး အထူးတင်၍ သူတို့သန္တာန်၌ ကိန်းဝပ်သော ပရိယတ္တိတရားတော် ကို ရည်မှန်း၍ "ဓမ္မဒါန" အထူးပြုဖို့ ကောင်းပါပေသည်။

ကျေးဇူးမမေ့သင့်

ယခုမူ ထိုသို့ အမြင်မှန်မရဘဲ ပရိယတ္တိတရားတော်ကို ဆောင်သော အရှင်မြတ်တွေကို "အလကား ပျော်ပါးနေသော အရှင်များ၊ နွားကျောင်းသားများပမာ နွားသာ ကျောင်းရ၍ နွားနို့ အရသာ မသုံးစားရသူများ" စသည်ဖြင့် ကဲ့ရဲ့ရွဲတ်ချသံကို ကြားရသည်မှာ အလွန်ဝမ်းနည်းဖွယ်ပင် ဖြစ်တော့သည်။ စင်စစ် နွားကျောင်းသည့်သူက ကျောင်းပေးလို့ နွားနို့သောက်ရလျှင် နွားကျောင်းပေးသူကို အထူးကျေးဇူးမတင်ထိုက်ပါလော။ နွားကျောင်းပေးသူမရှိလျှင် နွားနို့သောက်ခွင့် ရနိုင်ပါဦးမည်လော။

ပရိယတ္တိတရားတော်ကိုလည်းကောင်း၊ ပရိယတ္တိတရားတော်ကို ဆောင်သူကိုလည်းကောင်း ကဲ့ရဲ့ရွဲတ်ချပါလျှင် ဘုရားရှင်၏ ပရိယတ္တိသာသနာကို ကဲ့ရဲ့ရွဲတ်ချရာရောက်၍ မိမိတွက်တာသာသနာကို ကဲ့ရဲ့ရွဲတ်ချသူဖြစ်၍ ပဋိပတ္တိသာသနာကို ကျင့်ကြံပါသော်လည်း ရနိုင်ပါဦးမည်လော။ ကဲ့ရဲ့ရွဲတ်ချသူ၏ အကျင့်သည်လည်း အကျင့်မှန်ဟု ဆိုနိုင်ပါဦးမည်လော။

အဓိပ္ပာယ်ကောက် မမှားသင့်

ဘုရားရှင်လက်ထက်က "တုဋ္ဌ ပေါဋ္ဌိလ=အချည်းနှီး ပေါဋ္ဌိလ"ဟု ရှင်ပေါဋ္ဌိလကို ဘုရားရှင် ခေါ်တော်မူသည်မှာ သူ၏

http://www.dhammadownload.com

ရဟန္တာဖြစ်မည့် ဥပနိဿယကို ကောင်းစွာမြင်တော်မူ၍ သံဝေဂ ဉာဏ်ဖြစ်ပြီး တရားအားထုတ်အောင် ခေါ်ဝေါ်ခြင်းမျှသာဖြစ်သည်။ "နွားကျောင်းသားနှင့် တူသည်" ဟု ဘုရားရှင်ဟောပြသည်မှာလည်း သူငယ်ချင်းနှစ်ယောက်အတူ ရဟန်းပြုပြီး တစ်ပါးက အရွယ်ကြီးရင့်သဖြင့် တရားအားထုတ်ရာ ရဟန္တာဖြစ်၏။ တစ်ပါးက ငယ်ရွယ်သေးသဖြင့် ပရိယတ္တိသင်၍ စာချနေရာ စာချသော အရှင်မြတ်က ရဟန္တာပြစ်မှားမိမည်စိုး၍ ဘုရားရှင်က ဆုံးမခြင်းဖြစ်သည်။ သက်သက်မဲ့ ပရိယတ္တိတရားတော်ကို အလကားအနေမျိုးဟောပြောခြင်း မဟုတ်သည်ကို အမှန်သိသင့်သည်။ ထိုသို့ အမှန်သိပြီး ပရိယတ္တိတရားတော်ကို ဆောင်သော အရှင်မြတ်တို့ ဟောကြားသော တရားအလှူ "ဓမ္မဒါန" ကို ခံယူနာကြားနိုင်ကြပါစေကုန်သတည်း။ ထိုအရှင်မြတ်တို့သန္တာန်၌ ကိန်းဝပ်တည်နေသော ပရိယတ္တိတရားတော်ကိုလည်း ရည်မှန်း၍ "ဓမ္မဒါန" ပြန်၍ပြုနိုင်ကြပါစေကုန်သတည်း။

အထူးသတိပြုပါ

"သော ဝေါ မမစ္စယေန သတ္တာ" အရ တရားသည်ပင် ဘုရားမည်ရကား တရားကို ပြစ်မှားက ဘုရားကိုပင် ပြစ်မှားမိနေသည်ကို အထူးသတိပြု၍ ကြည့်ရှုဆင်ခြင်ပါ။

ဒါနဖြစ်ကြောင်း သုံးပါး

ရဟန်းတို့ (၁) လှူဖွယ်ဝတ္ထု၊ (၂) အလှူခံပုဂ္ဂိုလ်၊ (၃) သဒ္ဓါတရား ဤသုံးပါးသောအကြောင်းတို့၏ ထင်ရှားရှိသောကြောင့်

http://www.dhammadownload.com

ဒါန၏ အကျိုးကို ယုံကြည်တတ်သော အမျိုးကောင်းသားသည် များစွာသော ဒါနကုသိုလ်ကို ပွားများစေနိုင်၏။

ဤအကြောင်းသုံးပါးတို့တွင် (၁) လူဖွယ်ဝတ္ထုနှင့် (၂) အလှူခံ ပုဂ္ဂိုလ်တို့ကား ရလွယ် ဖြစ်လွယ်၏။ (၃) သဒ္ဓါတရားကား ရှိခဲ ဖြစ်ခဲသည်။ မှန်၏။ လူဖွယ်ဝတ္ထုမှာ အမြတ် အဖျား မရသာလျှင် အယုတ်သဖြင့် စားဦးထမင်း၊ တစ်ဟင်းချို၊ တစ်ယောက်မ၊ သစ်သီးတစ်လုံး၊ ပန်းတစ်ပွင့်မျှပင် ဖြစ်သော်လည်း လူဖွယ်ဝတ္ထု ဖြစ်တော့သည်။ အလှူခံပုဂ္ဂိုလ်မှာလည်း ပုဂ္ဂိုလ်ကောင်း ပုဂ္ဂိုလ် မြတ်မရှိလျှင် အယုတ်သဖြင့် ခွေး၊ ဝက်၊ ကြွက်၊ ငှက်၊ ငါး တိရစ္ဆာန်ပင် ဖြစ်သော်လည်း အလှူခံပုဂ္ဂိုလ် ဖြစ်တော့သည်။

ရခဲသော ပန္နဲ့ည်း

သဒ္ဓါတရားမှာကား ခပ်သိမ်းသော သတ္တဝါတို့သည် အစ မထင် သံသရာ၌ ကျင်လည်ရသောအခါ တရားစကားကြားနာ ရခြင်းသည် အလွန်တရာ နည်းသည်။ ဘဝအသရေ်တွင် တစ်ဘဝမျှ မကြားနာရဖူးချေ။ ယင်းသို့ မကြားနာရဖူးသော ကြောင့် ဒါန၏ အကျိုးအာနိသင်ကိုလည်း မသိ၊ လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာတရား ဖုံးလွှမ်းမြှေးယှက်ခြင်း အားကြီးသည်ဖြစ်၍ မိမိဥစ္စာကို ကွမ်းတစ်ရိုးခန့် အနည်းငယ်ပင် ဖြစ်သော်လည်း မပေးရက် မစွန့်ရက် အလွန်တရာ နှမြောစုံမက် တတ်သည်။

သဒ္ဓါတရား ဟူသည်မှာလည်း ဘုရားသာသနာတော်တွင် အရေးကြီးဆုံး ကိရိယာပင်ဖြစ်၏။ ယင်းသဒ္ဓါသည် "ကောင်းစွာ

http://www.dhammadownload.com

ဆောင်တတ်သော တရားဖြစ်၏" မှန်၏၊ အလွန်ကြည်လင်၍ အနည်ထိုင်သော ရေသည် လရိပ်၊ နေရိပ် စသည်ကို့ကို မိမိ၌ ဆောင်ထားနိုင်သကဲ့သို့ သင်္ခါတရားမှာလည်း ကိလေသာမြူ အညစ်အကြေး ကင်းစင်သဖြင့် ဘုရားရှင်၏ ဂုဏ်တော် အစ ရှိသော အာရုံများကို မိမိ၌ ကောင်းစွာ ဆောင်ထားသကဲ့သို့ ဖြစ်၏။

ယင်းသင်္ခါကို မြန်မာလိုပြန်သော် "သက်ဝင်ယုံကြည်မှု" ဟူ၍ ပြန်နိုင်သည်။ ယင်းသက်ဝင် ယုံကြည်မှုသည် (၁) ကံ (၂) ကံ၏အကျိုး (၃) ဘုရား (၄) တရား (၅) သံဃာ ဟူ၍ ငါး ပွာနရှိလေသည်။ ယင်းတွင် (၁) နှင့် (၂) ၌ သက်ဝင် ယုံကြည်မှုကို "**ကမ္မဖလသဒ္ဓါ**" ဟု ခေါ်ပြီး သုံး၊ လေးနှင့် ငါး၌ သက်ဝင်ယုံကြည်မှုကို "**ရတနတ္တယသဒ္ဓါ**" ဟု ခေါ်သည်။

ကမ္မ ကမ္မဖလသဒ္ဓါ

ဒါနအရာမှာ "ကံကို ယုံကြည်ခြင်း" ဟု ဆိုရာ၌ "ငါ ယခု လှူဒါန်းသဖြင့် ဥစ္စာမည်၍ မည်မျှကုန်သွားမည်၊ သို့သော် အချည်းနှီးကုန်သွားခြင်းမဟုတ်၊ ကုန်သွားသော ဥစ္စာထက် အဆ ပေါင်းများစွာ အဖိုးထိုက်တန်သော 'ဒါနကံ စေတနာတရား' ငါ့မှာ ဖြစ်သည်။ ဥစ္စာကို ရန်သူမျိုးငါးပါးတို့ ပျက်ဆီးနိုင်သော်လည်း 'ဒါနကံ စေတနာတရား' ကို ဘယ်ရန်သူမှ မပျက်ဆီးနိုင်၊ ဤ 'ဒါနကံ စေတနာတရား' ကသာ သံသရာတစ်လျှောက် နိဗ္ဗာန် ရောက်အောင် ငါ့နောက်က လိုက်ပါလိမ့်မည်" ဟု

http://www.dhammadownload.com

စိတ်ကို ကြည်ကြည်လင်လင်ကြီး ထားနိုင်ခြင်းကို "**ကံကိုယုံကြည်ခြင်း**" ဟု ခေါ်လေသည်။

"ဤကံကြောင့် သံသရာတစ်လျှောက် ကောင်းကျိုးတရား တို့ကို ရနိုင်သည်။ တစ်စုံတစ်ရာ ယုံမှားဖွယ်မရှိ" ဟု ကံ၏ အကျိုးကို စဉ်းစားပြန်လျှင်လည်း အလွန်ကြည်လင်သော သဘော ပေါ်ပေါက်လာသည်ကို လက်တွေ့ဖြစ်လိမ့်မည်၊ ဤသို့ ကံ၏ အကျိုးကို စဉ်းစား၍ လက်တွေ့ဖြစ်သော အလွန်ကြည်လင်မှု သဘောကို "**ကံ၏အကျိုးကို ယုံကြည်ခြင်း**" ဟု ခေါ်သည်။

တန်ဖိုးချင်းကွာခြား

ဤကံ ကံ၏အကျိုးကို ယုံကြည်ခြင်း "ကမ္မဖလသဒ္ဓါ" ဖြစ်ဖို့ရန် မခဲယဉ်းလှ၊ ကံနှင့် ကံ၏အကျိုးရှိသည်ဟု သက်ဝင် ယုံကြည်သော "ကမ္မဿကတာဉာဏ်" သက်ဝင်လျှင် "ကမ္မဖလ သဒ္ဓါ" ဖြစ်ပေါ်လာ၏။ သို့ဖြစ်ပေါ်လာသော်လည်း "ကမ္မဖလ သဒ္ဓါ" မျိုးမှာ သာသနာပအခါ၌လည်း ရနိုင်၏။ "ကမ္မဝါဒီ" အယူရှိသော မိစ္ဆာဒိဋ္ဌိများ သန္တာန်၌လည်း တွေ့မြင်နိုင်၏။ မှန်၏။ ကမ္မဝါဒီ မိစ္ဆာဒိဋ္ဌိများမှာ ဤကမ္မဖလသဒ္ဓါကြောင့် သုဂတိ ဘုံဘဝ များရောက်ပြီး သူတို့၏ ဒါနလမ်းစဉ်တွေနှင့် ဉာဏ်ဝိရိယတွေ ကြောင့် ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ စည်းစိမ်ချမ်းသာတွေကို ကြုံဆုံခံစားနိုင်ကြကုန်၏။ သို့သော် "ရာဂနတ္တယသဒ္ဓါ" ကဲ့သို့ တန်ဖိုးကော မရှိလှချေ။ အကြောင်းမူကား ထိုကမ္မဖလသဒ္ဓါမျှဖြင့် မဂ်ဖိုလ်ကိုလည်း မရနိုင်။ နိဗ္ဗာန်သို့လည်း မသွားနိုင်။ သံသရာ

http://www.dhammadownload.com

ဒုက္ခကြီးမှလည်း မလွတ်မြောက်နိုင်၊ အလွန်ဆုံး နတ်ရွာသုဂတိ ဆိုသည့် ကောင်းကင်ဘုံ (HEAVEN) ဟူသော သံသရာဒုက္ခ ခရီးဆိုးကြီးကိုသာ တွေ့ကြုံအောင် ပို့ဆောင်နိုင်၏။

ရတနာသုံးပါး ဂုဏ်ကျေးဇူးကို ယုံကြည်သည့် "ရတနတ္တိသဒ္ဓါ" မျိုးကိုမူ ဘုရားရှင်ပွင့်ချိန် ဤကဲ့သို့သော သာသနာတွင်း အခါမျိုး၌သာ ရနိုင်၏။ လောကီစည်းစိမ် အကျိုးကို ပေးရာ၌ "ကမ္မဖလသဒ္ဓါ" ထက် မရေမတွက်နိုင်အောင် ဖွံ့ဖြိုး၏။ ထို့ထက် အထက်ဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ဟူသော လောကုတ္တရာအကျိုးကို ဤ "ရတနတ္တယသဒ္ဓါ" ရှိသူဖြစ်ပါမှ ရနိုင်၏။ ရတနတ္တယသဒ္ဓါ မရှိဘဲ မဂ်ဖိုလ်ကို မရနိုင်။

ဘုရားရှင်ပွင့်ချိန်များ၌သာလျှင် ရနိုင်သည့်ပြင် လူတိုင်းလည်း မဖြစ်နိုင်၊ ဖြစ်ဖို့ရန်လည်း အင်မတန်ခဲယဉ်းလှသဖြင့် ဤရတနတ္တယသဒ္ဓါကို "ဒုလ္လဘာ သဒ္ဓါသမ္မတ္တိ=ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံခြင်းသည် ခဲယဉ်း၏"ဟု ဒုလ္လဘတရား ငါးပါး၌ ထည့်သွင်းဖော်ပြတော်မူ၏။ တစ်ဖန် ဤရတနတ္တယသဒ္ဓါ ဖြစ်နိုင်ဖို့ရန် ခဲယဉ်းလှပုံကို ရှင်အဂ္ဂသမာဓိ ပုဂ္ဂိုလ်ကျော်က ဘုံခန်းပျို့၌ ဤသို့ စပ်ဆိုခဲ့သည်။

"မည်းနက် ဆင်းညို၊ မဖြူလိုသို့၊ လူဗိုလ် တွက်ခြေ၊
တစ်ကုဋေဝယ်၊ ရှာဖွေပတ်နှောက်၊ သဒ္ဓါပေါက်သား၊
တစ်ယောက်ရဲရဲ၊ ရစခဲစွ"

ဤသို့ ရစခဲစွာသော၊ ရပြန်လျှင်လည်း အကျိုးများစွာရှိသော ရတနတ္တယသဒ္ဓါကို ဤဗုဒ္ဓသာသနာတော်တွင်သာ ရနိုင်၏။ အခြား ဘာသာများကွင် မရနိုင်။

http://www.dhammadownload.com

ထိုသဒ္ဓါကို–
(၁) လက်နှင့်တူ၏။
(၂) ဓနငွေကြေးနှင့်လည်း တူ၏။
(၃) ဗီဇ မျိုးစေ့နှင့်လည်း တူ၏။
(၄) စကြာမင်း၏ ပတ္တမြားရတနာနှင့်လည်း တူ၏။
စသည်ဖြင့် ပိဋကများ၌ အမျိုးမျိုး ဥပမာပြတော်မူ၏။

သဒ္ဓါတရားအစေးကြီး

မှန်၏။ အရာဝတ္ထု၊ တစ်ခုခုကို ကိုင်တွယ်လိုသောသူသည် လက်ရှိသူဖြစ်ပါမှ ကိုင်တွယ်လို့ရ၏။ လက်ပြတ်သူဖြစ်နေလျှင် မကိုင်တွယ်နိုင်ချေ။ ပစ္စည်းတစ်ခုခုကို ဝယ်လိုသောသူသည်လည်း ဓနငွေကြေးရှိပါမှ ဝယ်လို့ရ၏။ ဓနငွေကြေးမရှိလျှင် မဝယ်နိုင်၊ စားပင် သောက်ပင် စိုက်လိုသောသူသည်လည်း ဗီဇမျိုးစေ့ရှိပါမှ စိုက်ပျိုးနိုင်၏။ ဗီဇမျိုးစေ့မရှိလျှင် မစိုက်ပျိုးနိုင်၊ ထို့အတူပင် ဗုဒ္ဓသာသနာတော်က ညွှန်ပြသော ဒါန စသော ကုသိုလ်တစ်ခုခုကို ယူတော့မည်ဆိုလျှင် သဒ္ဓါ ဟူသော လက် ရှိပါမှ ယူလို့ရ၏။ သဒ္ဓါပါမှ ကုသိုလ်ဖြစ်သည်။ ကုသိုလ်ဟူသောပစ္စည်းကို သဒ္ဓါ ဟူသော ဓနငွေကြေးပါမှ ဝယ်လို့ရ၏။ သုဂတိ၊ မဂ်ဖိုလ်၊ နိဗ္ဗာန် ဟူသော အသီးကို သီးလိုရာ၌ သဒ္ဓါဟူသော ဗီဇမျိုးစေ့နှင့် စိုက်ပျိုးမှ သီးနိုင်ပေ၏။

စကြာမင်းကြီး၏ ပတ္တမြားရတနာသည် မည်မျှလောက် နောက်ကျနေသော ရေဖြစ်စေကာမူ ရေထဲသို့ ထည့်လိုက်က

http://www.dhammadownload.com

ထိုရေနောက်ကို လက်ငင်း ခဏချင်း ကြည်လင်သွားစေနိုင်သကဲ့သို့ စိတ်၌ရှိသော ကိလေသာ အညစ်အကြေးဟူသမျှကို သဒ္ဓါတရားသည် လက်ငင်းခဏချင်း ပယ်ရှား၍ ကြည်လင်သွားစေနိုင်သည်။ သဒ္ဓါတရားဖြစ်နေလျှင် သောက စသော ညစ်ညူးမှုတရားများ မဝင်လာနိုင်။

သဒ္ဓါ နှစ်မျိုး

ထို့ကြောင့် ဘုရားရှင် လက်ထက်တော်အခါက များစွာသော လူတို့သည် သဒ္ဓါဖွေးဖွေးဖြင့် ဒါနအလှူပေးပြီးလျှင် တရားနာသော်၊ တရားတော်အဆုံး၌ သောတာပန်၊ သကဒါဂါမ် စသည်ဖြစ်သော ပုဂ္ဂိုလ်များ မရေမတွက်နိုင်ပေ။ ထိုသဒ္ဓါသည်–

(၁) တုန်လှုပ်သော စလသဒ္ဓါမျိုးနှင့်

(၂) မတုန်လှုပ်သော အစလသဒ္ဓါမျိုး

ဟု နှစ်မျိုးရှိပြန်၏။

ထိုတွင် ပုထုဇဉ်တို့၌ ဖြစ်ပေါ်သော သဒ္ဓါမျိုးမှာ တုန်လှုပ်၏။ မခိုင်မြဲ၊ အကြောင်းတစ်ခုခုဖြင့် ပျက်ပြယ်သွားနိုင်၏။ ပြောင်းလွှဲသွားနိုင်၏။ ထို့ကြောင့် ပုထုဇဉ်တို့ သဒ္ဓါတရားကို "စလသဒ္ဓါ" ဟု ခေါ်သည်။ အရိယာတို့၌ ဖြစ်ပေါ်သော သဒ္ဓါမျိုးကား ဖောက်ပြန်မှု၊ ပျက်စီးမှု၊ တုန်လှုပ်မှုမရှိတော့ပြီ၊ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို အမြဲယုံကြည်နေပေတော့၏။ သရဏဂုံ မပျက်တော့ပြီ၊ ထို့ကြောင့် အရိယာတို့ သဒ္ဓါတရားကို "အစလ သဒ္ဓါ" ဟု ခေါ်သည်။ ကျမ်းဂန်တို့၌ "အဝေစ္စပ္ပသာဒေန သမန္နာဂတော=

http://www.dhammadownload.com

တုန်လှုပ်သော သဒ္ဒါတရားနှင့် ပြည့်စုံ၏" ဟု ဖော်ပြခြင်းမှာ ယင်း အစလသဒ္ဒါမျိုး ဖြစ်ပေါ်သော အရိယာဖြစ်လာကြောင်း ဖော်ပြခြင်းဖြစ်သည်။

ဥစ္စာနှင့် သဒ္ဒါ

(၁) ရွှေ၊ ငွေ အစရှိသော လောကီဥစ္စာသည် အသုံး အဆောင် အရပ်ရပ်ကို သုံးဆောင်ခြင်းကိုအကြောင်းပြု၍ ရရှိ ဖြစ်ပွား သော ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာ နှစ်ပါးကို ရွှက်ဆောင် သကဲ့သို့လည်းကောင်း၊

(၂) မွတ်သိပ်ဆာလောင်ခြင်း စသော ဆင်းရဲကို တားမြစ် သကဲ့သို့လည်းကောင်း၊

(၃) ဆင်းရဲမွဲတေခြင်းကို ငြိမ်းအေးစေသကဲ့သို့လည်းကောင်း၊

(၄) ပုလဲ၊ ပတ္တမြား အစရှိသော ရတနာကိုရခြင်း၏ အကြောင်း ဖြစ်သကဲ့သို့လည်းကောင်း၊

(၅) လူအပေါင်း၏ အချီးမွမ်းခံရခြင်းကို ရွှက်ဆောင် သကဲ့သို့ လည်းကောင်း၊

ဤလောကီ လောကုတ္တရာ သဒ္ဒါတရားနှစ်ပါးသည်လည်း–

(၁) ဆိုင်ရာဆိုင်ရာလောကီအကျိုး ဝိပါက်ချမ်းသာ၊ လောကုတ္တရာ အကျိုး ဝိပါက်ချမ်းသာ၊ နှစ်ပါးကို ရွှက်ဆောင်နိုင်၏။

(၂) သဒ္ဒါတရားကို အဦးမူသဖြင့် အကျင့်မှန်ကို ကျင့်ကြံသော သူတို့အဖို့ ပဋိသန္ဓေနေရခြင်း ဆင်းရဲ၊ အိုရခြင်းဆင်းရဲ အစရှိသော သံသာရဒုက္ခဆင်းရဲ အမျိုးမျိုးကို ပယ်ရှား တားမြစ်၏။

http://www.dhammadownload.com

(၃) ဂုဏ်ကျေးဇူးသတင်းကင်းမဲ့ ဆင်းရဲမွဲတေခြင်းကို ငြိမ်းစေ၏။
(၄) သတိ သမ္မောဇ္ဈင် အစရှိသော ဗောဇ္ဈင်ခုနစ်ပါး တရား ရတနာကို ရခြင်း၏ အကြောင်းဖြစ်၏။
(၅) လူအပေါင်း၏ အချီးမွမ်းခံရခြင်းကို ရွက်ဆောင်နိုင်၏။
သည်ကိုရည်၍ မာန်လည်ဆရာတော်ကြီးက ဤသို့ စပ်ဆို ခဲ့သည်။

"သင်္ခါဟူငြား၊ ဤတရားလည်း၊ လမ်းသွားသံသရာ၊ သတ္တဝါ၏၊ လူ့ရွာနတ်ဌာန်၊ နိဗ္ဗာန်ထုတ်ချောက်၊ အဆုံး ရောက်အောင်၊ ချီးမြှောက်ဥပ၊ နိဿယဖြင့်၊ မ, စမကွာ၊ လိုက်၍သာလျှင်၊ ကလျာဏစစ်၊ ခင်ပွန်းချစ်သို့၊ ဖြစ်ဖြစ်သမျှ၊ ဘဝထိုထို၊ ရတိုင်းကိုယ်၌၊ အလိုရှိရာ၊ ပေးတတ်စွာ၏"

မနိုင်မြဲတဲ့ သင်္ခါ

တစ်ဖန် ယင်းသင်္ခါသည်–
(၁) မိရိုးဖလာ ယုံကြည်မှုမျိုး **ပသာဒသင်္ခါ**
(၂) ရတနာသုံးပါး၏ ဂုဏ်ကို တကယ်သက်ဝင်ယုံကြည်မှုမျိုး **သြကပ္ပနသင်္ခါ**
(၃) အရိယာတို့၌ ဖြစ်ပေါ်လာသည့် မတုန်လှုပ်သော ယုံကြည်မှုမျိုး **အဓိဂမသင်္ခါ**
(၄) ဘုရားအလောင်းတော်များ၌ ဖြစ်ပေါ်သော **အာဂမ သင်္ခါ** ဟူ၍ လေးမျိုးပြားပြန်၏။

ယင်းတွင် ရှေးနှစ်မျိုးမှာ ပုထုဇဉ်တွေနှင့်ဆိုင်၍ နောက် နှစ်မျိုးမှာ အရိယာများနှင့် အလောင်းတော်များသာ ဆိုင်၏။

http://www.dhammadownload.com

ပုထုဇဉ်တို့နှင့်ဆိုင်သည့် သဒ္ဓါနှစ်မျိုးအနက် ပသာဒသဒ္ဓါခေါ်သည့် ယုံကြည်ရုံ သာမန်ပုဂ္ဂိုလ်တွေ မိရိုးဖလာ ဗုဒ္ဓသာသနာဝင် ဗုဒ္ဓဝါဒီတွေ များနေလျှင် သာသနာတော် အရှည်တည်တံ့ရေး စိတ်မချရ၊ ဗုဒ္ဓသာသနာ မခိုင်မြဲသေး၊ တစ်နေ့သောအခါ မှေးမှိန်ဆုတ်ယုတ်တော့မည်မှာ သေချာသည်။

သဒ္ဓါနိုင်မြဲမှသာ

ရတနာသုံးပါး၏ ဂုဏ်ကို တကယ်သိရှိနားလည်၍ ကြည်ညိုယုံကြည်သော "ဩကပ္ပနသဒ္ဓါ" မျိုးရှိသူတွေ များပြားမှသာလျှင် သာသနာတော် အရှည်တည်တံ့ရေး စိတ်ချရ၏။ သာသနာတော်လည်း ပြန့်ပွားနိုင်၏။ ပြန့်ပွားပြီးလျှင်လည်း ပြန်လည်မဆုတ်ယုတ်နိုင်ပေ။ သို့သော် ပုထုဇဉ်တို့ သဒ္ဓါတရားကား မခိုင်မာဘဲ ခြေတစ်လှမ်းအတွင်းမှာပင် ကိုးရိုးကားယား ဖြစ်သွားနိုင်သော သဘာဝမျိုးဖြစ်၏။ မပျက်စီးစေရပါဘူး ဟူ၍လည်း မည်သူမျှ တာဝန်ခံနိုင်ရိုး ထုံးစံမရှိချေ။ ထို့ကြောင့် မိမိတွင်ဖြစ်ပေါ်နေသော သဒ္ဓါတရားဖြူဖြူစင်စင်ကလေးတွေ မည်းညစ်မသွားအောင် မိမိကိုယ်တိုင် ဂရုတစိုက် စောင့်ရှောက်နိုင်ပါမှ နိဗ္ဗာန်ခရီးအပြီးတိုင် ရောက်မည်ဖြစ်၏။

ရှင်သီဝလိမယ်တော်

အခါတစ်ပါး ဘုရားရှင်သည် ကုဏ္ဍဓာနတောအုပ်ဝယ် ကောလိယမင်းတို့ ဆောက်လုပ်ထားသော ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ယင်းအချိန်၌ အမွန်အမြတ်ကို လှူကုန်သော

http://www.dhammadownload.com

ဥပါသိကာမတို့တွင် အမြတ်ဆုံးဇောဒဂ်ရ ကောလိယမင်းသမီး သုပ္ပဝါသာသည် ခုနစ်နှစ်ပတ်လုံး ကိုယ်ဝန်ဆောင်ရ၏။ ခုနစ်ရက် ပတ်လုံး ကိုယ်ဝန်ကြောင့် မိန်းမောတွေဝေရ၏။

သူမသည် ထက်မြက်ကြမ်းကြုတ် စပ်ရှားကုန်သော ဆင်းရဲဝေဒနာတို့ဖြင့် တွေ့ထိသည်ရှိသော်–

(၁) ဤသို့ သဘောရှိသော ဆင်းရဲကို ပယ်ခြင်းငှာ တရားဟောတော်မူသော မြတ်စွာဘုရားသည် ကိုယ်တော်တိုင် သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိတော်မူပေစွတကား၊

(၂) ဤသို့ သဘောရှိသော ဆင်းရဲကို ပယ်ခြင်းငှာ ကျင့်တော်မူသော မြတ်စွာဘုရား၏ တပည့် သံဃာတော်အပေါင်းသည် ကောင်းစွာကျင့်တော်မူပေစွတကား၊

(၃) ဤသို့သဘောရှိသော ဆင်းရဲမရှိရာ နိဗ္ဗာန်သည် အလွန်ချမ်းသာလေစွတကား" ဟု သုံးပါးသော အကြံအစည် ဝိတက်တို့ဖြင့် ဝေဒနာကို သည်းခံ၍နေ၏။

တစ်နေ့သ၌ သူမသည် ကောလိယမင်းသား မဟာလိကို ခေါ်၍ "အရှင့်သား၊ ဘုရားရှင်ထံ သွား၍ 'ကောလိယမင်းသမီး သုပ္ပဝါသာသည် ဘုရားရှင်၏ ခြေတော်တို့ကို ရှိခိုးပါ၏။ ဘုရားရှင်၏ အနာရောဂါကင်းခြင်း၊ ဆင်းရဲကင်းခြင်း၊ လျင်စွာထနိုင်ခြင်း၊ ခွန်အားရှိခြင်း၊ ချမ်းသာစွာနေရခြင်းကို မေးလျှောက်ပါ၏' ဟု လျှောက်ထားပါ၊ ပြီးတော့ ကောလိယမင်းသမီး သုပ္ပဝါသာသည် ခုနစ်နှစ်ပတ်လုံး ကိုယ်ဝန်ဆောင်နေရပါ၏။ ခုနစ်ရက် ပတ်လုံး ကိုယ်ဝန်ကြောင့် မိန်းမောတွေဝေနေရပါ၏။ သူမသည်

http://www.dhammadownload.com

ထက်မြက်ကြမ်းကြုတ် စပ်ရှားကုန်သော ဆင်းရဲဝေဒနာတို့ဖြင့် တွေ့ထိသည်ရှိသော် သုံးပါးသော အကြံအစည်ဝိတက်တို့ဖြင့် ဝေဒနာကို သည်းခံ၍နေပါ၏' ဟုလည်း လျှောက်ထားပါ"ဟု ပြောပြ၏။

ကောလိယမင်းသား မဟာလိသည် "ကောင်းပြီ" ဟုဝန်ခံ၍ ဘုရားရှင်ထံမှောက်သွားရောက်ပြီးလျှင် ရှိခိုး၍ အလုံးစုံ အကုန်အစင် လျှောက်ထား၏။ ထိုအခါ ဘုရားရှင်က "ကောလိယမင်းသမီး သုပ္ပဝါသာသည် ရောဂါမရှိမူ၍ ချမ်းသာစေသတည်း၊ ရောဂါကင်းသောသားကို ဖွားစေသတည်း"ဟူသော စကားကို မိန့်တော်မူ၏။ ဘုရားရှင် မိန့်ဆိုတော်မူလိုက်သည်နှင့် တစ်ပြိုင်နက် ကောလိယမင်းသမီး သုပ္ပဝါသာသည် ရောဂါမရှိ၍ ချမ်းသာစွာ ရောဂါကင်းသော သားကို ဖွားမြင်လေ၏။

ကောလိယမင်းသား မဟာလိသည် "ကောင်းပါပြီ အရှင်ဘုရား" ဟု ဘုရားရှင်၏ စကားကို အလွန်နှစ်သက် ဝမ်းမြောက်၍ နေရာမှထကာ ရှိခိုးပြီး အရိုအသေပြု၍ အိမ်ပြန်လေ၏။ အိမ်ရောက်သော် ရောဂါမရှိမူ၍ ချမ်းသာစွာ ရောဂါကင်းသော သားကို ဖွားမြင်သော ကောလိယမင်းသမီး သုပ္ပဝါသာကိုမြင်လျှင် "အချင်းတို့၊ မြတ်စွာဘုရား၏ ကြီးသောတန်ခိုး အာနုဘော်ရှိသည်၏ အဖြစ်သည် အံ့ဖွယ်ရှိပေစွ၊ အချင်းတို့၊ မဖြစ်စဖူးမြဲ ဖြစ်ပေစွ"ဟု နှစ်လိုခြင်း၊ ဝမ်းမြောက်ခြင်း၊ နှစ်သက်ရွှင်လန်းခြင်း ဖြစ်၏။

ထိုအခါ မင်းသမီး သုပ္ပဝါသာသည် "အရှင့်သား၊ ဘုရားရှင်ထံသွား၍ 'ကောလိယမင်းသမီး သုပ္ပဝါသာသည် ဘုရားရှင်၏

http://www.dhammadownload.com

ခြေတော်တို့ ရှိခိုးပါ၏' ဟု လျှောက်ထားပါ၊ ပြီးတော့ 'သူမသည် ရောဂါမရှိမူ၍ ချမ်းသာစွာ ရောဂါကင်းသောသားကို ဖွားမြင် ကြောင်းနှင့် မနက်ဖြန်မှစ၍ ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာကို ဆွမ်းကျွေးပင့်ပါ၏။ ဘုရားရှင်သည် ရဟန်း သံဃာနှင့်အတူ ခုနစ်ရက်ပတ်လုံး ကောလိယမင်းသမီး သုပ္ပဝါသာ ၏ ဆွမ်းကို လက်ခံတော်မူပါဘုရား' ဟုလည်း လျှောက်ထားပါ" ဟု ပြောပြ၏။။

ဆွမ်းကျွေးပွဲရက်တိုက်နေ

မင်းသား မဟာလိသည် "ကောင်းပြီ" ဟု ဝန်ခံ၍ ဘုရား ရှင်ထံ တစ်ဖန်ပြန်၍ အလုံးစုံ အကုန်အစင် လျှောက်ထားလေ၏။။ ထိုအချိန်တွင် ဒကာတစ်ယောက်က မနက်ဖြန်အတွက် ဘုရား အမှူးရှိသော ရဟန်းသံဃာကို ဆွမ်းကျွေးပင့်ပြီး ဖြစ်နေ၏။။ ထိုဒကာသည် ရှင်မဟာမောဂ္ဂလာန်၏ ရင်းနှီးသောဒကာဖြစ်၏။။

အမှန်စင်စစ် ဆွမ်းကျွေးရက်တိုက်နေလျှင် နောက်ပင့်သော ဒကာကိုသာ ရက်ရွှေ့စေရမည်ဖြစ်၏။။ သို့ရာတွင် ဘုရားရှင်သည် "ကောလိယမင်းသား မဟာလိ၏ သဒ္ဓါတရားကို စောင့်ရှောက် ခြင်းငှာ ရှင်မဟာမောဂ္ဂလာန်ကို ခေါ်တော်မူ၍ သုပ္ပဝါသာ၏ အကျိုးအကြောင်းပြောပြပြီး 'သုပ္ပဝါသာကို မနက်ဖြန်မှစ၍ ခုနစ်ရက်ပတ်လုံး ဆွမ်းကျွေးပါစေ၊ သင့်ဒကာမူကား ခုနစ်ရက် လွန်မြောက် ရှစ်ရက်ရောက်မှ ဆွမ်းကျွေးပါစေ' ဟု သင့်ဒကာ အား သွား၍ပြောချေ" ဟု မိန့်တော်မူ၏။။

http://www.dhammadownload.com

ရှင်မဟာမောဂ္ဂလာန်သည် "ကောင်းပါပြီ မြတ်စွာဘုရား" ဟု ဝန်ခံ၍ သူ၏ ဒကာအိမ်ရှိရာသို့ကြွ၍ ဘုရားရှင် မိန့်မှာတော်မူသမျှ သုပ္ပဝါသာ၏ အကြောင်း အလုံးစုံကို အကုန်ပြော၍ ဒကာ၏ ဆွမ်းကျွေးကို ရက်ရွေ့ရန် ပြောပြ၏။

အာမခံချက် သုံးချက် တောင်း

ထိုအခါ ဒကာက "အရှင်ဘုရားမဟာမောဂ္ဂလာန်၊ အကယ်၍ အရှင်ဘုရားသည် အကျွန်ုပ်၏ (၁) စည်းစိမ်ကိုလည်းကောင်း၊ (၂) အသက်ကိုလည်းကောင်း၊ (၃) သဒ္ဓါတရားကိုလည်းကောင်း ဤသုံးပါးသော တရားတို့ကို ခုနစ်ရက်လွန်မြောက် ရှစ်ရက် ရောက်အောင် မပျက်စီးစေရပါဘူးဟု အာမခံနိုင်ပါမူ သုပ္ပဝါသာသည် ခုနစ်ရက်ပတ်လုံး ဆွမ်းကျွေးပါစေ၊ အကျွန်ုပ်ကား နောက်မှ ကျွေးပါမည်" ဟု လျှောက်၏။

အာမခံချက် နှစ်ချက်သာပေး

ရှင်မဟာမောဂ္ဂလာန်သည် ဉာဏ်ဖြင့် ဆင်ခြင်၍ "ဒကာ၊ သင်အာမခံတောင်းသော တရားသုံးပါးတွင် (၁) စည်းစိမ်–ဥစ္စာကိုလည်းကောင်း၊ (၂) အသက်ကိုလည်းကောင်း ဤနှစ်ပါးတို့ကို ငါ အာမခံနိုင်၏။ သဒ္ဓါတရားကိုမူကား သင်သည်ပင်လျှင် အာမခံပါလော" ဟု မိန့်တော်မူ၏။

သဒ္ဓါတရားသည် စိတ်နှင့်စပ်နေ၏။ စိတ်ပျက်တိုင်း ပျက်၏။ ယင်းသဘောကို မသိသူအချို့က "အသိဉာဏ်ရွေ့ထား ဒါန

http://www.dhammadownload.com

နောက်ထား၊ တရားအားထုတ်ပြီးမှ ဒါနပြု" စသည်ဖြင့် ရက်ရွှေ့နေသည်။ ယင်းသဘောကို အမှန်သိမြင်သော တန်ခိုးတော်အရာတေဒင်္ဂရတော်မူသော ရှင်မဟာမောဂ္ဂလာန်သည်ပင် "ပုထုဇဉ်တို့ သဒ္ဓါတရားကို မပျက်စေရပါဘူး" ဟု အာမ မခံနိုင်ကြောင်းကို မာန်လည်ဆရာတော်ဘုရားကြီးက ဤသို့ စပ်ဆိုတော်မူခဲ့သည်။

"ထင်ရှား ကျော်ဟိုး၊ ဘိညာဉ်စိုးသား၊ တန်ခိုးကြီးစွာ၊
ရဟန္တာလည်း၊ ဥစ္စာအသက်၊ နှစ်ပါးတွက်ကို၊ မပျက်စီးရာ၊
ဝန်ခံစွာလျက်၊ သဒ္ဓါဟူငြား၊ ဤတရားမှာ၊ ဖောက်ပြားယွင်းသွေ့၊ မစ္ဆေဖီသမ်း၊ ပျက်လွယ်စွမ်းကြောင့်၊ ခံထမ်းပိုင်ပိုင်၊
မပြုနိုင်ဘူး၊ မြဲခိုင်စိမ့်ငှာ၊ ထိုသဒ္ဓါကို ပညာကွန့်ထွေ၊
မဆွန့်စေနှင့်"

အာမခံ နှစ်ချက်နှင့် ကျေနပ်

ထိုအခါ ဒကာက လျှောက်ထား၏။ "အရှင်ဘုရား မဟာမောဂ္ဂလာန်၊ အကယ်၍ အရှင်ဘုရားသည် အကျွန်ုပ်၏ (၁) စည်းစိမ်ဥစ္စာနှင့် (၂) အသက်ကို ခုနစ်ရက်လွန်မြောက် ရှစ်ရက်ရောက်အောင် မပျက်စီးစေရပါဘူးဟု အာမခံနိုင်ပါမူ သုပ္ပဝါသာသည် ခုနစ်ရက်ပတ်လုံး ဆွမ်းကျွေးပါစေ၊ အကျွန်ုပ် နောက်မှ ကျွေးပါမည်"

ရှင်မဟာမောဂ္ဂလာန်သည် ဒကာအား တရားနှစ်ပါးကို အာမခံပြီးလျှင် ဘုရားရှင်ထံသွား၍ ရှိခိုးပြီး အလုံးစုံကို အကုန်ပြန်ကြား

http://www.dhammadownload.com

လျှောက်ထားဏ်။ နောက်နေ့ မိုးသောက် အလင်းရောက်သော် သုပ္ပဝါသာသည် ဘုရားအမှူးရှိသော သံဃာတော်တို့ကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ဖြင့် ကိုယ်တိုင် မိမိလက်ဖြင့် ရောင့်ရဲတင်းတိမ်သည့်တိုင်အောင်၊ တားမြစ်သည့်တိုင်အောင် ဆက်ကပ်လုပ်ကျွေးဏ်။ သားတော် သီဝလိသတို့သားကိုလည်း ဘုရားရှင်နှင့်တကွ ရဟန်းသံဃာကို ရှိခိုးစေဏ်။ တစ်နေ့တွင် ရှင်သာရိပုတ္တသည် သီဝလိသတို့သားကို မေးဏ်။

သားလိမ္မာ စကားပြော

"သူငယ်၊ သင့်အား ခန့်ကျန်းပါဏ်လော၊ မျှတပါဏ်လော၊ ဆင်းရဲဒုက္ခကင်းပါဏ်လော"

"အရှင်ဘုရား သာရိပုတ္တာ၊ အကျွန်ုပ်အား အဘယ်မှာ ခန့်ကျန်းပါအံ့နည်း၊ မျှတပါအံ့နည်း၊ ဆင်းရဲဒုက္ခကင်းပါအံ့နည်း၊ အကျွန်ုပ်သည် ခုနစ်နှစ်ပတ်လုံး သွေးအိုင်ထဲ၌ နေခဲ့ရပါသည်"

အမှန်စင်စစ် အမိဝမ်းတွင်းသည် မှောင်အတိပြီးသော သွေးအိုင်ကြီးသာ ဖြစ်ဏ်။ သုပ္ပဝါသာသည် "ငါ၏ သားတော်သည် တရားစစ်သူကြီး ရှင်သာရိပုတ္တာနှင့်အတူ စကားပြောဏ်"ဟု အလွန်နှစ်သက်ရွှင်လန်းဝမ်းမြောက်နေဏ်။ ဘုရားရှင်သည် သူမဏ်အလွန်နှစ်သက် ရွှင်လန်းဝမ်းမြောက်နေသည်ကိုမြင်လျှင် သူမအားမေးဏ်။

"သုပ္ပဝါသာ၊ သင်သည် ဤသားမှတစ်ပါးသော ဤသို့သဘောရှိသော သားမျိုးကို အလိုရှိသေးသလော"

http://www.dhammadownload.com

"မြတ်စွာဘုရား၊ အကျွန်ုပ်သည် ဤသားမှတစ်ပါးသော ဤသို့ သဘောရှိသော သားမျိုး ခုနစ်ယောက်လောက် အလိုရှိပါသေးသည်"

ထိုကိုရည်၍ မာန်လည်ဆရာတော်ဘုရားကြီးက ဤသို့ စပ်ဆိုတော်မူခဲ့သည်။

"သန္ဓေ ဝမ်း၌၊ နှုတ်ပိုက် စင်စစ်၊ ခုနစ်နှစ် စင်၊ ဆောင်ကျင်တုံလျက်၊ ခုနစ်ရက်လူး၊ မိန်းမူး ဒုက္ခ၊ သေလု စွအောင်၊ ဖွားရစေမူ၊ ထို့တူ မအောက်၊ ခုနစ်ယောက် ထပ်ကာ၊ ခုနစ်ခါမက၊ ဖွားလိုကြ၏၊ မိန်းမဟူငြား၊ သားဖွားကိစ္စ အားမရဘူး"

ဘုရားရှင်သည် သုပ္ပဝါသာ မေ့လျော့သည့်အဖြစ်ကို သိတော်မူ၍ ဤသို့ ဥဒါန်းစကား မြွက်ကြားတော်မူ၏။

"သုပ္ပဝါသာ၊ နှစ်နှစ်ခြိုက်ခြိုက် မသာယာထိုက်သည့် လယ်ယာ မိုးမြေ ရွှေ၊ ငွေ ဥစ္စာသည် သာယာဖွယ်ယောင် ဟန်ပန်ဆောင်သဖြင့် အနှစ်မပါ ချစ်စရာမဟုတ်သည့် ဆွေမျိုး ဉာတကာသည် ချစ်ခင်ဖွယ်ရန် သဏ္ဌာန်သရုပ် ဟန်ပန်လုပ်သဖြင့် လူမင်း နတ်မင်း ဗြဟ္မာမင်းနှင့် ယင်းတို့စည်းစိမ် ညှိုးမှန်ပျက်ရ ယုတ်စွအဆုံး ဒုက္ခတုံးသည် အမြဲတည်ကာ ချမ်းသာလေယောင် အနေဆောင်သဖြင့် အမိုက်ငွေ့နှင့် အမေ့ကြီးမေ့သူ အများလူကို ဗရမ်းဗတာ မချမ်းသာအောင် လွှမ်းကာထိ၍ အဖိခံလေ၏"

မှတ်ချက်။ ။ ဤဝတ္ထုကြောင်းဖြင့် သဒ္ဓါတရား အရေးကြီးပုံ ပျက်လည်း ပျက်လွယ်တတ်ပုံ ခိုင်မာအောင် ကြိုးစားသင့်ပုံကို ဖော်ပြလိုရင်း ဖြစ်ပါ၏။

http://www.dhammadownload.com

လောကာဓိပတေယျဒါန၊ အတ္တာဓိပတေယျဒါန၊ ဓမ္မာဓိပတေယျဒါန

ရံခါရံဖန် စေတနာ သဒ္ဓါတရား မရှိလှဘဲနှင့် လူကဲ့ရဲ့မည်စိုး၍ လူအများကို ငဲ့ကွက်ပြီး ပေးလှူသောအလှူသည် "**လောကာဓိပတေယျဒါန**" မည်၏။ ရံဖန်ရံခါ စေတနာသဒ္ဓါတရား မရှိလှဘဲနှင့် မိမိဂုဏ်ပျက်မည်ကို စိုး၍ မိမိဂုဏ်သိရ အရှိန်အဝါနှင့် ပေးလှူမှ လျော်မည်ဟု မိမိဂုဏ်ကိုငဲ့ကွက်ပြီး ပေးလှူခြင်းသည် "**အတ္တာဓိပတေယျဒါန**" မည်၏။ အလှူခံပုဂ္ဂိုလ်အလိုက် ထိုက်သည့်အားလျော်စွာ တတ်နိုင်သမျှ ပေးကမ်းစွန့်ကြဲလှူဒါန်းခြင်းသည် ဘုရား၊ ပစ္စေကဗုဒ္ဓ၊ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကအလောင်း သူတော်ကောင်းတို့၏ အလေ့တည်း" ဟု သူတော်ကောင်းတရားကို အလေးဂရုပြု၍ ပေးလှူသော အလှူသည် "**အဓိပတေယျဒါန**" မည်၏။

ဒါနသဟာယ၊ ဒါနသာမိ၊ ဒါနဒါသ

လောက၌ မိတ်ဆွေများ လာရောက်သောအခါ မိမိသုံးဆောင် စားသောက်သည်နှင့် တူမျှသော အသုံးအဆောင် အစားအသောက်တို့ကိုသာ သုံးဆောင် စားသောက်စေသကဲ့သို့ အလှူခံ ပုဂ္ဂိုလ်တို့အားလည်း မိမိ သုံးဆောင် စားသောက်နေကျ အတိုင်းသာ တစ်တန်းတစားတည်း လှူဒါန်းခြင်းသည် အဆွေခင်ပွန်းအား ပြုစုသည်နှင့်တူသော "**ဒါနသဟာယ**" အလှူမည်၏။

http://www.dhammadownload.com

လောကၠ မိမိ၏အရှင်များအား မိမိသုံးဆောင် စားသောက် သည်ထက် ပိုမိုမြင့်မြတ်သော အသုံးအဆောင် အစားအသောက် တို့ကိုသာ ပေးပို့ရသကဲ့သို့ အလှူခံ ပုဂ္ဂိုလ်တို့အား မိမိသုံးဆောင် စားသောက်သည်ထက် မြင့်မြတ်သော ပစ္စည်းဝတ္ထုတို့ကိုသာ လှူဒါန်းခြင်းသည် အရှင်သခင်အား ပေးသည်နှင့်တူသော "**ဒါန သာမိ**" အလှူမည်၏။

လောကၠ မိမိကိုယ်တိုင် ကောင်းမွန်သော အဝတ်အစား တို့ကို သုံးဆောင်စားသောက်၍ အောက်လက်ငယ်သား ကျေးကျွန် များကိုကား ယုတ်ညံ့သော အဝတ်အစားတို့ကို ပေးသကဲ့သို့ အလှူခံပုဂ္ဂိုလ်တို့အား မိမိသုံးဆောင် စားသောက်သော ပစ္စည်း အောက် ယုတ်ညံ့သော ပစ္စည်းဝတ္ထုကို လှူဒါန်းခြင်းသည် ကျွန်အား ပေးသည်နှင့်တူသော "**ဒါသ ဒါန**" အလှူမည်၏။

ဒါနသာမိ သားအမိ

အခါတစ်ပါး၌ ရှင်အယျမိတ္တသည် ကဿကလိုဏ်၌ သီတင်း သုံးနေတော်မူ၏။ သူ၏ ဆွမ်းခံရာ၌ ဒကာမကြီးတစ်ယောက် သည် သူ့အား သားအမှတ်ဖြင့် ပြုစုလုပ်ကျွေး၏။ တစ်နေ့သ၌ ဒကာမကြီးသည် တောသို့ သွားစရာရှိသဖြင့် သမီးကို မှာ၏။

"သမီး၊ ဤနေရာ၌ ဆန်ဟောင်းရှိသည်။ ဤနေရာ၌ ထောပတ်၊ နို့နှင့် တင်လဲရှိသည်။ အသင့်ချက်ထားပါ။ သမီး၏ မောင်တော် ကြွလာလျှင် နို့၊ ထောပတ်၊ တင်လဲတို့နှင့် ဆွမ်း ကပ်ပါ၊ သမီးလည်း စားပါ၊ အမေတော့ မနေ့က ကျန်တဲ့ ထမင်းကြမ်းနှင့် ပုန်းရည်နှင့် စားမည်"

http://www.dhammadownload.com

"နေ့လယ်စာအတွက်ကော ဘာစားမလဲအမေ"

"နေ့လယ်စာအတွက်တော့ ဟင်းရွက်နှင့် ဆန်ကွဲ ရောကျို ပြီး ချက်ထားပါသမီး"

ရှင်အယျမိတ္တာသည် ဆွမ်းခံကြွလာစဉ် သားအမိနှစ်ယောက်၏ အပြန်အလှန်ပြောဆိုသံကိုကြား၍ မိမိကိုယ်ကိုမိမိ ဆုံးမလေ၏။ "အို–အယျမိတ္တာ၊ ကြားလိုက်ရဲ့လား၊ ဒကာမကြီးသည် မနေ့က ကျန်တဲ့ ထမင်းကြမ်းနှင့် ပုန်းရည်ဟင်းနှင့် စားမည်၊ နေ့လယ်စာအတွက် ဆန်ကွဲနှင့်ဟင်းရွက် ရောကျို၍ စားမည်တဲ့၊ သွင့်အတွက်မူ ဆန်ဟောင်း၊ ထောပတ်၊ တင်လဲနှင့် နို့တို့ကို မှာကြားနေသည်၊ ဤဒကာမကြီးသည် သင့်ကိုလူသည်မှာလယ်ယာ၊ အဝတ်နှင့် ထမင်းကို တောင့်တ၍ လူသည်မဟုတ်၊ လူနတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို တောင့်တ၍ လူသည်၊ သင်သည် ဤဒကာမကြီးအား ထိုချမ်းသာတို့ကို ပေးစွမ်းနိုင်အံ့လော၊ မပေးစွမ်းနိုင်အံ့လော၊ သင်သည် ဤဆွမ်းကို ရာဂ၊ ဒေါသ၊ မောဟနှင့်တကွ ခံယူခြင်းငှာ မသင့်တော့ပေ"

ရဟန္တာဖြစ်

ရှင်အယျမိတ္တာသည် မိမိကိုယ်ကိုမိမိ ဤသို့ဆုံးမပြီးလျှင် ဆွမ်းမခံတော့ဘဲ မိမိနေရာ ကဿကလိုဏ်သို့ ပြန်လှည့်လာပြီးလျှင် သပိတ် သင်္ကန်းတို့ကို သိမ်းဆည်းမြဲနေရာ၌ သိမ်းဆည်း၍ "ရဟန္တာမဖြစ်လျှင် ဤလိုဏ်မှ မထွက်တော့" ဟု ဝီရိယကို ဆောက်တည်၍ တရားအားထုတ်တော့သည်။ ရက်ရှည်လည်ောင်း

http://www.dhammadownload.com

မမေ့မလျော့ ကြိုးစားအားထုတ်ခဲ့သော အလေ့အလာရှိသော ရှင်အယျမိတ္တသည် ဝိပဿနာတရား ကြိုးစားရှုပွားရာ နေ့ဆွမ်း မစားမီအချိန်၌ပင် ကောင်းစွာ ပွင့်လန်းသော ပဒုမ္မာကြာပန်း ကဲ့သို့ အာသဝေါကုန်ခန်းရဟန္တာဖြစ်၍ ပြီးရွှင်စွာနှင့်ထိုင်နေ၏။

ထိုအခါ ကဿကလိုဏ်တံခါး၌ စောင့်နေသော နတ်သား သည် "ယောကျ်ားအာဇာနည်၊ သင့်ကို ရှိခိုးပါ၏။ ယောကျ်ား မြတ်၊ သင့်ကို ရှိခိုးပါ၏။ သင်ကား အာသဝေါတရား ကုန်ခန်း ပါပြီ၊ အကျွန်ုပ်အသွင် ဆင်းရဲစင်သောအရှင် သင်သည် မြတ် သော အလှူကို ခံထိုက်ပါ၏"ဟု ဥဒါန်းကျူးရင်ပြီးလျှင် လျှောက် ထား၏။

"အရှင်ဘုရား၊ ဆွမ်းခံကြွကုန်သော အရှင်တို့ကဲ့သို့သော ရဟန္တာတို့ကို ဆွမ်းလှူရသည်ရှိသော် ဒကာမကြီး သားအမိတို့ သည် ဆင်းရဲဒုက္ခမှ မုချလွတ်မြောက်ပါမည်"

မောင်တော်ကို စောင့်မျှော်

ရှင်အယျမိတ္တသည် နေရာမှထ၍ တံခါးဖွင့်ကြည့်သော် အချိန် စောသေးကြောင်းသိလျှင် သပိတ် သင်္ကန်း ပြင်ဆင်၍ ဆွမ်းခံ ဝင်၏။ သတို့သမီးသည်လည်း ဆွမ်းချက်ပြုတ်ပြီး၍ "ငါ၏ မောင်တော် လာခါနီးပြီ၊ ငါ၏မောင်တော် လာခါနီးပြီ"ဟု လာမည့် လမ်းသို့ စောင့်မျှော်လျက် ထိုင်နေ၏။ ရှင်အယျမိတ္တအိမ်ဝသို့ ရောက်သော် သပိတ်ကိုယူ၍ ထောပတ်၊ တင်လဲနှင့် ယှဉ်စပ် သော နို့ဆွမ်းကိုထည့်ပြီး ကပ်လှူ၏။ ရှင်အယျမိတ္တသည် "ကိုယ်

http://www.dhammadownload.com

စိတ်နှစ်ဖြာ ချမ်းသာပါစေ" ဟု အနုမောဒနာပြု၍ ပြန်ကြွသွားလေ၏။

သတို့သမီးသည် ခါတိုင်းထက် အသွင်အပြင် အမူအရာထူးခြားသော ရှင်အယျမိတ္တကို ဖူးမြော်ရင်း ရပ်လျက်စဉ်းစားနေ၏။ "ငါ့မောင်တော်၏ အရေအဆင်းသည် ယနေ့ အထူးသဖြင့် ကြည်လင်၏။ ဣန္ဒြေတို့သည် အလွန်ကြည်လင်ကုန်၏။ အညှာမှ ကြွေကျသော ထန်းသီးမှည့်ကဲ့သို့ အလွန်လျှင် တင့်တယ်၏"

ဒကာမကြီးသည် တောမှပြန်လာလျှင်လာချင်း "ဘယ့်နှယ်လဲ သမီးတော်၊ သင့်မောင်တော် ကြွရဲ့လား၊ သင်ကော ငါမှာတဲ့အတိုင်း ချက်ပြုတ်လှူဒါန်းရဲ့လား"

သတို့သမီးသည် မိခင်အား အကြောင်းစုံကို ပြောပြ၏။ ထိုအခါ သတို့သမီး မိခင်က 'ယနေ့ ငါ၏သားတော်သည် ရဟန်းကိစ္စပြီးပြီ' ဟု သိ၍ 'ချစ်သမီး၊ သင့်မောင်တော် သာသနာတော်၌ မွေ့လျော်ပြီ၊ မင်္ဂီးငွေ့တော့ပြီ' ဟု သမီးအား ပြောပြ၏။

ဤအလှူမျိုးကား ဒါနသာမိဖြစ်၏။ ယင်းအလှူမျိုးဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားပါ။

လောဘရံသောဒါန၊ ဒေါသရံသောဒါန၊ မောဟရံသောဒါန

(၁) မိမိဥစ္စာနှင့် တန်ရုံမယူဘဲလျက် အနည်းငယ်ဖြင့် အများကို လိုချင်၍ အနိုင်အထက် နှိပ်စက်ညှဉ်းဆဲလျက် ရသောဝတ္ထုပစ္စည်းကို လှူခြင်းသည် "**လောဘရံသောဒါန**" မည်၏။

ယင်းဒါနသည် လူဖြစ်က ကြွယ်ဝချမ်းသာသော မိစ္ဆာ ဒိဋ္ဌိလူမျိုး၌ဖြစ်၍ နတ်ဖြစ်က အညှံ့စား အသုရာနတ်မျိုး၌ ဖြစ်၏။

http://www.dhammadownload.com

(၂) သူတစ်ပါးတို့ထံမှ နှိပ်စက်ညှဉ်းဆဲ လုယက်တိုက် ခိုက်၍ရသော ဝတ္ထုပစ္စည်းကို လှူခြင်းသည် "**ဒေါသရံသောဒါန**" မည်၏။

ယင်းဒါနသည် ဥစ္စာကြွယ်ဝသော အမျိုးဌ် ဖြစ်ရငြားသော်လည်း ချစ်ခင်သူ မရှိခြင်း၊ အဆင်းမလှခြင်း၊ နှစ်သက်ဖွယ်မရှိခြင်း၊ မိမိစကားကို သူတစ်ပါးတို့ မလိုက်နာခြင်း၊ ဩဇာအာဏာ မရှိခြင်း ဖြစ်တတ်၏။

(၃) လက္ခဏာရေးသုံးပါး သခ်ၤါရတရားတွေကို မဆင်မခြင်ဘဲ မိုက်မဲတွေဝေ မေ့လျော့၍ မြူးထူးပျော်ရွှင် ပွဲလမ်းသဘင်နှင့် လှူခြင်းသည် '**မောဟရံသောဒါန**' မည်၏။

ယင်းဒါနသည် ဥစ္စာကြွယ်ဝသော အမျိုးဌ် ဖြစ်စေကာမူ ပညာနည်းခြင်း၊ မေ့လျော့ခြင်း၊ တွေဝေခြင်း၊ မိုက်မဲခြင်း၊ အကြောင်းဟုတ်သည် မဟုတ်သည်ကို မသိတတ်ခြင်း ဖြစ်တတ်၏။

(ဆောင်)

ပွဲငှားအလှူ၊ ပေးသည့်လူ၊ ပုံတူမုဆိုး ကုသိုလ်ရှင်။
ပွဲခ ငွေယူ၊ ကပြသူ၊ ပုံတူမုဆိုး ခွေးအသွင်။
ပွဲသွားလာသူ၊ လူမိုက်မူ၊ ပုံတူခွေးစား သားသမင်။

ဝိနည်းဒါနလေးပါး

သဘောရင်းအားဖြင့် ဒါနသည် လေးပါးရှိသည်ဟူ၍ ကျမ်းဂန်တို့၌ တိုက်ရိုက် အဆိုအပြမရှိကြ။ သို့သော် ဝိနည်းဒေသနာတော်အလို–

http://www.dhammadownload.com

(၁) အဝတ်သင်္ကန်း လှူခြင်း၊
(၂) ဆွမ်း ခဲဖွယ်ဘောဇဉ် လှူခြင်း၊
(၃) ကျောင်းအိပ်ရာနေရာ လှူခြင်း၊
(၄) ဆေးပစ္စည်းလှူဒါန်းခြင်း

ဟု ပစ္စည်းလေးပါးရှိသဖြင့် ဒါနလေးပါးရှိသည်ဟု ပြဆိုသင့်၏။

ပစ္စည်းလေးပါး ဖိတ်ပုံ

ယင်းပစ္စည်းလေးပါးကို အစွဲပြု၍ 'အရှင်ဘုရား၊ တပည့်တော်ကို ပစ္စည်းလေးပါး ဒါယကာအဖြစ် အသိအမှတ်ပြုတော်မူ၍ လိုအပ်သော ပစ္စည်းတို့ကို လိုအပ်သောအချိန်တွင် အလှူခံတော်မူပါ' ဟု ခေါ်သည်။

ဤ၌ 'ပစ္စည်းလေးပါး ဒကာအဖြစ် အသိအမှတ်ပြုတော်မူပါ' ဟူ၍သာ လျှောက်ထား၍ 'အလိုရှိရာကို အလှူခံပါ' ဟု မလျှောက်မူထိုဒကာအား အလှူမခံကောင်းဟု ဝိနည်းဓိဋ္ဌာန်များ ယူဆကြ၏။

ဤတွင် ဒကာ လေးမျိုးက သိသင့်၏။ ရဟန်းတော်တို့သည်–

(၁) မိမိ၏ ဝတ်ကြီးဝတ်ငယ်ကို မပြုပေးမူ၍ ပစ္စည်းလေးပါး ဖိတ်ထားသူကို တောင်းသာ တောင်းကောင်း၍ မပေးကောင်း။

(၂) ပစ္စည်းလေးပါးမူကား မဖိတ်ထား၊ မိမိ၏ ဝတ်ကြီးဝတ်ငယ်ကို ပြုလုပ်ပေးသူကို ပေးသာ ပေးကောင်း၍ မတောင်းကောင်း။

http://www.dhammadownload.com

(၃) ပစ္စည်းလေးပါးလည်း မဖိတ်ထား၊ မိမိ၏ ဝတ်ကြီးဝတ်ငယ်ကိုလည်း မပြုသူကို ပေးလည်းမပေးကောင်း၊ တောင်းလည်းမတောင်းကောင်း။

(၄) ပစ္စည်းလေးပါးလည်း ဖိတ်ထား၊ မိမိ၏ဝတ်ကြီးဝတ်ငယ်ကိုလည်း ပြုသူကိုမူ ပေးလည်း ပေးကောင်း၏။ တောင်းလည်း တောင်းကောင်း၏။

ထိုတွင် မိဘနှစ်ပါးသည် ပေးလည်း ပေးကောင်း၊ တောင်းလည်း တောင်းကောင်းသည့် နံပါတ်(၄)တွင် ပါဝင်၏။ မိဘမှ တစ်ပါး ဆွေမျိုးများမူ ပစ္စည်းလေးပါး မဖိတ်ထားသော်လည်း တောင်းကောင်း၍ (၁) အမျိုးအစားတွင် ပါဝင်၏။ အကယ်၍ ဝတ်ကြီးဝတ်ငယ် ပြုလုပ်ပေးပါမူ နံပါတ်(၄)တွင် ပါဝင်၏။ မိဘလည်း မဟုတ်၊ ဆွေမျိုးလည်းမတော်သူကို ပစ္စည်းလေးပါး မဖိတ်ထားပါက မည်မျှ ရင်းနှီးစေကာမူ မတောင်းအပ်၊ မိမိ၏ဝတ်ကြီးဝတ်ငယ်ပြုမပေးလျှင်လည်း မပေးအပ်၊ တချို့က ပစ္စည်းလေးပါး မဖိတ်တတ်သဖြင့် 'တပည့်တော်တို့ကို ဒကာရင်းအဖြစ် မှတ်ပါ' ဟု လျှောက်၏။ ထိုသူသည် မည်မျှ ရင်းနှီးသော်လည်း မတောင်းအပ်သူသာဖြစ်၏။

ဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ဥယျာဉ် အရာမ်ဝယ် သီတင်းသုံးတော်မူစဉ်အခါ၌ ရဟန်းတို့အား ကျောင်းမပညတ် အပ်သေးသဖြင့် ရဟန်းတို့သည် ထိုထိုတော၊ သစ်ပင်ရင်း၊ တောင်၊ ချောက်၊ လိုဏ်ခေါင်း၊ သုသာန်၊ တောချုံ၊ လွင်ပြင်နှင့် ကောက်ရိုးပုံ စသည်တို့၌ သင့်သလို သီတင်းသုံးတော်မူပြီးလျှင် နံနက်

http://www.dhammadownload.com

စောစော ထတော်မူကြ၍ ရှေ့သို့တက်ခြင်း၊ နောက်သို့ဆုတ်ခြင်း၊ တူရူကြည့်ခြင်း၊ တစောင်းကြည့်ခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်းတို့ဖြင့် မျက်လွှာချ၍ စကြံကြွသွားနေကြသည်မှာ ကြည်ညိုဖွယ်ကောင်းလှ၏။ ရာဇဂြိုဟ်ပြည် သူဌေးသည် တစ်နေ့သောနံနက်တွင် စောစောထ၍ ရဟန်းတော်တို့သိတင်းသုံးရာ ဥယျာဉ်အရာမ်သို့ သွားပြီးသော် ရဟန်းတော်တို့ကို ဖူးတွေ့ရလျှင် ကြည်ညိုသဒ္ဓါရှိ၍ ရဟန်းတော်တို့ကို ချဉ်းကပ်ပြီး ရှိခိုးလျှောက်ထား၏။

"အရှင်ဘုရားတို့၊ အကယ်၍ အကျွန်ုပ်ကျောင်းဆောက်လှူဒါန်းပါလျှင် အကျွန်ုပ်၏ ကျောင်း၌ သီတင်းသုံးတော်မူကြပါမည်လော"

"သူကြွယ်၊ ဘုရားရှင်သည် ကျောင်းကို မပညတ်သေးပါ"

"အရှင်ဘုရားတို့၊ သို့ဖြစ်လျှင် ဘုရားရှင်ကို မေးလျှောက်၍ အကျွန်ုပ်အား ပြန်ကြားပါလော"

ရဟန်းတော်တို့သည် "သူကြွယ်၊ ကောင်းပါပြီ" ဟု ရာဇဂြိုဟ်သူဌေး၏ စကားကို ဝန်ခံပြီးလျှင် ဘုရားရှင်ထံသွား ရောက်၍ ရှိခိုးလျှောက်ထား၏။

"မြတ်စွာဘုရား၊ ရာဇဂြိုဟ်သူဌေးသည် ကျောင်းဆောက်လှူဒါန်းလိုပါသည်။ အကျွန်ုပ်တို့ အဘယ်သို့ ပြုကျင့်ရပါမည်နည်း"

"ရဟန်းတို့၊ ဒကာတို့ သဒ္ဓါကြည်ဖြူ၍ ကျောင်းဆောက်လှူပါလျှင် အလှူခံရန် ငါခွင့်ပြုပညတ်တော်မူ၏"

ရဟန်းတော်တို့သည် ဘုရားရှင်၏ ကျောင်းခွင့်ပြု ပညတ်ခြင်းကို သိရလျှင် ရာဇဂြိုဟ်သူဌေးကို ပြန်ကြားပြောဆို၏။

http://www.dhammadownload.com

ရာဇကြိုဟ်သူဌေးသည် ဝမ်းမြောက်ဝမ်းသာစွာနှင့် တစ်နေ့တည်း မှာပင် ကျောင်းပေါင်း ခြောက်ဆယ်တို့ကို ပြီးမြောက်အောင် ဆောက်လုပ်ပြီးလျှင် ဘုရားရှင်ထံ သွားရောက်၍ လျှောက်ထား၏။

"မြတ်စွာဘုရား ဘုရားရှင်သည် မနက်ဖြန် ကောင်းမှု ကုသိုလ်အလို့ငှာ ရဟန်းအပေါင်းနှင့်တကွ အကျွန်ုပ်၏ ဆွမ်းကို သည်းခံတော်မူပါ"

ဘုရားရှင်သည် ဆိတ်ဆိတ်နေခြင်းဖြင့် ရာဇကြိုဟ်သူဌေး၏ ဆွမ်းကို သည်းခံတော်မူ၍ နောက်တစ်နေ့နံနက် မိုးသောက် အလင်းရောက်သော် ရဟန်းအပေါင်းခြံရံလျက် ရာဇကြိုဟ်သူဌေး သည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ဆွမ်း ခဲဖွယ် ဘောဇဉ်တို့ဖြင့် ကိုယ်တိုင်ကိုယ်ကျ သာဟတ္ထိက သက္ကစ္စ မြောက် လက်ရောက်ကြည်ဖြူ ပေးလှူတော်မူပြီးလျှင် ဘုရားရှင် အား ရှိခိုးလျှောက်ထား၏။

"မြတ်စွာဘုရား၊ ကောင်းမှုကို အလိုရှိသော နတ်ရွာသုဂတိ ကို အလိုရှိသော အကျွန်ုပ်သည် ကျောင်းပေါင်း ခြောက်ဆယ် တို့ကို ဆောက်လုပ်ပြီးပါပြီ၊ ထိုကျောင်းတို့ကို အဘယ်သို့ စီမံ လှူဒါန်းရပါမည်နည်း"

သံဃိက အလှူ

"တေနဟိ တွံဂဟပတိ တေ သဋ္ဌိဝိဟာရေ အာဂတာနာဂ တသ္သ စာတုဒ္ဒိသသ္သ သံဃသ္သ ပတိဋ္ဌာပေဟိ=သူကြွယ်၊ သို့ဖြစ်လျှင် သင်သည် ထိုကျောင်းပေါင်း ခြောက်ဆယ်တို့ကို

http://www.dhammadownload.com

ရောက်ပြီး၊ ရောက်ဆဲ၊ ရောက်လတ္တံ့သော အရပ်လေးမျက်နှာ၌ ရှိနေသော ရဟန်းသံဃာအား လှူဒါန်းပူဇော်လေလော့"

ရာဇဂြိုဟ်သူဌေးသည် ဘုရားရှင်၏ မိန့်ကြားတော်မူချက် အတိုင်း ကျောင်းပေါင်း ခြောက်ဆယ်တို့ကို 'အာဂတ နာဂတ စတုဒ္ဒိသာ သံဃိက' ရေစက်ချ၍ ရဟန်းသံဃာအား လှူဒါန်း လေသည်။ ဘုရားရှင်သည် ရာဇဂြိုဟ်သူဌေးအား ဤသို့ ကျောင်း အနုမောဒနာတရား ဟောကြားတော်မူလေသည်။

ကျောင်းအနုမောဒနာတရား

"သူကြွယ်၊ ကျောင်းသည် အချမ်း၊ အပူကိုလည်းကောင်း၊ ခြင်္သေ့ သစ်ကျားစသော သားရဲဘေးရန်တို့ကိုလည်းကောင်း၊ မြွေ၊ ကင်း၊ သန်း၊ မှက်၊ ခြင်နှင့် ယင်ရဲ တို့ကိုလည်းကောင်း၊ မိုးဖွဲနှင့် ဆီးနှင်းတို့ကိုလည်းကောင်း၊ သည်းထန်စွာရွာသော မိုးတို့ကို လည်းကောင်း၊ မလာရောက်အောင် ပယ်ဖျောက်နိုင်၏"

"သူကြွယ်၊ ထို့မှတစ်ပါး ကျောင်းသည် ဥတုအလျောက် ပေါ်ပေါက်ဖြစ်ပွားလာသော ကြောက်ရွံ့ဘွယ်နှင်း ကြမ်းတမ်းစွာသော မုန်တိုင်းလေပွေ နေပူတံလျှပ်ကိုလည်းကောင်း၊ ပယ်ဖျောက်နိုင်ပေ၏။ တစ်ပါးတည်းမွေ့လျော်ခြင်းငှာလည်းကောင်း၊ ချမ်းသာစွာ နေခြင်းငှာလည်းကောင်း၊ စျာန်ဝင်စား ရှုမှတ်ခြင်းငှာလည်းကောင်း၊ ဝိပဿနာ ကမ္မဋ္ဌာန်း စီးဖျန်းခြင်းငှာလည်းကောင်း၊ လျောက်ပတ်၍ သံဃာတော်အား ကျောင်းအလှူဒါနကို မြတ်၏ဟူ၍ ဆုဆု ထွတ်ထား မြတ်ဘုရားသည် ချီးမွမ်းတော်မူအပ်ပေ၏"

http://www.dhammadownload.com

"သူကြွယ် ထို့ကြောင့် မိမိ၏ လူနတ် နိဗ္ဗာန်သုံးတန်သော အကျိုးကို ကောင်းစွာမြင်သော ပညာရှိသည် မွေ့လျော်ဖွယ် ကောင်းကုန်သော ကျောင်းသခံမ်းကို ဆောက်လုပ်စေရာ၏။ ဆောက်လုပ်ပြီးသော ကျောင်းသခံမ်းတို့၌ "ဆယ်ဝါ၊ ပြည့်တင်း၊ ဝိဘင်း နှစ်ဖြာ ကမ္မာကမ္မ ခန္ဓကပုဒ်၊ နာမ်ရုပ်ပိုင်ပိုင် ဟောစွမ်းနိုင်သော ဗဟုသုတ စုံလင်သော ရဟန်းတော်များကို နေထိုင်ရာစေ၏"

"သူကြွယ်၊ ဖြောင့်မတ်ဖြူစင်ကုန်သော ထိုဗဟုသုတ စုံလင် ကျောင်းအနေ အရှင်တို့အား ဆွမ်း၊ အဖျော်ယမကာကိုလည်း ကောင်း၊ အဝတ် သင်္ကန်းတို့ကိုလည်းကောင်း၊ ကြည်ညိုသော စိတ်ထားဖြင့် ပေးလှူရာ၏"

"သူကြွယ်၊ ဗဟုသုတစုံလင် ကျောင်းအနေ အရှင်တို့သည် ကျောင်းလှူ ဒကာတို့အား ခပ်သိမ်းသော ဝဋ်ဆင်းရဲကို ပယ်တတ်သော သူတော်ကောင်းတရားကို ဟောရာ၏။ ကျောင်းဒကာသည် ဤအဲ့ဖွယ် ရှစ်ဖြာ သာသနာတော်၌ ကျောင်းအနေ အရှင်တို့ ဟောကြားသော သူတော်ကောင်းတရားကို လိုက်နာကျင့်ကြံသော် တရားကို ပိုင်းခြားသိ၍ အာသဝေါကင်းကွာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ပြုရာ၏"

ကျောင်းဆောက်၍ ဘုံပေါက်

ဗာရာဏသီပြည်သား နန္ဒိယသူကြွယ်သည် ဘုရားရှင် ဟောကြားတော်မူသော ကျောင်းအနုမောဒနာတရားတော်ကို နာကြား

http://www.dhammadownload.com

ရ၍ သဒ္ဓါတရား တိုးပွားပြီး ကလသိပတနမိဂဒါဝုန်တော၌ ကျောင်းကြီးတို့ကို ဆောက်လုပ်၍ ညောင်စောင်း၊ ခုတင်၊ အိပ်ရာစသည့် ပရိဘောဂ အစုံအလင် ခင်းကျင်းပြီးလျှင် ဘုရားအမှူးရှိသော ရဟန်းသံဃာအား အလှူကြီးပေး၍ ဘုရားရှင်၏ လက်တော်၌ ရေစက်သွန်းချ လှူဒါန်းတော်မူလေ၏။

တစ်နေ့သ၌ ရှင်မဟာမောဂ္ဂလာန်သည် နတ်ပြည်သို့ ဒေသစာရီ ကြွချီတော်မူသောအခါ ရှေးယခင် ကြွချီစဉ်တုန်းက မမြင်ဖူးခဲ့သော ဘုံဗိမာန်ပြာသဒ်တစ်ခုကို တွေ့လျှင် နတ်သားတို့ကို မေး၏။

"နတ်သမီး အခြံအရံတွေ များစွာရှိသော ဒီဘုံဗိမာန်ပြာသဒ်သည် ဘယ်နတ်သား၏ ဘုံဗိမာန်ပြာသဒ်လဲ"

"အရှင်ဘုရား၊ ဗာရာဏသီပြည် မိဂဒါဝုန်တော၌ ရဟန်းသံဃာအတွက် ကျောင်းဆောက်လှူဒါန်းသော မောင်တော် နန္ဒိယသူကြွယ်အတွက် ပြာသဒ်ပါဘုရား"

ပြာသဒ်ပေါ်တွင် ရှိနေသော နတ်သမီးများသည် ရှင်မဟာမောဂ္ဂလာန်ကို မြင်လျှင် ဆင်းလာပြီး လျှောက်ထား၏။

"အရှင်ဘုရား၊ ကျွန်ုပ်တို့သည် မောင်တော် နန္ဒိယ၏ ခြေရင်းအလုပ်အကျွေး နတ်မိဖုရား ဖြစ်အံ့သောငှာ ဤပြာသဒ်သို့ ရောက်လာရပါကုန်၏။ သူ့ကို မမြင်ရ၍ အလွန် ငြီးငွေ့ကြပါကုန်၏။ မြေခွက်ကိုခွဲ၍ ရွှေခွက်ကို ယူသကဲ့သို့ လူ့စည်းစိမ်ကို စွန့်ပြီး နတ်စည်းစိမ်ကို ယူခြင်းငှာ နတ်ပြည်သို့ မြန်မြန်လာပါလို့ မောင်တော်နန္ဒိယအား ပြောပေးပါဘုရား"

http://www.dhammadownload.com

ရှင်မဟာ မောဂ္ဂလာန်သည် နတ်ပြည်မှ ပြန်ကြွလာသော် ဘုရားရှင်ထံ ချဉ်းကပ်၍ ရှိခိုးလျှောက်ထား၏။

"မြတ်စွာဘုရား၊ လူ့ပြည်၌ ရှိစဉ်ကပင် ကောင်းမှုပြုကုန်သော သူတို့အတွက် နတ်ပြည်တွင် နတ်ဘုံဗိမာန် ပြာသဒ် ပေါက်နိုင် ပါသလား ဘုရား"

"မောဂ္ဂလာန်၊ သင်သည် နတ်ပြည်တွင် နန္ဒိယသူကြွယ်၏ ဘုံဗိမာန် ပြာသဒ်ကို ကိုယ်တိုင်မြင်ခဲ့ပါလျက် အဘယ့်ကြောင့် ငါ့ကို မေးနေဘိသနည်း"

"မြတ်စွာဘုရား၊ အကျွန်ုပ်ကိုယ်တိုင် မြင်ခဲ့ပါ၏"

"မောဂ္ဂလာန်၊ မိမိရပ်ရွာမှ အရပ်တစ်ပါး ဖဲခွာသွားသော ဆွေမျိုးသားချင်း မိတ်ဆွေရင်းတို့သည် အရပ်တစ်ပါးမှ ပြန်လာ သော် ရပ်ရွာရှိ ဆွေမျိုးသားချင်း မိတ်ဆွေရင်းတို့က လျင်မြန်စွာ လာပြီး "ပြန်လာပြီလား၊ ကျန်းမာရဲ့လား၊ ချမ်းသာရဲ့လား? စသည်ဖြင့် မေးမြန်းလျက် နှစ်သက်ရွှင်လန်း ဝမ်းပန်းတသာ ကြိုဆိုရာသကဲ့သို့ ဤလူ့ပြည်မှ ကုသိုလ်ကောင်းမှုပြုသော ယောကျ်ားကို ဖြစ်စေ၊ မိန်းမဖြစ်စေ လူ့လောကကို စွန့်၍ နတ် ပြည်လောကကို သွားသော် ဆယ်မျိုးသော နတ်တို့၏ လက် ဆောင်ပဏ္ဏာတို့ကို ယူ၍ "ငါ အလျင်၊ ငါအလျင်" ဟူ၍ နတ် များက ဝမ်းပန်းတသာ ကြိုဆိုကြကုန်ရာ၏"

သည်ကိုရည်၍ မာန်လည်ဆရာတော်ဘုရားကြီးက ဤသို့ စပ်ဆိုခဲ့သည်။

http://www.dhammadownload.com

"လူဒါ သီလ၊ ကိုယ်နှင့်မျှအောင်၊ လုံ့လမယုတ်၊ အားသွန်ထုတ်ဟု၊ အဟုတ်နောင်ခါ၊ ခန္ဓာကိုယ်ဟောင်း၊ ဘဝပြောင်းသော်၊ သောင်းသောင်းဝန်းအုံ၊ လူနတ်ဘုံဝယ်၊ အာရုံငါးဖြာ၊ များပဏ္ဍာနှင့်၊ ခံကာ ဆီးကြို၊ ရှေးကဆိုသို့၊ ကုသိုလ်အကျိုး၊ ဆွေမျိုးကောင်းမည်၊ စွဲမှတ်တည်လော့"

သာဓုခေါ်ရကျိုး

အခါတစ်ပါး၌ ရှင်အနုရုဒ္ဓသည် နတ်ပြည်သို့ ဒေသစာရီကြွချီလောသော် စည်းစိမ်ဥစ္စာ ပြည့်စုံကြီးမားသော နတ်သမီးတစ်ယောက်ကို တွေ့မြင်လျှင် ချည်းကပ်၍ မေးလေ၏။

"နတ်သမီး၊ သင်၏ စည်းစိမ်ဥစ္စာ ပြည့်စုံကြီးမားခြင်း၏ အကျိုးသည် အဘယ် ကုသိုလ်ကံ၏ အကျိုးနည်း၊ သင့်ကို ငါ မေး၏။ ဖြေကြားပါလော"

"အရှင်ဘုရား၊ အကျွန်ုပ်၏ အဆွေခင်ပွန်းမ ဝိသာခါသည် သာဝတ္ထိပြည်၌ ပုဗ္ဗာရုံကျောင်းကြီးကို ဆောက်လုပ်ပြီး ကျောင်းရေစက်ချ ပူဇော်ပွဲကျင်းပသောအခါ 'အကျွန်ုပ်သည် ကျောင်းအလှူကုသိုလ်ထူးကို ဆည်းပူးအပ်ပြီ၊ ထိုကုသိုလ်၏ အဖို့ဘာဂ အမျှကို သင်တို့အား ပေးဝေ၏။ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုကြလော့' ဟု တိုက်တွန်းမှုကို 'အဟောသာဓု=ကြောကောင်းပါပေစွ၊ အဟောသာဓု=ကြောကောင်းပါပေစွ' ဟု အကျွန်ုပ် ကြည်လင်သောစိတ်ထားဖြင့် ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုခဲ့ပါ၏။

http://www.dhammadownload.com

"–အရှင်ဘုရား၊ အကျွန်ုပ်၏ ထိုဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ သက်သက်ကြောင့်သာလျှင် မဖြစ်ဖူးမြဲ၊ ထူးကဲသော ရှုချင်စဖွယ်ရှိသော ဤဘုံဗိမာန် ပြာသဒ်ကို ရခဲ့ပါ၏။။ ဤဗိမာန်သည် အကျွန်ုပ်၏ ကောင်းမှုအာနုဘော်ကြောင့် ကောင်းကင်၌ သွားလာနိုင်ပါ၏။။"

"–အရှင်ဘုရား၊ အကျွန်ုပ်၏ ဗိမာန်၌ ရေကန်တို့သည် နှလုံးမွေ့လျော် ပျော်ဖွယ်ရှိပါကုန်၏။။ ငါးအပေါင်းတို့ မှိုင်းအပ်ကုန်၏။။ ကြည်လင်သော ရေရှိ၏။။ ရွှေအတိပြီးသော သဲတို့ဖြင့် ခင်းထားအပ်ပါကုန်၏။။ ကြာပဒုမ္မာ၊ ကြာဖြူ၊ ကြာပုဏ္ဍရိက်တို့ဖြင့် ဖုံးလွှမ်းအပ်ကုန်၏။။ မွှေးကြိုင်သော ရနံ့တို့သည် ထက်ဝန်းကျင် ပျံ့နှံ့လှိုင်ကုန်၏။။

"–အရှင်ဘုရား၊ အကျွန်ုပ်၏ ဗိမာန်အနီး၌ သပြေပင်၊ ပိန္နဲပင်၊ ထန်းပင်နှင့် အုန်းပင်တို့သည်လည်းကောင်း၊ အထူးထူးသော သစ်ပင်တို့သည်လည်းကောင်း၊ မစိုက်ပျိုးရသဲ့ ပေါက်ကုန်၏။။ မဖြစ်ဖူးမြဲဖြစ်၍ ရှုချင်စဖွယ် ဖြစ်သော ထက်ဝန်းကျင်မှ ထွန်းပသော အရောင်ရှိသော ဤဗိမာန်သည် အကျွန်ုပ်၏ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုခဲ့သော ကုသိုလ်ကံကြောင့် ဖြစ်ပါ၏"

ဤကား ကျောင်းလှူ၍လည်းကောင်း၊ သူတစ်ပါးကျောင်းအလှူကို ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်၍လည်းကောင်း အကျိုးရပုံ အတုယူဖွယ် သာဓကများတည်း။

http://www.dhammadownload.com

တိုက်တွန်းခြင်းနှင့်စပ်၍ ဒါနပြုပုံလေးမျိုး

အခါတစ်ပါး၌ သာဝတ္ထိပြည်သူ ပြည်သားတို့သည် စုပေါင်း၍ ဘုရားအမှူးရှိသော ရဟန်းသံဃာကို အလှူဒါန ပေးလှူကြကုန်၏။ ထိုအလှူပွဲ၌ ဘုရားရှင်သည် ဤသို့ အနုမောဒနာတရားကို ဟော ကြားတော်မူလေ၏။

လှူလေးမျိုး

ဒကာတို့၊ ဤလောက၌-

(၁) အချို့သောသူသည် မိမိသာလျှင်လှူ၍ သူတစ်ပါးကို ပေးလှူစေရန် မတိုက်တွန်း၊ ထိုသူသည် ဖြစ်ရာဖြစ်ရာ ဘုံဘဝ၌ စည်းစိမ်ဥစ္စာ ကြွယ်ဝ၏။ သို့သော် အခြံအရံ ပရိသတ် မပြည့်စုံ၊

(၂) အချို့သော သူသည် မိမိမူကား မပေးလှူဘဲ သူ တစ်ပါးကို လှူရန် တိုက်တွန်း၏။ ထိုသူသည် ဖြစ်ရာဖြစ်ရာဘုံဘဝ၌ အခြံအရံပရိသတ် ပြည့်စုံ၏။ သို့သော် စည်းစိမ်ဥစ္စာမပြည့်စုံ၊

(၃) အချို့သော သူသည် မိမိလည်း မပေးလှူ၊ သူ တစ်ပါးကိုလည်း ပေးလှူရန် မတိုက်တွန်း၊ ထိုသူသည် ဖြစ်ရာဖြစ်ရာဘုံဘဝ၌ စည်းစိမ်ဥစ္စာလည်း မပြည့်စုံ၊ အခြံအရံ ပရိသတ်လည်း မပြည့်စုံ၊

(၄) အချို့သောသူသည် မိမိလည်းပေးလှူ၏၊ သူတစ်ပါး ကိုလည်း ပေးလှူရန် တိုက်တွန်း၏။ ထိုသူသည် ဖြစ်ရာဖြစ်ရာ ဘုံဘဝ၌ စည်းစိမ်ဥစ္စာလည်း ပြည့်စုံ၏။ အခြွေအရံပရိသတ် လည်း ပြည့်စုံ၏။

http://www.dhammadownload.com

တရားဒေသနာတော် နိဂုံးကား အဆုံးသတ်သောအခါ ဉာဏ်ပညာနှင့် ပြည့်စုံသော ယောက်ျားတစ်ယောက်သည် 'ဤ အကြောင်းသည် အံ့ဖွယ်ရှိပေစွ၊ ငါသည် ယခုအခါ၌ စည်းစိမ် ဥစ္စာနှင့်လည်း ပြည့်စုံကြွယ်ဝ၏။ အခြံအရံနှင့်လည်း ပြည့်စုံသော ကုသိုလ်ကို ပြုပါအံ့'ဟု ကြံစည်၍ ဘုရားရှင်အား ရှိခိုးလျှောက် ထား၏။

"မြတ်စွာဘုရား၊ မနက်ဖြန် အကျွန်ုပ်တို့၏ ဆွမ်းကို အလှူခံ တော်မူပါ အရှင်ဘုရား"

"ဒကာ၊ ရဟန်းသံဃာ ဘယ်နှစ်ပါးအလိုရှိသနည်း"

"ဘုရားရှင် အမှူးရှိသော ရဟန်းသံဃာကုန် အလိုရှိပါသည် ဘုရား"

ဘုရားရှင်သည် ဆိတ်ဆိတ်နေခြင်းဖြင့် သည်းခံတော်မူ၏။ သူသည် မြို့တွင်းသို့ လှည့်လည်၍ လူအများအား နှိုးဆော်၏။

နှိုးဆော်တိုက်တွန်းချက်

"အို–အမိတို့ အမောင်တို့၊ အကျွန်ုပ်သည် မနက်ဖြန်အတွက် ဘုရားရှင်အမှူးရှိသော ရဟန်းသံဃာကုန် ပင့်ဖိတ်ခဲ့ပါသည်။ တတ် နိုင်သလောက် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ထောပတ်၊ တင်လဲနှင့် ဝတ္ထုကြွေးငွေ စသည်တို့ကို ပေးလှူကြပါ။ တစ်နေရာ တည်း၌ စုပေါင်း ချက်ပြုတ်ပြီး ပေးလှူကြမည်"

ထိုသို့ ကြွေးကြော်လျက် လှည့်လည်ပြီး အလှူဝတ္ထုကောက်ခံ နေရာ သူဌေးတစ်ယောက်၏ အိမ်ရှေ့သို့ ရောက်လာသော်

http://www.dhammadownload.com

သူဌေးက "ဤသူသည် မိမိစွမ်းနိုင်သမျှ ရဟန်း သံဃာတို့ကို မပင်ဖိတ်ဘဲ အများကြီးပင်ဖိတ်ပြီး တစ်မြို့လုံး လှည့်လည်အလှူခံ ဘိ၏" ဟု ကြံစည်စိတ်ကူး၍ လက်သုံးချောင်းဖြင့် ဆန်၊ ထိုအတူ ပဲတို့ကို ပေးလှူ၏။ ထောပတ်စသည်တို့ကိုလည်း အိုးစောင်းပြီး တစ်စက်ချင်းချ၍ ပေးလှူ၏။ ထိုအခါမှစ၍ 'ဗိဠာလပါဒကသူဌေး' ဟူသော အမည်သည် တွင်၏။

တိုက်တွန်းနှိုးဆော်သူသည် ထိုသူဌေးပေးလှူသော ပစ္စည်း တို့ကို တခြားလူများပေးလှူသော ပစ္စည်းများနှင့် မရောနှောဘဲ သီးသန့်ယူ၏။ သူဌေးသည် ထိုအခြင်းအရာကို မြင်၍ 'ဤသူ သည် အဘယ်ကြောင့် ငါပေးလှူသည်ကို သီးသန့်ယူသနည်း' ဟု ကြံ၍ သူ၏ အလုပ်အကျွေး တစ်ယောက်ကို 'အမောင် သွားတဲ့ချေ။ ဤသူသည် ငါပေးလှူသည့် ပစ္စည်းများကို ဘယ်လို လုပ်သည်ကို သိအောင်ပြုလုပ်ခဲ့ပါ'ဟု လွှတ်၏။

တိုက်တွန်းနှိုးဆော်သူသည် 'သူဌေးအား အကျိုးကြီးသည် ဖြစ်ပါစေ'ဟုဆို၍ အားလုံး သူ့အမျိုးအစားနှင့်သူ ရောလိုက်၏။ သူဌေး၏အလုပ်အကျွေးသည် သူဌေးအား ထိုအကြောင်းကို ပြောပြ၏။ သူဌေးသည် ထိုစကားကို ကြားရသော် 'အကယ်၍ ဤလူသည် ပရိသတ်အလယ်၌ ငါ၏ ဂုဏ်ကျေးဇူးမဲ့ကို ဆိုအံ့၊ ငါ့နာမည်ကို ခေါ်ကာမျှဖြင့်ပင် သူ့ကို ငါသတ်အံ့'ဟု ကြံ၍ နောက်နေ့ အလှူပေးသောအခါ ဓားကို ဝှက်၍ယူသွားလေသည်။

တိုက်တွန်းနှိုးဆော်သူသည် ဘုရားအမှူးရှိသော ရဟန်းသံဃာ အားလုံး ဆွမ်းဘုဉ်းပေးပြီးသော် အလှူ အနုမောဒနာတရား နာကြားပြီးနောက် ဘုရားရှင်အား လျှောက်ထား၏။

http://www.dhammadownload.com

'မြတ်စွာဘုရား၊ အကျွန်ုပ်သည် လူများအပေါင်းကို တိုက်တွန်းနှိုးဆော်ပြီး ဤကုသိုလ်ကို စုပေါင်း၍ ပေးလှူပါ၏။ ဤအလှူကုသိုလ်၌ မိမိတို့ စွမ်းအားရှိသလောက် အနည်းအများ အသီးသီး အလှူ ဝတ္ထုပါဝင်ကြပါ၏။ ထိုသူအားလုံးတို့အား အကျိုးကြီးသည် ဖြစ်ပါစေ'

သူဌေးသည် တိုက်တွန်းနှိုးဆော်သူ၏ စကားကိုကြားသော် 'ငါ၏ အထင်နှင့်အမြင်ဖြင့် အလွဲကြီးလွဲချေပြီ။ ဤကဲ့သို့ စိတ်သဘောကောင်းရှိသူကို ပြစ်မှားမှုကို အကယ်၍ ငါ မကန်တော့အံ့၊ ဒေဝဒဏသည် ငါဦးခေါင်းထက် ကျလတ္တံ့'ဟု ကြံစည်ပြီး လျှင် တိုက်တွန်းနှိုးဆော်သူ၏ ခြေရင်းတွင် ဝပ်စင်း၍ ကန်တော့၏။

'အို–အရှင်၊ အကျွန်ုပ်အား သည်းခံ ခွင့်လွှတ်ပါ'

'သည်းခံ ခွင့်လွှတ်ရမည့် အမှုကား အဘယ်နည်း'

သူဌေးသည် သူ၏ အကြံအစည်အလုံးစုံကို ပြောပြ၏။ တိုက်တွန်း နှိုးဆော်သူသည် သည်းခံခွင့်လွှတ်၏။ ထိုအခြင်းအရာကို မြင်သော ဘုရားရှင်သည် တိုက်တွန်းနှိုးဆော်သူကို မေး၏။

'အဘယ်ကြောင့် သူဌေးက သင့်အား ကန်တော့သနည်း'

တိုက်တွန်းနှိုးဆော်သူသည် သူဌေး ကြံစည်သမျှ အလုံးစုံကို ဘုရားရှင်အား လျှောက်ထား၏။ ဘုရားရှင်သည် သူဌေးအား မေး၏။

'သူကြွယ်၊ ထိုတိုက်တွန်းနှိုးဆော်သူ ပြောတာ အလုံးစုံ မှန်သလား'

'မှန်ပါသည် မြတ်စွာဘုရား'

http://www.dhammadownload.com

နည်းသော်လည်း အကျိုးကြီး

'သူကြွယ်၊ ကောင်းမှုမည်သည် အနည်းငယ်လေးမျှ ဟူ၍ အထင်မသေးအပ်၊ ငါကဲ့သို့သော ဘုရားအမှူးရှိသော ရဟန်းသံဃာကို ပေးလှူပြီးလျှင် အနည်းငယ်ကလေးမျှဟူ၍ အထင်မသေးအပ်၊ မှန်၏။ ပညာရှိသူတို့သည် ကုသိုလ်ကောင်းမှုကို ပြုလုပ်သော် အဖုံးဖွင့်ထားသော အိုးသည် တစ်စက်စက်ရေကျပါများသော် ပြည့်သကဲ့သို့ အစဉ်သဖြင့် ကုသိုလ်ကောင်းမှုဖြင့် ပြည့်သည်သာ တည်း'

"သူကြွယ် ပညာရှိသောသူသည် ကုသိုလ်ဒါနပြုပြီးသော် 'ငါသည် အနည်းငယ်မျှ ကုသိုလ်ဒါနကို ပြုအပ်ပြီ၊ အနည်းငယ်မျှ အကျိုးဝိပါက်၏ အစွမ်းဖြင့် မလာလတ္တံ့၊ ဤအနည်းငယ် ကုသိုလ်သည် အဘယ်မှာ ငှါကို ကြည့်အံ့နည်း၊ ငါကလည်း ထိုအနည်းငယ်မျှ ကုသိုလ်ကံကို အဘယ်မှာ ကြည့်အံ့နည်း၊ အဘယ်သော အခါ ထိုကံသည် အကျိုးပေးအံ့နည်း' ဟု ကုသိုလ်ဒါနကို အထင်မသေးအပ်၊ အဖုံးဖွင့်ထားသော ရေအိုးသည် မပြတ်ရေကျသဖြင့် ပြည့်သကဲ့သို့ ပညာရှိသည် အနည်းငယ်မျှ အနည်းငယ်သော ကောင်းမှုကို ပြုလုပ်ဆည်းပူးသော် ကောင်းမှုဖြင့် ပြည့်၏'

ဦးဆောင်လျှင် ခေါင်းဆောင်ဖြစ်

ဘုရားအလောင်းတော်သည် ရှေးရှေးဘဝများစွာတို့က ကာယသုစရိုက်၊ ဝစီသုစရိုက်၊ မနောသုစရိုက်၊ လှူဒါန်းပေးကမ်းမှု၊ သီလဆောက်တည်မှု၊ ဥပုသ်ကျင့်သုံးမှု၊ အမိအဘကို ပြုစုလုပ်ကျွေးမွေးစသော ကုသိုလ်ကောင်းမှုအစုစုတို့၌ ရှေ့သွားဦးစီး

http://www.dhammadownload.com

အကြီးအမှူးပြုကာ စီမံဆောင်ရွက်တော်မူခဲ့သော ကုသိုလ်ကံကြောင့် နတ်ရွာသုဂတိ ဘုံဌာန၌ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ အစိုးရခြင်း၊ အခြွေအရံများခြင်း၊ နတ်တို့၏ အသုံးအဆောင် ဖြစ်သော ရူပါရုံ၊ သဒ္ဓါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာအာရုံ ပေါများခြင်း ဤဆယ်ပါးသော အရာဌာနတို့၌ တစ်ပါးသော နတ်တို့ထက်သာလွန်သော နတ်စည်းစိမ်ကို ခံစံပြီးနောက် တစ်ဖန် လူ့ပြည်သို့ရောက်တော်မူလာသော အခါ 'နဖူးတော်ဝယ် ပကတိ ပင်ကိုယ်အားဖြင့် သင်းကျစ်ရွှေပြားတပ်စီထားသကဲ့သို့ သင်းကျစ်တော် အသားလွှာပါခြင်း' တည်းဟူသော လက္ခဏာတော်ကို ရတော်မူလေသည်။

အလောင်းတော်သူမြတ်သည် ထိုလက္ခဏာတော်နှင့် ပြည့်စုံတော်မူသည့်အတွက် လူ့ဘောင်၌ နေလျှင် စကြာမင်းဖြစ်၍လည်းကောင်း၊ ရဟန်းပြုလျှင် ဘုရားဖြစ်၍လည်းကောင်း၊ သတ္တဝါထိုထို များလူဗိုလ်တို့ ကိုယ်တော်၏နောက်၌ လိုက်ရခြင်း၊ ကိုယ်တော်မြတ်က ရှေ့သွားခေါင်းဆောင်ဖြစ်ရခြင်းတည်းဟူသော အကျိုးဆက်ကို ရတော်မူ၏။

ဒါန၏မျက်မှောက် အကျိုးပေးကြောင်း လေးပါး

(၁) ပစ္စယာနံ ဓမ္မိကတာ – လှူဖွယ်ဝတ္ထုပစ္စည်းက တရားသဖြင့် ရှာမှီး၍ ရအပ်သည့် ဓမ္မိယလဒ္ဓပစ္စည်း ဖြစ်ခြင်း၊

(၂) စေတနာ မဟတ္တ = သဒ္ဓါတရား ထက်ထက်သန်သန် စေတနာသုံးတန် ညီညွတ်၍ လှူဒါန်းခြင်း၊

http://www.dhammadownload.com

(၃) အလှူခံပုဂ္ဂိုလ်က ရဟန္တာ၊ သို့မဟုတ် အနာဂါမ်ပုဂ္ဂိုလ် ဖြစ်ခြင်း၊

(၄) ဂုဏောတိရေကတာ = ထိုအလှူခံပုဂ္ဂိုလ်က နိရောဓသမာပတ်မှ ထပြီးစဖြစ်ခြင်း၊ ဤ အင်္ဂါလေးပါးနှင့် ပြည့်စုံညီညွတ်သော အလှူဒါနသည် ထိုဘဝမှာပင် အကျိုးပေးနိုင်သည်။

စာရေးတံခွန်း

အခါတစ်ပါး၌ ဘုရားရှင်သည် ဒေသစာရီ ကြွချီတော်မူပြီး၍ သာဝတ္ထိပြည်သို့ ပြန်ကြွလာတော်မူသော် သာဝတ္ထိပြည်သူ ပြည်သားတို့သည် 'အာဂန္တုတို့အား ပူဇော်ခြင်းကို ပြုကုန်အံ့' ဟု နှလုံးသွင်း၍ ဘုရားအမှူးရှိသော ရဟန်းသံဃာတို့ကို စာရေးတံဆွမ်းအလှူကြီး ပေးလှူကြကုန်၏။ ကျောင်း၌ ရဟန်းတို့ကို ဒကာတို့ လိုသလောက် ခွဲဝေစီစဉ်ပေးရန် ဓမ္မဃောသက ရဟန်းတစ်ပါးကို ထားလေ၏။ သူသည် ရဟန်းတို့ကို ဒကာတို့အား အစီအစဉ်နှင့် အချိုးကျခွဲဝေပေး၏။ အလွန်ဆင်းရဲသော အဘွားအိုတစ်ယောက်သည် ရဟန်းတစ်ပါးစာ တာဝန်ယူ၍ ချက်ပြုတ်နေရသည်နှင့် နေမြင့်မှ သံဃာပင့်ရန် ကျောင်းသို့သွား၍ ဓမ္မဃောသက ရဟန်းအား လျှောက်ထား၏။

'အရှင်ဘုရား အကျွန်ုပ်အတွက် ရဟန်းတစ်ပါး ပေးပါလော'

'ဒကာမကြီး၊ ရဟန်းအားလုံး ကုန်ပြီ၊ ရှင်သာရိပုတ္တရာတစ်ပါးသာ ကျောင်း၌ရှိတော့၏။ ရှင်သာရိပုတ္တရာအား ပင့်၍ လှူပါလော'

http://www.dhammadownload.com

အဘွားအို့အလှူ

အဘွားအိုသည် 'ကောင်းပါပြီအရှင်ဘုရား' ဟုဝန်ခံ၍ ရှင်သာရိပုတ္တအား ရှိခိုးလျှောက်ထား၍ သပိတ်ယူပြီး ပင့်ဆောင်သွားလေသည်။ သဒ္ဓါတရားရှိသော လူအပေါင်းသည် 'အဘွားအိုကြီး တစ်ယောက်သည် ရှင်သာရိပုတ္တအား ပင့်ဆောင်သွားသတဲ့' ဟု ကြားကြကုန်သည်။ ထိုတွင် ကောသလမင်းကြီးလည်းပါဝင်၍ 'ငါ့အရှင်အား ဆွမ်းလုပ်ကျွေးသည်ရှိသော် ဤအဝတ်ကို ဝတ်၍ ဤငွေတို့ကို သုံးစွဲပြီး လုပ်ကျွေးပါ' ဟုပြောဆို၍ အဘွားအိုထံ ပုဆိုးအစုံနှင့် ဥစ္စာထောင်ထုပ်၊ မွန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို ပေးပို့၏။ အနာထပိဏ်သူဌေးနှင့် ဝိသာခါတို့လည်း တိုနည်းအတူ ပေးပို့၏။ တစ်ပါးသော သူတို့သည်လည်း မိမိတို့၏ အစွမ်းအားလျော်စွာ ပေးပို့ကုန်၏။ ဤသို့လျှင် အဘွားအိုသည် တစ်ရက်တည်း တစ်နေ့တည်းနှင့် ပုဆိုးအစုံများစွာနှင့် ငွေတစ်သိန်းရ၏။

အဘွားအို့ သောတာပန်ဖြစ်

ရှင်သာရိပုတ္တသည်ကား အခြားသူများ ပို့လှူသော ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို မဘုဉ်းပေးဘဲ အဘွားအို စီရင်ချက်ပြုတ်ပေးလှူအပ်သော ဆွမ်းခဲဖွယ်ဘောဇဉ်ကိုသာလျှင် ဘုဉ်းပေး၏။ ဆွမ်းကိစ္စပြီးသော် အဘွားအိုအား အနုမောဒနာတရားတော် ဟောကြားလေသည်။ အဘွားအိုသည် ဒေသနာတရားတော် အဆုံးသတ်သော် သောတာပန်ဖြစ်၍သွား၏။ ရှင်သာရိပုတ္တသည် ကျောင်းသို့ ပြန်ကြွလာ၏။

http://www.dhammadownload.com

ရဟန်းတော်တို့သည် ညနေချမ်းသို့ရောက်သောအခါ တရား သဘင်မဏ္ဍပ်၌ စည်းဝေး၍ တရားစကား ပြောဆိုကြကုန်၏။

"ငါ့ရှင်တို့၊ တရားစစ်သူကြီး ရှင်သာရိပုတ္တရာသည် အလွန် ဆင်းရဲသော အဘွားအိုကြီးကို ဆင်းရဲသည့်အဖြစ်မှ ကျွတ်လွတ် စေပြီး၊ အဘွားအိုကြီး၏ တည်ရာမှီရာဖြစ်ပြီ၊ အဘွားအိုကြီး ပေးလှူအပ်သော ဆွမ်းကို မစက်ဆုတ်မရွံရှာဘဲ ဘုဉ်းပေးပြီ"

"တန်ခိုး ပေါ်ထင်၊ ကုသိုလ်ရှင်မှ၊ လူတွင် မည်း၊ စည်းစိမ် ဖြိုး၏၊ ကျမ်းရိုးအရှိ၊ လမ်းမှန်သိလော့၊ လောကီ ချမ်းသာ၊ နောင်ဖို့ ရှာသည်၊ ပညာရှိပေါင်း၊ သူမြတ် ကောင်းတို့၊ နှစ်ထောင်း ဝမ်းသာ၊ ပြုအပ်စွာရှင့်"

ဒါနအတွက် အခက်လေးပါး

အတိတ်ဘဝ တစ်ခုသော ကာလက ဗာရာဏသီပြည်တွင် မဒ္ဒဝမင်း မင်းပြုစဉ် အလောင်းတော်သည် မဒ္ဒဝမင်း၏ အမတ် သေနက ပညာရှိဖြစ်၏။ တစ်နေ့သ၌ ပုရောဟိတ်သားသည် မင်း ခစားရန် လာသောအခါ အဆင်းတန်ဆာ စုံလင်စွာ ဆင်ယင် ထားသော အဂ္ဂမဟေသီဒေဝီကိုမြင်လျှင် "အဂ္ဂမဟေသီ ဒေဝီကို မရလျှင် သေအံ့" ဟု အစာမစားဘဲ အိပ်လေတော့သည်။ မင်းကြီးသည် တစ်နေ့သ၌ "ပုရောဟိတ်သား မမြင်ပါလား၊ ဘယ်သွားလဲ" ဟု မေးသော် အကြောင်းစုံကို ပြောပြလျှင် ခေါ်စေ၍ "ငါသည် သင့်အား အဂ္ဂမဟေသီဒေဝီကို ခုနစ်ရက် ပေးအံ့၊ သင် ခုနစ်ရက်အိမ်မှာထား၍ ရှစ်ရက်မြောက်သော် ပြန်ပို့" ဟု ပြော၍ အဂ္ဂမဟေသီဒေဝီအား ပေးလိုက်လေသည်။

http://www.dhammadownload.com

ပုရောဟိတ်သားသည် "ကောင်းပါပြီ၊ အရှင်မင်းကြီး" ဟု ဝန်ခံ၍ ခေါ်သွားပြီး အဂ္ဂမဟေသီနှင့် မွေ့လျော်၏။ သူတို့သည် အချင်းချင်း တပ်နှစ်သက်သောစိတ်ရှိ၍ တစ်စုံတစ်ယောက်ကိုမျှ အသိမပေးဘဲ တိုင်းပြည်မှထွက်ပြေး၍ အခြားတိုင်းပြည်တွင် သွားရောက်နေထိုင်ကြကုန်၏။ မင်းကြီးသည် အဂ္ဂမဟေသီကို မမြင်ရသော် ကြီးစွာသောကရောက်၏။ နှလုံးသွေးအန်၏။ မင်းဆရာတို့ပင် မကုသနိုင်တော့ချေ။

သေနက ပညာရှိအမတ်က "မင်းကြီးအား အခြားတစ်စုံတစ်ရာ ရောဂါမရှိ၊ အဂ္ဂမဟေသီဒေဝီကို မမြင်ရ၍ စိတ္တဇရောဂါ ဖြစ်ခြင်းသာ၊ အကြောင်း ဥပါယ်တစ်မျိုးဖြင့် ကုသအံ့" ဟု ကြံစည်၍ အာယုရနှင့် ပုက္ကုသ အမတ်တို့နှင့် တိုင်ပင်ကာ မင်းကြီးထံသွားပြီး သံတော်ဦးတင်၏။

"အရှင်မင်းကြီး၊ မင်းရင်ပြင် ပွဲသဘင်ကျင်းပပါ၏။ ထိုပွဲသဘင်ကို ကြည့်သော် ဆင်းရဲပျောက်ပါလိမ့်မည်။ ကြွတော်မူပါ အရှင်မင်းကြီး"

နောင်တ မပူပန်ရေး

မင်းကြီးသည် ခြေသံ့ခံသော လေသာပြတင်းကို ဖွင့်၍ ပွဲသဘင် ကြည့်ရှု၏။ သဘင်သည်တို့သည် အတတ်ပညာမျိုးစုံတို့ဖြင့် ဖြေဖျော်၏။ ထိုတွင် ယောကျ်ားတစ်ယောက်သည် သုံးဆယ့်သုံးလက်သစ်ရှိသော ထက်သော သန်လျက်ကိုမျှို၍ ပြ၏။ မင်းကြီးသည် အံ့သြ၍ အာယုရ ပညာရှိကို မေး၏။

http://www.dhammadownload.com

"အယုရပညာရှိ၊ ဤယောက်ျားသည် သန်လျက်ကို မျိုချ ပြီ။ ဤသန်လျက် မျိုတာထက် တစ်စုံတစ်ရာ ခက်တာရှိသေး သလော"

"အရှင်မင်းကြီး၊ မိမိနှစ်သက်သော ပစ္စည်းဥစ္စာကို ပေးအံ့ဟု နှုတ်က ပြောဆိုခြင်းသည် ထိုသန်လျက်ကို မျိုတာထက် ခက်ပါ သည်"

မင်းကြီးသည် အာယုရပညာရှိ အဖြေစကားကို ကြားရလျှင် စိတ်သက်သာရာ တော်တော်ရရှိ၍ ပုက္ကုသ ပညာရှိကို မေးပြန်၏။ "ပုက္ကုသ၊ မိမိနှစ်သက်သော ပစ္စည်းဥစ္စာကို ပေးအံ့ဟု နှုတ်က ပြောဆိုခြင်းထက် တစ်စုံတစ်ရာ အခြားခက်တာ ရှိသေးသလော"

"အရှင်မင်းကြီး၊ ပေးအံ့ဟု နှုတ်ကပြောဆိုခြင်းထက် ရဲရဲ ရင့်ရင့် ပေးခြင်းသည် ပို၍ခက်ပါသည်"

အရှင်မင်းကြီးသည် ပုက္ကုသ ပညာရှိ၏ စကားကိုကြားရလျှင် ပိုပြီး သက်သာရာရ၍ သေနက ပညာရှိကို မေးပြန်၏။

"သေနကပညာရှိ၊ မိမိနှစ်သက်သော ပစ္စည်းဥစ္စာကို ရဲရဲ ရင့်ရင့်ပေးခြင်းထက် တစ်စုံတစ်ရာ အခြားခက်တာရှိသေး သလော"

"အရှင်မင်းကြီး၊ ရဲရဲရင့်ရင့်ပေးပြီးနောက် နောင်တ မပူပန် ခြင်းသည် ထိုရဲရဲရင့်ရင့် ပေးခြင်းထက် ခက်ပါသည်"

မင်းကြီးသည် သေနကပညာရှိ၏ စကားကိုကြားရလျှင် "ငါသည် ငါ၏ စိတ်သဘောအတိုင်းသာလျှင် ပေးပြီးလျှင် ငဲ့စိတ် ကို ငါမနှိုင်ဘဲ သောကကြီးစွာရောက်၍ ပင်ပန်းရ၏။ ငါ၏

http://www.dhammadownload.com

အလုပ်သည် မဟုတ်လေစွတကား၊ မိဖုရားသည် အကယ်၍ ငှါကိုချစ်လျှင် ဤတိုင်းပြည် စည်းစိမ်ချမ်းသာကို စွန့်၍မပြေးရာ၊ ငှါမှမချစ်လို့ ပြေးတာ ငါက ဒီမိဖုရားကို စွဲမက်ပြီး အဘယ့်ကြောင့် သောကကြီးစွာရောက်ပြီး ပင်ပန်းခံရတာလဲ" ဟု စဉ်းစားလျှင် ပဒုမ္မာကြာဖက်၌ ကျရောက်သောရေပေါက်သကဲ့သို့ သောက ကင်းပျောက်ချမ်းသာခြင်းသို့ ရောက်လေ၏။ သည်ကိုရည်၍ မာန်လည် ဆရာတော်ဘုရားကြီးက ဤသို့ စပ်ဆိုခဲ့သည်။

"ကဋ္ဌမုခ၊ စသည်လေးထွေ၊ မြွေတို့အဆိပ်၊ တက်ရိပ်ပြင်းစွာ၊ သင့်သောခါနှင့်၊ မိစ္ဆာနတ်စုန်း၊ မုန်း၍ဖမ်းစား၊ ပြုတုံငြားလည်း၊ သမားဆရာ၊ ပညဝါတို့၊ ဂါထာမန္တာန်၊ နတ်ဆေးမွှန်ဖြင့်၊ ကြံဖန်မန်းမှတ်၊ လိမ်းသုတ်လုံ့လ၊ ကုစားရ၏။ ကာမရောဂါ၊ ဝမ်းတွင်းနာကား၊ ကုရာနတ္ထိ၊ ဆေးမရှိဘူး၊ သတိသာလျှင်၊ မဟာသြသဓ၊ ဆေးမည်စွရှင့်"

ထိုတွင် အခက်သုံးပါးပြ၏။ မာန်လည်ဆရာတော်ဘုရားကြီးကမူ "မိမိနှစ်သက်သော ပစ္စည်းဥစ္စာကို ပေးအံ့" ဟူ၍ ကြံစည်ဖို့ရာလည်း ခက်၏ဟု အခက်တစ်ပါးထည့်၍ အခက်လေးပါးကို ဤသို့ စပ်ဆိုတော်မူခဲ့သည်။

"မိမိဥစ္စာ၊ နှစ်သက်စွာကို၊ သဒ္ဓါကြည်ဖြူ၊ ပေးအံ့ဟူ၍၊ လှူမည်ဝမ်းထဲ၊ ကြံမရဲရှင့်၊ ကြံခဲစွာဘိ၊ ကြံရှိသည်လည်း၊ မငြို မနား၊ မန္တာန်အားဖြင့်၊ အသွားမတုံး၊ ထိလျှင်ဆုံးမျှ၊ သုံးဆယ့် သုံးတန်၊ လက်သစ်ပြန်သည်၊ သန်လျက်ဓားကို၊ ထင်ရှားပြက်ပြက်၊ မျိုသောထက်လျှင်၊ နှုတ်ထွက်ငါသည်၊

http://www.dhammadownload.com

ပေးမည်မြွက်ခဲ၊ မြွက်တစ်ပဲလည်း၊ ရဲရဲရက်ရက်၊ အပေးခက်ရှင့်၊ ဆက်ဆက်မုချ၊ ပေးပြီးမှလည်း၊ နောင်တမပူ၊ ခဲစွာဟူ၏"

အိုစာရှသူ၊ အကယ်၍ ကောင်းမှုလိုလားသူ၊ သို့မဟုတ် နိဗ္ဗာန်ကိုလိုလား တောင့်တသူဖြစ်ပါက ဤအခက် (၄)ပါးကို ကျော်လွှား လွန်မြောက်သူ အာဇာနည်တစ်ဆူ ဖြစ်ရမည်ကို အထူး သတိပြုပါ။

အလှူဒါန၏ စင်ကြယ်ခြင်းလေးပါး

ကံ–ကံ၏အကျိုးကို မျှော်ကိုး၍ လှူအပ်သော အလှူဖြစ်ရာ မျှော်ကိုးသလောက် အကျိုးကြီးမြတ်ဖို့မှာ ပုဂ္ဂိုလ် သီလ စသည် နှင့် ပြည့်စုံမှ ဖြစ်နိုင်သောကြောင့် သီလ စသည် မရှိသော ပုဂ္ဂိုလ်ကို မြတ်သောအလှူခံထိုက်သူ "**ဒက္ခိဏေယျ**"ဟု မဆိုထိုက်၊ အရိယာပုဂ္ဂိုလ်များကား အကျိုးကြီးမြတ်စေတတ်သော သီလ စသော ဂုဏ်များရှိကြ၍ အလှူကောင်းအလှူမှန်ကို ခံထိုက်သော "**ဒက္ခိဏေယျ**" ပုဂ္ဂိုလ်များဖြစ်ရသည်။ ထိုပုဂ္ဂိုလ်တို့၌ အနည်းငယ်မျှ လှူရစေကာမူ အကျိုးကြီးမြတ်၏။ အဘယ့်ကြောင့်နည်း ဆိုသော် သီလ စသောဂုဏ်သည် အလှူကို အကျိုးကြီးအောင် ပြုခြင်းဖြင့် စင်ကြယ်အောင် သုတ်သင်တတ်သည်ဖြစ်ရာ အလှူပေး အလှူခံတို့၏ သီလစသည် ရှိခြင်းသည် အလှူဒါနစင်ကြယ်ကြောင်း ဖြစ်ရသည်။

http://www.dhammadownload.com

အလှူစင်ကြယ်ကြောင်း

ထိုအလှူဒါန၏ စင်ကြယ်ခြင်းသည်–

(၁) အလှူခံကြောင့် မစင်ကြယ်သော်လည်း အလှူဒကာကြောင့် စင်ကြယ်သောဒါနတစ်မျိုး၊

(၂) အလှူဒကာကြောင့် မစင်ကြယ်သော်လည်း အလှူခံကြောင့် စင်ကြယ်သောဒါနတစ်မျိုး၊

(၃) အလှူခံကြောင့်လည်း မစင်ကြယ် အလှူဒကာကြောင့်လည်း မစင်ကြယ်သော ဒါနတစ်မျိုး၊

(၄) အလှူခံကြောင့်လည်း စင်ကြယ် အလှူဒကာကြောင့်လည်း စင်ကြယ်သော ဒါနတစ်မျိုး ဟူ၍ လေးမျိုးရှိသည်။

ခွဲ၍ ပြပါဦးအံ့–

(၁) အလှူခံက သီလမရှိအောင် ဒုဿီလ ပုဂ္ဂိုလ်ဖြစ် သော်လည်း အလှူဒကာက သီလရှိ၍ တရားသဖြင့်ရအပ်သော ဓမ္မိယလဒ္ဓ ပစ္စည်းကို စေတနာသုံးတန်ပြဋ္ဌာန်းပြီး ကံ–ကံ၏ အကျိုးကို ယုံကြည်ခြင်း၊ သဒ္ဓါတရား လက်ရှိထား၍ လှူပါမူ ထိုအလှူ သည် အလှူဒကာကြောင့် စင်ကြယ်၏။ အကျိုးကြီးနိုင်၏။

(၂) သီလမရှိသော ဒုဿီလ အလှူဒကာက မတရားသဖြင့် ရအပ်သော ပစ္စည်းကို စေတနာသုံးတန် မထက်သန်၊ ကံ–ကံ၏ အကျိုးကို မယုံကြည်ဘဲ လှူဒါန်းစေကာမူ အလှူခံ ပုဂ္ဂိုလ်က သီလနှင့် ပြည့်စုံပါလျှင် ထိုအလှူသည် အလှူခံ ပုဂ္ဂိုလ်ကြောင့် စင်ကြယ်၏။ အကျိုးကြီး၏။

http://www.dhammadownload.com

(၃) သီလမရှိသော ဒုဿီလ အလှူဒကာက သီလမရှိသော ဒုဿီလ အလှူခံပုဂ္ဂိုလ်အား မတရားသဖြင့် ရအပ်သော ပစ္စည်းကို စေတနာသုံးတန် မထက်သန်၊ က်-က်၏ အကျိုးကို မယုံကြည်ဘဲ လှူဒါန်းလျှင် ထိုအလှူသည် လယ်မြေညံ့၌ မျိုးစေ့ညံ့ကို စိုက်ပျိုးမိသကဲ့သို့ အကျိုးမကြီးမြင့်သော အလှူဒါနဖြစ်ရတော့သည်။

(၄) သီလရှိသော အလှူခံပုဂ္ဂိုလ်အား သီလရှိသောအလှူဒကာက တရားသဖြင့် ရအပ်သော ဓမ္မိယလဒ္ဓ ပစ္စည်းကို စေတနာသုံးတန် ထက်ထက်သန်သန်နှင့် က်-က်၏ အကျိုးကို ယုံကြည်၍ လှူဒါန်းလျှင် ထိုအလှူသည် လယ်မြေကောင်း၌ မျိုးစေ့ ကောင်းကို စိုက်ပျိုးမိသကဲ့သို့ အကျိုးကြီးမြင့်သော အလှူဒါန ဖြစ်ရတော့သည်။

ဤလေးချက်တွင် တတိယအချက်မှာ စင်ကြယ်ခြင်းမပါ၊ မစင်ကြယ်ခြင်း အကျိုးမဖွံ့ဖြိုးခြင်း သက်သက်သာ ဖြစ်သော်လည်း ရှေ့နောက် စင်ကြယ်ခြင်းတို့အကြားမှာ ယှဉ်ဖက်တွဲ အနေအားဖြင့် ကျရောက်သောကြောင့် စင်ကြယ်ခြင်း အရေအတွက် ၌ပင် ထည့်သွင်းပြီးလျှင် အလှူ၏ စင်ကြယ်ခြင်းလေးပါးဟု ဟောတော်မူသည်။

အလှူဒါနအာနုဘော် ကြီးမြင့်ကြောင်းငါးပါး

အလှူဒါန၏ စင်ကြယ်ခြင်း လေးပါးကို ဟောကြားပုံကို ထောက်ဆ၍ အလှူဒါနအရာ၌-

http://www.dhammadownload.com

(၁) အလှူဒကာက သီလရှိ၍ ကောင်းသော ကိုယ်ကျင့် တရားနှင့် ပြည့်စုံသူဖြစ်ခြင်း၊

(၂) အလှူခံပုဂ္ဂိုလ် သီလရှိ၍ ကောင်းသော ကိုယ်ကျင့်တရားနှင့် ပြည့်စုံသူဖြစ်ခြင်း၊

(၃) လှူဖွယ်ဝတ္ထုကလည်း တရားသဖြင့် ရအပ်သော ဓမ္မိယလဒ္ဓ ပစ္စည်းဖြစ်ခြင်း၊

(၄) စေတနာသုံးတန် ညီညွတ်ထက်သန်ခြင်း၊

(၅) ကံ–ကံ၏ အကျိုးကို ယုံကြည်မှု သဒ္ဓါတရားရှိခြင်း

ဤအင်္ဂါရပ် ငါးပါးသည် ဒါနအာနုဘော်ကြီးမြင့်ကြောင်း ဖြစ်၍ ဤအင်္ဂါငါးပါးပြည့်စုံက အလှူဒါန အာနုဘော်ကြီးမြင့်၍ အင်္ဂါတစ်ပါးပါး ယုတ်လျော့လျှင် အလှူဒါန၏ အာနုဘော်ဆုတ် ယုတ်သည်ဟု မှတ်ရာ၏။

အချို့က လှူဒါန်းသောအခါ 'အလှူခံပုဂ္ဂိုလ်၊ အလှူဝတ္ထုနှင့် အလှူပေးပုဂ္ဂိုလ်တို့ကို မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်း စသည် ဖြင့် ဝိပဿနာတင်၍ လှူမှ အကျိုးကြီးသည်ဟု ဆို၍ ထိုသို့ လှူစေ၏။ အပြစ်မရှိသော်လည်း ကျမ်းဂန်အဆိုအပြ မရှိချေ။ အဋ္ဌသာလိနီ အဋ္ဌကထာတွင် ပြသည်မှာ 'ဘာဝနာမယ ဒါန' ဖြစ်ပုံ ကိုသာ ပြခြင်းဖြစ်သည်။ ထိုသို့လှူမှ အကျိုးကြီးသည်ဟု ပြလိုခြင်းမဟုတ်၊ ထိုအရာတွင် ကျမ်းတတ်ဆရာတို့ပင် မှား၍ နေသည်။ အထူးသတိပြု၍ ကြည့်ရှုပါလေ။

http://www.dhammadownload.com

ကာလဒါနငါးပါး

ရဟန်းတို့၊ အခါကာလအားလျော်စွာ လှူဒါန်းရသော ကာလဒါနတို့သည်-

(၁) ဧည့်သည် အာဂန္တုအား ပေးလှူခြင်း၊

(၂) ခရီးထွက်မည့် ခရီးသည်အား ပေးလှူခြင်း၊

(၃) မကျန်းမမာ ဖျားနာသောသူအား ပေးလှူခြင်း၊

(၄) ငတ်မွတ်ခေါင်းပါးသောအခါ၌ ပေးလှူခြင်း၊

(၅) လုပ်ကိုင်ရရှိသော ကောက်သစ် ကောက်ဦးတို့ကို သီလရှိသော ပုဂ္ဂိုလ်များအား ပေးလှူခြင်း ဟူ၍ ငါးမျိုးရှိကုန်၏။

ဤကာလဒါန ငါးမျိုးတွင် ငါးခုမြောက်သော ဒါနမှာ တောင်သူလယ်သမားများအတွက် ရည်စူး၍ ဟောတော်မူခြင်း ဖြစ်သည်။ တောင်သူလယ်သမား မဟုတ်သူတို့မှာလည်း မိမိတို့ ဆိုင်ရာ အလုပ်အကိုင်မှ ရရှိလာသော ပစ္စည်းဥစ္စာကို ဦးဦးဖျားဖျား လှူဒါန်းခြင်းသည် သဘောတူပင် ဖြစ်တော့သည်။

ထိုကာလဒါနအရာ၌ ဘုရားရှင်သည် ဤသို့သော တရားစကားကို ဟောကြားတော်မူပြန်သည်။

"အလှူခံ၏ စကားကို သိတတ်ကုန်သော နှမြောဝန်တိုမှုကင်းကုန်သော ပညာရှိတို့သည် လျောက်ပတ်သောအခါ၌ ပေးလှူကြကုန်၏။ ဖြူစင်ဖြောင့်မတ်သည့် တာဒိဂုဏ်ရှိသော ပုဂ္ဂိုလ်တို့၌ အထူးကြည်လင်သော စိတ်ဖြင့် လျောက်ပတ်သောအခါ၌ ပေးလှူ၏။ ထိုပုဂ္ဂိုလ်၏အလှူသည် ပြန့်ပြော၏။ အကျိုးကြီးမြတ်၏"

http://www.dhammadownload.com

"အကြင်သူတို့သည် ထိုအလှူ၌ ဝမ်းမြောက်သော်လည်း ဝမ်းမြောက်ကြကုန်ရာ၏။ အမှုကြီးငယ် ဝေယျာဝစ္စပြုမှုလည်း ပြုကြကုန်ရာ၏။ ထိုသို့ ဝမ်းမြောက်ခြင်း၊ အမှုကြီးငယ် ဝေယျာဝစ္စပြုခြင်းကြောင့် အလှူသည် မယုတ်လျော့နိုင်၊ ထိုဝမ်းမြောက်သောသူ၊ ဝေယျာဝစ္စာပြုသော သူတို့သည်လည်း ကုသိုလ်အဖို့ အစုကို ရကြကုန်၏"

"ထို့ကြောင့် တွန့်တိုခြင်းကင်းသော စိတ်ရှိသူသည် အလှူပေးလှူသည်ရှိသော် ကြီးကျယ်သော အကျိုးရှိနိုင်မည့် ပုဂ္ဂိုလ်၌ ပေးလှူရာ၏။ ကောင်းမှုကုသိုလ်တို့သည် တမလွန်ဘဝ၌ သတ္တဝါတို့၏ ထောက်တည်ရာဖြစ်ကုန်၏"

"နောက်၌ချမ်းသာ၊ နတ်ရွာမင်္ဂဖိုလ်၊ ကိုယ်လျှင်လိုက၊ သူ့ကိုမတူ၊ ကုသိုလ်မှု၌၊ ကိုယ်ပြုကိုယ်ကြွ၊ ကိုယ်လုံ့လ၍၊ ကိုယ်ထကိုယ်နိုး၊ ကိုယ်အားကြိုးမှ၊ ကိုယ့်ကျိုးကိုယ်သာ၊ ကိုယ်ပြီးရာ၏။ ကိုယ့်တာကိုယ့်ဝန်၊ မလွန်စေထိုက်၊ ကိုယ်အားစိုက်ဟု၊ ဉာဏ်၌မြော်ဆ၊ သဘောရလော့"

သဒ္ဓါတရားရှိသူ၏ အာနိသင် ငါးပါး

(၁) လောက၌ ငြိမ်သက်သော စိတ်ရှိသော သူတော်ကောင်းတို့သည် သနားစောင့်ရှောက်ကုန်သည်ရှိသော် သဒ္ဓါတရားနှင့် ပြည့်စုံသော သူကိုသာလျှင် ပထမဦးဆုံး သနားစောင့်ရှောက် ချီးမြှောက်ကြကုန်၏။

(၂) ချဉ်းကပ်ကုန်သည်ရှိသော် သဒ္ဓါတရားနှင့် ပြည့်စုံသော သူကိုသာလျှင် ပထမဆုံး ချဉ်းကပ်ကုန်၏။

http://www.dhammadownload.com

(၃) အလှူခံကုန်သည်ရှိသော် သဒ္ဓါတရားနှင့် ပြည့်စုံသော သူကို သာလျှင် ပထမဆုံး အလှူခံကုန်၏။

(၄) တရားဟောကုန်သည်ရှိသော် သဒ္ဓါတရားနှင့် ပြည့်စုံသော သူကိုသာလျှင် ပထမဆုံး တရားဟောကုန်ရာ၏။

(၅) သဒ္ဓါတရားရှိသောသူသည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်ကာလ၌ ကောင်းသော ရူပါဂုံ စသည်တို့၏ တည်ရာဖြစ်သော နတ်ပြည်လောကသို့ ရောက်ရ၏။

ညောင်ပင်ကြီးပမာ

ရဟန်းတို့၊ သဒ္ဓါတရားနှင့်ပြည့်စုံသော အမျိုးကောင်းသား၌ အကျိုးအာနိသင်တို့သည် ဤငါးပါးတို့တည်း။ ရဟန်းတို့၊ ညီညွတ်သော မြေပြင်ဝယ် လမ်းလေးခုဆုံရာ၌ ပေါက်ရောက်သော ပညောင်ပင်ကြီးသည် ထက်ဝန်းကျင်မှ ငှက်အပေါင်းတို့၏ မှီခိုရာဖြစ်သကဲ့သို့ သဒ္ဓါတရားရှိသော အမျိုးကောင်းသားသည် ရဟန်း၊ ရဟန်းမိန်းမ၊ ဥပါသကာ၊ ဥပါသိကာမဖြစ်ကုန်သော များစွာသော လူအပေါင်း၏ မှီခိုရာဖြစ်၏။

ဤတွင် (၄) အမှတ်ပြ ပထမဦးဆုံး တရားဟောမှုနှင့် ပတ်သက်၍ အထူးမှတ်ဖွယ် တစ်ရပ်ကို ပြပါအံ့။ မြတ်စွာဘုရား ဘုရားဖြစ်တော်မူပြီးနောက် သတ္တာသတ္တာဟ–လေးဆယ့်ကိုးရက် လွန်မြောက်သောအခါ လင်းလွန်းပင်ရင်းမှ ထတော်မူပြီးလျှင် အဇပါလ ဆိတ်ကျောင်း ညောင်ပင်ရင်းသို့ ကြွတော်မူလျက် နား၊ မျက်စိ ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်မိကာ တစ်ပါးတည်းကိန်း

http://www.dhammadownload.com

အောင်း စံနေတော်မူသော ဘုရားရှင်အား ဤသို့သော အကြံ အစည်ဖြစ်တော်မူလာသည်။

သင်္ဃဝါနှင့် တရား ကွာခြား

"သယမ္ဘူမှန် ပင်ထွက်ဉာဏ်ဖြင့် ငါဘုရား ထိုးထွင်း၍ လင်းလင်းထင်ထင် သိမြင်အပ်ပြီးသော ဤသစ္စာလေးပါး တရား အစုသည် မြေအထုကို ခံလင့်သော ရေအထုပမာ နက်နဲလှစွာ၏"

"မြင့်မိုရ်တောင်ဖြင့် ဖုံးအုပ်၍ ထားအပ်သော မုန်ညင်းစေ့ပမာ မြင်နိုင်ခဲလှစွာ၏"

"အကြိမ်တစ်ရာ ခွဲစိတ်အပ်သော သားမြီးစွန်းတစ်ခုဖြင့် သားမြီးစွန်းတစ်ခုကို တည့်တည့်မှန်အောင် ထိုးရထောက်ရသည့် ပမာ လွန်စွာ သိနိုင်ခဲလှ၏။ ငြိမ်းချမ်းလှစွာ၏။ မွန်မြတ်လှစွာ၏"

"တကျိသမားတို့၏ အကြံဝိတက်တို့ဖြင့် သက်ဝင်ကျက်စား အပ်သော တရားမဟုတ်၊ ဉာဏ်ပညာဖြင့် သက်ဝင် ကျက်စား အပ်သော တရားဖြစ်၏။ သိမ်မွေ့လှစွာ၏"

"အကျင့်မှန်ကို ကျင့်ကြံကုန်ဘိ၊ ပညာရှိတို့သာ သိမြင်အပ် သော တရားဖြစ်၏"

"ဤသတ္တဝါအပေါင်းသည်ကား အာရုံငါးပါး ကာမဂုဏ်တရား တည်းဟူသော ကာမာလယ၊ ထိုကာမဂုဏ်ငါးပါးကို မှီဝဲသုံးဆောင် တတ်သည့် တဏှာလောဘတည်းဟူသော တဏှာလယနှစ်ပါး တို့ဖြင့် မွေ့လျော်သော အာလယ နှစ်ပါးတို့၌ ပျော်ပိုက်နှစ်ခြိုက် ခုံမင်၍ နေကြကုန်၏။

http://www.dhammadownload.com

"ယင်းသို့ အာလယနှစ်ပါးတို့ဖြင့် မွေ့လျော်၍ အာလယနှစ်ပါးတို့၌ ပျော်ပိုက်နှစ်သြိုက် ခုံမင်၍ နေကြသော သတ္တဝါအပေါင်းသည် အကြောင်းအကျိုး ဆက်စပ်ဖြစ်ပွားသည့် ဤပဋိစ္စသမုပ္ပါဒ်တရားကို သိနိုင်ခဲလှစွာ၏"

"ခပ်သိမ်းသော သခ်ါရတရားတို့၏ ချုပ်ငြိမ်းရာ၊ ဥပဓိအလုံးစုံကို အကုန်ပယ်စွန့်ရာ တဏှာအပြား တရာ့ရှစ်ပါးတို့၏ ကုန်ခန်းရာ၊ တစ်ထောင့်ငါးရာ ကိလေသာရာဂတို့၏ ကင်းရာ၊ ဆင်းရဲခပ်သိမ်းတို့၏ ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်တရားကိုကား သာ၍ပင် မြင်နိုင်ခဲလှစွာ၏"

ပင်ပန်းရုံသာရှိမည်

"ငါဘုရားကလည်း ထိုမျှလောက် နက်နဲသော တရားကို ဟောကြားငြား၊ ကွန်ဒြေနုန့်သူ၊ မကျွတ်ထိုက်သော နတ်လူတို့ကလည်း ငါဘုရား၏ ထိုတရားကို မသိနိုင်၊ နားမလည်နိုင်ကြလျှင် ယင်းသို့ မသိမြင်နိုင်သူ၊ မကျွတ်ထိုက်သော နတ်လူတို့အား တရားဟောခြင်းသည် ငါဘုရား၏ တွက်တာ ပင်ပန်းနွမ်းနယ်ရုံသာ ဖြစ်လေရာ၏။"

"ငါဘုရား၏ ခဲယဉ်းစွာ ကျင့်ကြံအားထုတ်သဖြင့် ရရှိသိမြင်အပ်သော ဤသစ္စာလေးပါး တရားကို ယခုအခါ နတ်လူတို့အား ဟောပြခြင်းငှာ မသင့်တော်သေးချေ။ ဤသစ္စာလေးပါး တရားကို ရာဂဒေါသ တရားဆိုးတို့ လွှမ်းမိုးနှိပ်စက်အပ်ကုန်သောသူတို့သည် အလွယ်နှင့် သိမြင်ကြမည် မဟုတ်ချေ"

http://www.dhammadownload.com

"အဝိဇ္ဇာစု မှောင်အထုသည် လွှမ်းမိုး ဖုံးအုပ်အပ်ကုန်သည် ဖြစ်၍ ရာဂဖြင့် တပ်မက်စွဲလမ်းကြသူ နတ်လူအပေါင်းတို့သည် သိမ်မွေ့နက်နဲလှစွာသော သံသရာအဆန် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို မြင်နိုင်ကြလိမ့်မည် မဟုတ်ကုန်"

ဗြဟ္မာမင်းကြီး တောင်းပန်

ယင်းသို့ ဘုရားရှင်အား တရားဟောရန်အရေး အားမထုတ် သေးသော အနေဖြင့် စိတ်ညွှတ်တော်မူသောအခါ သဟမ္မတိ ဗြဟ္မာမင်းကြီးမှာ ဤသို့ စိတ်အကြံဖြစ်လေ၏။

"**နဿတိ ဝတ ဘော လောကော**=အိုအချင်းတို့၊ လောက ကြီးသည် ပျက်စီးတော့မည်တကား။ **ဝိနဿတိ ဝတ ဘော လောကော**=အိုအချင်းတို့၊ လောကကြီးသည် ပျက်စီးတော့မည် တကား"

သဟမ္မတိဗြဟ္မာမင်းကြီးသည် ယင်းသို့ စိတ်အကြံအစည် ဖြစ်ပြီးလျှင် ဘုရားရှင်၏ ရှေ့တော်မှောက်၌ အထင်အရှားပေါ် ပေါက်ရောက်လာ၍ ဘုရားရှင်အား လက်အုပ်မိုးချီ ရှိခိုးလျှောက် ထားတောင်းပန်၏–

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဘုရားရှင်သည် လူနတ် ဗြဟ္မာ သတ္တဝါတို့အပေါင်းတို့အား တရားဟောတော်မူပါ။ ကောင်းသောစကားကို ပြောကြားတော်မူတတ်သော မြတ်စွာ ဘုရား၊ ဘုရားရှင်သည် လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့အား တရားဟောတော်မူပါလော့။

http://www.dhammadownload.com

"ဉာဏ်ပညာမျက်စိ၌ ကိလေသာ မြူမှုန် နည်းပါးကုန်သော သတ္တဝါတို့သည် များစွာရှိကြပါကုန်၏။ ထိုသတ္တဝါတို့သည် မြတ်စွာဘုရား၏ တရားတော်ကို မကြားမနာရ ကုန်သည်ရှိသော် မိမိတို့ ရသင့် ရထိုက်သော မဂ်ဖိုလ်တရားထူးမှ ဆုတ်ယုတ်ဆုံးရှုံးကြပါကုန်လိမ့်မည်။

"မြတ်စွာဘုရား ဟော်ကြားမည့် တရားတော်ကို သိမြင်နားလည်နိုင်သော သူတို့သည်လည်း ထင်ရှားဖြစ်ပေါ်ကြပါကုန်လိမ့်မည် ဘုရား"

ပုဂ္ဂိုလ်လေးမျိုး ခွဲခြားခြင်း

ထိုသို့ သဟမွတိ ပြဟ္မာမင်းကြီးက တရားဟောတော်မူရန် လျှောက်ထား တောင်းပန်သောအခါ ဘုရားရှင်သည် သတ္တလောကကို ဗုဒ္ဓစက္ခု အစုံဖြင့် ကြည့်ရှုတော်မူလေသည်။

(၁) ရေမွှေပေါ်တက်၍ နေထွက်လျှင် ထွက်ချင်း၊ ယနေ့ပင် ပွင့်မည့် ကြာကဲ့သို့ အကျဉ်းမျှ ဟောလိုက်လျှင်ပင် သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်မည့် ဥဂ္ဃဋိတညုပုဂ္ဂိုလ်၊

(၂) ရေမျက်နှာပြင်နှင့်အညီ တက်နေကာ နက်ဖြန်ပွင့်မည့်ကြာကဲ့သို့ အကျဉ်းကို နာကြားရုံမျှဖြင့် ကျွတ်တမ်းမဝင်သေးဘဲ ထိုအကျဉ်းကို အကျယ်ချဲ့ထွင်၍ ဟောပြမှ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်မည့် ဝိပဉ္စိတညုပုဂ္ဂိုလ်၊

(၃) ရေအတွင်း၌ နစ်မြုပ်ကာ ဖွံ့ဖြိုးကြီးပွားလျက် တတိယနေ့ သန်ဘက်ခါမှ ပွင့်မည့်ကြာကဲ့သို့ တရားတော်ကို အကျဉ်း

http://www.dhammadownload.com

အကျယ် နာရသော်လည်း ထိုတစ်ထိုင်တည်း၌ ကျွတ်တမ်း မဝင်သေးဘဲ ကလျာဏမိတ်ဆွေကောင်းတို့ကို မှီဝဲကာ ထိုတရားကို မှီဝဲကာ အဖန်ဖန် ပွားများလေ့လာ နှလုံးသွင်း၍ နောက်ရက် နောက်လ နောက်နှစ်တို့သို့ရောက်မှ သစ္စာ လေးပါး တရားသိမြင် ကျွတ်တမ်းဝင်မည့် နေယျပုဂ္ဂိုလ်၊

(၄) ရေမှ အထက်သို့ တက်လည်းမတက်၊ ပွင့်လည်းမပွင့်တော့ဘဲ ရေထဲမှာပင် ငါးစာ လိပ်စာဖြစ်မည့် အနာအဆာမကင်းသော ကြာမျိုးကဲ့သို့ ယခုဘဝ မည်မျှပင် တရားကို နာယူလေ့လာ ပွားများသော်လည်း မဂ်ဖိုလ်ကို မရဘဲ နောက်နောင်ဘဝ တို့အတွက် အထုံဝါသနာ ပါရုံမျှ အကျိုးရှိ၍ ကိလေသာ တည်းဟူသော ငါးလိပ်တို့၏ အစာဖြစ်ကာ ဘဝဆုံးရသော ပဒပရမပုဂ္ဂိုလ်၊

ဤလေးမျိုးတို့ကို အစုလိုက် အစုလိုက် မြင်တော်မူလေသည်။

ထိုသို့ မြင်တော်မူပြီးသောအခါ ဘုရားရှင်သည် ထိုပုဂ္ဂိုလ်လေးမျိုးတို့အား ဆိုင်ရာအကျိုးကို သည်ပိုး ရွက်ဆောင်နိုင်မည့် တရားဒေသနာတော်ကို ကောင်းစွာ ဆင်ခြင်သိမြင်တော်မူပြီး နောက်တစ်ဖန် ဘုံသုံးပါး၌ရှိသမျှ အလုံးစုံသော သတ္တဝါတို့ကို–

(၁) ကျွတ်ထိုက်သော ဘဗ္ဗပုဂ္ဂိုလ်

(၂) မကျွတ်ထိုက်သော အဘဗ္ဗပုဂ္ဂိုလ်ဟူ၍ နှစ်စုနှစ်ပုံ ခွဲဝေဆင်ခြင်တော်မူလေသည်။

http://www.dhammadownload.com

ထိုပုဂ္ဂိုလ်နှစ်မျိုးတို့တွင်လည်း မကျွတ်ထိုက်သော အဘာဗ္ဗပုဂ္ဂိုလ်တို့ကို ဖယ်ရှား မဆင်ခြင် မစဉ်းစားတော့ဘဲ ကျွတ်ထိုက်သော ဘဗ္ဗပုဂ္ဂိုလ်တို့ကိုသာ ရွေးချောဏ်တော်ဖြင့် သိမ်းဆည်းယူငင်တော်မူပြီးလျှင်–

(၁) ရာဂစရိုက်ထူပြောသော သတ္တဝါတို့ကား ဤမျှတို့တည်း၊
(၂) ဒေါသစရိုက်ထူပြောသော သတ္တဝါတို့ကား ဤမျှတို့တည်း၊
(၃) မောဟစရိုက်ထူပြောသော သတ္တဝါတို့ကား ဤမျှတို့တည်း၊
(၄) ဝိတက်စရိုက်ထူပြောသော သတ္တဝါတို့ကား ဤမျှတို့တည်း၊
(၅) သဒ္ဓါစရိုက်ထူပြောသော သတ္တဝါတို့ကား ဤမျှတို့တည်း၊
(၆) ပညာစရိုက်ထူပြောသော သတ္တဝါတို့ကား ဤမျှတို့တည်း၊

ဟု ခြောက်ပုံခြောက်စု ပြုပြီးတော်မူပြီးလျှင်–

တရားဟောရန် ဝန်ခံ

"ငါကား တရားကို ဟောတော်မူအံ့" ဟု ကြံစည်တော်မူလေသည်။ ထိုသို့ ကြံစည်တော်မူပြီးလျှင် ဘုရားရှင်သည် သဟမ္မတိပြဟ္မာမင်းကြီးကို ဤသို့ တရားဟောရန် ဝန်ခံစကား မြွက်ကြားတော်မူလေသည်။

"အို–သဟမ္မတိပြဟ္မာကြီး၊ ငါဘုရားသည် ရှေးရှေးရက်များကမူ တရားဟောရန် နိဒါန်းနှစ်ပါး မပြည့်စုံသေးရကား တရားဟောစေကာမူ သတ္တဝါတို့အား အကျိုးမရ၊ ငါဘုရား ပင်ပန်းရုံသာ ရှိမည်ကို ကောင်းစွာသိမြင်သဖြင့် မိမိလေ့လာအပ်ပြီးသည့် မွန်မြတ်သော တရားကို လူနတ်ပြဟ္မာ သတ္တဝါတို့အား မဟောကြားခဲ့ခြင်း ဖြစ်သည်။

http://www.dhammadownload.com

"အို–သဟမ္မတိပြဟ္မာကြီး၊ ကျွတ်ထိုက်သည့် ထိုနတ်လူတို့ အတွက် အမြိုက်နိဗ္ဗာန်သို့ ဝင်ရန်မှန်လှ မဂ္ဂင်ရှစ်ပါး တံခါးမကြီး ရှစ်ပေါက်တို့ကို ငါဘုရားသည် ပိတ်ဆို့၍ မထားအပ်ပါကုန်၊ အမြဲတစေ ဖွင့်လှစ်၍သာ ထားအပ်ပါကုန်၏။ သောတ ပသာဒ နားကောင်းကြသော နတ် လူတို့သည် ငါဘုရား၏ အပေါ်၌ ယုံကြည်မှု သဒ္ဓါတရားကို စေလွှတ်ဖြစ်ပွားကြပါစေကုန်"

ထိုအခါ သဟမ္မတိ ပြဟ္မာမင်းကြီးသည် "ဤကို မြတ်စွာဘုရားသည် တရားဟောရန် ဝန်ခံစကား မိန့်ကြားခွင့်ပြုတော်မူလေပြီ"ဟု နှစ်သက်ရွှင်လန်း ဝမ်းမြောက်လျက် မြတ်စွာဘုရားကို ရိုသေမြတ်နိုး ရှိခိုးပြီးလျှင် လက်ယာရစ် သုံးပတ်လှည့်ပတ်၍ ထိုနေရာ၌ပင် ကွယ်ပျောက်ကာ ပြဟ္မာ့ပြည်သို့ ပြန်ရောက်လေ၏။ သဟမ္မတိ ပြဟ္မာမင်းကြီး ပြန်သွားပြီးသောအခါ ဘုရားရှင်သည် ဤသို့ ကြံစည်ဆင်ခြင်တော်မူ၏"

တရားဟောရန် ရွေးချယ်ပြန်

"ငါကား အဘယ်သူအား ရှေးဦးစွာ တရားဟောရပါမည်နည်း၊ အဘယ်သူသည် ငါဟောသော တရားကို လျင်မြန်စွာ သိပါမည်နည်း"

ဤသို့ဆိုလျှင် ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့သည် တရားဟောတော်မူသောအခါ သဒ္ဓါတရားရှိ၍ လက်ဦးစွာ တရားသိမြင်မည့် ပုဂ္ဂိုလ်တို့ကိုသာ ဦးစားပေး၍ တရားဟောတော်မူလေ့ရှိသည်။ ထို့ကြောင့် အထက်တွင် "သောတ ပသာဒ

http://www.dhammadownload.com

နားကောင်းကြသော နတ်လူ ဗြဟ္မာတို့သည် ငါဘုရား၏ အပေါ်၌ ယုံကြည်မှု သဒ္ဓါတရားကို စေလွှတ် ဖြစ်ပွားစေကြပါကုန်" ဟု ဘုရားရှင်က မိန့်တော်မူခြင်း ဖြစ်သည်။ မှန်၏။ သောတပသာဒ နားကောင်းကြသော သူတို့သာ နာယူနိုင်ကြပေမည်။ ထိုသူတို့သည်လည်း ဘုရားရှင်အပေါ်၌ ယုံကြည်ခြင်း သဒ္ဓါတရား ရှိမှသာ တရားတော်ကိုပါ ယုံကြည်စွာ ကျင့်ကြံကြ၍ နိဗ္ဗာန်တံခါး ပွင့်ကြပေမည်။

သောတပသာဒ နားပင် ကောင်းကြသော်လည်း ဘုရားရှင် အပေါ်၌ ယုံကြည်ခြင်း သဒ္ဓါတရား မရှိကြပါမူ တရားတော်ကို လည်း မယုံကြည်ဘဲ လိုက်နာပွားများ အားထုတ်မှု ပြုကြလိမ့်မည် မဟုတ်။ မယုံကြည် မလိုက်နာ မပွားများ အားမထုတ်လတ်သော် နိဗ္ဗာန်တံခါး ပွင့်ကြလိမ့်မည်မဟုတ်သောကြောင့် သောတပသာဒ နားကောင်းကြသော သတ္တဝါတို့သည် ငါဘုရားအပေါ်၌ ယုံကြည်မှု သဒ္ဓါတရားကို စေလွှတ်ကာ တရားနာကြပါစေကုန်ဟု ဘုရားရှင် မိန့်တော်မူခြင်း ဖြစ်သည်။

သဒ္ဓါလက်ဆုပ် ဖြေဖြုတ်ပါ

ကဿပ မြတ်စွာဘုရား သာသနာ ကွယ်ချိန်မှစ၍ ယနေ့တိုင်အောင်ပင် ဘုရားစစ် ဘုရားမှန် တရားစစ် တရားမှန်တို့ကို မတွေ့ကြရသည့်အတွက် သတ္တဝါတို့၏ သန္တာန်၌ သဒ္ဓါတရား တည်းဟူသော ရတနာကို အထုပ်ပြုကာ လက်ဆုပ်ထဲ၌ထားသည့် ပမာ သဒ္ဓါတရား အစစ်အမှန် မဖြစ်နိုင်ဘဲ ရှိခဲ့သည်။ ဤအတွင်း၌

http://www.dhammadownload.com

တိတ္ထိ ဆရာကြီးတို့အား ကြည်ညိုခြင်းကား သဒ္ဓါတရား အစစ်မဟုတ်၊ အလွဲကို အမှန်ထင်သော မိစ္ဆာပါမောက္ခ အကုသိုလ်စိတ်မျှသာ ဖြစ်၏။ ယခုမူ ဘုရားစစ် ဘုရားမှန် ပေါ်ထွန်းလာပြီဖြစ်၍ သောတပသာဒ နားကောင်းသော သူတို့သည် ကသပမြတ်စွာဘုရား သာသနာ ကွယ်ပျောက်ချိန်မှစ၍ အထုပ်ပြုကာ လက်ထဲ၌ဆုပ်၍ ထားသကဲ့သို့သော သဒ္ဓါတရားတည်းဟူသော ရတနာထုပ် ရတနာလက်ဆုပ်ကို အထုပ်ဖြေကြပါစေကုန် လက်ဆုပ်ဖြေကြပါစေကုန်ဟူ၍ ဘုရားရှင် မိန့်တော်မူခြင်း ဖြစ်သည်။

ဤမိန့်တော်မူချက်ကို ထောက်သော် သဒ္ဓါတရားရှိသော သူသည် တရားတော်ကို အလျင်ဆုံး နာကြားရမည့်သူဖြစ်သည်။ အလျင်ဆုံး ဘုရားရှင်က ရှာဖွေ၍ တရားဟောရမည့်သူ ဖြစ်သည်။ ကျွတ်ထိုက်သောသူ ဟူသည်မှာလည်း သဒ္ဓါတရားရှိသော သူတို့ပင်ဖြစ်သည်။ သဒ္ဓါတရားမရှိသော သူတို့သည် မကျွတ်ထိုက်သော အဘာဗ္ဗပုဂ္ဂိုလ်တို့ ဖြစ်ကုန်၏။ ထိုသူတို့ကို ဘုရားရှင်သည် မဆင်ခြင် မစဉ်းစားဘဲ ဖယ်ထားခဲ့သည်။ သဒ္ဓါတရား မရှိခြင်းသည် တရားရေးအရာတွင်သာ အကျိုးယုတ်သည်မဟုတ်၊ လောကရေးရာတွင်လည်း အကျိုးယုတ်ပုံကို မာန်လည်ဆရာတော် ဘုရားကြီးက ဤသို့ စပ်ဆိုခဲ့သည်။

> "သဒ္ဓါရှေးက၊ မဲ့ကြသောအား၊ ထိုသူများကား၊ စီးပွားချမ်းသာ၊ လုပ်ဆောင်ပါလည်း၊ လိုရာမပြီး၊ မီးနှင့်မပြတ်၊ ဖျက်ရှို့ တတ်သည့်၊ ဗိသျှတ်ကရိဏ်း၊ သင့်သောတိုင်းဖြင့်၊ သုံးပိုင်းပျက်စီး၊ ချည်းနှီးမျှသာ၊ ဖြစ်တတ်စွာ၏"

http://www.dhammadownload.com

သူတော်ကောင်းအလှူဒါန ငါးပါး

(၁) လှူဖွယ်ဝတ္ထုကို စင်ကြယ်ကောင်းမွန်အောင် စီမံပြုပြင်၍ ပေးလှူခြင်း၊

(၂) လှူဖွယ်ဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ်ကို စိတ်ထဲမှာ ရှိသေလေးမြတ်မှုရှိ၍ ပေးလှူခြင်း (လှူဖွယ်ဝတ္ထုကို မွန်မြတ်အောင် အရသာရှိအောင် ပြုလုပ်၍ ပေးလှူသည်ရှိသော် လှူဖွယ်ဝတ္ထုကို စိတ်ထဲမှာ ရှိသေလေးမြတ်သည်မည်၏။ အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်လှူသော် အလှူခံပုဂ္ဂိုလ်ကို စိတ်ထဲမှာ ရှိသေလေးမြတ်သည် မည်၏။)

(၃) အစမထင် သံသရာတစ်ခွင်၌ လက်ခြေကိုမရသည့် ဘဝကား များလှလေပြီ။ လက်ခြေ အင်္ဂါပြည့်စုံသည့် ယခုဘဝဝယ် ရသောလက်ဖြင့် ဘဝမှ လွတ်မြောက်ရေးကို အားထုတ်မည်ဟု ဆင်ခြင်၍ မိမိကိုယ်တိုင် မိမိလက်ဖြင့် ကိုင်တွယ်လှူဒါန်းခြင်း၊

(၄) ထမင်းကြွင်း ဟင်းကျန်စသည့် စွန့်ပစ်အပ်သော ပစ္စည်းကို ကဲ့သို့ မဟုတ်ဘဲ ဂရုတစိုက် ပေးလှူခြင်း၊

(၅) ဤလှူဒါန်းမှုကြောင့် နောင်အခါဝယ် ကောင်းကျိုးကေန်ဖြစ်လိမ့်မည်ဟု သိရှိသော ကမ္မဿကတာဉာဏ် ရှေ့သွားပြု၍ ပေးလှူခြင်း၊

ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော အလှူကို သူတော်ကောင်းအလှူဟူ၍ ခေါ်၏။

http://www.dhammadownload.com

အရှင်မဟာကဿပ၏ ချီးမြှောက်မှု

တစ်နေ့သောအခါ ဓုတင် တစ်ဆယ့်သုံးပါးကို ဆောင်တော်မူသော ရှင်မဟာကဿပသည် နိရောဓသမာပတ် ဝင်စားရာမှ ထတော်မူပြီးနောက် "ငါသည် ယနေ့ အဘယ်သူ့ကို ဆွမ်းခံခြင်းဖြင့် ချီးမြှောက်ရပါအံ့နည်း၊ အပါယ်လေးပါးမှလည်းကောင်း၊ ဆင်းရဲမှလည်းကောင်း လွတ်မြောက်စေရပါအံ့နည်း" ဟု ဆင်ခြင်တော်မူသော် ရာဇဂြိုဟ်ပြည်တွင် သူတစ်ပါးအိမ်နောက်ဖေးဦ အဖိုကလေးချပြီးနေရ၍ ထမင်းချိုး၊ ယာဂုချိုး စသည်တို့ဖြင့်သာ အသက်မွေးနေရသော သူဆင်းရဲမ အမျိုးသမီးတစ်ယောက် သေခါနီးပြီ ကိုလည်းကောင်း၊ သေသော် ငရဲကျမည်ကိုလည်းကောင်း မြင်တော်မူလေသည်။

ထို့နောက် အရှင်မြတ်သည် "ငါသွားသော် သူမသည် ရထားသော ထမင်းချိုးကို ငှဲ့အားလျှူလျှင် ထိုကောင်းမှုကြောင့် နိမ္မာနရတိနတ်ပြည်၌ ဖြစ်လိမ့်မည်။ ဤသို့လျှင် ငရဲမှ လွတ်စေ၍ နတ်ပြည်ချမ်းသာကို ဖြစ်ပါစေအံ့" ဟု ကြံ၍ သူမ၏ နေအိမ်ရှိရာသို့ ရှေ့ရှု ဆွမ်းခံကြွတော်မူ၏။

သိကြားမင်းသည် မထင်ရှားသော အသွင်ဖြင့် အရှင်မြတ်အား ဆွမ်းလောင်းရန် အားထုတ်၏။ အရှင်မြတ်သည် သိကြားမင်းမှန်းသိ၍ "သိကြားမင်း၊ သင်သည် ပြုအပ်ပြီးသောကုသိုလ်ရှိ၏။ ဘာကြောင့် သူဆင်းရဲတို့၏ စည်းစိမ်ချမ်းသာကို လုမယူချင်ပါနဲ့" ဟု ပယ်မြစ်၍ သူမ၏ ရှေ့၌ ရပ်၏။

http://www.dhammadownload.com

ကန်တော့ဆွမ်းပါဘုရား

သူမသည် "ဤရှင်မဟာကဿပ အရှင်မြတ်မှာ တန်ခိုးကြီးမား၏။ ဤအရှင်မြတ်အား လူရန် ငါ့မှာ ခဲဖွယ်ဘောဇဉ် တစ်စုံတစ်ရာမရှိ၊ ဆား၊ ဆီမပါ မြူမှုန် ဗရပွနှင့် အရသာမရှိသော အေးစက်ကြပ်တပ်သော ငါ့အစာ ထမင်းချိုးကို ပေးလှူလို့ မဖြစ်နိုင်" ဟုစဉ်းစား၍ "ကန်တော့ဆွမ်းပါဘုရား" ဟု လျှောက်၏။

အရှင်မြတ်သည် သူမကို သက်သက်ခိုးမြှောက်ရန် ကြွလာတော်မူရကား ကန်တော့ဆွမ်းလောင်းလျှင် ခြေတစ်လှမ်းသာ ရှေ့သို့ကြွပြီး ကစ်ဖန်ရပ်ပြန်၏။ လူများသည် ဆွမ်းလောင်းလှူ၏။ လက်မခံပေ။ ထိုအခါမှ သူမသည် "ဤအရှင်မြတ်သည် ငါ့ကို ခိုးမြှောက်ရန် အလို့ငှာ သက်သက် ဤအရပ်သို့ ကြွလာတာဖြစ်မည်၊ ငါ၏ အလှူဝတ္ထုကိုသာ အလှူခံလိုသည်နှင့် တူသည်"ဟု စဉ်းစား၍ ကြည်လင်ရွှင်ပြသော စိတ်ထားဖြင့် ထမင်းကျိုးတို့ကို စင်ကြယ်အောင် ပြုပြင်၍ ရိုသေစွာ လောင်းလှူသည်။

သုံးဘဝက မယ်တော်

အရှင်မြတ်သည် သူမ၏ သဒ္ဓါတရား တိုးပွားစေခြင်းငှာ သူမ မြင်လောက်ရာ၌ပင် ထိုင်၍ ဘုဉ်းပေးပြီးလျှင် သူမအား အနုမောဒနာတရား ဟောကြား၍ "သင်သည် ဤဘဝမှ လွန်ခဲ့သော သုံးဘဝက ငါ၏မယ်တော်ဖြစ်ခဲ့ဖူး၏" ဟု မိန့်တော်မူ၍ ကြွသွားလေသည်။ သူမသည် အရှင်မြတ်ကို ထမင်းချိုးလှူရခြင်း၊

http://www.dhammadownload.com

သူမရှေ့တွင်ပင် ဘဉ်းပေးခြင်းနှင့် လွန်ခဲ့သော သုံးဘဝက အရှင်မြတ်၏ မယ်တော်ဖြစ်ခဲ့ခြင်းကြောင့် အရှင်မြတ်၌ အလွန်ကြည်ညို သဒ္ဓါကို ဖြစ်၍ ထိုည ပထမယာမ်၌ပင် သေ၍ နိမ္မာနရတိ နတ်ပြည်၌ ဖြစ်လေ၏။

တစ်နေ့သ၌ သိကြားမင်းသည် သူမ၏ သေသည့်အဖြစ်ကို သိ၍ "အဘယ်နတ်ပြည်၌ ဖြစ်သနည်း" ဟု ဆင်ခြင်သော် တာဝတိံသာနတ်ပြည်၌ မတွေ့၍ ညဉ့်သန်းခေါင်ယံအချိန်၌ ရှင်မဟာကဿပ အရှင်မြတ်ထံမှောက်သို့ လာရောက်လျှောက်ထား၏။

"အရှင်ဘုရား၊ သူတစ်ပါး အိမ်နောက်ဖေး၌ အဖီကလေးချ၍ နေရသော သူဆင်းရဲမ အမျိုးသမီးသည် အရှင်ဘုရားအား ကြည်လင်သော စိတ်ထားဖြင့် ရှိသေစွာ ထမင်းချိုးကို ကိုယ်ထိလက်ရောက် ပေးလှူဖူးပါပြီ၊ သူမသည် လူ့ခန္ဓာကိုယ်ကိုစွန့်၍ အဘယ်နတ်ဘုံဘဝသို့ လားရောက်ပါသနည်း"

"အို–သိကြားမင်း၊ ထိုသူဆင်းရဲမ အမျိုးသမီးသည် လူ့ကိုယ်ခန္ဓာစွန့်၍ တန်ခိုး အာနုဘော်ကြီးသော နတ်တို့နေရာ နိမ္မာနရတိနတ်ပြည်၌ ချမ်းသာခြင်းသို့ ရောက်၍ မွေ့လျော်စံပျော် နေရ၏။

သိကြားမင်း၏ ဥဒါန်း

ထိုအခါ သိကြားမင်းသည် သူဆင်းရဲမ အမျိုးသမီး၏ ထမင်းချိုးအလှူ၏ အကျိုးအာနိသင် ကြီးမားမှုကို ချီးမွမ်း၍ ဤသို့ ဥဒါန်းကျူးရင့်လေသည်။

http://www.dhammadownload.com

"ရှင်မဟာကဿပ အရှင်မြတ်၌ ကောင်းစွာတည်စေသော သူဆင်းရဲမ အမျိုးသမီး၏ အလှူသည် အံ့ဖွယ်ရှိပေစွ၊ သူတစ်ပါးတို့ အိမ်မှ ဆောင်ယူလာသော ထမင်းချိုးဟူသော လှူဖွယ်ဝတ္ထု ဖြင့် ပေးလှူအပ်သော အလှူသည် ပြည့်စုံပေစွတကား၊ အချင်းတို့ အင်္ဂါကြီးငယ် အလုံးစုံ ကောင်းခြင်းရှိသော လင်၏ ရှုမငြီးသော မိန်းမသည် စကြာမင်း၏ မိဖုရားဖြစ်သော်လည်း ထိုမိဖုရားအဖြစ်သည် သူဆင်းရဲမ အမျိုးသမီးပေးလှူအပ်သော ထမင်းချိုးအလှူ၏ အကျိုးကို တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်မျှလောက် တန်ဖိုးမရှိပေ၊ ဤလောက၌ ကျွန်းကြီးလေးကျွန်းတို့ကို အစိုးရသော စကြာဝတေးမင်း၏ စည်းစိမ်ချမ်းသာသည် ဤသူဆင်းရဲမ အမျိုးသမီးပေးလှူအပ်သော ထမင်းချိုးအလှူ၏ အကျိုးကို တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်မျှလောက် တန်ဖိုးမရှိပေ"

တစ်နည်း သူတော်ကောင်းအလှူငါးပါး

ရဟန်းတို့၊ သူတော်ကောင်းတို့၏ ပေးလှူခြင်းတို့သည်–

(၁) ကံ–ကံ၏ အကျိုးကို ယုံကြည်သော သဒ္ဓါတရားဖြင့် ပေးလှူခြင်း–**သဒ္ဓါဒါန**၊

(၂) လှူဖွယ်ဝတ္ထုကို စင်ကြယ်မွန်မြတ်အောင် ကောင်းစွာပြုလုပ်၍ ပေးလှူခြင်း–**သက္ကစ္စဒါန**၊

(၃) သင့်လျော်လျောက်ပတ်သော အချိန်အခါ၌ လှူဒါန်းခြင်း–**ကာလဒါန**၊

(၄) အလှူခံပုဂ္ဂိုလ်ကို ချီးမွှောက်လိုသော စိတ်ထားဖြင့် လှူဒါန်းခြင်း–**အနုဂ္ဂဟဒါန**၊

http://www.dhammadownload.com

(၅) မိမိဂုဏ်ကိုလည်းကောင်း၊ သူတစ်ပါးဂုဏ်ကိုလည်းကောင်း အစွန်းအငြို အထိအခိုက်မရှိစေဘဲ လှူဒါန်းခြင်း–**အနုပဃာတဒါန**

ဟူ၍ ငါးပါးရှိကုန်၏။

အလှူနှင့်အကျိုး

(၁) ရဟန်းတို့–သဒ္ဓါဒါနကို ပေးလှူသောကြောင့် ထိုပေးလှူသော အလှူ၏ အကျိုးဖြစ်ရာ ထိုထိုဘုံဘဝ၌ ကြွယ်ဝ၏။ ချမ်းသာ၏။ များသောဥစ္စာရှိ၏။ များသော အသုံးအဆောင်ရှိ၏။ ရှချင့်စဖွယ် အဆင်းသဏ္ဌာန်နှင့် ပြည့်စုံ၏။

(၂) ရဟန်းတို့–သက္ကစ္စဒါနကို ပေးလှူသောကြောင့် ထိုပေးလှူသောအလှူ၏ အကျိုးဖြစ်ရာ ထိုထိုဘုံဘဝ၌ ကြွယ်ဝ၏။ ချမ်းသာ၏။ များသောဥစ္စာရှိ၏။ များသောအသုံးအဆောင်ရှိ၏။ ထိုအလှူရှင်၏ သားသမီး၊ သားမယား၊ ကျေးကျွန်၊ အစေခံ၊ အမှုလုပ် စသော အခြွေအရံပရိသတ်တို့သည် မိမိ၏ စကားကိုနာယူကြကုန်၏။ နားထောင်ကြကုန်၏။ သိနားလည်ရန် စိတ်ကို ဖြစ်စေကြကုန်၏။

(၃) ရဟန်းတို့–ကာလဒါနကို ပေးလှူသောကြောင့် ထိုပေးလှူသောအလှူ၏ အကျိုးဖြစ်ရာ ထိုထိုဘုံဘဝ၌ ကြွယ်ဝ၏။ ချမ်းသာ၏။ များသောဥစ္စာရှိ၏။ များသောအသုံးအဆောင်ရှိ၏။ ထိုအလှူရှင်အား အခါအားလျော်စွာ ရောက်လာကုန်သော အကျိုးတရားတို့သည် များပြားကုန်၏။ လိုအပ်သော

http://www.dhammadownload.com

အချိန်ကာလဝယ် လိုအပ်သော အကျိုးတရားတို့ကို များစွာ ရကုန်၏။

(၄) ရဟန်းတို့–အနုဂ္ဂဟဒါနကို ပေးလှူသောကြောင့် ထိုပေးလှူသောအလှူ၏ အကျိုးဖြစ်ရာ ထိုထိုဘုံဘဝ၌ ကြွယ်ဝ၏။ ချမ်းသာ၏။ များသောဥစ္စာရှိ၏။ များသောအသုံးအဆောင် ရှိ၏။ ရရှိသော မွန်မြတ်သော စည်းစိမ်အသုံးအဆောင် အာရုံငါးပါး ကာမဂုဏ်တရားတို့၌ သုံးဆောင်ရန် စိတ်ဆန္ဒ ရှိ၏။ သုံးဆောင်ရ၏။

(၅) ရဟန်းတို့–အနုပဃာတဒါနကို ပေးလှူသောကြောင့် ထိုပေးလှူသောအလှူ၏ အကျိုးဖြစ်ရာ ထိုထိုဘုံဘဝ၌ ကြွယ်ဝ၏။ ချမ်းသာ၏။ များသောဥစ္စာရှိ၏။ များသောအသုံးအဆောင် ရှိ၏။ ထိုအလှူရှင်အား မီး၊ ရေ၊ မင်း၊ ခိုးသူနှင့် မချစ်မနှစ် သက်အပ်သော အမွေခံဆိုးစသော မည်သည့် အကြောင်းကြောင့်မဆို စည်းစိမ်ဥစ္စာတို့ ပျက်စီးခြင်းမရှိ၊ စည်းစိမ်ဥစ္စာတို့ကို ရန်သူမျိုးငါးပါးတို့ မဖျက်ဆီးနိုင်ခြင်း အကျိုးထူးကို ရရှိနိုင်၏။

မသူတော်အလှူဒါနငါးပါး

(၁) လှူဖွယ်ဝတ္ထုကို စင်ကြယ်မွန်မြတ်အောင် စီမံပြုပြင်ခြင်းမရှိဘဲ လှူဒါန်းခြင်း၊

(၂) လှူဖွယ်ဝတ္ထုကို ဂရုမစိုက်၊ စိတ်ထဲ၌ ရိုသေလေးမြတ်မှု မရှိဘဲ လှူဒါန်းခြင်း၊

http://www.dhammadownload.com

(၃) မိမိလက်ဖြင့် ကိုယ်တိုင် ကိုင်တွယ်၍ လူဒါန်းသင့်ပါလျက် ကိုယ်တိုင်ကိုင်တွယ်၍ မလူဒါန်းခြင်း၊

(၄) ထမင်းကြွင်း ဟင်းကျန် စသည့် စွန့်ပစ်အပ်သော ပစ္စည်းကို စွန့်ပစ်သကဲ့သို့ ပေးလူခြင်း၊

(၅) ဤလူဒါန်းမှုကြောင့် နောက်အခါ ကောင်းကျိုးဇကန် ရောက်လာလိမ့်မည်ဟု သိရှိသော ကမ္မသကတာ ဉာဏ်ပညာ မပါရှိဘဲ လူဒါန်းခြင်း။

မရိုမသေပေးမိ၍

ဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်နေ့သ၌ ရှင်မဟာမောဂ္ဂလာန်သည် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွလေသော် လမ်း၌ ပြိတ္တာတစ်ဦးကို တွေ့၏။ ထိုအခါ ပြိတ္တာက ရှင်မဟာမောဂ္ဂလာန်အား လျှောက်ထား၏။

"အရှင်ဘုရား၊ အကျွန်ုပ်အား ကြီးကျယ်များပြားသော ကြံတောကြီးရှိပါ၏။ သို့သော် အကျွန်ုပ် မသုံးဆောင်ရပါ။ အကျွန်ုပ်သည် ကြံကို သုံးဆောင်ရန် လုံ့လပြုသောအခါ ကြံချောင်းတို့သည် အကျွန်ုပ်ကို ရိုက်နှက်နှိပ်စက်ပါကုန်၏။ ကြံရွက်တို့သည် သန်လျက်ကဲ့သို့ ဖြတ်အပ်ပါကုန်၏။ ထို့ကြောင့် အကျွန်ုပ်သည် အင်အားပြတ်၍ ဆင်းရဲခြင်းသို့ ရောက်ရပါ၏။

"အရှင်ဘုရား၊ အကျွန်ုပ်သည် ပင်ပန်းသည်ဖြစ်၍သာလျှင်မြေ၌ လဲကျရပါ၏။ ပူပြင်းသော ကြည်းကုန်းထက်ဝယ် ရေ၌

http://www.dhammadownload.com

ကျက်စားသော ငါ့ကဲ့သို့ ချာချာလည်နေရပါ၏။ ငိုကြွေးရသော အကျွန်ုပ်၏ မျက်ရည်တို့သည် ယိုစီးထွက်ကျပါကုန်၏။

"အရှင်ဘုရား၊ အကျွန်ုပ်သည် ဆာလောင်သည်ဖြစ်၍ ပင်ပန်းလှပါသည်။ ရေလည်း မွတ်သိပ်လှပါ၏။ လွန်စွာ မွတ်သိပ်လှသောကြောင့် သာယာဖွယ် ချမ်းသာကို မရပါ။ အရှင်ဘုရား ဤအကြောင်းကို အရှင်ဘုရားအား မေးလျှောက်ပါ၏။ ဖြေကြားတော်မူပါ။ ဤအကျိုးသည် အဘယ်ကံ၏ အကျိုးပါနည်း။ အဘယ်သို့သော နည်းဖြင့် အကျွန်ုပ်သည် ကြံကို သုံးဆောင်ရပါအံ့နည်း"

ထိုအခါ အရှင်မဟာမောဂ္ဂလာန်က ပြောပြ၏။ "ရှေးဘဝက လူသားဖြစ်သော သင်သည် ကိုယ်တိုင် အကုသိုလ်ကံကို ပြုခဲ့ပြီးပြီ၊ ငါသည် သင့်အား ဤအကြောင်းကံကို ဟောကြားအံ့၊ သင်သည် ကြားနာ၍ အကြောင်းကံကို သိလော့"

အကျိုးနှင့်အကြောင်း

"ရှေးဘဝက သင်သည် ကြံစည်းကိုထမ်းကာ ကြံတစ်ချောင်းကို စား၍သွား၏။ သီလရှိ၍ ကောင်းသောသဘောရှိသော ယောကျ်ားတစ်ယောက်သည် ကလေးငယ်ကိုချီ၍ သင့်နောက်မှ လိုက်လာ၏။ ကလေးသည် ကြံကိုမြင်သော် ငို၍တောင်း၏။ ကလေးချီလာသော ယောကျ်ားသည် ကလေးငိုသည်ကို သိ၍ ကြံအနည်းငယ်ကို တောင့်တပြီး သင်နှင့်စကားပြောဆို၏။

http://www.dhammadownload.com

သင်သည် ထိုယောက်ျားအား စကားတစ်စုံတစ်ရာ ပြန်၍မပြောပေ။ ထိုယောက်ျားသည် ကလေးငယ်ကိုပြု၍ "မိတ်ဆွေ၊ ဤကလေးသည် အလွန်ငိုဇ၏၊ ဤကလေးအား ကြံတစ်ဆစ်မျှပေးပါလော" ဟု သင့်ကို တောင်း၏။ သင်သည် ကြိမ်းမောင်းလျက် အမျက်ထွက်သော စိတ်ဖြင့် မရိုမသေစွန့်ပစ်ပြီး ကြံတစ်ချောင်းကို နောက်ပြန်ပစ်၍ ပေး၏။ ဤအကျိုးသည် ထိုကြံကို နောက်ပြန်ပစ်ပေးသောကံ၏ အကျိုးတည်း၊ သင့်ကို ငါတို့က်တွန်း၏။ သင်သည် သွား၍ ကြံကို နောက်ပြန်နုတ်ယူလော့၊ ယူပြီးလျှင် အလိုရှိတိုင်း ခဲစားလော့၊ တင်းသို့ ခဲစားမှသာလျှင် သင်သည် နှစ်လိုရွှင်လန်းဝမ်းမြောက်ပေအံ့"

ဤကား ပြိတ္တာဖြစ်ရပုံတည်း။ တခြား နဂါး၊ ဂဠုန် စသည်ဖြစ်ရပုံကို မာန်လည်ဆရာတော်ဘုရားကြီးက ဤသို့ စပ်ဆိုခဲ့လေသည်။

"လူပေးမျက်ထွက်၊ ဒေါသဖက်၍၊ နှစ်ချက် ကမ္မ၊ မိဿကဖြင့်၊ ဒွယကာရီ၊ လေ့ဝသီကြောင့်၊ နာဂီ–နာဂ၊ သုပဏ္ဏဟု၊ သုခကြီးကျယ်၊ တန်ခိုးကြွယ်လျက်၊ မျိုးနွယ်အဟိတ်၊ အပါယ်စိတ်နှင့်၊ မင်္ဂိတ်စျာန်ကင်း၊ ဘဝဖျင်းသား၊ အလင်းမရှိ၊ ဇာတိယုတ်တန်၊ တိရစ္ဆာန်၌၊ သဏ္ဌာန်အသွား၊ အကျင့်အားဖြင့်၊ သုံးပါးကန့်လန့်၊ ဖည်လာဆန့်သည်၊ ဘုန်းကြွန့်ယုတ်မာ၊ သညာဇောတ်၊ နာနတ်သဏ္ဌာန်၊ ဟန်ပန်ကြမ်းစွာ၊ တွေ့ပြားတည်း"

http://www.dhammadownload.com

တစ်နည်း မသူတော်အလှူဒါန ငါးပါး

ဤမသူတော်အလှူဒါန ငါးပါးကို ပါဠိတော်၌ တိုက်ရိုက် ဟောထားချက် မရှိသော်လည်း ရှေးက ရေးပြခဲ့သော သူတော် ကောင်း အလှူဒါနငါးပါးကို ပြောင်းပြန်လှန်လိုက်၍ ဖြစ်သင့်သမျှ ယူ၍ ပြခြင်းဖြစ်၏။

(၁) ကံ–ကံ၏အကျိုးကို ယုံကြည်သော သဒ္ဓါတရားမရှိဘဲ အတုအပ ကဲ့ရဲ့လွတ်ရုံမျှ လှူဒါန်းခြင်း အသဒ္ဓိယဒါနကြောင့် ထိုပေးလှူသော အလှူရှင်၏ အကျိုးဖြစ်ရာ ဘုံဘဝ၌ စည်းစိမ် ဥစ္စာရှိပါသော်လည်း ရုပ်ဆင်းအင်္ဂါ မပြည့်စုံဘဲ ရှိတတ် သည်။

(၂) လှူဖွယ်ဝတ္ထုကို စင်ကြယ်ကောင်းမွန်အောင် ကောင်းစွာ မပြုပြင်ဘဲ ဖြစ်ကတတ်ဆန်း လှူဒါန်းခြင်း အသက္ကစ္စဒါန ကြောင့် ထိုပေးလှူသော အလှူ၏ အကျိုးဖြစ်ရာ ဘုံဘဝ၌ စည်းစိမ်ဥစ္စာရှိပါသော်လည်း သားသမီး ကျေးကျွန် စသော အခြွေအရံပရိသတ်များ မိမိစကားကို မလိုက်နာဘဲ ရှိတတ် သည်။

(၃) အချိန်အခါမဟုတ်ဘဲ လှူဒါန်းခြင်း အကာလဒါနကြောင့် ထိုပေးလှူသော အလှူ၏ အကျိုးဖြစ်ရာ ဘုံဘဝ၌ စည်းစိမ် ဥစ္စာရှိပါသော်လည်း လိုအပ်သော အချိန်အခါ၌ လိုအပ်သော အကျိုးတရားတို့ကို များများ မရနိုင်ဘဲ ရှိတတ်သည်။

http://www.dhammadownload.com

(၄) အလှူခံပုဂ္ဂိုလ်ကို ချီးမြှောက်လိုသောစိတ်မရှိဘဲ ဝတ်ကျေဝတ်ကုန် လှူဒါန်းခြင်း၊ အနုနုဂ္ဂဟဒါနကြောင့် ထိုပေးလှူသော အလှူ၏ အကျိုးဖြစ်ရာ ဘုံဘဝ၌ စည်းစိမ် ဥစ္စာရှိပါသော်လည်း မွန်မြတ်သောအသုံးအဆောင်တို့ကို သုံးဆောင်ရန် စိတ်ဆန္ဒမရှိ၊ မသုံးဆောင်ရဘဲ ရှိတတ်သည်။

(၅) မိမိဂုဏ်ကိုဖြစ်စေ၊ သူတစ်ပါးဂုဏ်ကိုဖြစ်စေ၊ စွန်းငြိထိပါး၍ လှူဒါန်းခြင်း၊ ဥပဃာဒါနကြောင့် ထိုပေးလှူသော အလှူ၏ အကျိုးဖြစ်ရာဘုံဘဝ၌ စည်းစိမ်ဥစ္စာရှိပါသော်လည်း ရန်သူမျိုးငါးပါးကို ဖျက်ဆီးတတ်သည်။

ဤ မသူတော် အလှူဒါနတို့ကို အထူးသတိပြုပါ။ ဝတ္ထုကြေး ငွေ ကုန်ပါလျက် အကျိုးနည်းရခြင်းသည် မကောင်းပေ။ အထူးသဖြင့် နံပါတ် (၃) အချက် ကာလဒါနကို သတိပြုပါ။ စေတနာကောင်းဖြင့်ပင် လှူဒါန်းသော်လည်း 'နေ့အလင်းရောင် ရှိသော အချိန် မြတ်စွာဘုရားမှာ ဆီမီးထွန်းညှိပူဇော်ခြင်း၊ မွန်းလွဲပြီးသော ညနေပိုင်းအချိန်၌ ဆွမ်းတော်ကြီးတင်ပွဲ ကျင်းပ၍ ဆွမ်းတော်ကြီးတင်ခြင်း၊ အရုဏ်မတိုင်မီ ဘုရားဆွမ်းကပ်ခြင်း' စသည်တို့ကို မပြုမိအောင် အထူးသတိပြုရာ၏။

နတ်သားလျှောက်ထားသော ဒါနငါးပါး

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းတော်မူခိုက် တစ်နေ့သော ည၌သန်းခေါင်ယံအချိန်တွင် မထင်ရှားသော နတ်သားတစ်ယောက်သည် ဘုရားရှင်ထံမှောက်သို့ လာရောက်၍ ရှိသေစွာရှိခိုး လျှောက်ထား၏။

http://www.dhammadownload.com

'မြတ်စွာဘုရား၊ ဘယ်အရာကို ပေးလှူသူသည် ခွန်အားကို ပေးလှူသည် မည်ပါသနည်း။ ဘယ်အရာကို ပေးလှူသူသည် အဆင်းကိုပေးလှူသည် မည်ပါသနည်း။ ဘယ်အရာကို ပေးလှူသူသည် ချမ်းသာကို ပေးလှူသည်မည်ပါသနည်း။ ဘယ်အရာကို ပေးလှူသူသည် မျက်စိကိုပေးလှူသည် မည်ပါသနည်း။ ဘယ်အရာကို ပေးလှူသူသည် အလုံးစုံကို ပေးလှူသည် မည်ပါသနည်း'

'အိုနတ်သား– အစားအစာကို ပေးလှူသူသည် ခွန်အားကို ပေးလှူသည်မည်၏။ အဝတ်သင်္ကန်းကို ပေးလှူသူသည် အဆင်းကို ပေးလှူသည်မည်၏။ ယာဉ်ရထားကို ပေးလှူသူသည် ချမ်းသာကို ပေးလှူသည်မည်၏။ ဆီမီးကို ပေးလှူသူသည် မျက်စိကို ပေးလှူသည်မည်၏။ နေရာကျောင်းကို ပေးလှူသူသည် အလုံးစုံကို ပေးလှူသည်မည်၏။ တရားပြသ ဟောပြောပေးသောသူသည် အမြိုက်နိဗ္ဗာန်ကို ပေးလှူသည်မည်၏'

နောက်ဆုံး အဖြေမှာ နတ်သားအမေးတွင် မပါဝင်ပေ။ ပြည့်စုံအောင် ဖြေခြင်းမျှသာ ဖြစ်သည်။ သည်ကို ရည်ရွယ်၍ မာန်လည်ဆရာတော်ဘုရားကြီးက ဤသို့ စပ်ဆိုခဲ့သည်။

'အန္နဒါန၊ ဟာရကြည်ဖြူ၊ ဆွမ်းအလှူဖြင့်၊ သက်လှူ အာယု၊ မန္ဒာတုသို့၊ ရှည်မှုလွှဲ့ပေါ်၊ သက်တမ်းကျော်၏။ တဘော်ဆင်မြန်း၊ ဝတ်သင်္ကန်းကို၊ လှူဒါန်းသည့်သူ၊ အဆင်း လှူတည်း၊ နတ်လူတို့ဘောင်၊ ဖြစ်တိုင်းနောင်ဝယ်၊ အခေါင် ဦးစွန်း၊ ကိုယ်ရောင်ထွန်း၍၊ တုကျွန်းလွတ်ကွာ၊ မယ်ဥမ္မာနှင့် ပဘာဝတီ၊ နတ်တပြိုသို့၊ အညီနှိုင်းရှိ၊ လှခေါင်ထိလိမ့်၊

http://www.dhammadownload.com

ဆီမီးအလှူ၊ မျက်စိဟူရှင့်၊ ယာဉ်မူလှူသီး၊ ချမ်းသာကြီး၏။ မှိုရိအာဝါသ၊ သာယာရိပ်ချမ်း၊ ကျောင်းသခ်မ်းကား၊ ဆုံးကမ်းမရှိ၊ ကြီးဘိကျိုးနပ်၊ နိဗ္ဗာန်ခပ်အောင်၊ မဟပ္ဖလံ၊ ရှပ်ရဗံတည်း၊ ဟောကြားပြသ၊ ဆုံးမတတ်သူ၊ အမြိုက်ဟူသည်၊ အလှူများမင်း၊ အခေါင်ချင်းဟု၊ ကျမ်းရင်းမေမွစက်၊ မိန့်တော်ထွက်သည်၊ တုဘက်မခံ မခိုင်းတည်း'

အဝတ်လှူ၍ အလှဆင်သူ

ကဿပဘုရားရှင်၏ လက်ထက်တော်အခါက သူဆင်းရဲ အမျိုးသမီးကလေးတစ်ယောက်သည် ဗာရာဏသီပြည်တွင် ရှိခဲ့၏။ နက္ခတ်ပွဲသဘင် ကျင်းပသော တစ်နေ့တွင် ချမ်းသာကြွယ်ဝသော အမျိုးသမီးများ ဝတ်ပန်းဆိုးအဝတ်ကို ဝတ်၍ တန်ဆာဆင်ယင်လျက် ကစားမြူးထူးကြကုန်သည်တို့ကို မြင်လျှင် သူမသည် မိဘတို့အား ပူဆာ၏။

'အို– အမိအဘတို့၊ အကျွန်ုပ်အား ဝတ်ပန်းဆိုး အဝတ်ကို ပေးပါ'

'အို–ချစ်သမီး၊ ငါတို့သည် အလွန်ဆင်းရဲကုန်၏။ ငါတို့အား အဘယ်မှာ ဝတ်ပန်းဆိုးအဝတ် ရှိပါအံ့နည်း'

'သို့ဖြစ်လျှင် အကျွန်ုပ်ကို သူဌေးအိမ် တစ်အိမ်၌ ကျွန်ပြုလုပ်ရန်ခွင့်ပြုကြပါ၊ ထိုအခဖြင့် ဝတ်ပန်းဆိုး အဝတ်ကို ဝယ်ယူဝတ်ပါရစေ'

'ချစ်သမီး၊ ဝတ်ချင်သပဆိုလျှင် ချစ်သမီး သဘောပဲ'

http://www.dhammadownload.com

တဏ္ဍကျွန်ဘဝ

သူမသည် သူဌေးအိမ်တစ်အိမ်၌ အစေခံကျွန်မအဖြစ် ကျေပွန်စွာ လုပ်ဆောင်သဖြင့် သုံးနှစ်မပြည့်မီ ဝတ်ပန်းဆိုး အဝတ်နှင့် အခြားအဝတ်အထည်ကို ရလေလျှင် ရေချိုးပြီးမှ ဝတ်အံ့ဟူ၍ကြံစည်ပြီး အမျိုးသမီး အဖော်တစ်စုနှင့် မြစ်ကမ်းနားသို့ သွား၍ ရေချိုးလေ၏။ ထိုခဏ၌ သင်္ကန်းကို သူခိုးခံရသဖြင့် သစ်ခက်သစ်ရွက်တို့ကို ဝတ်ရုံ၍ ရေဆိပ်သို့ ရောက်လာသော ရဟန်းတစ်ပါးကိုမြင်လျှင် 'ဩ–အရှင်ကောင်း သင်္ကန်း သူခိုးခိုး ခံရသည် ဖြစ်လိမ့်မည်။ ငါသည် ရှေးဘဝက မလှူခဲ့ဖူးလို့ ဝတ်ပန်းဆိုး အဝတ်ကို သုံးနှစ်ကျွန်ခံမှ ရပေ၏'ဟု နှလုံးသွင်း စဉ်းစားပြီးလျှင် 'အရှင်ဘုရား၊ ရပ်တော်မူပါ' ဟု လျှောက်၍ ဝတ်ပန်းဆိုးအဝတ်ကို နှစ်ပိုင်းဖြတ်ပိုင်းပြီး တစ်ပိုင်းကို လှူလေ၏။

ခံစားချက်နှင့်ဆုတောင်း

အရှင်မြတ်သည် သစ်ခက်သစ်ရွက်များကို ဖယ်ရှား၍ ဝတ်ပန်းဆိုးအဝတ်ကို ဝတ်ရုံသော် ကိုယ်အလုံးသည် တက်သစ်သော နေလုလင်ကဲ့သို့ တစ်ခဲနက်နီသော အရောင်ထွက်၏။ သူမသည် အရှင်မြတ်ကိုမြင်လျှင် 'ငါ၏ အရှင်မြတ်သည် ရှေးကမူ မတင့်တယ်ပေ။ ယခုမူကား တက်သစ်သော နေလုလင်ကဲ့သို့ တင့်တယ်တော်မူပါပေ၏။ ဤကျန်သော ဝတ်ပန်းပုဆိုး အပိုင်းကိုလည်း အရှင်မြတ်အား လှူဦးအံ့ဟု' ကြံစည်၍ ကျန်သောဝတ်ပန်းထည်

http://www.dhammadownload.com

ပိုင်းကိုလည်း လှူပြန်ပြီးလျှင် 'အရှင်မြတ်ဘုရား အကျွန်ုပ်သည် ဘဝတိုင်း ဘဝတိုင်း မြတ်သောအဆင်းကို ဆောင်နိုင်သည် ဖြစ်ရပါလို၏။ အကျွန်ုပ်ကိုမြင်သော ယောကျ်ားတိုင်းသည် မိမိ သဘောအားဖြင့် ကိုယ်ကို ဆောင်နိုင်အံ့သောငှာ မစွမ်းနိုင်ဘဲ ဖြစ်ပါစေသတည်း၊ တစ်ပါးသော မိန်းမသည် အကျွန်ုပ်ထက် ပိုလွန်၍ လှပါသည် မဖြစ်ပါစေသတည်း' ဟု ဆုတောင်း၏။ အရှင်မြတ်လည်း 'တောင်းတဲ့ဆုနှင့် ပြည့်စုံစေ' ဟု ဆုပေး၍ အနုမောဒနာတရား ဟောကြား၍ ကြွသွားလေ၏။ သူမသည် ထိုကောင်းမှုကြောင့် လူ့ပြည်နတ်ပြည် စုန်ဆန်လူးလာ ခံစားနေရာမှ တစ်ခုသောဘဝတွင် သိဝိတိုင်း အရိဋ္ဌပုရမြို့၌ ကုဋေ ရှစ်ဆယ် ချမ်းသာသော တိရိဝစ္ဆသူဌေးသမီး ဥမ္မာဒန္တီဖြစ်၍လာ၏။ သူမကို မြင်လျှင် ယောကျ်ားများ ပကတိစိတ်ပျောက်၊ ရာဂ စိတ်ဖြင့် ဖောက်ပြန်၍ သူမကို ဥမ္မာဒန္တီ ခေါ်၏။

မတောင်းသင့်သောဆု

ဤတွင် ဥမ္မာဒန္တီ အမျိုးသမီးလောင်း တောင်းသောဆုကို သတိပြုပါ။ 'အကျွန်ုပ်ကို မြင်သောယောကျ်ားတိုင်းသည် မိမိ သဘောအားဖြင့် ကိုယ်ကို ဆောင်နိုင်အံ့သောငှာ မစွမ်းနိုင်သည် ဖြစ်ပါစေသတည်း' နှင့် 'တစ်ပါးသောမိန်းမသည် အကျွန်ုပ်ထက် ပိုလွန်၍ လှသည်မဖြစ်ပါစေသတည်း' ဟူသောဆုမျိုးကို မတောင်းသင့်ပေ။

http://www.dhammadownload.com

ဆီမီးလူအကျိုး

ပဒုမုတ္တရဘုရားရှင် လက်ထက်တော်အခါက သူကြွယ်တစ်ယောက်သည် ဘုရားရှင်ဟောကြားတော်မူသော တရားတော်ကို နာကြားရ၍ မတုန်လှုပ်သော အစလသဒ္ဓါနှင့် ပြည့်စုံ၏။ တစ်နေ့သ၌ လူအများတို့သည် ဘုရားရှင် ပွင့်တော်မူသော ဗောဓိပင်ကို ပူဇော်ကြကုန်သည်ကိုမြင်လျှင် 'ငါလည်း ပူဇော်ပါအံ့' ဟု ကြံစည်၍ ဗောဓိပင်ကို ပွတ်လုံးပတ်လည်ရံ၍ ထိုပွတ်လုံးတိုင် တစ်ပတ်လည်၌ ဆီမီးခွက်တို့ကို ညှိထွန်းပူဇော်၏။ သူသည် ထိုကောင်းမှုကြောင့် သေသော် နတ်ပြည်သို့ ရောက်၏။ ထိုမှ တစ်ဖန် လူအဖြစ် စသည်ဖြင့် လူနတ်ခန္ဓာ စုန်ဆန်လူးလာ ပြောင်းလဲ၍သာ ဖြစ်ရ၏။ ထိုလူနတ် ဘဝတို့တွင် ကောင်းကင်၌ မီးရှူးတိုင်တို့ထွန်းကုန်၏။ နံရံအပြင်ပကိုလည်းကောင်း၊ တောင်အပြင်ပကိုလည်းကောင်း၊ ကျောက်အပြင်ပကိုလည်းကောင်း၊ လွန်၍ ထက်ဝန်းကျင်ယူဇနာတစ်ရာတိုင်အောင် မြင်နိုင်သော နတ်မျက်စိရှိ၏။ အညစ်အကြေး ကင်းသော အရောင်အဆင်းရှိ၏။ အလုံးစုံသော ကိုယ်အင်္ဂါကြီးငယ်တို့ဖြင့် အရပ်မျက်နှာအားလုံးသည် ထွန်းလင်းတောက်ပ၏။ ထွန်းလင်းတောက်ပသော အာနုဘော်ရှိ၏။ စည်းစိမ်အားလုံးတို့ ဖြစ်ပေါ်လာရ၏။

သူသည် ဂေါတမဘုရားရှင် လက်ထက်တော်၌ လူဖြစ်လာ၍ ဘုရားရှင်၏ တရားတော်ကို နာကြားရလျှင် ကြည်ညိုသဒ္ဓါရှိ၍ ရဟန်းပြုလေရာ မကြာမြင့်မီပင် ရဟန္တာဖြစ်လေ၏။ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါးနှင့် အဘိညာဉ်ခြောက်ပါးတို့ကို ရရှိ၏။

http://www.dhammadownload.com

မကောင်းမှုဒါန ငါးပါး

လောကၠ လူတို့က ကုသိုလ်ကောင်းမှုဟု သတ်မှတ်သမုတ် အပ်သော်လည်း စင်စစ်မှာ အကုသိုလ် မကောင်းမှုသာ ဖြစ်သော ဒါနတို့သည်-

(၁) မဇ္ဈဒါန = သေအရက်အလှူ
(၂) သမဇ္ဈဒါနအလှူ = မြူးထူးစေရန် ပွဲသဘင်အလှူ
(၃) ကွတ္ထိဒါန = ကာမဂုဏ်ခံစားစေရန် မိန်းမအလှူ
(၄) ဥသဘဒါန = သားဖောက်စေရန် နွားလားအလှူ
(၅) စိတ္တကမ္မဒါန = ရာဂပွားစေရန် ပန်းချီကားအလှူ

ဟူ၍ ငါးပါးရှိပါကုန်၏။

ဤငါးပါးကို လှူရာၠ မကောင်းမှု အကုသိုလ်သာဖြစ်သည်ဟု ဘုရားရှင် ဟောကြားတော်မူခြင်းသည် ဤငါးပါးကို လှူဒါန်းရာၠ စိတ်စေတနာကောင်း ထားနိုင်ဖွယ်မရှိသောကြောင့်ပင် ဖြစ်၏။ လူအများ၏ အထင်ကမူ အရက်ပြတ်၍ သေတော့မည့်ဆဲဆဲ ဖြစ်နေသော အရက်သမားကို တွေ့မြင်လျှင် 'ဤသူသည် အရက် မသောက်ရက သေမည်ကောန်ဖြစ်သောကြောင့် မသေရအောင် သူ၏အသက်ကို ငါဆက်ပေးမည်'ဟု သဘောထားကာ အရက် တိုက်၍ ပေးလျှင် ဇီဝိတဒါနကုသိုလ်ဖြစ်သည်ဟု ထင်မှတ်ကြ၏။ စင်စစ်မှာ ကုသိုလ်မဖြစ်နိုင်၊ အကြောင်းကား အဆိပ်ပင်ကို ရေလောင်းသည်နှင့် တူသည့်ပြင် မသောက်သင့်သော အရက်ကို သောက်စေလိုခြင်းသည် ကုသိုလ်စိတ်မဟုတ်၊ အကုသိုလ်စိတ်

http://www.dhammadownload.com

သာ ဖြစ်သောကြောင့် ဖြစ်၏။ ဘိန်း စသည် ပေးလှူရာ၌လည်း ဤနည်းအတူပင် မှတ်ပါ။

သေအရက်ကို သောက်မှသာ အပြစ်ရှိသည်၊ မသောက်ဘဲ ဆေးအဖြစ်ဖြင့် အပြင်ပက လိမ်းကျံခြင်း စသည် သုံးသင့်သုံးထိုက်သော နည်းဖြင့် သုံးပါက အကုသိုလ်မဖြစ်နိုင်ပေ။ ဤကဲ့သို့ အကုသိုလ်မဖြစ်နိုင်သည့် အပြင်ပက လိမ်းကျံခြင်း စသောကိစ္စအတွက် အလိုရှိသော လူများအား လူဒါန်းလိုခြင်းကြောင့် ဝေဿန္တရာမင်းကြီး၏ အလှူတွင် အရက်ထည့်ထားသည်ဟု မှတ်ရာ၏။ မလှူကောင်းသော အရက်ကို ဝေဿန္တရာမင်းကြီး လှူဖွယ်ဝတ္ထုခင်းကျင်းရာ၌ ထည့်ထားခြင်းသည် အရက်သမားတို့အတွက် သောက်စားစေလိုသော စိတ်ဆန္ဒလုံးဝမရှိ၊ သောက်စားစေလိုသော စိတ်ဆန္ဒကသာလျှင် အကုသိုလ်ဖြစ်သည်။ ပွဲသဘင်အလှူ စသော နောက်လေးပါးတို့မှာကား မည်သည့်နည်းနှင့်မျှ စေတနာကောင်းထား၍ မဖြစ်နိုင်သော အလှူများသာ ဖြစ်သည်။ သို့သော် ယခုခေတ်တွင် ပွဲသဘင်နှင့် ဆိုင်း စသည်မပါလျှင် အလှူမဟုတ်သလောက် ဖြစ်နေသည်မှာ ဝမ်းနည်းစရာတစ်ခု ဖြစ်တော့သည်။

လူမိုက်ကြီးငါးဦး

ဤတွင် အလှူဒါနပေးလှူရာ၌ ပွဲသဘင်ထည့်မှုနှင့် ပတ်သက်၍ လူမိုက်ကြီးငါးဦးကို သိသင့်သည်။

http://www.dhammadownload.com

(၁) သူတစ်ပါးအလှူပေးရာ၌ ပွဲထည့်ပါ ဆိုင်းထည့်ပါ စသည် တိုက်တွန်းသူ လူမိုက်၊
(၂) ထိုလူမိုက်စကားကို နားထောင်၍ ပွဲစသည် ထည့်သော အလှူရှင်လူမိုက်၊
(၃) ပွဲခကို လက်ခံ၍ ကခုန်သော သဘင်သည်လူမိုက်၊
(၄) ပွဲကြည့်ရန် အဖော်ညှိသူ လူမိုက်၊
(၅) အအိပ်ပျက် အစားပျက် ပွဲသဘင်မက်သူလူမိုက်
ဟူ၍ လူမိုက်ကြီးငါးဦးရှိသည်။

ထိုတွင် သဘင်သည် လူမိုက်သည် မျက်မှောက်ဘဝ၌ ဥစ္စာပစ္စည်း အခကြေးငွေကိုသာ မက်မော၍ တမလွန်ဘဝ၌ ငရဲကျမည်ကို မမြင်သောကြောင့် 'တစ်ဖက်ကန်း=ဇကေစက္ခုက' မည်၏။ ကြွင်း လေးယောက်တို့ကား မျက်မှောက်တမလွန် နှစ်တန်စီးပွား ပျက်ပြားမည်ကို မမြင်သောကြောင့် 'နှစ်ဖက်ကန်း=အန္ဓ' မည်ကုန်၏။ သည်ကိုရည်၍ မာန်လည်ဆရာတော်ဘုရားကြီးက ဤသို့ စပ်ဆိုခဲ့သည်။

'လူပြည်ဘဝ၊ လူ့လောက၌၊ ဒိဋ္ဌတမလွန်၊ ကျိုးနှစ်တန်ကို၊ အမှန်မုချ၊ မမြင်ကလျှင်၊ အန္ဓစက္ခု၊ လူဟုမည်ကာ၊ ပညာမျက်စိ၊ မရှိဖြစ်ဆန်း၊ နှစ်ဖက်ကန်းတည့်၊ လူမှန်းသိရုံ၊ ကံမယုံဘဲ၊ မစုံမလင်၊ မျက်မှောက်တွင်သာ၊ အမြင်ဒိဋ္ဌ၊ တစ်ဘက်လှေကား၊ ဇကေစက္ခု၊ နှစ်ခုအကျိုး၊ စုံပြည့်ဖြိုး အောင်၊ ထိုးထိုးထွင်းထွင်း၊ မြင်တတ်လျှင်းမူ၊ ထိုသသူကို၊ လူတွင်ပဏ္ဍိ၊ မည်ရှိခေါ်ပြု၊ ဒွိစက္ခုတည်း'

http://www.dhammadownload.com

အသက်ရှည်ကြောင်း ဒါနငါးပါး

အသက်ကို ရှည်စေတတ်သော ဒီဃာယုကာ ဒါနတို့သည်-

(၁) ရေစစ်အလှူ၊
(၂) ဆေးအလှူ၊
(၃) ကျောင်းအလှူ၊
(၄) အဟောင်းကို ပြုပြင်မွမ်းမံသောအလှူ၊
(၅) ငါးပါးသီလ

ဟူ၍ ငါးပါးရှိကုန်၏။

အများအားဖြင့် သိသည်မှာ ဆေးအလှူသာ အသက်ရှည်ကြောင်း အလှူဆိုပြီး လူကြသည်။ ရေစစ်သည်ကို မသိကြပေ။ မြန်မာတို့သည်လည်း ရေစစ်သောက်လေ့ နည်းသဖြင့် ကျောင်းများသို့လည်း ရေစစ်လှူလေ့နည်းပါးသည်။ ရဟန်းတော်များအတွက်မှာ ရေစစ်သည် အလွန်တရာအရေးကြီးသည်။ အကယ်မခံရသေးသော ရေဖြစ်မူ ရေမစစ်ဘဲ သောက်သော် အပြစ်ရှိသည်။ ရဟန်းတော်များအတွက် ရေစစ်မှာ စက်ချုပ်သည့်အိမ်မှ အပိုစမျိုးလက်တစ်ဝါးလောက်ဆိုလျှင် လောက်၏။ သို့သော် လူရမှန်း မသိသည်တစ်ကြောင်း၊ အသေးအဖွဲကလေးပဲဆိုပြီး မလှူသည်တစ်ကြောင်းကြောင့် အချို့ရဟန်းတော်တို့မှာ ရေစစ်မှာ အဖာအထေးများနှင့်ပင် ဖြစ်ရတော့သည်။

ဤတွင် ဒါနအနေနှင့် ယူ၍ "အသက်ရှည်ကြောင်း ဒါနငါးပါး" ဟူ၍ ပြလိုက်ခြင်းဖြစ်သည်။ မာန်လည်ဆရာတော်ဘုရားကြီး၏ လက်ဘက်တွင်မူ ရှစ်ပါးသီလပါ ထည့်၍ "အသက်

http://www.dhammadownload.com

ရှည်ကြောင်း အလှူခြောက်ပါး" ပြသည်။ ရှစ်ပါးသီလကိုမူ ဒါန မခေါ်၊ ငါးပါးသီလကိုသာ ဒါနခေါ်၍ ဒါနသက်သက်ကိုသာ ပြသောကြောင့် ငါးပါးသာ ပြလိုက်သည်မှတ်ပါ။ လက်ံာတွင်မူ ဒါနငါးပါးနှင့် သီလတစ်ပါး ပေါင်း ခြောက်ပါးကို ဤသို့ စပ်ဆို တော်မူခဲ့သည်။

"မှတ်ဆောင် တစ်ဆစ်၊ ရေစစ်၊ ဆေး၊ ကျောင်း၊ အဟောင်း ပြုပြင်၊ ပဉ္စင်-အဌ၊ သီလမည်သာ၊ ဤခြောက် ဖြာလည်း၊ ဒီဃာယုက၊ ပုညခေါ်ရိုး၊ ကျင့်တစ်မျိုးတည်း၊ အားကြိုးသမူ၊ ဆောက်တည်ပြုက၊ ယခုဒိဋ္ဌ၊ ဤဘဝ၌၊ သုခပွားစည်၊ စည်းစိမ်တည်၍၊ သက်ရှည်ဘုန်းကြီး၊ အံ့မပြီး အောင်၊ ငှဲ့ခြီးလူ့ဘောင်၊ အခေါင်ဝိမိုင်း၊ တုမဲ့နိုင်းသည်၊ ဖြစ်တိုင်းကျော်ရမည်ကိုကား"

အမှန်စင်စစ် အလှူဒါနဟူသမျှသည် စေတနာသုံးတန် ညီညွတ်ပါမူ အသက်ရှည်ကြောင်းချည်းသာ ဖြစ်၏။ သို့ရာတွင် ဤဒါနတို့မှာ ထူးကဲ၍ ရှည်သောကြောင့် သီးသန့်ပြခြင်းဖြစ် သည်။ အလှူဒါနတိုင်း စေတနာသုံးတန်ညီညွတ်က အသက်ရှည် ကြောင်းကို ဤဝတ္ထုဖြင့် သိသင့်၏။

ဓမ္မပါလရွာ

အတိတ်ဘဝ တစ်ခုသော ကာလက အလောင်းတော်သည် ကာသိတိုင်း ဓမ္မပါလရွာ၌ ဖြစ်ခဲ့၏။ သူ့ကို ဓမ္မပါလဟူ၍ပင် အမည်မှည့်၏။ သူသည် အရွယ်သို့ရောက်သော် တက္ကသိုလ်

http://www.dhammadownload.com

ပြည် ဒိသာပါမောက္ခဆရာကြီးထံသို့ သွား၍ ပညာသင်ကြား၏။ တစ်နေ့သ၌ ဆရာကြီး၏ သားကြီးသေဆုံး၏။ ထိုအခါ ဆရာကြီး၏ တပည့်အများ ငိုယိုကြသော်လည်း သူသည် မငို၊ သူ့ကို ငိုသောတပည့်များက ဝိုင်းဝန်း၍ "အဆွေ၊ သင်သည် ဤသို့ အကျင့်သိက္ခာကောင်းသောလုလင်ပျိုငယ်သည် ပျိုရွယ်စဉ်ပင်လျှင် ချစ်လှစွာသော မိဘတို့နှင့် ခွဲခွာ၍ သေရသည်ကို အဘယ်ကြောင့် မငိုယိုသနည်း"ဟု မေးကြကုန်၏။

ထိုအခါ သူက "အဆွေတို့၊ သင်တို့သည် 'လုလင်ပျိုငယ်' ဟူ၍ဆိုကြကုန်၏။ အဘယ်ကြောင့် 'လုလင်ပျိုငယ်'သည် သေရသနည်း၊ မသေသင့်သည် မဟုတ်ပါသလော" ဟု ပြောဆိုရာမှ အစ သူတို့၏ ဓမ္မပါလအမျိုးသားများ ငယ်ငယ်ရွယ်ရွယ်၌ မသေကြောင်း ကြားရသောအခါ ဆရာကြီးအား ပြောပြ၏။ ဆရာကြီးသည် သူ့ကိုခေါ်၍မေး၏။ ဟုတ်မှန်ကြောင်း သိရလျှင် ဆရာကြီးကိုယ်တိုင် ဓမ္မပါလရွာသို့ သွား၍ သူ၏ဖခင် မဟာဓမ္မပါလ ပုဏ္ဏားကြီးကို မေး၏။

"သင်တို့၏ ဓမ္မပါလအမျိုး၌ အဘယ့်ကြောင့် ငယ်ငယ်ရွယ်ရွယ် သူငယ်များ မသေကြပါသနည်း"

"ငါတို့သည် မလူမီ ရှေးအဖို့က ကောင်းစွာဝမ်းမြောက်ဝမ်းသာဖြစ်ကြပါကုန်၏။ လူဆဲမှာလည်း စင်စစ် နှစ်သက်ဝမ်းမြောက်သောစိတ် ရှိကြပါကုန်၏။ လူပြီးသည့်နောက်၌မှာလည်း စင်စစ် တွန့်တိုဟူပန်ခြင်းမရှိကြပါကုန်၊ ဤအကြောင်းသုံးပါးကြောင့် ငါတို့၏ ဓမ္မပါလအမျိုး၌ ငယ်ငယ်ရွယ်ရွယ် ကလေးသူငယ်များ မသေကြကုန်"

http://www.dhammadownload.com

အဟောင်းပြုပြင် ကုသိုလ်ရှင်

သိဒ္ဓတ္ထဘုရားရှင် ပွင့်တော်မူ၍ သက်တော်အတိုင်း နေတော်မူပြီးသော် ပရိနိဗ္ဗာန်စံလျှင် သရီရဓာတ်တော်များကိုယူ၍ လူနတ်တို့သည် စေတီတည်ထားဌာပနာပြီးလျှင် ကိုးကွယ်ပူဇော်ကြကုန်၏။ စေတီတော်သည် ကာလကြာမြင့်သောအခါ တောချုံပိတ်ပေါင်းတို့ဖြင့် ဖုံးအုပ်လျက်ရှိလေ၏။

သဒ္ဓါတရားနှင့်ပြည့်စုံသော ဒကာတစ်ဦးသည် စေတီတော်ကို မြင်လျှင် "သြ၊ အတိုင်းမသိ ကျေးဇူးနှင့်ပြည့်စုံတော်မူသော ဘုရားရှင်၏ ဓာတ်တော်တို့ကို ဌာပနာသော စေတီတော်မြတ်ပါတကား"ဟု ကြည်ညိုသောစိတ်ဖြင့် တောချုံတို့ကို ခုတ်ထွင်၏။ စေတီရင်ပြင်တော်၌ပေါက်သော မြက်တို့ကိုလည်း နုတ်၏။ ပျက်စီးယိုယွင်းနေသော အုတ်တို့ကိုလည်း သေသပ်စွာထပ်၍စီ၏။ သူသည် ထိုကောင်းမှုကြောင့် မျက်မှောက်ဘဝ၌ပင် အနာရောဂါမရှိဘဲ အသက်ရှည်စွာနေရ၏။ သေလွန်သော် နတ်ပြည်၌ ဖြစ်ရ၏။ ကိုးဆယ့်တစ်ကမ္ဘာ အပါယ်မလားဘဲ ဂေါတမဘုရားရှင်၏ လက်ထက်တော်၌ လူဖြစ်လာ၍ ဘုရားရှင်၏ တရားတော်ကို နာကြားရလျှင် ကြည်ညိုသဒ္ဓါဖြစ်၍ ရဟန်းပြုသော် မကြာမြင့်မီ ပင်လျှင် ရဟန္တာဖြစ်လေ၏။

ယခုခေတ်တွင် အဟောင်းပြင်သော အလေ့အထ အတော်နည်းပါးနေသည်။ အသစ်အသစ်သာ ပြုလုပ်နေကြသည်။ အဟောင်းပြင်လျှင် အကုန်လည်းသက်သာ၏။ လိုအပ်သော

http://www.dhammadownload.com

အကျိုးလည်းရ၏။ နေရာလည်း မပုပ်တော့ပေ။ စေတီများ၊ ကျောင်းများအသစ်အသစ် တည်ထားဆောက်လုပ်နေပါသော်လည်း ပြုပြင်စောင့်ရှောက်သူ မရှိသဖြင့် ပျက်စီးယိုယွင်းနေသည်မှာ အရပ်တိုင်း မြို့တိုင်းလိုလိုပင် အနည်းနှင့်အများ ရှိနေသည်။ ထို့ကြောင့် အသစ်အသစ်ထက် အဟောင်းပြုပြင်ရေးကို ဂရုပြုသင့်သည်။

မဟာဒါနငါးပါး

"**ပဋိမာနိ ဘိက္ခဝေ ဒါနာနိ မဟာဒါနာနိ**" ဟူသော စကားကို အစချီ၍ ငါးပါးသီလကိုပင် မဟာဒါနကြီးငါးပါးဟူ အကျယ်ဟောကြားတော်မူ၏။ ထိုသို့ ငါးပါးသီလကိုပင် မဟာဒါနကြီးငါးပါး အဖြစ် အကျယ် ဟောကြားတော်မူသည့်အတွက် သီလကိုပင် ဒါနခေါ်သည်ဟု မမှတ်ယူအပ်၊ ဘုရားရှင်ကလည်း ဒါနနှင့်သီလ တရားကိုယ်မပြား တစ်သားတည်း အနေဖြင့် ဟောတော်မူလိုက်သည်မဟုတ်ပေ။

မှန်၏။ သီလဟူသည် ကိုယ်နှုတ် နှစ်ပါးကို ကောင်းစွာ စောင့်စည်း ထိန်းသိမ်းခြင်းဖြစ်၍ ဒါနဟူသည်မှာကား တစ်စုံတစ်ရာကို ပေးစွန့်ခြင်းဖြစ်သည်။ သီလဟူသည် မပြုလုပ်ရန်၊ ရှောင်ကြဉ်ရန်ကို ဖော်ပြသော တရားဖြစ်သည်။ ဒါနကား ပြုလုပ်ရမည်ကို ဖော်ပြသောတရားဖြစ်သည်။ သီလကား လူနတ်ဘဝတည်းဟူသော ဘဝသမ္ပတ္တိ၏ အကြောင်းတရားဖြစ်သည်။ ဒါနကား စည်းစိမ်ဥစ္စာ ပြည့်စုံခြင်း ဘောဂသမ္ပတ္တိ၏ အကြောင်း

http://www.dhammadownload.com

ဖြစ်သည်။ ထို့ကြောင့် သီလကိုပင် ဒါနခေါ်သည်ဟု မမှတ်ယူ အပ်ပေ။

စင်စစ်မှာမူ သူ့အသက်ကို သတ်မှတ်ခြင်းမှ ရှောင်ကြဉ်မှု ပါဏာတိပါတ သိက္ခာပုဒ်ကို ဆောက်တည်၍ သီလနှင့်ပြည့်စုံလျှင် ထိုသီလရှိသော သူတော်ကောင်းသည် သတ္တဝါတို့ သတ်ဖြတ်ခြင်းအမှု မပြုလုပ်တော့ဘဲ သတ္တဝါတို့အား ဘေးကင်းစေခြင်း "**အဘယဒါန**" ဘေးမဲ့အလှူကို ပေးလှူသည်မည်၏။ ဤနည်း အတိုင်း သိက္ခာပုဒ်ငါးပါးလုံးကို စောင့်ထိန်းလိုက်သဖြင့် သတ္တဝါတို့အား ဘေးကင်းစေခြင်း အဘယဒါနအမှုကို ပေးလျှင် သီလ အရင်းခံရှိသော ဒါနကိစ္စ ပါဝင်ပြီးစီးသွားသောကြောင့် ငါးပါးသီလကိုပင် မဟာဒါနကြီးငါးပါးဟူ၍ ဘုရားရှင် ဟောတော်မူသည်ဟု အထူးသတိချပ်၍ မှတ်သားရာ၏။

ဒါန၏မျက်မှောက်အကျိုးငါးပါး

ဘုရားရှင် ဝေသာလီပြည် မဟာဝုန်တော စုလစ်မွန်းချိန် အထွတ်တပ်သောကျောင်း၌ သီတင်းသုံးတော်မူစဉ် သီဟစစ်သူကြီးသည် ဘုရားရှင်ထံမှောက် လာရောက်၍ ရှိခိုးလျှောက်ထား၏။

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် ကိုယ်တိုင်သိမြင်ရသော အလှူဒါန၏ အကျိုးကို ပညတ်ရန် တတ်နိုင်ပါသလော"

"တတ်နိုင်၏ သီဟစစ်သူကြီး"

"အဘယ်တို့ပါနည်း အရှင်ဘုရား"

"သီဟစစ်သူကြီး–

http://www.dhammadownload.com

(၁) ပေးလှူတတ်သော အလှူရှင်ကို လူများအပေါင်း ချစ်ခင်မြတ်နိုး၏။

(၂) ပေးလှူတတ်သော အလှူရှင်သို့ ငြိမ်သက်သော စိတ်နှလုံးရှိသော သူတော်ကောင်းတို့ ချဉ်းကပ်၏။

(၃) ပေးလှူတတ်သော အလှူရှင်၏ ကောင်းသော ကျော်စောသတင်းသည် မဆန့်ဘဝဂ် ပျံ့နှံ့၍တက်၏။

(၄) ပေးလှူတတ်သော အလှူရှင်သည် မင်း၊ ပုဏ္ဏား၊ သူဌေးသူကြွယ်၊ ရဟန်းဟူသော ပရိသတ်တစ်မျိုးမျိုးသို့ ချဉ်းကပ်ခဲ့မူ ရဲရဲဝံ့ဝံ့ မျက်နှာရွှင်ပျစွာ ချဉ်းကပ်ရ၏။

(၅) ပေးလှူတတ်သော အလှူရှင်သည် သေသည်မှ နောက် ကာလ၌ မြတ်သော ရွှေပါရုံ စသည်တို့၏ တည်နေရာဖြစ်သော နတ်ပြည်၌ ဖြစ်ရသည်"

"အရှင်ဘုရား၊ မြတ်စွာဘုရား ဟောကြားတော်မူသည့် ကိုယ်တိုင်သိမြင်ရသော အလှူဒါန၏ အကျိုးရှေ့လေးမျိုး၌ မြတ်စွာဘုရားအား ယုံကြည်ခြင်းဖြင့် အကျွန်ုပ် ဆည်းကပ်သည်မဟုတ်ပါ၊ အကျွန်ုပ်သည်လည်း ထိုအကျိုးတို့ကို ကိုယ်တိုင် ရရှိ၍ ခံစားရသဖြင့် သိပါ၏။

"အရှင်ဘုရား၊ မြတ်စွာဘုရား ဟောတော်မူသည့် ကိုယ်တိုင်သိမြင်ရသော အလှူဒါန၏အကျိုး နောက်ဆုံးတစ်မျိုးကိုမူကား အကျွန်ုပ် မသိရပါ။ ဤအကျိုး၌သာလျှင် မြတ်စွာဘုရားအား ယုံကြည်ခြင်းဖြင့် အကျွန်ုပ် ဆည်းကပ်ပါ၏"

http://www.dhammadownload.com

"သီဟစစ်သူကြီး ဤအကျိုးသည် ဤအတိုင်းမှန်၏။ အလူရှင်သည် သေလွန်သည်မှ နောက်ကာလ၌ မြတ်သော ရူပါရုံစသည်တို့၏ တည်ရာနတ်ပြည်၌ ဖြစ်ရလေ၏"

အပ်လူ့ရကျိုး

သုမေဓာဘုရားရှင် လက်ထက်တော်အခါက သူကြွယ်တစ်ယောက်သည် ရဟန်းတော်တို့ သင်္ကန်းချုပ်နေသည်ကိုမြင်လျှင် ကြည်ညိုသဒ္ဓါဖြစ်၍ သင်္ကန်းချုပ်ရန်အလို့ငှာ အပ်ငါးချောင်းတို့ကို လူဒါန်းပြီးလျှင် "အရှင်ဘုရားတို့၊ နောက်ထပ်တစ်ဖန် အပ်အလိုရှိသော် အကျွန်ုပ်ကို ပြောကြားပါလော့" ဟု လျှောက်ထား၍ ထိခြင်းငါးပါးနှင့်အညီ ရှိခိုး၏။ အရှင်မြတ်တို့သည် သူ့အား အနုမောဒနာတရား ဟောကြား၏။ သူသည် ဆုတောင်းပတ္ထနာပြု၏။ သေလွန်သော် နတ်ပြည်၌ဖြစ်ရ၏။ သူသည် ထိုကောင်းမှုကြောင့် လူနတ်ခန္ဓာပြောင်းလဲ၍သာလျှင် ဖြစ်ရ၏။ အပါယ်မကျချေ။ ဖြစ်တိုင်းသော ဘဝတို့၌ ထက်မြက်လျင်မြန်သော ဉာဏ်ပညာ ရှိ၏။ ထင်ရှားကျောစော၏။

သူသည် ဂေါတမဘုရားရှင်လက်ထက်သို့ရောက်သောအခါ လူဖြစ်လာ၍ သိ ကြား လိမ္မာသော အရွယ်သို့ရောက်သော် ဘုရားရှင်၏ တရားတော်ကို နာကြားရသဖြင့် သဒ္ဓါတရားဖြစ်၍ ရဟန်းပြုသော် ထက်မြက်သော ဉာဏ်ပညာရှိသောကြောင့် ခေါင်းရိတ်ပြီးသည့်အဆုံး၌ ရဟန္တာဖြစ်လေ၏။ ဘဝအားလုံးတို့ကို ဉာဏ်ဖြင့် စူးစမ်းဆင်ခြင်နိုင်၏။ ပဋိသမ္ဘိဒါ လေးပါး၊ ဝိမောက္ခရှစ်ပါးနှင့် အဘိဉာဏ်ခြောက်ပါးတို့ကို ရ၏။

http://www.dhammadownload.com

အပ်နှင့်အပ်ချည်ကို လှူဒါန်းသူ အလွန်ရှားသည်။ သင်္ကန်း တစ်စုံရဖို့ လွယ်သော်လည်း အပ်တစ်ချောင်းရဖို့ခက်၏။ ရဟန်း တော်တို့အဖို့မူ သင်္ကန်း လက်သန်းသည်းမျှ ပေါက်သော်လည်း ချုပ်ရသဖြင့် အပ်နှင့်အပ်ချည်သည် မရှိမဖြစ် အရေးကြီးသော ပရိက္ခရာဖြစ်၏။ မိမိအား တောရကျောင်းနေ အရည်ဝါသီသူငယ် ချင်းတစ်ပါးက ပြောဖူး၏။ "အရှင်ဘုရား၊ အပ်နှင့် အပ်ချည် အပ်အပ်စပ်စပ်ရလျှင် သိမ်းထား၊ ရခဲသည်"။ မှန်၏။ သင်္ကန်း ပြတ်နေ၍ ငှားဝတ်ရသည်မရှိသော်လည်း အပ်နှင့်အပ်ချည်ပြတ်၍ ငှားချုပ်ရသည်မှာ မိမိကိုယ်တိုင်ပင် ကြုံခဲ့ဖူး၏။

အဘိဓမ္မာနည်း ဒါနခြောက်ပါး

ဒါနသည် သဘောရင်းအားဖြင့် ခြောက်ပါးအုပ်ငြားရှိကြောင်း ကို ပါဠိတော် တိုက်ရိုက်ဟောပြခြင်း မရှိသော်လည်း အဘိဓမ္မာ ပရိယာယ်အားဖြင့် အာရုံခြောက်ပါးကို အစွဲပြု၍–

(၁) ရူပဒါန = အဆင်းအလှူ
(၂) သဒ္ဒဒါန = အသံအလှူ
(၃) ဂန္ဓဒါန = အနံ့အလှူ
(၄) ရသဒါန = အရသာအလှူ
(၅) ဖောဋ္ဌဗ္ဗဒါန = အတွေ့အထိအလှူ
(၆) ဓမ္မဒါန = သဘောတရားအလှူ

ဟူ၍ အာရုံခြောက်ပါးကို ဒါနဝတ္ထုပြုကာ ဒါနခြောက်မျိုးရှိကြောင်း ကို အဋ္ဌသာလိနီအဋ္ဌကထာတွင် အကျယ်ဖွင့်ပြသည်။

http://www.dhammadownload.com

(၁) အဆင်းအလှူ ရူပဒါနကို ပေးလှူလိုသော သူသည် အဆင်းချည်းသက်သက် ခွဲထုတ်၍ ပေးလှူခြင်းငှာ မတတ်နိုင်ရကား ထိုအဆင်း၏ တည်ရာဝတ္ထုဖြစ်သော ပန်း၊ အထည်၊ အဝတ်၊ ဓာတ်သတ္တု စသည့် တစ်ခုခုကိုပင် "အဆင်းအလှူကို ငါလှူအံ့၊ ငါ၏ အဆင်းအလှူပင်တည်း" ဟု အဆင်းကိုသာ အာရုံပြု အောက်မေ့ဆင်ခြင်ပြီးလျှင် အလှူခံပုဂ္ဂိုလ်အား လှူသော အလှူမျိုးသည် အဆင်းအလှူ "**ရူပဒါန**" မည်၏။

ဒမီးလိမ္ဘာ သုမနာ

ဝိပဿီဘုရားရှင် ပွင့်တော်မူသောအခါ ဘုရင်မင်းမြတ်သည် မည်သူ့ကိုမျှ လှူဒါန်းခွင့်မပြုဘဲ ဘုရားအမှူးရှိသော ရဟန်း သံဃာကို သူတစ်ဦးတည်း လှူဒါန်းလေ၏။ မြို့သူ မြို့သားတို့သည် "စစ်တိုက်၍ ဘုရားရှင်အား ပင့်ကြပါကုန်အံ့" ဟု စစ်သူကြီးအား တိုင်ပင်၏။

"အကျွန်ုပ်အလျင် ဆွမ်းကျွေးခွင့်ရပါလျှင် အသင်တို့ဘက် ပါဝင်၍ စစ်တိုက်ပင့်ပါမည်"

"ဘုရားရှင် ပင့်ရလျှင် အသင် ပထမဆွမ်းကျွေးပါ"

သို့ဖြင့် စစ်သူကြီးသည် မြို့သူမြို့သားတို့နှင့် ပူးပေါင်း၍ ဘုရင်မင်းမြတ်အား လျှောက်ထားလျှင် ဘုရားရှင်ကို ပင့်၍ ဆွမ်းကျွေးခွင့်ရလေ၏။ သူသည် အလှူဒါနကို စီရင်၍ "ယနေ့ ငါ၏ အလျင် မည်သူတစ်ဦးတစ်ယောက်မျှ ဆွမ်းတစ်ဖွန်း တစ်ယောက်မမလှူရအောင် စောင့်ရှောက်"ဟု အိမ်ပတ်ဝန်းကျင် လမ်းခရီးများ၌ အစောင့်ချထား၏။

http://www.dhammadownload.com

သူဌေးကတော်တစ်ဦးသည် ငိုယိုလျက် သမီးအား ပြောပြ၏။ "ချစ်သမီး၊ အကယ်၍ သင့်အဖေသာလျှင် အသက်ရှင်လျက် ရှိနေခဲ့၊ ယနေ့ ငါတို့ ပထမဦးဆုံး ဘုရားအမှူးရှိသော ရဟန်း သံဃာအား ဆွမ်းကျွေးခွင့်ရရာ၏။"

"အို–မိခင်၊ မစိုးရိမ်ပါလင့်၊ ဘုရားအမှူးရှိသော ရဟန်း သံဃာကို ယနေ့ အကျွန်ုပ်တို့ဆွမ်းကို ဘဉ်းပေးရအောင် အကျွန်ုပ် စီစဉ်လှူဒါန်းပါမည်"

သူမသည် မိခင်အား ထိုသို့ပြောကြားပြီးလျှင် တစ်သိန်းတန် ရွှေခွက်ဖြင့် ရေမရောသော ဃနာန္ဒိဆွမ်းကို ပြည့်အောင်ထည့်၍ ထောပတ်၊ ပျားသကာ စသည်တို့ဖြင့် မွမ်းမံ၍ တစ်သိန်းတန် ရွှေခွက်တစ်ခုဖြင့် ဖုံးအုပ်၍ မြတ်လေးပန်းကုံးတို့ဖြင့် အပြင်မှ ဝန်းရံကာ ပန်းကုံးသဖွယ်ပြု၍ ဘုရားရှင် စစ်သူကြီးအိမ်ကြွလာ သောအခါ လမ်းမှထွက်စောင့်နေ၏။ အစောင့်တို့က သူမအား တားမြစ်၏။

"အိုမိန်းကလေး၊ ဤအရပ်သို့ မလာပါနှင့်"

"ဦးလေး ဦးကြီးတို့၊ အဘယ့်ကြောင့် ဤအရပ်သို့ လာခွင့် မပေးပါသနည်း"

"စစ်သူကြီးက 'ငါမှတစ်ပါး အခြားသူအား ယနေ့ ခဲဖွယ် ဘောဇဉ် လှူခွင့်မပေးလင့်'လို့ တားမြစ်ခိုင်းထားတယ်ကွယ့်"

"ဦးလေး ဦးကြီးတို့၊ အကျွန်ုပ်လက်ထဲမှာ ခဲဖွယ်ဘောဇဉ်ကို မြင်ပါသလော"

"ပန်းကုံးပဲ မြင်ပါတယ်"

http://www.dhammadownload.com

"ဦးလေး ဦးကြီးတို့၊ အသင်တို့စစ်သူကြီးက ပန်းကုံးတောင် လှူခွင့်မပေးဘူးလား"

"ပန်းကုံးတော့ လှူခွင့်ပေးပါတယ်"

"သို့ဖြစ်လျှင် ဦးလေး ဦးကြီးတို့ ခဏာဖယ်ပေးပါ"

သူမသည် ဘုရားရှင်အားရှိခိုး၍ "မြတ်စွာဘုရား၊ အကျွန်ုပ်၏ ပန်းကုံးကို အလှူခံတော်မူပါ အရှင်ဘုရား" ဟု လျှောက်ထား၍ လှူဒါန်းပြီးလျှင်-

"မြတ်စွာဘုရား၊ ဘဝသံသရာဖြစ်လေရာဝယ် အကျွန်ုပ်အား တောင့်တောင့်တတ ပင်ပန်းဆင်းရဲစွာ အသက်မွေးရမှုမဖြစ်ပါစေသား၊ အကျွန်ုပ် ယခု လှူဒါန်းရသော မြတ်လေးပန်းကုံးကဲ့သို့ ဖြစ်လေရာ သံသရာဘဝ၌ လူအများ ချစ်ခင်နှစ်သက်အပ်သော အမျိုးသမီးသာ ဖြစ်ရပါလိုပါ၏၊ အမည်အားဖြင့်လည်း "**သုမနာ**" အမည်ရှိသူသာ ဖြစ်ရပါလိုပါ၏"ဟု ဆုတောင်း၏။ ဘုရားရှင်သည် ဆုပေး၍ စစ်သူကြီးအိမ်သို့ကြွ၏။

စစ်သူကြီးသည် အိမ်သို့ရောက်သော် ဘုရားရှင်အား ယာဂုကပ်၏။ ဘုရားရှင်သည် လက်ဖြင့် သပိတ်တော်ကိုပိတ်၏။ ထိုအခါ စစ်သူကြီးက လျှောက်ထား၏။

"မြတ်စွာဘုရား၊ ရဟန်း သံဃာအားလုံး ထိုင်နေပြီးပါပြီ"

"ငါတို့အား လမ်းခရီးမှ ဆွမ်းရခဲ့၏"

စစ်သူကြီးသည် ယာဂုမှတစ်ပါး အခြားခဲဖွယ်ဘောဇဉ်နှင့် လှူဖွယ်ဝတ္ထုတို့ကို လှူ၏။ ဘုရားရှင်သည် အနုမောဒနာတရား

http://www.dhammadownload.com

ဟောကြား၍ကြွသွား၏။ စစ်သူကြီးသည် ဘုရားရှင်ကြွသွားလျှင် အစောင့်တို့အား မေး၏။

"လမ်းခရီးက ဆွမ်းလှူလိုက်သော အမျိုးသမီးကို သင်တို့ သိသလား"

"သိပါသည်၊ သူဌေးသမီးပါ"

စစ်သူကြီးက "ဤအမျိုးသမီးသည် ပညာရှိ၏။ ဤသို့ သဘောရှိသော လိမ္မာသောအမျိုးသမီးသည် အိမ်၌ရှိနေသော် ယောကျ်ားအား နတ်ပြည်ချမ်းသာ ရဖို့မခဲယဉ်း"ဟု ကြံစည်၍ သူမအားခေါ်ယူ၍ အိမ်တွင် အကြီးအကဲ အရာ၌ထား၏။ သူမသည် စစ်သူကြီးအိမ်မှလည်းကောင်း၊ မိခင်အိမ်မှလည်းကောင်း ပစ္စည်းဥစ္စာတို့ကို သင့်သလို ယူ၍ လှူဒါန်းပြီး သေလွန်သော် နတ်ပြည်၌ ဖြစ်၏။ နတ်ပြည်၌ဖြစ်လျှင်ဖြစ်ချင်း မြတ်လေးပန်းမိုးရွာ၍ သူမကို "**သုမနာ နတ်သမီး**" ဟု ခေါ်ဝေါ်ကြကုန်၏။

သူမသည် ထိုကောင်းမှုကြောင့် ကိုးဆယ့်တစ်ကမ္ဘာပတ်လုံး အပါယ်မလားရောက်ရဘဲ လူ့ပြည်နတ်ပြည်တို့၌သာ ကျင်လည်၍ ဖြစ်တိုင်း ဖြစ်တိုင်းသော ဘဝမှာပင် ဖွားမြင်သော အခါတိုင်း မြတ်လေးပန်းမိုးရွာသဖြင့် "**သုမနာ**" ဟူ၍သာအမည်တွင်ခဲ့သည်။ သူမသည် ဂေါတမဘုရားရှင် လက်ထက်တော်သို့ ရောက်သောအခါ ကောသလမင်းကြီး၏ သမီးတော်ဖြစ်လာ၏။ ဖွားမြင်စဉ် မြတ်လေးပန်းမိုးရွာသဖြင့် "သုမနာ"ဟူ၍ပင် မှည့်ခေါ်၏။ သူမ ခုနစ်နှစ်အရွယ်၌ ဘုရားရှင် ဇေတဝန်ကျောင်းတိုက်ကို အလှူခံရန် အကြွတွင် သွားရောက်ကြိုဆိုပြီးလျှင် ဘုရားရှင်အား

http://www.dhammadownload.com

ရှိသေမြတ်နိုးရှိခိုးရ၍ နံ့သာပန်းတို့ဖြင့် ပူဇော်ပြီး သင့်လျော်ရာ၌ နေ၏။ သူမ၏အား ဘုရားရှင် တရားဟောရာ သောတာပန် ဖြစ်၏။

အသံအလှူ

(၂) အသံအလှူ သဒ္ဒါနကို ပေးလှူလိုသောသူသည် အသံ သဒ္ဒရုပ်ချည်းသက်သက် ကြာစွယ်ကြာရင်းကဲ့သို့ နုတ်၍ ဖြစ်စေ၊ ကြာပန်းခိုင် စသည်ကဲ့သို့ လက်ထဲ၌ ထည့်၍ဖြစ်စေ၊ ပေးလှူခြင်းငှာ မတတ်နိုင်ပေ။ စင်စစ်မူကား ထိုအသံ သဒ္ဒရုပ်၏ တည်ရာဖြစ်သော စည်ကြီး၊ ထိုးစည်၊ ကြေးစည်၊ ခေါင်းလောင်း အစရှိသည့် ဝတ္ထုကို "အသံအလှူကို ငါလှူအံ့၊ ငါ၏အသံအလှူ တည်း" ဟု အသံကိုသာ အောက်မေ့ဆင်ခြင်ပြီးလျှင် ရတနာ သုံးပါးအားလှူသော အလှူမျိုးသည် အသံအလှူ "**သဒ္ဒါန**" မည်၏။

ထို့ပြင် တရားဟော ပဂ္ဂိုလ်တို့အား အသံထွက်စေသော ဆေး၊ ဟူးရည်၊ တင်လဲ စသည်ကို ပေးလှူသော်လည်းကောင်း၊ တရားနာရန် ကြွေးကြော်ဖိတ်ခေါ်သော်လည်းကောင်း၊ တရား ဟောသော်လည်းကောင်း၊ အနီးထံပါး ဆည်းကပ်ရောက်လာသူ တို့အား ည့ဉ်ခံတရားစကား ပြောကြားသော်လည်းကောင်း၊ ကျောင်းအလှူပွဲ၊ ဆွမ်းအလှူပွဲ စသည်တို့၌ သင့်လျော်ရာရာ အနုမောဒနာတရား ဟောကြားသော်လည်းကောင်း "**အသံအလှူ= သဒ္ဒါန**" ကို ပေးလှူသည် မည်၏။

http://www.dhammadownload.com

နိဗ္ဗာန်ဆော်ကုသိုလ်

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အခါတစ်ပါး၌ ကောသလမင်းကြီး၏ သန္ဓတိအမတ်ကြီးသည် တိုက်ပွဲအောင်မြင်သဖြင့် ခုနစ်ရက် မင်းအဖြစ် ရ၏။ ကခုန်သီဆိုမှု၌ လိမ္မာကျွမ်းကျင်၍ ချောမောလှပသော ကချေသည်အမျိုးသမီးတစ်ယောက်လည်း ရထား၏။ သူသည် ခုနစ်ရက်ပတ်လုံး မင်းစည်းစိမ် ခံစားလျက်နေ၏။ သူ့အား ပေးထားသော ကချေသည် အမျိုးသမီးသည် ခုနစ်ရက်တိုင်တိုင် ဆက်လက်ကခုန်ဖျော်ဖြေရသဖြင့် အစာအာဟာရ နည်းပါးလေပွားသဖြင့် ရုတ်တရက် လေဖြတ်၍သေလျှင် သူသည် သောကကြီးစွာရောက်၏။ ထိုအခါမှ သူသည် ဘုရားရှင်အား သတိရ၏။ "ငါ၏ ဤသောကကို ဘုရားရှင်မှတစ်ပါး အခြားသူများ မငြိမ်းပေးနိုင်" ဟု စဉ်းစား၍ ဗိုလ်ပါအပေါင်း ခြံရံလျက် ဘုရားရှင်ထံ သွားရောက်၍ အကြောင်းစုံရှိုခိုးလျှောက်ထား၏။

"မြတ်စွာဘုရား၊ အကျွန်ုပ်အား ကချေသည်မကလေး သေသဖြင့် သောကကြီးစွာ ရောက်ရပါ၏။ အကျွန်ုပ်၏ ထိုသောကကို မြတ်စွာဘုရားတို့ ငြိမ်းစေနိုင်မည်ဟု ယုံကြည်၍ လာခဲ့ပါ၏။ မြတ်စွာဘုရားသည် အကျွန်ုပ်၏ ကိုးကွယ်ရာဖြစ်တော်မူပါလော့"

"သန္ဓတိအမတ်ကြီး၊ သင်သည် သောကငြိမ်းစေနိုင်သူ၏ အထံသို့သာလျှင် လာခဲ့ပေ၏။ သင်၏ ဤကချေသည်မကလေး ဤနည်းဖြင့် သေ၍ သင်ငိုခဲ့ရသော မျက်ရည်တို့သည် သမုဒ္ဒရာလေးစင်းရှိ ရေထက်ပင် များလှလေကုန်၏။

http://www.dhammadownload.com

"သန္တ တိအမတ်ကြီး၊ ရှေးကဖြစ်ငြား ခန္ဓာငါးပါး ရုပ် နာမ် တရား၌ ငြိကပ်တပ်မက်မှုကို ခြောက်ထပ်စေလော့၊ အနာဂတ် ဖြစ်ငြား ခန္ဓာငါးပါး ရုပ်နာမ် တရား၌ ကြောင့်ကြတွယ်တာ မဖြစ်လင့်၊ အလယ်ခေါ်ငြား ပစ္စုပ္ပန် ခန္ဓာငါးပါး ရုပ်နာမ်တရား၌ ငြိကပ်တွယ်တာ မစွဲယူပါလျှင် အပူသောက ကင်းငြိမ်းပလျက် လှည့်လည်ရလတ္တံ့"

ဤသို့ ဘုရားရှင် တရားဟောတော်မူသော် သန္တ တိအမတ်ကြီး ရဟန္တာဖြစ်၍ မိမိ၏အသက်ကိုကြည့်လျှင် မကြာမီ နာရီပိုင်း အတွင်း ကုန်ဆုံးတော့မည်ကို သိ၏။ သို့နှင့် သူသည် ဘုရားရှင်အား လျှောက်ထား၏။

"မြတ်စွာဘုရား၊ အကျွန်ုပ်အား ပရိဗ္ဗာန်ပြုခွင့်ပေးတော်မူပါ"

"သို့ဖြစ်လျှင် သင်၏ အတိတ်ဘဝက ပြုခဲ့သော ကုသိုလ်ကံကို ထန်းခုနစ်ဆင့် အမြင့်ကောင်းကင်၌တည်၍ ငါ့အား ပြောကြားလော့"

သူသည် "မြတ်စွာဘုရား ကောင်းပါပြီ" ဟု ဝန်ခံ၍ ထန်းတစ်ဆင့်မျှ ကောင်းကင်သို့ ပျံတက်၍ ဆင်းလာပြီးလျှင် ဘုရားရှင်၏ ခြေတော်တို့ကို ရှိခိုး၏။ တစ်ဖန် ထန်းနှစ်ဆင့်တက်၍ ပြန်ဆင်းလာပြီး ဘုရားရှင်၏ ခြေတော်တို့ကို ရှိခိုး၏၊ ဤနည်းဖြင့် ထန်းခုနစ်ဆင့် ပျံတက်ပြီးသော် ကောင်းကင်၌ ထိုင်လျက် "မြတ်စွာဘုရား၊ အကျွန်ုပ်၏ ရှေးအတိတ်အကြောင်းကို နာတော်မူပါ" ဟု လျှောက်ထား၏။

http://www.dhammadownload.com

"မြတ်စွာဘုရား၊ အကျွန်ုပ်သည် လွန်ခဲ့သော ကိုးဆယ့်တစ်ကမ္ဘာ ဝိပဿီမြတ်စွာဘုရားလက်ထက်တော်၌ ဗန္ဓုမတီပြည်တွင် လူဖြစ်ခဲ့ပါ၏။ အကျွန်ုပ်သည် သူတစ်ပါးတို့အား သတ်ဖြတ်ညှဉ်းဆဲခြင်းမပြုရဘဲ ကုသိုလ်ရသောအလုပ်ကား အဘယ်နည်းဟု စူးစမ်းဆင်ခြင်သော် တရားကြွေးကြော်သော အလုပ်ကို မြင်၍ "ကောင်းမှုတို့ကို ပြုကုန်လော့၊ ဥပုသ်နေ့တိုင်း ဥပုသ်စောင့်ကုန်လော့၊ ဒါနပြုကုန်လော့၊ သီလဆောက်တည်ကုန်လော့၊ တရားနာကုန်လော့၊ ရတနာသုံးပါးနှင့်တူသော အခြားရတနာမရှိ၊ ရတနာသုံးပါးတို့အား ပူဇော်မှုပြုကုန်လော့" ဟု လူအများအား တိုက်တွန်းနှိုးဆော် ကြွေးကြော်လှည့်လည်ခဲ့ပါ၏။ မြတ်စွာဘုရား အကျွန်ုပ် ကြွေးကြော်သံကို ဗန္ဓုမတီမင်းကြီး ကြားလေလျှင် အကျွန်ုပ်ကို ခေါ်၍ မေး၏။

"အချင်းယောကျ်ား၊ သင်သည် အဘယ်ကို ကြွေးကြော်လျက် လှည့်လည်ဘိသနည်း"

"အရှင်မင်းကြီး၊ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးပြု၍ လူအများအား ကုသိုလ်ကောင်းမှုတို့၌ ဆောက်တည်စေလျက် လှည့်လည်ပါ၏"

"အဘယ်၌ တည်လျက် လှည့်လည်ဘိသနည်း"

"အရှင်မင်းကြီး၊ ခြေကျင်ပင် လှည့်လည်ပါ၏"

"အချင်းယောကျ်ား၊ သင်သည် ဤသို့ လှည့်လည်ခြင်းငှာ မသင့်၊ ဤပန်းကုံးကို ဆင်ယင်၍ မြင်းစီးပြီး လှည့်လည်လော့"

http://www.dhammadownload.com

မင်းကြီးသည် ဤသို့ပြောဆို၍ ပုလဲကုံးနှင့်တူသော ပန်းကုံးနှင့် ယဉ်ကျေးသော မြင်းတစ်ကောင်ကိုပေး၏။ ဤနည်းဖြင့် နောက်တစ်ခါခေါ်မေး၍ သိန္ဓောမြင်းလေးကောင်ကသော ရထားကိုပေး၏။ နောက်တစ်ခါ စည်းစိမ်ဥစ္စာ အများအပြားနှင့် အဖိုးတန်တန်ဆာများကို ဆင်ယင်ထားသော ဆင်ကို ပေးပါ၏။ "မြတ်စွာဘုရား၊ အကျွန်ုပ်သည် တန်ဆာအစုံ ဆင်ယင်လျက် ဆင်စီးပြီး အနှစ်ရှစ်သောင်းပတ်လုံး တရားကြွေးကြော်မှု ကုသိုလ်ကံကို ပြုလုပ်ခဲ့ပါ၏။ အကျွန်ုပ်၏ ထိုတရားကြွေးကြော်မှု ကုသိုလ်ကံကြောင့် ကိုယ်မှ စန္ဒကူးနံ့ သင်းပျံ့၍ ခံတွင်းမှ ကြာညိုရနံ့သင်းပျံ့ပါ၏။ မြတ်စွာဘုရား၊ ဤကား အကျွန်ုပ်၏ ရှေးကုသိုလ်ကံပါတည်း" ဟု သူသည် ဤသို့ မိမိ၏ရှေးကုသိုလ်ကံကို ဘုရားရှင်အား လျှောက်ထားပြီး ကောင်းကင်၌ ထိုင်လျက်ပင် တေဇောဓာတ် လောင်ကျွမ်း၍ ပရိနိဗ္ဗာန်ပြုသွား၏။

(၃) အနံ့အလှူ ဂန္ဓဒါနကို ပေးလှူလိုသောသူသည် အမြဲမျိုးနံ့သာ၊ ပင်စည်မျိုးနံ့သာ၊ အစရှိသည်တို့တွင် နှစ်သက်ဖွယ် ကောင်းသည့် အနံ့ရှိသော ဝတ္ထုတစ်ခုခုကိုဖြစ်စေ၊ ကျိတ်ပြီးသော နံ့သာမှုန့်ကိုဖြစ်စေရရှိလျှင် ဝတ္ထုအနေဖြင့် နှလုံးမသွင်းဘဲ အနံ့အနေဖြင့်သာ နှလုံးသွင်းပြီး "အနံ့အလှူကို ငါပေးလှူအံ့၊ ငါ၏ အနံ့အလှူတည်း" ဟု အောက်မေ့၍ ရတနာသုံးပါးအား ပူဇော်မှုပြုသော်လည်းကောင်း၊ အနံ့အားဖြင့် ပူဇော်ဖို့ရန် ကရမက်တုံး၊ နံ့သာဖြူတုံး အစရှိသည်ကို စွန့်လှူသော်လည်းကောင်း အနံ့အလှူ **ဂန္ဓဒါန** ကို ပေးလှူသည်မည်၏။

http://www.dhammadownload.com

(၄) အရသာအလှူကို ပေးလှူလိုသောသူသည် အရသာရှိသော သစ်မြစ်၊ သစ်ဥ၊ သစ်ဖု၊ သစ်သီး အစရှိသည့် နှစ်သက်စဖွယ် ရသဝတ္ထုတစ်ခုခုကိုရရှိလျှင် ဝတ္ထုအနေဖြင့် နှလုံးမသွင်းဘဲ အရသာအနေဖြင့်သာ နှလုံးသွင်းပြီး "အရသာအလှူကို ငါပေးလှူအံ့၊ ငါ၏ အရသာအလှူတည်း" ဟု အောက်မေ့၍ အလှူခံပုဂ္ဂိုလ်တို့အား ပေးလှူသော်လည်းကောင်း၊ ရသဝတ္ထုဖြစ်သည့် နွားနို့ စသည်ကို ပေးလှူသော်လည်းကောင်း၊ အရသာအလှူ **ရသဒါန** ကို ပေးလှူသည်မည်၏။

ရသဒါနအကျိုး

အလောင်းတော် သူမြတ်သည် ရှေးရှေး ဘဝများစွာတို့က မွန်မြတ်၍ အရသာနှင့်ပြည့်စုံသော မုန့် ခဲဖွယ်တို့ကိုလည်းကောင်း၊ ဘောဇဉ်တို့ကိုလည်းကောင်း ပေးလှူတော်မူခဲ့သော ကောင်းမှုကုသိုလ်ကံကြောင့် နတ်ရွာသုဂတိ ဘုံဌာနဋ္ဌ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ အစိုးရခြင်း၊ အခြွေအရံများခြင်း၊ နတ်တို့၏ အသုံးအဆောင်ဖြစ်သော ရှုပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ပေါများခြင်း ဤဆယ်ပါးသော ဌာနတို့ဖြင့် တစ်ပါးသော နတ်တို့ထက် သာလွန်သော နတ်စည်းစိမ်ကို ခံစားရ၏။

တစ်ဖန် လူပြည်သို့ ရောက်တော်မူလာသောအခါ ခြေဖမိုးတော်နှစ်ဖက်၊ ပခုံးတော်နှစ်ဖက်၊ လက်ဖမိုးတော်နှစ်ဖက်၊ လည်ကုပ်တော် ဤခုနစ်ဌာနတို့၌ အသားတော် ပြည့်ဖြိုးခြင်းတည်း

http://www.dhammadownload.com

ဟူသော လက္ခဏာတော်ကြီးကို ရတော်မူ၏။ ယင်း လက္ခဏာတော်ကြီးနှင့် ပြည့်စုံတော်မူသည့်အတွက် လူ့ဘောင်၌နေလျှင် စကြာမင်းဖြစ်နိုင်၍ ရဟန်းပြုလျှင် သဗ္ဗညုဘုရားရှင်ဖြစ်ပြီးလျှင် မွန်မြတ်သော အရသာနှင့်ပြည့်စုံသော ခဲဖွယ် စားဖွယ်၊ သာယာဖွယ်၊ လျက်ဖွယ်၊ သောက်ဖွယ်တို့ကို များစွာရတော်မူ၏။

(၅) အတွေ့အထိအလှူ **ဖောဋ္ဌဗ္ဗဒါန**ကို ပေးလှူလိုသူသည် အတွေ့အထိကောင်းသည့် ညောင်စောင်း၊ အင်းပျဉ်၊ ခုတင်၊ ကုလားထိုင် စသည်တို့ကိုလည်းကောင်း၊ အခင်းအနှီး အဝတ်အခြုံအရုံ စသည့် ဖောဋ္ဌဗ္ဗဝတ္ထု တစ်ခုခုကိုလည်းကောင်း ရရှိလျှင် ဝတ္ထုအနေဖြင့် နှလုံးမသွင်းဘဲ ချမ်းသာသော အတွေ့အထိ သက်သက်ကိုသာ နှလုံးသွင်းစဉ်းစားပြီးလျှင် "အတွေ့အထိအလှူကို ငါလှူပေအံ့၊ ငါ၏ အတွေ့အထိ အလှူပေတည်း" ဟု အောက်မေ့၍ **ဖောဋ္ဌဗ္ဗဒါန**ကို ပေးလှူသည်မည်၏။

(၆) **ဓမ္မဒါန**အရ အာရုံခြောက်ပါးတွင်ပါရှိသော ဓမ္မာရုံအလှူကို ဆိုလိုသောကြောင့် "သြဇ–ပါန၊ ဇီဝိတ၊ ဓမ္မဒါန ယူ" ဟူသော လင်္ကာအတိုင်း သြဇဒါန၊ ပါနဒါန၊ ဇီဝိတဒါန သုံးပါးကို ဓမ္မဒါနအဖြစ်ယူ၍–

(က) သြဇာ ဓာတ်ဆီ အားကောင်းသော ထောပတ်ဆီဦးအစရှိသည်တို့တွင် တစ်ပါးပါးကိုရရှိလျှင် ဝတ္ထုအနေဖြင့် နှလုံးမသွင်းဘဲ သြဇာဓာတ်ဆီဟူသော ဓမ္မာရုံကို နှလုံးသွင်းပြီးလျှင် "ဓမ္မာရုံအလှူကို ငါလှူပေအံ့၊ ငါ၏ ဓမ္မာရုံအလှူပေတည်း" ဟူ၍ လည်းကောင်း၊ သို့မဟုတ် "သြဇအလှူကို ငါလှူပေအံ့။ ငါ၏

http://www.dhammadownload.com

သြဇာအလှူပေတည်း''ဟူ၍လည်းကောင်း အောက်မေ့၍ ထောပတ်ဆီဦး စသည်ကိုလှူသော် သြဇာအလှူ **ဓမ္မဒါန**ကို ပေးလှူသည်မည်၏။

(ခ) ရှေးအခါကမူ သပြေသီး၊ သရက်သီး၊ မုဒရက်သီး၊ ဖက်သက်သီး၊ သစ်မည်စည်သီး၊ ငှက်ပျောသီးနှင့် ကြာစွယ်တို့ကို အဖျော်အဖြစ် လှူကြ၏။ ယခုခေတ်အခါမူ ထိုအဖျော်များမှ တစ်ပါး ရဟန်းတော်များအား အပ်စပ်သော ဇီးဖျော်ရည်၊ မန်ကျည်းဖျော်ရည်၊ လိမ္မော်ရည် စသော အဖျော်တို့ကို ရရှိသော် ဝတ္ထုအနေဖြင့် နှလုံးမသွင်းဘဲ "အဖျော်အလှူကို ငါပေးလှူအံ့၊ ငါ၏ အဖျော်အလှူပေတည်း" ဟု အောက်မေ့၍ ဇီးဖျော်ရည် စသည်ကိုလှူသော် သဘောတရားအလှူ**ဓမ္မဒါန**ကို ပေးလှူသည်မည်၏။

(ဂ) "**ဇိဝိတဒါန**ကို ငါပေးလှူအံ့၊ ဇိဝိတဒါနအလှူပေတည်း''ဟု နှလုံးသွင်း၍ အသက်ရှည်ကြောင်း ဖြစ်သည့် စာရေးတံဆွမ်း စသည်ကို လှူသော်လည်းကောင်း၊ အနာရောဂါကပ်ရောက်သူတို့အား ဆေးလှူသော်လည်းကောင်း၊ ဆေးသမားတို့ကို ပြုစုကုသသော်လည်းကောင်း၊ ပိုက်ကွန်၊ မြှို၊ လှောင်အိမ်၊ ကျော့ကွင်း စသည်တို့ကို ဖျက်ဆီးစေသော်လည်းကောင်း၊ အနှောင်အဖွဲ့ ခံနေရသူတို့ကို လွှတ်စေသော်လည်းကောင်း၊ သတ္တဝါတို့ကို မသတ်ရ မပေါ်ရဟူ၍ မြို့ရွာတို့၌ အမိန့်ထုတ်ပြန်သော်လည်းကောင်း၊ မောင်းခတ် ကြေညာစေသော်လည်းကောင်း၊ သတ္တဝါတို့၏ အသက်ကို စောင့်ရှောက်ကြောင်း ဖြစ်သည့်အမှု

http://www.dhammadownload.com

တို့ကို ပြုသော်လည်းကောင်း သဘောတရားအလှူ **မွေဒါန**ကို ပေးလှူသည်မည်၏။

သီရိမွေသောကအမိန့်တော်

မြန်မာနိုင်ငံအနေနှင့် မွေသောက ဟူ၍လည်းကောင်း၊ သီရိမွေသောကဟူ၍လည်းကောင်း၊ အိန္ဒိယနိုင်ငံနှင့်တကွ ကမ္ဘာတစ်ဝှမ်းအနေနှင့်မူ အသောက (OSOKA) ဟူ၍လည်းကောင်း၊ ထင်ရှားကျော်စောသော အသောကမင်းကြီးသည် ဤသို့ မွေဒါန အလှူကို ပေးခဲ့လေသည်။

မင်းတကာတို့ ချစ်ကြည်လေးစားအပ်၍ ပိယဒသီဟု ဝှဲ့ချီ ခပ်နှိပ် အရှင်မဟာ ကဿပမထေရ်မြတ်၏ ဗျာဒိပ်တော်ကို ခံယူရရှိတော်မူသော အသောကမင်းတရားကြီး ဤသို့ မိန့်ပြန်ထားရှိလေပြီ။ ငါမင်းတရားသည် အဘိသိက်သွန်း၍ နှစ်ဆယ့်ခြောက် နှစ်ရှိသော် ဤဆိုလတ္တံ့သော အသက်ရှိသတ္တဝါတို့ကို သတ်ဖြတ်ခြင်းမှ တားမြစ်တော်မူအပ်ကုန်၏။ ထိုသတ္တဝါတို့ကား ကျေး၊ ကြက်တူရွေး၊ သာလိကာ၊ ဆက်ရက်၊ ငှက်ကြီးတုံးစပ်၊ ဝန်လိုငှက်ကြီး၊ စက္ကဝါက်ငှက်၊ ဟင်္သာ၊ ငန်းငှက်၊ နန္ဒိမုခ မည်သော ငှက်၊ ဂေလာဋမည်သောငှက်၊ လင်းနို့၊ ခါချဉ်သို့မဟုတ် တောင်ပို့ချ၊ လိပ်၊ အရိုးမရှိသောငါး၊ ဝေဒဝေယကမည်သောငါး၊

http://www.dhammadownload.com

ဂံဂပုတကမည်သောငါး၊ ပင်လယ်ငါးလင်ပန်း၊ မြစ်လိပ်၊ ရေလိပ်၊ ဖြူသတ္တဝါ၊ သစ်တက်ရှဉ့်၊ ဝါ-ရှဉ့်မွဲ၊ ဦးချိုတက် များသောဆတ်၊ နွားသူတော်၊ နွားလား၊ မျောက်သတ္တဝါ၊ ဥချိုးငှက်၊ ခိုဖြူ၊ ခိုပြာ၊ အသုံးမပြုသောအခြေလေးချောင်းရှိ သားသတ္တဝါတို့ကိုလည်း မစားအပ်၊ ထို့ပြင် ကိုဝန်ရှိသော သို့မဟုတ် နို့စို့သားငယ်ရှိသော ဆိတ်မ၊ သိုးမ၊ ဝက်မတို့ကို ၎င်းတို့သားငယ်များ ကောင်းမွန်စွာ ကြီးပွားခြင်းသို့ မရောက်မီ မသတ်ဖြတ်အပ်ကုန်။ ကြက်တိုက်ခြင်း ကြက်တည်ခြင်း၊ ထိုမှတစ်ပါး အသက်ရှိသတ္တဝါကို အပျော်အပါး တိုက်ခိုက် မြှူးထူးခြင်းတို့ကိုလည်း မပြုအပ်ကုန်။

တောသား သတ္တဝါတို့ကို ခိုကိုးရာမဲ့ ဖြစ်စေတတ်-ညှဉ်းဆဲခြင်းကို ပြုတတ်သော တောမီးရှို့မြှိုက်ခြင်းကို မပြုအပ်၊ အသက်ရှိ သတ္တဝါဖြင့်သော်လည်းကောင်း၊ ၎င်း၏ အသားဖြင့်သော်လည်းကောင်း သတ္တဝါတစ်ပါးကို အစာ ကျွေးမွေး၍ မမွေးမြူအပ်၊ သုံးဥတု လေးလ လေးလတို့ အဆုံး ဖြစ်သောနေ့များ နှစ်၏ သုံးလမြောက် ဝါဆိုလနှင့် လပြည့် နေ့၊ ဤသုံးနေ့တို့ ပတ်လုံးလည်းကောင်း၊ လဆန်း လဆုတ် တစ်ဆယ့်ငါးရက်၊ တစ်ဆယ့်လေးရက်မြောက်သောနေ့၊ လဆုတ် တစ်ဆယ့်ငါးရက်မြောက်သောနေ့၊ လေး သီတင်း အထွက် တစ်ရက်နေ့၊ အထွက် နှစ်ရက်နေ့၊ ဥပုသ်နေ့

http://www.dhammadownload.com

တိုင်းလည်းကောင်း၊ ဤနေ့ရက်များ၌ ငါးတို့ကို မဖမ်းရ၊ မသတ်ရ၊ ရောင်းလည်းမရောင်းဝယ်ရ၊ ထိုနေ့ထိုရက်အတွင်း တို့၌ ဆင် မြင်းတို့နေထိုင်ရာ တောတောင်များ၌ လည်း ကောင်း၊ တံငါတို့ ကျက်စားရာ ရေကန်၊ မြစ်၊ ချောင်း၊ အင်းအိုင်များ၌ လည်းကောင်း၊ သားငါးများ၊ ထိုမှတစ်ပါး အခြားငှက် စသော သက်ရှိ သတ္တဝါမှန်သမျှတို့ကို မသတ် ဖြတ်အပ်၊ မလိုက်အပ်ကုန်။

လတိုင်း လဆုတ်ပက္ခ ရှစ်ရက်မြောက် တစ်ဆယ့် လေးရက်မြောက်၊ တစ်ဆယ့်ငါးရက်မြောက်၊ သုံးရက်မြောက် နေ့၊ ပုဏ္ဏ ဗုဒ္ဓဟူနက္ခတ်ပွဲနေ့၊ သုံးဥဝုအဆုံး လေးလ မြောက်သောနေ့ ဤနေ့များ၌ နွားတို့ကို သင်းမကွပ်အပ်၊ ထိုမှတစ်ပါးသော ဆိတ်၊ သိုး၊ ဝက်နှင့် အခြားသတ္တဝါတို့ကို လည်း သင်းမကွပ်အပ်၊ သင်းမကွပ်စေအပ်၊ လဆန်း လဆုတ် သုံးရက်နေ့ ပုဏ္ဏဗုဒ္ဓဟူ နက္ခတ်ပွဲနေ့၊ ဥဝုအဆုံး လေးလမြောက်နေ့၊ လေးလ၏ ပက္ခနေ့တို့၌ မြင်း နွား တို့ကိုသတ်ရန် တံဆိပ်ထိုးမှတ်ခြင်း၊ မှတ်စေခြင်းတို့ကို မပြုလုပ်အပ်၊ ငါဘုရင်မင်းမြတ် အဘိသိက်သွန်း၍ နှစ်ဆယ့် ခြောက်နှစ်မြောက် အတွင်းအခါ၌ ဤတရားဆုံးမ ကန့်မြစ် စာကို ရေးသားထုတ်ပြန်စေအပ်သည်၊ ထိုနှင့်အလားတူ လည်း နှစ်ဆယ့်ငါးကြိမ်တိုင် အကျဉ်းသားတို့အား အကျဉ်း ထောင်မှ လွတ်စေခြင်းတို့ကို ပြုစေအပ်ကုန်ပြီ။

http://www.dhammadownload.com

အလောင်းတော်၏ အလှူများ

ဤအဘိဓမ္မာနည်း အလှူဒါနခြောက်ပါးတို့ကို အလောင်းတော်များ ပြုလှူပုံနှင့် ရည်ရွယ်ချက်ကို အတုယူ၍ ပြုလှူနိုင်ရန် ဖော်ပြလိုက်သည်။

ဘုရားအလောင်းတော်သည် "လကွယ်၊ မိုးမှောင်၊ သန်းကောင်တောလယ်" ဟူ၍ အင်္ဂါလေးပါးရှိသော အမိုက်မှောင်၌လည်း အတောင်ရှစ်ဆယ်အရပ်ကို အခါခပ်သိမ်း ထွန်းလင်းပသော ကိုယ်တော်ရောင်ကို ရရှိရန် အဆင်းအလှူ ရူပဒါနကို လှူတော်မူသည်။

ပြဟ္မာမင်း၏ အသံကဲ့သို့ အသံတော်ရှိခြင်း အကျိုးရရန် အသံအလှူ သဒ္ဒဒါနကို လှူတော်မူသည်။

အတုမရှိသော သီလဂုဏ် ရနံ့ကောင်း ထုံစေရခြင်းအကျိုးရရန် အနံ့အလှူ ဂန္ဓဒါနကို လှူတော်မူသည်။

အလုံးစုံသော သတ္တဝါတို့ ချစ်ခင်မြတ်နိုးအပ်သည့် ပုဂ္ဂိုလ်သူမြတ် အဖြစ်တည်းဟူသော အကျိုးရရန် အရသာအလှူ ရသဒါနကို လှူတော်မူသည်။

ဘုရား၏ သိမ်မွေ့နူးညံ့ခြင်း ဗုဒ္ဓသုခုမာလတာ အကျိုးရရန် အတွေ့အထိအလှူ ဖောဋ္ဌဗ္ဗဒါနကို လှူတော်မူသည်။

မအိုရာ၊ မသေရာ နိဗ္ဗာန်အကျိုးရရန် ဆေးအလှူကို လှူတော်မူသည်။

ကိလေသာ၏ ကျွန်အဖြစ်မှ လွတ်မြောက်ဖို့ရန် ကျေးကျွန်တို့အား ကျွန်စာရင်းမှ ပယ်ဖျက်ခြင်းအမှု ပြုတော်မူသည်။

http://www.dhammadownload.com

သူတော်ကောင်းတရား၌ မွေ့လျော်နိုင်ရန် အပြစ်မရှိသည့် ပျော်ရွှင်မြူးထူးခြင်းအလှူကို ပေးလှူတော်မူသည်။

ခပ်သိမ်းသော သတ္တဝါတို့ကို အရိယာဇာတ်ဖြင့် ကိုယ်တော်မြတ်၏ သားသမီးများဖြစ်ကြစေရန် သားသမီးအလှူကို စွန့်လှူတော်မူသည်။

လောကကြီး တစ်ခုလုံး၏ အရှင်သခင်အဖြစ်သို့ ရောက်ရှိရန် မဒ္ဒီမိဖုရားကဲ့သို့သော ဇနီးအလှူကို လှူတော်မူသည်။

တင့်တယ်လှစွာသော ယောကျ်ားမြတ် လက္ခဏာတော်ကြီးများနှင့် ပြည့်စုံရန် ရတနာဆယ်ပါးကို လှူတော်မူသည်။

လက္ခဏာတော်ငယ် ရှစ်ဆယ်တို့နှင့် ပြည့်စုံရန် အထူးထူးသော အဆင်းတန်ဆာအလှူကို လှူတော်မူသည်။

သူတော်ကောင်းတရားတည်းဟူသော ဓမ္မရတနာ ဘဏ္ဍာတိုက်ကြီးကို ရရှိရန် ဥစ္စာဘဏ္ဍာတိုက်ကို လှူတော်မူသည်။

တရားမင်း ဓမ္မရာဇဖြစ်ဖို့ရန် မင်းအဖြစ်ကို စွန့်လှူတော်မူသည်။

ဈာန်၊ ဝိမောက္ခ၊ သမာဓိ၊ သမာပတ်၊ မဂ်၊ ဖိုလ်ဟူသော ဥတ္တရိမနုဿဓမ္မတရားတို့နှင့် ပြည့်စုံရန် အရာမ်၊ ဥယျာဉ်၊ ရေကန်စသောအလှူကို လှူတော်မူသည်။

စက်လက္ခဏာဝန်းရုံ၊ ခြေတော်စုံဖြင့် မဟာဗောဓိမဏ္ဍိုင်သို့ ကပ်ရောက်နိုင်ရန် အလိုရှိသူ အလှူခံပုဂ္ဂိုလ်အား ကိုယ်တော်၏ ခြေကို လှူတော်မူသည်။

http://www.dhammadownload.com

သြဃလေးခန်း ရေပြင်ကြမ်းမှ ကူးသန်းနိုင်စေရန် သတ္တဝါတို့အား သူတော်ကောင်းတရားတည်းဟူသော လက်ကို ပေးတော်မူလိုသည့်အတွက် လက်တော်ကို ပေးလှူတော်မူသည်။

သမန္တစက္ခု သဗ္ဗညုတဉာဏ်ကို ရရှိဖို့ရန် မျက်စိအလှူကို ပေးလှူတော်မူသည်။

ငါ၏ တစ်ကိုယ်လုံးသည် ကြည့်ရှုသောအခါ နားထောင်သော အခါ အောက်မေ့သောအခါ ပြုစုလုပ်ကျွေးသောအခါ အစရှိသည့် ခပ်သိမ်းသောအခါ၌ပင် သတ္တဝါတို့၏ စီးပွားချမ်းသာကို ရွက်ဆောင်နိုင်စေသော်၊ အလုံးစုံသော လောကကြီး၏ မှီခိုအသက်မွေးရသူ ဖြစ်စေသော်ဟု စိတ်သန်ဆုညွှတ်၍ အသား အသွေးစသော အလှူကို ပေးလှူတော်မူသည်။

လောကကြီးတစ်ခုလုံးထက် အမြတ်ဆုံးပုဂ္ဂိုလ်သူမြတ်ကြီး ဖြစ်ဖို့ရန် အမြတ်ဆုံး ကိုယ်အင်္ဂါဖြစ်သည့် ဦးခေါင်းအလှူကို ပေးလှူတော်မူသည်။

သဗ္ဗညုတဉာဏ်အတွက်သာ

ထိုသို့ လှူတော်မူရာမှာလည်း မတရားရှာမှီး၍လည်း မလှူ၊ သူတစ်ပါးကို ညှဉ်းပန်းနှိပ်စက်၍မလှူ၊ ကြောက်၍ ရွှက်၍လည်း မလှူ၊ အလှူခံပုဂ္ဂိုလ်ကို ချုပ်ချယ်၍လည်းမလှူ၊ အကောင်းအမြတ် ရှိလျက် အယုတ်အညံ့ကိုလည်းမလှူ၊ ကိုယ့်ကို မြှောက်ပင့်သူကို နှိမ်ချ၍လည်းမလှူ၊ ဘုရားအဖြစ်မှ တစ်ပါးသောအကျိုးကို မျှော်ကိုး၍လည်းမလှူ၊ အလှူခံပုဂ္ဂိုလ်ကို စက်ဆုတ်ရွံရှာကဲ့ရဲ့ မထေမဲ့မြင်မှု အထင်သေးမှု ပြု၍လည်းမလှူ။

http://www.dhammadownload.com

စင်စစ်သော်ကား လူဖွယ်ဝတ္ထုကို တရိတသေပြု၍ လူတော်မူ၏။ မိမိလက်ဖြင့် ကိုယ်တိုင်လူတော်မူ၏။ အခါကို သိ၍ လူတော်မူ၏။ အလူခံပုဂ္ဂိုလ်ကို အရိအသေပြု၍ လူတော်မူ၏။ အယုတ်အမြတ် မခွဲခြားဘဲ လူတော်မူ၏။ မလူမီ လူဆဲ လူပြီးကာလ သုံးပါးတို့၌ ဝမ်းမြောက်ခြင်းရှိ၍ လူတော်မူ၏။ ထို့ကြောင့်ပင် လူပြီးသည့်နောက်ကာလ၌ နောက်တစ်ဖန် ပူပန်ခြင်းရှိတော်မမူ။

အလူခံပုဂ္ဂိုလ်တို့နှင့်စပ်၍ မာန်ထောင်လွှားမှု မထေမဲ့မြင်မှု ပြုတော်မမူ၊ အလူခံပုဂ္ဂိုလ်တို့အား ပိယဝါစာ ချိုသာစကား ပြောကြားတော်မူလျက် ထိုသူတို့စကားကို နားလည်သိရှိတော်မူပြီးကာ အလူခံပုဂ္ဂိုလ်တို့ တောင်းခံရန် သင့်လျော်သူ တောင်းအပ်အံ့သူဖြစ်လျက် အလူဒါနမှု တစ်ခုခုပြုတော်မူလျှင် အခြံအရံ လူဖွယ်များနှင့်တကွ လူဒါန်းတော်မူလေ့ရှိပေ၏။

အဆင်းအလူ ရူပဒါနကို လူဒါန်းလိုသည်ရှိသော် အသံအလူ သဒ္ဒဒါန စသည်ကိုလည်း ထိုအဆင်းအလူ ရူပဒါန၏ အခြံအရံပြု၍ လူတော်မူသည်။ အသံအလူ သဒ္ဒဒါန စသည်တို့၌လည်း ဤနည်းအတူပင် ဖြစ်၏။

ဘုရားအလောင်းတော်သည် ဆိုအပ်ပြီးသည့် အလုံးစုံသော ဒါနကောင်းမှု အစုစုတို့အတွက် "အလုံးစုံသော သတ္တလောက၏ နိဗ္ဗာန်တိုင်အောင်သော စီးပွားချမ်းသာကို ရွက်ဆောင်နိုင်ရပါလိုသော်" ဟူ၍လည်းကောင်း၊ "ကိုယ်တော်မြတ်၏ အဖို့ရာ သမ္ဗညုတဉာဏ်တော် မကုန်မခန်း မယုတ်မလျော့နိုင်သည့် ဆန္ဒတော် ဝီရိယတော် သမာဓိတော် ပညာတော် အရဟတ္တဖိုလ်

http://www.dhammadownload.com

ဝိမုတ္တိတော်တို့၏ အထောက်အပံ့ပစ္စည်း ဖြစ်စေသော်" ဟူ၍ လည်းကောင်း ဆုညွှတ်စိတ်သန်တော်မူလေသည်။

ဘုရားရှင် ခီးမွမ်းသည့် အင်္ဂါ ၆–ပါးပြည့်စုံသောဒါန

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဝေဠုကဏ္ဍကီမြို့သူ နန္ဒမာတာသည် ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလာန အမှူးရှိသော ရဟန်းသံဃာအား အင်္ဂါခြောက်ပါးပြည့်စုံသည့် အလှူကြီးပေးလှူနေသည်ကို ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်မှ ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် မြင်တော်မူ၍ ရဟန်းတော်တို့အား ဟောပြောတော်မူ၏။

"ရဟန်းတို့ ဝေဠုကဏ္ဍကီမြို့သူ နန္ဒမာတာသည် သာရိပုတ္တရာနှင့် မောဂ္ဂလာနအမှူးရှိသော ရဟန်းသံဃာအား–

(၁) မလှူမီ ရှေးအဖို့က ကြိုတင်ဝမ်းမြောက်ခြင်း၊

(၂) လှူဆဲအခါမှာ စိတ်စေတနာကောင်းစွာ ကြည်လင် ခြင်း၊

(၃) လှူဒါန်းပြီးနောက် နှစ်သက်ဝမ်းမြောက်သော စိတ်ရှိခြင်း တည်းဟူသော **အလှူဒကာဘက်က အင်္ဂါသုံးပါး** နှင့်

(၁) ရာဂကင်းပြီးသူဖြစ်ခြင်း သို့မဟုတ် ရာဂကင်းရန် ကျင့်ကြံ အားထုတ်နေသူဖြစ်ခြင်း၊

(၂) ဒေါသကင်းပြီးသူဖြစ်ခြင်း သို့မဟုတ် ဒေါသကင်းရန် ကျင့်ကြံ အားထုတ်နေသူဖြစ်ခြင်း၊

(၃) မောဟကင်းပြီးသူဖြစ်ခြင်း သို့မဟုတ် မောဟကင်းရန် ကျင့်ကြံအားထုတ်နေသူဖြစ်ခြင်း၊

http://www.dhammadownload.com

တည်းဟူသော **အလူခံပုဂ္ဂိုလ်ဘက်က အင်္ဂါသုံးပါး**၊ ဤ အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသည့် အလူကြီးကို ပေးလူနေသည်။

"ရဟန်းတို့၊ မဟာသမုဒ္ဒရာ၌ 'ဤမျှလောက်သော ကွမ်းစား ပမာဏရှိသောရေတို့' ဟူ၍လည်းကောင်း၊ 'ဤမျှလောက်သော ကွမ်းစားအရာ၊ အထောင်၊ အသောင်း၊ အသိန်း ပမာဏရှိသော ရေတို့' ဟူ၍လည်းကောင်း ရေ၏ပမာဏကို ယူခြင်းငှာ မလွယ်ကူချေ၊ စင်စစ်သော်ကား မရေမတွက်နိုင် မနှိုင်းယှဉ်နိုင်သော ကြီးစွာသော ရေအစုဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်သကဲ့သို့–ရဟန်းတို့၊ ဤအတူသာလျှင် ဤအင်္ဂါခြောက်ပါးနှင့် ပြည့်စုံသည့်အလူ၌ 'ဤမျှ အတိုင်းအရှည်ရှိသော ကောင်းမှုအထုကသိုလ်အယာဉ်သည် ချမ်းသာကို ဆောင်တတ်၏။ ကောင်းမြတ်သောအာရုံကို ပေးတတ်၏။ ချမ်းသာအကျိုးရှိ၏။ နတ်ပြည်၌ ဖြစ်စေတတ်၏။ အလိုရှိဖွယ်အလို၌ာ နှစ်သက်ဖွယ်အလို၌ာ မြတ်နိုးဖွယ်အလို၌ာ အစီးအပွားအလို၌ာ ချမ်းသာအလို၌ာ ဖြစ်၏' ဟူ၍ ကောင်းမှုအတိုင်းအရှည်ပမာဏကို ယူခြင်းငှာ မလွယ်ကူချေ၊ စင်စစ်သော်ကား မရေမတွက်နိုင် မနှိုင်းယှဉ်နိုင်သော ကောင်းမှုကုသိုလ်ကြီး ဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။

"စေတနာသုံးတန် ညှိညွှတ်ခြင်းဟူသော စိတ်နှင့် ပြည့်စုံခြင်း၊ အလူခံပုဂ္ဂိုလ်မြင့်မြတ်ခြင်းဟူသော စိတ်နှင့်ပြည့်စုံခြင်း ဖြစ်လတ်သော် လူဖွယ်ဝတ္ထု ယုတ်ညံ့နည်းပါးသော်လည်း ကြီးကျယ်သော အကျိုးကို ပေးနိုင်၏။

http://www.dhammadownload.com

"ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရား၌လည်းကောင်း၊ ထိုမြတ်စွာဘုရား၏ တပည့်သားသံဃာ၌လည်းကောင်း စိတ်ကြည်လင်သည်ရှိသော် ပေးလှူအပ်သော ဒါနအလှူမည်သည် နည်းသည်ဟူ၍မရှိချေ။"

စိတ် အရေးကြီးပုံနှင့် ပတ်သက်၍ မာန်လည်ဆရာတော် ဘုရားကြီးက ဤသို့ စပ်ဆိုခဲ့သည်။

"တန်ခိုး တေဇာ၊ ချမ်းသာဘောဂ၊ ကုသရကား၊ ပုညရှေးပြု၊ ကောင်းမှုအရင်း၊ မှန်မယွင်းတည့်၊ ယင်းကုသိုလ်လည်း၊ အလိုမြတ်ကြီး၊ စိတ်ဖြင့်ပြီးရှင့်၊ အသီးတစ်ရာ၊ အညာတစ်ခု၊ ပမာရှု၍၊ စိတ်ဟုမည်ငြား၊ ဤတစ်ပါးမျှ၊ တရားကိုယ်ကြပ်၊ စောင့်စည်းကွပ်က၊ လူ့ရပ်နတ်ရွာ၊ ပြဟ္မာနိဗ္ဗာန်၊ ရောက်ကြောင်းမှန်၏"

သေသူနှင့် ရှင်သူ

"အတူတကွ ခရီးသွားဖော်ဖြစ်သော သူတို့သည် ခရီးသွားဖော်ဖြစ်သော သူတို့အား ခွဲခြမ်းဝေဖန်၍ ပေးကုန်သကဲ့သို့ သံသရာခရီးသွားဖော်ဖြစ်သောသူတို့သည် ရိက္ခာအနည်းငယ်ရှိသော် ခွဲခြမ်းဝေဖန်၍ ပေးကုန်၏။ ထိုသံသရာခရီးသွားဖော်ဖြစ်သော သူတို့သည် အသက်ရှင်ချင်လျက် အလှူပေးလေ့မရှိသည့်အဖြစ်ကြောင့် သူသေမည်ကုန်သော သူတို့တွင် သူသေမမည်ကုန်၊ ဤသဘောသည် ရှေးဦးဖြစ်သော သဘောတည်း"

http://www.dhammadownload.com

"ဒါန–သီလ၊ ကုသလ၌၊ လံ့လလွတ်လျော့၊ လေဘင်ပေါ့၍၊ မေ့လျော့သောသူ သူသေဟူ၏၊ အလှူသီတင်း၊ မကင်းဘာဝနာ၊ မချာရက်နေ့၊ မမေ့လျော့တတ်၊ ထိုသူမြတ်တို့၊ လူနတ်ခန္ဓာ၊ ပြောင်းလဲကာလျှင်၊ ချမ်းသာသုခ၊ မပျက်ကြကြောင့်၊ ဘဝသဘော၊ ရွှေ့လျောခြင်းဟူ၊ စုတိမူလည်း၊ သေသူမမည်၊ ဟူတုံသည်တည်း"

မင်းဘဏ္ဍာဖြစ်

ကောသလမင်းကြီးသည် ဘုရားရှင်ထံတော်သို့ နေ့စဉ်ရောက်နေကျဖြစ်၏။ တစ်ခါသော် ခုနစ်ရက်မျှ မရောက်ရှိဘဲ ပျက်ကွက်နေသဖြင့် နေ့လယ် နေပူကျဲကျဲအချိန်ကြီးမှာပင် ဘုရားရှင်ထံသွား၍ ရှိခိုးဦးချလျက် ထိုင်နေ၏။ ထိုအခါ ဘုရားရှင်က မင်းကြီးအား မေး၏။

"မင်းကြီး၊ သင်သည် ယခု နေပူကျဲကျဲအချိန်ကြီးမှာ ဘယ်ကနေ လှည့်လာခဲ့သနည်း"

"မြတ်စွာဘုရား၊ ဤသာဝတ္ထိပြည်၌ သူဌေးတစ်ယောက် သေလွန်ပါသည်၊ အကျွန်ုပ်သည် သားမရှိသော ထိုသူဌေး၏ ပစ္စည်းဥစ္စာတွေကို နန်းတော်သို့ သယ်ဆောင်၍ လာခဲ့ပါ၏။ မြတ်စွာဘုရား၊ ထိုသူဌေးအား ငွေသိန်းရှစ်ဆယ်ရှိပါ၏။ အရုပ်တံဆိပ်ခတ်နှိပ်အပ်ပြီးသော ရွှေကြေးနီတို့သည်ကား မရေမတွက်နိုင်အောင် ရှိပါ၏။ သို့ပါသော်လည်း သူသည် ဆန်ကွဲထမင်းနှင့် ပုန်းရည်ဟင်းကိုသာ စားပါ၏။ ပိုက်ဆံလျှော်ချည်ဖြင့် ရက်အပ်

http://www.dhammadownload.com

သော သုံးထပ်စပ်ချုပ်သည့် ပုဆိုးကိုသာ ဝတ်ပါဇ၏၊ သစ်ရွက်ထီးငယ်ကို ဆောင်းပါဇ၏၊ ယာဉ်အိုဖြင့် သွားပါဇ၏''

သုံးဆောင်မွယ်မဖြစ်

''မင်းကြီး၊ ဤစကားသည် မှန်၏၊ မင်းကြီး ဖြစ်သင့်ဖြစ်ရာ ဥပမာကား လူမရှိရာ အရပ်၌ ကြင်လင်အေးမြ ချို့မြိန်သော ရေရှိသော၊ ရေဆိပ်ကောင်းသော၊ မွေ့လျော်ဖွယ်ကောင်းသော ရေကန်တစ်ခုရှိ၏။ ထိုရေကန်ကို လူအပေါင်းသည် မခပ်ယူ မသောက်သုံးရာ၊ အကြောင်းအားလျော်စွာလည်း မပြုရာ။ မင်းကြီး ဤသို့ ကောင်းစွာ မသုံးဆောင်အပ်သော ထိုရေကန်သည် ကုန်ခန်းခြင်းသို့ ရောက်သကဲ့သို့ သုံးဆောင်အပ်သည့်အဖြစ်သို့ မရောက်သကဲ့သို့ မင်းကြီး၊ စင်စစ် သူယုတ်မာသည် မွန်မြတ်သော စည်းစိမ်တို့ကိုရ၍ မိမိကိုယ်ကိုလည်း မချမ်းသာ မနှစ်သက်စေ၊ သားမယား၊ မိဘ၊ ကျွန်အမှုလုပ်နှင့် မိတ်ဆွေတို့ကိုလည်း မချမ်းသာ မနှစ်သက်စေ၊ ရဟန်းပုဏ္ဏားတို့၌ အထက်ဘုံ၌ အကျိုးရှိသော ကာမသုဂတိဘဝ၏ အစီးအပွားဖြစ်သော ဖြစ်ရာဘဝ၌ ချမ်းသာသော၊ အကျိုးရှိသော ကောင်းမြတ်သော ရူပါရုံစသည်တို့ကို ဖြစ်စေတတ်သော မြတ်သောအလှူဒါနကို မပေးလှူ၊ ထိုသူဌေး၏ ဤသို့ ကောင်းစွာ မသုံးဆောင်အပ်ကုန်သော ဥစ္စာတို့ကို မင်းတို့သော်လည်း သိမ်းယူကုန်၏။ ခိုးသူတို့သော်လည်း ခိုးယူကုန်၏။ မီးသော်လည်းလောင်၏၊ ရေမူလည်း မျောဇ၏။ အမွေခံဆိုးတို့သော်လည်း ခွဲယူကုန်၏။ မင်းကြီး ဤသို့ ကောင်းစွာ

http://www.dhammadownload.com

မသုံးဆောင်အပ်ကုန်သော ထိုသူယုတ်မာ၏ စည်းစိမ်ဥစ္စာတို့သည် ကုန်ခန်းခြင်းသို့ ရောက်ကုန်၏။ သုံးဆောင် ခံစားအပ်သည်၏ အဖြစ်သို့ မရောက်ကုန်"

သုံးဆောင်ဖြစ်

"မင်းကြီး–ဖြစ်သင့်ဖြစ်ရာ ဥပမာကား ရွာနိဂုံးအနီး၌ ကြည်လင်အေးမြ၍ ချိုမြိန်သော အရသာရှိသော ဖြူဖွေးသော ရေရှိသော ဆိပ်ကမ်းကောင်းသော၊ မွေ့လျော်ဖွယ်ကောင်းသော ရေကန်တစ်ခုရှိ၏။ ထိုရေကန်ကို လူအပေါင်းသည် ခပ်ယူသောက် သုံးမူလည်း ခပ်ယူသောက်သုံးရာ၏။ အကြောင်းအားလျော်စွာ ပြုမူလည်းပြုရာ၏။ မင်းကြီး ဤသို့လျှင် ကောင်းစွာသုံးအပ်သော ထိုရေကန်သည် သုံးဆောင်ခြင်းသို့ ရောက်သကဲ့သို့ ကုန်ခန်း ခြင်းသို့ မရောက်ရာသကဲ့သို့ မင်းကြီး၊ သူတော်ကောင်းသည်ကား မွန်မြတ်ကုန်သော စည်းစိမ်ဥစ္စာတို့ကို ရ၍ မိမိကိုယ်ကိုလည်း ချမ်းသာနှစ်သက်စေ၏။ သားမယား၊ မိဘ၊ ကျွန် အမှုလုပ်နှင့် မိတ်ဆွေခင်ပွန်းတို့ကိုလည်း ချမ်းသာနှစ်သက်စေ၏။ ရဟန်း ပုဏ္ဏားတို့၌ အထက်ဘုံ၌ အကျိုးရှိသော ကာမသုဂတိ ဘဝဂ် အစီးအပွားဖြစ်သော ဖြစ်ရာဘဝ၌ ချမ်းသာသောအကျိုးရှိသော ကောင်းမြတ်သော ရူပါရုံ စသည်တို့ကို ဖြစ်စေတတ်သော မြတ်သောအလှူကို ပေးလှူ၏။ ထိုသူတော်ကောင်း၏ ဤသို့ ကောင်းစွာ သုံးဆောင်အပ်ကုန်သော ထိုစည်းစိမ်တို့သည် သုံးဆောင်အပ်ကုန်သည် အဖြစ်သို့ ရောက်ကုန်၏။ ကုန်ခန်းခြင်း သို့ မရောက်ကုန်"

http://www.dhammadownload.com

ဤတွင် မာန်လည်ဆရာတော်ဘုရားကြီးက သူယုတ်မာတို့၏ ဥစ္စာကို မဟာသမုဒ္ဒရာရေနှင့် သူတော်ကောင်း၏ ဥစ္စာကို တွင်းထွက်ရေနှင့် ဥပမာပြ၍ ဤသို့ စပ်ဆိုခဲ့သည်။

"သဒ္ဒါနှန့်နဲ့၊ မချို့တဲ့နှင့်၊ လဲ့လဲ့ကျိတ်ကျိတ်၊ မစ္ဆေ စိတ်နှင့်၊ ဒိဋ္ဌလောဘ၊ မောဟပိတ်ဆို့၊ ပညာချို့သည်၊ လူတို့ဥစ္စာ၊ မျှားတုံပါလည်း၊ မဟာသမုဒ်၊ ရေအစုတ်သို့ သောက်ထုတ်သုံးချိုး၊ ဘယ်သူမျိုးမျှ၊ အကျိုးမရ၊ ပဏ္ဏိတတို့၊ ဓနမူကား၊ နည်းငြားပစေ တွင်းထွက်ရေသို့၊ ဝိုလ်ခြေအလုံး၊ သောက်သုံးချမ်းသာ၊ ပြီးတတ်စွာရှင့်"

အပရစေတနာပျက်၍

"မြတ်စွာဘုရား၊ ထိုသူဌေးသည် အဘယ်ကံကြောင့် ဤမျှ စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာ၍ အဘယ်ကံကြောင့် သူ၏ဥစ္စာတွေကို သူမသုံးဆောင် မခံစားရပါသနည်း"

"မင်းကြီး၊ အတိတ်ကာလ တစ်ခုသောဘဝက သူသည် တဂ္ဂရသိခီ ပစ္စေကဗုဒ္ဓ ဆွမ်းခံကြွလာသော် 'ရဟန်းအား ဆွမ်းလှူကြပါ' ဟု ပြောဆို၍ ကိစ္စတစ်ခုနှင့် အပြင်ထွက်သွား၏။ ထိုအခါ သူ၏ဇနီးသည် 'ငါ့အား ယနေ့မှသာ သူ၏ပါးစပ်မှ လှူလော့' ဆိုသော စကားကို ကြားရပေသည်။ ယနေ့ ငါ၏စိတ်နှလုံး အလိုပြည့်အောင် ပေးလှူပါအံ့' ဟု နှလုံးသွင်း၍ ပစ္စေကဗုဒ္ဓ အရှင်မြတ်၏ သပိတ်ကိုယူပြီးလျှင် မွန်မြတ်သော ခဲဖွယ်ဘောဇဉ် တို့ကို သပိတ်အပြည့် လှူဒါန်းဆက်ကပ်လိုက်လေ၏။ သူသည်

http://www.dhammadownload.com

ကိစ္စပြီး၍ ပြန်လာသော် လမ်းတွင် ပစ္စေကဗုဒ္ဓအရှင်မြတ်ကို မြင်၍ 'ရဟန်း၊ သင့်အား တစ်စုံတစ်ရာ ရပါ၏လော' ဟုမေး၍ သပိတ်ကို ဖွင့်ကြည့်သော် မွန်မြတ်သောခဲဖွယ်ဘောဇဉ်တို့ကို မြင်၍ နှလုံးမသာမယာ အပရစေတနာချို့တဲ့ကာ 'ဤဆွမ်းသည် မွန်မြတ်၏။ ငါ၏ ကျွန်အမူလုပ်တို့ စားရလျှင် ငါ၏ လုပ်ငန်း တွင်ကျယ်စွာ လုပ်နိုင်အံ့၊ ဤရဟန်းမူကား စားပြီးလျှင် အိပ်နေမှာပဲ၊ ငါ၏ ဆွမ်းသည် အချည်းနှီး ပျက်စီးပြီ' ဟု ကြံစည်နှလုံးသွင်း၏။

"မင်းကြီး၊ သူသည် ပုဗ္ဗစေတနာဖြူစင်စွာနှင့် 'ရဟန်းအား ဆွမ်းလှူကြပါ' ဟု ခိုင်း၍ လူစေခြင်းကြောင့် ခုနစ်ကြိမ် နတ်ပြည်သို့ ရောက်၍ ခုနစ်ကြိမ် ဤသာဝတ္ထိပြည်၌ သူဌေးဖြစ်၏။ လူပြီးနောက် အပရစေတနာချို့တဲ့ကာ နှလုံးမသာယာသောကြောင့် မွန်မြတ်သောအစာနှင့် အဝတ်တို့ကို မသုံးစားလို၊ ကောင်းသော ယာဉ်တို့ကို မစီးလို၊ မွန်မြတ်သော ကာမဂုဏ်တို့ကို ခံစားရန်၊ စိတ်မညွတ်ပေ"

သားသမီးမရကြောင်း

"မြတ်စွာဘုရား၊ သူ့အား အဘယ်ကြောင့် သားသမီးမရပါသနည်း"

"မင်းကြီး၊ သူသည် သူ့အစ်ကို၏ တစ်ယောက်တည်းသော သားကို အမွေပေးရမည်မှ ကြောက်သောကြောင့် တောသို့ ခေါ်သွားပြီး သတ်ခဲ့သော အကုသိုလ်ကံကြောင့် များစွာသော

http://www.dhammadownload.com

နှစ်တို့ပတ်လုံး ငရဲ၌ခံရပြီး ယခု ထိုကံ၏ ကြွင်းသောအကျိုးဖြင့် ခုနစ်ကြိမ်မြောက် အမွေခံသားမရှိသော သူ၏ စည်းစိမ်ဥစ္စာကို မင်း၏ နန်းတော်သို့ ဆောင်သွင်းခံရ၏"

သူဌေး၏ လားရာဂတိ

"မြတ်စွာဘုရား၊ ယခု သူ ဘယ်ဘဝသို့ ကပ်ရောက်ရပါသလဲ"

"မင်းကြီး၊ သူ၏ ကုသိုလ်ဟောင်းသည်လည်း ကုန်ပြီ၊ ကုသိုလ် အသစ်ကိုလည်း ထပ်၍မပြုအပ်သောကြောင့် သူသည် ယခုအခါ၌ မဟာရောရုဝ ငရဲ၌ ရောက်ရှိခံနေရ၏"

"မြတ်စွာဘုရား၊ သူသည် အလွန်ဝန်လေးသောအမှုကို ပြုခဲ့ပါဘိ၏။ ဤမျှလောက် စည်းစိမ်ဥစ္စာတွေကို မိမိလည်း မသုံး ဆောင် မခံစား၊ ကုသိုလ်ကောင်းမှုလည်း တစ်စုံတစ်ရာမပြု"

လမ်းနှစ်သွယ်တရားတော်

"မင်းကြီး၊ သင်ဆိုတိုင်း မှန်၏၊ ပညာမဲ့သော သူတို့သည် စည်းစိမ်ဥစ္စာများစွာရှိသော်လည်း နိဗ္ဗာန်ခရီး၊ မရှာမှီးကြကုန်၊ စည်းစိမ်ဥစ္စာတို့ကို အမှီပြု၍ဖြစ်သော တဏှာတရားသည် သူတို့ကို ရှည်မြင့်စွာသော နေ့ညဉ့်တို့ပတ်လုံး သတ်ဖြတ်ကြ၏။

"မင်းကြီး၊ ဥစ္စာစီးပွားသည်လည်းကောင်း၊ ရွှေ ငွေသည်လည်းကောင်း၊ သိမ်းဆည်းအပ်သမျှ ဝတ္ထုသည်လည်းကောင်း၊ ကျွန်အမှုလုပ်တို့သည်လည်းကောင်း၊ အစေခံတို့သည်လည်း

http://www.dhammadownload.com

ကောင်း၊ ထိုသူ့ကိုမှီ၍ အသက်မွေးကုန်သော သူတို့သည်လည်း ကောင်း ရှိပါကုန်သော်လည်း တိုအလုံးစုံကိုယူ၍ ဘဝတစ်ပါးသို့ မသွားထိုက် မသွားနိုင်၊ အလုံးစုံသော ဥစ္စာသည် စွန့်ပစ်ခြင်း သဘောရှိ၏။။

"မင်းကြီး၊ ဤလောက၌ သတ္တဝါသည် ကောင်းမှုကိုလည်း ကောင်း၊ မကောင်းမှုကိုလည်းကောင်း၊ ကိုယ်နှုတ်စိတ်တို့ဖြင့် ပြုလုပ်ပြောဆို ကြံစည်၏။။ ထိုကောင်းမှု မကောင်းမှု ကံနှစ်ပါး သည်သာလျှင် ထိုသူ၏ ကိုယ်ပိုင်ဥစ္စာဖြစ်၏။။ ထိုကောင်းမှု မကောင်းမှု ကံနှစ်ပါးကိုသာ ယူ၍ သွားရ၏။။ ဖဲ၍ မသွားသော အရိပ်ကဲ့သို့ ထိုကံနှစ်ပါးသည်သာလျှင် ထိုသူ၏ နောက်သို့ အစဉ် လိုက်၏။။

"မင်းကြီး၊ ထို့ကြောင့် တမလွန်ကာလ နောက်ဘဝ၌ ဖြစ် သော အစီးအပွားကို ဆည်းပူးသောအားဖြင့် ကောင်းမှုကို ပြုရာ၏။။ ကောင်းမှုတို့သည် တမလွန်ကာလ နောက်ဘဝ၌ သတ္တဝါတို့၏ တည်ရာမှီရာ ဖြစ်ကုန်၏။။

"မင်းကြီး၊ စည်းစိမ် ဥစ္စာတို့သည် ပညာရှိသောသူကို သတ်ကုန်၏။။ နိဗ္ဗာန်ခရီး ရှာမှီးသူသောသူကိုမသတ်ကုန်။။ မင်းကြီး၊ စည်းစိမ်ဥစ္စာတို့ကို မှီ၍ဖြစ်သော တဏှာဖြင့် ပညာမရှိသော သူသည် သူတစ်ပါးတို့ကဲ့သို့ မိမိကိုယ်ကို မိမိသတ်၏"

"မိစ္ဆာဖျင်းသုဉ်း၊ တရားမုန်းက၊ ပျက်ပြုန်းကြောင်းသာ၊
မချွတ်စွာတည့်၊ သမ္မာစင်စစ်၊ တရားချစ်မှု၊ ဆန်းသစ်လန္ဓယ်၊
ပွားစီးကယ်ရှင့်၊ ပေါယယ်များစွာ၊ သတ္တဝါကား၊ ချမ်းသာ

http://www.dhammadownload.com

ဆင်းရဲ၊ ဖြစ်မြဲအမျိုး၊ ပြစ်အကျိုးဖြင့်၊ ကောင်းဆိုးခေါ်မှု၊ ထိုနှစ်ခုကား၊ ကိုယ်ပြု ကိုယ်ကံ၊ မြောက်မြို့ခံ၏၊ ထုံးစံဖြစ်ရောင်း၊ အကြောင်း နှစ်သွယ်၊ လူဝယ်မချို့၊ မှန်လှတို့၏"

ကုသနှင့် ပဘာဝတီအလောင်း

အတိတ်ဘဝ တစ်ခုသောကာလ ဗာရာဏသီပြည် တံခါးအနီး ရွာ၌ ညီအစ်ကိုနှစ်ယောက်ရှိ၏။ ညီငယ်သည် အလောင်းတော်ဖြစ်၏။ သူသည် သားမယားမယူဘဲ အစ်ကိုကြီးနှင့်အတူနေ၏။ တစ်နေ့သ၌ သူ တောသို့သွားစဉ် အိမ်ဝယ် အလွန်အရသာရှိသော မုန့်တစ်မျိုးကို ကြော်စားကြကုန်၏။ သူ့အတွက်လည်း သီးသန့်မုန့်ကို ထား၏။ ထိုခဏ၌ ပစ္စေကဗုဒ္ဓအရှင်မြတ် ဆွမ်းခံကြွတော်မူသည်ကို သူ၏ မရီးကမြင်လျှင် "ငါ၏မတ် အတွက် နောက်ထပ်မုန့်ကို ကြော်ပေးအံ့" ဟု နှလုံးသွင်း၍ သူ့အတွက်မုန့်ကိုယူ၍ ပစ္စေကဗုဒ္ဓ အရှင်မြတ်အား ဆွမ်းလောင်းလှူလိုက်၏။ ဆွမ်းလောင်းပြီးလျှင် ပြီးချင်း သူသည် တောမှ ပြန်ရောက်လာလျှင် သူ၏မရီးက ပြောပြ၏။

"အမောင်၊ စိတ်ကိုကြည်ညိုသဒ္ဓါဖြစ်စေပါလော၊ အမောင်၏အတွက် ထားသောမုန့်ကို ပစ္စေကဗုဒ္ဓ အရှင်မြတ်အား ဆွမ်းလောင်းလှူလိုက်ပြီ"

"သင့်အတွက်ကို စား၍ အကျွန်ုပ်အကွက်ကိုတော့ ဆွမ်းလောင်းလှူဘိ၏။ တစ်ပါးသောမုန့်ကို ဘာလုပ်ဖို့နည်း"

http://www.dhammadownload.com

သပိတ်ထဲမှ ပြန်၍နှိုက်ယူ

သူသည် စိတ်ဆိုးပြီး ပြောပြောဆိုဆိုပင် ပစ္စေကဗုဒ္ဓ အရှင်မြတ်၏ သပိတ်ထဲမှ လောင်းလှူပြီးမုန့်ကို လိုက်၍နှိုက်ယူ၏။ သူ၏ မရီးသည် အသစ်စက်စက်ဖြစ်သော စကားပွင့် အဆင်းနှင့် တူသော ထောပတ်ကိုယူ၍ ပစ္စေကဗုဒ္ဓ အရှင်မြတ်၏ သပိတ်အပြည့်ပြန်လည်လောင်းလှူ၏။ ထောပတ်သည် အရောင်ထွက်နေသည်ကိုမြင်၍ "အရှင်ဘုရား၊ ဤထောပတ်အလှူ၏ အစွမ်းကြောင့် ဖြစ်တိုင်းဖြစ်တိုင်းသောဘဝ၌ အကျွန်ုပ်ကိုယ်မှ အရောင်ထွက်ပါစေသတည်း။ မြတ်သောအဆင်းကို ဆောင်သည်ဖြစ်ပါစေသတည်း။ အကျွန်ုပ်အား ဤသူယုတ်နှင့် အတူတကွ တစ်ခုသောအရပ်၌ မနေရပါစေသတည်း" ဟု နှုတ်မြွက်၍ ဆုတောင်း၏။

သူ့မရီး၏ ဆုတောင်းကိုကြားလျှင် သူသည် ပြန်နှိုက်ယူထားသောမုန့်ကို ထောပတ်အထက်၌တင်၍ လောင်းလှူပြီးလျှင် "အရှင်ဘုရား၊ ဤမုန့်လှူရသောကောင်းမှုကြောင့် ဤအကျွန်ုပ်၏ မရီးကို ယူဇနာတစ်ရာခြားသော အရပ်၌ နေသော်လည်း ဆောင်ယူ၍ အကျွန်ုပ်ခြေရင်း၌ အလုပ်အကျွေးပြုခြင်းငှာ စွမ်းနိုင်သည် ဖြစ်ရပါစေသတည်း" ဟု ဆုတောင်း၏။

သူတို့နှစ်ယောက်လုံး ကံကုန်၍ သေလွန်ပြီးနောက် တစ်ခုသော ဘဝဝယ် အလောင်းတော်သည် မလ္လတိုင်း ကုသဝတီပြည် ဩက္ကာကရာဇ်မင်း၏ သားတော် ကုသ ဖြစ်၏။ အမျက်ထွက်သဖြင့် လောင်းလှူပြီးမုန့်ကို ပြန်နှိုက်ယူသော မကောင်းမှုကြောင့်

http://www.dhammadownload.com

အရုပ်ဆိုး၏။ သူမ၏ မရိုးသည် မဒ္ဒရာဇ်တိုင်း သာဂလမြို့၌ မဒ္ဒရာဇ်မင်း၏သမီး ပဘာဝတီ ဖြစ်လာ၏။ ရှေးဆုတောင်း၏ အစွမ်းကြောင့် ပဘာဝတီသည် မင်းကုသကို မလိုချင်၊ သို့သော် မင်းကုသ၏ ဆုတောင်းကြောင့် မလိုချင်ဘဲ ယူရ၏။

ဤကား စေတနာကွက်ကြား ပျက်တတ်သူအတွက် ထူးခြားသောအကျိုးပေးချက်များဖြစ်၏။

မဠုပါဒီ၏ အကြောင်းကံ

အတိတ်ဘဝ တစ်ခုသော ကာလက ဗာရာဏသီပြည်ဝယ် မြေကိုနယ်၍ အိမ်နံရံလိမ်းကျံပြီး အသက်မွေးရသော သူဆင်းရဲ အမျိုးသမီးတစ်ယောက်ရှိ၏။ တစ်နေ့သ၌ ပစ္စေကဗုဒ္ဓ အရှင်မြတ်သည် မိမိလိုဏ်ဂူကို မြေလိမ်းကျံရန်အလိုရှိ၍ သပိတ် သင်္ကန်းပြင်ဆင်ဝတ်ရုံပြီး ထိုသူဆင်းရဲ အမျိုးသမီး၏ မနီးမဝေး၌ ရပ်တော်မူ၏။ သူမသည် ပစ္စေကဗုဒ္ဓ အရှင်မြတ်ကိုမြင်လျှင် စိတ်ဆိုးသဖြင့် ကြည့်လျက် ပြစ်မှားလိုသောစိတ်ဖြင့် "မြေမျှကိုလည်း အလှူခံဘိ၏" ဟုဆို၏။ ပစ္စေကဗုဒ္ဓအရှင်မြတ်သည် မတုန်မလှုပ် ရပ်တော်မူ၏။

သူမသည် ပစ္စေကဗုဒ္ဓအရှင်မြတ်၏ ကျွန်ုပ်တည်ကြည်ပုံကို မြင်၍ ကြည်ညိုသဒ္ဓါ တစ်ဖန်ဖြစ်ပြီးလျှင် "အရှင်မြတ်အား မြေမျှကိုလည်း မရသလော" ဟု နှလုံးသွင်း၍ မြေစိုင်ကြီး တစ်ခုကို ယူပြီး သပိတ်ထဲသို့ လောင်းလှူလိုက်၏။ ပစ္စေကဗုဒ္ဓ အရှင်မြတ်သည် ထိုမြေစိုင်ကြီးဖြင့် လိုဏ်ဂူကို လိမ်းကျံတော်မူ၏။

http://www.dhammadownload.com

သူမသည် ကံကုန်၍ သေလွန်သော် မြို့ပြင်ပ တံခါးရွာသူဆင်းရဲမျိုးဌာဖြစ်၏။ မြေစိုင်လှူဖူးသောကောင်းမှုကြောင့် သူမ၏ ကိုယ်သည် အတွေ့အထိနှင့်ပြည့်စုံ၏။ နတ်အတွေ့အထိကဲ့သို့ ဖြစ်၏။ အသားအရေနူးညံ့ညက်ညော၏။ စိတ်ဆိုးသဖြင့် ကြည့်သော အကုသိုလ်ကံကြောင့် လက်၊ ခြေ၊ ခံတွင်း၊ မျက်စိ၊ နှာခေါင်း ငါးမျိုးတို့သည် ယုတ်မာကုန်၏။ အဆင်းမလှ အရုပ်ဆိုး၏။ သို့နှင့် သူမကို "ပဋ္ဌ=လက်ခြေခံတွင်း၊ မျက်စိ၊ နှာခေါင်း ငါးမျိုး၊ ပါပိ=ယုတ်မာသူ၊ အဆင်းမလှ၊ အရုပ်ဆိုးသူ" ဖြစ်ရကား "ပဋ္ဌပါပိ" ဟူ၍ အမည်မှည့်လေ၏။ သူမ အရွယ်ရောက်သော် အတွေ့အထိကောင်းသောကြောင့် ဗာရာဏသီမင်းက မိဖုရားမြှောက်စား၏။

သုံးတန်စေတနာ ဖြူစင်ပါ

ဤသို့လျှင် လူဒါန်းသောအခါ စေတနာသုံးတန် ညီညွတ်လျှင် အကျိုးကြီး၏။ မညီညွတ်လျှင် အကျိုးယုတ်၏။ သဒ္ဒါဟုန် မလှုပ်ဘဲ လူဒါန်းနိုင်ဖို့ အရေးကြီး၏။ စေတနာသုံးတန် ဘယ်စေတနာညံ့လျှင် ဘယ်လိုအကျိုးယုတ်သည်ကို မန်လည်ဆရာတော် ဘုရားကြီးက ဤသို့ စပ်ဆိုတော်မူခဲ့သည်။

"လူတွေ ရှေးဖို့၊ ဥဏ်မဲ့ချို့၏။ တွန့်တိုတုံ့က၊ ပထမရွယ်၊ နောင်ခါဝယ်၌၊ နွမ်းနယ်ချမ်းသာ၊ ဆိုးရုပ်ဝါနှင့်၊ မဟာကုသ၊ ပဋ္ဌပါပိ၊ မဟေသီသို့၊ ယက္ခီ–ယက္ခ၊ တူတမျှဖြင့်၊ ရူပလက္ခဏာ၊ ပျက်တတ်စွာ၏။ မူဆွအခါ၊ တွန့်တို

http://www.dhammadownload.com

ပါသော်၊ အင်္ဂါချို့တဲ့၊ ဂုဏ်မဲ့မျိုးနွယ်၊ မတင့်တယ်ဘဲ၊ ငယ်ဇာ်တန်ခိုး၊ မပြည့်ဖြိုးသည်၊ နွမ်းညှိုးယော်ရမည်ကိုကား။ နောက်မှာတွန့်ငြား၊ သားသမီးမဲ့၊ ချို့တဲ့ယွင်းယို၊ ထန်းငုတ်တိုသို့၊ အိုခါဒုက္ခ၊ ရသည်ဆင်းရဲ၊ တိမ်းလွဲစည်းစိမ်၊ ဂုဏ်သိရ်နိမ့်ကျ၊ ဖြစ်တတ်လှ၏"

သံယိကဒါန ခုနစ်ပါး

(၁) မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်အခါ ဘုရားအမှူးရှိသော ဘိက္ခုသံဃာ ဘိက္ခုနီသံဃာတို့အား လှူဒါန်းခြင်း၊

(၂) ဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသည့်နောက် ဘိက္ခု သံဃာ ဘိက္ခုနီသံဃာ အစုံတို့အား လှူဒါန်းခြင်း၊

(၃) ဘိက္ခုသံဃာ သက်သက်အားသော လှူဒါန်းခြင်း၊

(၄) ဘိက္ခုနီသံဃာ သက်သက်အားသာ လှူဒါန်းခြင်း၊

(၅) နှစ်ဖက်သော သံဃာလုံးစုံတို့အား မလှူဒါန်းနိုင် သည့်အတွက် မိမိတတ်နိုင်သလောက် "ဘိက္ခုနှင့် ဘိက္ခုနီ သံဃာနှစ်တက်မှ သံဃာဦးရေ မည်၍မည်မျှ ညွှန်ကြားတော်မူပါ" ဟု လျှောက်ထား၍ သံဃာက ညွှန်ကြားလိုက်သော ပုဂ္ဂိုလ်စုအား သံဃာကို စိတ်အာရုံထား၍ လှူဒါန်းခြင်း၊

(၆) ဘိက္ခုသံဃာ တစ်ဖက်၌သာ မိမိတတ်နိုင်သမျှ "ဤရွေ့ဤမျှ ညွှန်ကြားတော်မူပါ" ဟုလျှောက်ထား၍ သံဃာက ညွှန်ကြား လိုက်သော ပုဂ္ဂိုလ်စုအား သံဃာကို စိတ်အာရုံထား၍ လှူဒါန်းခြင်း။

http://www.dhammadownload.com

(၇) ဘိက္ခုနိသံဃာ တစ်ဘက်၌သာ မိမိတတ်နိုင်သမျှ "ဤရွှေဤမျှ ညွှန်ကြားတော်မူပါ"ဟု လျှောက်ထား၍ သံဃာက ညွှန်ကြားလိုက်သော ပုဂ္ဂိုလ်စုအား သံဃာကို စိတ်အာရုံထား၍ လူဒါန်းခြင်း။

သံဃိကဒါန အကျိုးကြီးပုံ

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် နာလကရွာတွင် ရှင်သာရိပုတ္တရာ၏ ညီ အငယ်ဆုံး ရှင်ရေဝတ၏ ဆွမ်းအလုပ်အကျွေး ဒကာသူဌေး တစ်ယောက်တွင် ဘဒ္ဒါနှင့် သုဘဒ္ဒါဟူ၍ ညီအစ်မနှစ်ယောက် ရှိ၏။ ဘဒ္ဒါသည် သဒ္ဒါတရားနှင့်ပြည့်စုံ၏။ အသိဉာဏ်ပညာရှိ၏။ အိမ်ထောင်ကျသော် သားသမီးမရခဲ့။ သို့ဖြင့် သူမသည် ယောကျ်ားကို ပြောဆို၏။

"အရှင်၊ အကျွန်ုပ်၏ညီမ သုဘဒ္ဒါကိုယူပါ၊ အကယ်၍ သူမ သားယောကျ်ားမွေးလျှင် အကျွန်ုပ်သားပဲပေါ့၊ ဤအမျိုးအနွယ် လည်း မပျက်စီးနိုင်ပါ"

သူမ၏ ယောကျ်ားသည် သူမပြောတိုင်း ပြု၏။

တစ်နေ့တွင် ဘဒ္ဒါသည် ညီမ သုဘဒ္ဒါကို ဆုံးမ၏။

"ညီမ သုဘဒ္ဒါ၊ လူဒါန်းမှု၌ မွေ့လျော်လျက် မမေ့မလျော့ တရားကျင့်လော့။ ဤသို့ပြုသော် မျက်မှောက်တမလွန် နှစ်တန် သော ချမ်းသာလက်တွင်းသို့ ရောက်လိမ့်မည်"

သုဘဒ္ဒါသည် အစ်မကြီး ဘဒ္ဒါ၏ အဆုံးအမ၌ တည်၍ တစ်နေ့သ၌ ရှင်ရေဝတနှင့်တကွ သံဃာရှစ်ပါးအား ဆွမ်းစား

http://www.dhammadownload.com

ပင့်၏။ ရှင်ရေတဝသည် သုဘဒ္ဒါ၏ ကောင်းမှု တိုးပွားရေးကို မျှော်ငဲ့၍ သံဃာက ညွှန်ကြားသော ရဟန်းခုနစ်ပါးကိုပင့်၍ ကြွသွားလေ၏။ သုဘဒ္ဒါသည် ကြည်လင်ရွှင်လန်းသော သဒ္ဓါစိတ်ထားဖြင့် ရှင်ရေဝတနှင့်တကွ သံဃာရှစ်ပါးတို့ကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ဖြင့် မိမိကိုယ်တိုင် လက်ရောက်ကြည်ဖြူကပ်လှူလေ၏။ ဆွမ်းကိစ္စပြီးသော် ရှင်ရေဝတသည် အနုမောဒနာတရား ဟောကြား၍ ဖဲကြွသွား၏။

သုဘဒ္ဒါသည် ကံကုန်၍ သေလွန်သော် နိမ္မာနရတိနတ်ဘုံတွင် ဖြစ်၏။ အစ်မကြီး ဘဒ္ဒါမူကား ပုဂ္ဂလိကဒါနသာပြု၍ သိကြားမင်း၏ မိဖုရားဖြစ်၏။ တစ်နေ့သ၌ သုဘဒ္ဒါသည် မိမိ၏ စည်းစိမ်ကိုကြည့်၍ "အဘယ့်ကြောင့် ဤစည်းစိမ်ကိုရသနည်း" ဟု ဆင်ခြင်သော် မိမိလှူဒါန်းခဲ့သော သံဃိကအလှူဒါနကိုမြင်၍ "ငါ၏ အစ်မကြီး ဘဒ္ဒါသည် ယခု ဘယ်မှာဖြစ်သနည်း" ဟု ကြည့်သော် သိကြားမင်း၏ မိဖုရားဖြစ်သည်ကိုသိလျှင် သူမအား သနားခြီးမြှောက်လို၍ ဘဒ္ဒါ၏ ဗိမာန်သို့လာ၍ "ဘဒ္ဒါ" ဟု ခေါ်၏။

"များသောအခြံအရံရှိသော သင်သည် အဆင်းအားဖြင့်လည်းကောင်း၊ အခြံအရံအားဖြင့်လည်းကောင်း၊ ထွန်းလင်းတောက်ပလျက် ဘာဝတိဿနတ်အားလုံးတို့ကို အရောင်အဆင်းဖြင့် လွန်၍တင့်တယ်ဘိ၏။ အကျွန်ုပ်သည် သင့်ကိုမမြင်ဖူးပါ။ ယခု မြင်ရခြင်းသည် ရှေးဦးပထမ မြင်ရခြင်းဖြစ်ပါသည်။ သင်သည် အဘယ်နတ်ပြည်မှလာ၍ အကျွန်ုပ်ကို ဘဒ္ဒါဟု ခေါ်ဘိသနည်း"

http://www.dhammadownload.com

"အရှင်မ ဘဒ္ဒါ၊ အကျွန်ုပ်သည် ရှေးလူ့ဘဝက သုဘဒ္ဒါ အမည်ဖြင့် ဖြစ်ခဲ့ပါ၏။ သင်နှင့်လင်တူမယားလည်း ဖြစ်ခဲ့ပါ၏။ သင်၏ညီမလည်း ဖြစ်ခဲ့ပါ၏။ အကျွန်ုပ်သည် သေလွန်သော် နိမ္မာနရတိနတ်ပြည်၌ ဖြစ်ရပါ၏"

"သုဘဒ္ဒါ၊ သင်သည် မိမိ၏ဖြစ်ရာဘုံကို နိမ္မာနရတိနတ်ပြည်ဟု ပြောကြားဘိ၏။ နိမ္မာနရတိနတ်ပြည်သို့ ကုသိုလ်များစွာ ပြုသော သူတို့သည်သာ ရောက်နိုင်ကုန်၏။ သင့်ကို ငါမေး၏။ သင်သည် အဘယ်အလှူဒါနဖြင့်လည်းကောင်း၊ အဘယ်သီလဖြင့်လည်းကောင်း ဤအခြံအရံ အကျော်အစောကို ရပါသနည်း"

"ရှေးဘဝက မြတ်သောအလှူကို ခံထိုက်သော သံဃာတော်အား ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ ရှစ်ပါးစာသောဆွမ်းတို့ကို ကိုယ်ထိလက်ရောက် ပေးလှူခဲ့ပါ၏။ ထိုကုသိုလ်ထူးကြောင့် ဤအခြံအရံ အကျော်အစောကို ရပါ၏"

"ငါသည် သင့်ထက်များစွာ ပေးလှူခဲ့ပါလျက် ယုတ်နိမ့်သော တာဝတိံသာ နတ်ဘုံ၌ဖြစ်လာရ၏။ သင်သည်ကား အနည်းငယ်မျှသာ ပေးလှူခဲ့ပါလျက် အဘယ့်ကြောင့် နိမ္မာနရတိနတ်ဘုံ၌ ဖြစ်လျက် ပြန့်ပြောများမြတ်သော အကျိုးထူးကို ရဘိသနည်း"

"ရှေးဘဝက နှလုံးကို ပွားစေတတ်သော ရှင်ရေဝတသည် အကျွန်ုပ်မြင်ဖူးသော ရဟန်းဖြစ်ပါ၏။ အကျွန်ုပ်၏ အကျိုးကို လိုလားသော ထိုရှင်ရေဝတ၏ "သံဃာတော်အား လှူလော့" ဟူသော အဆုံးအမကို လိုက်နာ၍ သံဃာရှစ်ပါးအား သံဃိက ဆွမ်းလှူခဲ့ပါ၏။ သံဃာသို့ရောက်သော် ဤအလှူသည် ဤသို့

http://www.dhammadownload.com

မနှိုင်းယှဉ်အပ်သော အကျိုး၌တည်၏။ သင်သည် အကျွန်ုပ်ထက် များစွာ ပေးလှူသော်လည်း ပုဂ္ဂိုလ်တို့အား ပုဂ္ဂလိကပေးလှူခဲ့ပါ၏။ သင်၏ ထိုပုဂ္ဂလိကအလှူသည် သံဃိကအလှူလောက် အကျိုး မကြီး"

"သံဃာတော်အား ပေးလှူသော သံဃိကအလှူသည် အကျိုး ကြီး၏ဟု ယခုမှသာလျှင် အကျွန်ုပ်သိရပါသည်။ ထိုအကျွန်ုပ် သည် လူ့အဖြစ်သို့ တစ်ဖန် ပြန်ရောက်သည်ရှိသော် အလှူခံ ပုဂ္ဂိုလ်တို့၏ အခြင်းအရာကို သိ၍ ဝန်တိုမှုကင်းလျက် မမေ့ မလျော့ဘဲ သံဃာအား သံဃိကအဖြစ် လှူဖွယ်ဝတ္ထုတို့ကို အခါခါ ပေးလှူပါတော့အံ့"

သံဃိကဒါနဆိုသည်မှာ ပုဂ္ဂိုလ်တစ်ပါး၊ နှစ်ပါး စသည့် ရည်ရွယ်၍ လှူဒါန်းခြင်းမျိုးမဟုတ်၊ သံဃာအပေါင်းကို လှူဒါန်း ခြင်းဖြစ်ရာ ထိုသံဃာအပေါင်းဟူသည်မှာ သာမန်ဖြစ်၍ အရိယာ သံဃာလည်း ပါဝင်၍ သမုတိသံဃာလည်း ပါဝင်သောကြောင့် အရိယာတစ်ပါးပါးအား လှူရသော ပုဂ္ဂလိကဒါနထက် ထိုသံဃာ အား လှူရသော သံဃိကဒါနက ပို၍ အကျိုးကြီးမြတ်၏။ ပုဂ္ဂလိက ဒါနဖြစ်စေကာ ဘုရားအား လှူရခြင်းမှာမူ ထိုသံဃိကဒါနထက် ပို၍ အကျိုးကြီး၏ဟု အထူးတစ်ရပ်မှတ်ပါ။

"သံဃာတော်ကို ရည်မှတ်၍ သံဃိကအလှူဒါန ပေးလှူကုန် သော သူတို့၏ ပေးလှူခြင်းသည် ကောင်းသောပေးလှူပူဇော်ခြင်း ပင်ဖြစ်၏။ သံဃာ၌ တည်သော ထိုအလှူကို အကျိုးကြီးမြတ် ၏ဟု ဘုရားရှင်တို့ ချီးမွမ်းတော်မူအပ်ကုန်၏"

http://www.dhammadownload.com

ဒါန၏မျက်မှောက်အကျိုးခုနစ်ပါး

ဘုရားရှင် ဝေသာလီပြည် မဟာဝုန်တော စုလစ်မွန်းချိန် အထွတ်တပ်သောကျောင်း၌ သီတင်းသုံးတော်မူစဉ် သီဟ စစ်သူကြီးသည် ဘုရားရှင်ထံလာရောက်၍ ရှိခိုးလျှောက်ထား၏။

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် ကိုယ်တိုင်သိမြင်ရသော အလှူဒါန၏ အကျိုးကို ပညတ်ရန် တတ်နိုင်ပါသလော"

"သီဟစစ်သူကြီး၊ သို့ဖြစ်လျှင် ဤအရာ၌ သင့်ကိုလျှင် ပြန်၍ မေးဦးမည်၊ သင် နှစ်သက်သလို ထိုအမေးကို ဖြေကြားနိုင်၏။ ဤလောက၌ ယောကျ်ားနှစ်ယောက်တို့ ရှိကုန်၏။ တစ်ယောက်သော ယောကျ်ားသည် သဒ္ဓါတရားမရှိ၊ ဝန်တိုမှု ရှိ၏။ အလွန်စေးနဲ၏၊ အလှူခံပုဂ္ဂိုလ်တို့အား ဆဲရေးတတ်၏။ တစ်ယောက်သော ယောကျ်ားသည် သဒ္ဓါတရားရှိ၏။ ပေးလှူလေ့ရှိ၏။ ပေးလှူမှုနှင့် မွေ့လျော်၏။

"သီဟစစ်သူကြီး၊ ထိုအရာကို သင်မည်သို့မှတ်ထင်သနည်း။

(၁) ထိုသူနှစ်ဦးတွင် အဘယ်သူကို ရဟန္တာပုဂ္ဂိုလ်တို့သည် ပထမဦးစွာ သနားစောင့်ရှောက်မည်နည်း"

"အရှင်ဘုရား၊ သဒ္ဓါတရားရှိ၍ ပေးလှူလေ့ရှိသော ပေးလှူမှု၌ မွေ့လျော်သောသူကို ပထမဦးစွာ သနားစောင့်ရှောက်ပါမည်"

(၂) "အဘယ်သူ့ကို ရဟန္တာပုဂ္ဂိုလ်တို့သည် ပထမဦးစွာ ချဉ်းကပ်မည်နည်း"

http://www.dhammadownload.com

"အရှင်ဘုရား၊ သင်္ခါတရားရှိ၍ ပေးလှူလေ့ရှိသော ပေးလှူမှုဌ် မွေ့လျော်သောသူကို ပထမဦးစွာ ချဉ်းကပ်ပါမည်"

(၃) "အဘယ်သူ့ကို ရဟန္တာဟုဂ္ဂါလ်တို့သည် ပထမဦးစွာ အလှူခံမည်နည်း"

"အရှင်ဘုရား၊ သင်္ခါတရားရှိ၍ ပေးလှူလေ့ရှိသော ပေးလှူမှုဌ် မွေ့လျော်သောသူကို ပထမဦးစွာ အလှူခံပါမည်"

(၄) "အဘယ်သူ့ကို ရဟန္တာဟုဂ္ဂါလ်တို့သည် ပထမဦးစွာ တရားဟောမည်နည်း"

"အရှင်ဘုရား၊ သင်္ခါတရားရှိ၍ ပေးလှူလေ့ရှိသော ပေးလှူမှုဌ် မွေ့လျော်သောသူကို ပထမဦးစွာ တရားဟောပါမည်"

(၅) အဘယ်သူ၏ ကောင်းသော ကျော်စောသတင်းသည် မဆုံဘဝဂ် ပျံ့နှံ့တက်မည်နည်း"

"အရှင်ဘုရား၊ သင်္ခါတရားရှိ၍ ပေးလှူလေ့ရှိသော ပေးလှူမှုဌ် မွေ့လျော်သောသူ၏ ကောင်းသော ကျော်စောသတင်းသည် မဆုံဘဝဂ် ပျံ့နှံ့တက်ပါမည်"

(၆) "အဘယ်သူသည် ရဟန်း၊ မင်း၊ ပုဏ္ဏား၊ သူဌေးသူကြွယ် ပရိသတ်ထဲသို့ ကြောက်ရွံ့ခြင်း ကင်း ရဲတင်းရွှင်ပြသော မျက်နှာဖြင့် ဝင်နိုင်မည်နည်း"

"အရှင်ဘုရား၊ သင်္ခါတရားရှိ၍ ပေးလှူလေ့ရှိသော ပေးလှူမှုဌ် မွေ့လျော်သောသူသည် ရဟန်း၊ မင်း၊ ပုဏ္ဏား၊ သူဌေးသူကြွယ် ပရိသတ်ထဲသို့ ကြောက်ရွံ့ခြင်းကင်း ရဲတင်းရွှင်ပြသော မျက်နှာဖြင့် ဝင်နိုင်ပါသည်"

http://www.dhammadownload.com

(၇) "အဘယ်သူသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းမြတ်သော ရူပါရုံ စသည်တို့၏ တည်ရာဖြစ်သော နတ်ပြည်လောကသို့ ရောက်မည်နည်း"

"အရှင်ဘုရား၊ သဒ္ဓါတရားရှိ၍ ပေးလှူလေ့ရှိသော ပေးလှူမှု၌ မွေ့လျော်သောသူသည် နတ်ပြည်လောကသို့ ရောက်ပါမည်။ အရှင်ဘုရား၊ အကျွန်ုပ်သည် သဒ္ဓါတရားရှိ၍ ပေးလှူလေ့ရှိသော ပေးလှူမှု၌ မွေ့လျော်သောသူပါတည်း၊ အကျွန်ုပ်သည် ရှေးအကျိုးခြောက်မျိုးကို လက်တွေ့ရရှိခံစားနေရပါ၏။ ယင်းအကျိုးတို့ကို သိခြင်းငှာ ဘုရားရှင်အား ဆည်းကပ်သည်မဟုတ်ပါ၊ နောက်ဆုံးအကျိုးကိုမူ အကျွန်ုပ်မသိပါ၊ ယင်းအကျိုးအတွက်သာ ဘုရားရှင်အား ဆည်းကပ်ခြင်းဖြစ်ပါ၏"

"သီဟစစ်သူကြီး၊ ဤအကျိုးသည် ဤအတိုင်းမှန်၏၊ သဒ္ဓါတရားရှိ၍ ပေးလှူလေ့ရှိသော ပေးလှူမှု၌ မွေ့လျော်သောသူသည် ကောင်းသော ရူပါရုံ စသည်တို့၏ တည်ရာဖြစ်သော နတ်ပြည်လောကသို့ ရောက်ရ၏"

ရေကုသိုလ်အကျိုး

ဝိပဿီဘုရားရှင် လက်ထက်တော်အခါက ဗန္ဓုမတီပြည်တွင်မင်း ပုဏ္ဏား သူဌေးသူကြွယ်တို့သည် သူ့အလှူထက် ငါ့အလှူသာအောင် ထူးအောင် ကောင်းအောင် တုပအားကျ၍ အလှူဒါနကို ပြုကြလေကုန်၏။ ရေရောင်းစားရသော ရေထမ်းသမား

http://www.dhammadownload.com

ဆင်းရဲသား တစ်ယောက်သည် ထိုသူတို့ အတုအပကို အားကျ၍ အလှူဒါန ပြုကြသည်ကိုမြင်လျှင် စဉ်းစား၏။ "သြ–သူတို့ကား ဥစ္စာဓန ပြည့်စုံ၍ အလှူဒါနပြုကြရကုန်၏။ ငါ့မှာကား လှူစရာဥစ္စာ မရှိပါတကား၊ လှူစရာမရှိ၍ အမှတ်မဲ့နေချေသော် နောင်ဘဝ၌ သည်ထက်မက ဆင်းရဲတော့မည်"

သူသည် သို့ကြံစည်ပြီးလျှင် သူ၏အဖော် ဆိုင်းနှင့်ရေအိုး ထမ်းပိုးတို့ကိုယူပြီး မြစ်မှရေခပ်ကာ ကျောင်းတိုင်း ကျောင်းတိုင်း သောက်ရေအိုး၊ သုံးဆောင်ရေအိုး၊ ခြေဆေးအိုး၊ သန့်သက် ရေအိုးတို့ကို ရေပြည့်အောင်ခပ်၍ လှူဒါန်း၏။ သူသည် ကံကုန် သော် ထိုကောင်းမှုကြောင့် နတ်ပြည်၌ ဖြစ်ရ၏။ နတ်ပြည်မှသည် လူ့ပြည်ဟူ၍ လူနတ် ခန္ဓာပြောင်းလဲကာ ကျင်လည်ရ၏။ သူဖြစ်ရာ ဘဝ၌ တောင်ထိပ်၌လည်းကောင်း၊ သစ်ပင်ဖျား၊ ကောင်းကင်၊ မြေကြီး၌လည်းကောင်း ရေကို အလိုရှိအံ့၊ အလိုရှိသော ခဏ၌ လျင်စွာရ၏။ ပူပန်မှုကင်း၏။ နူနာစွဲကပ်ခြင်းမရှိ။ သူ မိုးရွာစေ လိုသော် ရွာ၏။ သူ၏ကိုယ်၌ မြူအညစ်အကြေး မလိမ်းကျံ၊ စင်ကြယ်၏။ ကျော်စောသတင်းထွက်၏။ လျင်မြန်၏။ မွတ်သိပ်ခြင်း မဖြစ်၊ အသက်ရှည်၏၊ အဆင်းလှ၏၊ ချမ်းသာကြီး၏။ ခွန်အား ကြီး၏။ ဉာဏ်ပညာကြီး၏။

သူသည် ကိုးဆယ့်တစ်ကမ္ဘာ အပါယ်မလားရဘဲ ဂေါတမ ဘုရားရှင်လက်ထက်ရောက်လျှင် လူဖြစ်လာ၍ ဘုရားရှင်၏ တရား တော်ကို ကြားနာရသော် သဒ္ဓါတရားဖြစ်၍ ရဟန်းပြု၏။ ရဟန်း ပြု၍ မကြာမြင့်မီပင် ရဟန္တာဖြစ်၏။

http://www.dhammadownload.com

ရှင်သာရိပုတ္တရာမေးခြင်း ဘုရားရှင်ဖြေသော ဒါနခုနစ်ပါး

အခါတစ်ပါး ဘုရားရှင်သည် စမ္မာမြို့ ဂဂ္ဂရာရေကန်တော်အနီး၌ သီတင်းသုံးတော်မူစဉ် စမ္မာမြို့သား ဒကာအများတို့သည် ရှင်သာရိပုတ္တထံမှောက်သို့ လာရောက်၍ ရှိခိုးလျှောက်ထားတော်။

"အရှင်ဘုရား သာရိပုတ္တာ၊ အကျွန်ုပ်တို့သည် ဘုရားရှင်တော်၏ တရားတော်ကို မနာရသည်မှာ ကြာမြင့်လှပါပြီ၊ တောင်းပန်ပါတော်၏ အရှင်ဘုရား၊ အကျွန်ုပ်တို့သည် ဘုရားရှင်တော်၏ တရားတော်ကို နာကြားလိုပါတော်"

"ဒကာတို့၊ ထိုသို့ နာကြားလိုလျှင် ဥပုသ်နေ့၌ လာကြကုန်လော၊ ဘုရားရှင်ထံမှ တရားတော်ကို နာကြားကောင်း နာကြားရပါလိမ့်မည်"

"ကောင်းပါပြီ အရှင်ဘုရား"

စမ္မာမြို့သား ဒကာများတို့သည် ဥပုသ်နေ့သို့ရောက်သော အခါ ရှင်သာရိပုတ္တထံမှောက်သို့ သွားရောက်၍ ရှိခိုးလျက် ထိုင်နေကြလျှင် ရှင်သာရိပုတ္တသည် သူတို့အား ခေါ်ပြီး ဘုရားရှင်ထံမှောက် သွားရောက်၍ ရှိခိုးလျှောက်ထားတော်။

"မြတ်စွာဘုရား၊ တစ်ရံတစ်ခါ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ထိုသို့သဘောရှိသည်သာလျှင်ဖြစ်သော ပေးလှူအပ်သောအလှူဒါနသည် အကျိုးအာနိသင် ကြီးမားမှု မဖြစ်နိုင်ပါသလော"

"သာရိပုတ္တာ၊ မဖြစ်နိုင်"

http://www.dhammadownload.com

"မြတ်စွာဘုရား၊ ထိုသို့ အကျိုးအာနိသင် ကြီးမားမှုမဖြစ်နိုင်ခြင်း၏ အကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း"

(၁) "သာရိပုတ္တ၊ ဤလောက၌ အချို့သောသူသည် ငဲ့ကွက်မှုရှိသည်ဖြစ်၍ နောင်ဖွဲ့အပ်သောစိတ်ရှိသည်ဖြစ်၍ သိမ်းခြင်းကို ငဲ့ကွက်လျက် **ဤအလှူ၏အကျိုးကို တမလွန်ဘဝသို့ ရောက်လျှင် သုံးဆောင်ခံစားရလိမ့်မည်** ဟု နှလုံးသွင်း၍ ပေးလှူသည်မဟုတ်လော"

"မြတ်စွာဘုရား၊ ပေးလှူသည် မှန်ပါ၏"

"သာရိပုတ္တ၊ ထိုသူသည်သေသည်မှနောက်၌ စတုမဟာရာဇ နတ်ဘုံသို့ ရောက်၍ ထိုကုသိုလ်ကံတန်ခိုး အခြံအရံနှင့် ပြည့်စုံမှု အစိုးရမှုကို ကုန်စေ၍ လူ့ဘုံသို့ရောက်လျက် အောက်ဘုံသို့ ဆင်းရ၏"

(၂) "သာရိပုတ္တ၊ ဤလောက၌ အချို့သောသူသည် **"အလှူပေးခြင်းသည် ကောင်းမှန်လတ္တံ့"** ဟု နှလုံးသွင်း၍ ပေးလှူသည် မဟုတ်လော"

"မြတ်စွာဘုရား၊ ပေးလှူသည် မှန်ပါ၏"

"သာရိပုတ္တ၊ ထိုသူသည် သေသည်မှနောက်၌ တာဝတိံသာနတ်ဘုံသို့ရောက်၍ ထိုကုသိုလ်ကံ တန်ခိုးအခြံအရံနှင့် ပြည့်စုံမှု အစိုးရမှုကို ကုန်စေ၍ လူ့ဘုံသို့ရောက်လျက် အောက်ဘုံသို့ ဆင်းရ၏"

(၃) "သာရိပုတ္တ၊ ဤလောကဌ အချို့သောသူသည် **"ငါ၏မိဘ ဘိုးဘွားတို့သည် အလှူကို ပေးလှူဖူး၏၊ ပြုဖူး၏၊**

http://www.dhammadownload.com

ရွေးဖြစ်သော မိဘ ဘိုးဘွားတို့၏ အဆက်အနွယ်ကို ယုတ်စေခြင်းငှာ မထိုက်" ဟု နှလုံးသွင်း၍ ပေးလှူသည်မဟုတ်လော"

"မြတ်စွာဘုရား၊ ပေးလှူသည် မှန်ပါ၏"

"သာရိပုတ္တာ၊ ထိုသူသည် သေသည်မှနောက်၌ ယာမာနတ်ဘုံသို့ရောက်၍ ထိုကုသိုလ်က် တန်ခိုးအခြံအရံနှင့် ပြည့်စုံမှုအစိုးရမှုကို ကုန်စေ၍ လူ့ဘုံသို့ရောက်လျက် အောက်ဘုံသို့ ဆင်းရ၏"

(၄) "သာရိပုတ္တာ၊ ဤလောက၌ အချို့သောသူသည် 'ငါသည် ချက်ပြုတ်၏။ ဤရဟန်းပုဏ္ဏားတို့သည်ကား မချက်ပြုတ်ကုန်၊ ချက်ပြုတ်သူသည် မချက်ပြုတ်သောသူတို့ကို မပေးလှူဘဲနေရန် မသင့်' ဟု နှလုံးသွင်း၍ ထိုကုသိုလ်က် တန်ခိုးအခြံအရံနှင့် ပြည့်စုံမှု အစိုးရမှုကို ကုန်စေ၍ လူ့ဘုံသို့ ရောက်လျက် အောက်ဘုံသို့ ဆင်းရ၏"

(၅) သာရိပုတ္တာ၊ ဤလောက၌ အချို့သောသူသည် **"ရွေးကဖြစ်ကုန်သော အဋ္ဌက စသော ရသေ့တို့၏ ကြီးမားလှသော ထိုယဇ်ပူဇော်မှုတို့သည် ဖြစ်ကုန်သကဲ့သို့ ငါ၏ ဤလှူဒါန်းခွဲဝေမှုသည် ဖြစ်လိမ့်မည်"** ဟု နှလုံးသွင်း၍ ပေးလှူသည်မဟုတ်လော"

"မြတ်စွာဘုရား၊ ပေးလှူသည် မှန်ပါ၏"

"သာရိပုတ္တာ၊ ထိုသူသည် သေသည်မှနောက်၌ နိမ္မာနရတိနတ်ဘုံသို့ရောက်၍ ထိုကုသိုလ်က် တန်ခိုးအခြံအရံနှင့် ပြည့်စုံမှုအစိုးရမှုကို ကုန်စေ၍ လူ့ဘုံသို့ ရောက်လျက် အောက်ဘုံသို့ ဆင်းရ၏"

http://www.dhammadownload.com

(၆) "သာရိပုတ္တာ၊ ဤလောကဌ် အချို့သောသူသည် **'ဤအလှူကို ပေးလှူသော ငါ၏စိတ်သည် ကြည်လင်၏၊ နှစ်သက်ဝမ်းမြောက်မှုဖြစ်၏'** ဟု နှလုံးသွင်း၍ ပေးလှူသည်မဟုတ်လော"

"မြတ်စွာဘုရား၊ ပေးလှူသည်မှန်ပါ၏"

"သာရိပုတ္တာ၊ ထိုသူသည် သေသည်မှနောက်၌ ပရနိမ္မိတဝသဝတ္တီ နတ်ဘုံသို့ ရောက်၍ ထိုကုသိုလ်ကံ တန်ခိုး အခြံအရံနှင့် ပြည့်စုံမှု အစိုးရမှုကို ကုန်စေ၍ လူ့ဘုံသို့ရောက်လျက် အောက်ဘုံသို့ ဆင်းရ၏"

(၇) "သာရိပုတ္တာ၊ ဤလောကဌ် အချို့သောသူသည် **သမထ–ဝိပဿနာ အားထုတ်ရာမှာ စိတ် ကောင်းစွာ မတည်ကြည်နိုင်ခဲ့သည်ရှိသော် ထိုစိတ်တည်ကြည်စေရန် သမထ ဝိပဿနာစိတ်၏ အဆင်တန်ဆာ အသုံးအဆောင်ဖြစ်ဖို့ရာ နှလုံးသွင်း၍ ပေးလှူသည်** မဟုတ်လော"

"မြတ်စွာဘုရား၊ ပေးလှူသည် မှန်ပါ၏"

"သာရိပုတ္တာ၊ ထိုသူသည် သေသည်မှနောက်၌ ဗြဟ္မာ့ဘုံသို့ ရောက်၍ ထိုကုသိုလ်ကံ တန်ခိုးအခြံအရံနှင့် ပြည့်စုံမှု အစိုးရမှုကို ကုန်စေ၍ ဤကာမဘုံသို့ မလာရောက်သောကြောင့် စျာန်ရ အနာဂါမ်ပုဂ္ဂိုလ်ဖြစ်၏"

"သာရိပုတ္တာ၊ ဤအကြောင်း အထောက်အပံ့ကြောင့် ဤလောကဌ် တစ်ရံတစ်ခါ အချို့သော ပုဂ္ဂိုလ်၏ ထိုသို့သဘော ရှိသည်သာလျှင်ဖြစ်သော ပေးလှူအပ်သောအလှူသည် အကျိုးအာနိသင် မကြီးမားဘဲ ဤအကြောင်း အထောက်အပံ့ကြောင့်ပင် ဤလောကဌ် တစ်ခါတစ်ရံ အချို့သောပုဂ္ဂိုလ်၏ ထိုသို့

http://www.dhammadownload.com

သဘောရှိသည်သာလျှင်ဖြစ်သော ပေးလှူအပ်သောအလှူသည် အကျိုးအာနိသင် ကြီးမားမှုဖြစ်၏"

မှတ်ချက်။ ။ နောက်ဆုံး အမှတ်ခုနစ်တွင် ဒါနသက်သက်ဖြင့် ပြဟ္မာ့ အဖြစ်ကို ရနိုင်သကဲ့သို့ ဟောထားသော်လည်း စင်စစ်မှာ ဒါန သက်သက်ဖြင့်ကား ပြဟ္မာအဖြစ် မရနိုင်။ ဒါနဖြင့် တန်ဆာဆင် အပ်သောနှုးညံ့သောစိတ်ဖြင့် စျာန်ကိုလည်းကောင်း၊ အရိယမဂ်ကိုလည်းကောင်းဖြစ်စေ၍ စျာန်ကြောင့် ပြဟ္မာ့ဘုံ၌ဖြစ်၏။ စျာန်ရ အနာဂါမ်ဖြစ်၍ အထက်ထက်ဘုံသို့ ရောက်၍သော်လည်း ကောင်း၊ ထိုဘုံတွင် ပြန်ဖြစ်၍သော်လည်းကောင်း ပရိနိဗ္ဗာန် ပြုရ၏။

စာရှုသူ၊ အထူးသတိပြု ကြည့်ရှု၍စဉ်းစားပါ။ ယခု ရှင်သာရိပုတ္တရာမေး၍ ဘုရားရှင်ဖြေသော ဒါနခုနစ်ပါးတွင် "အနိစ္စ ဒုက္ခ အနတ္တတင်လှူမှ အကျိုးကြီးမည်ဟုပါရှိသလော၊ အသိဉာဏ် ရှေ့ထား ဒါနနောက်ထားဟု ပါရှိသလော၊ တရားအားထုတ်၍ ပြီးမှ ဒါနပြုရမှာလား၊ တရားအားမထုတ်ခင် ဒါနပြုရမှာလား၊ ဒါနက သမထဝိပဿနာကို ခြံရံရမှာလား၊ သမထဝိပဿနာက ဒါနကို ခြံရံရမှာလား၊ ဒါန မလို ဒါနပိုသလား၊ ဤသို့ စသော ပြဿနာတွေကို ယခုပြခဲ့သော ဒါနခုနစ်ပါးဖြင့် ဉာဏ်ယှဉ် စဉ်းစား ဝေဖန်၍ ကိုယ်တိုင်ဆုံးဖြတ်ပါ။ သူပြော လူပြော မသိသူအပြောကို ယုံပြီး ရပ်မနေပါနှင့်။ ရှေ့တွင် ဆက်၍ပြပါဦးမည်။

http://www.dhammadownload.com

ပထမဒါနသုတ် အလှူဒါနရှစ်မျိုး

(၁) မိမိအထံသို့ အလှူခံပုဂ္ဂိုလ် ရောက်လာသောကြောင့် အလှူကို ပေးလှူခြင်း၊

(၂) အကဲ့ရဲ့ခံရမည်ကိုလည်းကောင်း၊ အပါယ်သို့ ကျရောက်မည်ကိုလည်းကောင်း ကြောက်သောကြောင့် အလှူကို ပေးလှူခြင်း၊

(၃) ငါ့အား ဤသူသည် ရှေးတုန်းက ဤမည်သော ဝတ္ထုကို ပေးဖူး၏ဟု အလှူကို ပေးလှူခြင်း၊

(၄) ငါ့အား နောင်အခါ ဤအမည်သော ဝတ္ထုကို ပေးလိမ့်မည်ဟု အလှူကိုပေးလှူခြင်း၊

(၅) ပေးလှူမှုသည် ကောင်းမြတ်၏၊ ဘုရား အစရှိသော သူတော်ကောင်းတို့သည် ချီးမွမ်းအပ်၏ဟု အလှူကို ပေးလှူခြင်း၊

(၆) ငါသည် ချက်ပြုတ်၏၊ ဤသူတို့ကား မချက်ပြုတ် ကုန်၊ ချက်ပြုတ်သောငါသည် မချက်ပြုတ်သောသူတို့အား အလှူ မပေးဘဲနေရန် မသင့်ဟုကြံ၍ အလှူကို ပေးလှူခြင်း၊

(၇) ဤအလှူဒါနကို ပေးလှူသောငါ့အား ကောင်းသော ဂုဏ်သတင်း၊ ကျော်စောခြင်းသည် မဆုံဘဝဂ်ပြန့်နှံ့၍ တက်လိမ့်မည်ဟု နှလုံးသွင်း၍ အလှူကို ပေးလှူခြင်း၊

(၈) သမထ ဝိပဿနာ ဘာဝနာတရား အားထုတ်ရာမှာ စိတ် ကောင်းစွာ မတည်ကြည်နိုင်ရှိခဲ့သော် ထိုစိတ်တည်ကြည်

http://www.dhammadownload.com

စေရန် သမထဝိပဿနာ ဘာဝနာစိတ်၏ အဆင်တန်ဆာ အခြံအရံ အလို့ငှာ အလှူကို ပေးလှူခြင်း။

အယုတ်၊ အလတ်၊ အမြတ်

ထိုရှစ်ပါးတို့တွင် နောက်ဆုံးဖြစ်သော (၈) နံပါတ် ဒါနသည် သမထဝိပဿနာ ဘာဝနာတရား အားထုတ်ရာမှာ စိတ်တည်ကြည်၍ ရွှင်လန်းလာအောင် အားပေးအားမြှောက်ပြုကာ စျာန်၊ မဂ်၊ ဖိုလ်ရကြောင်း သမထ ဝိပဿနာဘာဝနာတို့အား ကျေးဇူးများသော ဒါနဖြစ်သောကြောင့် အမြတ်ဆုံးဒါနဖြစ်၏။ မှန်၏။ အလှူဒါနကို ပေးလှူပြီးသော် ထိုအလှူကို ဆင်ခြင်သောသူအား ရွှင်လန်းမှုပါမောဇ္ဇ၊ နှစ်သက်မှုပီတိ၊ ဝမ်းမြောက်မှု သောမနဿ စသည်တို့ဖြစ်ကုန်၏။ ကပ်ငြိမ်မှုလောဘ၊ အမျက်ထွက်မှုဒေါသ၊ မနာလိုမှုက္ကသာ၊ ဝန်တိုမှုမစ္ဆရိယစသော တရားတို့ ဝေးကွာကုန်၏။ ထို့ကြောင့် အလှူဒါနပြုပြီး တရားနာသဖြင့် တရားရသွားသော ပုဂ္ဂိုလ်များ မရေတွက်နိုင်အောင် များပြား၏။

ထိုဒါန ရှစ်ပါးတွင် (၁) မှ (၇) အထိ ဒါနတို့မှာ သမထဝိပဿနာ ဘာဝနာစိတ်ကို အားပေးအားမြှောက် မပြုနိုင်ကြ၊ ယင်းတွင် (၁) နှင့် (၅) ဒါနနှစ်ပါးတို့သည် မြတ်သော ပဏီတဒါနပင်ဖြစ်၏။ (၂)၊ (၃)၊ (၄)၊ (၅) နှင့် (၆) ဒါနတို့မှာ အလယ်အလတ် မဇ္ဈိမဒါနတို့ဖြစ်၍ (၇) နံပါတ် ဒါနမှာ အညံ့စားဟီန ဒါနသာဖြစ်၏။ တစ်ဖန် ယင်းဒါန ရှစ်ပါးတို့ကို ဖြစ်သင့်သည် အားလျော်စွာ နောက်က ပြခဲ့သော လောကဝိသယဒါနနှင့်

http://www.dhammadownload.com

ပုညဝိသယဒါနအားဖြင့် ခွဲခြားသော် (၁)၊ (၅) နှင့် (၈) နံပါတ် ဒါနတို့သည် ပုညဝိသယဒါနဖြစ်၍ ကျန်အမှတ်ပြဒါနတို့မှာ လောက ဝိသယဒါနတို့သာ ဖြစ်၏။

ဝိသာခါ၏ ဆုရှစ်ပါး

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးတော်မူခိုက် တစ်နေ့သ၌ ဝိသာခါသည် ဘုရားအမှူး ရှိသော ရဟန်းသံဃာတို့ကို ဆွမ်းစားပင့်၍ မွန်မြတ်သောခဲဖွယ် ဘောဇဉ်တို့ဖြင့် ကိုယ်တိုင် မိမိလက်ဖြင့် ကပ်လှူပြီးလျှင် ဘုရား ရှင်အား လျှောက်ထား၏။

"မြတ်စွာဘုရား၊ အကျွန်ုပ်သည် မြတ်စွာဘုရားထံ ဆုရှစ်ပါး တောင်းခံလိုပါသည်"

"ဝိသာခါ၊ ဗုဒ္ဓတို့သည် ဆုပေးခြင်းမှ လွန်မြောက်ကုန်၏"

"မြတ်စွာဘုရား၊ အကျွန်ုပ်တောင်းခံမည့်ဆုမှာ အပ်လည်း အပ်ပါ၏၊ အပြစ်လည်း မရှိပါ"

"ဝိသာခါ သို့ဖြစ်လျှင် ဆိုလော့"

"မြတ်စွာဘုရား၊ အကျွန်ုပ်သည် အသက်ထက်ဆုံး (၁) သံဃာအား မိုးရေခံသက်နှံး လှူဒါန်းလိုပါသည်၊ (၂) ည့ဉ်သည် အာဂန္တု၊ ရဟန်းတို့အား ဆွမ်း ဘောဇဉ် လှူဒါန်းလိုပါသည်၊ (၃) ခရီးသွားမည့် ရဟန်းတို့အား ဆွမ်း၊ ဘောဇဉ် လှူဒါန်းလိုပါသည်၊ (၄) ဖျားနာသော ရဟန်းတို့အား ဆွမ်း ဘောဇဉ် လှူဒါန်းလိုပါသည်၊ (၅) သူနာပြုရဟန်းတို့အား ဆွမ်း ဘောဇဉ်လှူဒါန်း

http://www.dhammadownload.com

လိုပါသည်၊ (၆) ဖျားနာသောရဟန်းတို့အား ဆေးလှူဒါန်းလိုပါသည်၊ (၇) ရဟန်းသံဃာတို့အား အမြဲ ယာဂုလှူဒါန်းလိုပါသည်။ (၈) ဘိက္ခုနီသံဃာအား ရေသနုပ် လှူဒါန်းလိုပါသည်"

ဘယ်အကျိုးကိုမျှော်ကိုး၍

"ဝိသာခါ၊ သင်သည် အဘယ်အကျိုး အာနိသင်ကို ကောင်းစွာ မြင်၍ ငါ့ထံမှာ ဤဆုရှစ်ပါးကို တောင်းခံပါသနည်း"

(၁) "မြတ်စွာဘုရား၊ ယနေ့နံနက် အကျွန်ုပ်အိမ်မှ ကျွန်မအား ဆွမ်းစားချိန်တန်ကြောင်း လျှောက်ထားခိုင်းချိန်တွင် ရဟန်းတော်များ ကိုယ်လုံးတီး ရေချိုးနေသည်ကိုမြင်၍ ရဟန်းတို့ဟု မထင်၊ အာဇီဝက တက္ကဒွန်းတွေဟု ထင်၍ 'အရှင်မ၊ ကျောင်းမှာ ရဟန်းတော်တွေမရှိ၊ အာဇီဝက တက္ကဒွန်းတွေသာ ရှိသည်' ဟု ပြောပါသည်၊ မြတ်စွာဘုရား၊ ကိုယ်လုံးတီး ရေချိုးခြင်းသည် စက်ဆုပ်ရွံရှာဖွယ်ဖြစ်ပါ၏၊ ဤအကျိုးကိုမြင်၍ မိုးရေခံသက်နှံးလှူလိုပါသည်"

(၂) "မြတ်စွာဘုရား၊ အာဂန္တု၊ ရဟန်းတော်တို့သည် လမ်းမကျွမ်းကျင် ဆွမ်းခံရာ မကျွမ်းကျင်ဘဲနှင့် ဆွမ်းခံလှည့်လည်ရပါသည်။ အကျွန်ုပ်၏ ဆွမ်းကို ဘဉ်းပေး၍ လမ်းနှင့်ဆွမ်းခံရာ ကျွမ်းကျင်မှ ဆွမ်းခံလှည့်လည်ရမည့်အကျိုးကိုမြင်၍ 'အာဂန္တု ဆွမ်း' လှူလိုပါသည်"

(၃) "မြတ်စွာဘုရား၊ ခရီးသွားရမည့် ဂမိကရဟန်းတို့သည် မိမိဆွမ်းကိုရှာနေရသော် အဖော်ကုန်သည်တို့မှ နောက်ကျ

http://www.dhammadownload.com

ပါမည်၊ နောက်မျှမှသွားသော် အချိန်လင့်ပါမည်၊ ပင်ပန်းပါမည်၊ အကျွန်ုပ်၏ ဆွမ်းကို စားရသော် ထိုသို့မဖြစ်ပါ။ ဤအကျိုးကို မြင်၍ 'ဂမိကဆွမ်း' လူလိုပါသည်"

(၄) "မြတ်စွာဘုရား၊ ဖျားနေသော ရဟန်းအား သပ္ပါယမျှတ လျောက်ပတ်သော ဆွမ်း ခဲဖွယ် စားဖွယ်ကို မရသော် အနာသော်လည်း တိုးရာ၏၊ သေသော်လည်း သေရာ၏၊ အကျွန်ုပ်၏ဆွမ်းကို စားရသော် ထိုသို့မဖြစ်နိုင်ရာပါ။ ဤအကျိုးကို မြင်၍ 'ဂိလာနဆွမ်း' လူလိုပါသည်"

(၅) "မြတ်စွာဘုရား၊ သူနာပြုရဟန်းသည် ကိုယ့်ဆွမ်း ကိုယ်ရှာနေရသော် သူနာရဟန်းအား ကောင်းစွာမလုပ်ကျွေးနိုင်ပါ၊ အကျွန်ုပ်၏ ဆွမ်းကို စားရသော် ထိုသို့မဖြစ်နိုင်ရာပါ။ ဤအကျိုးကို မြင်၍ 'ဂိလာနုပဋ္ဌာကဆွမ်း' လူလိုပါသည်"

(၆) "မြတ်စွာဘုရား၊ သူနာရဟန်းအား သပ္ပါယမျှ လျောက်ပတ်သော ဆေးကို မရသော် အနာသော်လည်း တိုးရာ၏၊ သေသော်လည်း သေရာ၏၊ အကျွန်ုပ်၏ သပ္ပါယမျှ သောဆေးကို စားရသော် ထိုသို့မဖြစ်နိုင်ရာပါ၊ ဤအကျိုးကို မြင်၍ 'ဂိလာနဆေး' လူလိုပါသည်"

(၇) "မြတ်စွာဘုရား၊ အရှင်ဘုရားသည် ဆယ်ပါးသော အကျိုးအာနိသင်ကို မြင်၍ ယာဂုကို ပညတ်ပါ၏၊ အကျွန်ုပ် သည်လည်း ဆယ်ပါးသော အကျိုးအာနိသင်ကို မြင်၍ 'အမြဲ ယာဂု' လူလိုပါသည်"

http://www.dhammadownload.com

(၈) "မြတ်စွာဘုရား၊ ဘိက္ခုနီမတို့သည် အစီရဝတီမြစ်၌ ပြည့်တန်ဆာမတို့နှင့်အတူ ကိုယ်လုံးတီးရေချိုးသော် ပြည့်တန်ဆာမတို့က ပြက်ရယ်ပြုကုန်၏။ မြတ်စွာဘုရား၊ ကိုယ်လုံးတီးရေချိုးခြင်းသည် စက်ဆုပ်ဖွယ်ဖြစ်ပါ၏။ ဤအကျိုးကို မြင်၍ 'ရေသနုပ်' လှူလိုပါသည်"

"ဝိသာခါ၊ သင်သည် အဘယ်အကျိုး အာနိသင်ကို ကောင်းစွာ မြင်သည်ဖြစ်၍ ငါ့ထံမှာ ဤဆုရှစ်ပါးကို တောင်းခံပါသနည်း"

"မြတ်စွာဘုရား၊ ဝါမှကျွတ်သော ရဟန်းတို့သည် ဘုရားရှင်ကို ဖူးမြင်ရန် သာဝတ္ထိသို့ လာကြပါမည်၊ သူတို့သည် ဘုရားရှင် ထံသို့ ချဉ်းကပ်ပြီး 'မြတ်စွာဘုရား၊ ဤမည်သောရဟန်းကား သေပါပြီ၊ ထိုရဟန်း၏ လားရာဂတိကား အဘယ်ပါနည်း' ဟု မေးကြပါမည်။ ဘုရားရှင်သည် ကွယ်လွန်သော ထိုရဟန်းကို သောတာပန်ဟုလည်းကောင်း၊ သကဒါဂါမ်ဟုလည်းကောင်း၊ အနာဂါမ်ဟုလည်းကောင်း၊ ရဟန္တာဟုလည်းကောင်း ဟောကြားပါမည်။ ထို့နောက် အကျွန်ုပ်သည် ထိုရဟန်းထံသို့ ချဉ်းကပ်၍ 'အရှင်ဘုရား၊ ထိုသေလွန်သော အရှင်သည် သာဝတ္ထိသို့ ရောက်ဖူးပါသလား' ဟု မေးလျှောက်ပါမည်။ အကယ်၍ ရောက်ဖူးခဲ့ပါလျှင် ထိုအရှင်သည် အကျွန်ုပ်၏အလှူရှစ်မျိုးတွင် တစ်မျိုးမျိုးကို သုံးဆောင်ဖူး၏ဟု သိရပါမည်"

"ဝိသာခါ၊ ဤသို့ သိရသဖြင့် သင့်တွင် အဘယ်အကျိုး ရှိမည်နည်း"

http://www.dhammadownload.com

တရားရှုပွားမို့ပါ ဘုရား

"မြတ်စွာဘုရား၊ ထိုသို့ အကျွန်ုပ် အလှူတစ်ခုခုကို သုံးဆောင်ဖူးသော ရဟန်းကို အောက်မေ့သော အကျွန်ုပ်သည် ဝမ်းမြောက်မှု ပါမောဇ္ဇဖြစ်ပါမည်။ ဝမ်းမြောက်သော အကျွန်ုပ်အား နှစ်သက်ခြင်းပီတိဖြစ်ပါမည်။ နှစ်သက်သော အကျွန်ုပ်၏ ကိုယ်သည် ငြိမ်းအေးခြင်း ပဿဒ္ဓိဖြစ်ပါမည်။ ငြိမ်းအေးသော အကျွန်ုပ်သည် ချမ်းသာသုခကို ခံစားရပါမည်။ ချမ်းသာသော အကျွန်ုပ်၏ စိတ်သည် တည်ကြည်မှု သမာဓိဖြစ်ပါမည်။ ထို တည်ကြည်မှု သမာဓိသည် အကျွန်ုပ်အား ကွန်ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်တရားတို့ကို ပွားစေခြင်း ဖြစ်ပါသည်။

"ဝိသာခါ၊ ကောင်းပေစွ၊ ဝိသာခါ ကောင်းပေစွ၊ ဝိသာခါ သင်သည် ဤအကျိုးအာနိသင်သည်ကို ကောင်းစွာမြင်သည်ဖြစ်၍ ငဲ့ထံမှ ဆုရှစ်ပါးတောင်းခံသည်မှာ ကောင်းပေစွ။ ဝိသာခါ ဆုရှစ်ပါးကို သင့်အား ငါ ခွင့်ပေး၏"

အိုစာရှသူ–သင်သည် ဤဝိသာခါ၏ ဆုရှစ်ပါး၊ သူမ၏ ရည်ရွယ်ချက်၊ ဘုရားရှင် သာဓုသုံးကြိမ်ခေါ် ဆုရှစ်ပါး ခွင့်ပြုခြင်းတို့ကို သတိပြု၍ အဖန်ဖန် စဉ်းစားပြီး ပြန်ဖတ်ပါဦး။ သို့ဖတ်သော ဒါနပြုနည်း၊ ရည်ရွယ်ချက်နှင့် ဒါနသည် ဆိုင်းငံ့ထားရမည့် တရားလား၊ သို့မဟုတ် သမထ ဝိပဿနာသည် ဘာဝနာ တို့၏ ရှေ့လား၊ နောက်လား ကိုယ်တိုင် ဆုံးဖြတ်နိုင်ပါလိမ့်မည်။

http://www.dhammadownload.com

တောလမ်းခရီးဒါန

ဘုရားရှင်သည် ဗာရာဏသီပြည်တွင် သီတင်းသုံးတော်မူပြီး နောက် အန္ဓကဝိန္ဒမြို့သို့ ရဟန်းအပေါင်း ခြံရံလျက် ကြွတော် မူသောအခါ ဇနပုဒ်တွင်နေကြကုန်သော ဒကာ ဒကာမတို့သည် ခဲဖွယ် ဘောဇဉ် မျိုးစုံတို့ကိုလည်းကောင်း၊ ချက်ပြုတ်စီမံစရာ ဝတ္ထုပစ္စည်းမျိုးစုံတို့ကိုလည်းကောင်း၊ လှည်းနှင့် တင်၍ "ဘုရား အမှူးရှိသော သံဃာတော်တို့ကို လုပ်ကျွေးကုန်အံ့" ဟု နှလုံး သွင်း၍ နောက်တော်မှ အစဉ်လိုက်ပါကြကုန်၏။

ထိုသူတို့သည် တစ်ယောက် တစ်နေ့စီဖြင့် အလှည့်ကျ အစီအစဉ်အတိုင်း လုပ်ကျွေးသော် ပုဏ္ဏားတစ်ယောက်က "ငါ သည် ဘုရားရှင်နှင့်တကွ ရဟန်းသံဃာတို့ကို လုပ်ကျွေးအံ့ဟူ၍ နောက်တော်သို့ လိုက်လာသည်မှာ နှစ်လရှိပြီ၊ ငါ့အလှည့်သို့ မရောက်လာသေး၊ အလှည့်ကျအောင် ဆိုင်းငံ့သော် ကြာတော့ မည်။ သူတစ်ပါးတို့ လုပ်ကျွေးရာတွင် မပါသောခဲဖွယ်ဘောဇဉ် ကို ကြည့်ရပြီး ငါလူတော့အံ့"ဟု ကြံစည်၏။ သူသည် ထိုသို့ ကြံစည်ပြီးလျှင် ထိုအကြံကို ရှင်အာနန္ဒအား လျှောက်ကြား၏။ ရှင်အာနန္ဒက "ပုဏ္ဏား၊ သင့်အကြံကောင်း၏" ဟု မိန့်တော်မူ လိုက်၏။

သို့ဖြင့် သူသည် သူတစ်ပါးတို့ လုပ်ကျွေးသည်ကို ကြည့်ရှု၏။ တစ်နေ့တွင် ယာဂုနှင့်ပျားမုန့်ဆုပ်မပါသည်ကိုမြင်လျှင် ယာဂု ချက်၍ ဆွမ်းမဘုဉ်းပေးမီ ယာဂုနှင့် ပျားမုန့်ဆုပ်ကို ကပ်လှူလေ၏။

http://www.dhammadownload.com

ဘုရားရှင်သည် ယာဂုဘုဉ်းပေးပြီးနောက် သူ့အား ဤသို့ ယာဂု၏ အကျိုးတရား ဆယ်ပါး အနုမောဒနာတရား ဟောကြားတော်မူ၏။

ယာဂုအကျိုး ၁၀ မျိုး

"ပုဏ္ဏား၊ ကိုယ်နှုတ်နှလုံး စောင့်သုံးကုန်သော သူတစ်ပါးတို့ မပေးအပ်သော အစရှိကုန်သော ရဟန်းတော်တို့အား လျောက်ပတ်သောအခါ၌ ယာဂုလှူဒါန်းသူသည် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်းတို့ကို ရနိုင်၏"

"ပုဏ္ဏား၊ ထိုယာဂုသည် ဆာလောင်ငတ်မွတ်ခြင်း၊ ရေသိပ်ခြင်းနှင့် လေကို ပယ်ဖျောက်နိုင်ပေ၏။ အစာဟောင်းကို သုတ်သင်ပေး၏။ အစာသစ်ကို ကြေစေ၏။ ထိုယာဂုကို ဘုရားရှင်သည် ဆေးဟူ၍ ဟောတော်မူအပ်၏။ ထို့ကြောင့် လူနတ်တို့၌ ဖြစ်ကုန်သော ချမ်းသာခြင်း၊ တင့်တယ်ခြင်းတို့ကို အလိုရှိ၍ တောင့်တသူသည် အမြဲယာဂု လှူသင့်သည်သာတည်း"

အလှူပေးခြင်း အစကြောင်းရှစ်ပါး

(၁) မြတ်နိုးချစ်ခင်လိုလားသဖြင့် ပေးလှူခြင်း၊

(၂) မလွဲသာသည့်အတွက် အမျက်ထွက်လျက်နှင့် လျင်မြန်စွာ ယူ၍ ပေးလှူခြင်း၊

(၃) အကြောင်းအကျိုးမသိဘဲ မိုက်မဲတွေဝေသဖြင့် ပေးလှူခြင်း၊

http://www.dhammadownload.com

(၄) အများကဲ့ရဲ့မည်ကို ကြောက်၍လည်းကောင်း၊ အပါယ်ကျမည်ကို ကြောက်၍လည်းကောင်း၊ အလှူခံက တစ်စုံတစ်ရာ ရန်ပြုမည်ကို ကြောက်၍လည်းကောင်း ပေးလှူခြင်း၊

(၅) ငါ၏ မိဘဘိုးဘွားများ အဆက်ဆက်ကပင် ပေးကမ်းလှူဒါန်းခြင်းအမှုကိုပြုခဲ့၍ ဤမိဘဘိုးဘွားတို့၏ အဆက်အနွယ်ကို ယုတ်လျော့စေခြင်းငှာ မထိုက်ဟု နှလုံးသွင်း၍ ပေးလှူခြင်း၊

(၆) ငါသည် ဤအလှူကို ပေးလှူ၍ သေသည်မှနောက်၌ ကောင်းမှုပြုသောသူတို့၏ လားရာဖြစ်သော နတ်ပြည်လောက၌ ဖြစ်ရပေလိမ့်မည်ဟု နတ်ပြည်သို့ ရောက်ရန် ရည်သန်၍ ပေးလှူခြင်း၊

(၇) ဤအလှူကို ပေးလှူလိုက်လျှင် ငါ၏စိတ်သည် ကြည်လင်လာလိမ့်မည်။ နှစ်သက်ရွှင်လန်းလာလိမ့်မည်ဟု စိတ်နှစ်သက်ရွှင်လန်းမှုကို မျှော်၍ ပေးလှူခြင်း၊

(၈) သမထ–ဝိပဿနာ အားထုတ်ရာမှာ စိတ်ကောင်းစွာ မတည်ကြည်နိုင်ခဲ့သည်ရှိသော် ထိုစိတ်တည်ကြည်စေရန် သမထဝိပဿနာစိတ်၏ အဆင်တန်ဆာ အသုံးအဆောင်ဖြစ်ဖို့ရန် ရည်သန်၍ ပေးလှူခြင်း။

ဤဒါနရှစ်ပါးတွင် ရှစ်ခုမြောက်ဒါနသာ အမြတ်ဆုံးဖြစ်၏။ ခြောက်နှင့် ခုနစ်ဒါနတို့မှာ သင့်လျော်မြင့်မြတ်သောဒါန ဖြစ်ကာ ပုညဝိသယဒါနစုဖြစ်သည်။ ကျန်သော ဒါနငါးမျိုးမှာ အညံ့စား ဟီနဖြစ်၍ လောကဝိသယဒါနစုသာဖြစ်သည်။

http://www.dhammadownload.com

သူတော်ကောင်းအလှူရှစ်ပါး

(၁) လှူဖွယ်ဝတ္ထုကို သန့်ရှင်းစင်ကြယ် တင့်တယ်လှပအောင် ပြုပြင်၍ပေးလှူခြင်း၊
(၂) မွန်မြတ်သော လှူဖွယ်ဝတ္ထုကို ပေးလှူခြင်း၊
(၃) သင့်လျော် လျောက်ပတ်သောအခါ၌ ပေးလှူခြင်း၊
(၄) အလှူခံတို့နှင့် အပ်စပ်သော ပစ္စည်းကိုသာ ပေးလှူခြင်း၊
(၅) အလှူခံပုဂ္ဂိုလ်နှင့် လှူဖွယ်ဝတ္ထုကို ရွေးချယ်စိစစ်ပြီး ပေးလှူခြင်း၊
(၆) မိမိစွမ်းနိုင်သမျှ မပြတ်မလပ် ပေးလှူခြင်း၊
(၇) လှူဒါန်းစဉ်အခါ စိတ်ကိုကြည်လင်စေ၍ ပေးလှူခြင်း၊
(၈) လှူဒါန်းပြီးနောက် ဝမ်းမြောက်စွာ စိတ်ထားနိုင်ခြင်း၊

အမှတ် (၅) ဝိဝစယျဒါနမှ (၁) အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်ခြင်း၊ (၂) လှူဖွယ်ဝတ္ထုကို ရွေးချယ်ခြင်းဟူ၍ ရွေးချယ်ခြင်း နှစ်မျိုးရှိသည်တွင် လုံးဝ သီလမရှိသော သာသနာပ ဗာဟိရက အလှူခံပုဂ္ဂိုလ်တို့ကို ဖယ်ရှား၍ သီလ စသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော သာသနာတွင်းသား အလှူခံများအား လှူဒါန်းခြင်းသည် အလှူခံကို ရွေးချယ် လှူဒါန်းခြင်းမည်၏။ မိမိ၌ ကောင်းကောင်း ဆိုးဆိုး လှူဖွယ်ဝတ္ထု နှစ်မျိုးရှိသည်တွင် ယုတ်ညံ့သော လှူဖွယ်ဝတ္ထုကို ပယ်ရှား၍ ကောင်းမြတ်သော လှူဖွယ်ဝတ္ထုကို ပေးလှူခြင်းသည် လှူဖွယ်ဝတ္ထုကို ရွေးချယ်လှူဒါန်းခြင်းမည်၏။

http://www.dhammadownload.com

နတ်သား၏အခြင်

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးတော်မူခိုက် တစ်နေ့သောညဉ့် သန်းကောင်ယံအချိန်၌ အမျိုးအမည်အားဖြင့် မထင်ရှားသော နတ်သားတစ်ယောက်သည် ဘုရားရှင်ထံ လာရောက်၍ ရှိခိုးလျှောက်ထား၏။

"မြတ်စွာဘုရား၊ ပေးလှူခြင်းသည် ကောင်းသည်သာတည်း၊ အနည်းငယ်သော လှူဖွယ်ဝတ္ထု ရှိလတ်သော်လည်း ပေးလှူခြင်းသည်ကောင်း၏။ သဒ္ဓါတရားဖြင့် ပေးလှူခြင်းသည်လည်း ကောင်း၏။ တရားသဖြင့် ရအပ်သော စည်းစိမ်ကို ရအပ်သော လောကုတ္တရာတရားရှိသော အရိယာပုဂ္ဂိုလ်အား ပေးလှူခြင်းသည်လည်းကောင်း၏။ စင်စစ်သော်ကား အလှူဝတ္ထု အလှူခံပုဂ္ဂိုလ်တို့ကို ရွေးချယ်စိစစ်၍ ပေးလှူအပ်သော အလှူသည်လည်း ကောင်း၏"

"လှူဖွယ်ဝတ္ထု အလှူခံပုဂ္ဂိုလ်တို့ကို ရွေးချယ်စိစစ်၍ ပေးလှူခြင်းကို ဘုရားရှင်သည် ချီးမွမ်းဝေါ်မူအပ်၏။ ကောင်းသော လယ်မြေ၌ စိုက်ပျိုးအပ်ကုန်သော မျိုးစေ့တို့သည် ကောင်းသော အပွင့်အသီးနှင့် ပြည့်စုံသကဲ့သို့ ဤသတ္တလောက၌ မြတ်သော အလှူကို ခံထိုက်သော ပုဂ္ဂိုလ်တို့အား ပေးလှူအပ်သော အလှူတို့သည် များသောအကျိုးရှိကုန်၏"

http://www.dhammadownload.com

အဘိဓမ္မတရားသဘင်

အဘိဓမ္မသတရားကို ဟောကြားတော်မူဖို့ရန် တာ၀တိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း ခင်းထားအပ်သော ပဏ္ဏာကမ္မလာ မြကျောက်ဖျာ၌ ၀ါကပ်တော်မူသော ဘုရားရှင်ထံမှောက်သို့ ဇာတိခေတ် စကြာ၀ဠာပေါင်း တိုက်တစ်သောင်းမှ နတ် ဗြဟ္မာ အပေါင်းတို့သည် အဘိဓမ္မာတရားကို နာယူကြရန် ၀န်းရံ ဆည်းကပ်ကြလေကုန်၏။ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားသည် မိမိ၏စံရာ တုသိတာနတ်ဘုံမှ ဆင်းသက်လာလတ်၍ ဘုရားရှင်၏ ရှေ့တော်၀ယ် လက်ယာနံပါး၌ ရှိသေစွာ ထိုင်နေ၏။ ကြွန္ဒက နတ်သားသည်လည်း လက်ယာနံပါးဘက်၌ လာရောက်၍ ထိုင်နေလေ၏။ အကုံးရနတ်သားသည် လက်ဝဲဘက်နံပါး၌ ထိုင်နေလေ၏။

ထိုအကုံးရနတ်သားသည် တန်ခိုးကြီးသော နတ်ဗြဟ္မာတို့ လာတိုင်း လာတိုင်း နောက်သို့ ဆုတ်၍ ဆုတ်၍ နေရာပေးရသဖြင့် မူလထိုင်နေရာ ဘုရားရှင်ထံမှောက်မှ တစ်ဆယ့်နှစ်ယူဇနာ ဝေးကွာသော အရပ်၌ နေရာရလေ၏။ ကြွန္ဒကနတ်သားမူကား မူလထိုင်နေရာ ဘုရားရှင်ထံမှောက်၌သာ နေမြဲ နေထိုင်၍ အလွန် တင့်တယ်ပေ၏။ ဘုရားရှင်သည် ကြွန္ဒကနတ်သားနှင့် အကုံးရနတ်သား နှစ်ဦးသားတို့ကိုကြည့်ရှုတော်မူ၍ သာသနာတော်၌ မြတ်သောအလှူခံပုဂ္ဂိုလ်တို့အား ပေးလှူအပ်သော အလှူ

http://www.dhammadownload.com

ဒါန၏ အကျိုးကြီးမြတ်ကြောင်း သိစေတော်မူလိုသဖြင့် ဤသို့ မိန့်ဆိုတော်မူ၏။

"အကံုရနတ်သား၊ သင်သည် နှစ်ပေါင်းများစွာ တစ်ဆယ့် နှစ်ယူဇနာတစ်လျှောက် ဖိုခနောက်ချင်းဆက်ကာ အလှူကြီးကို ပေးလှူခဲ့ပါလျက် ယခု ငါဘုရား၏ အဘိဓမ္မာတရားသဘင် အစည်းအဝေးသို့ လာရောက်ပြီးလျှင် အဘယ့်ကြောင့် တစ်ဆယ့် နှစ်ယူဇနာ ငါဘုရားမှ ဝေးကွာသောအရပ်၌ နေထိုင်ခွင့်ကို ရသနည်း၊ ငါဘုရားထံမှောက် လာရောက်ပါလော"

ဒါနချင်းကွာခြားပုံ

"မြတ်စွာဘုရား၊ အကျွန်ုပ်၏ အလှူသည် သီလဝန္တ ခေါ်ဆို မြတ်သော အလှူခံပုဂ္ဂိုလ်တို့မပါ၊ လုံးလုံးဆိတ်သုဉ်းခဲ့ပါ၏။ သာသနာပြင်ပ ဗာဟိရဝယ် ကာလရှည်လျားစွာ ပွားများအား ထုတ်ခဲ့ရသော အကျွန်ုပ်၏ အလှူဖြင့် အဘယ်အကျိုးရှိပါအံ့နည်း။

"–ကဿပကနတ်သားသည် အနုရုဒ္ဓ ရဟန္တာအရှင်မြတ်အား ဆွမ်းတစ်ယောက်ချီမျှ အနည်းငယ်သောဒါနကို ပေးလှူခဲ့ခြင်း ကြောင့် လဗိမာန်သည် ကြယ်အပေါင်းတို့ကို လွှမ်းမိုး၍ တင့်တယ် သကဲ့သို့ သာသနာပြင်ပ ဗာဟိရဝယ် ဒါနမျိုးခြယ် တန်ခိုး ငယ်သော အကျွန်ုပ်တို့ကို လွှမ်းမိုး၍ တင့်တယ်ပါ၏၊"

"ကဿပကနတ်သား၊ သင်သည် ငါဘုရား၏ လက်ယာနံပါး၌ မရွေ့မရှား ထိုင်နေ၏။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ အထိ၊ အသက်၊ အခြံအရံ၊ အသွင်သဏ္ဌာန်၊ ချမ်းသာခြင်း၊

http://www.dhammadownload.com

အစိုးရခြင်း ဟူသော အကြောင်းတို့ဖြင့် အကုံရနတ်သားကို လွှမ်းမိုး၍ တင့်တယ်၏။ အဘယ့်ကြောင့် တန်ဖိုးကြီးသည့် နတ်များ လာရောက်သောအခါ မဖယ်ရှားရဘဲ ထိုင်မြဲထိုင်နေနိုင်သနည်း"

"မြတ်စွာဘုရား၊ ကုန်းမြင့်ခေါင်ဗွေ ကျတ်တီးပြင်ဖြစ်သော လယ်မြေ၌ လုံ့လအားကြိုးများစွာ စိုက်ပျိုးအပ်သော မျိုးစေ့သည် အရေအတွက်အားဖြင့် များပြားလှသော်လည်း ပြန့်ပြောခိုင်ဖြိုး များစွာ မသီးစေနိုင်သကဲ့သို့၊ ထွန်ယက်လုပ်စား လယ်သမားကို မနှစ်သက်စေနိုင်သကဲ့သို့ သီလ မရှိသူ အလှူခံပုဂ္ဂိုလ်တို့၌ လှူဒါန်း သောအား စိုက်ပျိုးတည်ထားအပ်သော သာသနာပြင်ပ ဗာဟိရ အလှူမျိုးသည် သန့်ရှင်းဆဟွား မည်မျှပင် များပြားသော်လည်း ပြန့်ပြောဝှန်ဖြိုး များမြတ်သောအကျိုးကို မဖြစ်စေနိုင်၊ ပေးလှူ တတ်စွာ အလှူဒကာကို ပိတိဝှန်တက် မနှစ်သက်စေနိုင်ပါ။

"–မြတ်စွာဘုရား၊ ဓာတ်မြေသြဇာ ရသာပြည့်ညောင်း လယ် မြေကောင်း၌ လုံ့လအားကြိုး စိုက်ပျိုးကြဲချအပ်သော မျိုးစေ့ သည် နည်းငယ်မျှမပြောပလောက်သော်လည်း မိုးရေ အယဉ် သည် ကောင်းမွန်စွာ ရွာသွန်းဖြိုးသည်ရှိသော် အောင်မြင်ခိုင်ဖြိုး များစွာသော အသီးကို ဖြစ်စေ၍ ထွန်ယက်လုပ်စား လယ်သမား ကို ပိတိဝှန်တက် အားရနှစ်သက်စေနိုင်သကဲ့သို့ သီလကျေးဇူး အထူးကဲ့လုံ ပြည့်စုံတော်မူကြသော သမာဓိဟုန် ကျေးဇူးဂုဏ် နှင့် ပြည့်စုံတော်မူကြသော တာဒိဂုဏ်ရှင် အရိယာသခင်တို့၌ ပေးလှူဆက်ကပ် ပြုလုပ်အပ်သော ကောင်းမှုဒါနသည် မပြောပ ဖွယ် အနည်းငယ်ပင်ဖြစ်သော်လည်း ကြီးကျယ်ဖွံ့ဖြိုး များမြတ်

http://www.dhammadownload.com

သော အကျိုးရှိ၍ ပေးလှူတတ်စွာ အလှူဒကာကို ပိတိဝုန်တက် နှစ်သက်စေနိုင်ပါသည်''

ဘုရားရှင် တရားဟော

ထို့နောက် ဘုရားရှင်သည် အကံ့ရနတ်သားအား ဤသို့ တရားဟောတော်မူလေ၏။

''အကံ့ရနတ်သား၊ သီလဝန္တ ခေါ်ဆို အလှူခံပုဂ္ဂိုလ်တို့၌ သဒ္ဓါ ရှေး၍ ပေးလှူအပ်သော အလှူဒါနသည် များမြတ်သော အကျိုးရှိ၍ သီလဝန္တ ခေါ်ဆို အလှူခံပုဂ္ဂိုလ်တို့ကို ရွေးချယ်စိစစ်ပြီးလျှင် သဒ္ဓါ ရှေး၍ ပေးလှူသင့်၏။ စိစစ်ရွေးချယ်၍ ပေးလှူသောကြောင့် ပေးလှူ တတ်သူ ဒကာတို့သည် နတ်ပြည်သို့ လားရောက်ရကုန်၏။

''–လှူဖွယ်ဝတ္ထု အလှူခံပုဂ္ဂိုလ် ဤနှစ်ပါးတို့ကို ကောင်းနိုး ရာရာ ရွေးချယ်စိစစ်၍ သဒ္ဓါရှေးရှု ပေးလှူသူကို ဘုရားရှင်တို့ သည် ချီးမွမ်းတော်မူအပ်ကုန်၏။ ဤသတ္တလောကဌ သီလဝန္တ ခေါ်ဆိုမြတ်သော အလှူခံပုဂ္ဂိုလ်တို့၌ သဒ္ဓါရှေးရှု ပေးလှူအပ်သော အလှူဒါနတို့သည် သြဇာပြည့်ညောင်း လယ်မြေကောင်း၌ စိုက်ပျိုး ကြဲချအပ်ကုန်သော မျိုးစေ့တို့ကဲ့သို့ လူရပ်နတ်ဌာန် နိဗ္ဗာန်တိုင်ထိ များမြတ်သောအကျိုးရှိ၏။

''–မျိုးစေ့ငါးပါး စိုက်ပျိုးကြဲချရာ လယ်မြေတို့သည် ပေါင်း မြက်ဟူသော အပြစ်ပေါကြကုန်၏။ လူ နတ် ဗြဟ္မာ ဤသတ္တဝါ အပေါင်းတို့သည် ရာဂ၊ ဒေါသ၊ မောဟနှင့် ငါးပါးအာရုံ ကာမဂုဏ်ကို ခုံမင်နှစ်သက် တပ်မက်စွာ ကပ္ပစ္ဆာဟူသော အပြစ်

http://www.dhammadownload.com

ပေါ်ကြကုန်၏။ ထို့ကြောင့်သာလျှင် ရာဂ၊ ဒေါသ၊ မောဟနှင့် ကွာစ္ဆာမအောင်း၊ အရိယာသူတော်ကောင်းတို့၌ သဒ္ဓါရှေး၍ ပေးလှူအပ်သော အလှူဒါနသည် လူ့ရပ်နတ်ဗြာန် နိဗ္ဗာန်တိုင်ထိ များမြတ်သော အကျိုးရှိ၏"

အင်္ဂါငါးပါးနှင့်ပြည့်စုံသောပုဂ္ဂိုလ်၌ပေးလှူခြင်း

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် တစ်နေ့သ၌ ကောလသမင်းကြီးသည် ဘုရားရှင်ထံ လာရောက်၍ ရှိခိုးလျှောက်ထား၏။

"မြတ်စွာဘုရား၊ အဘယ်ပုဂ္ဂိုလ်၌ ပေးလှူအပ်ပါသနည်း"

"မင်းကြီး၊ မိမိကြည်ညိုသောပုဂ္ဂိုလ်၌ ပေးလှူအပ်၏"

"မြတ်စွာဘုရား၊ အဘယ်ပုဂ္ဂိုလ်၌ ပေးလှူအပ်သော အလှူသည် အကျိုးကြီးမြတ်ပါသနည်း"

"မင်းကြီး၊ သီလရှိသော သီလဝန္တ ပုဂ္ဂိုလ်အား ပေးလှူအပ်သောအလှူသည် အကျိုးကြီးမြတ်၏။ သီလမရှိသော ဒုဿီလ ပုဂ္ဂိုလ်အား ပေးလှူအပ်သောအလှူသည် အကျိုးမကြီးမြတ်"

တတ်မြောက်သူသာ မစာန

"မင်းကြီး၊ ဤပြဿနာကိုဖြေရာ၌ သင်မင်းကြီးကိုသာလျှင် တစ်ဖန် ငါမေးဦးအံ့၊ ငါ၏ အမေးကို သင်မင်းကြီးနှစ်သက်သလို ဖြေပါလော့။ မင်းကြီး၊ ဤလောက၌ သင်၏ စစ်သည်ဗိုလ်ပါအပေါင်းသည် ပေါင်းရုံးစုဝေး၍ စစ်တိုက်အံ့သောအခါ သင်အပ်

http://www.dhammadownload.com

သော လေးအတတ် မရှိသော၊ လေ့ကျင့်အပ်သော လက်အတတ် မရှိသော၊ လက်မတည့်သော၊ ပြုအပ်သော လေးအကျင့်မရှိသော၊ ကပ်၍ပြအပ်သေးသော မြားမရှိသော၊ တုန်လှုပ်ထိတ် လန့် ပြေးတတ်သော မင်းသား၊ ပုဏ္ဏားလုလင်၊ ကုန်သည်လုလင်၊ သူဆင်းရဲလုလင် တစ်ဦးဦးသည် လာငြားအံ့၊ ထိုလာသော ယောက်ျားကို သင်မင်းကြီး မွေးမြူလိုသလော။ သင်မင်းကြီးအား ထိုသို့ သဘောရှိသော ယောက်ျားဖြင့် အလိုလည်းရှိသလော"

"မြတ်စွာဘုရား၊ ထိုသို့သဘောရှိသော ယောက်ျားကို အကျွန်ုပ် မမွေးမြူလိုပါ၊ အလိုလည်း မရှိပါ"

"မင်းကြီး၊ ဤလောက၌ သင်၏ စစ်သည်ဗိုလ်ပါ အပေါင်းသည် ပေါင်းရုံးစုဝေး၍ စစ်တိုက်အံ့သောအခါ ကောင်းစွာသင် အပ်ပြီးသော လေးအတတ်ရှိသော၊ လေ့ကျင့်အပ်ပြီးသော၊ လက်အတတ်ရှိသော၊ လက်တည့်သော၊ ပြုအပ်ပြီးသော လေးအကျင့်ရှိသော၊ ကပ်၍ပြအပ်ပြီးသော မြားရှိသော၊ မကြောက်မဆုတ် မတုန်မလှုပ် မထိတ်လန့် မပြေးတတ်သော မင်းသား၊ ပုဏ္ဏားလုလင်၊ ကုသည်လုလင်၊ သူဆင်းရဲလုလင် တစ်ဦးဦးသည် လာငြားအံ့၊ ထိုလာသောယောက်ျားကို သင်မင်းကြီး မွေးမြူလိုသလော၊ သင်မင်းကြီးအား ထိုသို့သဘောရှိသော ယောက်ျားဖြင့် အလိုလည်းရှိသလော"

"မြတ်စွာဘုရား၊ ထိုသို့သဘောရှိသော ယောက်ျားကို အကျွန်ုပ် မွေးမြူလိုပါ၏၊ အလိုလည်းရှိပါ၏"

"မင်းကြီး၊ ဤအတူသာလျှင် ဟုတ်ဟုတ်ပြားပြား မှတ်မထား

http://www.dhammadownload.com

သောအမျိုးမှ အိမ်ရာတည်ထောင် လူ့ဘောင်ခွာရှောင်၍ ရဟန်းပြုငြားသော်လည်း ကာမတို့၌ တပ်နှစ်သက်မှု၊ စိတ်ဆိုးစိတ်ပျက်မှု၊ ငိုက်မျဉ်းမှု၊ ပျံ့လွင့်ပူပန်မှုနှင့် ယုံမှားမှုငါးပါးကို ပယ်ပြီးလျှင် အသေကွဲ၏ဥစ္စာဖြစ်သော သီလ၊ သမာဓိ၊ ပညာ၊ လွတ်မြောက်မှု အရဟတ္တဖိုလ်နှင့် ပစ္စဝေက္ခဏာဉာဏ်အမြင်ဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံသောပုဂ္ဂိုလ်၌ ပေးလှူအပ်သော အလှူသည် အကျိုးကြီးမြတ်၏"

အမျိုးမြတ်ရုံဖြင့် မပြီးသေး

"မင်းကြီး၊ လေးပစ်အတတ်နှင့် ခွန်အား လုံ့လရှိသော လုလင်ကို စစ်တိုက်လိုသောမင်းကြီးသည် မွေးလည်းမွေးရာ၏။ အမျိုးမြတ်ခြင်းဟူသော အကြောင်းကြောင့် ရဲရင့်ခြင်းမရှိသူကို မင်းကြီးသည် မမွေးမြူရာ။

"မင်းကြီး၊ ထို့အတူသာလျှင် သည်းခံခြင်းနှင့် ရဲရင့်သည်၏ အဖြစ်ဟု ဆိုအပ်သော အရဟတ္တဖိုလ်တရားနှစ်ပါးတည်ရှိသော ပညာရှိကို အမျိုးယုတ်သော်လည်း အရိယာတို့၏ အသက်မွေးခြင်းဖြင့် မွေးလိုသောပုဂ္ဂိုလ်ကို ပူဇော်ရာ၏။

"နှလုံးမွေ့လျော်ဖွယ် ရှိကုန်သော ကျောင်းသခံမ်းတို့ကို ဆောက်လုပ်စေရာ၏။ ဤကျောင်းသခံမ်းတို့၌ ဗဟုသုတအကြွေးအမြင်များကုန်သော ပုဂ္ဂိုလ်တို့ကို နေထိုင်စေရာ၏။ ရေမရှိသော တောင်၌ ရေတွင်း ရေကန် ရေအိုးစင် စသည်ကိုလည်း ပြုရာ၏။ အသွားအလာခက်ခဲ မညီညွတ်သောနေရာများ၌ တံတား စင်္ကြံလမ်းတို့ကိုလည်း ပြုရာ၏။

http://www.dhammadownload.com

"ဖြောင့်ဖြောင့်မှန်မှန် ကျင့်ကြံကုန်သော ပုဂ္ဂိုလ်တို့အား ကြည်ညိုသောစိတ်ဖြင့် ဆွမ်းခဲဖွယ် ဘောဇဉ် အဖျော်ယမကာ အဝတ်သင်္ကန်း၊ ညောင်စောင်း၊ ခုတင် စသော အိပ်ရာနေရာ တို့ကို ပေးလှူရာ၏"

"ချုန်းလျက် မြေအပြင်သို့ ရွာသွန်းသော လျှပ်နွယ်ပန်း ပြက်သန်းသော အရာမကသော တိမ်တွန့်ရိုသောမိုးသည် ကြည်း ကုန်းရော ချိုင့်ဝှမ်းကိုပါ ပြည့်စေသကဲ့သို့ သဒ္ဓါတရားရှိ၍ အကြား အမြင် ဗဟုသုတရှိသော ပညာရှိသည် ဘောဇဉ်ကို ကောင်းစွာ ပြုပြင်စီရင်၍ ထမင်း အဖျော်ဖြင့် ဖုန်းတောင်းယာစကာတို့ကို နှိစ်သိမ့်ရောင့်ရဲစေရာ၏"

"အလွန်ဝမ်းမြောက်သည်ဖြစ်၍ ဖြန့်ကြဲသကဲ့သို့ လှူ၏။ "လှူကြကုန်၊ လှူကြကုန်" ဟူ၍ ဆို၏။ ပြင်းထန်စွာရွာသွန်းသော မိုး၏ချုန်းသံကဲ့သို့ ထိုသို့ဆိုခြင်းသည် ထိုသူ၏ ချုန်းသံ ကြုံးဝါးသံ မည်၏။ ပြန့်ပြောများပြားသော ထိုကောင်းမှုတည်းဟူသော ရေ အယဉ်သည် လှူသောသူကို ပြင်းစွာရွာသွန်း၏"

မျိုးစေ့ကောင်းနှင့်လယ်မြေကောင်း

ရဟန္တာအရှင်တို့သည် လယ်မြေကောင်းနှင့် တူကုန်၏။ ပေးလှူတတ်သူတို့သည် လယ်လုပ်သားနှင့် တူကုန်၏။ လှူဖွယ် ဝတ္ထုတို့သည် မျိုးစေ့နှင့်တူကုန်၏။ ပေးလှူတတ်သူ၊ အလှူခံပုဂ္ဂိုလ် နှင့် လှူဖွယ်ဝတ္ထုကို စွန့်ကြဲပေးကမ်းခြင်းတည်းဟူသော အကြောင်း သုံးပါးမှ အကျိုးတရား ဖြစ်ပေါ်လာ၏။

http://www.dhammadownload.com

အခါတစ်ပါး ရဟန်းတော်များသည် တရားသဘင်ဓမ္မာရုံ၌ အညီအညွတ်စည်းဝေး၍ တရားစကား ဆွေးနွေးပြောကြားလျက် ထိုင်နေကြကုန်၏။ ထိုအခါ ဘုရားရှင်ကြွလာ၍ ရဟန်းတို့ကို မေး၏။

"ရဟန်းတို့၊ ငါ ယခု ကြွလာသောအချိန်၌ အဘယ်စကား ဖြင့် သင်တို့ အညီအညွတ်စည်းဝေး၍ ထိုင်နေကြကုန်သနည်း"

"မြတ်စွာဘုရား၊ အကျွန်ုပ်တို့တစ်စုဟာ 'ကောသလမင်းကြီးသည် ရွှေးချယ်၍သာလျှင် ကောင်းမှုတည်းဟူသော မျိုးစေ့ကို စိုက်ပျိုးရာ လယ်မြေကောင်းကိုသိ၍ ဘုရားအမှူးရှိသော အရိယာသံဃာတော်တို့အား သူမတူသော အသဒိဒါနကို ပေးလှူတော်မူ၏' ဟူသော စကားဖြင့် အညီအညွတ်စည်းဝေး၍ ထိုင်နေကြပါကုန်သည် ဘုရား"

"ရဟန်းတို့–ကောသလမင်းကြီးသည် ငါ၏ အဆုံးအမကို ရ၍ ရွှေးချယ်ပြီး အတုမရှိသောကောင်းမှုတည်းဟူသော မျိုးစေ့ကို စိုက်ပျိုးရာ လယ်မြေကောင်း၌ အလှူဒါနည်းဟူသော မျိုးစေ့ကို တည်စေသည်မှာ အံ့ဩဖွယ်မဟုတ်သေး အတိတ်အခါက ပညာရှိတို့သည် ငါကဲ့သို့သော အဆုံးအမပေးမည့်သူကို မရပါဘဲလျက် ရွှေးချယ်၍သာလျှင် အလှူကြီးကို ပေးလှူကြကုန်၏"

"မြတ်စွာဘုရား၊ တောင်းပန်ပါ၏။ ကောလသမင်းကြီး၏ ရွှေးချယ်လှူကြောင်းကား ထင်ရှားပါ၏။ ရှေးပညာရှိတို့၏ ရွှေးချယ်လှူကြောင်းကား မထင်ရှားပါ။ အကျွန်ုပ်တို့အား ထိုအကြောင်းကို အကျယ်အားဖြင့် ဟောကြားတော်မူပါဘုရား"

http://www.dhammadownload.com

အလှူခံချွေးချယ်

"ရဟန်းတို့-အတိတ်ကာလ တစ်ခုသောဘဝက သိဝိတိုင်း ရောရုဝမြို့၌ ရောရုဝမင်း မင်းပြု၏။ ဒေဝီမှာ သမုဒ္ဒဝိဇယာဖြစ်၏။ မင်းကျင့်တရားဆယ်ပါးကို မပျက်စေမူ၍ သင်္ဂဟတရားလေးပါးဖြင့် လူအပေါင်းကို ချီးမြှောက်လျက် လူအပေါင်းတို့၏ အမိ အဖအရာ၌ တည်၍ အလှူခံပုဂ္ဂိုလ် အမျိုးမျိုးတို့အား အလှူကြီး ပေးလှူလေ၏။ တစ်နေ့သ၌ မင်းကြီးသည် အလှူမဏ္ဍပ်ကို ကြည့်သော် "ငါ၏ အလှူဒါနကို လျှပ်ပေါ်လော်လည်သော သီလမရှိသော ဒုဿီလတို့ စားကုန်၏။ ထိုဒုဿီလ အလှူခံတို့သည် ငါ၏စိတ်ကို မရွှင်ပျစေနိုင်။ ငါသည်ကား သီလရှိကုန်သော မြတ်သောအလှူကို ခံထိုက်ကုန်သော ပစ္စေကဗုဒ္ဓတို့အား ပေးလှူလို၏။ အဘယ်သူသည် ထိုပစ္စေကဗုဒ္ဓတို့အား ပင့်ပေးမည်နည်း၊ အဘယ်သူ့ကို စေရမည်နည်း" ဟု ကြံစည်၍ သူ့အကြံကို ဒေဝီအား ပြောပြ၏။

"မင်းကြီး၊ မစိုးရိမ်ပါလင့်၊ အကျွန်ုပ်တို့၏ ဒါန သီလ သစ္စာ စွမ်းအားဖြင့် ပန်းတို့ကို စေလွှတ်၍ ပစ္စေကဗုဒ္ဓတို့ကို ပင့်ဖိတ်ပြီး ကြွလာသောအခါ ပရိက္ခရာရှစ်ဖြာ စုံလင်စွာ လှူဒါန်းပါကုန်အံ့"

မင်းကြီးသည် "ကောင်းပါပြီ ဒေဝီ" ဟု ဝန်ခံ၍ တစ်မြို့လုံးကိုလည်း သီလဆောက်တည်စေ၏။ မိမိတို့လည်း သီလ ဆောက်တည်၏။ အလှူလည်း ဆက်လက်လှူလျက်နှင့် မြတ်လေး ပန်းတို့ကို ယူ၍ နန်းပြာသဒ်ပေါ်တက်ပြီး "မြောက်အရပ်၌ရှိသော ရဟန္တာတို့ကို ရှိခိုးပါ၏။ အကယ်၍ အကျွန်ုပ်တို့မှာ ဂုဏ်ကျေးဇူး

http://www.dhammadownload.com

ဟာစုံတစ်ရာ ရှိခဲ့ပါလျှင် အကျွန်ုပ်တို့ကို ချီးမြှောက်ခြင်းငှာ အကျွန်ုပ်တို့၏ဆွမ်းကို အလှူခံတော်မူပါ" ဟု ပြောဆို၍ မြတ်လေးပန်း ခုနစ်ဆုပ်တို့ကို ကောင်းကင်သို့ ပစ်မြှောက်လိုက်၏။ မြတ်ဖလေးပန်းတို့သည် စိတ်ရှိသောသတ္တဝါကဲ့သို့ သွား၍ နန္ဒမူလိုဏ် ပစ္စေကဗုဒ္ဓတို့၏ အပေါ်၌ကျကုန်၏။ ပစ္စေကဗုဒ္ဓတို့သည် ပန်းကျလာခြင်းကိုကြည့်၍ ဆင်ခြင်လတ်သော် အကြောင်းကိုသိ၍ နောက်တစ်နေ့တွင် "အရှင်ဘုရားတို့၊ ရောရဝမင်းက ပင့်နေသည်၊ သူ့အား ချီးမြှောက်ကြပါကုန်လော" ဟု ပြောဆို၍ ပစ္စေကဗုဒ္ဓ ခုနစ်ပါး လွှတ်လိုက်၏။

အရှင်မြတ်တို့သည် ကောင်းကင်ခရီးဖြင့် မင်းနန်းတော်ရင်ပြင်၌ သက်ဆင်းလေ၏။ မင်းကြီးသည် ဝမ်းမြောက်ဝမ်းသာကြိုဆိုပင့်ဆောင်၍ ဆွမ်းဆက်ကပ်လုပ်ကျွေးပြီးလျှင် ခုနစ်ရက် ဆက်ကြွပါရန် ပင့်ဖိတ်၏။ နောက်ဆုံးနေ့တွင် "အကျွန်ုပ်တို့သည် ဤပရိက္ခရာရုစ်ဖြာတို့ကို အရှင်ဘုရားတို့အား လှူဒါန်းပါ၏" ဟုဆို၍ လှူဒါန်းလေ၏။ ထိုအခါ မဟာထေရ်ဖြစ်သော ပစ္စေကဗုဒ္ဓအရှင်မြတ်က ဤသို့ အနုမောဒနာတရား ဟောကြားတော်မူ၏။

မီးလောင်ရာမှ ဆွဲ၍ရသို့

"မီးလောင်သောအိမ်၌ သယ်ယူထုတ်ဆောင်အပ်သော အိုးခွက်သည် သယ်ယူထုတ်ဆောင်သူ၏ အကျိုးငှာ ဖြစ်ဘိသကဲ့သို့ မသယ်ယူ မထုတ်ဆောင်အပ်သော အိုးခွက်သည် မီးလောင်ခံရ

http://www.dhammadownload.com

သကဲ့သို့ လောကသည် အိုခြင်း ဇရာ၊ သေခြင်း မရဏာဖြင့် စာပြောင်ပြောင် တောက်လောင်နေ၏။ ထိုတောက်လောင်နေသော လောကထဲမှ ပေးလှူခြင်းဖြင့် ထုတ်ဆောင်ရာ၏။ ပေးလှူအပ်သော ဒါနသည် ကောင်းစွာ ထုတ်ဆောင်အပ်ပြီးသော ဥစ္စာမည်၏"

"မှန်၏။ ဤကိုယ်ခန္ဓာသည်ကား အိမ်နှင့်တူ၏။ သေမင်းနှိပ်စက်သောအခါကား မီးလောင်သည်နှင့်တူ၏။ အလှူခံပုဂ္ဂိုလ်တို့သည်ကား ဥစ္စာ ပစ္စည်းတို့ကို သယ်ယူထုတ်ဆောင်လျက် မပျောက်ပျက်ရအောင် သိမ်းဆည်း စောင့်ရှောက်လျက် မီးငြိမ်းသည့်နောက်မှ ပို့အပ်လာသော အဆွေခင်ပွန်းကောင်းနှင့်တူ၏။ ကောင်းကျိုးချမ်းသာကို ခံစားရသည်ကား ထိုဥစ္စာကို အလိုရှိတိုင်း သုံးဆောင်ခံစားရသည်နှင့်တူ၏"

"ပေးလှူမှုသည် ချမ်းသာသောအကျိုးရှိ၏။ မပေးလှူမှုသည် ချမ်းသာသော အကျိုးမရှိ။ မပေးလှူဘဲထားသော ဥစ္စာတို့ကို ခိုးသူတို့သည် လည်းကောင်း၊ မင်းတို့သည် လည်းကောင်း ဆောင်နိုင်ကုန်၏။ မီးလောင်တတ်၏။ ရေမျောတတ်၏။ ပျက်စီးတတ်၏"

"ထို့နောက် သေဆုံးသဖြင့် မိမိသိမ်းဆည်းထားသောဥစ္စာနှင့်တကွ မိမိကိုယ်ကို စွန့်ရ၏။ ပညာရှိသည်ကား ဤသဘောကို သိ၍ သုံးလည်းသုံးဆောင်ရာ၏။ ပေးလည်း ပေးလှူရာ၏"

http://www.dhammadownload.com

လူ့ဖွယ်ပန္ဆင်းနှင့်အလှူခံပုဂ္ဂိုလ် ကြဲတင်လျာထားခြင်း

လမိုင်းလယ်တော်ကို လုပ်ကုန်သော သူတို့သည် ယခုနှစ် ကုန်းမှာ လုပ်ခွင့်သင့်မည်၊ ရေမှာ လုပ်ခွင့်သင့်မည်ဟု အမှန် မသိနိုင်သော်လည်း၊ ရေထွန် ရေမျိုးစေ့ကိုလည်းကောင်း၊ ကုန်းထွန် ကုန်းမျိုးစေ့ကိုလည်းကောင်း၊ အသင့်ထား၍ အချိန်ကာလကို စောင့်ငုံနေသကဲ့သို့ အလှူပေးလိုသော သူတို့သည်လည်း "အလှူ ပေးအံ့"ဟု ကြံလျှင်ပင် အယုတ်-အလတ်-အမြတ် ဖြစ်ကုန် သော အလှူခံပုဂ္ဂိုလ်တို့သည် မည်ရွေ့မည်မျှ မည်သူ့ရှေ့ မည်သူ နောက် လာကြမည်ကို အမှန်မသိနိုင်ဟု နှလုံးသွင်း၍ ဤဝတ္ထုကား သူတောင်းစားဖို့၊ ဤဝတ္ထုကား ရဟန်းဖို့၊ ဤဝတ္ထုကား ယောဂျားဖို့ စသည်ဖြင့် အလှူခံပုဂ္ဂိုလ်မရောက်လာမီ လျာထား နှင့်ရမည်၊ ထိုသို့ လျာထား၍လှူသော ကောင်းမှုသည်သာလျှင် စေတနာသုံးတန် ညီညွတ်၍ အကျိုးကြီးမြတ်သည်။ သည်ကို ရည်၍ ရှင်မဟာသီလဝံသ ဆရာအကျော်က ဤသို့ ဒါန ပါရမီကို ချုပ်၍ စပ်ဆိုခဲ့သည်။

"လမိုင်းသီးသို့၊ ဝတ်ကြီးလုပ်လျက်၊ ကုန်စေလတ်သေး"

စီမံ၍ ကြဲတင်ခွဲခြား

မှန်၏၊ ရဟန်း သံဃာတို့ကို လှူမည်ဟု ကြံ၍စီရင်သည့် အလှူဝတ္ထုတို့ကို သူတောင်းစားတို့ တောင်းလာသည်ကိုလည်း လူတို့နှလုံးသား မနာလို၊ သူတောင်းစားတို့ကို ပေးစွန့်မည်ဟု စီရင်၍ထားသည်ကို ရဟန်းသံဃာတော်တို့ ရပ်လာ၍ လှူသည်

http://www.dhammadownload.com

ကိုလည်း သံဃာတော်မြတ်ကို ပေးလှူသည်ဟူ၍ လူတို့ နှလုံးမကြည်နိုင်ဖြစ်၍ လမိုင်းသည်တို့သည် မိုးမရွာမီ ရေမျိုး ကုန်းမျိုး တို့ကို စီရင်နှင့်သကဲ့သို့ အလှူခံတို့မရောက်မီက အယုတ်–အလတ်–အမြတ် သုံးပါးကိုရည်၍ စီရင်နှင့်ရမည်။ ရဟန်းသံဃာတို့ကို လှူမည်ဟု စီရင်၍ထားသည့် အလှူဝတ္ထုတို့ကို သူတောင်းစားတို့လာ၍ အနိုင်အထက် တောင်းခဲ့ဖူး။ တောင်းပါများလှသောကြောင့် ပေးလှူလိုက်လေဖူး။ ထိုသို့ ပေးလှူရသည်ကား မုဠ္ဌစေတနာတစ်ချက်သာရှိသည်။ သူတောင်းစားကို ပေးလှူမည်ဟု ရည်ရွယ်ရင်းမရှိသောကြောင့် ပုဗ္ဗစေတနာမရှိဖြစ်သည်။ အလှူဆိုသည်ကား စေတနာသုံးတန် ညီရမည်။ ယခုမူ ပေးလှူစဉ် တစ်ချက်သာရှိသောကြောင့် ပုဗ္ဗစေတနာ၊ ပရစေတနာ နှစ်တန်မရ။ မုဠ္ဌစေတနာ တစ်တန်သာရသည်။ သည်ကိုရည်၍ ရှင်မဟာသီလဝံသ ဆရာအကျော်က ဤသို့စပ်ဆိုခဲ့သည်။

"ပန်းကြားငဲ့ချီး၊ တောင့်တပြီးကား။ ပွားစီးမရ၊ ပေးတိုင်းမျှကို၊ ဘဝနောင်ခါ၊ ရပြန်ပါလည်း"

ဘုရားအလောင်းတော်သည် ရှေးရှေးဘဝများစွာတို့က မိမိ၏အခြဲအရံလူအပေါင်းကို သင်္ဂြိဟ်ချီးမြှောက်မှု ပြုတော်မူသည်ရှိသော် ပညာရှိသူ–မရှိသူ၊ ဂုဏ်ကျေးဇူးရှိသူ–မရှိသူတို့ကို ကိုယ်တိုင် သိအောင် စုံစမ်း၍ အမှန်အတိုင်း ပုဂ္ဂိုလ်၏ အရည်အချင်းကု သိရှိတော်မူပြီးကာ "ဤသူကား ဤမျှပူဇော်သက္ကာရကို ခံထိုက်ဖူး" ဟု ပုဂ္ဂိုလ်၏ အရည်အချင်းအလိုက် ချီးမြှောက်တော်မူဖူး။ တစ်ကျပ်တန်သူအား ကျပ်ဝက်ပေးလျှင် ထိုပေးသူသည်

http://www.dhammadownload.com

အပေးခံရသူ၏ ကျပ်ဝက်ကို ဖျက်သည်မည်၏။ တစ်ကျပ်တန် သူအား နှစ်ကျပ်ပေးလျှင် ထိုပေးသူသည် မိမိပိုင်တစ်ကျပ်ကို ဖျက်ဆီးပစ်သည်မည်၏။ ထို့ကြောင့် လျှော့၍ တိုး၍ ချီးမြှင့်ခြင်း နှစ်မျိုးလုံးကိုပင် ပြုတော်မမူဘဲ တစ်ကျပ်တန်သူအား တစ်ကျပ်၊ နှစ်ကျပ်တန်သူအား နှစ်ကျပ် စသည်ဖြင့် ချီးမြှောက်တော်မူခဲ့၏။

လျောက်ပတ်စွာ လူတတ်၍

ထိုသို့ ပုဂ္ဂိုလ်ယုတ်မြတ် ရွေးချယ်လတ်၍ လျောက်ပတ်သင့်လျော် ပူဇော်ခဲ့သော ကောင်းမှုကံကြောင့် နတ်ရွာ သုဂတိဘုံဌာနတို့၌ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ အစိုးရခြင်း၊ အဆွေအရံများခြင်း၊ နတ်တို့၏ အသုံးအဆောင်ဖြစ်သော ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ပေါများခြင်း ဟူသော ဆယ်ပါးသော အရာဌာနတို့ဖြင့် တစ်ပါးသော နတ်တို့ထက် သာလွန်သော နတ်စည်းစိမ်ကို ခံစားတော်မူရ၏။ တစ်ဖန် လူအဖြစ်သို့ ရောက်တော်မူသောအခါ "အရပ်တော်နှင့် အလံတော် ညီမျှသဖြင့် ပညောင်ပင်အဝန်းကဲ့သို့ ဝန်းသော လုံးချောသပွာယ်သော ကိုယ်တော်ရိုင်းနှင့် ရပ်တော်မူလျက်ပင် ကိုယ်ကို မကိုင်းညွတ်ဘဲ လက်ဖဝါးနှစ်ဖက်ဖြင့် ပုဆစ်ဒူးဝန်းနှစ်ဖက်တို့ကို သုံးသပ်နိုင်ခြင်း" တည်းဟူသော လက္ခဏာတော်ကြီး နှစ်ပါးတို့ကို ရတော်မူလေ၏။

ထိုလက္ခဏာတော်ကြီး နှစ်ပါးတို့နှင့် ပြည့်စုံတော်မူသည့် အတွက် အလောင်းတော်သည် လူ့ဘောင်၌ နေလျှင် စကြာမင်း

http://www.dhammadownload.com

ဖြစ်နိုင်၍ စည်းစိမ်ဥစ္စာ ရတနာရွှေငွေ အသုံးအဆောင်ဘဏ္ဍာ ကျိုကြ ပေါများခြင်းတည်းဟူသော အကျိုးဆက်ကို ရတော်မူနိုင်၏။ ရှင်ရဟန်းပြုလျှင် သဗ္ဗညုမြတ်စွာဘုရားဖြစ်၍ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရိ၊ ဩတပ္ပတည်းဟူသော သူတော်ကောင်း ဥစ္စာတို့ လွန်စွာပေါခြင်းတည်းဟူသော အကျိုးဆက်ကို ရတော်မူနိုင်လေ၏။ သူတော်ကောင်း ဥစ္စာ ရတနာတို့၏ ဥပမာ ဥပမေယျတို့ကို ယှဉ်ဟပ်၍ မာန်လည်ဆရာတော်ဘုရားကြီးက ဤသို့ စပ်ဆိုတော်မူခဲ့သည်။

"ခုနစ်မဟာ၊ ရတနာတိ၊ သဒ္ဓါ ပတ္တမြား၊ ဖိုးများနဂ္ဃ၊ သီလ ပုလဲ၊ မျက်ရွဲ သုတ၊ စာဂ သန္တာ၊ ပညာ စိန်ကျောက်၊ ထိန်တောက်ဝန်းညီ၊ ဟိရီကျော့ငွေ၊ ဩတ္တပ်ရွှေဟု၊ မသွေ ပြည့်နှ၊ ဥစ္စာမွန်နှင့်၊ ဂုဏ်ဝန်ကျော်၊ အိုသူတော်တို့၊ ရှုမြော် ပညိန်၊ နှိုင်းချိန်မမေ့၊ တရားမွေ့၍၊ စေ့စေ့ဆင်ခြင် သိစေ ချင်၏"

ရှေ့နောက်ကွဲပြား

ရွေးချယ်၍လှူခြင်းနှင့် ပတ်သက်၍ မေးစရာရှိလာ၏။ ရှေ့ပိုင်းတွင် အလောင်းတော် ပါရမီဆင်ခြင်ခန်းနှင့် အလောင်းတော်တို့၏ ဒါနခန်းတို့၌ အလှူခံ အယုက် အလတ် အမြတ်မရွေး လှူဒါန်းရမည်ဟု ဆို၏။ ယခု ဤဘက်ပိုင်းတွင် ရွေးရမည်ဟု ဆို၏။ အဘယ်သို့ပါလဲဆိုသော် ရှေးကပြဆိုခဲ့သော အလှူခံ အယုတ်–အလတ်–အမြတ် မရွေးချယ်ဘဲ လှူဒါန်းခြင်းသည်

http://www.dhammadownload.com

သဗ္ဗညုတဉာဏ်တော်ကို လိုလားသော ဘုရားအလောင်းတော်တို့၏ ဓလေ့ဖြစ်၏။ သာမည နတ်လူတို့၏ ရည်ရွယ်ချက်မှာကား လောကီစည်းစိမ် အမျိုးမျိုးတို့ကို အလိုရှိရာ ရည်ရွယ်လှူဒါန်းကြသည်ဖြစ်ရာ အကောင်းဆုံး အမြတ်ဆုံး အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်လှူဒါန်းရမည်ဖြစ်၏။ တစ်နည်းဆိုသော် များများစားစား လှူနိုင်သောသူတို့ကား နည်းရောင်း များရောင်း တောင်းပြည့်ဆိုသလို မရွေးချယ်ဘဲ လှူနိုင်သော်လည်း နည်းနည်းပါးပါး တစ်ခါတရံမျှ လှူနိုင်သူတို့အဖို့မှာမူ နည်းနည်းရ၍ မဖြစ်။ များများရမှ ဖြစ်မည်ဖြစ်၍ ရွေးချယ်လှူဒါန်းရမည်။

မသူတော် အလှူရှစ်ပါး

အသပ္ပုရိသဒါန၊ မသူတော်အလှူ ရှစ်ပါးဟူ၍ ပါဠိတော်တိုက်ရိုက် သီးခြား မဟောအပ်သော်လည်း ဆိုအပ်ပြီးသော သပ္ပုရိသဒါန–သူတော်ကောင်းအလှူ ရှစ်ပါးကို ပြောင်းပြန်ပြန်လျှင် အသပ္ပုရိသဒါန မသူတော်အလှူရှစ်ပါး ရနိုင်၏။

(၁) မစင်မကြယ် မဖွယ်မရာ လှူဒါန်းခြင်း
(၂) အညှံများကိုသာ လှူဒါန်းခြင်း၊
(၃) သင့်လျော်သောအခါမဟုတ်ဘဲ လှူဒါန်းခြင်း၊
(၄) အလှူခံတို့နှင့် မအပ်စပ်သောပစ္စည်းကို လှူဒါန်းခြင်း၊
(၅) အလှူခံပုဂ္ဂိုလ်နှင့် လှူဖွယ်ဝတ္ထုကို မရွေးချယ်ဘဲ လှူဒါန်းခြင်း၊
(၆) စွမ်းနိုင်ပါလျက် စွမ်းနိုင်သမျှ မလှူဒါန်းဘဲ ပြတ်တောင်း ပြတ်တောင်း လှူဒါန်းခြင်း၊

http://www.dhammadownload.com

(၇) လူစဉ်အခါ စိတ်မကြည်လင်ဘဲ လူဒါန်းခြင်း၊
(၈) လူပြီးသည့်နောက် စိတ်မနှစ်လို၊ တွန့်တိုနေခြင်း။

အလှူခံ မရွေးချယ်မိ

ဗာရာဏသီပြည်တွင် သူဌေးတစ်ယောက်ရှိ၏။ သူသည် သဒ္ဓါမရှိ၊ စေးနှဲဝန်တို၏။ ကုသိုလ်ကောင်းမှုကို မထေမဲ့မြင်ပြု၏။ သေလွန်သော် အသွေးအသားကင်း၍ အရိုးအကြောနှင့် အရေသာ ရှိပြီး အဝတ်အစားမရှိ၊ ဦးခေါင်းပြောင်ပြောင်နှင့် ပြိတ္တာဖြစ်၏။ သူ၏ သမီးသည် သူ့အားရည်မှန်း၍ သီလမရှိသော အလှူခံပုဂ္ဂိုလ် တို့ကို ဆွမ်းသွတ်လူဒါန်းရန် လူဖွယ်ဝတ္ထုတို့ကို စီရင်စုဆောင်း နေသည်ကို သူသိသဖြင့် ကောင်းမှုအဖို့ဘာဂ အမျှရလို အာသာ နှင့် သမီးရှိရာ အန္ဓကဝိန္ဒမြို့သို့ အဇာတသတ်မင်း၏ နန်းတော်ကို ကျော်၍သွားသော် အဇာတသတ်မင်းနှင့် တွေ့လေလျှင် စျာန်ဖြင့် ကြွသွားသော တိတ္ထိရဟန်းတစ်ပါးဟု ထင်သဖြင့် မေးလေ၏။

"အရှင်ဘုရား၊ အရှင်သည် အဝတ်မဆီး အချည်းနှီးဖြစ်လျက် ကြီလှီသော ရဟန်းဖြစ်ပေ၏။ အဘယ့်ကြောင့် ညဉ့်အခါ၌ အဘယ်အရပ်သို့ သွားမည်နည်း၊ အကျွန်ုပ်အား အရှင်လာခြင်း၏ အကြောင်းကို အကယ်၍ ပြောကြားနိုင်မူ ပြောကြားပါလော၊ အရှင့်ကို အလုံးစုံသော စည်းစိမ်ဖြင့် ပြီးစေနိုင်ငြားအံ့လည်း မသိပါ"

"အကျွန်ုပ်သည် ယမမင်းနိုင်ငံ ပြိတ္တာဘုံမှ ပြိတ္တာပါတည်း၊ အန္ဓကဝိန္ဒမြို့ရှိ အကျွန်ုပ်၏သမီးသည် သေလွန်လေသော မိဘ

http://www.dhammadownload.com

ဘိုးဘွားတို့အတွက် ဆွမ်းသွတ်အလှူ ပေးအံ့ဟု မပြတ်ပြောကြားပါ၏။ စီရင်အပ်သော ထိုဆွမ်းသွတ်အလှူ၏ အဖို့ဘာဂ အမျှရလျှင် စားသောက်ရန် အန္ဓကဝိန္ဒမြို့သို့ သွားပါအံ့"

"အသင်သည် သမီးလှူသောအလှူကို ခံစားပြီးလျှင် အပြန်တွင် ဝင်လာခဲ့ပါဦး၊ ငါသည်လည်း ပူဇော်ခြင်းကို ပြုလုပ်အံ့၊ အကယ်၍ အကြောင်းရှိခဲ့မူ ထိုအကြောင်းကို ငါ့အား ပြောကြားလော့၊ ယုံကြည်ထိုက်သော အကြောင်းစကားကို နားထောင်လိုပါကုန်၏"

"ကောင်းပါပြီ" ဆို၍ ပြီတ္တာသည် အန္ဓကဝိန္ဒမြို့သို့ သွား၏။ သမီး၏ ဆွမ်းသွတ်အလှူကို သီလမရှိသော ဒုဿီလအလှူခံပုဂ္ဂိုလ်တို့ စားကုန်၏။ မြတ်သောသီလရှိသော အလှူခံပုဂ္ဂိုလ်တို့ မစားကုန်ရကား အလှူ၏ အဖို့ဘာဂ အမျှမရ၍ ပြန်လာပြီးလျှင် အဇာတသတ်မင်းအား ပြောကြား၏။

အဇာတသတ်ကူညီမှု

"အဇာတသတ်မင်းသည် ထမင်း အဖျော်၊ သက်နှံးတို့ဖြင့် ဘုရားရှင်ကိုလည်းကောင်း၊ သံဃာတော်တို့ကိုလည်းကောင်း ကျွေးမွေးလှူဒါန်း၍ အလှူ၏ အဖို့ဘာဂ အမျှကို အကျွန်ုပ်၏ အစီးအပွားအလို့ငှာ ရည်ညွှန်း၍ပေးဝေပါလော၊ ယင်းသို့ ပေးဝေသော် အကျွန်ုပ်သည် ကြာမြင့်စွာ နှစ်သက်မှုဖြစ်ရာပါ၏"

"ကောင်းပါပြီ" ဟု အဇာတသတ်မင်းသည် ဝန်ခံ၍ အလှူကို ကိုယ်တိုင်စီရင်၍ မြတ်သောသံဃာအား ပေးလှူ၍ ဘုရားရှင်အား

http://www.dhammadownload.com

ထိုအကြောင်းကို လျှောက်ထားပြီးလျှင် ပြိတ္တာအား ရည်ညွှန်း၍ အလှူ၏အဖို့ဘာဂ အမျှပေးဝေ၏။

အလှူ၏အဖို့ဘာဂ အမျှကို ရည်ညွှန်းပေးဝေသောခဏ၌ ပြိတ္တာသည် အလွန်တင့်တယ်လှ၏။ ပြည့်စုံခြင်းသို့ ရောက်သော နတ် ဖြစ်ရ၏။ အမြဲမပြတ် အခါခပ်သိမ်း များစွာသော ထမင်း၊ အဖျော် စသည်တို့ဖြင့် တင်းတိမ်ရောင့်ရဲရ၏"

သေခါမပါ

"ကုဋေကုဋာ၊ ရတနာလျှင်၊ ဥစ္စာအကို၊ များစွာရှိလည်း၊ ရှိလှည့်စေကာ၊ ကြမ္မာတရား၊ ကံကိုထား၍၊ လက်ဝါးဖွေး ဖွေး၊ အမွေးမကပ်၊ မစပ်ကိုယ်မှာ၊ ရွှေသပြာနှင့်၊ ခပ်ပြာ ဆပ်ပြာ၊ စဖိုပြာမျှ၊ သေခါမပါ၊ လက်ချည်းသာတည်း၊ သံသရာခရီး၊ ကိုယ်ထီးတည်းဖြင့်၊ ခါးဆီး ကိုယ်ဝတ်၊ ချွတ်၍ ယူကာ၊ ထည့်တုံပါလည်း၊ မပါသွားရ၊ အပါယ်ကျ၍၊ ဘဝ ယုတ်မာ၊ ဆင်းရဲစွာလိမ့်"

ဒါနကြောင့် ရရှိမည့် ဘဝပဋိသန္ဓေရှစ်ပါး

အလှူဒါနကြောင့် နောင်အခါရရှိမည့် ဘဝပဋိသန္ဓေရှစ်မျိုးကို အစွဲပြု၍ အလှူဒါနရှစ်ပါးကို ခွဲခြားပြန်ဦး၏။

(၁) လူပြည်၌ ကြွယ်ဝချမ်းသာသောသူများကိုမြင်၍ ထိုသူတို့ကဲ့သို့ဖြစ်ရန် ဆုတောင်းပန်ထွာပြုကာ အလှူပေး၍ သီလ နှင့်လည်း ပြည့်စုံသည့်အတွက် ဆုတောင်းသည့်အတိုင်း သေလွန်သည်မှ နောက်၌ လူချမ်းသာဖြစ်ရခြင်း၊

http://www.dhammadownload.com

(၂-ဂ) စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တိနတ်များသည် တန်ခိုးကြီး၏။ စည်းစိမ်ချမ်းသာ ကြီးမားများပြား၏ဟု ကြားသိရသဖြင့် ထို စတုမဟာရာဇ် စသည့် နတ်ပြည်များ၌ ဖြစ်ရန် ဆုတောင်းပန်ထွာပြုကာ အလှူပေး၍ သီလနှင့် လည်း ပြည့်စုံသည့်အတွက် ဆုတောင်းသည့်အတိုင်း သေလွန်သည်မှနောက်၌ စတုမဟာရာဇ်နတ်ပြည် စသည်၌ ဖြစ်ရခြင်း၊

(၈) ပြဟ္မာများသည် အသက်လည်းရှည်၏၊ အဆင်းလည်း လှ၏၊ ချမ်းသာလည်းများ၏ဟုကြားသိရသဖြင့် ထိုပြဟ္မာ့ပြည်၌ ဖြစ်ရန် ဆုတောင်းပန်ထွာပြုကာ အလှူပေး၍ သီလနှင့်လည်း ပြည့်စုံသည့်အတွက် ဆုတောင်းသည့် အတိုင်း သေလွန်သည်မှ နောက်၌ ပြဟ္မာဘုံ၌ ဖြစ်ရခြင်း။

မှတ်ချက်။ ။ ဤအမှတ်ရှစ်၌ ဒါနသက်သက်ဖြင့် ပြဟ္မာအဖြစ်ကို ရနိုင်သကဲ့သို့ ဟောထားသော်လည်း စင်စစ်မှာ ဒါနသက်သက်ဖြင့်ကား ပြဟ္မာအဖြစ်ကို မရနိုင်။ ပြဆိုခဲ့ပြီးသော ပထမဒါနသုတ် အလှူဒါန ရှစ်မျိုးနှင့် ဒါနဝတ္ထုသုတ် အလှူပေးခြင်းအကြောင်း ရှစ်ပါးတွင် ပါဝင်သည့် ရှစ်ခုမြောက်ဖြစ်သော ဒါနမျိုးဖြင့် နူးညံ့စိတ်ရှိသည်ဖြစ်၍ ပြဟ္မာဝိဟာရတရားတို့ကို

http://www.dhammadownload.com

ပွားများပြီးလျှင် ဗြဟ္မာပြည်၌ ဖြစ်နိုင်သည်ကိုစွဲ၍ ဟောကြားခြင်းဖြစ်သည်။ ဤဒါနရှစ်ပါးမှာ ဝင့်၌ မှီသော ဝဏ္ဏနီသိတ ဒါနစုချည်းသာဖြစ်၍ လူ နတ် ဗြဟ္မာ ဟူသော လောကီ စည်းစိမ်ချမ်းသာ အကျိုးဘက်ကို တောင့်တ၍ ပြုသောကြောင့် အယုတ် အညံ့ကို ညွှတ်သောစိတ်ဖြစ်၍ အယုတ် အညံ့ ဟီနဒါနစုသာ ဖြစ်၏။

နတ်ဘို့ဥယျာဉ် စိမ်းလန်းရွှင်

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် တာဝတိံသာနတ်ပြည်တွင် မာလာဘာရီနတ်သား သည် နတ်သမီးတစ်ထောင် ခြံရံလျက် ဥယျာဉ်သို့ အပျော်အပါး သွား၏။ နတ်သမီး ငါးရာသည် ပန်းပင်ပေါ်တက်၍ ပန်းခူးချပေး၏။ ငါးရာက အောက်မှနေ၍ ကောက်ယူကာ သိုက်ပြီး နတ်သားအား ပန်ဆင်ပေးကြကုန်၏။ ပန်းပင်ပေါ်တက်သော နတ်သမီးတစ် ယောက်သည် သေလွန်ပျောက်ဆုံး၍ သာဝတ္ထိပြည်တွင် ပဋိသန္ဓေ တည်နေ ဖွားမြင်ပြီးသော် "ငါသည် တာဝတိံသာ နတ်ပြည်မှ မာလာဘာရီနတ်သား၏ ဇနီးမယားတည်း" ဟု နောက်ဘဝကို သိသော ဇာတိဿရဉာဏ်ရ၍ အရွယ်ရောက်လတ်သော် ပန်း နုံသာ စသည်တို့ဖြင့် လှူဒါန်း ပူဇော်ပြီးတိုင်း လင်ဟောင်း မာလာဘာရီနတ်သားထံ ပြန်ဖြစ်ရေးကို ဆုတောင်း၏။

http://www.dhammadownload.com

ပတိပူဇိကာ သူငယ်မ

သူမသည် အိမ်ထောင်ကျပြီးနောက် စာရေးတံဆွမ်းတစ်ဆယ့်ငါးရက် ပက္ခိတဆွမ်း၊ ဝါဆိုသင်္ကန်း စသည် လှူဒါန်းပြီး သောအခါ၌လည်း "အကျွန်ုပ်၏ ဤကုသိုလ်သည် လင်ဟောင်း မာလာဘာရီ နတ်သားထံ ပြန်လည်ဖြစ်ခြင်း၏ အကြောင်း အထောက်အပံ့ဖြစ်ရပါလို၏" ဟူ၍ ဆုတောင်းလေ့ရှိသည်။ ထို့ကြောင့် သူမကို "ပတိ=လင်ကို၊ ပူဇိကာ=ပူဇော်သူ" ဖြစ်၍ "ပတိ ပူဇိကာ" ဟူ၍ ခေါ်ဝေါ်ကြကုန်၏။

သူမသည် သီလရှိ၏။ ကုသိုလ်မှုဌ မွေ့လျော်၏။ ရဟန်းတော်များနှင့် အကျွမ်းတဝင် ရင်းနှီး၏။ အမြဲမပြတ် ရဟန်းတော်များ ဆွမ်းကျွေးဇရပ်ကို တံမြက်လှည်း၏။ သောက်ရေ သုံးရေတည် ထား၏။ နေရာခင်း၏။ သူတစ်ပါးတို့က သံဃာတော်တို့ကို အလှူ ခိုင်းလျှင်လည်း ကြည်ဖြူစွာဆောင်ယူ လှူဒါန်းပေး၏။ သူမသည် ဤနည်းဖြင့် ကုသိုလ်အမျိုးမျိုးတို့ကိုပြုရာ သားသမီးလေးယောက် ရသည်အထိ ဖြစ်၏။ တစ်နေ့တွင် နံနက်ပိုင်း အလှူဒါနပြုပြီး သီလယူ၍ တရားနာ၏။ ညနေချမ်းရောက်သော် ရုတ်တရက် ရောဂါဖြင့် သေလွန်လေ၏။ နောက်နေ့ ရဟန်းတော်များ ဆွမ်းခံ ကြွသော် ဆွမ်းကျွေးဇရပ်၊ တံမြက်မလှည်း၊ နေရာမခင်း၊ သောက် သုံးရေ မရှိသည်ကို တွေ့မြင်လျှင် "ပတိပူဇိကာ ဘယ်သွားလဲ" ဟု ရဟန်းတော်များက မေးကြ၍ ဒကာတို့က အကြောင်းပြော ပြ၏။ ထိုအခါ ပုထုဇဉ် ရဟန်းတို့သည် သောကရောက်ကြကုန်၏။ ရဟန္တာတို့သည် ဓမ္မသံဝေဂဖြစ်ကုန်၏။ ရဟန်းတော်တို့

http://www.dhammadownload.com

သည် ဆွမ်းစားပြီးနောက် ကျောင်းသို့ ရောက်သော် ဘုရားရှင်ထံမှောက် သွားရောက်၍ ရှိခိုးလျှောက်ထား၏။

"မြတ်စွာဘုရား၊ ဒကာမ ပတိပူဇိကာသည် ထကြွ လုံ့လဝီရိယနှင့် ကုသိုလ်အမျိုးမျိုးပြုလုပ်ပြီးလျှင် လင့်ထံပြန်ဖြစ်ရေးကို ဆုတောင်းပါ၏။ သူမ ယခု သေပါပြီ၊ အဘယ်ဘုံဌာနခွဲ ဖြစ်ပါသနည်း"

"ရဟန်းတို့၊ သူ၏ လင်ယောကျ်ားထံတွင် ဖြစ်၏"

"မြတ်စွာဘုရား သူ၏ လင်ယောကျ်ားထံတွင် မရှိပါဘုရား"

"ရဟန်းတို့၊ သူမသည် လူဘဝက လင့်ထံ ပြန်ဖြစ်ရေးကို ဆုတောင်းသည်မဟုတ်၊ တာဝတိံသာနတ်ဘုံရှိ မာလာဘာရီ နတ်သားဟူသော လင်ဟောင်းထံ ပြန်ဖြစ်ရေးကို ဆုတောင်း၍ ပေးလှူခြင်း ဖြစ်၏"

သက်တမ်းတို့လှ လူ့ဘဝ

"မြတ်စွာဘုရား၊ သတ္တဝါတို့၏ အသက်သည် အလွန်တရာ နည်းလှပါ၏။ နံနက်ကပင် အကျွန်ုပ်တို့ကို ပြုစုလုပ်ကျွေး လှူဒါန်းပူဇော်ပါသေးသည်။ ညချမ်းအချိန်တွင် ရုတ်တရက် သေလွန်သွားပါသည်ဘုရား"

"ရဟန်းကို့၊ သတ္တဝါတို့၏အသက်သည် အလွန်နည်းလှ၏။ ထို့ကြောင့်သာလျှင် သတ္တဝါတို့သည် ဝတ္ထုကာမ၊ ကိလေသကာမတို့ဖြင့် မရောင့်ရဲ မနှစ်သိမ့်မိပင် သေမင်းသည် မိမိအလိုသို့ လိုက်စေ၍ ငိုကြွေးမြည်တမ်းစဉ်ပင်လျှင် ခေါ်သွားလေ၏"

http://www.dhammadownload.com

"ရဟန်းတို့၊ ပန်းတို့ကို ရွေးချယ်သောသူကဲ့သို့ ကာမဂုဏ်အာရုံတို့ကို အစွဲလမ်းကြီးစွာ ရွေးချယ်တောင့်တသူ အပေါင်းသည် ကာမဂုဏ်တို့၌ အလိုဆန္ဒမပြည့်မီပင် သေမင်းခေါ်ရာသို့ လိုက်ရလေ၏"

"မုချအရိုး၊ သေကြမျိုးတည့်၊ လူ့ဘိုး နတ်ဘ၊ မိုးကဗြဟ္မာ၊ မလွတ်ရာဘူး၊ လူ့ရွာအရှိ၊ သက်ဇီဝိကား၊ အတိပရိတ္တ၊ လွန်နည်းလှ၏။ တစ်ခဏတွက်၊ ထွက်ဝင်သက်မျှ၊ မဆက်ရနှိုး၊ ရေပွက်မျိုးတည်း၊ လိုစိုးမရ၊ မရဏဟု အနိစ္စတာ၊ လက္ခဏာဖြင့်၊ မကြာဖြုတ်ချည်း၊ ရှင်ရာနည်း၏၊ ကံလည်း မြစ်လောင်း၊ တောင်ကျချောင်းသို့၊ ထောင်းထောင်းခဏ၊ ပျက်လွယ်စွရှင့်"

အမွေကဒါန ကိုးပါး

(က) **သံဃာတော်အား ညွှတ်ကိုင်းထားပြီးသော လာဘ်ကို ညွှတ်ကိုင်းရင်း သံဃာမှတစ်ပါး–**

(၁) အခြားသောသံဃာအား ညွှတ်ကိုင်းစေခြင်း၊

(၂) စေတီတော်အား ညွှတ်ကိုင်းစေခြင်း၊

(၃) ပုဂ္ဂိုလ်တစ်ပါးပါးအား ညွှတ်ကိုင်းစေခြင်း။

(ခ) **စေတီတော်အား ညွှတ်ကိုင်းထားပြီးသော လာဘ်ကို ညွှတ်ကိုင်းရင်း စေတီတော်မှတစ်ပါး–**

(၁) အခြားစေတီတစ်ဆူဆူအား ညွှတ်ကိုင်းစေခြင်း၊

(၂) သံဃာတော်အား ညွှတ်ကိုင်းစေခြင်း၊

(၃) ပုဂ္ဂိုလ်တစ်ပါးပါးအား ညွှတ်ကိုင်းစေခြင်း။

http://www.dhammadownload.com

(၈) **ပုဂ္ဂိုလ်အား ညွှတ်ကိုင်းထားပြီးသောလာဘ်ကို ညွှတ်ကိုင်းရင်း ပုဂ္ဂိုလ်မှတစ်ပါး–**

(၁) အခြားပုဂ္ဂိုလ်တစ်ပါးပါးအား ညွှတ်ကိုင်းစေခြင်း၊

(၂) သံဃာတော်အား ညွှတ်ကိုင်းစေခြင်း၊

(၃) စေတီတော်အား ညွှတ်ကိုင်းစေခြင်း။

ဤ၌ ညွှတ်ကိုင်းပြီးသော လာဘ်ဟူသည် သံဃာအားဖြစ်စေ၊ ပုဂ္ဂိုလ်အားဖြစ်စေ၊ စေတီအားဖြစ်စေ "လူကုန်အံ့ ဆောက်လုပ်ကုန်အံ့" ဟု နှုတ်မြွက်ဝန်ခံပြီးသော ပစ္စည်းလေးပါး လှူဖွယ်များကို ခေါ်သည်ဟု မှတ်ယူရာ၏။

ရည်ရွယ်ရင်းအတိုင်း လှူ

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်အတွင်း အသင်းအဖွဲ့တစ်ခုက "သံဃာတော်အား ဆွမ်းကျွေးပြီးလျှင် သင်္ကန်းကိုပါ လှူပါအံ့" ဟု တိုင်ပင်စကားပြောကြားပြီးလျှင် နှစ်စဉ်လှူမြဲ ဝတ်အတိုင်း သံဃာတော်အား လှူဒါန်းရန် သင်္ကန်းနှင့်ဆွမ်းတို့ကို ပြင်ဆင်ထားလေ၏။ ဆဗ္ဗဂ္ဂိရဟန်းတို့သည် ထိုအသင်းရှိရာသို့ သွားရောက်၍ မိမိတို့အား ထိုသင်္ကန်းများကို လှူဒါန်းရန် အတင်းအကြပ် မငြင်းမဆန်နိုင်အောင် ပြောဆိုအလှူခံသဖြင့် သင်္ကန်းများကို ဆဗ္ဗဂ္ဂိရဟန်းတို့အား လှူဒါန်းလိုက်ရ၍ သံဃာတော်အားမူ ဆွမ်းကိုသာ လှူရတော့သည်။ အကြောင်းစုံကို ရဟန်းတော်များသိရှိလျှင် ကဲ့ရဲ့ရွဲတ်ချစကား ပြောကြားပြီး ဘုရားရှင်အား လျှောက်ထားလေ

http://www.dhammadownload.com

သည်။ ထိုအခါ ဘုရားရှင်က ရဟန်းတို့အား သိက္ခာပုဒ် ပညတ် တော်မူလေသည်။

"ရဟန်းတို့–သံဃာတော်အား လှူအံ့ဟု နှုတ်မြွက်ပြောဆို ညွှတ်ကိုင်းရှိုင်းပြီးသော လာဘ်ကိုသိလျက် မိမိအား ညွှတ်စေ သော ရဟန်းအား နိဿဂ္ဂိယပါစိတ် အာပတ်သင့်စေ၊ တစ်ပါး သော သံဃာအားသော်လည်းကောင်း၊ စေတီအားသော်လည်း ကောင်း၊ ညွှတ်စေသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေ။

"ရဟန်းတို့–စေတီတော်အား လှူအံ့ဟု ညွှတ်ကိုင်းရှိုင်းပြီး သော လာဘ်ကို သိလျက် တစ်ပါးသောစေတီအားဖြစ်စေ၊ သံဃာ အားဖြစ်စေ၊ ပုဂ္ဂိုလ်အားဖြစ်စေ ညွှတ်စေသောရဟန်းအား ဒုက္ကဋ် အာပတ်သင့်စေ"

"ရဟန်းတို့–ပုဂ္ဂိုလ်တစ်ပါးပါးအား ညွှတ်ကိုင်းရှိုင်းပြီးသော လာဘ်ကို သိလျက် တခြားပုဂ္ဂိုလ် တစ်ပါးပါးအားဖြစ်စေ၊ သံဃာ အားဖြစ်စေ၊ စေတီအားဖြစ်စေ ညွှတ်စေသောရဟန်းအား ဒုက္ကဋ် အာပတ်သင့်စေ"

ကြားပွဲစားများ သတိထား

ဤ "အဓမ္မိကဒါန–မတရားအလှူ၏" အကြောင်းရင်းဝတ္ထုကို ကြည့်လျှင် အလှူပွဲစား ဆဗ္ဗဂ္ဂီရဟန်းများ ဝင်ရောက်စွက်ဖက် နှောင့်ယှက်ခြင်းကြောင့် အလှူရှင်တို့၏အလှူမှာ မတရားအလှူ အဓမ္မိကဒါနဟူသော မကောင်းသောအမည်ရကြောင်း ထင်ရှား၏။ မှန်၏။ သံဃာအားဖြစ်စေ၊ စေတီအားဖြစ်စေ၊ ပုဂ္ဂိုလ်အားဖြစ်စေ

http://www.dhammadownload.com

"ဤလူဖွယ်ဝတ္ထုကို ပေးလှူအံ့" ဟု အလှူရှင်က နှုတ်မြွက်ပြော ဆိုပြီးလျှင် ထိုဝတ္ထုသည် နှုတ်မြွက်ပြောကြားခံရသော သံဃာ၊ စေတီ၊ ပုဂ္ဂိုလ်တို့၏ ဥစ္စာတစ်ဝက်ဖြစ်လေပြီ၊ ထိုသို့ သံဃာ၊ စေတီ၊ ပုဂ္ဂိုလ်တို့အား ညွှတ်ကိုင်းရှိုင်းပြီးမှန်းသိလျက် အလှူပွဲစား ဆဗ္ဗဂိုရဟန်းများလို မတရား ဝင်ရောက် စွက်ဖက်နှောင့်ယှက်၍ ညွှတ်ကိုင်းရင်းဖြစ်သည့် သံဃာ၊ စေတီ၊ ပုဂ္ဂိုလ်မှတစ်ပါး အခြား သော သံဃာ၊ စေတီ၊ ပုဂ္ဂိုလ်အား လှူဒါန်းရန် ညွှတ်စေသဖြင့် ထိုအလှူပွဲစားတို့၏ စကားအတိုင်း အလှူရှင်က လိုက်နာ၍ မိမိ ညွှတ်ကိုင်းရင်း သံဃာ၊ စေတီ၊ ပုဂ္ဂိုလ်မှတစ်ပါး အခြားသော သံဃာ၊ စေတီ၊ ပုဂ္ဂိုလ်အား လှူဒါန်းသောအခါ ထိုအလှူဒါန သည် မတရားအလှူ အဓမ္မိကဒါန ဖြစ်ရတော့၏။

မတရားခံယူခြင်း

ယင်းသို့ အလှူပွဲစားတို့ မတရား ဝင်ရောက်စွက်ဖက်နှောင့် ယှက်သဖြင့် ညွှတ်ကိုင်းရှိုင်းရင်း သံဃာ၊ စေတီ၊ ပုဂ္ဂိုလ်မှတစ်ပါး အခြားသော သံဃာ၊ စေတီ၊ ပုဂ္ဂိုလ်အား လှူဒါန်းသော မတရား အလှူ အဓမ္မိကဒါနကို ခံယူခြင်းမျိုးကို 'မတရားခံယူခြင်း အဓမ္မိက ပဋိဂ္ဂဟ' ဟူ၍ ဟောတော်မူ၏။ ယင်းသို့ သုံးစွဲခြင်းကိုလည်း 'မတရားသုံးစွဲခြင်း အဓမ္မိကပရိဘောဂ' ဟူ၍ ဟောတော်မူ၏။

အလှူပွဲစားတို့ မတရားဝင်ရောက် စွက်ဖက်နှောင့်ယှက်ခြင်း ဖြင့် ညွှတ်ကိုင်းရှိုင်းရင်း သံဃာ၊ စေတီ၊ ပုဂ္ဂိုလ်မှတစ်ပါး အခြား သော သံဃာ၊ စေတီ၊ ပုဂ္ဂိုလ်အားလှူဒါန်းခြင်းကို မတရား

http://www.dhammadownload.com

အလှူ အဝမ်ဓိကဒါနဟု ခေါ်ဆိုရသော်လည်း တရားသဖြင့် ညွှတ်ကိုင်းရင်းမှ တစ်ပါး အခြားသို့ ညွှတ်ကိုင်းစေခြင်းကိုလည်း ကောင်း၊ အလှူရှင်ကိုယ်တိုင်၏ အသိမှန်၍ မူလညွှတ်ကိုင်းရင်းမှ အခြားတစ်ပါးသို့ ပြောင်းလွှဲလှူဒါန်းခြင်းကိုလည်းကောင်း မတရား အလှူ အဝမ်ဓိကဒါနဟု မဆိုသာပေ။

မိထွေးတော်အလှူပွဲ

အခါတစ်ပါး မိထွေးတော် ဂေါတမီသည် အဆင်တန်ဆာ အပြည့်အစုံ ဝတ်ရုံပြင်ဆင်ပြီးလျှင် အထိန်းတော်အပေါင်းခြံရံလျက် သင်္ကန်းလျာ ပိတ်ချောအစုံထည့်၍ထားသော နံ့သာကြုတ်ကို ကိုယ်တိုင်ပင် ဦးခေါင်းဖြင့်ရွက်၍ ကြီးစွာသော အခမ်းအနားဖြင့် ဘုရားရှင်ထံမှောက် သွားရောက်ပြီးလျှင် ရှိခိုး၍ လျှောက်ထား၏။

"သားတော် မြတ်ဘုရား၊ အကျွန်ုပ်သည် သားတော်ဘုရားကို ရည်စူး၍ ဤအသစ်ဖြစ်သော သင်္ကန်းလျာ ပိတ်ချောအစုံကို ကိုယ်တိုင်ပင် ဗိုင်းငင်ဝါဖတ် ရက်လုပ်အပ်ခဲ့ပါပြီ၊ သားတော်မြတ်ဘုရား၊ အရှင်ဘုရားသည် အကျွန်ုပ်ကို ငဲ့ညှာထောက်ထား သနားသမှုအကြောင်းပြု၍ အကျွန်ုပ်ရက်လုပ်လှူဒါန်းအပ်သည့် သင်္ကန်းလျာ ပိတ်ချောအစုံကို ခံယူတော်မူပါဘုရား"

"ဂေါတမီ၊ သင်သည် ထိုသင်္ကန်းလျာ ပိတ်ချောအစုံကို သံဃာတော်အား လှူလော့၊ သံဃာတော်အား လှူသော် ငါ့အားလည်း လှူဒါန်းပူဇော်သည်မည်တော့၏"

http://www.dhammadownload.com

ဘုရားရှင်သည် ဤသို့ မိမိအား လှူဒါန်းအံ့ဟု နှုတ်မြွက် ညွှတ်ကိုင်း၍ ရက်လုပ်ထားသော မိထွေးတော်ဂေါတမီ၏ သင်္ကန်း လျာ ပိတ်ချောအစုံကို သံဃာတော်အား လှူဒါန်းရန် မိန့်တော် မူသည်။ အပြစ်ရှိ၍ အဓမ္မိကဒါန မတရားအလှူဖြစ်မည်မှန်က ဘုရားရှင် မိန့်ကြားတော်မူမည် မဟုတ်ပေ။

ဘုန်းကြွင့် သံဃာကို ညွှန်း

အဘယ့်ကြောင့် ဘုရားရှင်သည် မိမိအား လှူဒါန်းသော သင်္ကန်းလျာ ပိတ်ချောအစုံကို သံဃာတော်အား လှူစေသနည်း။ ဘုရားရှင်အား အာရုံပြု၍ စေတနာသုံးတန်ဖြစ်ပြီး ရဟန်း သံဃာ အား အာရုံပြု၍လည်း စေတနာသုံးတန် ဖြစ်စေသတည်း၊ ဤသို့ ဖြစ်သော မိထွေးတော်ဂေါတမီအား စေတနာခြောက်တန်ဖြစ်၍ ရှည်မြင့်စွာသော နေ့ညဉ့်တို့ပတ်လုံး အစီးအပွားချမ်းသာဖြစ်ခြင်း ငှာ သနားစောင့်ရှောက် ချီးမြှောက်တော်မူလို၍ သံဃာတော် အား လှူစေသည်။ သံဃာသည် ဘုရားရှင်ထက် မြတ်သော သောကြောင့် မဟုတ်ပေ။ သံဃာအား လှူခြင်းသည် ဘုရားရှင် အား လှူခြင်းထက် အကျိုးကြီးမြတ်သောကြောင့် မဟုတ်ပေ။

သံဃာကို ကြည်ညိုတတ်ရန်

တစ်နည်းဆိုသော် နောင်လာနောက်သားတို့၏ သံဃာတော် ၌ ကြည်ညိုမှုဖြစ်စေခြင်းငှာ သံဃာတော်အား လှူစေခြင်းဖြစ်၏။ မှန်၏။ ဘုရားရှင်သည် ကြာမြင့်စွာမတည်၊ ဘုရားရှင်၏ သာသနာ

http://www.dhammadownload.com

တော်ကို သံဃာတော်က ကြာမြင့်စွာ တည်စေလတ္တံ့ဟု သံဃာတော်အား ကြည်ညိုခြင်းကို ဖြစ်စေခြင်းငှာ သံဃာတော်အား လှူစေသည်။ နောင်လာနောက်သားတို့သည် "ဘုရားရှင်သည် မိမိအား လှူဒါန်းသော သင်္ကန်းလျှာကိုတောင်မှ သံဃာတော်အား လှူစေသည်။ သံဃာမည်သည် မြတ်သော အလှူတော်ကို ခံထိုက်၏"ဟု သိရှိပြီး သံဃာတော်အား ကြည်ညိုတတ်စေခြင်းငှာ ဖြစ်၏။

ငွေတစ်သိန်းလာဘ်စား



ကောသလမင်းကြီးကို တိတ္ထိတို့က ငွေတစ်သိန်းလာဘ်ထိုး၍ "မင်းကြီး၊ ငါသည်ဇေတဝန်ကျောင်း နောက်ဖေးဦ တိတ္ထိကျောင်း ဆောက်မည်၊ အကယ်၍ ရဟန်းတော်တို့က ကျောင်းဆောက်လုပ်ခွင့်မပေးပါနှင့်ဟု သင်မင်းကြီးအားလာပြောလျှင် ထိုရဟန်းတို့၏စကားကို မနာယူပါနှင့်" ဟု ပြောဆိုကုန်၏။ မင်းကြီးသည် ငွေတစ်သိန်းမက်၍ 'ကောင်းပါပြီ'ဟု ဝန်ခံ၏။ တိတ္ထိတို့သည် မင်းကြီးထံမှ ဝန်ခံချက်ရလျှင် ကျယ်လောင်ဆူညံစွာနှင့် ကျောင်းဆောက်ရန် သစ်ဝါးများကို ချသောအခါ ဘုရားရှင်သိလျှင် ရှင်အာနန္ဒာအား ပြောကြား၏။

"အာနန္ဒ၊ ဤနေရာသည် တိတ္ထိကျောင်းဆောက်ရန် မသင့်လျော် မလျောက်ပတ်၊ တိတ္ထိတို့သည် အလွန်ဆူညံ၏။ သူတို့နှင့် နီးကပ်စွာနေလျှင် မသင့်လျော် မလျောက်ပတ်"

http://www.dhammadownload.com

ထိုအခါ ရှင်အာနန္ဒသည် သံဃာတော်အများနှင့် နန်းတော်သို့ ကြွသွား၏။ မင်းကြီးသည် လာဘ်စားထားသဖြင့် အတွေ့မခံဝံ့ပေ။ သို့နှင့် ဒုတိယအကြိမ် ရှင်သာရိပုတ္တနှင့် ရှင်မဟာမောဂ္ဂလာနတို့ ကြွသွား၏။ မင်းကြီး အတွေ့မခံဝံ့သေး။ ထို့နောက် ဘုရားရှင်ကိုယ်တိုင် သံဃာတော်များနှင့်အတူ နန်းတော်သို့ ဆွမ်းခံဝင်၏။ မင်းကြီးသည် ဘုရားရှင်၏ သပိတ်ကိုယူ၍ နန်းတော်တွင်းသို့ ပင့်ပြီးလျှင် ဆွမ်းဆက်ကပ်ကာ ရှိခိုးလျက် ထိုင်နေ၏။ ထိုအခါ ဘုရားရှင်သည် မင်းကြီးအား တရားဟောတော်မူလို၍ ဤသို့ မိန့်တော်မူ၏။

"မင်းကြီး၊ ရှေးမင်းတို့သည် လာဘ်စား၍ သီလရှိသောသူတို့ကို အချင်းချင်းငြင်းခုံခိုက်ရန်ဖြစ်စေသဖြင့် တိုင်းပြည်ပျက်စီးခြင်းသို့ ရောက်ရဖူးကုန်၏"

"မြတ်စွာဘုရား၊ ထိုအကြောင်းကို အကျွန်ုပ်အား အကျယ်အားဖြင့် ဟောကြားတော်မူပါလော"

လာဘ်စားက ပျက်ပြားတတ်သည်

"မင်းကြီး အတိတ်ကာလ တစ်ခုသောဘဝက ဘရုတိုင်း၌ ဘရုမင်း အုပ်စိုးလေ၏။ ဘုရားအလောင်းသည် ရသေ့ဖြစ်၍ ရသေ့ငါးရာနှင့်အတူ ဟိမဝန္တာ၌နေ၏။ တစ်နေ့သ၌ ချဉ်ဆားမှီဝဲရန် အလို့ငှာ ဘရုတိုင်းသို့ လာရောက်ပြီး မြောက်တံခါးအနီး ပညောင်ပင်ရင်း၌ နေထိုင်ကြကုန်၏။ အခြားတစ်ပါးသော ရသေ့ငါးရာတို့လည်း ထိုနည်းအတူ ရောက်ရှိပြီး တောင်တံခါးအနီး

http://www.dhammadownload.com

ပညောင်ပင်ရင်း၌ နေကုန်၏။ ချဉ်ဆားမှိုဝဲပြီးသောအခါ ရသေ့အားလုံး ဟိမဝန္တာ ပြန်ကြွကုန်၏။ သူတို့ပြန်ကြွ၍ မကြာမီ တောင်တံခါးအနီး ပညောင်ပင်သည်သေ၍ ခြောက်သွေ့၏။

နောက်တစ်ကြိမ်လာသောအခါ တောင်တံခါးအနီး ပညောင်ပင်၌ နေသော ရသေ့တို့သည် အလျင်လာ၍ သူတို့ပညောင်ပင် ခြောက်သွေ့၍ သေနေသည်ကိုမြင်လျှင် မြောက်တံခါးအနီး ပညောင်ပင်ရင်း၌ နေထိုင်ကြကုန်၏။ ဘုရားအလောင်း အမှူးရှိသော ရသေ့ငါးရာတို့ ရောက်လာပြန်သောအခါ ပထမနေပြီး ရသေ့တို့က "ဤပညောင်ပင်သည် သင်တို့ပညောင်ပင်မဟုတ်၊ ငါတို့ ပညောင်ပင်"ဟု ပညောင်ပင်ကိုအမှီပြု၍ ခိုက်ရန်စကား စတင်ပွား၏။ ခိုက်ရန်ငြင်းခုံမှု ကြီးကျယ်လာသော် မင်းထံသို့ သွားကြကုန်၏။ မင်းက "ရှေးဦးစွာနေသောရသေ့တို့ ပိုင်စေ"ဟု အမိန့်ချ၏။ ရှုံးသောရသေ့တို့သည် "ငါတို့တော့ ရှုံးသူအဖြစ် အပြောမခံနိုင်"ဟု ကြံပြီး ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်ကြည့်သော် ရှေးအခါက စကြာမင်း၏ အသုံးအဆောင် ရထားချိုင့်ကို မြင်၍ ယူပြီးလျှင် မင်းကြီးအား လာဘ်ထိုးလေ၏။ မင်းကြီးသည် လာဘ်စား၍ "နှစ်ဖက်သောရသေ့ပိုင်စေ" ဟု အမိန့်ချပြန်၏။ ရှုံးသော ရသေ့တို့က တစ်ဖန် စကြာမင်း၏ အသုံးအဆောင် ရထားချိုင့်၏ ဘီးကိုယူပြီးလျှင် မင်းကြီးအား လာဘ်ထိုးပြန်၏။ မင်းသည် ထိုရသေ့တို့အားသာ တစ်ဦးတည်းပိုင်အဖြစ် အမိန့်ချပြန်၏။

http://www.dhammadownload.com

ထို့နောက် ရသေ့အားလုံးတို့သည် "ငါတို့သည် ဝတ္ထုကာမ၊ ကိလေသာကာမတို့ကို စွန့်လွှတ်၍ ရသေ့ ရဟန်းပြုပြီး ရက္ခမူကျောင်း ဤပညောင်ပင်အကြောင်းကြောင့် ငြင်းခုံခိုက်ရန်ဖြစ်၍ လာဘ်ထိုးလျက် မသင့်လျော်သည်ကို ပြုဘိ၏" နှလုံး မသာယာဖြစ်ကုန်၍ လျင်မြန်စွာ ဟိမဝန္တာသို့ ပြန်ကြလေကုန်၏။ ဘရုတိုင်း၌နေကုန်သော နတ်တို့သည် တစ်ပေါင်းတည်းစုရုံး၍ "သီလရှိကုန်သော ရသေ့တို့ကို ငြင်းခုံခိုက်ရန်ဖြစ်အောင် လာဘ်စားလျက် မင်းသည် မသင့်သည်ကိုပြုအပ်၏" ဟု မင်းအား အမျက်ထွက်၍ ဘရုတိုင်းကို သမုဒ္ဒရာသို့ ရောက်အောင် မျှော၍ ဖျက်ဆီးကြကုန်၏။

"မင်းကြီး၊ ဤသို့လျှင် တစ်ယောက်သော ဘရုမင်းကို အမှီပြု၍ ဘရုတိုင်း၌ နေကုန်သော သူအားလုံး ပျက်စီးခြင်းသို့ ရောက်ရလေကုန်၏"

"မင်းကြီး–ထို့ကြောင့် မလိုက်သင့်သော ဆန္ဒာဂတိအစရှိသည်သို့ လိုက်ခြင်းကို ပညာရှိတို့ မချီးမွမ်းကုန်၊ ကိလေသာတို့သည် မဖျက်ဆီးအပ်သော စိတ်ရှိသည်ဖြစ်၍ မှန်သည်နှင့်စပ်သော သစ္စာစကားကိုသာ ပြောဆိုအပ်၏"

မင်းကြီးအမြင်မှန်ရ

မင်းကြီးသည် တရားနာပြီးနောက် အမြင်မှန်ရပြီးလျှင် မူလပေးရင်းမြေနှင့်တကွ သစ်ဝါးများကိုပါ မင်းဘဏ္ဍာအဖြစ်သိမ်းယူပြီး ထိုနေရာ၌ အရာမ်ကျောင်းတိုက်တစ်ခု ဆောက်လုပ်ကာ

http://www.dhammadownload.com

ဘုရားရှင်အား လှူဒါန်းလေသည်။ ထိုကျောင်းတိုက်သည် ကောသလမင်းကြီး၏ ကောင်းမှုကြောင့် "ရာဇကာရာမကျောင်းတိုက်" ဟု အမည်တွင်ခဲ့သည်။ ယင်းကျောင်းတိုက်ကို ဘုရားရှင်အား လှူဒါန်းရာ၌ အဓမ္မိကဒါနဖြစ်လျှင် ဘုရားရှင် လက်ခံတော်မူမည် မဟုတ်ပေ။

တစ်ဖန် သံဃာဂုဏ်တော် ကိုးပါးတွင် ပါဝင်သည့် ပါဟုနေယျဂုဏ်တော်ကိုလည်း အထောက်အထားပြုရာ၏။ မိမိအထံသို့ ရောက်လာမည့် ဧည့်သည် အာဂန္တုတို့အတွက် စီမံပြုလုပ်ထားသော ပစ္စည်းကို "ပါဟုန" ဟုခေါ်သည်။ အရိယာသံဃာတော်များနှင့် တွေ့ကြုံသောအခါ မိမိညွှတ်ကိုင်း ရည်ရွယ်ထားရင်းဖြစ်သော မူလအာဂန္တုများကို ဖယ်ထားပြီးလျှင် အာရိယာသံဃာတော်အား သာ ထိုပစ္စည်းကို လှူဒါန်းခြင်းငှာ ထိုက်၏။ အရိယာသံဃာတော်များကလည်း အလှူခံပြီး သုံးဆောင်ခြင်းငှာ ထိုက်၏။ ဤသို့ အလှူခံ ထိုက်ခြင်းကို "ပါဟုနေယျဂုဏ်တော်"ဟု ခေါ်သည်။

အကယ်၍ အလှူရှင်၏ သဘောအတိုင်း အလှူပွဲစားတို့ ဝင်ရှုပ်ခြင်းမရှိဘဲ မိမိပစ္စည်းကို မူလညွှတ်ကိုင်းရင်းမှ ပြောင်းရွှေ့လှူဒါန်းခြင်းသည် မတရားဖြစ်ခဲ့ပါလျှင် ဧည့်သည် အာဂန္တုတို့အတွက် ရည်ရွယ်ညွှတ်ကိုင်းထားသော ပစ္စည်းကို အရိယာသံဃာတော်အား လှူဒါန်းထိုက်ကြောင်း၊ လှူဒါန်းသည်ကို ခံယူထိုက်ကြောင်း ဘုရားရှင် ဟောကြားတော်မူမည် မဟုတ်ချေ။

(၁၀) ဆီမီးထွန်းရန် ဖယောင်းတိုင်၊

ရေနံဆီ စသည်ကို လှူဒါန်းခြင်း = **ပဒီပေယျဒါန**၊ အားဖြင့် ဒါန ဆယ်ပါးရှိ၏။

ဤဆယ်ပါးကိုလည်း ဒါနဝတ္ထုဆယ်ပါးအဖြစ်ဖြင့်သာ ဟောတော်မူခြင်း ဖြစ်သည်။ ဤသို့ ဒါနဝတ္ထုဆယ်ပါးရှိသဖြင့် ထိုဝတ္ထုတို့ကို အသီးသီး လှူဒါန်းလျှင်လည်း ဆယ်ပါးဖြစ်သင့်သောကြောင့် သုတ္တန်အလို ဒါနဆယ်ပါးရှိသည်ဟု ဆိုခြင်းဖြစ်သည်။ ဤဒါနဝတ္ထု ဆယ်ပါးကိုသာ ဘုရားရှင် ဟောတော်မူသည်ဟု အကြောင်းပြကာ ဤဆယ်ပါးကိုသာ လှူကောင်းသည်၊ အခြား ဝတ္ထုတို့ကို မလှူကောင်းဟု မမှတ်ယူအပ်၊ လောကဌ် အလှူများရာကို ယေဘုယျအားဖြင့်လိုက်၍ ဤဆယ်ပါးကို ဒါနဝတ္ထုဟု ဟောတော်မူခြင်းဖြစ်သည်။ တစ်နည်းဆိုသော် အရာဝတ္ထုဟူသမျှကို ဤဆယ်ပါး၌ သဘောတူရာ သွတ်သွင်းသိမှတ်နိုင်မည် ဖြစ်သောကြောင့် ဤဆယ်ပါးကို ပြလိုက်သဖြင့် အခြားအရာဝတ္ထုတို့ကို ပြုပြီးဖြစ်၍ လှူဒါန်းနိုင်သည်ဟု သိမှတ်ရာ၏။

အဓလောင်းဘော်တို့ရည်မှန်းချက်

ဘုရားအလောင်းတော်သည် သတ္တဝါတို့အား အာမိသအလှူကို ပေးလှူသည်ရှိသော် "ငါသည် ဤအာမိသဒါနဖြင့် သတ္တဝါတို့၏ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ပညာဉာဏ်ကြီးခြင်းစသော သမ္မတ္တိအမျိုးမျိုးတို့နှင့်တကွ အရဟတ္တဖိုလ်တည်းဟူသော အမြတ်ဆုံးသမ္မတ္တိ

http://www.dhammadownload.com

အချုပ်ဆိုသော် ဤ အဓမ္မိကဒါနကို ပြုရာ၌ သံဃာအား ညွှတ်ပြီးသော လာဘ်ကို အခြားသံဃာအား ဖြစ်စေ၊ စေတီအား ဖြစ်စေ၊ ပုဂ္ဂိုလ်အားဖြစ်စေ "ညွှတ်ကိုင်းစေခြင်း" စသည်ကိုသာ ဖွင့်ပြသဖြင့် "ညွှတ်ကိုင်းစေခြင်း" ဟူသည် အလှူရှင်၏ အလုပ်ကိစ္စကိရိယာမဟုတ်၊ အလှူပွဲစားတို့၏ မတရား ဝင်ရောက်စွက်ဖက် နှောင့်ယှက်၍ ရွှေ့ပြောင်းလှူရန် စိမ်ပြောဆိုခြင်းကြောင့်သာ ဖြစ်ရသည်ဟု ယုံကြည်စွာ မှတ်ယူအပ်ပေ၏။

အလှူရှင်၏ အသိဉာဏ်အလျောက် ပြောင်းရွှေ့လှူဒါန်းခြင်း နှင့် လုံးဝမသက်ဆိုင်ဟု မှတ်ပါ။

သုတ္တန်အလှူဒါ ဆယ်ပါး

သုတ္တန်ဒေသနာတော် အလိုအားဖြင့်-

(၁) စားဖွယ်အမျိုးမျိုး လှူဒါန်းခြင်း = **အန္နဒါန၊**
(၂) သောက်ဖွယ်အမျိုးမျိုး လှူဒါန်းခြင်း = **ပါနဒါန၊**
(၃) အဝတ်အထည် လှူဒါန်းခြင်း = **ဝတ္ထဒါန၊**
(၄) စီးနင်းစရာယာဉ် လှူဒါန်းခြင်း = **ယာနဒါန၊**
(၅) ပန်းအမျိုးမျိုး လှူဒါန်းခြင်း = **မာလာဒါန၊**
(၆) နံ့သာအမျိုးမျိုး လှူဒါန်းခြင်း = **ဂန္ဓဒါန၊**
(၇) လိမ်းခြယ်စရာအမျိုးမျိုး လှူဒါန်းခြင်း = **ဝိလေပနဒါန၊**
(၈) ညောင်စောင်း၊ ခုတင် စသော အိပ်ရာနေရာလှူဒါန်းခြင်း = **သေယျဒါန၊**
(၉) အိမ် ကျောင်း စသော နေရာ အဆောက်အအုံကို လှူဒါန်းခြင်း = **အာဝသထာဒါန၊**

အကျိုးကို သည်ပိုးရွက်ဆောင် ပြီးစီးစေနိုင်ရရလိုက်"ဟု စိတ်သန်ဆုညွှတ်၍ စားဖွယ်အမျိုးမျိုး အန္နဒါနကို ပေးလှူတော်မူ၏။

သတ္တဝါတို့၏ ကာမကိလေသာ ဆာလောင်မွတ်သိပ်မှုဘေးကို ငြိမ်းအေးစေနိုင်ရန်အတွက် သောက်ဖွယ်အမျိုးမျိုး ပါနဒါနကို ပေးလှူတော်မူ၏။

ရွှေရောင်အဆင်း ဝါဝင်းသောကိုယ်ရေရှိခြင်း၊ ဟိရိသြတ္တပ္ပတည်းဟူသော ဓမ္မအဆင်တန်ဆာတို့ကို ရရှိခြင်းအကျိုးတို့ ပြီးစီးကုံလုံပြည့်စုံစေရန် အဝတ်အထည် ဝတ္ထုဒါနကို ပေးလှူတော်မူ၏။

တန်ခိုးအစီအရင် အမျိုးမျိုးနှင့် နိဗ္ဗာန်ချမ်းသာ အကျိုးကို ပြီးစီးကုံလုံ ပြည့်စုံစေရန် စီးနင်းစရာယာဉ် ယာနဒါနကို ပေးလှူတော်မူ၏။

အတုမရှိသော သီလဂုဏ်ရနံ့ကောင်း ထုံစေရန် နံ့သာအမျိုးမျိုး ဂန္ဓဒါနကို ပေးလှူတော်မူ၏။

ဘုရားဂုဏ်တို့ဖြင့် တင့်တယ်ခြင်းအကျိုး ပြည့်ဖြိုးစေရန် ပန်းအမျိုးမျိုး၊ လိမ်းခြယ်စရာအမျိုးမျိုး မာလာဒါနနှင့် ဝိလေပနဒါနကို ပေးလှူတော်မူ၏။

ဗောဓိမဏ္ဍိုင် အပရာဇိတပလ္လင်တော် နေရာကို ရရှိခြင်းအကျိုး ပြည့်ဖြိုးစေရန် နေရာထိုင်အလှူ သေယျဒါနကို ပေးလှူတော်မူ၏။

စတုတ္ထစျာန်ကို ဝင်စားခြင်းတည်းဟူသော ဘုရားရှင်တို့၏ အိပ်ခြင်းအကျိုးကို ရရှိရန် အိပ်ရာအလှူ သေယျဒါနကို ပေးလှူတော်မူ၏။

http://www.dhammadownload.com

လောကသုံးပါး၏ ကိုးစားမှီရိုရာ ဖြစ်ဖို့ရန် ဇရပ်၊ တန်ဆောင်း၊ အိမ် ကျောင်း စသော အဆောက်အအုံ အာဝသထဒါနကို ပေးလှူတော်မူ၏။

စက္ခုငါးမျိုး အကျိုးရရန် ဆီမီးအဆောက်အအုံ ပဒီပေယျ ဒါနကို ပေးလှူတော်မူ၏။

ထီးနှင့်ဖိနပ်အလှူ

အတိတ်ကာလ တစ်ခုသောဘဝက ဘုရားအလောင်းတော် သည် မောဠိနီပြည်ဝယ် ကြွယ်ဝချမ်းသာသော ပုဏ္ဏားမျိုးဌာဖြစ်၏။ အမည်မှာ သခ်ဖြစ်၏။ သူသည် ကြွယ်ဝချမ်းသာသည့်အလျောက် အလှူအမျိုးမျိုးတို့ကို အမြဲမပြတ် ပေးလှူလျက်နေ၏။ တစ်နေ့သ၌ "ငါသည် အိမ်၌ ဥစ္စာကုန်ခန်းသော် မလှူဒါန်းနိုင်ဖြစ်တော့မည်၊ ဥစ္စာမကုန်ခန်းမီ နောက်ထပ် ဥစ္စာရရန် ဥစ္စာရှာထွက်အံ့" ဟု ကြံ၍ "ငါပြန်မလာခင် ဤငါ၏ အလှူဒါန ဝတ်ကို မပျက်ပါစေလင့်" ဟု မှာထား၍ အလုပ်အကျွေးတစ်ယောက်နှင့်သွား၏။ သဘော်ဆိပ်ခရီးမှာ အရိပ်မရှိ ပူပြင်းလှ၏။ ထီးနှင့် ဖိနပ်ကိုသာ အားကိုးရ၏။ သူ၏ရှေ့မှ ခရီးရင်ဆိုင်ကြွလာသော ပစ္စေကဗုဒ္ဓ အရှင်မြတ်ကို သူသည် ဖူးမြင်ရ၏။ အရှင်မြတ်တွင် ဖိနပ် ထီး မပါ၊ ထိုအခါ သူသည် ဤသို့ အကြံဖြစ်၏။

"ကောင်းမှုကို အလိုရှိသော သတ္တဝါအား ဤကောင်းမှု မျိုးစေ့ကို စိုက်ပျိုးရာ လယ်မြေကောင်းသည် ဆိုက်ရောက်လာပေ၏။ လယ်ထွန်ယောကျ်ားသည် အသီးအနှံများစွာ ပေါက် ရောက်နိုင်သော လယ်ယာမြေကို တွေ့မြင်ပါလျက် ထိုလယ်ယာ

http://www.dhammadownload.com

မြေ၌ မျိုးစေ့ကို မစိုက်ပျိုးငြားအံ့၊ ထိုသူသည် စပါးဖြင့် အလို ရှိသူမဟုတ်သကဲ့သို့ ကောင်းမှုအလိုရှိသော ငါသည် အမြတ်ဆုံး လယ်ယာမြေသဖွယ် ဖြစ်သော ပစ္စေကဗုဒ္ဓ အရှင်မြတ်ကို ဖူးမြင် ရပါလျက် အကယ်၍ ထိုလယ်ယာမြေသဖွယ် ပစ္စေကဗုဒ္ဓအရှင် မြတ်၌ ကောင်းမှုမပြုငြားအံ့ ငါသည် ကောင်းမှုဖြင့် အလိုရှိသူ မဟုတ်။

"–ဘွဲ့တံဆိပ် အလိုရှိသောအမတ်သည် မင်း၏ နန်းတော် တွင်း၌နေသော လူအပေါင်း၌လည်းကောင်း၊ ပြင်ပ ဗိုလ်ပါအပေါင်း ၌လည်းကောင်း၊ မင်း၏ အမိန့်အတိုင်း မကျင့်ငြားအံ့၊ ထိုသူတို့ အား ဥစ္စာစပါး မပေးငြားအံ့၊ ထိုအမတ်သည် ဘွဲ့တံဆိပ်မှ ဆုတ်ယုတ်သကဲ့သို့ ကောင်းမှုကို အလိုရှိသောငါသည် ပြန့်ပြော များပြတ်သော အလှူခံပုဂ္ဂိုလ်ကို ဖူးမြင်ရပါလျက် အကယ်၍ ထိုအလှူခံပုဂ္ဂိုလ်အား အလှူမပေးငြားအံ့ ကောင်းမှုမှ ဆုတ်ယုတ် တော့ရာ၏၊"

သူသည် ဤသို့ အကြံဖြစ်ပြီးလျှင် ထီးနှင့် ဖိနပ်မပါသော ပစ္စေကဗုဒ္ဓအရှင်မြတ်အား သူ၏ ဖိနပ်ကို ချွတ်၍ ထီးကိုပိတ်ကာ ရှိသေစွာ ရှိခိုး၍ လှူဒါန်းလေ၏။ ပစ္စေကဗုဒ္ဓ အရှင်မြတ်သည် သူ့အား ချီးမြှောက်ခြင်းငှာ ဖိနပ်ကို စီး၍ ထီးကို ဆောင်းပြီး အတန်ငယ်သွား၍ သူ၏ သဒ္ဓါတရား တိုးပွားရန် သူမြင်စဉ်ပင်လျှင် ကောင်းကင်သို့ ပျံတက်၍ ဂန္ဓမာဒနသို့ ကြွတော်မူလေ၏။ သူသည် အလွန်ကြည်ညို သဒ္ဓါစိတ်ဖြင့် သဘော်ဆိပ်သို့သွား၍ သဘော် စီးပြီး ပင်လယ်ခရီး ထွက်၏။

http://www.dhammadownload.com

ဖိနပ်လှူခဲ့၍

သဘော်ထွက်၍ ခုနစ်ရက်အကြာတွင် သဘော်ပျက်၏၊ သူသည် နောက်ပါ အလုပ်အကျွေးကိုခေါ်၍ နှစ်ဦးသား ကိုယ်ကို ဆီလူး၍ ထောပတ်တို့ကို လိုသလိုစားပြီးလျှင် သစ္စာမိဠာန်ပြုပြီး ကူးကြလေ၏။ သူသည် ဥပုသ်ဆောက်တည်ထား၏။ ခုနစ်ရက် မြောက်သော် မဏိမေခလာနတ်သမီး လာလတ်၍ ပြောဆို၏။

"အို–ပုဏ္ဏား၊ ဤနတ်သုဒ္ဓါ ဘောဇဉ်ကို စားပါလော့"

"ငါ ဥပုသ်စောင့်ထားသည်၊ မစားလို"

သူ၏ အလုပ်အကျွေးသည် နတ်သမီးကိုလည်း မမြင်ရ၊ နတ်သမီး၏ စကားကိုလည်းမကြားရ၊ သူ၏ စကားကိုသာ ကြားရ၍ "ဤ ငါ၏ဆရာသည် ပကတိအားဖြင့် နူးညံ့၏၊ ခုနစ်ရက် အစာမစားရ၍ ဆင်းရဲရကား သေရမှာကြောက်သောကြောင့် ယောင်ယမ်းဘိ၏" ဟုထင်၍ မေး၏။

"အို–အရှင်၊ အရှင်သည် ဗဟုသုတရှိပါ၏၊ နာကြားပြီးသော တရားလည်းရှိပါ၏၊ အလှူဒါနအမျိုးမျိုးပြုပြီးပါ၏။ သီလရှိပါ၏၊ အရှင်ကောင်း အရှင်မြတ်များအား ဖူးမြင်ပြီးပါ၏၊ ထိုသို့ဖြစ်ပါလျက် အဘယ့်ကြောင့် ယောင်ယမ်းဘိသနည်း"

"အို–အချင်း၊ သင်သည် နတ်သမီးကိုလည်းမမြင်၊ နတ်သမီး၏ စကားကိုလည်း မကြားဘိယောင်တကား၊ ငါသည် သေရမှာမကြောက်ပါ၊ ဤကို ထမင်းလာကျွေးနေသောသူနှင့် ငါ စကားပြောနေသည်"

http://www.dhammadownload.com

"အို-အရှင်၊ ဒီလိုဆိုလျှင် အရှင်က 'သင်သည် နတ်လော၊ သို့မဟုတ် တန်ခိုးကြီးသော လူလော' ဟု မေးပါ"

"အို-အချင်း၊ သင်၏အကြံသည် ကောင်းပါဘိ၊ 'အို-အမျိုးသမီး၊ သင်သည် ငါ့ကို ထမင်းကျွေးဘိ၏၊ သင်သည် နတ်လော သို့မဟုတ် တန်ခိုးကြီးသောလူလော"

"အို-ပုဏ္ဏား၊ အကျွန်ုပ်သည် သမုဒ္ဒရာစောင့် နတ်သမီးပါ၊ သင်ပုဏ္ဏားအား ဖျက်ဆီးရန်လာခြင်းမဟုတ်ပါ၊ သနားခြိုးမြှောက်ရန် လာခြင်းပါ၊ ဤထမင်းခွက်ကို ယူပါ၊ ဤထမင်းခွက်တွင် သင်ပုဏ္ဏား အလိုရှိရာ အားလုံးပါပါသည်"

"အို-နတ်သမီး၊ သင်သည် ဤအလုံးစုံကို ငါ၏ ကောင်းမှုကြောင့်ပေးသလော၊ သို့မဟုတ် သင်၏ တန်ခိုးအာနုဘော်ကြောင့် ပေးသလော"

"အို-ပုဏ္ဏား၊ သင်၏ ကောင်းမှုအမျိုးမျိုးတို့တွင် အကျွန်ုပ် ယခုပေးခြင်းသည် သဘော်ဆင်းခါနီး ဖိနပ်အလှူ ယာနဒါန ကြောင့် ပေးတာပါ"

ထိုအခါ သူသည် "ဤသို့သဘောရှိသော တည်ရာမရှိသော မဟာသမုဒ္ဒရာအလယ်၌ ငါ၏ဖိနပ်အလှူသည် ထောက်တည်ရာ ဖြစ်၍ အလိုရှိရာကို ပေးစွမ်းနိုင်၏။ ငါ၏ ပေစွကဗုဒ္ဓ အရှင်မြတ် အား ပေးလှူရခြင်းသည် ကောင်းသောပေးလှူခြင်း ဖြစ်ပါပေ၏" ဟု နှလုံးသွင်း၍ "အို-နတ်သမီး၊ သို့ဖြစ်လျှင် သင်သည် ငါ့အား လှေသင်္ဘာကိုပေး၍ ယနေ့ပင် မောင်္လိနိုပြည် အရောက်ပို့ပေးပါ"ဟု ပြော၏။

http://www.dhammadownload.com

ကုသိုလ်ရှင်မှ ကယ်တင်နိုင်

နတ်သမီးသည် သူ၏စကားကို နှစ်သက်၍ ရတနာခုနစ်ပါး ဖြင့်ပြီးသော လှေသဘော်ကိုဖန်ဆင်း၍ ရတနာခုနစ်ပါးအပြည့် ထည့်ကာ သူ့အားပွေ့၍တင်၏။ သူ၏ အလုပ်အကျွေးအားကား ကြည့်ကာမျှ ကြည့်၏။ ပွေ့မတင်။ သူသည် ထိုအခါမှ သတိရ၍ သူ၏အလုပ်အကျွေးအား သူ၏ ဖိနပ်အလှူဒါန၏ အဖို့ဘာဂကို အမျှဝေ၏။ သူ၏ အလုပ်အကျွေးသည် သာခုသုံးကြိမ်ခေါ်၏။ ထိုအခါမှ နတ်သမီးသည် ပွေ့၍တင်၏။ သူတို့ ဆရာတပည့် နှစ်ယောက်သည် ချမ်းသာစွာနှင့် မောဠိနီပြည် ပြန်ရောက်၍ ဒါန အစရှိသော ကောင်းမှုတို့ကို အသက်ထက်ဆုံးပြု၍ သေသော် နတ်ပြည်လားရ၏။ သည်ကိုရည်၍ မာန်လည်ဆရာတော်ဘုရား ကြီးက ဤသို့စပ်ဆိုခဲ့သည်။

"ကုသိုလ်ဥပထံ၊ ကြောင်းခံကြီးဘိ၊ ကံရှိသူကား၊ သေဘေးငြားလည်း၊ နတ်များစောင်မ၊ မသေရဘူး၊ ပုည စေတနာ၊ မဟာသဟာယ်၊ မျိုးသူကြွယ်လျှင်၊ ကိုယ်ဝတ် မကွာ၊ ထက်ကြပ်ပါ၍၊ ရေမှာပေါ်ထွန်း၊ ကျွန်း၏သဖွယ်၊ ကိုးကွယ်မှီရာ၊ ဖြစ်တတ်စွာ၏။

"ရှေးခါကာလ၊ သခံဗြဟ္မဏာ၊ လောင်းသတ္တလျှင်၊ အိမ်ကနေ့ခင်း၊ သဘော်ဆင်းစဉ်၊ ပူပြင်းကျက်ကျက်၊ သဲပြင်ထက်၌၊ နင်းလျက်ကြွလာ၊ ပစ္စေကအား၊ ပက်ပါရှေ့ တွင်၊ တွေ့လေမြင်၍၊ ကိုယ်တွင် စီးအပ်၊ ထီးဖိနပ်ကို၊

http://www.dhammadownload.com

လျင်လျပ်ကျွတ်ယူ၊ ကြည်ဖြူမငြို၊ လှူကုသိုလ်ကြောင့်၊ ရေညိုကျယ်ပြော၊ ပင်လယ်ကြော၌၊ သင်္ဘောပျက်ခါ၊ မခလာလျှင်၊ ရတနာဖြိုးဝှန်၊ အောင်ဗိမာန်နှင့်၊ ရပ်ဌာန်ရောက်အောင်၊ ကယ်ဆောင်ပို့သ၊ ချမ်းသာရ၏''

''ကောင်းမှုဟုဆို၊ ထိုကုသိုလ်ကား၊ ကိုယ်ပင်နိစ္စ၊ မပြုရလည်း၊ သူများကုသိုလ်၊ အဖို့ကိုမျှ၊ ကြည်ညိုသမှု၊ ခေါ်သာခုဖြင့်၊ သေလုနီးစွာ၊ ရောက်ပြီးခါလျက်၊ သမုဒ္ဒရာလယ်ချက်၊ ပင်လယ်နက်မှ၊ အသက်ချမ်းသာ၊ ရဖူးစွာ၏''

ပါရမီ ၁၀–ပါး ပါဝင်ပုံ

ဤတွင် ဒါနတစ်ခုပြုရာ၌ ပါရမီဆယ်ပါး ပါဝင်ပုံ ပြဦးအံ့။

(၁) ပေးလှူအပ်သော ပစ္စည်းဝတ္ထုကို ပေးလှူခြင်းသည် ဒါနပါရမီ မည်၏။

(၂) ကိုယ်နှုတ်တို့ကို ကောင်းစွာထားခြင်းသည် သီလ ပါရမီ မည်၏။

(၃) နှစ်သက်ဖွယ်သောအာရုံကို လိုချင်တပ်မက်တတ် သော လောဘကိလေသာဟူသော ကိလေ သကာမနှင့် အလိုရှိ အပ်သော အရာဝတ္ထုအစုဟူသော ဝတ္ထုကာမမှ ထွက် မြောက် ခြင်းသည် နေက္ခမ္မပါရမီ မည်၏။

(၄) ဟုတ်မှန်သည့်အတိုင်း သိမြင်ခြင်း၊ အကျိုးရှိ အကျိုး မဲ့ကို ဆင်ခြင်ခြင်းသည် ပညာပါရမီ မည်၏။

http://www.dhammadownload.com

(၅) လူဖွယ်ဝတ္ထုရကြောင်း ကောင်းမြတ်မှန်ကန်စွာ အားထုတ်သော သမ္မာဝါယာမသည် ဝီရိယပါရမီ မည်၏။

(၆) လူဖွယ်ဝတ္ထု ရှာဖွေစဉ် လူဒါန်းစဉ် အာရုံအမျိုးမျိုးကို သည်းခံရခြင်းသည် ခန္တီပါရမီ မည်၏။

(၇) လူမည်ဟု နှုတ်မြွက်ပြောဆိုသည့်အတိုင်း မခွတ် မယွင်း မှန်ကန်စွာ ပေးလှူခြင်းသည် သစ္စာပါရမီ မည်၏။

(၈) မိမိရည်ရွယ်ထားသည့် ဒါနကိစ္စကို မရွေ့မရှား မတုန်မလှုပ် ကြံ့ကြံ့တည်အောင် စိတ်ထဲ၌ထားခြင်း ဆောင်ရွက်ခြင်းသည် အဓိဋ္ဌာန်ပါရမီ မည်၏။

(၉) အလှူခံပုဂ္ဂိုလ်များ၏ အကျိုးစီးပွားဖြစ်ထွန်းမှုကို လိုလားသော အခြင်းအရာအားဖြင့် ဖြစ်သော အဒေါသဟူသော မေတ္တာတရားပွားများခြင်းသည် မေတ္တာပါရမီ မည်၏။

(၁၀) ဆင်းရဲမှု အာရုံနှင့်တွေ့လျှင်တစ်မျိုး ချမ်းသာအာရုံနှင့် တွေ့လျှင်တစ်မျိုး ကျ်ကဲ့သို့ ထူးထွေကွဲလွဲခြင်းမရှိ သာမည အားဖြင့် တစ်တန်း တစ်စားတည်းထား၍ ရှုဆင်ခြင်ပြီး အာရုံပြုလျက် လှူခြင်းသည် ဥပေက္ခာပါရမီ မည်၏။

"ဒါတဗ္ဗကို၊ စွန့်ရသည်မှာ၊ ဒါနသာတည့်၊ တစ်ဖြာနှစ်လီ၊ ဝစီကာယ၊ စောင့်ရသည်မှာ၊ သီလသာတည့်၊ ယုတ်မာအဓမ္မ၊ ထွက်ရသည်စိတ်၊ နိက္ခမလာ၊ ဟိတာဟိတာ၊ ဆင်ခြင်ရရာ၊ ပညာ မည်ထ၊ ဒါန ဝတ္ထု၊ ရမ္မကြိုးကုတ်၊ အားထုတ်ရက၊ ဝီရိယယူ၊ ထို့တူတစ်ဖြာ၊ သင်းခံရာမူ၊ ခန္တီဟူ၏။ ယူလေမမှား၊ စကားမှန်ရာ၊ သစ္စာမည်ရ၊ ဆောက်တည်ကမူ၊ မိဋ္ဌာန်ဟူ၏။ လူ နတ် ဗြဟ္မာ၊ သတ္တဝါ

http://www.dhammadownload.com

အား၊ စီးပွားလိုရာ၊ မေတ္တာဖြစ်ဆ၊ သမ စိတ္တာ၊ ဥပေက္ခာ တည့်၊ ဒါနာဝတ္ထု၊ တစ်ခုခုဌ်၊ ဆယ်ခုဖြည့်ရာ၊ ကျမ်းဌ် လာသည်၊ ပါရမီပြည့်နည်း၊ တတ်ဖွယ်တည်း"

ပုဇ္ဇလိကာဒါန တစ်ဆယ့်လေးပါး

(၁) တိရစ္ဆာန်တို့အား လှူဒါန်းခြင်း၊
(၂) သီလမရှိသော လူ ပုထုဇဉ်တို့အား လှူဒါန်းခြင်း၊
(၃) သီလရှိသော လူ ပုထုဇဉ်တို့အား လှူဒါန်းခြင်း၊
(၄) သာသနာပအခါ ဈာန်ရ ရသေ့တို့အား လှူဒါန်းခြင်း၊
(၅) သောတာပတ္တိမဂ်ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊
(၆) သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊
(၇) သကဒါဂါမိမဂ် ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊
(၈) သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊
(၉) အနာဂါမိမဂ်ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊
(၁၀) အနာဂါမိဖိုလ်ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊
(၁၁) အရဟတ္တမဂ်ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊
(၁၂) အရဟတ္တဖိုလ်ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊
(၁၃) ပစ္စေကဗုဒ္ဓအား လှူဒါန်းခြင်း၊
(၁၄) သဗ္ဗညုဗုဒ္ဓအား လှူဒါန်းခြင်း။

ထို့ကြောင့် ယခုခေတ်တွင် "အလှူခံ တစ်ကျိပ်လေး ခွေးတောင် ပါသည်" ဟု ပြောစမှတ်ပြုကြသည်။

"ဘုရားမြတ်စွာ၊ ပစ္စေကာနှင့်၊ ရိယာရှစ်ဝ၊ ဈာန်ရဗာဟီ၊ နှစ်လီပုထုဇဉ်၊ တိရစ္ဆာန်၊ လှူခံတစ်ကျိပ်လေး"

http://www.dhammadownload.com

အယုတ်ဆုံး အလှူခံသည်ပင်

ထိုတစ်ဆယ့်လေးပါးသော ပုဂ္ဂလိက အလှူဒါနတို့တွင် တိရစ္ဆာန် သတ္တဝါတို့အား တစ်နပ်စာ ဝအောင် ကျွေးမွေးလိုက်သော အလှူဒါနကြောင့် ဘဝတစ်ရာတို့၌ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်းဟူသော ကောင်းကျိုးငါးပါးတို့ကို ရနိုင်လေ၏။

သီလမရှိသော လူ ပုထုဇဉ်အား တစ်နပ်စာဝအောင် ကျွေးမွေးလျှင် ဘဝတစ်ထောင်။

သရဏဂုံမရှိသော သာသနာပအခါ သိက္ခာပုဒ်ကို ဆောက်တည်ခြင်းမရှိတဲ့ ပကတိစိတ်ကောင်းရှိသော၊ သီလရှိသော ပုထုဇဉ်အား တစ်နပ်စာ ဝအောင် ကျွေးမွေးလျှင် ဘဝတစ်သိန်း။

ကာမဂုဏ်တို့၌ တပ်မက်ခြင်းကင်းသော သာသနာပ ဗျာန်ရရသေ့အား တစ်နပ်စာဝအောင် ပေးလှူလျှင် ဘဝကုဋေတစ်သိန်း။

သရဏဂုံ သီလရှိသော လူသာမဏေမှအစ သောတာပတ္တိမဂ်၌ တည်သော ပုဂ္ဂလ်တို့အား တစ်နပ်စာဝအောင် ပေးလှူလျှင် ဘဝအသင်္ချေ။ ဤမှအထက် မြတ်စွာဘုရားတိုင်အောင် အသင်္ချေချည်း ဆင့်ကာဆင့်ကာ ကောင်းကျိုးငါးပါး ပေးနိုင်၏။

ဗုဒ္ဓဝါဒကို ယုံကြည်လိုက်နာသော ဗုဒ္ဓဝါဒီဖြစ်က အောက်ထစ်အဆုံး အပိုင်းအခြားအားဖြင့် သရဏဂုံတည်သူ ဖြစ်ပေသည်။ သရဏဂုံတည်သူဖြစ်က သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ကြံသောသူ ဖြစ်ပေသည်။

http://www.dhammadownload.com

မင်္ဂပုဂ္ဂိုလ်လှူနည်း

ဤပုဂ္ဂလိကဒါန တစ်ဆယ့်လေးပါးဌ ဖိုလ်ပုဂ္ဂိုလ်လှူရာဌ ဆိုဖွယ်မရှိ၊ မင်္ဂပုဂ္ဂိုလ်သည် စိတ္တက္ခဏ တစ်ချက်ခန့်သာရှိ၍ အလွန်တိုတောင်းသော အခိုက်အတန့်သာဖြစ်ရာ ယင်းပုဂ္ဂိုလ်ကို ဘယ်သို့လှူနိုင်ပါသနည်း။ အားထုတ်အပ်သော ဝိပဿနာရှိသူ အာရဒ္ဓ ဝိပဿကပုဂ္ဂိုလ်သည် ဘယ်နေရာ ဘယ်အချိန်မှာမဆို မင်္ဂဖောက်ဖို့ ရှေ့ရှုလျက်ရှိရာ ယင်းပုဂ္ဂိုလ် ဆွမ်းခံကြွလာသော အခါ ရပ်နေစဉ် သပိတ်ကိုယူ၍ ခွဲဖွယ်ဘောဇဉ် ထည့်လှူကြ၏။ ထိုအခိုက် မင်္ဂမှထလျှင် ဤအလှူမှာ မင်္ဂပုဂ္ဂိုလ်ကို လှူသည်မည်၏။ သို့မဟုတ် ဆွမ်းစားဇရပ်၌ထိုင်နေစဉ် လူတို့က သပိတ်ထဲ ခဲဖွယ် ဘောဇဉ် လောင်းထည့်၏။ ထိုအခိုက် မင်္ဂမှထလျှင် ဤအလှူ သည်လည်း မင်္ဂပုဂ္ဂိုလ်ကိုလှူသော အလှူဖြစ်၏။ သို့မဟုတ် ကျောင်း၌ဖြစ်စေ၊ ဆွမ်းစားဇရပ်၌ဖြစ်စေ ထိုင်နေသော ရဟန်း၏ သပိတ်ကို ဒကာတို့က ယူပြီးလျှင် မိမိတို့အိမ်သွားသွား၍ ခဲဖွယ် ဘောဇဉ် ထည့်ကြ၏။ ထိုခဏ၌ မင်္ဂမှထလျှင် ဤအလှူလည်း မင်္ဂပုဂ္ဂိုလ်ကိုလှူသော အလှူဖြစ်၏။

နားကိုက်သော ဥပမာန်း

ဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်း သုံးတော်မူစဉ် အားထုတ်အပ်သော ဝိပဿနာရှိသော အာရဒ္ဓ ဝိပဿက ရဟန်းတော်တစ်ပါးသည် နားကိုက်ရောဂါဖြစ်၍ မကျန်း မာသောကြောင့် ဝိပဿနာတရားကို ကောင်းစွာ အားမထုတ်နိုင်

http://www.dhammadownload.com

နှလုံးမသွင်းနိုင်ပေ။ သမားဆရာ အကျော်အမော်တို့ အမျိုးမျိုး ကုသသော်လည်း မပျောက်ကင်းဘဲရှိ၏။ ထိုရဟန်းသည် ဘုရားရှင်အား ထိုအကြောင်းကို လျှောက်ထား၏။ ထိုအခါ ဘုရားရှင်က "ပုစွန်လုံးဟင်းလျာသည် ဤရဟန်းအား သပ္ပါယဖြစ်၏" ဟု သိတော်မူ၍ "ရဟန်း၊ သင်သည် မဂဓလယ်တောသို့ ဆွမ်းခံလှည့်လည်လော့" ဟု မိန့်တော်မူ၏။

ထိုရဟန်းသည် "အရှည်ကိုမြင်လေ့ရှိသော ဘုရားရှင်သည် တစ်စုံတစ်ခုသော အကျိုးကိုမြင်၍ ငါ့ကို လယ်တော ဆွမ်းခံလှည့်လည်ခိုင်းတာဖြစ်မည်"ဟု နှလုံးသွင်း၍ "မြတ်စွာဘုရား၊ ကောင်းပါပြီ"ဟု ဝန်ခံ၍ ဘုရားရှင်အား ရှိခိုးပြီး သပိတ်၊ သင်္ကန်းပြင်ဆင်ကာ မဂဓလယ်တောသို့ ဆွမ်းခံကြွလေ၏။ လယ်စောင့် ယောကျ်ားတစ်ယောက်သည် ပုဇွန်လုံးဟင်းလျာနှင့် ထမင်းစားရန် ချက်ပြုတ်စီမံပြီး "ခေတ္တအပန်းဖြေပြီးမှ စားမည်" ဟု နှလုံးသွင်း၍ ထိုင်နေစဉ် ဆွမ်းခံရပ်လာသော အရှင်မြတ်ကိုမြင်လျှင် သဒ္ဓါရွှင်လန်း ဝမ်းပန်းတသာ လယ်တဲအတွင်းသို့ပင့်ပြီး ပုဇွန်လုံးဟင်းလျာနှင့် ဆွမ်းကပ်လှူလေ၏။ အရှင်မြတ်သည် အနည်းငယ်မျှ ထိုဆွမ်းကိုစားရစဉ်ပင်လျှင် နားကိုက်ရောဂါမှာ ရေအိုးတစ်ထောင်ဖြင့် သွန်းလောင်းဘိသကဲ့သို့ ပျောက်ကင်းချမ်းသာသွားလေ၏။

အရှင်မြတ်သည် ဆွမ်းအာဟာရ သပ္ပါယမျှတသည်၏ အစွမ်းဖြင့် ရောဂါပျောက်ကင်း၍ စိတ်ချမ်းသာမှုရရှိလျှင် ဝိပဿနာတရားကို ရှုမှတ်၍ နှလုံးသွင်းသော် ဆွမ်းစားပြီးမီပင် အာသဝေါကုန်ခန်း ရဟန္တာဖြစ်၏။ ဆွမ်းစားပြီးသောအခါ "အို–

http://www.dhammadownload.com

ဒကာ၊ သင်၏ ဘောဇဉ်ကို စားရသဖြင့် ငါ၏ နားကိုက်ရောဂါ ပျောက်ကင်း၍ ကိုယ်စိတ်ချမ်းသာခြင်းဖြစ်၏။ သင်သည်လည်း ဤကောင်းမှုအကျိုးကြောင့် ကိုယ်စိတ် ဆင်းရဲကင်းသည်ဖြစ်လတ္တံ့" ဟု ပြောဆို၍ အနုမောဒနာတရား ဟောကြား၍ ကြွသွားလေ၏။ လယ်စောင့်ယောကျ်ားသည် ကံကုန်၍ သေလွန်သော် ထိုကောင်းမှုကြောင့် တာဝတိံသာနတ်ပြည်၌ ဖြစ်၏။

မှတ်ချက်။ ။ ဤဝတ္ထုကိုထောက်၍ မြန်မာ့ဆေး လောကတွင် "အစာလည်းဆေး ဆေးလည်းအစာ" ဟူသော အထောက်အကူဆောင်ပုဒ်တစ်ခု ခိုင်လုံစွာရခဲ့၏။ ဒါနသည် သူတစ်ပါး၏ တရားရရေးကို လက်ငင်း ပေးနိုင်ကြောင်းနှင့် မဂ်ပုဂ္ဂိုလ်အား လှူဒါန်းနိုင်ကြောင်းကို ဤဝတ္ထုက အထောက်အထားပြု၏။

ဒုဿီလရဟန်းနှင့်ဒုဿီလလူ

အလှူခံပုဂ္ဂိုလ် တစ်ဆယ့်လေးယောက်၌ သီလမရှိသော ဒုဿီလရဟန်းကို ဟောကြားချက်မရှိသောကြောင့် ယင်းဒုဿီလရဟန်းအား မပေးလှူကောင်း၊ ဒုဿီလအရ သာသနာပအတွက်သာ ဘုရားရှင် ဟောကြားတော်မူသောကြောင့် သာသနာတော်အတွင်း သီလမစင်ကြယ်သော ရဟန်းများအား လှူဒါန်းခြင်းသည် အပြစ်ပင် ဖြစ်သေးသည်ဟု အချို့က ပြောဆိုတတ်ကြ၏။ သာသနာပ သီလမရှိသော ဒုဿီလ လူပုထုဇဉ်ကိုပင် လှူဒါန်း၍ အကျိုးများစွာ ရနိုင်ပါလျှင် သာသနာတော်အတွင်း ဒုဿီလ

http://www.dhammadownload.com

အကျင့်အကြံကို ပမာဏမပြုဘဲ စင်ကြယ်သောစိတ်ထားဖြင့်သာ "အလူခံပုဂ္ဂိုလ် ဆိုက်ရောက်လာ၍ လူလိုက်သည်"ဟု ဘောထားလျက် လူဒါန်းမှုကား အပြစ်မရှိ ကောင်းကျိုးများစွာ ရနိုင်၏။

ခေတနာပဓာန

အနာထပိဏ်သူဌေးသည် ဥစ္စာမရှိတော့ဘဲ နေ့စဉ်ပင် ဒါနသီလမှုဖြင့် အချိန်ကုန်လွန်စေ၏။ သို့ဖြင့် သူ၏ ဥစ္စာများ တစ်နေ့တခြား လျော့ပါးသွား၏။ သို့သော်လည်း သူသည် အလူဒါနကို ပေးလူလျက်သာရှိ၏။ မွန်မွန်မြတ်မြတ်ကိုကား မပေးလူနိုင်တော့ပေ။ ထိုအကြောင်းကို ဘုရားရှင်သိ၍ တစ်နေ့တွင် သူ့ကို မေး၏။

"သူကြွယ်၊ သင်သည် နေ့စဉ် အလူဒါန ပေးလူသလော"

"မြတ်စွာဘုရား၊ ပေးလူပါ၏၊ သို့ရာတွင် ရှေးကကဲ့သို့ မွန်မွန်မြတ်မြတ် မပေးလူနိုင်ပါ။ ဆန်ကွဲထမင်း ပုန်းရည်ဟင်းကိုသာ ပေးလူနိုင်ပါ၏"

"သူကြွယ်၊ ခေါင်းပါးယုတ်ညှံ့သော လူဖွယ်ဝတ္ထုကို ပေးလူရ၏ဟု မအောက်မေ့ မကြံစည်လင့်၊ စိတ်မွန်မြတ် ကြည်လင်ပါလျှင် ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့အား ပေးလူရသော အလူဒါနသည် ခေါင်းပါးယုတ်ညှံ့သည်ဟူ၍မရှိ။ စင်စစ်သင်သည် အရိယာပုဂ္ဂိုလ် ရှစ်ယောက်တို့အား နေ့စဉ်ပေးလူနေရ၏။ သူကြွယ်၊ မြတ်သော အလူခံပုဂ္ဂိုလ်မည်သည် ရခဲ၏။ ထို့ကြောင့် သင်သည် ငါဟာ ခေါင်းပါးယုတ်ညှံ့သော လူဖွယ်ဝတ္ထုကို ပေးလူရ၏ဟု မအောက်မေ့ မကြံစည်လင့်။

http://www.dhammadownload.com

ပုထုဇဉ်ရဟန်းအား လှူဒါန်း၍ အကျိုးများစွာရဖို့ရန်မှာ ယုံမှားဖွယ်ပင် မရှိသင့်ပေ။ ထိုကိစ္စနှင့်ပတ်သက်၍ မိလိန္ဒပဉှာ ပါဠိတော်၌ ဖော်ပြချက်မှာ မှတ်ဖွယ်ကောင်းလှ၏။

"မင်ကြီး၊ ရဟန်းဒုဿီလသည် ရတနာသုံးပါးနှင့် သီတင်းသုံးဖော်တို့၌ ရှိသေခြင်းရှိ၏။ ပါဠိအဋ္ဌကထာ သင်ကြားခြင်း၌ လုံ့လထုတ်၏။ ကြားနာခြင်းများ၏။ သီလပျက်သော်လည်း ပရိသတ်အတွင်းသို့ရောက်သော် အသွင်ကိုဆောင်၏။ ကဲ့ရဲ့ခြင်းမှ ကြောက်၍ ကိုယ်နှုတ်ကို စောင့်ရှောက်၏။ စိတ်သည် ကမ္မဋ္ဌာန်းသို့ ရှေ့ရှုသည်လည်းဖြစ်၏။ သာမန်ရဟန်းအဖြစ်သို့ ရောက်၏"

"မင်းကြီး၊ လင်ရှိမိန်းမသည် ပုန်းကွယ်၍ မကောင်းမှုပြုသကဲ့သို့ မကောင်းမှုကိုပြုသော်လည်း ပုန်းကွယ်၍ပြု၏။ မင်းကြီး ဤဆယ်ပါးသောအကြောင်းတို့ဖြင့် ရဟန်းဒုဿီလသည် မြတ်သောအလှူကို သုတ်သင်နိုင်၏။ ရေသည် နောက်သော်လည်း အညစ်အကြေးကို ပယ်နိုင်၏။ ရေသည် ပူသော်လည်း မီးကို ငြိမ်းစေ၏။ ဘောဇဉ်သည် အရသာမရှိသော်လည်း ဆာလောင်အားနည်းခြင်းကို ပယ်နိုင်၏။ မှန်၏။ သီလရှိသောဒကာသည် အလွန် ကြည်လင်သောစိတ်ရှိသည်ဖြစ်၍ မွန်မွန်မြတ်မြတ် ကံ-ကံ၏ အကျိုးကို ယုံကြည်လျက် တရားသဖြင့်ရအပ်သော လှူဖွယ်ဝတ္ထုကို သီလ မရှိသော ဒုဿီလရဟန်းအား ပေးလှူ၏။ ထိုအလှူသည် အလှူဒကာကြောင့် စင်ကြယ်၏"

သီလမရှိသော ဒုဿီလရဟန်းအား သူ၏ အကျင့်အကြံကို မိမိက အလိုတူ အလိုပါ အားပေးချီးမြှောက်လိုသော စိတ်စေတနာတို့ဖြင့် ပေးလှူမှသာ ပေးလှူသူတွင် အပြစ်ရှိသည်။ သူ၏

http://www.dhammadownload.com

"သူကြွယ်၊ ယုတ်ညံ့သည်ဖြစ်စေ၊ မွန်မြတ်သည်ဖြစ်စေ-
(၁) လူဖွယ်ဝတ္ထုကို စင်ကြယ်ကောင်းမွန်အောင် စီမံပြုပြင်၍ လူပါမူ၊
(၂) လူဖွယ်ဝတ္ထု ဂရုတစိုက်စိတ်ထဲမှာထား၍ ရိုသေ လေးမြတ်စွာ လူပါမူ၊
(၃) မိမိလက်ဖြင့် ကိုယ်တိုင်ကိုင်တွယ်၍ လူပါမူ၊
(၄) ထမင်းကြွင်း ဟင်းကျန်စသည် စွန့်ပစ်သကဲ့သို့မဟုတ်ဘဲ ဂရုတစိုက်လူပါမူ၊
(၅) ဤလူဒါန်းမှုကြောင့် နောင်အခါဝယ် ကောင်းကျိုးကေန် ရောက်လိမ့်မည်ဟု သိရှိသော ကမ္မဿကတာဉာဏ်ပညာ ရှေ့သွားပြု၍ လူပါမူ-
မွန်မြတ်သော အကျိုးကို ရနိုင်၏"

ထွန်တုံးပိတ်အလှူကြီး

"သူကြွယ်၊ ငါသည် ဝေလာမပုဏ္ဏားကြီးဖြစ်စဉ်ကာလ၌ ဇမ္ဗူဒီပ်တစ်ကျွန်းလုံး ထွန်တုံးပိတ်အလှူကြီးပေးလှူရပါသော်လည်း သရဏဂုံတည်သော အလှူခံပုဂ္ဂိုလ်တစ်ဦးမျှ မရ၊ သူကြွယ်၊ မြတ်သော အလှူခံပုဂ္ဂိုလ်မည်သည် ဤသို့ ရခဲဘိ၏။ ထို့ကြောင့် သင်သည် ငါ့အား ခေါင်းပါးယုတ်ညံ့သော လူဖွယ်ဝတ္ထုကို ပေးလှူရ၏ဟုမအောက်မေ့ မကြံစည်လင့်။

"-သူကြွယ်၊ ငါ ဝေလာမပုဏ္ဏားဖြစ်စဉ် ခုနစ်နှစ်-ခုနစ်လ ခုနစ်ရက်ပတ်လုံး ဇမ္ဗူဒီပ်တစ်ကျွန်းလုံး ထွန်တုံးပိတ် လူဒါန်းရ

http://www.dhammadownload.com

သော အလှူဒါနထက် သောတာပန် တစ်ယောက်အား ဆွမ်း တစ်နပ်စာ ကျွေးရသော အလှူဒါနသည် ပို၍အကျိုးကြီးမြတ်၏။

"–သောတာပန်တစ်ရာအား ဆွမ်းတစ်နပ်စာကျွေးသည်ထက် သကဒါဂါမ်တစ်ယောက်အား ဆွမ်းတစ်နပ်စာ ကျွေးရသော အလှူ ဒါနသည် ပို၍အကျိုးကြီးမြတ်၏။

"–သကဒါဂါမ်တစ်ရာအား ဆွမ်းတစ်နပ်စာကျွေးသည်ထက် အနာဂါမ်တစ်ယောက်အား ဆွမ်းတစ်နပ်စာ ကျွေးရသော အလှူ ဒါနသည် ပို၍အကျိုးကြီးမြတ်၏။

"–အနာဂါမ်တစ်ရာအား ဆွမ်းတစ်နပ်စာကျွေးရသည်ထက် ရဟန္တာတစ်ပါးအား ဆွမ်းတစ်နပ်စာကျွေးရသော အလှူဒါနသည် ပို၍အကျိုးကြီးမြတ်၏။

"–ရဟန္တာတစ်ရာအား ဆွမ်းတစ်နပ်စာ ကျွေးရသည်ထက် ပစ္စေကဗုဒ္ဓတစ်ပါးအား ဆွမ်းတစ်နပ်စာ ကျွေးရသောအလှူဒါန သည် ပို၍အကျိုးကြီးမြတ်၏။

"–ပစ္စေကဗုဒ္ဓတစ်ရာအား ဆွမ်းတစ်နပ်စာ ကျွေးရသည် ထက် သမ္မာသမ္ဗုဒ္ဓတစ်ပါးအား ဆွမ်းတစ်နပ်စာ ကျွေးရသောအလှူ ဒါနသည် ပို၍ အကျိုးကြီးမြတ်၏။

"သမ္မာသမ္ဗုဒ္ဓတစ်ပါးအား ဆွမ်းတစ်နပ်စာ ကျွေးမွေးရသည် ထက် ဘုရားအမှူးရှိသော သံဃာတော်အား ဆွမ်းတစ်နပ်စာ ကျွေးရသော 'ဗုဒ္ဓပွမုခ သံဃိကဒါန' သည် အကျိုးကြီးမြတ်၏။

"–ဘုရားအမှူးရှိသော သံဃာတော်အား ဆွမ်းတစ်နပ်စာ ကျွေးရသည်ထက် 'စတုဒိသာ သံဃိကကျောင်း' တစ်ခု ဆောက် လုပ်လှူဒါန်းမှုသည် ပို၍အကျိုးကြီးမြတ်၏။

http://www.dhammadownload.com

"–စတုဒိသာ သံဃိကကျောင်းတစ်ခု ဆောက်လုပ်လှူဒါန်းရသည်ထက် သရဏဂုံသုံးပါး ဆောက်တည်ရခြင်းသည် ပို၍ အကျိုးကြီးမြတ်၏။

"–သရဏဂုံသုံးပါး ဆောက်တည်ရသည်ထက် သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလ ဆောက်တည်ရခြင်းသည် ပို၍ အကျိုးကြီးမြတ်၏။

"–သရဏဂုံသုံးပါးနှင့် ငါးပါးသီလ ဆောက်တည်ရသည်ထက် နွားနို့တစ်ညှစ်ခန့် ကာလမျှပင် မေတ္တာဘာဝနာ ပွားများရခြင်းသည် ပို၍အကျိုးကြီးမြတ်၏။ နွားနို့တစ်ညှစ်ခန့် မေတ္တာဘာဝနာ ပွားများရသည်ထက် နံ့သာတစ်ရှူခန့် အနိစ္စဘာဝနာ ပွားများရခြင်းသည် ပို၍အကျိုးကြီးမြတ်၏"

နောက်အခါတွင် အနာထပိဏ်သူဌေးကြီးအား ပြစ်မှားသော အိမ်တံခါးစောင့်နတ်က ငွေငါးဆယ့်လေးကုဋေဖြင့် လာရောက်၍ ကန်တော့သဖြင့် သူသည် ရှေးကကဲ့သို့ပင် မွန်မွန်မြတ်မြတ် လှူဖွယ်ဝတ္ထုတို့ကို ပေးလှူနိုင်လာပြန်၏။

ဤတွင် မိမိ၏ဒါနအကြောင်း အပြီးသတ်ပါပြီ၊ အို–စာရှုသူ၊ သင်သည် ဒါနအကြောင်း ကောင်းကောင်းသိပြီ၊ သို့သော် ဤဒါနမျှနှင့်တော့ အားရကျေနပ်ပြီး ရပ်၍မနေပါနှင့်ဦး၊ ရှေ့သို့ တစ်ဆင့် သီလနှင့် ဘာဝနာကို တက်လှမ်းပါဦး။ မိမိလည်း မကြာမီ "သီလဝတ္ထု" နှင့် "ဘာဝနာဝတ္ထု" တို့ကို ဆက်လက်၍ ရေးသားပါဦးမည် ဖြစ်ပါသတည်း။

ဓမ္မဒူတ အရှင်ပညာဇောတ

http://www.dhammadownload.com

အလှူဒါနအမျိုးမျိုး အကျိုးပြ

၁။ **ဆွမ်းလှူဒါန်းရ ကျိုးဖလ ၁၀–ပါး**

- *အသက်ရှည်ရ၊ အဆင်းလှ၊ သုခချမ်းသာမည်။*
- *ခွန်အားကြီးခြင်း၊ ဉာဏ်ကြီးခြင်း၊ ထမင်း–အဖျော်ပေါလေမည်။*
- *လုံလရှိလေ၊ မျှားရုံရွှေ၊ ကူးခြွေပြည့်လေမည်။*
- *ဆွမ်းလှူလေငြား၊ သူတို့အား၊ ဆယ်ပါးလှူကျိုးမည်။*

၁။ အသက်ရှည်ခြင်း၊
၂။ အဆင်းလှခြင်း၊
၃။ ချမ်းသာကြီးခြင်း၊
၄။ ခွန်အားကြီးခြင်း၊
၅။ ပညာဉာဏ်ကြီးခြင်း၊
၆။ ထမင်းပေါခြင်း၊
၇။ အဖျော်ပေါခြင်း၊
၈။ လုံလဝီရိယရှိခြင်း၊
၉။ အခြွေအရံပေါများခြင်း၊
၁၀။ ကူးခြွေပြည့်စုံခြင်း၊

http://www.dhammadownload.com

၂။ **ဖျော်ရည်လူဒါန်းရာ ကျိုးဖလ ၁၀-ပါး**

- ❁ အသက်ရှည်ရာ၊ အားပြည့်ဝ၊ စိတ်ကတည်ကြည်မည်။
- ❁ အဆင်းလှငြား၊ ခြွေရံများ၊ များပြားချမ်းသာမည်။
- ❁ အဖျော်ထမင်း၊ စုပုံလျှင်း၊ ရခြင်းပေါများမည်။
- ❁ ပညာကြီးရင့်၊ လွန်ရဲရင့်၊ ဆယ်ဆင့်ဖျော်ကျိုးမည်။

၁။ အသက်ရှည်ခြင်း၊
၂။ ခွန်အားကြီးခြင်း၊
၃။ စိတ်တည်ကြည်ခြင်း၊
၄။ အဆင်းလှခြင်း၊
၅။ အခြွေအရံပေါများခြင်း၊
၆။ ပစ္စည်းချမ်းသာခြင်း၊
၇။ အဖျော်များစွာရခြင်း၊
၈။ ထမင်းများစွာရခြင်း၊
၉။ ပညာကြီးရင့်ခြင်း၊
၁၀။ လွန်စွာရဲရင့်ခြင်း၊

၃။ **ဆေးလူဒါန်းရာ ကျိုးဖလ ၁၀-ပါး**

- ❁ အသက်ရှည်ရာ၊ အဆင်းလှ၊ သုခချမ်းသာမည်။
- ❁ ခွန်အားပြည့်ဝ၊ ဉာဏ်ကြီးရာ၊ လုံလကြီးမားမည်။
- ❁ ချစ်သူမှမကွဲ၊ ဘေးကင်းရှဲ၊ လူလည်းရှိသေမည်။
- ❁ ခြွေရံများပြား၊ ဤဆယ်ပါး၊ ဆေးများလူကျိုးမည်။

၁။ အသက်ရှည်ခြင်း၊
၂။ အဆင်းလှခြင်း၊

http://www.dhammadownload.com

၃။ ချမ်းသာများခြင်း၊
၄။ ခွန်အားကြီးမားခြင်း၊
၅။ ဉာဏ်ပညာကြီးမားခြင်း၊
၆။ လုံ့လကြီးမားခြင်း၊
၇။ ချစ်သူနှင့်မကွဲခြင်း
၈။ ဘေးရန်ကင်းရှင်းခြင်း၊
၉။ လူအများရိုသေလေးစားခြင်း၊
၁၀။ အခြွေအရံပေါများခြင်း၊

၄။ **ထီးလူဒါန်းရ ကျိုးဖလ ၁၀–ပါး**

❁ *ပူချမ်း နှစ်ဖြာ၊ မသိရာ၊ ခန္ဓာညစ်ကြေးကင်းစင်သည်။*
❁ *နှောင့်ယှက်ကင်းရှင်း၊ ဘေးရန်ကင်း၊ ရေဆင်းနူးညံ့ ရလေသည်။*
❁ *အများရိုသေ၊ စိတ်စင်လေ၊ တွက်ရေများစွာ တီးရမည်။*

၁။ အပူအချမ်းကိုမသိရခြင်း၊
၂။ ခန္ဓာကိုယ်၌ အညစ်အကြေးကင်းခြင်း
၃။ အနှောင့်အယှက် ကင်းရှင်းခြင်း၊
၄။ ဘေးရန်ကင်းရှင်းခြင်း၊
၅။ အရေအဆင်းနူးညံ့ခြင်း၊
၆။ အများရိုသေခြင်း၊
၇။ စိတ်စင်ကြယ်ခြင်း၊
၈။ မရေမတွက်နိုင်သောထီးများရခြင်း

http://www.dhammadownload.com

၅။ **ယာဂုလူရ ကျိုးဖလ ၁၀-ပါး**

- ❁ အသက်ရှည်ရ၊ အဆင်းလှ၊ ဗလခွန်အားကြီးမားမည်။
- ❁ ပစ္စည်းချမ်းသာ၊ ဉာဏ်ပညာ၊ ကြီးကာဆာမွတ်ကင်းပမည်။
- ❁ ခန္ဓာတွင်းပ၊ သန့်ရှင်းရ၊ ဝါတာလေများ နှိမ်နိုင်မည်။
- ❁ စားပြီးစာတွေ၊ ကြေညက်စေ၊ ဆက်ထွေယာဂု ကျိုးရမည်။

၁။ အသက်ရှည်ခြင်း၊
၂။ အဆင်းလှခြင်း၊
၃။ ခွန်အားကြီးမားခြင်း၊
၄။ ပစ္စည်းချမ်းသာခြင်း၊
၅။ ဉာဏ်ပညာကြီးမားခြင်း၊
၆။ ဆာလောင်မွတ်ခြင်းကင်းခြင်း၊
၇။ ခန္ဓာကိုယ်တွင်းသန့်ရှင်းခြင်း၊
၈။ ခန္ဓာကိုယ်ပသန့်ရှင်းခြင်း၊
၉။ လေများကိုနှိမ်နိုင်ခြင်း၊
၁၀။ အစာကိုကြေညက်စေခြင်း

၆။ **သဝိတ်လူရ ကျိုးဖလ ၁၀-ပါး**

- ❁ ရွှေငွေပတ္တမြား၊ ခွက်ရမျာ၊ များပြားဘေးကင်းမည်။
- ❁ လူများရိုသေ၊ လာဘ်ပေါလေ၊ ရစည်းစိမ်တွေမပျက်ပြို။
- ❁ စိတ်တည်ကြည်ငြာ၊ မြတ်တရား လိုလားနှစ်သက်မည်။
- ❁ ကိလေသာများ၊ လွန်ခေါင်းပါး၊ ပယ်ရှားနိုင်လေသည်။

http://www.dhammadownload.com

၁။ ရွှေခွက်များစွာရခြင်း၊
၂။ ငွေခွက်များစွာရခြင်း၊
၃။ ပတ္တမြားခွက်များစွာရခြင်း၊
၄။ ဘေးရန်များကင်းရှင်းခြင်း၊
၅။ လူအများရိုသေခြင်း၊
၆။ လာဘ်လာဘပေါများခြင်း၊
၇။ ရပြီးစည်းစိမ်များ မပျက်စီးခြင်း၊
၈။ စိတ်တည်ကြည်ခြင်း၊
၉။ တရားတော်ကို လိုလားနှစ်သက်ခြင်း၊
၁၀။ ကိလေသာတို့ကို ခေါင်းပါးပယ်ရှားနိုင်ခြင်း

၇။ **သင်ဝုန်းဓားလူရ ကျိုးဖလ ၈–ပါး**

❀ *သာမန်ရဲခြင်း၊ တွန့်တိုကင်း၊ ရဲခြင်းလွန်များမည်။*
❀ *မပျက်လုံလ၊ တည်ကြည်ရ၊ ချီးပ တက်ကြွစိတ်ရှိမည်။*
❀ *ကျယ်ပြန့်ပညာ၊ နက်ပညာ၊ နှစ်ဖြာရှိလေမည်။*

၁။ သာမန်ရဲရင့်သတ္တိရှိခြင်း၊
၂။ တွန့်တိုကြောက်ရွံ့ခြင်းခြင်း၊
၃။ ရဲရင့်ခြင်းလွန်များခြင်း၊
၄။ မပျက်သောလုံလဝီရိယရှိခြင်း၊
၅။ တည်ကြည်မှုသမာဓိရှိခြင်း၊
၆။ ချီးမြှောက်တက်ကြွသောစိတ်ရှိခြင်း၊
၇။ ကျယ်ပြန့်သောပညာရှိခြင်း၊
၈။ နက်နဲသောပညာရှိခြင်း၊

http://www.dhammadownload.com

၈။ **ရိုးရိုးဓားလူဒါန်းရ ကျိုးဖလ ၈–ပါး**

- *အဆွေကောင်းရ၊ ဝီရိယ၊ ရ ရသည်းခန္တီ။*
- *စွဲမြဲမေတ္တာ၊ မြတ်တဏှာ၊ လေးဖြာမင်္ဂလာရသည်။*

၁။ အဆွေခင်ပွန်းကောင်းရခြင်း၊
၂။ လုံ့လဝီရိယရှိခြင်း၊
၃။ သည်းခံမှုခန္တီရှိခြင်း၊
၄။ စွဲမြဲမေတ္တာရှိခြင်း၊
၅+၈။ တဏှာကို ပယ်ဖြတ်တတ်သော–
သောတာပတ္တိမဂ်ဉာဏ်၊ သကဒါဂါမိမဂ်ဉာဏ်
အနာဂါမိမဂ်ဉာဏ်၊ အရဟတ္တမဂ်ဉာဏ်ကို ရခြင်းဟူ၍
၈–ပါး။

၉။ **သစ်သီးဦးလူရ ကျိုးဖလ ၈–ပါး**

- *စည်းစိမ်ကြီးရ၊ ပေါကြွယ်ရ၊ ယသခြံရံမည်။*
- *ခြံရံမြဲရ၊ ဘေးကင်းပ၊ ရုပ်က လှပသည်။*
- *ရှိသေညွတ်ဦး၊ မြတ်ဂုဏ်ထူး၊ လက်ဦးရရှိမည်။*

၁။ စည်းစိမ်ချမ်းသာကြီးခြင်း၊
၂။ စည်းစိမ်ဥစ္စာပေါများခြင်း၊
၃။ အခြွေအရံများခြင်း၊
၄။ အခြွေအရံမြဲခြင်း၊
၅။ ဘေးရန်ပယ်ရှားနိုင်ခြင်း၊
၆။ ရုပ်ရည်လှပခြင်း၊
၇။ ရှိသေဦးညွတ်ခံရခြင်း၊
၈။ ဂုဏ်ထူး အဦးဆုံးရခြင်း

http://www.dhammadownload.com

၁၀။ **လက်သုတ်ပဝါလူရ ကျိုးဖလ ၅–ပါး**

❀ *အသက်ရှည်ရ၊ တည်ကြည်စွ၊ ဉာဏ်က ကြီးမားမည်။*

❀ *စုံပြည့်လက္ခဏာ၊ ကိုယ်ခန္ဓာ၊ ပူဆာကင်းလေမည်။*

၁။ အသက်ရှည်ခြင်း၊

၂။ သမာဓိကြီးမြတ်ခြင်း၊

၃။ ဉာဏ်ပညာကြီးမြတ်ခြင်း၊

၄။ အင်္ဂါလက္ခဏာ ပြည့်စုံခြင်း၊

၅။ ကိုယ်ခန္ဓာ ပူဆာခြင်းကင်းခြင်း

၁၁။ **ထောပတ်လူဒါန်းရ ကျိုးဖလ ၅–ပါး**

❀ *အနာကင်းရှင်း၊ ကိုယ်သန့်ရှင်း၊ ရုပ်ဆင်းလှပမည်။*

❀ *အသွေးရွှင်ငြာ၊ ကိုယ်ခွန်အား ကြီးမားသန်စွမ်းမည်။*

၁။ အနာရောဂါကင်းခြင်း၊

၂။ ကိုယ်သန့်ရှင်းစင်ကြယ်ခြင်း၊

၃။ ရုပ်အဆင်းလှပခြင်း၊

၄။ အသွေးတို့၏ကြည်ရွှင်ခြင်း၊

၅။ ခွန်အားကြီးမားသန်စွမ်းခြင်း

၁၂။ **ဟူးရည်လူရ ကျိုးဖလ ၄–ပါး**

❀ *ထမင်းမိုးရွာ၊ ဖျော်မိုးရွာ၊ ဟူးရည်မိုးရွာမည်။*

❀ *လေးပါးမဂ်ရ၊ ဖိုလ်ဖလ၊ လေးဝ ရလေမည်။*

၁။ ရောက်ရာအရပ်၌ ထမင်းမိုး၊ အဖျော်မိုး ရွာစေနိုင်ခြင်း၊

၂။ ရောက်ရာအရပ်၌ ဟူးရည်မိုးရွာစေနိုင်ခြင်း၊

၃။ မဂ်လေးပါးတရား အထူးရနိုင်ခြင်း၊

၄။ ဖိုလ်လေးပါးတရား အထူးရနိုင်ခြင်း၊

http://www.dhammadownload.com

၁၃။ **ဖိနပ်လှူရ ကျိုးဖလ ၃–ပါး**

- ❀ သန့်လျင်း၊ ထမ်းစင်၊ မြင်းနှင့် ဆင်၊ စီးနင်းယာဉ်စုံရလေမည်။
- ❀ စိတ်သန့်ရှင်းကာ၊ ခြေနင်းရာ၊ နင်းစရာပေါ်လာမည်။

၁။ သန့်လျင်း၊ ထမ်းစင်၊ မြင်း၊ ဆင် စသော စီးနင်းစရာယာဉ်စုံရခြင်း၊

၂။ စိတ်သန့်ရှင်းခြင်း၊

၃။ ခြေလှမ်းတိုင်း ခြေနင်းခံပေါ်လာခြင်း၊

၁၄။ **ရေလူဒါန်းရ ကျိုးဖလ ၁၈–ပါး**

- ❀ သန့်ရှင်းကျော်ကြား၊ ခြွေရံများ၊ ပေါ့ပါးလျင်မြန်မည်။
- ❀ ဆာလောင်တတ်ကင်း၊ သက်ရှည်ခြင်း၊ ဆင်းလှချမ်းသာမည်။
- ❀ ခွန်အားကြီးမား၊ ပညာများ၊ နာဖျားကင်းရှင်းမည်။
- ❀ သစ်ပင်တောင်ဖျား၊ နေလေငြား၊ မရှားရေရမည်။
- ❀ တောင့်တမိုးရွာ၊ ကင်းပူဆာ၊ နှံ့သာကြိုင်လှိုင်မည်။
- ❀ လူနတ်ချမ်းသာ၊ ခံစားကာ၊ အေးရွှာနိဗ္ဗာန်ရောက်လေမည်။

၁။ သန့်ရှင်းစင်ကြယ်ခြင်း၊

၂။ ကျော်စောခြင်း၊

၃။ အခြံအရံပေါခြင်း၊

၄။ ပေါ့ပါးလျင်မြန်ခြင်း၊

၅။ ဆာလောင်တတ်မွတ်ကင်းခြင်း၊

http://www.dhammadownload.com

၆။ အသက်ရှည်ခြင်း၊
၇။ အဆင်းလှခြင်း၊
၈။ ချမ်းသာကြွယ်ဝခြင်း၊
၉။ ခွန်အားကြီးမားခြင်း၊
၁၀။ အနာအဖျားကင်းခြင်း၊
၁၂။ သစ်ပင်ဖျားတောင်ထိပ်၌နေသော်လည်း ရေရခြင်း၊
၁၃။ တောင့်တက မိုးရွာခြင်း၊
၁၄။ ပူလောင်မှုကင်းခြင်း၊
၁၅။ နံ့သာကြိုင်သောကိုယ်ရှိခြင်း၊
၁၆။ လူနတ်ချမ်းသာ နှစ်ဖြာခံစားရခြင်း၊
၁၇။ နိဗ္ဗာန်ချမ်းသာရခြင်း၊

(ရိုးရိုးရေကျိုး ၁၀–ပါး၌ အပဒါန်လာ ရေအကျိုး ၇–မျိုး ရောရ၍ ၁၇–မျိုးဖြစ်သည်။)

၁၅။ **တောင်ငှေးလူရ ကျိုးဖလ ၆–ပါး**

❁ *စိတ်နှောင့်ယှက်ကင်း၊ ရန်များကင်း၊ ကြောက်ခြင်းကင်းရှင်းမည်။*

❁ *ချွတ်ချော်ကင်းဘိ၊ သားကောင်းရှိ၊ စောင့်ရှိလုံခြုံမည်။*

၁။ စိတ်အနှောင့်အယှက်ကင်းခြင်း၊
၂။ ရန်သူများကင်းရှင်းခြင်း၊
၃။ ကြောက်ရွံ့ထိတ်လန့်ကင်းခြင်း၊
၄။ ချွတ်ချော်တိမ်းပါးမှုကင်းခြင်း၊
၅။ သားသမီးကောင်းများရခြင်း၊
၆။ လုံခြုံသောအစောင့်အရှောက်ရခြင်း

http://www.dhammadownload.com

၁၆။ **ခါးပန်းကြိုးလှူရာ ကျိုးဖလ ၆–ပါး**

❀ *မမေ့သတိ၊ ပေါ်သတိ၊ ခိုင်သည့်စကား ရှိလေသည်။*

❀ *တုန်လှုပ်ကင်းကွာ၊ ဈာန်လေ့လာ၊ စုံစွာခြံရံ ပေါများမည်။*

၁။ မမေ့သောသတိရှိခြင်း၊

၂။ ပေါ်လွင်သောသတိရှိခြင်း၊

၃။ ခိုင်မြဲသောစကားရှိခြင်း၊

၄။ မတုန်လှုပ်သောသမာဓိရှိခြင်း၊

၅။ ဈာန်သမာပတ်တို့၌ အလေ့အလာများခြင်း၊

၆။ အခြွေအရံ စုံပေါများခြင်း

၁၇။ **မျက်နှာသုတ်ပဝါလှူရာ ကျိုးဖလ ၅–ပါး**

❀ *အင်္ဂါပြည့်စွာ၊ ကိုယ်စိတ်မှာ၊ ပူဆာကင်းလေသည်။*

❀ *အသက်ရှည်ခြင်း၊ တည်ကြည်ခြင်း၊ ကြီးခြင်းပညာမည်။*

၁။ အင်္ဂါလက္ခဏာပြည့်စုံခြင်း၊

၂။ ကိုယ်စိတ်နှစ်ဖြာပူပန်မှုကင်းခြင်း၊

၃။ အသက်ရှည်ခြင်း၊

၄။ တည်ကြည်ငြိမ်သက်ခြင်း၊

၅။ ပညာကြီးခြင်း၊

၁၈။ **အပ်လှူဒါန်းရာ ကျိုးဖလ ၅–ပါး**

❀ *ယုံမှားမရှိ၊ ဖြတ်နိုင်ဘိ၊ ထက်သည့်ပညာမည်။*

❀ *ရုပ်ဝါရှုပ၊ တင့်တယ်လှ၊ ဓနပေါကြွယ်မည်။*

၁။ ယုံမှားသံသယကင်းခြင်း၊

၂။ ယုံမှားသံသယကို ဖြတ်နိုင်ခြင်း၊

http://www.dhammadownload.com

၃။ ထက်မြက်သည့်ပညာရှိခြင်း၊
၄။ ရုပ်ဝါရူပ လှပတင့်တယ်ခြင်း၊
၅။ ဓနပစ္စည်း ပေါကြွယ်ခြင်း

၁၉။ **သွားတိုက်တံလှူရာ ကျိုးဖလ ၅–ပါး**

❁ *လည်ချောင်းသန့်ရှင်း၊ ချောင်းဆိုးကင်း၊ ခံတွင်းမွှေးပျံ့မည်။*

❁ *ကုတ်ဟီးအနာ၊ ကင်းရှင်းကာ၊ အသံသာယာမည်။*

၁။ လည်ချောင်းသန့်ရှင်းစင်ကြယ်ခြင်း၊
၂။ ချောင်းဆိုးရောဂါကင်းရှင်းခြင်း၊
၃။ ခံတွင်းမွှေးပျံ့ခြင်း၊
၄။ ကုတ်ဟီးနာကင်းရှင်းခြင်း၊
၅။ အသံသာယာခြင်း

၂၀။ **ရေစစ်လှူရာ ကျိုးဖလ ၅–ပါး**

❁ *သက်ရှည်သူ့ထက်၊ ရန်မဖျက်၊ လက်နက်မထိနိုင်လေပြီ။*

❁ *ဆိပ်ဘေးပျောက်ပျက်၊ သူ့လက်နက်၊ အသက်မသေနိုင်လေပြီ။*

၁။ သူများထက် အသက်ရှည်ခြင်း၊
၂။ ရန်သူများ မဖျက်ဆီးနိုင်ခြင်း၊
၃။ လက်နက်များ မထိနိုင်ခြင်း၊
၄။ အဆိပ်ဘေးမှကင်းခြင်း၊
၅။ သူများလက်နက်ဖြင့် မသေနိုင်ခြင်း

http://www.dhammadownload.com

၂၁။ **ခြေသုတ်လူရ ကျိုးဖလ ၅–ပါး**

❀ *စိုပြည်ကိုယ်ရောင်၊ ထွန်းလင်းရောင်၊ ရွှေရောင်အဆင်းရှိလေသည်။*

❀ *ညစ်ကြေးကင်းရှာ၊ လဲပမာ၊ သားမှာ နူးညံ့ချောမွေ့သည်။*

၁။ စိုပြည်တောက်ပသော ကိုယ်ရောင်ရှိခြင်း၊

၂။ ထက်ဝန်းကျင်မှ ထွန်းလင်းတောက်ပသော ကိုယ်ရောင်ရှိခြင်း၊

၃။ ရွှေအဆင်းကဲ့သို့ ဝါဝင်းသောအဆင်းရှိခြင်း၊

၄။ မြူအညစ်အကြေး ကင်းရှင်းသော ကိုယ်ရှိခြင်း

၅။ လဲ ဝါဂွမ်းပမာ အသားအရေ နူးညံ့ချောမွေ့ခြင်း

၂၂။ **သဝိတ်ခြေလူရ ကျိုးဖလ ၅–ပါး**

❀ *ဓိပ္ပာယ်သိဉာဏ်၊ ထင်ရှားဉာဏ်၊ ကျမ်းကန်သိဉာဏ် ရှိလေသည်။*

❀ *သတိမပျက်၊ နှောင့်အယှက်၊ တားဖျက်ဆီးတားမရှိပြီ။*

၁။ အဓိပ္ပာယ်ကို ကျနစွာသိရသော ဉာဏ်ရှိခြင်း၊

၂။ ထင်ရှားသော ဉာဏ်ရှိခြင်း၊

၃။ ကျမ်းကန်၌ တတ်သိသော ဉာဏ်ရှိခြင်း၊

၄။ မပျက်သောသတိရှိခြင်း၊

၅။ အနှောင့်အယှက် အဆီးအတား မရှိခြင်း၊

၂၃။ **လှေကားလူရ ကျိုးဖလ ၅–ပါး**

❀ *လျင်မြန်ယာဉ်ရ၊ ရန်လွှမ်းရ၊ စောရမင်းများ မနိုင်ပြီ။*

http://www.dhammadownload.com

❀ *တောင်ထိပ်ကမ်းပါး၊ သစ်ပင်များ၊ ကျွဲငြားသော်လည်း မသေနိုင်ပြီ။*

၁။ လေကဲ့သို့ လျင်မြန်သောယာဉ်အမျိုးမျိုးရခြင်း၊

၂။ ရန်သူများကို လွှမ်းမိုးနိုင်ခြင်း၊

၃။ ခိုးသူတို့ မနှိပ်စက်နိုင်ခြင်း၊

၄။ မင်းတို့ မနှိပ်စက်နိုင်ခြင်း၊

၅။ တောင်ထိပ်-ကမ်းပါး သစ်ပင်များမှကျသော်လည်း ဘေးရန်မှ ကိုးကွယ်ရာရခြင်း

၂၄။ **အမွေးအနုံလွှရ ကျိုးဖလ ၁၀-ပါး**

❀ *ထက်ရွှင်လျင်မြန်၊ ကျယ်မြဲမြံ၊ တစ်ဖန်နက်နဲပညာမည်။*

❀ *ကိုယ်နုံ့မွေးခြင်း၊ ဂုဏ်ကျော်ခြင်း၊ ကျယ်ခြင်းဂုဏ်ရှိသည်။*

၁။ ထက်သောပညာရှိခြင်း၊

၂။ ရွှင်သောပညာရှိခြင်း၊

၃။ လျင်မြန်သောပညာရှိခြင်း၊

၄။ ကျယ်ပြန့်သောပညာရှိခြင်း၊

၅။ မြဲမြံသောပညာရှိခြင်း၊

၆။ နက်နဲသောပညာရှိခြင်း၊

၇။ ကိုယ်နုံ့မွေးခြင်း၊

၈။ ဂုဏ်သတင်းကျော်စောခြင်း၊

၉။ ကျယ်ပြန့်နုံ့စပ်သောဂုဏ်ရှိခြင်း၊

၁၀။ အခြံအရံပေါများခြင်း။

http://www.dhammadownload.com

၂၅။ **ကရားရေဘူးလှူရာ ကျိုးဖလ ၁၀–ပါး**

- *ကြီးကဲဖြစ်ရ၊ ပွားသုခ၊ ယသခြွေရံစည်။*
- *နူးညံ့ကိုယ်ရှိ၊ ကြီးဂုဏ်ရှိ၊ စုံပြည့်လက္ခဏာညီ။*
- *ကြောက်ကင်း ဘေးတား၊ ရေကရား၊ ယာဉ်များရရှိသည်။*

၁။ အကြီးအကဲဖြစ်ရခြင်း၊
၂။ ချမ်းသာတိုးပွားခြင်း၊
၃။ အခြံအရံပေါများခြင်း၊
၄။ နူးညံ့သော ကိုယ်ရေရှိခြင်း၊
၅။ ကြီးမြင့်ထင်ရှားသောဂုဏ်ရှိခြင်း၊
၆။ လက္ခဏာစုံပြည့်လှပခြင်း၊
၇။ ကြောက်ရွံ့ထိတ်လန့်ခြင်းကင်းခြင်း၊
၈။ ဘေးရန်ကို ပယ်ရှားတားမြစ်နိုင်ခြင်း၊
၉။ အဆင်းလေးမျိုးရှိသော ကရားရေဘူးတို့ကိုရရှိခြင်း၊
၁၀။ ဆင် မြင်း စသော ယာဉ်များကို မြဲစွာရခြင်း။

၂၆။ **ယပ်ခတ်လှူရာ ကျိုးဖလ ၈–ပါး**

- *ချမ်းပူမရှိ၊ ပူအိုက်သည့်၊ ဒိဋ္ဌိပူဘေး၊ ကင်းစင်မည်။*
- *ရာ ဒေါ် မောဟ၊ မာန်ကင်းပ၊ စိတ်က အေးမြချမ်းသာသည်။*

၁။ ချမ်းပူမရှိခြင်း၊
၂။ ပူအိုက်မရှိခြင်း၊
၃။ ဒိဋ္ဌိမီးပူကင်းခြင်း၊

http://www.dhammadownload.com

၄။ ရာဂမီးတောက် ကင်းခြင်း၊
၅။ ဒေါသမီးတောက် ကင်းခြင်း၊
၆။ မောဟမီးတောက် ကင်းခြင်း၊
၇။ မာနထင်ကြီးခြင်း ကင်းခြင်း၊
၈။ စိတ်အေးမြချမ်းသာရခြင်း၊

၂၇။ **မျက်စဉ်းလူရ ကျိုးဖလ ၈–ပါး**

- *ဖြူ နီ ဝါရွှေ၊ လှကျယ်လေ၊ တောက်လေ နောက်ကျူ မရှိပြီ။*
- *ဝေးမြင် သေးမြင်၊ နတ်မျက်သွင်၊ နာစင်မျက်စိရရှိသည်။*

၁။ အချိုးတကျ ဖြူသော မျက်စိကိုရခြင်း၊
၂။ အချိုးတကျ နီထွေးသော မျက်စိကိုရခြင်း၊
၃။ အချိုးတကျ ဝါရွှေသောမျက်စိကိုရခြင်း၊
၄။ လှပကျယ်ဝန်းသော မျက်စိကိုရခြင်း၊
၅။ တောက်ပကြည်လင်သောမျက်စိကိုရခြင်း၊
၆။ နောက်ကျူခြင်းကင်း၊ ရှုပ်ထွေးခြင်းမရှိတဲ့ မျက်စိကိုရခြင်း၊
၇။ နတ်မျက်စိသွင် အဝေးမြင်၊ အသေးမြင်နိုင်ခြင်း၊
၈။ အနာရောဂါမျိုးစုံတို့မှ ကင်းခြင်း။

၂၈။ **သားရေနယ်အခင်းလူရ ကျိုးဖလ ၆–ပါး**

- *သဏ္ဌာန်လျောက်ပတ်၊ ကောင်းစေ့စပ်၊ တစ်ရပ်ဉာဏ်စိတ် ခြံရံမည်။*

http://www.dhammadownload.com

❀ *ဝတ်ရုံကောင်းရ၊ ခင်းကောင်းရ၊ မြတ်လှချမ်းသာရလေသည်။*

၁။ တင့်တယ်လျောက်ပတ်သော သဏ္ဌာန်ရှိခြင်း၊

၂။ ကောင်းစွာစေ့စပ်သော ကိုယ်ရှိခြင်း၊

၃။ ဉာဏ်စိတ်၏အခြံအရံရှိခြင်း၊

၄။ အဝတ်အရုံကောင်းကိုရခြင်း၊

၅။ အခင်းကောင်းကိုရခြင်း၊

၆။ မြတ်သောစျာန်သမာပတ်ချမ်းသာကို ခံစားရခြင်း

၂၉။ **ဘုံလျှိုအခင်းလူရ ကျိုးဖလ ၆–ပါး**

❀ *စေ့စပ်ကိုယ်ရှိ၊ နုကိုယ်ရှိ၊ လှဘိတင့်တယ်သည်။*

❀ *စျာန်ညောင်စောင်းရ၊ ထူးခင်းရ၊ လိမ္မာယဉ်ကျေးသည်။*

၁။ စေ့စပ်သောကိုယ်ခန္ဓာရှိခြင်း၊

၂။ နုပျိုသောကိုယ်ရှိခြင်း၊

၃။ လှပတင့်တယ်ခြင်း၊

၄။ စျာနတည်းဟူသော ညောင်စောင်းကိုရခြင်း၊

၅။ အထူးထူးသောအခင်းတို့ကိုရခြင်း၊

၆။ လိမ္မာယဉ်ကျေးခြင်း

၃၀။ **စောင်းတန်းလူရ ကျိုးဖလ ၅–ပါး**

❀ *လျင်မြန်ယာဉ်ရ၊ ရန်အောင်ရ၊ ရာဇ ခိုးသူ မနှိုင်ပြီ။*

❀ *တောင်ထိပ်ကမ်းပါး၊ သစ်ပင်ဖျား၊ ကျင်းမှီရာ ရရှိသည်။*

၁။ လေကဲ့သို့ လျင်မြန်သောယာဉ်များကို ရခြင်း၊

၂။ ရန်သူများကို လွှမ်းမိုးအောင်နိုင်ခြင်း၊

http://www.dhammadownload.com

၃။ မင်းတို့ မနှိပ်စက်နိုင်ခြင်း၊

၄။ ခိုးသူတို့ မနှိပ်စက်နိုင်ခြင်း၊

၅။ တောင်ထိပ်ကမ်းပါး၊ သစ်ပင်ဖျားက ကျသော်လည်း မှီရာရရှိခြင်း။

၃၁။ ရေသနုပ်လူရ ကျိုးဖလ ၅–ပါး

❀ *ရွှေဝါအဆင်း၊ ညစ်ကြေးကင်း၊ ထွန်းလင်းကိုယ်ရောင်ရှိလေသည်။*

❀ *ကိုယ်သားချောငြား၊ သူတစ်ပါး၊ လားလားမနှိပ်စက်နိုင်ပြီ။*

၁။ ရွှေအဆင်းနှင့်တူသော အဆင်းရှိခြင်း၊

၂။ အညစ်အကြေးကင်းခြင်း၊

၃။ ထွန်းလင်းသောကိုယ်ရောင်ရှိခြင်း၊

၄။ ကိုယ်သား ကိုယ်ရေ ချောမောခြင်း၊

၅။ အခါခပ်သိမ်း သူတစ်ပါးတို့ မနှိပ်စက်နိုင်ခြင်း။

၃၂။ ပီဌပလ္လင်လူရ ကျိုးဖလ ၅–ပါး

❀ *အမျိုးမြတ်လှ၊ ချမ်းကြွယ်ဝ၊ လောက ကျော်ဇောသည်။*

❀ *ရိုသေခံရ၊ ဖြစ်သမျှ၊ ပီဌပလ္လင်ရလေသည်။*

၁။ အမျိုးမြတ်ခြင်း၊

၂။ ချမ်းသာကြွယ်ဝခြင်း၊

၃။ လောက၌ ကျော်စောထင်ရှားခြင်း၊

၄။ အများ၏ရိုသေခံရခြင်း၊

၅။ ဖြစ်လေရာ၌ ပလ္လင်တို့ကိုရခြင်း။

http://www.dhammadownload.com

၃၃။ **ဆိုလူဒါန်းရ ကျိုးဖလ ၅–ပါး**

- ❁ *ခွန်အားကြီးခြင်း၊ အနာကင်း၊ ရုပ်ဆင်းလှပသည်။*
- ❁ *အမွေးကြည့်ရွှင်၊ သန့်ရှင်းစင်၊ ငါးအင်ဆီလျှကျိုးရသည်။*

၁။ ခွန်အားကြီးမားခြင်း၊
၂။ အနာရောဂါကင်းခြင်း၊
၃။ ရုပ်အဆင်းလှခြင်း၊
၄။ အမွေးတို့၏ကြည့်ရွှင်ခြင်း၊
၅။ သန့်ရှင်းစင်ကြယ်ခြင်း။

၃၄။ **ဆိမိုးတိုင်လူဒါန်းရ ကျိုးဖလ ၃–ပါး**

- ❁ *အင်္ဂါပြည့်စုံ၊ မျိုးမြတ်တုံ၊ ကုလုံပညာရှိလေသည်။*

၁။ အင်္ဂါကြီးငယ်နှင့်ပြည့်စုံခြင်း
၂။ မြင့်မြတ်သောအမျိုးအနွယ်၌ဖြစ်ခြင်း၊
၃။ ပညာကုံလုံကြီးမားခြင်း၊

၃၅။ **တိုင်လူဒါန်းရ ကျိုးဖလ ၅–ပါး**

- ❁ *မယုတ်အင်္ဂါ၊ ကိုယ်စိတ်မှာ၊ ဘယ်ခါမတုန်မလှုပ်ပြီ*
- ❁ *ယုံကြည်စကား၊ ငြောင့်ကင်းငြား၊ ကိလေသာများ ကင်းစင်သည်။*

၁။ မယုတ်လျော့သော ကိုယ်အင်္ဂါရှိခြင်း၊
၂။ မေတ္တာကြောင့် ကိုယ်စိတ်မတုန်လှုပ်ခြင်း၊
၃။ ယုံကြည်ထိုက်သော စကားရှိခြင်း၊
၄။ ငြောင့်ကံသင်းမှ ကင်းခြင်း၊
၅။ ကိလေသာတို့မှ ကင်းခြင်း။

http://www.dhammadownload.com

၃၆။ **တံတားလူရ ကျိုးဖလ ၅–ပါး**

- ❁ *လျင်မြန်ယာဉ်ရ၊ ရန်လွှမ်းရ၊ ရာဇ ခိုးသူ မနှိုင်ပြီ။*
- ❁ *တောင်ထိပ်ကမ်းပါး၊ သစ်ပင်ဖျား၊ ကျင်္ကြားမှီရာ ရနိုင်သည်။*

၁။ လေကဲ့သို့ လျင်မြန်သောယာဉ်တို့ကိုရခြင်း၊
၂။ ရန်သူအပေါင်းကို လွှမ်းမိုးအောင်နိုင်ခြင်း၊
၃။ မင်းစိုးတို့ မနှိပ်စက်နိုင်ခြင်း၊
၄။ ခိုးသူတို့ မနှိပ်စက်နိုင်ခြင်း၊
၅။ တောင်ထိပ်ကမ်းပါး၊ သစ်ပင်ဖျားက ကျသော်လည်း မှီရာကို ရနိုင်ခြင်း။

၃၇။ **မွေးညှပ်လူရ ကျိုးဖလ ၆–ပါး**

- ❁ *ဆင်မြင်းများရ၊ ကျေးကျွန်ရ၊ ခိုင်းရသူများရလေသည်။*
- ❁ *တန်ဆာပေးသူ၊ ချက်ပေးသူ၊ ရယူကိုလေသတ်နိုင်သည်။*

၁။ ဆင် မြင်း ကျွဲ နွားတို့ကို ရခြင်း၊
၂။ ကျေးကျွန်များ ရခြင်း၊
၃။ အခိုင်းအစေများ ရခြင်း၊
၄။ တန်ဆာဆင်ပြင်ပေးသူ ရခြင်း၊
၅။ အစားအသောက် ချက်ပြုတ်သူရခြင်း၊
၆။ ကိလေသာကို ပယ်သတ်နိုင်ခြင်း။

၃၈။ **နဖာကော်လူရ ကျိုးဖလ ၅–ပါး**

- ❁ *အင်္ဂါလက္ခဏာ၊ ပြည့်စုံစွာ၊ သက်တာရှည်ရသည်။*
- ❁ *သမာဓိကြီး၊ ပညာကြီး၊ ပူမီး ကင်းရှင်းသည်။*

http://www.dhammadownload.com

၁။ အင်္ဂါလက္ခဏာပြည့်စုံခြင်း၊
၂။ အသက်ရှည်ခြင်း၊
၃။ သမာဓိကြီးခြင်း၊
၄။ ပညာကြီးခြင်း၊
၅။ ပူပန်မှုကင်းခြင်း။

၃၉။ **ကိုယ်သုတ်ပုဝါလူရ ကျိုးဖလ ၅–ပါး**

❀ *ခန္ဓာပြေခြင်း၊ မြူညစ်ကင်း၊ ရွှေဆင်းရှိလေသည်။*
❀ *ပြိုးပြိုးပြက်ပြက်၊ အရောင်ထွက်၊ တိုးတက်တန်ခိုးကြီးလေသည်။*

၁။ ကိုယ်ခန္ဓာပြေပြစ်ခြင်း၊
၂။ မြူအညစ်အကြေးကင်းခြင်း၊
၃။ ရွှေအဆင်းနှင့်တူသောအဆင်းရှိခြင်း၊
၄။ ပြိုးပြိုးပြက်ပြက် အရောင်ထွက်ခြင်း၊
၅။ ကြီးမားသောတန်ခိုးရှိခြင်း၊

၄၀။ **မြက်မိုးကျောင်း အကျိုးတရား**

၁။ ကျောင်းလှူဒါန်းရာ၊ လူနတ်မှာ၊ ချမ်းသာခံစားရလေသည်။
၂။ ကျောင်းလှူဒါန်းရာ၊ နေစရာ၊ လိုရာမတာ ရလေသည်။
၃။ ကြက်သီးမထ၊ ဘေးကင်းပ၊ ကြောက်ရထိတ်ခြင်းကင်းစင်သည်။
၄။ သားရဲဘေးရန်၊ စုန်းနတ်ရန်၊ မြွေကင်းရန်မျှားကင်းစင်သည်။

http://www.dhammadownload.com

၅။ ကြောက်ထိတ်စရာ၊ အိပ်မက်ဟာ၊ ဘယ်ခါမမြင်မက်ရပြီ။

၆။ ဖောက်ပြန်စိတ်ရင်း၊ ရူးသွပ်ခြင်း၊ အလျှင်းမရှိသတိတည်၊

၇။ နောင်နှောင်းဘဝ၊ အရဟာတ္တ၊ ဖိုလ်ရနိဗ္ဗာန်ရလေသည်။

၄၁။ **ထာဝရဒါန ၆–မျိုး အကျိုးပြ**

[နတ်သားအမေး၊ ဘုရားအဖြေ]

၁။ အဘယ်ပစ္စယ ပေးလှူက၊ နေ့ညကုသိုလ်တိုးသနည်း။

၂။ အဘယ်ပစ္စယ ပေးလှူက၊ ဓမ္မတရားတည်သနည်း။

၃။ အဘယ်ပစ္စယ ပေးလှူက၊ သီလတရားပြည့်သနည်း။

၄။ အဘယ်ပစ္စယ ပေးလှူက၊ သေက နတ်ရွာရောက်သနည်း။

၁။ စားသောက်ပင်ပ၊ စိုက်လှူက၊ နေ့ညကုသိုလ်တိုးသတည်း။

စားသောက်ပင်ပ၊ စိုက်လှူက၊ ဓမ္မတရားတည်သတည်း။

စားသောက်ပင်ပ၊ စိုက်လှူက၊ သီလတရား ပြည့်သတည်း။

စားသောက်ပင်ပ၊ စိုက်လှူက၊ သေက နတ်ရွာရောက်သတည်း။

၂။ အရိပ်ပင်ပ၊ စိုက်လှူက

၃။ သွားခက်ဌာန၊ တံတားလှူက

http://www.dhammadownload.com

၄။ ရေအိုးစင်လှ၊ တည်လှူက

၅။ ရေတွင်းကန်လှ၊ တည်လှူက

၆။ ကျောင်းအာဝါသ၊ ဆောက်လှူက၊ နေ့ညကုသိုလ်တိုးသတည်း။

ကျောင်းအာဝါသ၊ ဆောက်လှူက၊ ဓမ္မတရား တည်သတည်း။

ကျောင်းအာဝါသ၊ ဆောက်လှူက၊ သီလတရား ပြည့်သတည်း။

ကျောင်းအာဝါသ၊ ဆောက်လှူက၊ သေက နတ်ရွာရောက်သတည်း။

၄၂။ **ဇေတဝန်ကျောင်း အနုမောဒနာတရား**

၁။ ကျောင်းလှူဒါန်းက၊ အအေးဒဏ်၊ ပယ်လှန်နိုင်လေသည်။

၂။ ကျောင်းလှူဒါန်းက၊ အပူဒဏ်၊ ပယ်လှန်နိုင်လေသည်။

၃။ ခြသေ့်သစ်ကျား၊ သားရဲများ၊ ဘေးများပယ်နိုင်သည်။

၄။ ကြွေကင်းသန်းဆိုး၊ ဘေးရန်မျိုး၊ ပယ်ချိုးနိုင်လေသည်။

၅။ မိုးစွေသောခါ၊ လွန်အေးရှာ၊ ဘယာဘေးရန်ပယ်နိုင်သည်။

၆။ အခါမဲ့မိုး၊ ရွသွန်းဖြိုး၊ ဘေးမျိုးပယ်နိုင်သည်။

၇။ ဥတုဖောက်ပြန်၊ ရွာသွန်းဖြိုး၊ ဘေးမျိုးပယ်နိုင်သည်။

၈။ အာရုံထွေပြား၊ စိတ်မသွား၊ တစ်ပါးတည်းကိန်းနိုင်သည်။

၉။ ကိုယ်စိတ်နှစ်ဖြာ၊ ဘေးရန်ကွာ၊ ချမ်းသာနေရသည်။

http://www.dhammadownload.com

၁၀။ အာရမ္မဏာ၊ လက္ခဏာ၊ နှစ်ဝစျာန်များဝင်နိုင်သည်။

၁၁။ ဝိပဿနာ ရှုပွားကာ၊ ချမ်းသာနေနိုင်သည်။

၁၂။ ကျောင်းလှူဒါန်းကံ၊ အမြတ်မှန်၊ ဖန်ဖန်ဗုဒ္ဓဟောကြား သည်။

၁၃။ ပညာရှိမှန် မွေ့ဖွယ်မှန်၊ ကျောင်းကန်ဆောက်ရမည်။

၁၄။ သီလ ကြားမြင် ပြည့်စုံရှင်၊ ကျောင်းတွင်း ကျောင်းထိုင် ထားရမည်။

၁၅။ ကျောင်းနေရှင်အား၊ ပစ္စည်းလေးပါး၊ စိတ်ထားဖြူစွာ လှူရမည်။

၁၆။ ကျောင်းနေရှင်က၊ ကျောင်းဒကာအား၊ ဓမ္မတရားဟော ရမည်။

၄၃။ **ဝေဠုဝန်ကျောင်း အနုမောဒနာ**

❁ *ကျောင်းအာဝါသ၊ လှူဒါန်းရ၊ ဖလကျိုးကားကြီးလေ သည်။*

❁ *ဗုဒ္ဓဖယ်ထား၊ ခြားသူကား၊ ကျိုးများကုန်ငှာ မဟော နိုင်ပြီ။*

❁ *ပါးစပ်သောင်းချီ၊ ယှဉ်တပ်မှီ၊ စုံစီစေ့ငင် မပြောနိုင်ပြီ။*

၁။ ကျောင်းလှူဒါန်းရှာ၊ သူ့ထက်သာ၊ သက်တာ လွန်စွာ ရှည်ရသည်။

အသက်အန္တရာယ်၊ မရောက်ကွယ်၊ သက်ဝယ်အလွန် ရှည်ရသည်။

http://www.dhammadownload.com

၂။ ကျောင်းလှူဒါန်းရှာ၊ သူ့ထက်သာ၊ ဆင်းဟာ လွန်စွာ လှရသည်။
ဆင်းအန္တရာယ်၊ မရောက်ကွယ်၊ ဆင်းဝယ် အလွန် လှရသည်။

၃။ ကျောင်းလှူဒါန်းရှာ၊ သူ့ထက်သာ၊ ချမ်းသာလွန်စွာ ကြီးရသည်။
ဆင်းရဲအန္တရာယ်၊ မရောက်ကွယ်၊ တကယ်ချမ်းသာ ကြီးရသည်။

၄။ ကျောင်းလှူဒါန်းရှာ၊ သူ့ထက်သာ၊ အားဟာ လွန်စွာ ကြီးရသည်။
အားအန္တရာယ်၊ မရောက်ကွယ်၊ အားဝယ် တကယ်ကြီး ရသည်။

၅။ ကျောင်းလှူဒါန်းရှာ၊ သူ့ထက်သာ၊ ပညာဉာဏ်များ ကြီးရသည်။
ပညာအန္တရာယ်၊ မရောက်ကွယ်၊ ဉာဏ်ဝယ်လွန်စွာ ကြီးရသည်။
ကျောင်းလှူဒါန်းက လုံးစုံပ၊ လှူဒါန်းရမည်လေသည်။
ဝန်ထုပ်လိုရာ၊ ချပမာ၊ နတ်ရွာကုသိုလ်ပို့ရသည်။
လူနတ်ချမ်းသာ၊ ခံစားကာ၊ ဆုံးမှနိဗ္ဗာန်ရောက်ရသည်။